
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး.......................ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး...........ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး..............ဒို့အရေး

## ပြည်သူ့ သဘောထား

❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

## ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ

၅၀။ တရားဦးဒေသနာ — ဓမ္မာစရိယ ဦးမောင်မောင်လေး
၅၁။ ပွဲတွေ့ကုထုံး လိုရာသုံး — ဦးအောင်ကိုနိုင်
၅၂။ ကြီးပွားရေးလမ်းညွှန် — ဦးလှဒင်
၅၃။ ဘရန်ဒီတစ်ပုလင်းနှင့် ဟာသဝတ္ထုတိုများ — သော်တာဆွေ
၅၄။ အခြေခံ ဗန်တိုနည်းပညာ အပိုင်း (၁) — ဦးတင်ဦး
၅၅။ ထီပေါက်ကံကြည့်နည်းနှင့် ထီဂဏန်းရွေးနည်း — ဆရာရဲမြတ် (သုတေသီ)
၅၆။ အဖြူကို မည်သူ အနက်ဆိုးသနည်း — မင်းကျော်
၅၇။ အင်္ဂလိပ်စကားပြော သင်ခန်းစာ (၃၀) — N.T.O
၅၈။ ကျွန်တော် ကြုံလိုက်မှုဆိုးနှင့် အာဖရိကအတွေ့အကြုံများ — ဒေါက်တာဇော်သန်း
၅၉။ ရတနာရွှေမြေ — ဦးလှဒင်
၆၀။ အင်္ဂလိပ်ဘာသာ သိမှတ်စရာ — ဆရာကြီးတက်တိုး
၆၁။ အယူသီးဂိုဏ်း၏ နောက်ဆုံးနေ့များ — မောင်မိုးစည်
၆၂။ ကိုဆေးရိုး (၇) — ဆင်ဖြူကျွန်းအောင်သိန်း
၆၃။ စိတ်နှင့် ဂမ္ဘီရ — ဟိန်းလတ်
၆၄။ အညာတနယ်မြေ — ခင်မိမိသက်
၆၅။ အာရပ်–အစ္စရေး (၆) ရက်စစ်ပွဲ — အထောက်တော်လှအောင်
၆၆။ ကျားနှင့်မုဆိုး — ခင်မောင်အေး(မန္တလေး)
၆၇။ ကိုဆေးရိုး (၈) — ဆင်ဖြူကျွန်းအောင်သိန်း
၆၈။ အင်္ဂဝိဇ္ဇာ အဟောပညာ (ဒုတိယတွဲ) — ဆရာဦးမောင်မောင်သန်း
၆၉။ ပေးသူ နှင့် ယူသူ — အောင်သင်း
၇၀။ ဂျွန်နက်ဂိုဏ်း — ရွှေဥဒေါင်း
၇၁။ တန်ခိုးထက်မြက်သည့် ဗုဒ္ဓဂုဏ်တော်များနှင့်
ကိုယ်တွေ့ဖြစ်ရပ်များ အမှတ် (၄) — မင်းသူရိန်
၇၂။ ဘာဝဟောနည်း (ပ)+(ဒု) — ဦးမြတ်အောင်
၇၃။ နိုင်ငံစုံစကားပုံနှင့် အောင်မြင်သူတို့၏ ရင်တွင်းစကား — မြတ်မင်းရှင်
၇၄။ ရှစ်သောင်းတန် ဘယက်နှင့် အောင်မြင်ကျော်ကြားခဲ့သောဝတ္ထုတိုများ — ရွှေဥဒေါင်း
၇၅။ ဗုဒ္ဓညွှန်ပြဘဝအမြင် — ဦးစိန်ထွန်း(မာမက–သုတေသီ)
၇၆။ မြန်မာ့တောတွင်းမှာ ရက် ၁၀၀ — အထောက်တော်လှအောင်
၇၇။ ရှစပ့်၊ ချာချီ၊ စတာလင် (၁) ဒုတိယမိုလ်မှူးကြီးသောင်းထိုက်(အငြိမ်းစား)
၇၈။ မြန်မာပြည်မြောက်ပိုင်း — နတ်နွယ်
၇၉။ ပင်လယ်ကျားနှင့်အဏ္ဏဝါမီးစုန်းများ — ဖိုးကျော့
၈၀။ ဟဲမင်းဝေးဝတ္ထုတို — ကလောင်စုံ
၈၁။ ဗုဒ္ဓဂုဏ်တော်နှင့် ကိုယ်တွေ့ဖြစ်ရပ်များ အမှတ် (၅) — ဆရာမင်းသူရိန်
၈၂။ ပုဂ္ဂလပညတ် အခြေခံဓာတ်ကျမ်း — ဆရာကြီး ဦးသာတင့်
၈၃။ ရေခဲ သို့မဟုတ် စကြဝဠာစွမ်းအင်ဖြင့် ရောဂါကုသနည်း — ဟိန်းလတ်
၈၄။ စာဆိုနှင့်စာ — မောင်ခေတ်ထွန်း (စီစဉ်သူ)
၈၅။ မန္တန်ပညာ — မောင်ကျောက်တိုင်
၈၆။ သူတော်ငတေ၏ ဂမ္ဘီရဝတ္ထုတိုများ — ဝေယံလင်းခေါင်

၈၇။ တရုတ်ရှေးဟောင်းမျက်နှာပြင်ဖတ် အတတ်ပညာနှင့် ရုပ်သွင်ဗေဒပညာ
ဆရာရန်အောင်ဟိန်း

**ယခု**

၈၈။ ၂၁ ရာစု အင်္ဂဝိဇ္ဇာဆောင်းပါးများပေါင်းချုပ် (ပဉ္စမတွဲ)ဆရာဦးမောင်မောင်သန်း

**ဆက်ထုတ်ရန်**

၈၉။ ကမ္ဘာကြီးရဲ့ မနက်ဖြန် — ကျော်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

ပညာရွှေတောင်စာစဉ်- ၈

# ၂၁ ရာစု အင်္ဂဝိဇ္ဇာ

# ဆောင်းပါးများ

# ပေါင်းချုပ်

## ပဥ္စမတွဲ

ဆရာဦးမောင်မောင်သန်း
(ရင်ကိုဘွားမြစေသား)

ပညာရွှေတောင်စာအုပ်တိုက်
အမှတ် (၁၀၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၂၄၂၈၃၃

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက်အမှတ် | ၂၆၂ / ၂၀၀၂ (၄) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၄၄၉ / ၂၀၀၂ (၆) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ်<br>၂၀၀၂ ခုနှစ် ဩဂုတ်လ |
| အုပ်ရေ | ၁၀၀၀ |
| အဖုံးပန်းချီနှင့်အတွင်း | ကိုစက္ကူဆိုက် |
| ဖလင် | ဦးထွန်းခိုင် |
| ထုတ်ဝေသူ | ဒေါ်မိုကေခိုင်<br>ချိုတေးသံစာပေ (၀၀၆၉၂)<br>ရွှေနှံ့သာကျေးရွာ<br>ပုလဲမြို့ (၃) မင်္ဂလာဒုံ<br>ရန်ကုန်မြို့ |
| မျက်နှာဖုံးနှင့်<br>အတွင်းစာသားပုံနှိပ် | ဦးဝင်းအောင်<br>သန့်ဝိုင်းရှာနာအော့ဖ်ဆက်<br>မြ(၀၅၁၃၁) အမှတ် ၇၄၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ |
| တန်ဖိုး | **၉၀၀** ကျပ် |

**ပညာရွှေတောင်စာအုပ်တိုက်**


www.burmeseclassic.com

www.burmeseclassic.com

# အသံပြုတတ်သော သက်ရောက်များ

ကျွန်ုပ်တို့ သုံးဦးသည်. . .

အမျိုးပေါင်း သုံးဆယ်နီးပါးခန့် ရှိသော စားဖွယ်ဟင်းလျာများရှေ့တွင် ခေါက်တုံ့ခေါက်ပြန် ကြည့်နေရင်း စားချင်သော ဟင်းများကို လက်ညှိုးထိုးပြလိုက်ကြ၏။ ထိုဟင်းများမှာ ကျွန်ုပ်တို့ စားနေကျ သက်သတ်လွတ်ဟင်းများသာ ဖြစ်၏။

"ဆရာ ယူဦးလေ၊ ဘာယူဦးမလဲ"

"တော်ပြီ အများကြီး ဘာလုပ်မလဲ"

ကျွန်ုပ်သည် ပြောပြောဆိုဆို ထမင်းဝိုင်းပြင်ထားသော စားပွဲတွင် ဝင်ထိုင်လိုက်သောကြောင့် ဆရာထွန်းနှင့် ကိုသစ္စာတို့လည်း ဝင်ထိုင်လိုက်ကြတော့၏။

"ဇီးကုန်းခရီးကို သတိရတယ်နော် ဆရာ"

"အမယ်. . . သူက"

လက်ညှိုးထိုး၍ လှမ်းနောက်လိုက်သော ကျွန်ုပ်၏ စကားကြောင့် ဆရာထွန်းသည် ပါးစပ်ကို လက်နှင့်ကာရင်း တစ်ကိုယ်လုံး လှုပ်ခါသွားအောင် ရယ်၏။ ကိုသစ္စာသည်လည်း အားရပါးရ ရယ်ရင်း ဆရာထွန်းကို ကြည့်၍. . .

"အဲဒါကြောင့် ပြောတာပေါ့ ဆရာရဲ့၊ လူပျိုကြီး သိပ်မရိုးတော့ဘူး။ ထမလုံမှာ ဒီတိုင်း တစ်ယောက်တည်း ပစ်ထားလို့ ဖြစ်မဖြစ် ဆရာစဉ်းစားပေးပါဦး"

အားရပါးရ ရယ်ကြမောကြရင်း ထမင်း စ,စားကြတော့၏။

"မဟုတ်ပါဘူး ဆရာရဲ့၊ ကျွန်တော် ဇီးကုန်းကို သတိရတာက အကြောင်းရှိလို့ပါ"

"ဘာများတုံး ဆရာထွန်း"

"ဆရာရဲ့ ကံကောင်းခြင်း သော့ချက်များ (၁)၊ (၂)ကို ဖတ်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စနေသားသမီးတွေ ဆရာ့ကို ဝိုင်းနားပူနားဆာ လုပ်ကြတာလေ”

“ဩော်. . . အင်းပေါ့၊ သူတို့ နေ့နံတွေလည်း တနင်္လာသားသမီးတွေလို ဘယ်နှစ်၊ ဘယ်အခါ ညံ့တယ်၊ ဘာလုပ်သင့်တယ်၊ ဘာညာဆိုပြီး ဝိုင်းပြောကြတာ။ မှတ်မိတယ်။ အဲဒါ ဘာဖြစ်လို့လဲ”

“ဇီးကုန်းခရီးကို သတိရရင်း ဆရာ့ကို သတိပေးတာပါ။ ဆရာက အလုပ်များတော့ သူတို့ကို ပြောခဲ့တာ မေ့နေမှာစိုးလို့”

ဆရာထွန်း၏ စကားကို နားထောင်ရင်း ဟင်းနုနယ်ကြော်ချက်လေးများကို ယူ၍ ဒီတိုင်း စားနေလိုက်၏။ ပြီးမှ ကျွန်ုပ်တို့အား ထူးထူးခြားခြား သုပ်ပေးသော ဆလတ်ရွက်သုပ်ကို ယူ၍ ဝါးနေရင်း. . .

“စနေဆိုလို့ အမယ်၊ ကိုသစ္စာ လူပျိုကြီး ညာတာပါတေးနဲ့ လှည့်မေးတာ၊ ကျွန်တော်က အကောင်းမှတ်လို့ သူ့နေ့နံကို သူမေးတာ တွေ့လား”

“ဟုတ်တယ် ဆရာ၊ ဒါကြောင့် မရိုးပါဘူးလို့ ကျွန်တော် ပြောနေသားပဲ”

ကျွန်ုပ်တို့နှစ်ဦး နောက်ပြောင်ကျီစယ်ခြင်းကို အားရပါးရ ပြုံးရင်း ထမင်းဝိုင်စားနေသော ဆရာထွန်းအား ကရုဏာသက်သွားမိ၏။ သူကိုယ်တိုင် စနေဖြစ်နေ၍ မကြာခင် ရောက်လာတော့မည့် စနေသက်ရောက်အတွက် သူ့ကိုယ်သူ စိတ်ပူနေဟန် ရှိ၏။

“ကဲပါ၊ ဇီးကုန်းကို ခဏထားပါဦး။ လောလောဆယ် ထမလုံကြီးကိုပဲ ပြောပါ့မယ်။ ကံကောင်းခြင်း သော့ချက်များ (၁)၊ (၂)တုန်းက ရေးပြခဲ့သလိုပဲ စနေသားသမီးတွေမှာလည်း အဲသလို ထိခိုက်တဲ့ နှစ်မျိုးတွေ ရှိတာပေါ့ ဆရာထွန်းရဲ့။

(၁၇၊ ၁၈၊ ၂၀၊ ၂၅၊ ၂၆၊ ၂၈၊ ၃၃၊ ၃၄၊ ၃၆၊ ၄၁၊ ၄၂၊ ၄၄၊ ၄၉၊ ၅၀၊ ၅၂၊ ၅၇၊ ၅၈၊ ၆၀၊ ၆၅၊ ၆၆၊ ၆၈) နှစ်တွေဟာ စနေသားသမီးတွေ ကံခေကြတဲ့ နှစ်တွေပဲ။

ဆန်းကျမ်းပညာရှင်တွေ ဆုံးဖြတ်ကြတဲ့ နှစ်တွေနဲ့ ပြောရရင် စနေသက်ရောက်၊ ကြာသပတေးသက်ရောက်၊ သောကြာသက်ရောက်တွေပဲ။ စနေသက်ရောက်ကတော့ ဂြိုဟ်တူချင်း ပူးတဲ့နှစ်ပဲ။ ကတ္တုကာရကလို့ ခေါ်သလို အာမေဍိတ်ဥဒါသိန်လို့လည်း ခေါ်ကြတယ်။ မထင်မှတ်တာတွေ ထထဖြစ်တတ်တဲ့ နှစ်လည်း ဖြစ်တယ်။ ဒါကြောင့် အများကြီး သတိထားရတဲ့ နှစ်ပဲ။

သူများပြဿနာ ကိုယ့်ပြဿနာ ဖြစ်တတ်တယ်။ သူများကို အာမခံမိရင် ကိုယ်ဒုက္ခရောက်တဲ့ နှစ်ပဲ။ လူငယ်ပိုင်းတွေဆိုရင် အိမ်ကအထွက်များလာတတ်တယ်။ အထွက်များလာရုံတင် မကဘူး။ အပေါင်းအသင်းများတတ်တယ်။ အပေါင်းအသင်းမကောင်းလို့ သူများကြောင့် ကိုယ်ပါခံရတတ်တဲ့ နှစ်မျိုးတွေပဲ။ စိတ်လေပြီး ထွက်နေလို့ကတော့ ထိတော့မယ်သာ မှတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် စနေဆိုရင် (၁၇)နှစ်ဟာ အတော်လေး သတိထားရမယ်။ မိဘတွေက နားလည်ပေးရမယ်။ လမ်းကြောင်းဖြောင့်ပေးရမယ်။ ဒီလိုမှ ကလေးတွေအပေါ် နားလည်မပေးရင် အဲဒီလို နှစ်မျိုးတွေဟာ မကောင်းဘူး။ လူကြီးတွေလည်း ဒီလိုပဲ။ သိပ်သတိထားရတယ်"

ဆရာထွန်းနှင့် ကိုသစ္စာသည် ကျွန်ုပ် ပြောလိုက်၊ စားလိုက် ပြုနေသည်ကိုကြည့်ရင်း သူတို့လည်း နားထောင်လိုက်၊ စားလိုက်ကြနှင့် စိတ်ဝင်စားနေကြ၏။ ပတ်ဝန်းကျင်ဘေးတွင် ပြေးပြေးလွှားလွှား သွားသွားလာလာ ယောက်ယက်ခတ်နေကြသော ဤဆိုင်မှ အဖွဲ့သည်ပင် ကျွန်ုပ်တို့ စကားဝိုင်းကို စိတ်ဝင်စားဟန်နှင့် မကြာမကြာ လှမ်းကြည့်၏။

"သိပ် သတိထားရတယ်ဆိုလို့ ဒီနှစ်ထဲမှာပဲ ကလေးတစ်ယောက်ကံကောင်းလို့ဗျာ. . . "

ပြောနေရင်းမှ ထမင်းတစ်လုတ် ငုံ့စားလိုက်သောကြောင့် ဆရာထွန်းသည် ကျွန်ုပ်၏စကား ထွက်အလာကို စောင့်ကြည့်နေ၏။

"ကလေးက (၁၇)နှစ် နာမည်က နိုးနိုးတဲ့"

"ဟာ နာမည်ကြီးကလည်း"

"အေးပေါ့ဗျာ၊ နာမည်ကိုက အဓိပ္ပာယ် မရှိဘူးပေါ့။ ကျွန်တော့်ဆီကို ပထမတစ်ခါ ရောက်တုန်းက ဒီနာမည်ကြီးကို မကြိုက်လို့ ပြောင်းခိုင်းသေးတယ်။ သူ့အမေက ဘာပြောလဲ သိလား။ သားဦးလေးမို့ မြတ်နိုးလို့ခေါ်ရာက နိုးနိုး ဖြစ်နေတာတဲ့။ ထားပါတော့ဗျာ။ နာမည် ပြောင်းခိုင်းလို့လည်း မရ။ ရွတ်ခိုင်း၊ ဖတ်ခိုင်းရအောင်လည်း သိပ်မရွတ်တတ်၊ မဖတ်တတ်တဲ့အရွယ် ဖြစ်နေတော့ ခုနပြောတဲ့ (၁၇)နှစ်ထဲကို ဝင်ခါနီး ကပ်ပြီး ပြန်လာဖို့သာ ထပ်မှာလိုက်ရတော့တယ်။

အဲဒီ (၁၇)နှစ်ထဲကိုလည်း ရောက်ရော သူ့သူငယ်ချင်းတစ်ယောက်နဲ့ သွားရင်း ရန်ဖြစ်လို့တဲ့။ ဟိုက ဝိုင်းရိုက်မယ်လုပ်လို့ မနည်း အသက်လုပြီး ပြေးခဲ့ရတယ်။ ပြေးတာ ဆိုင်ကယ်နဲ့ဆိုတော့ အရှိန်နဲ့အကွေ့မှာ ဆိုင်ကယ်မှောက်ပြီး လူတစ်ကိုယ်လုံး စုတ်ပြတ်သတ်သွားတော့တာပဲ"

"ဟာ. . . "

"မဟာနဲ့ ဆရာထွန်း၊ ဒီထက်ဆိုးလို့ ဥပဒေက ဆုံးမလိုက်ရတဲ့ ကလေးတွေတောင် ရှိတယ်။ မပြောချင်လို့"

"ဒါနဲ့ ဆရာ၊ ခုန နိုးနိုးကို"

"သြော်. . . အဲဒီ နိုးနိုးကို နာမည်ပြောင်းခိုင်းရတော့တာပေါ့။ အဲသလိုတွေ ဖြစ်ပြီးမှ သူ့မိဘတွေက အူယားဖားယား နာမည်ပြောင်းကြတယ်။ ကလေးကိုတော့ ဘုန်းကြီးကုဋီတွေ ရေဆေးခိုင်းလိုက်တယ်။ အနည်းဆုံး (၇)နှစ်ကြိမ်ပဲ။ တစ်ခါဆေး တစ်လုံး၊ နှစ်လုံးပေါ့။ နောက်တော့ ဘုရားခေါ်သွားခိုင်း ရင်ပြင်တွေ၊ တန်ဆောင်းတွေ တံမြက်စည်းလှည်း၊ အမှိုက်ရှင်း ခိုင်းတော့မှပဲ ကလေးဟာ တော်တော်လေး ကောင်းသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့စိတ်လေးတွေ နူးညံ့လာတယ်။ သူ့အမေကိုတော့ အောင်ခြင်း ရှစ်ပါးဂါထာကိုပဲ ပုတီးစိပ်ခိုင်းရတာပေါ့။

နောက်တော့လည်း သူ့ဟာသူကို အပြင်ထွက်တာ နည်းလာတယ်။ ပြောမယ်ဆိုရင် အန္တရာယ်ကင်းသွားတော့တာပေါ့ဗျာ။ ကျွန်တော်တို့ လိုချင်တာ ဒါပဲလေ။ အန္တရာယ်ကင်းပြီဆိုရင် ပညာရေးကောင်းအောင် ကြိုးစားနိုင်ပြီ။ ကလေး လိမ္မာလာမယ်။ ဒါပဲပေါ့"

ကျွန်ုပ်သည် စကားပြောရင်း စားရင်းနှင့် ဝပြီဖြစ်၍ လက်ထဆေးလိုက်၏။ ဆရာထွန်းနှင့် ကိုသစ္စာသည် စားနေဆဲ ဖြစ်၏။ ထို့ကြောင့် ရေနွေးကြမ်းသောက်ရင်း ဆက်ထိုင်နေလိုက်၏။

"ဆရာ ဘာစားဦးမလဲ"

"တော်ပြီ ရေနွေးပဲ သောက်မယ်"

"ဆရာ ပြောပြပါဦး။ နားထောင်ရတာ ပညာရလို့"

"ဆရာထွန်းအတွက်ဆို ပြောပေးရမှာပေါ့"


နောက်လိုက်သော စကားကြောင့် ဆရာထွန်းသည် အားရပါးရရယ်မောရင်း ကုလားပဲဟင်းချိုကို တစ်ဇွန်းချင်း သောက်နေ၏။ သူသည် ဤဆိုင်မှ ကုလားပဲဟင်းချိုကို အလွန် ကြိုက်၏။

"လူတစ်ယောက်ဗျာ ကြံကြံဖန်ဖန် အိမ်ပေါင်ပေးပြီး သူများကို ကူညီတာ ပြောပါတယ်။ (၁၉)နှစ်မှာ သူ့အိမ်ကို သူပေါင်ပြီး သူ့သူငယ်ချင်းကို ငွေကူညီသတဲ့။ သူ့သူငယ်ချင်းက လုပ်ရင်းမြုပ်သွားတော့ ကတိတွေ၊ သစ္စာတွေ မတည်သလိုဖြစ်ပြီး၊ ကြားထဲက အဲဒီလူ အိမ်ထိုးအပ်လိုက်ရတော့တာပဲ။ ရောင်းလို့ကလည်း မထွက်တော့ အောက်ဈေးနဲ့ အပ်လိုက်ရတော့တယ်။ အပ်လိုက်ရတဲ့ နှစ်ကတော့ (၄၁)နှစ်ထဲမှာပဲ"

"(၂)နှစ်အတိုးဆိုတော့ ဘယ်နည်းမလဲ ဆရာနော်"

"အေးပေါ့ ကိုသစ္စာရဲ့၊ ဘယ်သူကရော ကူဆပ်ပေးမှာတဲ့လဲ။ အားနာတဲ့လူတို့ သွားရာလမ်းအတိုင်းပေါ့။ အိမ်ပိုင်ကနေ အိမ်ငှားဖြစ်သွားရတဲ့ဘဝကို အမိပ္ပာယ်မရှိ ရောက်သွားတော့တာပေါ့"

* * *






www.burmeseclassic.com

www.burmeseclassic.com



အသက်(၁၇)နှစ်အရွယ်တွင် သူများကြောင့် ရန်ဖြစ်ပြီး ဆိုင်ကယ် အန္တရာယ်ကြုံခဲ့ရသော နိုးနိုးနှင့် (၄၁)နှစ်မှာ သူငယ်ချင်းကို အိမ်ပေါင် ကူညီ၍ အိမ်ထိုးအပ်ခဲ့ရသော စနေသား၏ကံများကို မျက်လုံးထဲ မြင်သာ အောင် ပြသလိုက်ပါသည်။ ပရ(ပြ)နေရာတွင် ကြုံနေရခြင်းများကို သတိ ပြုပါလေ။

"မျက်လုံးထဲမှာ မြင်ရဲ့လား"

"ဟုတ်ကဲ့ မြင်ပါတယ် ဆရာ"

"ဆရာ အဲဒါကို ဘာမှ လုပ်မပေးဘူးလား ဆရာ။ အိမ်ဆုံးတဲ့ စနေသားကို"

"သူ့ဟာသူ ပေါင်ပြီးမှ ဆုံးခါနီး အရက်(၂၀)လောက်အလိုမှာ ကျွန်တော့်ဆီလာတာ၊ ဘာလုပ်လို့ ရတော့မှာလဲ ဆရာထွန်းရဲ့။ အစထဲက လာတိုင်ပင်ရင်တော့ ဟုတ်တာပေါ့။ ဒီရက်(၂၀)နဲ့လည်း ကျွန်တော် ဘာမှ မလုပ်တတ်ဘူး။ တန်ခိုးရှင်မှ မဟုတ်တာ"

"တော်တော် ခွကျတဲ့ လူတွေပဲ"

ဆရာထွန်းသည် နှုတ်မှ မြည်တွန်နည်းတွားရင်း လက်ထဆေး၏။ ပြီးမှ ပြန်ထိုင်လိုက်ပြီး ရေနွေးကြမ်းသောက်ရင်း. . .

"ထမင်းဝသွားလို့ ဝသွားမှန်းတောင် မသိဘူး။ နားထောင်ရတာ ဈာန်ဝင်နေလို့"

"ဒီလိုတွေ ပြောရင်းနဲ့ အခြေအနေ ကောင်းကနေ ရုတ်တရက် ပြုတ်ကျသွားရတဲ့ စနေသားတစ်ယောက်ကို သွားသတိရနေတယ်။ ဘာလို့လဲ ဆိုတော့ စကားကို နားမထောင်လို့ဘဲ။ သူဟာ ရန်ကုန်မှာ လုပ်ကိုင်စားနေ တာအကောင်း။ ဂျပန်မှာ သွားအလုပ်လုပ်ဖို့ဆိုပြီး လာတိုင်ပင်တယ်။ သူတင်မကဘူး သူ့သူငယ်ချင်းတစ်ယောက်ကိုပါ သူက လုပ်ပေးရမှာ။

ဒီတော့ ပြောလိုက်တယ်။ မင်းဟာမင်း ဒီရန်ကုန်မှာ ကောင်းရောင်း ကောင်းဝယ် လုပ်ကိုင်စားနေတာ ဟုတ်ရဲ့သားနဲ့ကွာ။ ဘာပြုလို့ ဒီစိတ်ကူး ပေါ်ရတာလဲဆိုပြီး မေးလိုက်တော့ အဲဒီမှာ သူ့ငွေကိုမှီပြီး ဂျပန်ကိုလိုက် အလုပ်လုပ်မယ်ဆိုတဲ့ သူငယ်ချင်းက ပြောလိုက်တာ ရွှန်းရွှန်းကို ဝေနေတာ ပဲ။ အရမ်း အပြောကောင်းတယ်။ တစ်နှစ်အတွင်းပဲ သိန်း (၁၀၀)လောက် ဝင်တော့မလိုလိုကို ပြောနေတာ။ ကျွန်တော့်စကား လုံးဝ မတိုးတော့ဘူး။

ဒါကြောင့် ငါကတော့ အားမပေးဘူးကွာလို့ ပြောလိုက်တယ်။ ဒီလို ပြောလိုက်တော့ သူ့သူငယ်ချင်းက အလုပ်ဆိုတာ ဆရာရယ် ကြိုးစား ရင် အောင်မြင်မှာပဲ။ မကြိုးစားရင်တော့ မအောင်မြင်နိုင်ဘူး။ ကံကိုယုံပြီး တွေဝေနေရင်တော့ လောကမှာ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး ဆိုပြီး ပြောတယ်။ ပြီးတော့ ပြန်သွားကြတယ်ပေါ့။

ကျွန်တော် စိတ်မကောင်းဘူး။ ငွေထုတ်ရမယ့် စနေသားအတွက် စိတ်မကောင်းဘူး။ ဒီနှစ်ထဲမှာ ကြားလိုက်ရတဲ့သတင်းက အဲဒီ စနေသား




www.burmeseclassic.com

ဟာ သူ့အတွက်ရော၊ သူ့သူငယ်ချင်းအတွက်ရော သိန်းနှစ်ဆယ် လောက် အလိမ်ခံလိုက်ရတယ်။ ကုန်ရော။ ဘာနဲ့သွားတောင်းမလဲ၊ ဆရာထွန်းတို့ စဉ်းစားကြည့်စမ်း။

ကျွန်တော့်ဆီလာပြီး ဘာပြောလဲ သိလား။ သိန်းနှစ်ဆယ် ဆရာ တောင်ပေးလို့ရရင်၊ ဆရာ့ကို နှစ်သိန်း ကန်တော့မယ်တဲ့။ အမယ် ပညာကိုတောင် ငွေနဲ့ချည်တာဗျ။ ကျွန်တော် ပြုံးနေလိုက်တယ်။ ပြီးတော့ တစ်ခွန်းပဲ ပြောလိုက်တယ်။ အစတည်းက မင်းကောင်းမယ်ထင်လို့ လုပ်လိုက်တဲ့ကိစ္စပဲ။ မင်းပဲ ကောင်းအောင် ဆက်လုပ်လိုက်ပါလို့ ပြောပြီး မျက်နှာလွှဲလိုက်တယ်။ အဲဒီ စနေသားက (၃၄)နှစ် ရှိပြီ”

* * *




(၃၄နှစ်ရှိ စနေသား၏ သက်ရောက်)

အသက် (၃၄)နှစ်တွင် အခြေအနေတစ်ခုမှ အခြေအနေတစ်ခုသို့ နူးညံ့သိမ်မွေ့စွာ ပြောင်းလဲသွားသော စနေသား၏ ကံကြမ္မာကို မျက်လုံးထဲ မြင်သာအောင် ပြဆိုလိုက်ပါသည်။ ဤကံတွင်. . .

၁။ စနေသား၊ ကြာသပတေး သက်ရောက်သို့ရောက်၍ (၀-၅)မွေ့ ဟူသော အတွင်းရန် သတ္တိအရ အတွင်းလှိုက်စားခံရခြင်း။

၂။ တနင်္လာ၊ ကြာသပတေး (နိစ်+ပြ) မိသွားရခြင်းကြောင့် နံသင့် ကောက်လျှင် ဂျပန် (၂-၅) မိသွားရုံမက ငွေမူ ဖြစ်ခဲ့ရခြင်း။

၃။ ‘ပြ’ဟူသော ပရခွင်တွင် ငွေကြေးကံတည်နေပြီး အများအတွက် ငွေကုန်ကြေးကျ များခဲ့ရခြင်း။ အများ၏ အကြံအစည်အရ ငွေ ကုန်ကြေးကျ များခဲ့ရခြင်း။

၄။ မူလမွေးနံ စနေအား ကောဇာ၏ မရဏဂြိုဟ် အင်္ဂါကပ်ခြင်းခံရ သည့် နှစ်ဖြစ်၍ အခြေအနေကောင်းမှ ပြုတ်ကျရလောက်သည် အထိ အတွေးအခေါ် အယူအဆများ လွဲချော်ခဲ့ရခြင်း။

၅။ စနေ၏ ပြင်ပ မိတ်ဆွေဂြိုဟ် ရာဟုသည် တိုင်ခြေတွင် တည်နေ ပြီး ကောဇာ၏ ဗျယဂြိုဟ်ကပ်ခြင်း ခံရသည့်အတွက် တော်ရင်း (၀-၄)ဖြစ်သည့် ရာဟုနံ ပျက်ခဲ့ရခြင်း။

ထိုရာဟုနံ အပြင်မိတ်သည် သက်ရောက်တိုင်တွင် တိုင်ခြေ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။ တိုင်ခြေသည် အဝေးကို ပြသည်ဖြစ်၍ ခရီးဝေးသွားရန် အဖော်ညှိခဲ့သော မိတ်ဆွေ၏စကားကို ယုံခဲ့ပြီး ဘဝတစ်ဆစ်ချိုး ပြောင်း ခဲ့ရကြောင်းကို သတိပြုပါလေ။

"မြင်လား မျက်လုံးထဲ၊ ဆရာထွန်း"

"မြင်ပါတယ် ဆရာ၊ ကြာသပတေးသက်ရောက်ကြီး ထင်းနေတာပဲ။ ဟုတ်တယ်လေ အစတည်းက သူကောင်းမယ်ထင်လို့ လုပ်လိုက်တဲ့ကိစ္စပဲ။ သူပဲကောင်းအောင် ဆက်လုပ်ပေါ့။ ဆရာပြောတာ မှန်တယ်"

"ဒီလိုပဲ ဆရာထွန်းရဲ့ လူတွေဟာ၊ ပြင်လို့မရတဲ့လူမျိုးက လုံးဝ ပြင်လို့မရဘူး။ အဲဒီလို စနေသားသမီးမျိုးတွေ ရောက်တတ်တဲ့ အသက်ကတော့ (၂၆)၊ (၃၄)၊ (၄၂)၊ (၅၀)၊ (၅၈)နှစ်တွေပဲ ဆရာထွန်းရဲ့။

အဲဒီလို နှစ်တွေ ရောက်လာတဲ့ စနေသားသမီးတွေဟာ အခြေအနေတစ်ခုကနေ အခြေအနေတစ်ခုကို ပြောင်းသွားတတ်တယ်။ ငွေပြဿနာတွေ ဖြစ်တတ်တယ်။ အိမ်ထောင်ရေး ကသောင်းကနင်းတွေ ဖြစ်တတ်တယ်။ မိသားစုတွင်း မကျေလည်မှုတွေ အရမ်းများလာတတ်တယ်။ လုပ်ဖော်ကိုင်ဖက်တွေနဲ့ အကုန်စိတ်ဝမ်းတွေ ကွဲလာရတယ်။ လူငယ်တွေဆို အနေအထိုင်မတတ်ရင် ရုတ်တရက် အိမ်ထောင်ကျတတ်တယ်။ ကိုယ်တိုင် အတွေးအခေါ်၊ အယူအဆတွေ လွဲတတ်တယ်။ သူများ ငွေတွေကို အာမခံပေးထားရင် ကြားထဲက နာလန်မထူအောင် စိုက်ဆပ်ရပြီသာမှတ်"

သုံးဦးလုံး ထမင်းစားပြီးကြပြီဖြစ်၍ ရေနွေးကြမ်းသောက်ကြရင်း နှစ်မိနစ်နီးပါးခန့် တိတ်ဆိတ်နေကြ၏။ စားပြီးသား ပန်းကန်များကို ညင်သာသိမ်မွေ့စွာ လာရောက်သိမ်းနေကြသောကြောင့် စကားစ ခေတ္တဖြတ်ထားကြခြင်းလည်း ဖြစ်၏။

"ဒါပေမယ့် အဲဒီလို ကြာသပတေးသက်ရောက်ကို ရောက်တော့မယ့် စနေသားတစ်ယောက်ကိုတော့ ပြုပြင်ပေးလိုက်နိုင်သေးတယ်ဗျ။ ကြိုသိလို့"

"ဟုတ်လား ဆရာ ဝမ်းသာစရာပဲ"

"သူက အမြဲလာနေကျ မိတ်ဆွေပေါ့ဗျာ။ အသက်က (၄၂)နှစ်မှာပေါ့။ ကျွန်တော့်ဆီကို လာနေကျ ဖြစ်နေတော့ အသက် (၄၁)နှစ်မှာ သူ့ကို ကြိုပြောခဲ့တယ်။ မင်းကိုငါ ပြောစရာရှိတယ်။ ခိုင်းစရာ ရှိတယ်။ အဲဒါကတော့ မင်းဘဝနဲ့ဆိုင်တယ်။ ငါပြောတာကို မင်းလုပ်မယ်ဆိုရင်တော့ ငါ ပြောပြမယ်။ မလုပ်ချင်ဘူးလို့ စိတ်ထဲမှာရှိရင် ငါ့ကို ခုပြော၊ ငါ လုံးဝ ပြောစရာမလိုဘူး ဆိုတော့ ကျွန်တော့်အကြောင်းကို သူက သိပြီးသားဆိုတော့ ဆရာခိုင်းရင် လုပ်မှာပေါ့တဲ့။

အဲဒီ သူငယ်က ဆောက်ပြီးသားတိုက်အသစ်တွေမှာ လျှပ်စစ်မီးတွေ သွယ်တဲ့သူလေ။ အဖွဲ့နဲ့ တရားဝင် အလုပ်လုပ်ကြတဲ့သူတွေ။ ဒါပေမယ့် သိတဲ့အတိုင်းပဲ လျှပ်စစ်မီးရိုက်ရတာ ဆိုတော့ လျှပ်စစ်အန္တရာယ်ရော၊ အမြင့်တက်ရတဲ့ အန္တရာယ်ရော ရှိနိုင်တယ်။ ပြီးတော့ ညပိုင်း အငှားကား



www.burmeseclassic.com

www.burmeseclassic.com



ဆွဲတဲ့ရက် ဆွဲသေးတယ်"

"ဟုတ်တာပေါ့ ဆရာ၊ အန္တရာယ်နီးတာပေါ့"

မျက်မှန်ကြီးကို တစ်ချက်ပင့်တင်လိုက်ပြီး ရေနွေးခွက်ကိုကိုင်လိုက်ရင်း ပြောလိုက်သော ဆရာထွန်း၏စကားကြောင့် စက္ကန့်နှစ်ဆယ်ခန့် စကားပြတ်သွား၏။

"အဲဒီလို အန္တရာယ်နီးလို့လည်း ကျွန်တော် ခိုင်းတာပေါ့။ ဘယ်လိုခိုင်းလဲဆိုတော့ မင်း (၄၁)နှစ်ပြည့်ခါနီး တစ်ရက်၊ နှစ်ရက်အလို ငါ့ဆီလာခဲ့လို့ ပြောလိုက်တယ် ဆိုပါတော့ ရောက်လည်းလာရော တစ်လလုံးနီးပါး ဘုန်းကြီးကုဋီတွေ ရေဆေးခိုင်းလိုက်တယ်။ သူကလည်း ရက်နှစ်ဆယ်လောက်ကို မရမက ဆေးတယ်။ နောက်တော့ တစ်လတစ်ခါပဲ သွားသွားဆေးခိုင်းတယ်ပေါ့။ နောက် ခိုင်းတာကတော့ တစ်လတစ်ခါ တံမြက်စည်းတစ်ချောင်းဝယ်ပြီး တန်ဆောင်းတွေ သွားသွားလှည်းခိုင်းတယ်။ ပြီးရင် အဲဒီ တံမြက်စည်း လှူခဲ့ခိုင်းတယ်။

သူကလည်း လုပ်တယ်။ ပြီးတော့ အားရင်အားသလို ဘုရားတွေသွားခိုင်းပြီး တစ်ဝဂူတွေမှာ ပုတီးစိပ်ခိုင်းတယ်။ အနည်းဆုံး တစ်နာရီပဲ။ သူကလည်း စိပ်တယ်။

ဒိပြင်ဟာကတော့ ထုံးစံအတိုင်းပေါ့ဗျာ။ မိုးမလင်းမီ အိပ်ရာကထခိုင်းတယ်။ ဘုရားရှင်ကို ပူဇော်၊ ပုတီးစိပ်ခိုင်းတယ်။ မွေးနေ့တိုင်း အသားမစားခိုင်းဘူး။ အဲဒီလို နိမ့်တာတွေချည်း အကုန်လုပ်ခိုင်းတော့ အဲဒီနှစ်ထဲမှာ အန္တရာယ်ကင်းသွားခဲ့ရတယ်။

အခု ကုန်သွားတဲ့ နှစ်ပေါ့ဗျာ။ ဒါတောင် နှစ်ခါ ဓာတ်လိုက်သေးတယ်။ သူကတော့ ဘာမှ မဖြစ်ဘူး။ ဒါပေမယ့် သူ့ကားရပ်ထားတာကို တခြားကားက လာဆောင့်လို့ ငါးထောင်လောက် ကုန်သွားသေးတယ်။ ကားနံပါတ်ကလည်း အားလုံးပေါင်းတော့ (၇)ဗျ"

"ဟာ တိုက်ပဲ တိုက်ဆိုင်လိုက်တာ"

"ကျွန်တော် လုပ်ခိုင်းခဲ့တာတွေ သဘောပေါက်လား"

"ပေါက်တာပေါ့ ဆရာရယ်၊ အနိဋ္ဌကို ရောက်တော့မယ့်လူကို အနိဋ္ဌတွေချည်း လုပ်ခိုင်းပြီး ကုသိုလ် ဆက်ပေးလိုက်တဲ့ဉစ္စာ။ တံမြက်စည်းထုတ်တာနဲ့ တန်ဆောင်းလှည်းခိုင်းတာကအစ ကျွန်တော် သဘောပေါက်ပါတယ်"

"ဘာသဘောပေါက်တာလဲ၊ နံတူဆိုပြီးတော့လား"

"ဟုတ်ကဲ့"

"အဲဒါကြောင့် ပြောတာပေါ့။ ဆူလိုက်ရင် ထမလုံ ပြန်ပြေးဖို့ပဲ သိတယ်။ ကြာသပတေးသက်ရောက်မှာ တန်းကပ်ကို ဘာရောက်ပြီလဲ"

"သူ့မွေးနံ စနေပါ ဆရာ"

"ဘာဖြစ်ရမလဲ အဲဒီနေရာက"



www.burmeseclassic.com

www.burmeseclassic.com



“ထုတ်ပေးရမှာပါ။ ဒါမှ ကာယကံရှင် သက်သာမှာပါ”


“တစ်လတစ်ခါ တံမြက်စည်းဝယ်ပြီး တန်ဆောင်းသွားလှည်းခိုင်းတာက အဲဒါ ထုတ်တာနဲ့ မတူဘူးလား”

“ဪ. . . ”

“အင်း ပြောလိုက်ရင် ဖြစ်ပြီ။ ဪ. . . တို့၊ ဟာ. . . တို့နဲ့ပဲ ပြီးသွားတာပဲ”

ကျွန်ုပ်၏စကားကြောင့် ဆရာထွန်းနှင့် ကိုသစ္စာတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ရယ်ကြ၏။ ဆရာထွန်းသည် ရှက်တတ်သူပီပီ ပတ်ဝန်းကျင်မှ လူများအား တစ်ချက်ဝေ့ကြည့်လိုက်၏။

* * *




(၄၁နှစ်ရှိ စနေသားအား သက်ရောက်ပုံကို ပြဆိုခြင်း)

“ပြီးတော့ စနေကို ကပ်ထားတာက ကောဇာရဲ့ မရဏဂြိုဟ်အင်္ဂါဗျ။ မရဏဆိုတာ ရွေ့လျောခြင်းဆိုတဲ့ သဘောပဲ။ အဲဒီတော့ ရွေ့လျောတယ်ဆိုတာ အထက်ကအောက်ကို စုန်တာလား၊ အောက်ကအထက်ကို ဆန်တာလား”

“ရွေ့လျောတယ် ဆိုတာကတော့ စုန်တဲ့သဘောပဲ ဆရာ”

“မှန်တယ်။ အထက်သို့ တဖြည်းဖြည်း တက်သွားသည်။ အောက်သို့ ရွေ့လျောသွားသည်။ ဒီလိုပဲ သုံးကြလေ့ရှိတယ် မဟုတ်လား”

“ဟုတ်ကဲ့”

“ဒါကြောင့် အောက်ကြမ်းပြင်၊ ကြမ်းခင်းနဲ့ဆိုင်တာမှန်သမျှ အကုန်ခိုင်းရတော့တာ။ ပြီးတော့ စည်းစိမ်ယစ်တာကို ရွေ့လျောတဲ့အနေနဲ့ အစောကြီး ထခိုင်းတယ်။ အဆီအဆိမ့် စားနေရာကနေ ရွေ့လျောသွားရတဲ့သဘောနဲ့ အသားမစားခိုင်းဘူး။ ပြီးတော့ တစ်ဝဂ္ဂတွေမှာ ပုတီး လှည့်စိပ်ခိုင်းတယ်။

မင်း ကြိုက်တာစိပ်ဆိုတော့ တိုက်တိုက်ဆိုင်ဆိုင်ဗျာ သူကလည်း နမောတေဂါထာကို စိပ်တယ်။ အပတ်ရေ အများကြီးပဲ။ မိုးမလင်းခင်လည်း မောရသုတ်တော်ကို အမြဲရွတ်တယ်။ တော်ပါပေတယ် ဒီသူ



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့စကားကို ယုံတာကိုက သူ့အတွက် အန္တရာယ်ကင်းသွားတယ်"

"ကျွန်တော့်စကားကို ယုံတယ်ဆိုတာထက် ရတနာသုံးပါး ဂုဏ်ကျေးဇူးနဲ့ သက်ဆိုင်တဲ့ ကောင်းခြင်းကုသိုလ်တွေကို ယုံတယ်ဆိုတာက ပိုမှန်ပါတယ် ဆရာထွန်းရဲ့။ ဘုရားရှင်ကို နံနက် စောစောထပြီး သောက်တော်ရေဖြစ်ဖြစ်၊ မျက်နှာသစ်တော်ရေဖြစ်ဖြစ်၊ အမွှေးနံ့သာဖြစ်ဖြစ်၊ ဖယောင်းတိုင်ဖြစ်ဖြစ် ပူဇော်တာက သူ့အတွက် ဗုဒ္ဓပူဇာပဲ။

ပြီးရင် မောရသုတ် ရွတ်မယ်။ နမောတဲ ပုတီးစိပ်မယ်။ တခြား ဂါထာတော်တွေ ဘုရားရှင်ရဲ့ နှုတ်ကပါဌ်တော်တွေ ရွတ်မယ်ဆိုတာက ဓမ္မပူဇာ။ ဘုန်းကြီးကုဋီတွေ ရေသွားဆေးခိုင်းတာက သံဃာ့ပူဇာပဲ"

"ဟား ဟုတ်တာပေါ့ ဆရာ"

"အဲဒီလို ရတနာသုံးပါး ဂုဏ်ကျေးဇူးတော်ရဲ့ အရိပ်ကိုခိုတဲ့ ကုသိုလ် အစီအရင်တွေကို ယုံယုံကြည်ကြည်နဲ့သာ စီရင်။ အင်းတွေ၊ လက်ဖွဲ့တွေထက် စွမ်းတယ်ဆိုတာကတော့ ကျွန်တော် ကိုယ်တွေ့တွေ နောက်မှ စာအုပ်ကြီး တစ်အုပ် ပြုစုရဦးမယ်"

ကျွန်ုပ်သည် ပြောရင်းနှင့် ရေနွေးကြမ်းသောက်၍ ခဏ နားလိုက်၏။ ပတ်ဝန်းကျင်မှ ပုဂ္ဂိုလ်များသည် ကျွန်ုပ်တို့ လှုပ်ရှားပုံကို ကြည့်နေရင်း အလွန် အလိုက်သိစွာနှင့် အနီးသို့ ရောက်ရောက်လာတတ်၏။ ထို့ကြောင့်လည်း ကျွန်ုပ်တို့သုံးဦးသည် ဤဆိုင်လေးတွင် တစ်ပတ်ကိုနှစ်ရက် နံနက်စာ စားခဲ့ကြသည်မှာ နှစ်နှင့်ချီခဲ့ပြီ ဖြစ်၏။

ဆိုင်လေးမှာ "ရွှေမြိုင်သူ"ဟု အမည်ရပြီး ကမ္ဘာအေးဘုရားလမ်းမ ကြီးပေါ်တွင် တည်ရှိ၏။ နှစ်ရှည်လများ သုံးဦးလုံး သက်သတ်လွတ် သွားစား လေ့ရှိသောကြောင့် ကျွန်ုပ်တို့သုံးဦးသည် ရွှေမြိုင်သူတွင် ဆိုင်မိသားစု အာရုံစိုက်ခံရသော ဖောက်သည်များ ဖြစ်နေကြတော့၏။

"နောက်ထပ် ကြုံစရာ သက်ရောက်ခွင်တစ်ခုကတော့ သောကြာ သက်ရောက်ကိုရောက်တဲ့ စနေသားသမီးတွေပဲ။ သူတို့ကတော့ (၂၀)၊ (၂၈)၊ (၃၆)၊ (၄၄)၊ (၅၂)၊ (၆၀)ဆိုတဲ့ အသက်တွေမှာ ကြုံကြရလေ့ရှိ တယ်။ ကြုံပုံကြုံနည်းကတော့ စကားဟောင်း၊ ပြဿနာဟောင်းတွေ ပြန် ပေါ်လာတတ်တာပဲ။ သူများလုပ်ထားတဲ့ အဲဒီအဟောင်းတွေနဲ့လည်း ရင် ဆိုင်ကြရလေ့ရှိတယ်။ ရောဂါဆိုလည်း ရောဂါဟောင်း ပေါ်တာပေါ့ဗျာ။ နေတတ်ရင်တော့ မဆိုးပါဘူး"

"နေတတ်ရင် ဆိုတာက ဆရာ"

"ခုန ပြောခဲ့သလိုပေါ့ ကိုသစ္စာရဲ့၊ ကျွန်တော် ခုန လျှပ်စစ်မီးရိုက် ပြီး ကားမောင်းတဲ့ စနေသားကို စီရင်ခဲ့ပုံကို နမူနာပြခဲ့တယ် မဟုတ်လား၊ သူ့ကိုကပ်တာ ဘာဂြိုဟ်လဲ"

"ကေတုရဲ့ မရဏဂြိုဟ်ပါ"

"အေးလေ မရဏ ဆိုတာ ရွှေ့လျောခြင်းသဘောရှိလို့ ရွှေ့လျော



www.burmeseclassic.com

www.burmeseclassic.com



ခြင်းနဲ့ ဆိုင်တာတွေ စီရင်ခဲ့ပုံကို ပြောပြီးပြီ။ အနိဌမို့လို့ အနိဌပိုင်းနဲ့ ယှူရတဲ့ကုသိုလ်တွေ စီရင်ပုံကို ပြခဲ့ပြီးပြီ။ အခု ပြောပြတဲ့ သက်ရောက် တွေမှာ စနေသားတွေကို ဘာကပ်လဲ”

“ကောဇာရဲ့ ကိစ္စဂြိုဟ် သောကြာပါ”

“ဟုတ်ပြီ၊ ဒါဖြင့် ကိစ္စဂြိုဟ်ရဲ့သဘောသွားအတိုင်း တည်နေတဲ့ ပရိယာယ်တွေကို ရှာပေ့ါ။ အဲဒီ ပရိယာယ်တွေအတိုင်း အဲဒီ စနေသားကို ဘယ်လို ကုသိုလ်လုပ်ပေးရမလဲ စဉ်းစားပြီး ခိုင်းပေ့ါ။ ဘာလဲ နို့သက်ခံပြီးတော့ပဲ စို့ချင်နေကြလား”

ကျွန်ုပ်၏စကားကြောင့် နှစ်ဦးသား ရယ်မောကြပြန်လေရာ ကျွန်ုပ်လည်း ရောယောင်၍ ပြုံးနေလိုက်မိ၏။

“တစ်ခုတော့ ပြောမယ်။ အဲဒီ သက်ရောက်ကိုရောက်မယ့် စနေသားသမီးတွေထဲမှာ စနေသားသမီးချင်း အတူတူ ပိုခံရတတ်လေ့ရှိတဲ့ စနေသားသမီးတွေ ရှိတယ်။ လူတိုင်းတော့ မဟုတ်ဘူးနော်။ နာမည် မှည့်ထားပုံမှာ ရှိသေးတယ်။

ကိုင်း ဘယ်လို နာမည်မျိုးတွေ မှည့်ထားလို့ ပိုခံရသလဲဆိုတာကိုတော့ လာမယ့် တနင်္လာနေ့ကျမှ ပြောတော့မယ်။ ခုတော့ ဆိုင်မှာ ထိုင်ရတာ အားနာသင့်ပြီ။ ကြာလည်းကြာပြီ။ တော်ကြာ ရွှေမြိုင်သူမိသားစုတွေ မေတ္တာပျက်နေဦးမယ်”

❖ ❖ ❖

*(နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် ၁၆၄)*



www.burmeseclassic.com

www.burmeseclassic.com

## အကြောင်းညီညွတ်မှသာ

ငါးဦးမြောက်။

“ကဲ. . ပြော၊ ဘာကိစ္စလဲ”

“ကျွန်တော် ကလေးနာမည်ပေးမလို့။ ဒီကလေးပါပဲ။ ဒါပေမယ့် ဆရာ့ကို တစ်ခု တောင်းဆိုချင်ပါတယ်”

“ဟေ. . . ဘာများတုံး”

“ဖြစ်နိုင်ရင် ကျွန်တော့်နာမည် ပါအောင် မှည့်ပေးစေချင်ပါတယ်”

“အမယ် မင်းစကားက အကန့်အသတ်နဲ့ပါလား။ ဒါဆို ဒီလိုလုပ် ကွာ။ တခြားမှာပဲ သွားပေးလိုက်တော့။ ငါကတော့ တစ်မျိုးကွ။ ငါ့ကို ဒီလို လာကန့်သတ်လို့ မရဘူး။ မင်းတို့ ပေးချင်သလို ပေးမှာကို ငါက အားနာပါးနာနဲ့ လိုက်လျောမှာလည်း မဟုတ်ဘူး။ မင်းတို့ ထင်ထားတဲ့ နာမည်က ကလေးရဲ့ တစ်ဘဝလုံးကို ဒုက္ခရောက်သွားစေမယ့် နာမည်ကြီး ဖြစ်နေရင် ဘယ့်နှယ်လဲ”

ကျွန်ုပ်၏ ခပ်တင်းတင်း ပြောလိုက်သော စကားကြောင့် ကလေး အဖေ၏မျက်နှာမှာ အတော်ညှိုးကျသွား၏။ ဤသည်ကို အကဲခတ်နေ ဟန်ရှိသော ကလေး၏ဘေးမှ ပုဂ္ဂိုလ်တစ်ဦးနှင့် ကလေး၏အမေ ဖြစ်ဟန် ရှိသူတို့သည် ကျွန်ုပ်အား ပြုံးပြုံးရွှင်ရွှင်နှင့် ကြည့်လိုက်ကြပြီး. . .

“ဒီလိုပါ ဆရာ၊ သူ စကားမပြောတတ်လို့ပါ။ ဆရာ့ကို ကန့်သတ် တာ မဟုတ်ပါဘူး။ သူက သူ့နာမည်လေးပါချင်တဲ့ သဘောနဲ့ ပြောတာပါ။ ကလေးကလည်း သမီးဦးလေးဆိုတော့ သဲသဲလှုပ်အောင် ဖြစ်နေကြတာ ပေါ့။ တကယ်လို့ သူ့နာမည် ထည့်လို့မရလည်း ဘာဖြစ်လဲ ဆရာ။ ဆရာ ပြောသလို ဒီသမီးလေးဘဝမှာ ဒုက္ခရောက်မသွားဖို့ဘဲ အရေးကြီးပါတယ်။ ဆရာကောင်းသလို ပေးပါ။ ကျွန်တော်တို့ အပ်ပါတယ်”

“ခင်ဗျားက. . . ”

“ကျွန်တော်က ကလေးရဲ့ ဘကြီးပါ။ ဒါ ကျွန်တော့်ညီလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အခု နာမည်ပေးမှာက တူမလေးပါ”

“သြော်. . .”

ရည်မွန်သိမ်မွေ့စွာ တစ်လုံးချင်းပြောနေသော အသက်ငါးဆယ်ကျော်ခန့် ပုဂ္ဂိုလ်အား ကျွန်ုပ် မျက်လုံးချင်းဆိုင်၍ ပြုံးပြလိုက်ပြီး. . .

“ကျွန်တော် ပြောတာတော့ စိတ်မရှိနဲ့။ ကျွန်တော်က ကလေးတွေအတွက် ဆိုရင်တော့ ခုလိုပဲ ခပ်ကြမ်းကြမ်း ပြောတတ်တယ်။ အကြိုက်တော့ လိုက်မပြောတတ်ဘူး။ ခင်ဗျား တူမလေးရဲ့မျက်နှာကို ကြည့်လိုက်စမ်းပါဦး။ ဘယ်လောက် အပြစ်ကင်းစင်သလဲလို့”

“ဟုတ်ပါတယ် ဆရာ”

“အဲဒီလို အပြစ်ကင်းစင်တဲ့ ကလေးတွေဟာ လူကြီးတွေ မှည့်ချင်တိုင်းမှည့်ကြ၊ ခေါ်ချင်တာတွေ စွတ်ခေါ်ကြလို့ ဖူးရုံလေးနဲ့တင် မြေခကြွေကျခဲ့ကြရတာတွေ အများကြီးပဲ။ ဒါကြောင့် ကလေးတွေအတွက်ဆိုရင် ကျွန်တော် အဲဒီလိုပဲ အမုန်းခံလေ့ရှိတယ်ဗျာ။ ဒါ ရင်ထဲက စကားပါ”

“သူက ဗဟုသုတနည်းလို့ ပြောမိတာပါ ဆရာ။ ကျွန်တော်ကတော့ ဆရာ့ဆောင်းပါး မှန်သမျှတွေ၊ လုံးချင်းမှန်သမျှတွေ မလွတ်တမ်း ဝယ်စုတဲ့သူ၊ ဖတ်ပြီး ပညာယူတဲ့သူဆိုတော့ ဆရာ့သဘောကို သိနေပါတယ်။ အဝေးရောက် ဆရာ့တပည့်လို့လည်း သတ်မှတ်ပါ”

“သြော်. . . ကောင်းတယ်ဗျာ။ တွေ့ရတာ ဝမ်းသာတယ်။ နာမည်ဘယ်လို ခေါ်လဲ”

“အုန်းကြိုင်ပါ ဆရာ”

“ဟုတ်လား၊ ဝမ်းသာတယ်ဗျာ။ ဦးအုန်းကြိုင် ကြိုးစားပြီး လေ့လာပါ။ ပညာကို ဘယ်ကရရ ယူပါ”

ကျွန်ုပ်၏စကားကို နားထောင်နေရာမှ ဦးအုန်းကြိုင်ဟု အမည်ရသူသည် သူ၏ ညာဘက်ဘေးတွင် ထိုင်နေသော နာမည်ပေးမည့် ကလေးမလေးအား လှည့်၍ ငုံ့ကြည့်လိုက်ပြီး ကျွန်ုပ်ဘက်သို့ ပြန်ကြည့်၍ ပြုံးရင်း. . .

“ဆရာ့ဆီလာရတာ ဒါပါနဲ့ဆို (၄)ခါရှိပြီ ဆရာ။ လူပြည့်လို့ လှည့်ပြန်ရတာ (၃)ခါ။ ကျွန်တော်တို့က ကျောက်တန်း၊ ဟိုဘက် သုံးမိုင်လောက်ကို ပဲ့ထောင်နဲ့ ဆက်သွားရသေးတယ် ဆရာရဲ့။ နံနက် တစ်နာရီထဲက ထလာရတာ။ ဒါကြောင့် အခု ဒီနေ့ကျတော့မှ ရတာ။ ဒါပေမယ့် ကျွန်တော်တို့ တမင် နံပါတ်(၅)ကိုယူပြီး နောက်ဆုံးမှ ဝင်တာ”

“ဟုတ်လား ဘာဖြစ်လို့”

ကျွန်ုပ်၏အမေးကိုဖြေရန် တွန့်နေဟန်ရှိသော ဦးအုန်းကြိုင်သည် သူ၏ညီအား တစ်လှည့်၊ ခယ်မအား တစ်လှည့် ရယ်ကျဲကျဲနှင့် ရယ်ပြနေရင်း. . .

“ဆရာ့ရဲ့ ဟို ဩဝါဒလေး၊ ဘာလေး. . .”



www.burmeseclassic.com

www.burmeseclassic.com



"သဘောပေါက်ပြီ၊ ဒါကြောင့် နံပါတ်(၅)ယူပြီး စောင့်ကြတာကိုး။ ကဲ ပြောပါဦး၊ နာမည် ဘယ်လိုပေးလဲ သိချင်တာလား"

"မဟုတ်ပါဘူး ဆရာ၊ နာမည် ဘယ်လို ခိုက်တာလဲဆိုတာတွေကို ကြားနာမှတ်သားချင်တာပါ"


အမှန်ကို ဝန်ခံရလျှင် ကျွန်ုပ်သည် မည်သူ့ကိုမဆို စကားရှည် လျားစွာ ပြောရန် အလွန် ဝန်လေးသူ ဖြစ်၏။ တစ်ဦးကို (၁၀)မိနစ်သာ ပြောလေ့ရှိသောကြောင့် ဇွဲခံစကားပြောရန် အတော်ကြိုးစားနေရ၏။ သို့သော် ဥပမိရုပ်သာမက ကိုယ်အမူအရာ၊ နှုတ်အမူအရာပါ အလွန် နူးညံ့သိမ်မွေ့လှသော ဦးအုန်းကြိုင်သည် ကျွန်ုပ်၏ အဝေးရောက် တပည့် အဖြစ် သူ့ကိုယ်သူ နှင်းအပ်နေရှာပြီ ဖြစ်ရကား။

"လူတွေ တော်တော်များများ အလေ့ရှိတယ်။ သူတို့မွေးတဲ့ သား သမီးတွေကို သူတို့ရဲ့နာမည် သိပ်ပါစေချင်ကြတာဗျ။ အဲဒါကိုက မဟုတ် သေးဘူး။ မိဘနာမည်ကို ဦးထိပ်ထားတယ်ဆိုတဲ့ သဘော၊ ကိုယ့်သားသမီး ကို ဖြစ်စေချင်ကြတာတော့ ဟုတ်ပါရဲ့၊ လူတိုင်းဟာ တူကြတာမှ မဟုတ်ဘဲ။

ကျွန်တော် တွေ့ဖူးတယ်။ ဖအေက ဦးဘစိုးတဲ့၊ ချမ်းသာတဲ့ မျိုးရိုးပဲ။ သူက မွေးလာတဲ့ သားကျတော့ ကျော်မြတ်စိုးဆိုပြီး မှည့်ထားတယ်။ ရုတ်တရက် နားထောင်ရင်တော့ နာမည်လေးက သိပ်လှတာပေါ့။ မိဘ နာမည်လည်းပါတော့ ကောင်းလည်း ကောင်းတယ်။

ဒါပေမယ့် ကျော်မြတ်စိုးဟာ ဆန်းလိုပြောရင် ဇေယျဖွား။ မဟာ ဘုတ်လိုပြောရင် အထွန်းဖွား ဖြစ်နေတော့ နာမည်ပေးပုံ သတ်မှတ်ချက် တွေနဲ့ ပြောရရင် သူ့နာမည်ဟာ ဇောက်ထိုး စိုက်ဆင်းသွားတယ်။ ကျွန်တော် ပြောတာ ဦးအုန်းကြိုင် မျက်စိထဲမြင်လား"

* * *




(ကျော်မြတ်စိုး နာမည်တည်ပုံ၊ သွားပုံ၊ လာပုံ အဆုံးသတ်ထားပုံ ကို လေ့လာပါ။ မူလမှနေ၍ ကျွမ်းထိုးမှောက်ခုံ စိုက်ဆင်းသွားသည်ကို မြင်ပြီဆိုလျှင် ကျော်မြတ်စိုး၏ဘဝ၊ ကျော်မြတ်စိုး၏ ပတ်ဝန်းကျင်ကို ခန့်မှန်း၍ ရပါပြီ။)

"ဟုတ်ကဲ့ မြင်ပါတယ် ဆရာ၊ ဆရာပြောတဲ့စကားနဲ့ ပြောရင်



www.burmeseclassic.com

www.burmeseclassic.com



တကယ့် ဇောက်ထိုးပဲ။ ကျော်မြတ်စိုး ဆိုလိုက်တာနဲ့ 'စိုး'က ဒုက္ခပေးသွားတာပဲ"

"ဒါပေမယ့် ဦးအုန်းကြိုင် တရားသေမတွက်နဲ့နော်။ ကျော်မြတ်စိုးတိုင်း မဟုတ်ဘူး။ အင်္ဂါဖေ့ချနဲ့ မွေးလာတဲ့ ကျော်မြတ်စိုးတွေကျတော့ သိပ်လိမ္မာတာပဲ။ သိပ်ကြီးပွားကြတယ်။

အခု ဒီကျော်မြတ်စိုးသာ အပေါင်းအသင်းမကောင်းလို့ ပညာရေး တစ်ဝက်နဲ့ရပ်။ ဘာအလုပ်မှမလုပ်ဘဲ မိဘလုပ်စာမှန်သမျှ ထိုင်ဖြုန်း၊ ပြောမရ ဆိုမရ။ နိုင်ငံခြားပို့ပြန်တော့ ပြန်ရောက်လာ၊ သင်္ဘောတင်ပေး ပြန်တော့ သူတက်တဲ့သင်္ဘောက ရောင်းလိုက်ရနဲ့၊ အသက်က (၃၀)နား နီးပြီ။ ခုထိ ဘဝ မလှဘူး။ သူ့မိဘပစ္စည်းကို သူဖြုန်းပစ်တာတင် သိန်း သုံးလေးဆယ် မကတော့ဘူး"

ကျွန်ုပ်၏စကားကြောင့် ဦးအုန်းကြိုင်သာမက သူ၏ညီနှင့် ခယ်မတို့ပါ ခေါင်းတညိတ်ညိတ်ပြုရင်း ကျွန်ုပ်ကို ကြည့်နေကြ၏။ နှစ်ခါလည် မရှိတရှိ ကလေးငယ်လေးသည်လည်း သူတို့နည်းတူ ငြိမ်သက်စွာနှင့် ကျွန်ုပ်အား မျက်တောင်ပုတ်ခတ်ပုတ်ခတ် ကြည့်နေရှာ၏။ ကလေးလေးမှာ မဆော့မပြုနှင့် အလွန် ငြိမ်သက်သောကြောင့် ကျွန်ုပ်မှာ ချစ်လွန်လွန်း၍ မကြာခဏ ကြည့်ရင်း ပြုံးပြနေလိုက်မိ၏။

"ဒီ သမီးလေးကိုမြင်တော့ သူ့လိုပဲ ကလေးမလေးတစ်ယောက်ကို သွားသတိရတယ်။ ဒါပေမယ့် ဟိုကလေးက သုံးနှစ်ကျော်ပြီ။ ချူချာလိုက် တာဗျာ၊ ခဏခဏ တက်တယ်။ တက်လိုက်ရင်လည်း ကလေးနဲ့တောင် မလိုက်ဘူး။ ခေါင်းက ဆံပင်တွေလည်း ကွက်ကျွတ်လို့ စာကလေးခေါင်း လေး ကျနေတာပဲ။ အင်မတန် သနားဖို့ကောင်းတယ်။ သူ့လိုပဲလို့ ပြော တာက ခုန သမီးရဲ့အဖေ ပြောသလို ကလေးကို ဖအေရဲ့ နာမည်ပါအောင် မှည့်ထားလို့ပဲ။ အဲဒီကလေးကတော့ မှည့်ကိုထားတာ။ 'မိုးယုသော်တာ ဆင့်'တဲ့"

"ဟင် နာမည်ကြီးကလည်း"

ထို အသံသည် တစ်ချိန်လုံး နှုတ်ဆိတ်စွာပြုံး၍ နားထောင်နေသော ကလေး၏မိခင်ထံမှ ထွက်လာခြင်း ဖြစ်၏။ ကျွန်ုပ်သည် ကလေး၏မိခင် မိန်းကလေးအား ကြည့်လိုက်၍ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး. . .

"အေး အခု သမီးတောင်မှ ကြားရတာ ဘယ့်နှယ်နေလဲ။ စဉ်းစား သာကြည့်။ လောကမှာ ရှိရှိသမျှ ပညာရှိတွေက ပိုပြီးတော့တောင် လက်ခံ ကြမှာ မဟုတ်ဘူး ဆိုတာ ယုံ"

"ဟုတ်ကဲ့"

"အဲဒီ မိုးယုသော်တာဆင့်လေးရဲ့ အဖေနာမည်က ဦးကျော်ဆင့်။ ကလေးက (၁၃၅၈)ခု ဖွားလေးဗျ။ သိလား ဦးအုန်းကြိုင်"

"ဟုတ်ကဲ့ ဆရာ၊ ဟာ ဒါဆိုရင် အဲဒီကလေးမလေးက ဘာနေ့ပဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



“သောကြာဗျ။ လူနှစ်ယောက် ပေါင်းပေးတာလို့ ပြောတယ်။ တစ်ယောက်က အမြစ်အညွှန့်ဆိုပြီး ပေးတယ်တဲ့။ တစ်ယောက်က သူ့အဖေနာမည်ပါအောင် ထပ်ဆင့်ပေးလိုက်သတဲ့”

“အမြစ်အညွှန့်ဆိုတော့ မိုးယုသော်တာ ဖအေနာမည်ထပ်ဆင့်တော့ မိုးယုသော်တာဆင့်။ ဟင် ပထမအမြစ်အညွှန့် မှည့်လိုက်ပုံကိုက ဇောက်ထိုးကြီး ‘ဆင့်’ကို ထပ်ပိတ်လိုက်တော့. . .”

“ဟုတ်ပြီ ဦးအုန်းကြိုင် မြင်တတ်သားပဲ။ တော်တော် လေ့လာထားပုံရတယ်”


“ဆရာ့စာအုပ်တွေ၊ ဆောင်းပါးတွေ အများကြီး ဖတ်ထားပါတယ်ဆို”

“ကောင်းတယ် ကောင်းတယ်၊ လေ့လာပါ၊ ဘယ်ပညာပေးစာအုပ်တွေ၊ ဆောင်းပါးတွေဖြစ်ဖြစ် လေ့လာပါ။ ပညာပေးဆောင်းပါးတွေ၊ စာအုပ်တွေဆိုရင် ပြောတာနော်”


“ဟုတ်ကဲ့ပါ”

<u>(၁၃၅၈)ခု ဖွား သောကြာသမီး မိုးယုသော်တာဆင့် နာမည်ကို လေ့လာခြင်း။</u>

* * *




(နာမက္ခရတိုင်)






www.burmeseclassic.com

www.burmeseclassic.com



"အခုပဲ မျက်စိထဲမှာ မြင်တယ်မဟုတ်လား။ မိုးယုသော်တာဆင့် လေး ဘယ်လောက် ချူချာသလဲဆိုတာ ကျွန်တော် ပြောခဲ့ပြီးပြီ။ ကလေးရဲ့ ရုပ်သွင်လေးကို ကျွန်တော် ဘာနဲ့မှ နှိုင်းပြီး မပြောရက်ဘူး။ စာကလေး ခေါင်းလို ဖြစ်နေတာလောက်ပဲ ပြောထွက်တော့တယ်။ ကလေးက အဘိုး၊ အဘွားတွေကပေးတဲ့ နာမည်ဆိုပြီး သူတို့ မိဘတွေကိုယ်တိုင်က ပြောင်း ပစ်ရမှာ ဝန်လေးနေတော့ ကျွန်တော် မပြောချင်တော့ပါဘူးဗျာ"

ကျွန်ုပ်သည် မျက်လုံးဝေ့၍ ကြည့်လိုက်၏။ ကလေးအဖေသည် ကျွန်ုပ်၏ စကားများကို စိတ်ဝင်တစား နားထောင်နေပြီး ခေါင်းလည်း မညိတ်၊ ခေါင်းလည်းမခါနှင့် ငြိမ်သက်စွာ ကြည့်နေ၏။


ဦးအုန်းကြိုင်၏မျက်နှာမှာ သူသိချင်သမျှ သိနေရရုံမက ကျွန်ုပ် နှင့်အကြာကြီး စကားပြောနေရ၍ ပီတိ ဖြစ်နေဟန်ရှိ၏။


"နောက်ကလေးလေး တစ်ယောက်ရှိသေးတယ်။ နာမည်က အောင်မြင့်ထွန်းတဲ့။ အရမ်းကောင်းတဲ့နာမည်။ သူ့အဖေနာမည်က ဦးခိုင် ထွန်း။ အမေက နွယ်နွယ်ထွန်း (နာမည်များကို အနီးစပ်ဆုံးနီးပါး ပြောင်း လဲထားပါသည်။) သူ့အဖေရဲ့ 'ထွန်း'ကို သူ့အမေ မနွယ်နွယ်ကပါ ထည့် မှည့်လာတော့ ကလေးနာမည်လောက်က ပြောမနေနဲ့။ ကလေးက အဓိပတိဖွားလို့ပဲ မှတ်မိတော့တယ်။ (၇)နှစ်၊ (၈)နှစ်လောက်တော့ရှိပြီ အဲဒီကလေးလေးဟာ. . . "


"ချူချာတာပဲလား ဆရာ"

"မဟုတ်ဘူး ဦးအုန်းကြိုင်ရဲ့၊ ဘယ်လိုမှ ပြောလို့ဆိုလို့ မနိုင်တာ။ အကြောက ခပ်မာမာဗျ။ သူ့အဖေကလည်း ရိုက်ရင်ဝိုင်ယာကြိုးကို နှစ်ပင်လိမ်ပြီးတော့ကို ရိုက်လွန်းလို့ သူ့ဘိုးအေကြီး ခဏခဏ ပြောယူရ တယ်။ ကလေးက စာလည်း စိတ်မဝင်စားဘူး။ မိုက်ကန်းကန်းနဲ့။ ရေ မြောင်းထဲဆင်းပြီး ငါးလေးတွေ ဖမ်းတာကို ဝါသနာပါတယ်ဗျ။ သူ့အဖေ ကလည်း အဲဒါကို မကြိုက်လို့ ခေါ်ခေါ်ရိုက်တာ။

ကျောင်းမှာလည်း ခဏခဏ ရန်ဖြစ်လို့ သူ့အဖေ လိုက်ရှင်းရတာ မရေတွက်နိုင်တော့ဘူး။ သူများကလေးကို ထိပ်ပေါက်ခေါင်းကွဲအောင် သူကချည်း လုပ်ခဲ့တာဗျ။ အရွယ်နဲ့တောင် မလိုက်ပါဘူးဆို စဉ်းစားကြည့် စမ်း၊ အဲဒီကလေးရဲ့ ရှေ့ရေး။ ခုတော့ နှစ်တန်းပဲ ရှိသေးတယ်"






www.burmeseclassic.com

www.burmeseclassic.com



(အောင်မြင့်ထွန်း ဟု အမည်တွင်ရရှာသော ကလေးငယ်လေး၏ နာမည်သွားလာပုံကို လေ့လာကြည့်ပါ။ 'ထွန်း'ဟူသော စနေနံသည် ကလေးကို မည်မျှဒုက္ခပေးနိုင်သည်ကို မြင်ရုံနှင့် သိနိုင်လောက်ပါပြီ။ အဓိပ္ပာယ် မကောင်းကောင်းအောင် မှည့်ခေါ်ခြင်းသည် ကောင်းပါသည်။ သို့သော် ကောင်းအောင် ကြည့်တတ်ဖို့တော့ လိုပါလိမ့်မည်။)

"ဦးအုန်းကြိုင် မြင်လား မျက်စိထဲမှာ"

"ဟုတ်ကဲ့ မြင်ပါတယ် ဆရာ၊ ဇောက်ထိဇောက်ထိုးတွေနဲ့ ကလေးတော့ ဒုက္ခပါပဲ"

"လက်မခံချင်ကြဘူးဗျ။ အရမ်းခေါ်မှားကြတယ်။ မိဘတွေက မထိမ့်မြင်နဲ့ ခေါ်မှာတာက တစ်မျိုး။ ဘိုးအေ၊ ဘွားအေတွေက အဓိပ္ပာယ် မရှိ ခေါ်မှာနေတာက တစ်မျိုးနဲ့၊ ဘာမှန်းကို မသိဘူး။ အဲဒါ ကလေး လေးတွေကို တကယ် မချစ်လို့ဘဲလို့ ပြောလိုက်ရင် သူတို့ ခံချင်မှာ မဟုတ်ဘူး။

အဲဒီလို လက်မခံတာ ခေါ်မှာတာနဲ့ ပတ်သက်ပြီး ကလေးတစ် ယောက်ကို အကြိတ်အနယ် နာမည်ပေးခဲ့ရတာ သွားသတိရတယ်။ ပြောပြဦးမယ်။ မနှစ်က (၁၉၉၉)ခုနှစ်က။ ဒါပေမယ့် ကလေးက (၃)နှစ် သားလောက်ရှိပြီ။ တနင်္လာ သိုက်ဖွားလေး။ ပေးထားတဲ့ နာမည်က ကျော် သူရိန်ဦးတဲ့။ ကျွန်တော် သေချာစစ်စစ်ပေါက်ပေါက် မေးကြည့်တော့ သူ့ဘိုးအေမှာလည်း 'ဦး'ပါတယ်။ သူ့အဖေမှာလည်း 'ဦး'ပါတယ်။

ဥပမာဗျာ ဘိုးအေက ဦးသိန်းဦးဆိုရင် သူ့အဖေက ဦးမြင့်ဦးလိုမျိုး ပေ့ါ။ အဲ ကလေးကျတော့ ကျော်သူရိန်ဦး ဖြစ်ပါလေရော။

ကလေးက ဝမ်းအမြဲပျက်တယ်။ ကောင်းရင် ခဏပဲ။ လေနဲ့ဝမ်းနဲ့ ဘယ်တော့မှ မကွဲဘူး။ အဲဒီ ဝမ်းကြောင့် ခဏခဏ ဆေးခန်းသွားနေရ တယ်။ ပြီးတော့ စကားမပြောဘူး။ စကားမပြောတတ်တာ မဟုတ်ဘူး။ ပြောတတ်တယ်။ ကလေးက ပြောကို မပြောတာ။ လေးနေတာ။ ဘယ်လို ကြီးမှန်းကို မသိဘူး။

အဲဒါနဲ့ ဘယ်သူ ပြောလိုက်တာလဲ မသိပါဘူးဗျာ။ ကျွန်တော့်ဆီ ရောက်လာပါလေရော၊ ဘိုးအေရော၊ အဖေရော၊ အမေရော၊ အဲဒီကလေး ရောပဲ။ ကျွန်တော်က ကလေးအကြောင်းနဲ့ ကလေး ခုနှစ်သက္ကရာဇ်ကို လေ့လာလိုက်ပြီး နာမည်ပြောင်းလိုက်ရင် ကောင်းသွားမှာပါလို့ ပြောလိုက် တယ်။

ကလေးက သူ့အထက်မှာ အစ်မ ရှိသေးတယ်။ သူက အကြီးဆုံး မဟုတ်ဘဲ 'ဦး'ပါနေလို့ ခုလို ဖြစ်နေမှန်း ကျွန်တော် သဘောပေါက်လိုက် ပြီ။ ဒါပေမယ့် သူ့ဘိုးအေက ပြုံးတယ်။ နာမည်မှာ 'ဦး'ပါတာနဲ့ ဖြစ်ရော လားတဲ့။ ပြီးတော့ ဘာပြောလဲဆိုတော့ ကျွန်တော်က နာမည်ကြောင့် လူလိုက်ဖြစ်ရတာတို့၊ ဘာတို့ ဆိုတာမျိုးကို လက်မခံဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါဖြင့် သူတို့က ဆရာ့ဆီ ဘာ လာလုပ်တာတဲ့လဲ"

"အေး ကျွန်တော်လည်း အဲဒီလို မေးလိုက်တယ်ဗျ ဦးအုန်းကြိုင်ရဲ့။ ဒါဖြင့် ခင်ဗျားတို့ ဘာလာလုပ်တာလဲဆိုတော့ သူ့မြေးကို သူများ လုပ်ထားလို့၊ အဲဒါ ဆရာ့ဆီ သွားပါဆိုပြီး ပြောတဲ့လူက ပြောလို့တဲ့ဗျာ။ ဒါကြောင့် ကျွန်တော် ပြောလိုက်တယ်။

ဘာလဲဗျ ပယောဂ ဆိုတာ။ ကျုပ် အဲဒါတွေ အယုံအကြည်ကို မရှိဘူး။ လက်ကို မခံဘူး။ ခင်ဗျား အခုပြောနေတဲ့ ပယောဂတို့၊ သူများ လုပ်ထားတာတို့ ဆိုတာတွေဟာ ကျုပ် လက်ကိုမခံဘူး။ အဲဒါတွေ လာ မပြောနဲ့ဆိုပြီး ခပ်တင်းတင်း ပြောလိုက်တော့ အဲဒီလူတွေ မျက်နှာပျက် သွားတယ်။

အမှန်ကတော့ ပယောဂဆိုတာတွေ ရှိပါတယ်။ ကျွန်တော် ယုံလည်း ယုံပါတယ်။ လက်တွေ့တွေလည်း အများကြီး မြင်ခဲ့ဖူးပါတယ်။ ဒါပေမယ့် သူက ပညာကို ထိခိုက်လာတာကိုး ဦးအုန်းကြိုင်ရဲ့။ ပြီးတော့ ကလေးလေးကို ကျွန်တော် ကယ်ရတော့မယ်လေ။ ဘယ်လိုနည်းနဲ့ ကယ်ကယ် ကလေး ကောင်းဖို့က အဓိက ဖြစ်နေပြီ။ ဒါကြောင့် ချက်ချင်း ဝင်လာတဲ့ အတွေးနဲ့ ခုလို ပြောထည့်လိုက်တာ"

"အဲဒီတော့ အဲဒီလူတွေ ဘာပြောကြလဲ ဆရာ"

"သူတို့ ငိုင်သွားတယ်။ သူတို့လည်း ငိုင်သွားရော စဉ်းစားရလည်း ကျုပ်ကုန်ရော။ ကျွန်တော် ထပ်ပြောလိုက်တယ်။ အေးပေါ့ဗျာ။ ကျုပ် လက်မခံချင်လွန်းတဲ့ အဲဒီပယောဂဟာ ဒီကလေးမှာ လာတွေ့နေတယ်။ မပြောချင်ပေမယ့် ပြောရတော့မှာပဲ။ ဟုတ်တယ် ကလေးကို ပညာရပ် ပိုင်းဆိုင်ရာ နည်းနည်း ထိနေတယ်။

ဒီတော့ ခင်ဗျားတို့ ဘာလုပ်ချင်လဲလို့ မေးလိုက်တော့ ပြုံးပြုံးပျာ ပျာနဲ့ တစ်ယောက်မျက်နှာ တစ်ယောက် လှည့်ကြည့်နေကြတယ်။ ပြီးတော့မှ ကလေးအမေက ဆရာ ကောင်းသလို လုပ်ပေးပါတဲ့။ သနားစရာဗျာ။ မိခင်ဆိုတော့ ရင်သွေးကို ထိလာတော့ မနေနိုင်တော့ဘူး။

အေး သမီးက ပြောပေမယ့် သမီးတို့ အဖေသဘောက ရှိသေးတယ်။ ပြန်တိုင်ပင်လိုက်ကြပါဦး။ အချိန်နည်းနည်း ရပါသေးတယ်။ နောက်လမှ လာရင်လာခဲ့ဆိုတော့ ကလေးရဲ့ဘိုးအေကြီးက ဆရာပဲ ကောင်းသလို အကြံပေးပါတဲ့။ ကျွန်တော် ယုံတာမယုံတာတွေ ဆရာ စိတ်မခုပါနဲ့။ မြေးလေး ကောင်းရင် ပြီးတာပါပဲတဲ့။

ဒီလိုဆို ကောင်းပြီ။ ကျော်သူရိန်ဦး ဆိုတဲ့ ဘဝဟာ အသက် အန္တရာယ်နဲ့ အင်မတန်နီးလို့ ဘဝတစ်ခု ပြောင်းသလို လုပ်မယ်။ ကလေး ကောင်းသွားလိမ့်မယ်။ စောင့်ကြည့်။ ကောင်းသွားတော့ ကျော်သူရိန်ဦး နာမည် ပြန်မှည့်ချင်မှည့်။ ခုတော့ အဲဒီနာမည်ကို ခင်ဗျားတို့အိမ်ထဲက မောင်းထုတ်ရမယ်။ ကလေး ခိုက်နေတဲ့နာမည် သွားရောဆိုတဲ့ သဘောနဲ့




www.burmeseclassic.com

www.burmeseclassic.com




မောင်းထုတ်ရမယ်။ ပြီးတော့ ယာယီနာမည် ခေါ်ဆိုတော့၊ ဘယ်လို နာမည် ခေါ်ထားရမလဲ ဆရာတဲ့။ 'ခန့်ကျော်သူ'လို့ ခေါ်ဆိုပြီး ပြောင်း ပေးလိုက်ရတော့တယ်"

* * *




ပထမအမည် 'ကျော်သူရိန်ဦး 'မှ. . .




('ခန့်ကျော်သူ'သို့ ဤသို့ဤနှယ် ပြောင်းလဲခဲ့ရခြင်းကို လေ့လာပါ။ ဗဟုသုတ ယူပါ။)

"လှတယ်နော် နာမည်လေးက"

နားထောင်ကောင်း၍ ငြိမ်သက်နေဟန်ရှိသော ကလေး၏ မိခင်ထံမှ ထွက်လာသောအသံ ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် ကလေး၏ မိခင်အား ခေါင်းညိတ်ပြလိုက်ပြီး. . .

"သမီးရယ် လှတာ မလှတာထက် ကလေးကောင်းသွားဖို့က အရေးကြီးပါတယ်။ ကလေးကလည်း 'ခန့်ကျော်သူ'ပြောင်းပြီးကတည်းက ဒေါင်ဒေါင်ကို မြည်သွားတော့တာပဲ။ သွက်လိုက်တာမှလည်း အရမ်း။ စကားပြောလွန်းလို့ ဒီကိုတောင် ခေါ်လာပြကြတယ်။ ခုမှ သူ့ဘိုးအေကြီးလည်း ပြုံးရွှင်လို့။ ဒီပညာရပ်တွေတောင်မှ လေ့လာဦးမလိုလို ဘာလိုလိုနဲ့"

"ခုမှ ခုမှ"

ဦးအုန်းကြိုင်၏ စကားကြောင့် ကျွန်ုပ် ပြုံးလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပေါ့ ဦးအုန်းကြိုင်ရယ်၊ လူတွေဟာ အယုံအကြည် မရှိဘူးလို့ ပြောတာ သိပ်အရသာ ရှိနေကြသလိုပဲ။ ဒီတော့ အခုပြောနေတဲ့ ပညာခန်းတွေဟာလည်း အလကား ထားခဲ့တာ မဟုတ်ဘူး။ မိဘနာမည်ကို နောက်ကထည့်လို့ အရမ်းချမ်းသာ ကောင်းစားကြတာတွေ အများကြီးပါ။ မိဘနာမည်ကို နောက်ကထည့်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးသွားခဲ့ကြရတာတွေ၊ ကျန်းမာရေး နာလန်မထူကြရတာတွေ၊ ပညာ လုံးဝ မတတ်ကြတော့တာတွေ၊ မွဲပြီးရင်းမွဲရင်း ဖြစ်သွားကြရတာတွေ အများကြီးမှ အများကြီးဗျာ။

အသက်ဆုံးသွားကြရှာတဲ့ ကလေးတွေအကြောင်း ကျွန်တော် မပြောချင်လို့ မရေတွက်နိုင်ဘူး။ ခေါင်းမာလွန်းတဲ့ ဘိုးအေ၊ ဘွားအေတွေ၊ မိဘတွေကြောင့်၊ တစ်ယူသန်တွေကြောင့် မိဘနာမည် မရရအောင် ထည့်ခံရပြီး လောကဓံတရားကို လည်စင်းခံသွားကြရရှာတဲ့ လူမမည်ကလေးလေးတွေကို ဦးအုန်းကြိုင် မှန်းဆကြည့်စမ်း။ ဘယ်လောက် သနားဖို့ကောင်းလဲ"

"ဟုတ်ပါတယ် ဆရာ"

"ကလေးတွေဟာ ကျွန်တော်တို့ လူမျိုးတွေရဲ့ မျိုးဆက်လေးတွေ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ဒီ မျိုးဆက်သစ်လေးတွေ လူလားမြောက်ဖို့ ကျန်းမာဖို့ ချမ်းသာဖို့ သူတို့ အဲဒီလို အယုံအကြည် မရှိဘူး ပြောလို့ သူများတွေက ဘေးကပါးစပ်အဟောင်းသားနဲ့ ပြုံးနေကြရင် သူတို့ကို ကောင်းချီးပေးတယ်ထင်ပြီး စွတ်တင်ကြတော့တာပဲ။ ဘာမှ ဟုတ်တာလဲ မဟုတ်ဘူး။ မယုံရင် လုပ်ကြည့်လိုက်လေ။ အိမ်ရှေ့မှာ ဆိုင်းဘုတ်တပ်၊ 'ဦးသေ'ဆိုပြီး ရေးထား။ 'သချိုင်းရိပ်သာ'ဆိုပြီး ဆိုင်းဘုတ်တပ်ထား။ ဘယ့်နှယ်လဲ။ နာမည်ကြောင့် လူကိုထိတာ အယုံအကြည် မရှိပါဘူးဆိုတဲ့သူတွေ စမ်းကြည့်လိုက်စမ်းပါ။

ဆိုင်ဖွင့်ချင်ရင်လည်း 'ဥစ္စာမွဲ'စားသောက်ဆိုင်ဆိုပြီး ဖွင့်ရဲလား။ 'မရဏ'လက်ဖက်ရည်ဆိုင်လို့ ဖွင့်ရဲလား။ လုပ်ကြည့်လိုက်လေ။ လက်တွေ့က ပိုကောင်းပါတယ်။ ဟုတ်ဖူးလား မှည့်ပေတော့ ကိုယ်မွေးလာမယ့် ကလေးတွေကို 'အကုသိုလ်'တို့ 'ပြဿဒါး'တို့ ဘယ့်နှယ်လဲ"

ကျွန်ုပ်၏စကားကြောင့် ရယ်ကြမောကြ ဖြစ်သွားသော မိသားစုအား ကြည့်ရင်း ကျွန်ုပ်ပါ ရောယောင်၍ ပြုံးနေလိုက်မိ၏။

"ဇမ္ဗူဒိပ်နိမိတ်တို့၊ ဇမ္ဗူလက်ယာတောင်ကျွန်း သြဘာနိမိတ်ကျွန်း"

တို့ ဆိုတဲ့ ရှေးစကားတွေဟာ အလကားထားခဲ့တာ မဟုတ်ဘူး။ ပြီး ကျွန်တော်တို့ ခင်ဗျားတို့မှာ တာဝန်ရှိတယ်လို့ အောက်မေ့ပါ။ မသိရင် သိအောင် ပြောရမယ်။ မမြင်ရင် မြင်အောင် ဖွင့်ပေးရမယ်။ ဒါမှ နောင်မျိုးဆက်ဖြစ်လာမယ့် ကလေးလေးတွေရဲ့ ပညာတတ်ခြင်း၊ ကြီးပွားချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာခြင်းဟာ ကျွန်တော်တို့နိုင်ငံရဲ့ ကြီးပွားချမ်းသာခြင်း၊ ကျွန်တော်တို့ လူမျိုးရဲ့ ကြီးပွားချမ်းသာခြင်း မဟုတ်ဘူးလား”

“ဒါလည်း ဟုတ်ပါတယ် ဆရာ”

“ကိုင်း နံနက် တစ်နာရီထဲက ထလာတဲ့ဖွဲ့ကို သဘောကျလို့ ဦးအုန်းကြိုင်ကို ဗဟုသုတတွေ အများကြီး ပေးလိုက်ပြီ။ ဒါလောက်ဆို ကလေးအဖေနဲ့ ကလေးအမေလည်း သဘောပေါက်လောက်ကြပြီ။ ဒီတော့ ကလေးကို နာမည်ပေးရအောင်။ တကယ်လို့ မင်းနာမည် ထည့်လို့ရရင်လည်း ထည့်ရအောင်လို့ပေါ့ကွာ။ ကလေး ခုနှစ် ပြောစမ်း”

❖ ❖ ❖

(ဖူးကွတ္တုရောင်ခြည်မဂ္ဂဇင်း အမှတ် ၁၆၅)



www.burmeseclassic.com

www.burmeseclassic.com

## မကောင်းစကား မကြားရတဲ့ကိုယ် ဖြစ်ကြပါစေ

ငါးဦးမြောက် ပုဂ္ဂိုလ်ကို စကားပြောနေရာမှ အသံတစ်သံကြောင့် ခြံပြင်ဆီသို့ လှမ်းကြည့်လိုက်မိ၏။ အသံမှာ တပည့်ကျော်ကြီး ဆရာထွန်းအား အတင်းဝင်ခွင့်တောင်းနေသော အမျိုးသားကြီးတစ်ဦး၏အသံ ဖြစ်၏။ သူ၏ဘေးတွင် နားထင်နှစ်ဖက်ကို လက်ဝါးနှင့်အုပ်ပြီး ထိုင်နေသော အမျိုးသမီးကြီးတစ်ဦးကိုပါ ကျွန်ုပ် သတိထားလိုက်မိ၏။

ဝင်ခွင့်တောင်းနေသော အမျိုးသားကြီး၏ အသားအရေမှာ အလွန်ညိုမောင်းပြီး ဝတ်ထားသည့် ရှပ်အင်္ကျီအဖြူပင်လျှင် ထုံးကျောက်ရောင် အဖြစ်သို့ ပြောင်းလဲနေပြီ ဖြစ်၏။ သူ၏ ပခုံးထက်တွင် လွယ်အိတ်ကြမ်းကြီးတစ်ခုကိုလည်း လွယ်ထား၏။ လက္ခဏာ ရှားပါးကြသူများဖြစ်ကြောင်း စိတ်တွင်းမှ တစ်ချက် အကဲခတ်လိုက်ပြီး. . .

"ဘာလဲ ဆရာထွန်း ဘာတဲ့လဲ"

"ဩော်. . . ပျဉ်ပုံကြီးဘက်က လာကြတာ ဆရာ။ ဒီအစ်မကြီး ရောဂါခံစားနေရလို့ ဆရာကို ပြချင်လို့ပါတဲ့။ အားကိုးတကြီး လာခဲ့ကြပေမယ့် ထွက်လာကတည်းက သူတို့မှာလည်း ငွေကြေး"

"ထည့်လိုက်"

ငါးဦးမြောက်ပုဂ္ဂိုလ်အား စကားပြော၍အပြီး အခန်းတွင်းသို့ ဝင်လာသော အမျိုးသားကြီးနှင့် အမျိုးသမီးကြီးကို အကဲခတ်နေလိုက်မိ၏။ ရိုးသားသော တောသူတောင်သား၊ နယ်သူနယ်သားများတွင် တွေ့ရလေ့ရှိသော ဟန်ပန်အမူအရာ၊ အသွင်အပြင် အပြုအမူများနှင့် ပြည့်ဝနေကြသည့်အတွက် ကျွန်ုပ်ကပင် အားရပါးရပြုံး၍ နှုတ်ဆက်လိုက်၏။

"လာ ထိုင်ကြ၊ အမောဖြေပြီးရင် ပြော။ ဘာဖြစ်လို့လဲ"

"ဒါ ကျွန်တော့်ဇနီးပါ ဆရာ၊ သူ့ကို ဆရာ နည်းနည်းကြည့်ပေးပြီး တစ်နည်းနည်းနဲ့တော့ ကုပေးပါ ဆရာ"

"ဘယ်လို ကုပေးရမှာတုံး။ ကျွန်တော်က မြန်မာသမားတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



လည်းမဟုတ်၊ ဆရာဝန်လည်းမဟုတ် ဆိုတော့”

“အဲလိုတော့ မပြောပါနဲ့ ဆရာရယ်၊ ဟိုး အဝေးကြီးကတောင် ဆရာ့ကို အားကိုးလွန်းလို့ ဆရာ့ဆီ မရောက်ရောက်အောင် လာခဲ့ရတာပါ”

“အေးလေ ဟုတ်ပါပြီ၊ ကျွန်တော် ရောဂါမကုတတ်တာ ပြောတာပါ။ ကဲ ကဲ စိတ်မညစ်နဲ့။ အကြံကောင်း ဉာဏ်ကောင်းတော့ ပေးလိုက်မယ်။ ဒီအစ်မကြီး ကြည့်ရတာ မှုန်လွန်းမှိုင်းလွန်းတယ်။ တစ်ခုခုကို တွေးပြီး ခံစားနေရသလိုပဲ။ ဘာရောဂါကို တွေးနေလဲ၊ ဘာဖြစ်လဲ ပြောစမ်း”

“ပြီးခဲ့တဲ့ နှစ်လလောက်က ဆရာ တစ်ယောက်ဆီကို သွားကြသတဲ့ ဆရာရယ်။ အဲဒီ ဆရာက ပြောလိုက်တယ်တဲ့။ မကြာခင်မှာ ဘဝပြောင်းကို ပြန်သွားရတော့မယ်။ အသက်ရှူရင် လည်ပင်းညှစ်သလို ရောဂါခံစားရပြီး ကုမရဘဲနဲ့ သေရမယ်။ ရောဂါမဖြစ်ရင်လည်း အရှက်တကွဲ အကျိုးနည်းတွေဖြစ်ပြီး ကိုယ့်ရပ်ကိုယ့်ရွာကနေ ထွက်ပြေးရမယ်လို့ ပြောလိုက်တယ်တဲ့”

“ဟာ ကြောက်စရာပါလား”

“ဟုတ်တယ် ဆရာ၊ အဲဒီ ဆရာ့ဆီက ပြန်လာပြီးကတည်းက တဖြည်းဖြည်း လှိုသွားလိုက်တာ ခု ဆရာ မြင်တာအရင်တစ်ဝက်ပဲ ရှိတော့တယ်။ လက္ခဏာကလည်း ရှားပါးတော့ မခင်အတွက် ဘုရားတွေသွားပြီး သူ့အဓိဋ္ဌာန်ဝင်ပေးမယ် ဆိုတာကိုလည်း ငွေက မပေးနိုင်ဘူး”

“ဪ. . . မခင်တဲ့လား”

“ဟုတ်ပါတယ်”

ကျွန်ုပ်သည် အချိန်အနည်းငယ်ဆွဲ၍ တစ်ခုခုကို စဉ်းစားနေလိုက်၏။ တပည့်ကျော်ကြီး ဆရာထွန်းသည် အခန်းအပြင်ဘက်တွင် ထိုင်ရင်း ကျွန်ုပ်၏ အရိပ်အကဲကို ကြည့်နေ၏။ နှစ်မိနစ်ခန့်ကြာပြီးသော်. . .

“ခင်ဗျား နာမည် ဘယ်လိုခေါ်တုံး”

“မောင်မြပါ ဆရာ”

“အေးပဲ့ဗျာ။ ကိုမောင်မြရော၊ မခင်ကိုရော စကားနည်းနည်း ပြောလိုက်ဦးမယ်။ ဒါမျိုးက ဖြစ်တတ်တယ်ဗျ။ ဆန်းတော့ မဆန်းဘူး။ ကျွန်တော်လည်း တွေ့ဖူးတယ်။ တချို့များ စီးပွားပျက်သွားတယ်။ တချို့ အသက် ဆုံးပါးသွားတဲ့အထိ ဖြစ်သွားတယ်။ တချို့ အိမ်ထောင်ပျက်သွားတယ်။ တချို့ အင်း ပြောရရင် ကောင်းမလား၊ မကောင်းလားတော့ မသိဘူး။ ရူးသလိုလို ဖြစ်သွားကြတယ်ဗျ ကိုမောင်မြရဲ့။

တွေ့ဖူးတာပေါ့ အများကြီး။ ဟိုးဘက် နှစ်တွေတုန်းက အဲဒီ လူမျိုးတွေကို အများကြီး ကယ်ခဲ့ရပြီးပြီ။ တစ်ခါများဗျာ အမျိုးသမီးလေးတစ်ယောက် (၃၅)နှစ်လောက်ပဲ ရှိဦးမယ်ထင်တယ်။ မကြာခင် အိမ်ထောင်ပျက်တော့မယ်။ မုဆိုးမဖြစ်ပြီး မကြာခင်မှာ ကုမရတဲ့ရောဂါ စွဲလိမ့်မယ်လို့ ဆရာ အမည်ခံသူ တစ်ယောက်က ပြောလိုက်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် ယတြာဖိုးကတော့ မမေးပါနဲ့တော့။ ကျွန်တော်လည်း မပြောချင်ပါဘူး။ အဲဒါနဲ့ ကျွန်တော့်ဆီ ရောက်လာတယ်။ ဝိုလို့ ကျွန်တော် ဖျောင်းဖျတာ အကြာကြီးပဲ။ ဘယ်လိုမှ ဖျောင်းဖျလို့ အားပေးလို့ မရဘူး။

နောက်တော့ 'ကိုင်း ငါ အစီအရင် လုပ်ပေးမယ်။ ဒိပြင်တော့ မဟုတ်ဘူး။ နင် အဝတ်လဲပေတော့။ ယောဂီအဝတ်နဲ့ ရိပ်သာဝင်ပေတော့။ အနည်းဆုံး တစ်လပဲ။ တစ်လကျော်ရင် ကောင်းသွားရစေမယ်။ နင် ဒီလို ရိပ်သာ ဝင်လိုက်တာဟာ နင့်ယောက်ျားနဲ့ တစ်လ ကွဲသွားရတာ မို့ ပြီးပြီ။ နင်တို့ အိမ်ထောင်ရေး ဘာမှ မဖြစ်စေရဘူး။ ဘာရောဂါမှလည်း မဖြစ်စေရဘူး'လို့ ခပ်ကြမ်းကြမ်း ပြောလိုက်ရတယ်။ နောက်တော့ ဘာမှလဲ ဟုတ်တာမဟုတ်ဘူး"

ကျွန်ုပ်သည် စကားကို ဖြတ်လိုက်ရင်း ကိုမောင်မြအား ကြည့်လိုက်၏။ သူ၏ဘေးတွင် တစ်ချိန်လုံး ခေါင်းငုံ့နေသော မခင်သည် ကျွန်ုပ်၏ စကားများအား စိတ်ဝင်တစား မော့ကြည့်လာ၏။ ကိုမောင်မြသည် ကျွန်ုပ် ကိုကြည့်၍ ခေါင်းတညိတ်ညိတ် လုပ်နေရာမှ မခင်ဘက်သို့ လှည့်ကြည့် နေပြန်၏။

"လူတွေဗျာ ပြောလည်း ပြောတတ်ပါပေရဲ့။ သူတို့ရဲ့ အကျင့် စရိုက်လို့ပဲ ခေါ်ရမလား၊ ဘယ်လို ခေါ်ရမှန်းတောင် မသိတော့ပါဘူး။ လူကိုမြင်ရင် မဟုတ်တာတွေချည်း ပြောတော့တာပဲ။ အဲဒီ မဟုတ်က ဟုတ်က ပြောတာတွေက ဖြစ်တယ်ဗျာ။ ကောင်းတာပြောရင် ဘယ်တော့မှ ဖြစ်မလာဘူး။ မဟုတ်တာဘဲ ပြောနေလေ့ ရှိသွားတာကိုး။

အလကားနေရင်း လင်မယားကွဲမယ် ပြောလိုပြော။ မကြာခင် ကားအန္တရာယ် ကြုံရတော့မယ် ပြောလိုပြော။ မကြာခင် ရေနစ်တော့မယ် ပြောလိုပြောနဲ့ ဘာမှန်းကို မသိဘူး။ ပြောစရာမရှိရင် သူများတိုက်ထား တယ်။ မလိုလို့ လုပ်ထားတယ် ဆိုတာမျိုးကို တွင်တွင်ပြောတော့တာပဲ။

အဲဒီစကားကိုများ ပြောရရင် စီကာပတ်ကုံးနဲ့ အာကို တွေ့နေတာပဲ။ အင်းမြှုပ်ထားတယ် ဆိုတာကတော့ ရိုးနေပြီ။ သူတို့ရဲ့ လုပ်လေ့လုပ်ထ ရှိပုံက တစ်မျိုးဗျ။ နည်းနည်းပါးပါး တွက်ပြီး ယုံလောက်အောင် တစ်ခွန်း လောက်တော့ ဟောလိုက်တယ်။ ပြီးတာနဲ့ ခုန ပြောသလို မဟုတ်တာတွေ ကြောက်ခမန်းလိလိ ပြောတော့တာပဲ။ ဒီလို ပြောရင်းနဲ့ အလကားနေရင်း မိသားစုတွေ တကွဲတပြား ဖြစ်ကုန်တဲ့ လူတစ်ယောက်ကို သွားသတိရတယ်။

ဒီလူက စီးပွားရေး မဆိုးပါဘူး။ ဒိထက် တက်လာအောင် ထီတွေ ဘာတွေ ပေါက်အောင်ဆိုပြီး လူတစ်ယောက်ဆီ သွားတယ်ပေါ့ဗျာ။ ဟိုလူက မေးတယ်တဲ့၊ ညီအစ်ကို မောင်နှမ ရှိလားဆိုပြီး သူက ရှိတယ် လည်း ပြောရော၊ ညီအစ်ကို မောင်နှမချင်း မကျေနပ်လို့ တိုက်ထားတယ် ပြောပါလေရော။ ဒီလို တိုက်ထားလို့ ထီမပေါက်နိုင်ဘူးပေါ့လေ။ အဲဒါ ကို အရင်ဖြေပစ်ရမယ် ပြောတော့တာပဲ။ အဲဒါကို ဖြေခါနီး သူ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ဒါဟာ အဓိပ္ပာယ် မရှိဘူးဆိုတဲ့ စိတ်နဲ့ ကျွန်တော့်ဆီ ခေါ်လာတယ်။

ကျွန်တော့်ဆီ ရောက်တော့လည်း ခုန ဟိုလူပြောသလို တိုက်ထားတယ်ဆိုတဲ့ စကားပဲ တွင်တွင်သုံးနေတော့တာပဲ။ ဒီတော့ ကျွန်တော် မေးကြည့်တယ်။ ကောင်းပြီ ဘာနဲ့ တိုက်ထားလဲ၊ ခင်ဗျား တွေ့သလား ဆိုတော့ နည်းနည်းတွေဝေသွားတယ်။ ခင်ဗျားနေတာ တိုက်ခန်း၊ ပွဲရုံ ဆိုတော့ အင်းကလည်း မြှုပ်လို့ မရဘူး။ ခင်ဗျားကို ဘယ်လို တိုက်တယ်တဲ့လဲဆိုတော့ အဝေးကနေ ဆရာနဲ့ လုပ်ထားတယ် လုပ်ပြန်ရော။ ခင်ဗျား တွေ့ရလားဆိုတော့ မဖြေနိုင်ဘူး။

နောက်ဆုံးတော့ အဲဒီလို ပြောကျင့်ရှိသူတွေရဲ့ စကားလုံးထဲမှာ ရုန်းမထွက်နိုင်တော့ဘူးပေါ့ဗျာ။ နစ်သွားတော့တာပေါ့။ အဲဒီလူကတော့ ငွေကို သောင်းချီအကုန်ခံပြီး သူ့ကို ခြိမ်းခြောက်လိုက်တဲ့ ပုဂ္ဂိုလ်နဲ့ အတိုက်ဖြေဖြစ်အောင် ဖြေလိုက်သတဲ့။ ကျွန်တော် သိရသလောက်တော့ အဲဒီ နောက်ပိုင်း ထိုးလိုက်တဲ့ ထီမှန်သမျှ ခုထိ အက္ခရာတောင် တူသံမကြားဘူး”

အခန်းအပြင်တွင် ထိုင်၍ ကျွန်ုပ်၏ စကားကို နားထောင်နေသော ဆရာထွန်းသည် ရယ်ရယ်မောမော ပြုရင်း ခေါင်းညိတ်နေ၏။ ကိုမောင်မြသည် ပြုံးယောင်ပြုံးရင်း မခင်ဘက်သို့ လှည့်ကြည့်၏။ မခင်ပင်လျှင် ပြုံးချင်ချင် ဖြစ်နေတော့၏။

“လူဟာ ကူညီချင်တိုင်း ကူညီလို့မရဘူး။ ကယ်ချင်တိုင်း ကယ်လို့မရဘူး။ အဓိပ္ပာယ်မရှိ အစွဲဆိုတာမျိုး ဝင်သွားရင် ဘာမှ လုပ်လို့မရတော့ဘူး။ အဓိပ္ပာယ်မရှိ အစွဲဆိုတာ ခုနလိုမျိုးပေါ့။ ဟိုလူက တိုက်ထားတယ်၊ ဒီလူက တိုက်ထားတယ်နဲ့ ဘာမှ ဟုတ်တာလဲ မဟုတ်ဘူး။ အစရှာမရတဲ့ ပြဿနာတစ်ခုကို ဖန်တီးချင်ရင် သူများလုပ်ထားတယ်သာ ပြောလိုက်ဆိုတာမျိုးလို ဖြစ်နေပြီ။ မယုံယုံအောင် ပြောတတ်တဲ့လူမျိုး ခိုင်းတဲ့အတိုင်း ငွေကုန်ခံတော့တာပဲ။

မြင်ဖူးတာ ပြောပြဦးမယ်။ အမျိုးသမီးတစ်ယောက် တော်တော်လေး နေမကောင်းဘူးဖြစ်တော့ သူ့မိသားစုက ဆရာအမည်ခံသူ တစ်ဦးဆီ ပြေးတယ်။ ဟိုလူက ဘာပြောလိုက်လဲဆိုတော့ ခုနစ်စင်တိုက် မိထားပြီတဲ့။ သူ့မှာ ထိထားတာကို မဖြေရင် တစ်မိသားစုလုံး တစ်ယောက်ပြီးတစ်ယောက် ဆက်ထိလိမ့်မယ်တဲ့။ လူတွေက ကြောက်ကုန်တာပေါ့ဗျာ။

ဒါနဲ့ပဲ ကျွန်တော့်ဆီကို ဝေ့လည်ဝေ့လည်နဲ့ ရောက်လာပြန်တာပေါ့။ ကျွန်တော် မေးကြည့်တော့ ဟို ဆရာဆိုတဲ့ပုဂ္ဂိုလ်က ပြောလိုက်သတဲ့။ သူ့ဆီမှာ အင်းဖယောင်းတိုင် သွားထွန်းရမယ်။ ချည်မန်းကွင်းတွေ၊ အတားအဆီးတွေ၊ အပိတ်အပင်တွေ၊ အစီအရင်တွေ လုပ်ရမယ်။ သုံးသောင်းလောက် ကုန်မယ်ဆိုပြီး ပြောသတဲ့။

ဒါနဲ့ပဲ သွားကြရော၊ လုပ်ကြရောပေါ့ဗျာ။ အဲဒီ ဆရာဆိုတဲ့ ပုဂ္ဂိုလ်ကို



www.burmeseclassic.com

www.burmeseclassic.com



တပည့်တစ်ဦးကို ပူးခိုင်းသတဲ့။ မကျေနပ်လို့ လုပ်ထားတာဆိုပြီး ပါးစပ်က တွင်တွင်ပြောသတဲ့။ အဲဟိုဆရာက နင့်ပညာတွေ နင်ပြန်သိမ်းသွားဆိုပြီး ပြောလိုက်သတဲ့ဗျာ။ အဲဒီလူ ပူးပြီးတော့မှ အဲဒီဆရာက ကဲ နင့်ကို သူများ လုပ်ထားတာတွေ ဘာမှ မရှိတော့ဘူး ကုန်ပြီ။ ဒိနောက်ပိုင်း နေမကောင်း တာကို ငါ မေးကြည့်တယ်။ ရိုးရိုးပဲ နေမကောင်းတာပါဆိုပြီး ပြောကြတယ်။

ဒါကြောင့် မကြောက်နဲ့တော့၊ နင် နေထိုင်မကောင်းဖြစ်ရင် ရိုးရိုးပဲ လို့သာ အောက်မေ့ပေတော့ဆိုပြီး ပြောသတဲ့ဗျာ။ သက်သေပြလို့မရတဲ့၊ အထောက်အထားမရှိတဲ့၊ အကြောင်းတရားတွေနဲ့ သုံးသောင်းကတော့ သွားပြီ။ 'ခုနစ်စင်တိုက်ကို ဖြေလိုက်ပြီ'ဆိုတဲ့ စကားနဲ့ သုံးသောင်းရသွားပြီ"

"ကောင်းသွားလား ဆရာ"

"ဘယ်ဗျာ ကျွန်တော့်ဆီ ရောက်လာတဲ့အချိန်မှာ ဆေးရုံတင်ထားရပြီ။ ရောဂါက ကျွမ်းနေပြီ။ ဟိုလျှောက်လုပ် ဒီလျှောက်လုပ်နဲ့ အချိန်တွေ၊ ငွေတွေကုန်ပြီး ရောဂါကျွမ်းသွားပြီ။ အောင်ဆီဂျင်တောင် ပေးထားရပြီ။ နောက်ပိုင်းတော့ ဗဟုသုတ နည်းပါးသူတွေ၊ ယုံလွယ်သူတွေရဲ့ ထုံးစံအတိုင်း သွားရာလမ်းပေါ့ဗျာ။

"ဒါကြောင့် ကျွန်မတို့က ဗေဒင်မေး ဝါသနာပါတယ်၊ ကျွန်တော်တို့က ဗေဒင်မေး ဝါသနာပါတယ်" ဆိုတဲ့လူတွေ ကျွန်တော် နည်းနည်း စိတ်ပူမိတယ်။ ပညာစစ်ပညာမှန် ပညာရှင်တွေနဲ့ တွေ့ရင်တော့ တော်ပါရဲ့ဗျာ။ ခုနလို အစွဲလိုလို၊ မနောပေါက်သလိုလို၊ အကြားအမြင်ရသလိုလို လူတွေနဲ့တွေ့ရင် သွားပြီသာမှတ်။ မဟုတ်တာချည်း ပြောတော့တာပဲ။ သူတို့ ပါးစပ်ကြီးတွေနဲ့ ပြောလိုက်တာနဲ့ ကံဆိုးမိုးမှောင်တွေ ဝင်လာတော့တာပဲ ကိုမောင်မြရေ"

"ဟုတ်ကဲ့ပါဗျာ၊ ဟုတ်ကဲ့. . . ဟုတ်ကဲ့"

"အဲဒီလိုမျိုးအဖြစ်တွေ မကြုံရမတွေ့ရအောင် ကျွန်တော့်တပည့်တွေဆို ကျွန်တော် အမြဲဆုံးမတယ်။ လူတစ်ဖက်သားကို မဟုတ်တာ ဘယ်တော့မှ မပြောရဘူးဆိုပြီး ဆုံးမထားတယ်။ ကျက်သရေမရှိတဲ့ စကားဆိုတာ မထွက်သင့်တဲ့ စကားမျိုးပဲ။ ဒီလို ကျက်သရေမရှိတဲ့ စကားတွေ နင်းကန်ပြော၊ ယတြာဖိုးတွေ နင်းကန်တောင်းနဲ့ မလုပ်သင့်ပါဘူးဗျာ။ ဖြစ်တော့မှာ မြင်ရင်တောင်မှ မပြောသင့်ဘဲ ကာကွယ်ပေးသင့်ပါတယ်။

ကာကွယ်ပေးသင့်တယ်ဆိုလို့ အသက်သုံးဆယ်လောက် ကလေးမလေးတစ်ယောက်ကို စီရင်ပေးခဲ့ရတာ သွားသတိရလို့ ပြောပြဦးမယ်။ ခုနလိုပဲပေါ့ဗျာ။ ဗေဒင်မေး ဝါသနာပါတော့ သွားမေးတာပေါ့။ ဟိုက ဘာပြောလိုက်သလဲ ဆိုတော့ မကြာခင် ကင်ဆာဖြစ်တော့မယ်လို့ ပြောလိုက်သတဲ့။ မိန်းကလေးကိုး လန့်သွားမှာပေါ့။

မဖြစ်ချင်ရင် ဆိုပြီး ထုံးစံအတိုင်းပေါ့ဗျာ။ ငွေသံတွေ ကြားလာရတာပေါ့။ အဲဒီလိုနဲ့ ကျွန်တော့်ဆီကို မျက်ရည်လည်ရွဲနဲ့ ရောက်လာရော



www.burmeseclassic.com

www.burmeseclassic.com



ပေ့ါဗျာ။ မစားနိုင်၊ မအိပ်နိုင် ဖြစ်နေရှာတာပေ့ါ။ သူ့အမေကြီးလည်း ပါလာ တယ်။ အရိုးပေါ်အရေတင်လုနီးပါးပဲ။ သူ့အသက် နောက်ထပ် ခြောက်လပဲ ခံတော့မယ်ဆိုပြီး ဟိုလူက ပြောလိုက်သတဲ့ဗျာ။ ဝိုလို့ ဘယ်လိုမှ ဖျောင်းဖျလို့ မရဘူး။

အဲဟိုလူ ပြောလိုက်တဲ့ အနိဋ္ဌာရုံစကားတွေကိုပဲ စွဲနေတော့တယ်။ နောက်တော့ ကျွန်တော် စဉ်းစားလိုက်ပြီး 'ကဲ ငါ ပြောမယ်၊ နင့်ကို ငါ မကယ်နိုင်ဘူးလို့ နင့်စိတ်ထဲမှာထင်ရင် ပြန်တော့။ ငါ ကယ်နိုင်မယ်ထင် ရင်တိတ်။ ကြိုက်ရာလမ်းကိုရွေး'ဆိုတော့မှ တိတ်သွားတယ်"

"ဆရာ ဘယ်လိုများ"

"ကျွန်တော်ကတော့ ရှင်းတယ်။ ရတနာသုံးပါး ဂုဏ်ကျေးဇူးနဲ့ပဲ ရအောင်ကယ်တယ်။ ဒါက မမှားဘူးလေ။ အဲဒီမိန်းကလေးကို ခိုင်းလိုက် တာက သူ့နေ့နံတူတဲ့ ကိုရင်တစ်ပါးကို ရှာခိုင်းတယ်။ ကိုရင်ကလည်း အနည်းဆုံး (၁၈)နှစ်လောက် ရှိရမယ့် ကိုရင်။ စာသင်သား ကိုရင်။ အဲဒီ ကိုရင် လိုသမျှ ဝယ်ထောက်ပံ့၊ အကုန်အကျခံ အဲဒီကိုရင်ရဲ့ ဝေယျာဝစ္စ အကုန်ခံပေ့ါဗျာ။ ကိုရင် ရဟန်းဘောင်တက်တော့ သူပဲ ရဟန်းဒါယိကာမ အဖြစ် အလှူ့ရှင်မ ပြုခိုင်းလိုက်တာပေ့ါ။ ရဟန်းအမ ဖြစ်သွားတော့တာပေ့ါ။

ကျွန်တော်က သူ့ကို ရှင်းပြလိုက်တယ်။ ရှည်ရှည်ဝေးဝေးတော့ မဟုတ်ပါဘူး။ ကလေးမ နင် ငါခိုင်းတဲ့အတိုင်းလုပ်ရင် နင်ဟာ ရဟန်းဒကာမ ဖြစ်ပြီ။ သံဃာတော်အရှင်သူမြတ်ရဲ့ ဘုန်းတန်ခိုးကြောင့် နင့်ကို မမြင်ရတဲ့ လောကပုဂ္ဂိုလ်တွေရယ်၊ သာသနာတော်ကို စောင့်ရှောက်နေကြတဲ့ ပုဂ္ဂိုလ် တွေရယ်က အပျက်အစီး မခံတော့ဘူး မှတ်ထား။ ဒါကြောင့် နင်ဟာ ခုန ပြောတဲ့ ကင်ဆာနဲ့ ခြောက်လပဲ ခံတော့မယ်ဆိုတဲ့ အဖြစ်ကြီးကို သာသာလေး ကျော်သွားလိမ့်မယ်။ လောလောဆယ်တော့ ငါပြောတဲ့ ကိုရင် ရှာပေတော့ ဆိုပြီး ခိုင်းလိုက်ရတယ်"

"နောက် ဘယ်လိုဖြစ်သွားလဲ ဆရာ"

"ကိုမောင်မြရယ် ဘယ်ကလာ ဘာကင်ဆာမှလဲ မဖြစ်ပါဘူး၊ ခြောက်လသာ ခံမယ့်သူဟာ အခု သုံးနှစ်တောင်ကျော်ပြီ။ ရဟန်းဒါယိကာမ ကြီးကိုဖြစ်လို့။ သူ့ကုသိုလ်တွေနဲ့သူ ပီတိဖြစ်နေလိုက်တာ။ ဒီ (၂၀၀၀)ပြည့် နှစ်ထဲမှာတောင် အိမ်ထောင်ပြုတော့မယ်။ ကျွန်တော့်ဆီမှာ ရက်တွေ လတွေတောင် အကြမ်းဖျင်း လာရွေးပြီးသွားကြပြီ. . . ကဲ"

မခင်သည် ဘာကို သဘောကျသွားသည် မသိ။ အားရပါးရ ရယ် ပြုံးရင်း ကျွန်ုပ်ကို ကြည့်လိုက်၊ ကိုမောင်မြကို ကြည့်လိုက်နှင့် အတော် သဘောကျနေပုံရ၏။

"မခင် ဘာတွေ သဘောကျနေတာလဲ"

"ကျတော့ကျတာပဲ၊ ဘာကို သဘောကျတယ်ရယ်လို့ ပြောမတတ် ပါဘူး ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အလွန်ရိုးသားသော မခင်၏စကားကို သဘောကျ လွန်း၍ ရယ်ရယ်မောမော ပြုလိုက်ပြီး. . .

"အဲဒီလိုဗျ မခင်ရဲ့။ မဟုတ်တဲ့ အနိဋ္ဌစကားကို ပြောကျင့်ရှိတဲ့ လူဟာ ပြောကိုပြောလိုက်ရမှ နေသာထိုင်သာ ရှိကြသလိုပဲ။ အများကြီး တွေ့ဖူးတယ်။ သားလုပ်တဲ့သူက သင်္ဘောသား၊ မအေက သားလေး သင်္ဘောထွက်သွားတော့ စိတ်ပူပြီး ဆရာအမည်ခံသူဆီ ပြေး၊ ယတြာတို့ ဘာတို့ တောင်းပေါ့ဗျာ။ အဲဒီလူက ဟိုစဉ်းစားသလို၊ ဒီစဉ်းစားသလို လုပ် လိုက်ပြီး အင်း ခင်ဗျားသားဟာ ရေနဲ့ပျက်စီးကိန်း ရှိနေပါလားဆိုတဲ့ စကားနဲ့ ချည်လိုက်ရော။ မအေကြီးဟာ လန့်ဖျပ်ပြီး ရေထဲမှာနေရတဲ့ သားလေး ရေဘေးမသင့်အောင် အကုန်ခံရပြီပေါ့ မခင်ရယ်။

နိုင်ငံခြားမှာ သွားအလုပ်လုပ်နေပါတယ်လို့ ပြောရင်၊ အင်း လူမျိုးကွဲ တွေကြောင့် သွေးထွက်သံယို မြင်တယ်။ ရေခြားမြေခြားမှာ အချုပ်အနှောင် ကိန်းမြင်တယ် ဘာညာနဲ့ မိဘတွေခမြာ ကုန်ပြန်ရောပေါ့ဗျာ။ ကလေးငယ် လေးတွေခေါ် သွားရင် နေရင်းထိုင်ရင်းနဲ့ အင်း ဒီကလေးကို ကောင်းကောင်း မွေး၊ သူက ဘဝဟောင်းကိုပဲ ပျော်တယ်၊ ဘာညာနဲ့ လုပ်ပြန်ရော။ တစ်ခါများ ကလေးလေးတစ်ယောက်ကို ရောဂါဖြစ်မယ် ပြောထည့်လိုက်တာ ကလေး ခမြာ ကြုံလှီသွားလိုက်တာ မြင်လို့တောင် မကောင်းဘူး"

"သူတို့က မကောင်းတာတွေပြောရင် အရမ်းဖြစ်တာပဲနော် ဆရာ"

"ဟုတ်တယ် ကိုမောင်မြ၊ ထီပေါက်မယ်၊ ချမ်းသာမယ် ဆိုတာမျိုး ဘယ်တော့မှ မပြောဘူး။ အတိတ်ကောင်းနိမိတ်ကောင်းနဲ့ တစ်ဖက်သားရဲ့ ဘုန်းကံကို ဘယ်တော့မှ မြှင့်မပေးဘူး။ ကျွန်တော့်မိတ်ဆွေတစ်ယောက် တစ်ခါက သူ့အမေ နေမကောင်းလို့ ဆေးရုံတင်ထားရလို့ နီးစပ်ရာ ပုဂ္ဂိုလ် တစ်ဦးကို သွားမေးသတဲ့၊ ဟိုက ဘာပြောလိုက်လဲ ဆိုတော့ ခင်ဗျား အိမ်မှာ ခြေနှစ်ချောင်းထွက်ကိန်းကြီး ရှိနေတယ်။ အင်း အဲဒီ ခြေနှစ်ချောင်းဟာ ခင်ဗျားအမေ မဖြစ်ဖို့တော့ ယတြာတွေလုပ်ဖို့ လိုလိမ့်မယ်ထင်တယ်၊ ဘာညာဆိုပြီး မျက်နှာပိုးသေသေနဲ့ ပြောလိုက်သတဲ့။

ကျွန်တော့်ကို လာပြောလို့ ကျွန်တော် တွက်ကြည့်တော့ အဲဒီ အနန်တိကြီးမှာ အာယုဂြိုဟ်ရော၊ ဓာတ်ဂြိုဟ်ရော မပျက်ဘူးဗျ။ ကျွန်တော့် တို့ပညာအရ ပြောတာပါ။ ပြီးတော့ မိတ်ဆွေမှာလည်း မိခင် ဂြိုဟ် မပျက် ဘူး။ ဒါကြောင့် မင်းအမေ အခု ထွက်ပြီးပြီပဲ။ ထွက်လို့ ဆေးရုံတောင် ရောက်နေပြီ။ ပြီးပြီ။ ပြန်ရောက်လာလိမ့်မယ်။

ဘာမှ လုပ်မနေနဲ့။ မင်းအမေရဲ့ အင်္ကျီကို ပခုံးပေါ် တင်ပြီး နေ့စဉ် ရတနသုတ်ရယ်၊ ဗောဇ္ဈင်္ဂသုတ်ရယ်၊ ဓာရဏပရိတ်ရယ်ကို နံနက်တစ်ခါ၊ ညတစ်ခါရွတ်။ ရွတ်နိုင်တဲ့ သားသမီးတွေ အကုန်ရွတ် ဆိုပြီး ပြောလိုက် ရတယ်"

"ဆရာ ရွတ်ခိုင်းတာတွေဟာ ကျန်းမာရေးနဲ့ တိုက်ရိုက် သက်ဆိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



ပရိတ်တော်၊ သုတ်တော်တွေပဲနော်”

“အေးပေါ့ ကိုမောင်မြရဲ့ ဘုရားရှင်ရဲ့ အာဝေဏိက ဂုဏ်တော်ကြီးတွေရယ်၊ ဘုရားရှင်ရဲ့ နှုတ်ထွက် ဓမ္မစကားတော်တွေရယ်ထက် ပိုစွမ်းတာ ဘာရှိဦးမှာလဲ။ ခုန အဘွားကြီးဆိုရင် နေကောင်းလို့ ကျိုက်ထီးရိုးတောင် ဘုရားဖူး တစ်ခေါက် ရောက်ပြီးပြီ”

“ဟာ တယ်ဟုတ်ပါလား။ ခြေနှစ်ချောင်း မထွက်တော့တဲ့ အပြင်”

“အလကားပါဗျာ။ သူတို့မဟုတ်တာ ပြောပြီးခြောက်။ ပြီးရင် သူတို့ကပဲ ပြန်လုပ်ပေးသလိုလိုနဲ့။ မကောင်းပါဘူး။ ဒါပေမယ့်နော် စိတ်မခိုင်တဲ့ လူမှန်သမျှကတော့ သူတို့ ပြောပြီးရင် အကုသိုလ်တွေ တန်းဝင်တော့တာပဲ။ အဲဒါကတော့ သတိထားရလိမ့်မယ်။ ကြောက်စရာကြီးဗျ။

ခုန ပြောပြခဲ့တဲ့ ကင်ဆာရောဂါစွဲတော့မယ်။ ခြောက်လပဲ ခံတော့မယ်ဆိုတာကို အသက်ထွက်လုနီးပါး ကြောက်လန့်သွားရှာတဲ့ မိန်းကလေးမျိုးဆိုရင်တော့ ထိပြီသာမှတ်။ ယုံလွယ်ရင် ခံရတော့မယ်သာ အောက်မေ့။ ကျွန်တော် ပြောပြတဲ့အထဲက မကြာခင် အိမ်ထောင်ပျက်ပြီး မုဆိုးမဘဝနဲ့ ကုမရတဲ့ရောဂါကြီး စွဲတော့မယ်ဆိုတာကို ဆွေးဆွေးမြည့်မြည့် စွဲလမ်းသွားရှာတဲ့ မိန်းကလေးမျိုး။

ဘယ့်နှယ်လုပ်မလဲ၊ တော်သေးတာပေါ့ဗျာ။ ယောဂီဝတ်နဲ့ ရိပ်သာဝင်ခိုင်းလိုက်တာ ဦးသွားလို့။ ဒီလိုမှ မဟုတ်ရင် ဒီကလေးမ ခုလောက်ရှိ လူ့လောကကြီးထဲကနေ သွားလောက်ပြီ”

“ဆရာ ပြောပြမှ ကျောချမ်းလောက်တော့တယ်”

“တချို့ကျတော့ တစ်မျိုးဗျ၊ အဲဒီလို ငွေကြေးနင်းကန် တောင်းတာမျိုး မဟုတ်ပြန်ဘူး။ ဒါပေမယ့် မထိတထိနဲ့ မပြောရရင်ကို မနေနိုင်တဲ့ အနိဋ္ဌ ပါးစပ်မျိုးတွေ တွေ့ဖူးသေးတယ်။ ဆိုပါတော့ဗျာ။ လူတစ်ယောက်ကို နေရင်းထိုင်ရင်းနဲ့ မင်း အမှုဖြစ်ပြီးပြီလား ဆိုပြီး မေးထည့်လိုက်တယ်။ တစ်ဖက်သားက လန့်သွားတာပေါ့။ မဟုတ်တဲ့ စကားဘဲ။ မဖြစ်သေးပါဘူး ဆရာ ဆိုလိုက်တာနဲ့ မျက်နှာကိုတစ်ဖက်လှည့် မျက်လုံးကို ကာယကံရှင်ဘက် ထောင့်ကပ်ကြည့်၊ မျက်တောင်မခတ်ဘဲ ခေါင်းတညိတ်ညိတ် လုပ်ပြနေပြီးတော့မှ အေးအေး သတိထားပေါ့ကွာ ဆိုပြီး ပြောထည့်လိုက်ရော။

အတွင်းမနောကိုပဲ ဖောက်ထွင်းကြည့်နေသလိုလို၊ ကြိုမြင်နေသလိုလိုနဲ့။ သူတို့လည်း ပြောပြီး အဲဒီလူလည်း ငွေအမှုတွေ ဖြစ်တော့တာပဲ။ ကြုံဖန်ကိုဖြစ်တာ တစ်ခါလည်း အဲဒီလိုပဲ ကလေးမလေးဗျာ ချစ်စရာလေး၊ ဖအေကို ချစ်လွန်းလွန်းလို့ ဖအေသွားရာလိုက်နေတဲ့ ကလေးလေး ငါးနှစ် သမီးလောက်ပဲ ရှိမယ်။ အဲဒါကို ခုန ပြောတဲ့ လူစားမျိုးက ဟေ့ မင်း, သမီး ကျန်းမာရေး ထိခိုက်လိမ့်မယ်။ သတိထားတော့ဆိုပြီး ပြောထည့်လိုက်တာဗျာ။ အဲဒီကလေးဟာ အကောင်းသား နေရင်းကနေ ကောက်ကာငင်ကာ ဆေးရုံတင်လိုက်ရပါလေရော”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမျိုးတွေကို ကြိုမြင်တယ်လို့ရော ပြောမရဘူးလား ဆရာ"

"အမယ် ကိုမောင်မြ ခင်ဗျားကို ကျွန်တော် ရိုးလှပြီမှတ်တာ။ အလာကြီးပါလား။ ကျွန်တော်ကတော့ လုံးဝ လက်မခံဘူး။ အကောင်းသား နေရင်းကနေ လူတကာကို မဟုတ်တာချည်း ထိုင်ပြောနေတဲ့ ပါးစပ်မျိုးကို ကြိုမြင်တယ် ဆိုတဲ့အဆင့်ထိ ကျွန်တော် လက်မခံဘူး။ ဘာလို့လဲ ဆိုတော့ အဲဒီလို လူမျိုးတွေဆီ ကျွန်တော် တမင် သွားဖူးတယ်။

ကျွန်တော့်ကို မြင်တော့ မင်း ဘာလုပ်လဲတဲ့။ ရတနာကျောက် အရောင်းအဝယ် လုပ်ပါတယ်လို့ ပြောလိုက်တော့ မကြာခင်မှာ မင်းဆီက ကျောက်တွေ အလိမ်ခံရတော့မယ်တဲ့။ ကြည့်စမ်း။ ဒီလိုပဲ နောက်တစ်ယောက် ဆီ ရောက်သွားပြန်ရော။ ဘာလုပ်ငန်းလုပ်လဲ မေးတော့ ကျွန်တော် အထည်ရောင်းပါတယ်လို့ ပြောလိုက်တယ်။ ဒီတော့ သုံးတောင်ဝတ် နှောင့်ယှက်လို့ မင်း အထည်ဆိုင် မကြာခင် ပြုတ်တော့မယ်တဲ့ဗျာ"

ကျွန်ုပ်သည် ပြောရင်းနှင့် အခန်းအပြင်ဘက်တွင် တိတ်ဆိတ်စွာ ထိုင်နေသော ဆရာထွန်းဘက်သို့ လှည့်ကြည့်လိုက်၏။ ဆရာထွန်းသည် ပါးစပ်ကို လက်ကိုင်ပဝါအုပ်၍ အားရပါးရ ရယ်မောနေ၏။ ကိုမောင်မြနှင့် မခင်သည်လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၊ ဆရာထွန်း ဘက် လှည့်ကြည့်လိုက်နှင့် ရယ်မောနေလေတော့၏။

"ဒီတော့ ကိုမောင်မြ စဉ်းစားကြည့်။ ဒီလူတွေကို ကြိုမြင်ပါတယ်လို့ ဘယ်လိုလုပ်ပြောမလဲ။ ဟုတ်ဖူးလား"

"ဟုတ်ကဲ့ပါ ဆရာ"

"ကြိုမြင်ပါတယ်ဆိုရင် ကြိုမြင်တာ ဘေးချိတ်ထားဦး။ လောလော လတ်လတ် သူတို့ဆီ မရောက်ခင်လမ်းမှာ ကျွန်တော် ဘာစားလာလဲလို့ မေးလိုက်တာနဲ့ တလွဲချည်းပဲ ဖြစ်ကုန်မှာဗျ။ နံနက်က ဘာဟင်းနဲ့ စားလာ လဲလို့ မေးလိုက်တာနဲ့ တုန်သွားမှာပဲ။ တကယ် ဖြေပြနိုင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ တွေ့ခဲ့ဖူးပါတယ်။ ဒါပေမယ့် သူတို့လို လူတစ်ဖက်သား ထိခိုက်နစ်နာ သွားအောင် အနိဋ္ဌာရုံတွေ လုံးဝ မပြောကြပါဘူး။

သူတို့တွေက အကျင့်ကို ပါနေတာဗျ။ လူကိုမြင်တာနဲ့ မင်းအမေ နေကောင်းလားကွ မေးပြီး မျက်လုံးမှိတ်၊ ခေါင်းတညိတ်ညိတ်နဲ့ လုပ်ပြနေ တာမျိုး၊ မင်းအလုပ်တွေ အဆင်ပြေရဲ့လားကွ ဆိုပြီး မျက်လုံးမှိတ်၊ ပါးစပ်က မဲ့ရင်း ခေါင်းတခါခါ လုပ်ပြနေတာမျိုး။ နင့်ယောကျ်ား အပြင်တွေ့၊ ဘာတွေ သွားရင် ဘယ်အချိန်မှ ပြန်လာတတ်လဲ ဆိုပြီး မျက်လုံးမှိတ် မထိတထိနဲ့ ပြုံးရင်း ခေါင်းတညိတ်ညိတ် လုပ်ပြနေတာမျိုး။ ကျွန်တော် အများကြီး တွေ့ခဲ့ဖူးတယ်။

ကိုမောင်မြ မှတ်ထား။ နောက်ကို အဲဒီလို လူမျိုးတွေဆီသွားလို့ ရှိတာကုန်တော့မယ် ဆိုရင် တကယ် ကုန်မယ်။ အိပ်ရာထဲမှာ လဲတော့ မယ်ဆိုရင် တကယ် လဲမယ်။ လင်မယားကွဲမယ်ဆိုရင် တကယ် ကွဲမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်တော့မယ် ဆိုရင် တကယ် ရောက်မယ်သာမှတ်။ ကောင်း တာဆို ဘယ်တော့မှ မပြောတဲ့ ပါးစပ်ကြီးတွေဗျ။

ကိုယ့်ဘဝ ကိုယ်သနားရင်တော့ အဲဒီလို အကုသိုလ်များတဲ့ အနိဋ္ဌ နေရာမျိုးတွေ ရှောင်ပေ့ါဗျာ။ မသွားနဲ့ပေ့ါ။ မဟုတ်ဘူးလား မခင်”

ကျွန်ုပ်၏ အမေးကို နှုတ်မှ မဖြေသော်လည်း အပြစ်ကင်းစင်သည့် အပြုံးဖြင့် ခေါင်းကလေးစောင်း၍ ပြုံးရင်း သူ့ယောကျ်ားဘက်သို့ လှည့် ကြည့်လိုက်သည့် မခင်အား ကျွန်ုပ် ကြင်နာစွာ ကြည့်နေလိုက်မိ၏။ ထိုထို ကဲ့သို့ ရိုးသားဖြူစင်သည့်ပုဂ္ဂိုလ်များ၊ မတရားပြောဆိုခံရသည့် အကုသိုလ် စကားလုံးများ ဘေးမှ ကင်းဝေးပါစေကြောင်း ဆုတောင်းနေလိုက်မိ၏။

သည့်နောက်တွင်တော့. . .

ရှောင်သင့်၊ ဆောင်သင့် လိုက်နာသင့်သည်များကို လမ်းညွှန်၍ ပြန်ခိုင်းလိုက်ရတော့၏။

ဤ အဖြစ်အပျက်လေးသည် တစ်မိုးလွန်၍ တစ်ဆောင်းပင် ကျော်ခဲ့ပြီး သကာလ။

* * *

“ခင်ဗျားတို့က နာမည်ပေးထားလို့လား”

“ဆရာ မမှတ်မိဘူးနဲ့ တူတယ်”

“ဘယ်သူတွေ၊ ဩော်. . . ကိုမောင်မြ။ အမယ်. . . မခင်ပါလား၊ သနပ်ခါး အဖွေးသားနဲ့အိမ်မှာ သနပ်ခါးတောင် ကျန်သေးရဲ့လား။ ဘာလုပ်ဖို့လဲ ဒီ ဖရဲသီးကြီးက. . . ”

“ပျဉ်ပုံကြီးက သယ်လာတာ ဆရာ။ မျိုးကောင်းလို့ ချိုလို့”

“ခင်ဗျားတို့ဟာလေ ရိုးကိုရိုးလွန်းတယ်။ ဒါလောက် အလေးခံပြီး တော့များ။ ကဲ ကဲ လုပ်စမ်းပါဦး မခင်။ ဘဝဟောင်းကို ဘယ်တော့မှ ပြန်မှာလဲ။ ခုထိလည်း မပြန်ရသေးပါလား”

ကျွန်ုပ်၏စကားသည် အလွန် ရိုးသားလွန်းသော မခင်အား မည်သို့ ရိုက်ခတ်သွားသည် မသိ။ သနပ်ခါးအဖွေးသားနှင့် ပြုံးရွှင် ရယ်မောနေသော မခင်မှာ အပြစ်ကင်းစင်သည့် အပြုံးဖြင့် ခေါင်းကလေးစောင်း၍ ပြုံးရင်း ကိုမောင်မြဘက်သို့ လှည့်ကြည့်နေလေတော့၏။

အနိဋ္ဌသမားတွေ ပြောစကားအရ မကြာခင်မှာ ဘဝဟောင်းကို ပြန်သွားရတော့မယ့် မခင်။ အသက် ရှူမရဘဲ လည်ပင်းညှစ်သလို ရောဂါ ခံစားရပြီး ကုမရဘဲ သေမယ့် မခင်။ အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး ကိုယ့်ရပ်ကိုယ့်ရွာကနေ ထွက်ပြေးရမယ့် မခင်။ ထို ‘မခင်’သည်. . .

အနိဋ္ဌာရုံစကားများကို နင်းခြေရင်း အချိန်ကာလပေါင်း များစွာကို ကျန်းမာချမ်းသာစွာနှင့် ဖြတ်ကျော်နိုင်ခဲ့လေပြီတည်း။

❖ ❖ ❖

(ရုပ်ရှင်ရောင်ခြည်မဂ္ဂဇင်း၊ အမှတ် ၁၆၆)



www.burmeseclassic.com

www.burmeseclassic.com

# မြင်သင့်သော ဆက်သွယ်ချက်များ (၁)

"ဘာလုပ်နေတာလဲ ဆရာ"

"ဩော် ဒီအခွေလေး ပြန်ရှာနေတာ ကြာပြီ။ ရှာတုန်းကတော့ မတွေ့ဘူး၊ မရှာတော့မှ မဂ္ဂဇင်းစာအုပ်တွေ ကြားထဲက ထွက်လာတယ်"

"ဘာခွေလဲ"

"ဟိုဒင်း ဆရာအုန်းကြီးကို ပညာပေးတုန်းက အခွေပါ"

"ဟာ ဟုတ်လား ဆရာ၊ ဆရာ ဘယ်နှစ်ခွေတောင်. . ."

"အဲဒီလိုလည်း မဟုတ်ပါဘူး ဆရာထွန်းရဲ့။ ကျွန်တော်က ဆရာအုန်းကြီးနဲ့ အာလာပသလ္လာပ ထိုင်ပြောနေတာ။ အဲဒီတုန်းကလည်း သားက ခပ်လှမ်းလှမ်းမှာ ကက်ဆက်ဖွင့်ပြီး သီချင်းနားထောင်နေတယ်။ ပြောရင်းပြောရင်း ပညာခန်းတွေ ရောက်လာတော့ မာန်ကပါလာလို့လား မသိပါဘူး။ သားက အခွေဟောင်းတစ်ခုနဲ့ ခလုတ်နှိပ်ပြီး အသံသွင်းထားလိုက်လို့ ဒီအခွေလေး ဖြစ်လာတာပါ။ ဆရာအုန်းကြီးအတွက်ကတော့ ဟန်ကျသွားတာပေါ့။ သားဆီက ခဏငှားသွားပြီး သူက ကူးယူထားလိုက်တယ်လေ။ ဒါက မူရင်း"

"အပြည့်လား ဆရာ"

"မဟုတ်ပါဘူး ၆ဆိုဒ် တစ်ခြမ်းတည်း။ ဟိုဘက်က သီချင်းတွေ"

"တကယ်လို့များ ကျွန်တော်"

"နားထောင်ချင်လို့လား၊ ရော့ ဖုန်နည်းနည်းသုတ်လိုက်။ ပြီးရင် သားကို ဖွင့်ခိုင်းလိုက်"

"၆ဆိုဒ်နော် ဆရာ"

"သား သိပါတယ်။ သူ့ပေးလိုက်"

* * *

"ဂျောက်"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ဆရာပြောတဲ့အတိုင်း တွေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တွေးရမယ်၊ လောကမှာ အကောင်းနဲ့အဆိုး ဆိုတာ ဒွန်တွဲနေတာပဲ။ ကောင်းနေပါလား ဆိုပြီးတော့လည်း ရတနာသုံးပါး ဂုဏ်ကျေးဇူးကို မမေ့မလျော့နဲ့၊ ဆိုးနေပါလား ဆိုပြီးတော့လည်း ရတနာသုံးပါး ဂုဏ်ကျေးဇူးကို မမေ့နဲ့။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ရတနာသုံးပါးကို မမေ့နဲ့။ အဲဒီလို ပြောရမှာဗျ ဆရာအုန်းရဲ့။ ခု ဆရာအုန်း ပြောသလို မင်းနာမည်က ထိပ်ပဲ၊ လုပ်ချင်တာလုပ် ဆိုလို့ကတော့. . ."

"ဒီလိုတော့ မဟုတ်ပါဘူး၊ နာမည်ကောင်းတာကို တင်စားပြီး ပြောလိုက်တာပါ"

"အဲဒီလိုကို မပြောရဘူး၊ နာမည် ကောင်းတယ်ဆိုတာ ဘာလဲ၊ ဘယ်ဟာကို နာမည်ကောင်းတယ်လို့ ခေါ်တာလဲ။ ဖြစ်ရမှာက မင်းနာမည်ဟာ မှည့်ထားပုံ၊ ဖွဲ့စည်းတည်ဆောက်ထားပုံ၊ ပညတ်ထားပုံ ကောင်းတယ်။ ဒီတော့ နာမည်ရဲ့ ကောင်းတဲ့ဟိတ်ကို မီအောင် လူက ကြိုးစားပေတော့။ ဒါဆို မင်းအတွက် အောင်မြင်မှုတွေ ရောက်လာလိမ့်မယ်။ မင်း အောင်မြင်လာလိမ့်မယ်။ ဒါပဲ ပြောရမှာဗျ ဆရာအုန်းရဲ့။ မြှောက်ပေးသလိုမျိုး သွားပြောလို့ကတော့ အစဉ်းစားအဆင်ခြင်ဉာဏ် မရှိတဲ့ လူမျိုး၊ ခေတ်ပညာ နည်းပါးတဲ့ လူမျိုးဆိုရင် ဥပဒေနဲ့ မကင်းတာတွေ လျှောက်လုပ်ရင် ဘယ့်နှယ်လုပ်မလဲ။ သူပဲ နစ်မွန်းမှာ၊ စကားဆိုတာ ထိန်းပြော"

"ကျွန်တော်က ပဉ္စပွတ်နဲ့ တွဲမှည့်ထားတဲ့ နာမည်မို့ ပြောမိတာပါ ဆရာရဲ့။ ဂြိုဟ်အမြင့်ဆုံးနဲ့ လှမ်းတွဲထားတဲ့ နာမည်ရှင်တွေ ဆိုပြီး. . ."

"ဘယ်ဟာလဲ အမြင့်ဆုံး၊ ဘာကိုပြောနေတာလဲ အမြင့်ဆုံး။ ကဲ လုပ်စမ်းပါဦး၊ ပြောလေ၊ ဂြိုဟ်အမြင့်ဆုံးဆိုတာ ဘယ်ဟာကို ပြောနေတာလဲ"

"ဟို သူ့နာမည်က တင်လတ် ဆိုတော့၊ စနေကို ခရာစောက်တိုင် ထူလိုက်ရင် 'လတ်'ဆိုတဲ့ ဗုဒ္ဓဟူးက ပဉ္စပွတ်မှာ ရှိနေပါတယ်။ အဲဒီလို ပဉ္စပွတ်ကို အမြင့်ဆုံးလို့ ပြောတာပါ ဆရာ"

*  *  *

ပဉ္စပွတ် - ၄ - လတ်
၁
၅
၀ - တင်
၃
၆
၂

(ဆရာအုန်း ပြောနေသော အသံအား ခရာစောက်တိုင်ဖြင့် ပုံဖော်ပြလိုက်ပါသည်။)

"ကောင်းပြီ၊ ဆရာအုန်းက ဗုဒ္ဓဟူးကို အမြင့်ဆုံးလို့ ဆိုလိုချင်တာပေါ့။ ဒီလိုဆို ခိုင်လတ်ဆိုတဲ့ နာမည်မျိုးမှာကျတော့ ဗုဒ္ဓဟူး ဘယ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီလဲ”

* * *

၆
၃
၀
၂ - ခိုင်
၅
၁
၄ - လတ်

(ကျွန်ုပ်၏ စကားအားလုံး ပုံဖော်ပြထားပါသည်)

“ဟိုး အောက်တြိရန်းကို ရောက်သွားပါတယ်”

“ကဲ ဒါဖြင့် ဗုဒ္ဓဟူးဟာ အမြဲ မြင့်နေတဲ့ဂြိုဟ်မှ မဟုတ်တာ။ ဒီ ဗုဒ္ဓဟူးဟာ စနေနဲ့တွေ့ရင် အမြင့်ဆုံး ဖြစ်နေပေမယ့် တနင်္လာနဲ့တွေ့ရင် အနိမ့်ဆုံး ဖြစ်နေပြန်ရော။ ဒီလိုဆို ပုံသေဆိုတာ ရှိပါ့မလား”

“မရှိပါဘူး”

“မှတ်ထား ဂဏန်းလေးတွေဟာ သူ့အလုပ်သူလုပ်ပြီး ရွေ့လျားနေကြတယ်။ ပုံသေဆိုတာ မရှိဘူး။ ဂြိုဟ်တစ်လုံးဟာ တခြား ဂြိုဟ်တစ်လုံးနဲ့ တွေ့ရင် အမြင့်ဆုံး ဖြစ်ကောင်းဖြစ်ပေမယ့် ဒိပြင် ဂြိုဟ်တစ်လုံးနဲ့တွေ့တဲ့ အခါ အနိမ့်ဆုံးဖြစ်ရင် ဖြစ်သွားတတ်လေ့ ရှိတယ်။

ဘာလို့လဲဆိုတော့ ခရာစောက်တိုင်လေးတွေဟာ တစ်မျိုးတည်းမှ မဟုတ်တာ။ ပုံစံအမျိုးမျိုး ရှိကြတာပဲ။ ဆပွတ်လက်ာနဲ့ သွားရင် ဆပွတ်လက်ာ အတိုင်း ဂြိုဟ်တွေဟာ ရွေ့လျားနေတယ်။ ဖွဲ့စည်းနေတယ်။ ပဉ္စပွတ် လက်ာနဲ့ သွားရင် ပဉ္စပွတ်အတိုင်း ဂြိုဟ်တွေ ပြောင်းနေမယ်။ ဒီလိုပဲပေါ့။ တြိရန်းလက်ာနဲ့ဆိုရင်လည်း တြိရန်းအတိုင်း သွားမှာပဲ။ ကျွန်တော် ဆိုလို ချင်တာကို ဆရာအုန်း သဘောပေါက်လား”

“ပေါက်ပါတယ် ဆရာ၊ ပုံသေမှတ်မထားအောင် ဆရာ ပြောနေတာပါ”

“သိပ်ဟုတ်တာပေါ့၊ ဒီလိုတော့လည်း သိသားပဲ။ မှန်တယ် ဆရာအုန်း ပြောတာ။ အနိမ့်ဆိုတာရှိလို့ အမြင့်ဆိုတာ ဖြစ်ရတာကို မမေ့ရင် ပြီးတာ ပါပဲ။ ဂဏန်းလေးတွေ တည်ဆောက်ထားပုံအရ ဒိပြင်ဂြိုဟ်တွေ သူ့ အောက်မှာ ဒေါင်လိုက်စီမနေရင် သူဟာ အမြင့်ဆုံးဆိုတာ ဖြစ်မလာ နိုင်ဘူး။ ဘယ်တော့မှ ပုံသေမမှတ်နဲ့။

အဲဒီလို ပဉ္စပွတ်နဲ့ မှည့်ထားတဲ့ နာမည်ရှင်တွေကို ဘယ်လိုပြောမလဲ။ အဲဒီနာမည် အမျိုးအစားတွေကို နာမည်မှည့်တဲ့နေရာမှာ အကောင်းဆုံးလို့ ပြောကြတယ်။ ဟုတ်တယ်။ တကယ်လည်း ကောင်းကြတယ်။ ထင်ရှား ကျော်ကြားကြသူတွေထဲမှာလည်း ဒီနာမည်မျိုးတွေ အများကြီးပဲ။ ခု



www.burmeseclassic.com

www.burmeseclassic.com



ဆရာအုန်း ပြောသလိုပဲ။ အကောင်းဆုံးလို့ တချို့ သတ်မှတ်ကြတယ်။ ဆရာအုန်းလိုပဲ။ ဒါပေမယ့် အဲဒီ နာမည်မျိုးတွေဟာ တစ်နေ့နေ့ တစ်ချိန်ချိန် မှာ မလှုပ်သာ မယှက်သာအောင် မလူးသာမလွန့်သာ ခံရတတ်လေ့ရှိ တယ်။ အဲဒါကို သတိလက်လွတ်လို့ မဖြစ်ဘူး"

"လူတိုင်းလား ဆရာ၊ ဟို အဲဒီလို ပဉ္စပွတ်နဲ့ မှည့်ထားတဲ့ လူတိုင်းလား ဆရာ"

"လူတိုင်းပဲ ကျွန်တော် သိရသလောက်၊ သုတေသနပြုရသလောက် ပဉ္စပွတ်နဲ့ မှည့်ထားတဲ့ နာမည်ရှင်မျိုးတွေ ထိပြီဆိုရင် ပုံစံအမျိုးမျိုးနဲ့ ထိကြတာပဲ။ တချို့ ကိုယ်တိုင်ထိတယ်။ တချို့ ကိုယ့်ပတ်ဝန်းကျင် အသိုင်း အဝိုင်းမှာ သွားထိတယ်"

"ကံနိမ့်တဲ့လူ ထိတဲ့သဘောပေါ့"

"လာပြန်ပြီ။ ဘာတွေ လျှောက်ပြောနေတာလဲ။ ဘယ်က ဘယ်လို ကံနိမ့်တာတို့၊ ကံမြင့်တာတို့ ပါလာရပြန်တာလည်း မသိပါဘူး။ ခင်ဗျားကို ပြောနေတာ ပတ်ဝန်းကျင်မှာ ထိတတ်တာကို ပြောနေတာ။ ဥပမာ လူ တစ်ယောက်ဟာ ဒီနှစ်ထဲမှာ သူ့နာမည်အရ စိတ်ညစ်စရာ တစ်ခုခု ကြုံရ တော့မယ် ဆိုကြပါစို့။ အဲဒီလူရဲ့ အစ်မတို့၊ အစ်ကိုတို့ တစ်ခုခု ဖြစ်သွား တာမျိုး တွေ့ဖူးတယ်။ သူ့ပတ်ဝန်းကျင်မှာ သူ စိတ်ဆင်းရဲလောက်တဲ့ အကြောင်းမျိုးတွေ ကြုံရတာကို ပြောတာ။ ဘယ်ကလာ ကံနိမ့်တာတွေ လာရောနေပြန်လည်း မသိပါဘူး"

"ကျွန်တော် သဘောမပေါက်လိုက်လို့ပါ ဆရာ"


"မှတ်ထား၊ ပညာဆိုတာ သူ့လမ်းကြောင်းနဲ့သူ ရှိတယ်။ ကိုယ်က ဖန်တီးလို့လည်း မရဘူး။ ပြောပြမယ်။ ခု ခင်ဗျား ပြောတဲ့ နာမည်မျိုးတွေ။ ဥပမာ ပဉ္စပွတ်နဲ့ မှည့်ထားတဲ့ နာမည်မျိုးတွေ၊ ဥပမာ တနင်္ဂနွေသားသမီး တွေပဲ ထားလိုက်ပါဗျာ။ ထားပါတော့။ အေးဖြူတို့၊ အောင်ဖြူတို့၊ အေးမိုး တို့။ ခင်ဗျား ပြောသလို အမြင့်ဆုံး ပဉ္စပွတ်တွေနဲ့ တွဲထားတဲ့ နာမည်တွေပဲ။

သူတို့တွေဟာ အသက် (၁၇)၊ (၂၅)၊ (၃၃)၊ (၄၁)၊ (၄၉)၊ (၅၇)၊ (၆၅)နှစ်တွေမှာ ပုံစံအမျိုးမျိုးနဲ့ ထိကြတော့တာပဲ။ အမှုဖြစ်ကြရတာတွေ၊ အလုပ်အကိုင် အိုးအိမ်အခြေအနေ အပြောင်းအလဲ ဖြစ်ကြရတာတွေ၊ အလုပ်ပြုတ်သွားတာတွေ၊ အလုပ် ရုတ်တရက် ထိုးရပ်သွာရတာတွေ၊ အိမ် ထောင်ပျက်ရတာတွေ၊ အမွေကိစ္စ ကြုံရတာတွေ၊ အိုးပျက်အိမ်ပျက် ကြုံရ တာတွေ အို အများကြီး အများကြီး။ ပြဿနာဟာ ပုံစံအမျိုးမျိုးနဲ့ ဝင်လာ တော့တာပဲ။ ဝင်မှာပေါ့၊ အဲဒီနှစ်တွေဟာ တနင်္ဂနွေသက်ရောက်နှစ်တွေ ဆိုတော့ အဲဒီလို နာမည်မျိုးတွေဟာ 'နိစ်'နဲ့ 'ပြ'နဲ့ မိသွားတော့တာကိုး။ ပြေးမလွတ်ဘူး။

* * *



www.burmeseclassic.com




တနင်္ဂနွေသက်ရောက်နေပုံ

(ကျွန်ုပ်၏ စကားများအား ပုံဖော်ပြထားပါသည်)

တချို့ကျတော့ ခုနပြောသလို သူတို့ကိုယ်တိုင် မဖြစ်ဘူး။ သူတို့ ပတ်ဝန်းကျင်မှာ အကုန်ဖြစ်တယ်။ အဲဒီ အပူဟာ သူတို့ကို အရှိန်ဟပ်တယ်။ ရိုက်ခတ်တယ်"

"ဒါဖြင့် ဒီနာမည်မျိုးတွေဟာ အခုလို အသက်အပိုင်းအခြားတွေ ရောက်ရင်. . . "

"နေဦးလေ ခင်ဗျားက အခု ရေတွင်းတူး၊ အခု ရေကြည် ချက်ချင်း သောက်ချင်လွန်းနေတယ်။ နေပါဦးလား။ နားထောင်ပါဦးလား။ ဘာလဲ ရပြီလား ဒါလောက်နဲ့"

"ဟို. . . နေ့(၇)နေ့. . . "

"အဲ. အဲဒါကြောင့် ပြောတာပေါ့။ တနင်္ဂနွေကို နမူနာပြလိုက်ရင် ကျန်တဲ့နေ့တွေပါ ခင်ဗျားက မေးလေ့ရှိသကိုး ဆရာအုန်းရဲ့။ အဲဒါကို ကျွန်တော်က အလိုက်သိသိနဲ့ ပြောပြမလို့ပါ"

"သတိ မမူလိုက်မိလို့ပါ ဆရာ"

"ကဲထား တနင်္လာမှာလည်း ခင်ဗျား ပြောသလို ပဉ္စပွတ်နဲ့ တွဲမှည့်ထားတဲ့ နာမည်တွေ ရှိတယ်။ ဥပမာ ကျော်သန့်၊ ကောင်းသိန်း၊ ခိုင်သူ ဆိုတာမျိုးတွေ ပေါ့ဗျာ။ သူတို့တွေလည်း ဒီလိုပဲ တကယ် ကောင်းတယ်။ အရမ်းကို အောင်မြင်ကြတယ်။ ထင်ရှားကျော်ကြားတယ်။ ဒါပေမယ့် သူတို့ရဲ့အသက် (၁၈)၊ (၁၉)၊ (၂၆)၊ (၂၇)၊ (၃၄)၊ (၃၅)၊ (၄၂)၊ (၄၃)၊ (၅၀)၊ (၅၁)၊ (၅၈)၊ (၅၉)၊ (၆၆)၊ (၆၇)နှစ်မျိုးတွေလည်း ရောက်ရော အကုန်လုံး ကသိကအောက်တွေ ဖြစ်ကြတော့တာပဲ။ ဘယ်လောက် တောင့်ခံ တောင့်ခံ 'အထိကြီး'နဲ့ 'အထိလေး'ပဲ။

မိသားစုအတွင်း တကွဲတပြား ဖြစ်ကုန်တာတို့၊ ငွေမှု၊ ငွေပြဿနာတွေ အကြီးအကျယ် ဖြစ်တာတို့၊ သူများ ငွေကိစ္စကြောင့် ကြားညပ်ပြီး ကိုယ်ပါ ဒုက္ခရောက်ရတာတို့၊ အိမ်က လူထွက်၊ ရွှေထွက် ဖြစ်ကုန်တာတို့၊ ညီအစ်ကို မောင်နှမချင်း ပဋိပက္ခ ဖြစ်ကုန်ရတာတို့၊ အနိုမ်ခံရတာတို့၊ မခံချင်စရာ ကောင်းတာတွေနဲ့ချည်း ကြုံနေရတာတို့၊ မျက်နှာငယ်ရတာတို့၊ သူခိုးခိုးခံရတာတို့၊ ကျန်းမာရေး အကြီးအကျယ် ချို့တဲ့သွားတာတို့ ညိုင့်

www.burmeseclassic.com



ပြဿနာပေါင်းစုံနဲ့ ရင်ဆိုင်ရတော့တာပဲ။

ဘာလို့လဲဆိုတော့ ပဉ္စပွတ်နဲ့ တွဲမှည့်ထားတဲ့နာမည်မျိုးတွေမို့ အင်္ဂါ၊ ဗုဒ္ဓဟူးသက်ရောက်တွေမှာ နိစ်-ပြ မိသွားတဲ့ နှစ်တွေ ဖြစ်နေလို့ပဲ။ ဘယ်လို လူမျိုးဖြစ်ဖြစ် 'အထိကြီး' နဲ့ 'အထိလေး'ပဲ။

(ကွန့်ပ်စကားများအား ပုံဖော်ထားပါသည်။)

* * *

ပဉ္စပွတ် - ၆ - သိန်း
၃
၀
၂ - ကောင်း
၅
၁
၄

၀ ၆
သိန်း ၆ ၅ - ပြ
၅ ၄
၄ ၃
၃ ၂
ကောင်း ၂ ၁ - နိစ်
၁ ၀

(အင်္ဂါ၊ ဗုဒ္ဓဟူး-သက်ရောက်နှစ်များ)

အင်္ဂါသားသမီးတွေကျတော့လည်း ဒီအတိုင်းပဲ။ မူလကနေ ပဉ္စပွတ်ကို လှမ်းမှည့်ထားတဲ့ ဆွေထက်တို့၊ ညိုနိုင်တို့၊ စိန်တိုးတို့ဆိုတဲ့ နာမည်မျိုးတွေလည်း အရမ်းအောင်မြင်ကြတယ်။ ထင်ရှားကျော်ကြားကြတယ်။ ချမ်းသာကြတယ်။ ဒါပေမယ့် သူတို့အသက် (၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇)နှစ်တွေမှာ ခုန ပြောသလို ကြိုးတစ်ချောင်းလိုမျိုး မိတဲ့ နိစ်-ပြ ထိတော့တာပဲ။ အဲဒီမှာ ဆေးထိုးမှားတာတွေ၊ အစာအိမ် မကောင်းဖြစ်ရတာတွေ၊ မျက်စိထိခိုက်တာတွေ၊ နှလုံးသားရေးရာ ကိစ္စမှာ ဆို့နင့်စရာတွေ၊ ဒိပြင် ပြဿနာပေါင်းစုံရောပေ့ဗျာ။ စုံနေတာပဲ။ 'အထိကြီး'နဲ့ 'အထိလေး'ပဲ"

* * *

ပဉ္စပွတ် - ၀ - တိုး
၄
၁
၃ - စိန်
၆
၂
၅

၁ ၀
တိုး ၀ ၆ - ပြ
၆ ၅
၅ ၄
၄ ၃
စိန် ၃ ၂ - နိစ်
၂ ၁

(စနေသက်ရောက်နှစ်များအား ပြသပုံ)

"နားသာထောင်နေတယ်။ ရှင်းရောရှင်းရဲ့လား"

"ရှင်းပါတယ် ဆရာ"

"အင်း ပြောတော့ ရှင်းတယ်ပဲ။ ပြီးရင် အဲဒီ ဒေါင်လိုက်စင်း လွယ်အိတ်ကြီးထဲက ဟိုဒိုင်ယာရီအဟောင်းထဲ ရောက်သွားပြန်ရော၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ခေါင်းထဲမရောက်ဘူး”

“ဟဲ ဟဲ တပည့်ကြီးက အသက်ကကြီးလာတော့ မှတ်ဉာဏ်က”

“ကဲပါ ရပါပြီ။ ပြောလိုက်ရင် အသက်ကိုပဲ ဆင်ခြင်ပေးနေတာပဲ။ ထားလိုက်ပါတော့ ဗုဒ္ဓဟူးဆက်မယ်။ ဗုဒ္ဓဟူးလည်း ဒီလိုပဲ။ ပဉ္စပွတ်ဖြစ်တဲ့ တနင်္ဂနွေနဲ့ လှမ်းမှည့်ထားတဲ့ နာမည်မျိုးတွေဟာ အတော်အောင်မြင် ထင်ရှားကြသူတွေ များတယ်။ ဒါပေမယ့် ထိလိုက်ပြီဆိုရင် ကော့သွားတဲ့ နှစ်တွေကို ကြည့်လိုက်။ (၁၅ နှစ်၊ ၂၃ နှစ်၊ ၃၁ နှစ်၊ ၃၉ နှစ်၊ ၄၇ နှစ်၊ ၅၅ နှစ်၊ ၆၃ နှစ်၊ ၇၁ နှစ်) ဆိုတဲ့ နှစ်တွေချည်းပဲ။ ဘာလို့လဲဆိုတော့ တနင်္လာသက်ရောက်ကို ရောက်သွားကြတာကိုး။ မိပြီလေ နိစ်-ပြ။ ဘယ်လို နာမည်မျိုးတွေလည်း ဆိုတော့ ဝေအောင်တို့၊ လင်းအေးတို့၊ ရွှေအုန်းတို့ ဆိုတဲ့ နာမည်မျိုးတွေပေ့ါ ဆရာအုန်းရယ်။

* * *

ပဉ္စပွတ် - ၁ - အောင်
၅
၂
၄ - ဝေ
၀
၃
၆

၂ ၁
အောင် → ၁ ၀ - ပြ
၀ ၆
၆ ၅
၅ ၄
ဝေ ၄ ၃ - နိစ်
၃ ၂

(တနင်္လာသက်ရောက်အား ပြသပုံ)

ကြာသပတေးဆိုရင် အဲ တနင်္လာနဲ့တွဲမယ်။ ပဉ္စပွတ်မိအောင် တွဲပြီ ဆိုတော့ မြချို၊ မြင့်ကောင်း၊ ဖြူကြည်ဆိုတဲ့ နာမည်မျိုးတွေပေ့ါဗျာ။ သိပ် ကောင်းကြတာပဲ။ အရမ်းလည်း အောင်မြင်ကြတယ်။ ချမ်းသာကြတယ်။ ဒါပေမယ့် (၁၇)၊ (၂၅)၊ (၃၃)၊ (၄၁)၊ (၄၉)၊ (၅၇)၊ (၆၅)၊ (၇၃) ဆိုတဲ့ နှစ်တွေလည်းကျရော အဲဒီနာမည်တွေဟာ နိစ်-ပြ မိတော့တာပဲ။ ထိပြီ အဲဒီကျရင်၊ ဘာထိလဲ။ ငွေကိစ္စတွေ ထိပြီသာမှတ်။ ငွေမှုတွေ၊ ငွေ ပြဿနာတွေ၊ ငွေပျောက်တာတွေ၊ အမွေကိစ္စ ခွဲဝေရာက ပြဿနာ ဖြစ် တာမျိုးတွေ။ ဗိုက်နဲ့ဆိုင်တဲ့ ပြဿနာပေါင်းစုံတွေ၊ ငွေကြေးနဲ့ဆိုင်တဲ့ ပြဿနာပေါင်းစုံတွေ အကုန်ဝင်တော့တာပဲ”

* * *

ပဉ္စပွတ် - ၂ - ကြည်
၆
၃
၅ - ဖြူ
၁
၄
၀

၃ ၂
ကြည် → ၂ ၁ - ပြ
၁ ၀
၀ ၆
၆ ၅
ဖြူ ၅ ၄ - နိစ်
၄ ၃

(ကြာသပတေး သက်ရောက်အား ပြသပုံ)



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ပြောတာ မြန်တယ်နော်"

"ဘာကိုလဲ"

"ဩော် အသက်တွေကို ပြောလိုက်ရင် ဒေါက်ဒေါက်နဲ့ မြန်တာကို ပြောတာပါ။ (၁၇)နှစ်တို့၊ (၂၅)နှစ်တို့ ဆိုပြီး. . ."


"အမယ်လေး ဆရာအုန်းရယ်။ ဒါများ သက်ရောက်နဲ့ ကြည့်ရင် (၈)နှစ်ကို တစ်ကြိမ်ပြန်ကြုံရတာပဲဥစ္စာ။ ဥပမာ (၁၇)နှစ်ဆိုရင် (၈)နဲ့ ထပ်ပေါင်း (၂၅)နှစ်၊ ပြီးရင် (၈)နဲ့ ထပ်ပေါင်း. . ."

"ဩော် ဟုတ်သားပဲ။ နားထောင်ကောင်းနေလို့ အဲဒါလေးကို သတိမထားလိုက်မိဘူး"

"ကဲ ကဲ စနေ။ စနေသားသမီးတွေ ဆိုရင်လည်း ပဉ္စပွတ်နဲ့ မှည့်ထားတဲ့ နာမည်မျိုးတွေကြည့်။ ထက်ဝေတို့၊ နိုင်လှတို့၊ ထွန်းလူတို့ ဆိုတဲ့ နာမည်မျိုးတွေ။ အရမ်း ကောင်းစားကြတယ်။ တော်လည်း တော်ကြတယ်။ ချမ်းလည်း ချမ်းသာကြတယ်။ ဒါပေမယ့် သတိလက်လွတ် မဖြစ်ရမယ့် နှစ်ရှိတယ်။

အဲဒီနှစ်တွေမှာ သတိလက်လွတ် ဖြစ်လိုက်လို့ကတော့ စိတ်ဆင်းရဲစရာ၊ စိတ်ညစ်စရာ၊ စိတ်သောက ရောက်စရာတွေဟာ ကန်ထရိုက်ဆွဲထားသလိုပဲ။ ပြုဝင်တော့တာပဲ။ အဲဒီနှစ်တွေကတော့ (၂၀)၊ (၂၈)၊ (၃၆)၊ (၄၄)၊ (၅၂)၊ (၆၀)၊ (၆၈)ဆိုတဲ့ နှစ်တွေပဲ။ နာမည်ဟာ တစ်ခါတည်း နိစ်-ပြမိသွားတော့ ထွက်ပေါက် မရှိတော့သလိုပဲ"

* * *




(သောကြာသက်ရောက်တိုင်တွင် နိစ်-ပြမိပုံကို ပြသခြင်း)

"ရှောင်လို့၊ တိမ်းလို့ မရတဲ့ နှစ်တွေပေါ့နော် ဆရာ"

"အင်း အကြမ်းဖျင်း ကြည့်ရင်တော့ ရှောင်လို့ တိမ်းလို့ မရဘူးပေါ့ ဆရာအုန်းရယ်။ ဒါပေမယ့် ကျွန်တော် တွေးတာကတစ်မျိုး၊ လောကမှာ နိမ့်တာရှိလို့ မြင့်တာရှိတာ။ လင်းတာရှိလို့ မှောင်တာရှိတာ။ ဝေးတာရှိလို့ နီးတာရှိတာ။ ဒါဖြင့် ဆိုးတာရှိရင် ကောင်းတာ ရှိကိုရှိရမယ်။ အဲဒီလို တွေးပြီးတော့ စဉ်းစားခဲ့တယ်ပေါ့ဗျာ၊ ကျွန်တော် စဉ်းစားတာက ပညာဘောင်ထဲက စဉ်းစားထားပါ။ ကိုယ်ထင်ရာကိုယ် စဉ်းစားတာပေမယ့် ပညာဘောင်ကလွတ်ရင် မကောင်းဘူးလေ။ ဟုတ်တယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ခု ဆရာအုန်း ပြောတဲ့ မူလကနေ ပဥ္စပွတ်ကို လှမ်းမှည့်ထားတဲ့ နာမည်ရှင်တွေဟာ (၈)နှစ်ကို တစ်ကြိမ် နိစ်-ပြမိတာ ကြုံတတ်ကြောင်း ဆရာအုန်း သိသွားပြီ။ အဲဒီလို ကြုံတဲ့နှစ်တွေမှာ သတိလက်လွတ် မရှိဖို့ အရေးကြီးမှန်းလည်း ဆရာအုန်း သဘောပေါက်ပြီ။ ဒီလိုဆို မျက်လုံးထဲမှာ ပေါ်အောင် ထပ်ကြည့်။ အဲဒီလို ပဥ္စပွတ်နဲ့ တွဲမှည့်ထားတဲ့ နာမည်တွေ နိစ်-ပြ မိကြရတဲ့ နှစ်မှန်သမျှဟာ၊ သက်ရောက်မှန်သမျှဟာ အမြစ်ကပ်တဲ့ နှစ်တွေချည်းပဲ"

"ဗျာ. . ."

"ဩော် အမြစ်ဂြိုဟ်ကပ်တဲ့ နှစ်တွေချည်းပဲ။ ဆရာအုန်း ပြန်စဉ်း စားကြည့်။ (၁)ဆိုရင် (၀)ကပ်မယ်။ (၆)ဆိုရင် (၅)ကပ်မယ်။ (၄)ဆိုရင် (၃)ကပ်မယ်။ မူလလို့ သတ်မှတ်ထားတဲ့ ဂြိုဟ်ရဲ့အမြစ်ဂြိုဟ်ကပ်တဲ့ နှစ်တွေချည်းပဲ"

"လူတိုင်းလား ဆရာ"

"အဲဒီလို ပဥ္စပွတ်နဲ့ တွဲမှည့်ထားတဲ့ နာမည်ရှင်တိုင်းပေါ့ ဆရာ အုန်းရဲ့။ ဒါကြောင့် ကျွန်တော် စဉ်းစားခဲ့တဲ့အတိုင်း အကောင်အထည် တွေ ဖော်ခဲ့တယ်။ ဘယ်လို အကောင်အထည် ဖော်ခဲ့တာလည်း ဆိုတော့ မိဘမဲ့ကလေးကို ရှင်ပြုခိုင်းတာတို့၊ မိဘရှိပါရက်နဲ့ အင်မတန် ချို့တဲ့လွန်းတဲ့ ကလေးကို ရှင်ပြုခိုင်းတာတို့၊ အဲဒီလို ကလေးမျိုးတွေကို အထောက်အပံ့ ပေးခိုင်းတာတို့၊ ချို့တဲ့နွမ်းပါးတဲ့ စာသင်သား ကိုရင်လေးတွေကို အထောက် အပံ့ပြု လှူခိုင်းတာတို့ ခိုင်းတော့တာပဲ"

"ခုန ဆရာ ပြောတဲ့ သက်ရောက်တွေမှာလား"

"အင်းပေါ့။ အဲဒီ သက်ရောက်တွေက အခု ပြောသလို မိဘမဲ့ ကလေး ထောက်ပံ့တဲ့ ကုသိုလ်ကောင်းမှုပြုပြီး လူကို ဆင်းရဲပင်ပန်းစေတဲ့ အကြောင်းတွေချည်းခိုင်းမှ အခြေအနေ မဆိုးတာ ဆရာအုန်းရဲ့။

ဘုရားတွေ သွား၊ ရင်ပြင်တွေ၊ တန်ဆောင်းတွေမှာ တံမြက်စည်း လှည်း၊ အမှိုက်သိမ်း၊ မြက်နုတ်၊ ပန်းခြောက်တွေရှင်း၊ ရေဆေးသင့်ဆေး၊ ရေညှိတွေခွာ။ ဘုန်းကြီးကျောင်းတွေသွား၊ ကုဋီရေဆေး၊ ကြမ်းတိုက်။ တံမြက်လှည်း၊ မြက်နုတ်၊ လမ်းတွေတံမြက်စည်းလှည်း။ သတ်မယ့်ဆဲဆဲ ငါးတွေ၊ ကဏန်းတွေ လွှတ်၊ ကြက်တွေလွှတ်၊ ငှက်တွေလွှတ်၊ တိရစ္ဆာန်တွေ အစာကျွေး။ သူများမလုပ်ချင်တဲ့ အလုပ်မှန်သမျှ အကုန်လုပ်"

"သူများ မလုပ်ချင်တဲ့ အလုပ် ဆိုတာ. . ."

"အခု ပြောနေတာတွေပေါ့။ လူ့သဘာဝ ဆိုတာက ကြော့ကြော့ မော့မော့လေး နေချင်ကြတာကလား။ ဘုရားသွားကြပြီဆိုရင် ဘုရားဖူးပြီး ပြန်ကြတာ များတယ်လေ။ ခုန ကျွန်တော်ပြောတဲ့ တံမြက်လှည်း၊ ကြမ်း တိုက်၊ ဘယ်သူလုပ်လို့လဲ။ လုပ်ရင်လည်း နည်းတယ် ဆရာအုန်း။ အဲဒီလို သူများ မလုပ်ချင်တဲ့ ချွေးထွက်တဲ့၊ ပင်ပန်းတဲ့ အလုပ်မှန်သမျှ အကုန်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခိုင်းတော့တာပဲ။ ဟော သူ့ဟာသူ နိစ်-ပြ မိတာ၊ မိတာပဲ။ ကြီးမားတဲ့ ပြဿနာကြီးတွေ မဝင်တော့ဘူး။ ဒါလက်တွေ့"

"ဟန်ကျတယ်နော် ဆရာ"

"ဒါကလည်း ဆရာအုန်းရယ်၊ လုပ်တဲ့လူကလည်း လုပ်လို့ပါ။ ခုပြောတာတွေ မလုပ်ကြလို့၊ မလုပ်နိုင်လို့ ဒုက္ခရောက်ကြရတဲ့ သူတွေ၊ အခက်အခဲ တွေ့ကြရတဲ့သူတွေ အများကြီး။ ရွှတ်ဖတ်နေ၊ ပုတီးစိပ်နေတဲ့ သူတွေကတော့ အဖျားလောက်ပဲ ခတ်တယ်။ မထိကြဘူး"

"ဟန်ကျလိုက်တာ"

"ကဲ ဆရာအုန်း ပြောသလို မူလကနေ ပဥ္စပွတ်တွဲမှည့်ထားတဲ့ နာမည်တွေဟာ ကောင်းလွန်းပါတယ်။ ဒါပေမယ့် သတိထားရမယ့်နှစ်တွေ ရှိနေပါတယ် ဆိုတာ သဘောပေါက်ပြီလား"

"ပေါက်ပါပြီ ဆရာ၊ ဆရာ့ကို ကျေးဇူးတင်ပါတယ်။ အခုလို ရှင်း"

"တော်ပါတော့ အဲဟို ဒိုင်ယာရီထုတ်ကူး၊ ပြီးရင် အဲဒီ ဒေါင်လိုက်စင်း လွယ်အိတ်ကြီးထဲထည့်။ အညာကို သယ်သွား။ သုံးရောင်ခြည်ဘောပင်ကော မင် ရှိသေးရဲ့လား"

"ဟဲ့ . . . ဟဲ ကျွန်တော် မနေ့က"

"ဂျောက်"

* * *

"ကုန်သွားပြီ ဆရာ"

"အင်းလေ အဲဒါပဲ"

"ပညာတွေချည်းပဲနော် ဆရာ၊ အားရပါးရပဲ"

"အင်း ဒါပေမယ့် မပြည့်စုံသေးဘူး။ ဘာလို့လဲ ဆိုတော့ ဆရာထွန်း သတိထားမိလား။ ပဥ္စပွတ်နဲ့ တွဲမှည့်ထားတဲ့ နာမည်တွေဟာ အကောင်းဆုံး နာမည်တွေလို့ ဆရာအုန်းကြီး တစ်ယူသန်စွဲသွားမှာစိုးလို့ အကောင်းနဲ့ အဆိုးကို ခွန်တွဲပြခဲ့တာ။ ပြီးတော့ အဲဒီလို အခက်အခဲတွေ ကြုံလာရရင် ထွက်ပေါက်နဲ့တူတဲ့ အစီအရင်တွေကိုပါ တစ်ခါတည်း ပြောပြထားတာ"

"ဟုတ်ကဲ့ ကြားတယ်လေ"

"အဲဒါက နိစ်-ပြ မိတာကိုပဲ ပြခဲ့တာ ဆရာထွန်းရဲ့။ ပဥ္စပွတ်နဲ့ တွဲတဲ့နာမည်ပဲ ရှိသေးတာ။ ပြ-နိစ်မိတဲ့ နာမည်တွေ ရှိသေးတယ်။ အခုလိုပဲ သူ့နှစ်နဲ့သူ သက်ရောက်တွေကျ ထိပြန်တာပဲ"

"ဩော် ပြ-နိစ်"

"ဟုတ်တယ် အဲဒီ ပြ-နိစ်တွေကတော့ ဆရာအုန်းကြီး ပြောသလို ပဥ္စပွတ်နဲ့ တွဲတဲ့နာမည်တွေ မဟုတ်တော့ဘူး။ မူလကနေ စတုရန်း လှည့် မှည့်ထားတဲ့ နာမည်မျိုးတွေဗျ။ ဥပမာဗျာ။ စိုးသက်တို့၊ ဝင်းထွဋ်တို့ ဆိုတဲ့ နာမည်မျိုးတွေပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၁ | ၀ |
| ၅ | ၄ |
| ၂ | ၁ |
| မူလ - ၄ - ဝင်း | ၃ - စိုး |
| စတုရန်း- ၀ - ထွန်း | ၆ - သက် |
| ၃ | ၂ |
| ၆ | ၅ |

အဲဒီ နာမည်မျိုးတွေ မိပုံမိနည်းက နည်းနည်း ကြောက်စရာကောင်းတယ်။ ဇောက်ထိုးကြီးတွေ။ သူ့နှစ်နဲ့ သူရှိတယ်။ ဒါပေမယ့် ခုနပြောသလို ထွက်ပေါက်တွေတော့ ရှိပါတယ်။ ဘယ်နှယ့် နားထောင်ချင်ပြန်ပြီလား”

“တပည့်ကြီးကို မေးစရာတောင် လိုသေးလို့လား ဆရာရယ်”

❖ ❖ ❖

(ရွှေဘုံရောင်ခြည်မဂ္ဂဇင်း အမှတ် ၁၆၇)



www.burmeseclassic.com

www.burmeseclassic.com

## မြင်သင့်သော ဆက်သွယ်ချက်များ (၂)

"မေးကြည့်လိုက်တဲ့သဘောက ပိုပြီး သေချာအောင်လို့ပါ။ ဆရာထွန်းရဲ့ ဖွဲ့ကို သိပါတယ်။ ပညာချစ်တာလည်း သိပါတယ်။ ဒါကြောင့် ကျွန်တော်ကလည်း အဲဒီလို စိတ်ဓာတ်ရှင်မျိုးကို ပညာပေးချင်လွန်းလို့ စကားစလိုက်တာ ဆရာထွန်း ခန့်မှန်းမိလောက်ပါပြီ"

"ကျွန်တော် ခန့်မှန်းမိရုံတင် မကဘူး။ အရမ်း ဝမ်းသာနေလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး ဆရာရယ်"

"ကဲ ဘာပြောရမှန်း မသိရင် ဘာမှ မပြောနဲ့၊ နားပဲထောင်။ စာအုပ်ထဲလည်း လိုက်မမှတ်နဲ့"

"ဟုတ်ကဲ့ ဆရာ"

"အခု ဆရာထွန်း ကြားတဲ့အတိုင်း ဆရာအုန်းကြီးကို သင်ကြားပြသခဲ့တဲ့ ပညာခန်းက မူလကနေ ပဋ္ဌာန်းပွတ်ကို မှည့်ထားတဲ့ နာမည်ရှင်တွေနဲ့ အဲဒီနာမည်ရှင်တွေ အခက်အခဲ ကြုံတွေ့ရတတ်တဲ့ နှစ် အပိုင်းအခြားတွေ။ ဟုတ်ပြီနော်"

"ဟုတ်ကဲ့"

"အခု ပြောမှာက မူလကနေ စတုရန်းလှည့်ခွေ မှည့်ထားတဲ့ နာမည်ရှင်တွေနဲ့ သူတို့ အခက်အခဲ ကြုံတွေ့ရတတ်လေ့ရှိတဲ့ နှစ် အပိုင်းအခြားတွေ အကြောင်းပဲ။ မူလကနေ ပဋ္ဌာန်းပွတ်ကို လှမ်းမှည့်ထားတဲ့ ပုဂ္ဂိုလ်တွေက တစ်ချိန်ချိန်မှာ 'နိစ်-ပြု'မိတတ်သလို၊ မူလကနေ စတုရန်းလှည့်ခွေမှည့်ထားတဲ့ နာမည်ရှင်တွေက တစ်ချိန်ချိန်မှာ 'ပြု-နိစ်'မိတတ်တယ်။

ဘာလို့ ဒီနာမည် နှစ်မျိုးကို ပြောနေရသလဲ ဆိုတော့ 'နိစ်-ပြု'နဲ့ 'ပြု-နိစ်'မိကြသူတိုင်းဟာ လောကဓံတရားနဲ့ ရင်ဆိုင်ကြုံတွေ့ကြရလေ့ရှိလို့ပဲ။

ကျွန်တော် ဆရာအုန်းကို ပြောခဲ့သလိုပေါ့။ ဆရာထွန်းလည်း ကြားသားပဲ။ လောကဓံတရားနဲ့ ရင်ဆိုင်ကြုံတွေ့ရပုံက အမျိုးမျိုး ရှိကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ။ ကိုယ်တိုင် ဖြစ်ကြသလို၊ ကိုယ့်ပတ်ဝန်းကျင်မှာလည်း ဖြစ် တတ်ကြလေ့ရှိတယ်။ သတိထားမိသည်ဖြစ်စေ၊ သတိမထားမိသည်ဖြစ်စေ ကြုံရတာကတော့ ကြုံရမှာပဲ"

"ရှောင်ဖို့ တိမ်းဖို့ကတော့ ဆရာအုန်းကြီးကို ဆရာ ပြောပြခဲ့တဲ့ အတိုင်း ကောင်းမှုကုသိုလ်တွေ လိုတာပေါ့နော် ဆရာ"

"ဒါပဲ။ အဲဒီ ကောင်းမှုကုသိုလ်တွေပဲ ရမယ်။ ဆေးဖယောင်းတိုင် ထွန်းလည်း မရဘူး။ အင်းဖယောင်းတိုင်ထွန်းလည်း မရဘူး။ ဘာ အဆောင်မှ သွားမဆောင်လေနဲ့ မရဘူး။ ရတနာသုံးပါးရဲ့ အရိပ်ကိုခို၊ ရွတ်ဖတ်သရဇ္ဈာယ်၊ ကျင့်ကြံအားထုတ်မှုပြု၊ ကိုယ့်ကိုယ်ကိုယ် မာန်နှိမ်ချတဲ့ လုပ်အားဒါနတွေပြု။ ဒါဆို ခံသာမယ်။ သေလောက်တဲ့နေရာမှာ ကျိုးပဲ့ရုံပဲ ဖြစ်မယ်။ ကျိုးပဲ့လောက် တဲ့နေရာမျိုးမှာ ပွန်းပဲ့ရုံပဲ ဖြစ်မယ်။ ပွန်းပဲ့ လောက်တဲ့ အခြေအနေမျိုး ဆိုရင်တော့ ဘာမှ ဖြစ်စရာ အကြောင်း မရှိတော့ဘူး။ မကောင်းဘူးလား"

"ဘယ်လို ပြောလိုက်ပါလိမ့် ဆရာရယ်"

"ဒါဖြင့် နားထောင်။ တစ်ခါတုန်းက 'တိုးစိန်'ဆိုတဲ့ ချာတိတ် တစ်ယောက်နဲ့ ဆုံတုန်းက သူ့အသက်ကို အမှတ်မထင် မေးလိုက်မိတယ်။ သူ့အသက်က သုံးဆယ့်သုံးနှစ်ထဲကို ရောက်ဖို့ နှစ်လတောင် မလိုတော့ဘူး။

ဒါကြောင့် တိုးစိန် မင်းဟာ ဖြစ်နိုင်ရင် တစ်ပတ်တစ်ခါလောက် ဘုရားတွေကိုသွား။ တန်ဆောင်းတွေ၊ စောင်းတန်းတွေမှာ တံမြက်စည်း တွေလှည်း။ သူများ မလုပ်ချင်တဲ့အလုပ် အကုန်လုပ်ကွာ။ ရင်ပြင်တော်ကို အမှိုက်ရှင်း၊ မြက်တွေနုတ်၊ အိမ်သာရေတွေထည့်။ အကုန်လုပ်ဆိုပြီး ပြောလိုက်တယ်"

"လုပ်လား ဆရာ"

"တွေ့တုန်း ပြောတုန်းကတော့ ဟုတ်ကဲ့ပဲ။ ကိုယ်ကတောင် သူ့ကို သူပူတာထက် ပိုပြီး ပူပြနေရသလို ဖြစ်နေတယ်။ ဒါပေမယ့် မလုပ်ဖြစ် ခဲ့ဘူးဆိုတဲ့ သတင်းကို ကျွန်တော် ကြားတဲ့အချိန်မှာ အဲဒီသူငယ် ဆိုင် ကယ်မှောက်လို့ ခြေနှစ်ပိုင်း ကျိုးပြီးသွားပြီ"

"ဟာ. . ."

"မဟာနဲ့ ဆရာထွန်း၊ လူဆိုတာ သိတဲ့အတိုင်းပဲ။ မထိသေးရင် မကြောက်သေးဘူး။ မဖြစ်သေးရင်တော့ ပမာမခန့်ပဲ။ ဖြစ်ပြီဟေ့ဆိုရင် တော့ အခုလို အတားအဆီးမရှိ ထိတော့တာပဲ။ ပြီးမှ ဆရာပြောတုန်းက လုပ်လိုက်မိရင် အကောင်းသားဆိုတဲ့ နောင်တသံ ကြားရတဲ့အချိန်မှာ ကျောက်ပတ်တီးနဲ့ ချိုင်းထောက်နဲ့ ဖြစ်နေပြီ"

* * *



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၄ | ၁၁ |
| ၁ | ပြ - ၀၀ - တိုး |
| ၅ | ၆၆ |
| မူလ - ၀ - တိုး | ၅၅ |
| စတုရန်း- ၃ - စိန် | ၄၄ |
| ၆ | နိစ် - ၃၃ - စိန် |
| ၂ | ၂၂ |

(အသက် (၃၃)နှစ်အဝင် 'ပြ-နိစ်' မိသွားသော မူလမှ စတုရန်း လှည့်ခွေ မှည့်ထားသည့် နာမည်ရှင်)

"သိသိနဲ့ ခံလိုက်ရတယ် ဆိုတာကတော့ အဲဒီ တိုးစိန်ကိုယ်တိုင် မလေးစားလွန်းပါတယ် ဆရာရယ်"

"ဒါကြောင့် မူလကနေ စတုရန်းလှည့်ခွေ မှည့်ထားတဲ့ စနေသားသမီးတွေဟာ သတိထားရမယ့် နှစ်တွေ ရှိနေပါလားဆိုတာ ဆရာထွန်း မှတ်ထား"

ဆရာထွန်းသည် ကျွန်ုပ်စကားကို နားထောင်ရင်း ဘေးတွင်ချထားသော လွယ်အိတ်ကို ကြည့်လိုက်၊ ကျွန်ုပ်ကို ကြည့်လိုက်နှင့် ပြုံးယောင် ပြုနေ၏။ သို့သော် ဒူးကိုပိုက်၍ ယှက်ထားသော လက်နှစ်ဖက်ကို မဖြေရဲ။

"ဒါလောက်က ဘာမှ စာနဲ့ပေနဲ့ မှတ်နေစရာ မလိုပါဘူး ဆရာထွန်းရဲ့။ နားထောင်နေရုံနဲ့တင် မျက်လုံးထဲ မပေါ်ဘူးလား"

"ဆရာက အသက်အပိုင်းအခြားတွေ ဘာတွေ ပြောရင် မေ့ပြုများ"

"မေ့မှာ ကြောက်လည်း မမှတ်နဲ့။ နားပဲထောင်။ အဲဒီလို အသက် အပိုင်းအခြားတွေ ဘာတွေကတော့ ကိုယ်လည်း စဉ်းစားပေ့ါ။ အလွတ် ကျက်သလို ကျက်တာဟာ အတွေးအခေါ်ကို ရိုက်ချိုး ဖျက်ဆီးသလိုပဲ။ ဒါကြောင့် နားပဲထောင်။

ခုနစကား ဆက်မယ်။ စနေသားသမီးတွေထဲက အဲဒီလို မူလကနေ စတုရန်းကိုလှည့်ပြီး မှည့်ထားတဲ့ နာမည်ရှင်တွေဟာ အသက် အပိုင်းအခြား (၂၇)၊ (၁၅)၊ (၃၃)၊ (၄၁)၊ (၄၉)၊ (၅၇)၊ (၆၅)၊ (၇၃)ဆိုတဲ့ နှစ်တွေကို ရောက်ပြီဆိုရင် သူတို့ ထင်မထားတဲ့ လောကဓံတရားတွေ ကြုံရတော့တာပဲ။

ဘယ်လို နာမည်မျိုးတွေလဲ ဆိုတော့ ခုန ပြောပြတဲ့ တိုးစိန်တို့၊ တင်စောတို့၊ ထွန်းစီတို့ဆိုတဲ့ နာမည်မျိုးတွေပဲ။ သူတို့တွေဟာ အဲဒီ အသက် အပိုင်းအခြားနှစ်တွေကို ရောက်လာရင် အဌလက်ခွင်နဲ့ ကြည့်တဲ့ အခါ စနေသက်ရောက်လို့ ခေါ်တဲ့ သက်ရောက်ကို မလွဲမသွေ ရောက်ရ တော့တာပဲ။

ဒီအခါမှာ ပြောသလိုပေ့ါဗျာ နေတတ်ထိုင်တတ်၊ သွားတတ်လာ တတ်၊ စားတတ်သောက်တတ်မှဗျ။ နို့မဟုတ်ရင်တော့လား သူများကြားထဲ ညပ်သွားပြီး အမှုအခင်း ဖြစ်ရတာတို့၊ သူများပြဿနာ ကိုယ့်ပြဿနာ




www.burmeseclassic.com

ဖြစ်ရတာတို့၊ အမှုတစ်မှုက နှစ်မှုဖြစ်ရတာတို့၊ မထင်ဘဲ အထိအခိုက်တွေ ဖြစ်ရတာတို့ ဆိုတာ အနည်းဆုံးပဲ”

“အင်း တော်တော်လည်း သတိထားရမယ့် နှစ်တွေနော် ဆရာ”

“ဟုတ်တယ်၊ အဲဒါက စနေသားသမီးတွေ။ ဟော ကြာသပတေး သားသမီးတွေရဲ့ နာမည်တွေကို လေ့လာလိုက်။ မူလကနေ စတုရန်း လှည့်ခွေထားတဲ့ မျိုးအေးတို့၊ မြတ်အုန်းတို့၊ ဖြူအေးတို့၊ ပြုံးအောင်တို့ ဆိုတဲ့ နာမည်မျိုးတွေကျတော့ အသက်(၂၀)တို့၊ (၂၈)တို့၊ (၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆)တို့ ဆိုတဲ့ နှစ်အပိုင်းအခြားတွေ ရောက်လာရင် လောကဓံ တရားရဲ့ အထိအခိုက် အရိုက်အပုတ်တွေကို အကြောင်းအမျိုးမျိုးနဲ့ ခံကြ ရတော့တာပဲ ဆရာထွန်း”

* * *




(မူလမှ ပဥ္စပွတ် လှည့်မှည့်ထားသော ကြာသပတေး နာမည်ရှင် များ ‘ပြ-နိစ်’ မိပုံကို ပြဆိုခြင်း)

“အဲသလို ‘ပြ-နိစ်’မိကြပြီဆိုတာနဲ့ ဖြစ်ပုံချင်း အတူတူပဲလား ဆရာ။ ခုန စနေသားသမီးတွေလို မျိုးပဲလား”

“အဲဒါမျိုးတော့ မတူဘူး ဆရာထွန်း။ တူတာတော့ တစ်ခုပဲ ရှိတယ်။ အိမ်မကပ်ချင်ကြတော့တာတို့၊ အိမ်မကပ်ရတော့တာတို့၊ စိတ် လေပြီး အထွက်များလာတာတို့၊ မနားရမနေရ ဖြစ်လာတာတို့ ကျတော့ တူတယ်။ ကျန်တာတော့ မတူဘူး။ အခု ပြောနေတဲ့ ကြာသပတေးသား သမီးတွေကျတော့ အပြောင်းအလဲတွေ ဖြစ်ရတယ်။ အမွေမှုဆန်ဆန် အမှုတွေ ဖြစ်ကြရတယ်။ အလုပ်တွေ ရုတ်တရက် ထိုးရပ်သွားတာတို့၊ အလုပ်တစ်ခုကနေ အလုပ်တစ်ခုကို မထင်မှတ်ဘဲ ပြောင်းလဲသွားရတာ တို့၊ အိုးပြောင်းအိမ်ပြောင်း မထင်ဘဲ ဖြစ်ရတာတို့ ဆိုတာမျိုးတွေ ကြုံကြ ရလေ့ရှိတယ်”

“ရှောင်လို့ မရဘူးနော် ဆရာ”

“ရှောင်လို့မရဘူးရယ်လို့တော့ မဟုတ်ဘူး ဆရာထွန်း။ ရှောင်တတ် တိမ်းတတ်အောင် ဘယ်လိုတွေ လုပ်သင့်လဲဆိုတာ ကျွန်တော် ပြောပြခဲ့ ပြီးပြီ။ ကိုယ့်ကိုယ်ကိုယ် မာန်နှိမ်ချတဲ့ လုပ်အားဒါနမျိုးတွေ ပြုရမယ် ဆိုတာလေ”


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"


ကျွန်ုပ်သည် ဆရာထွန်းကို အကဲခတ်နေမိ၏။

ကျွန်ုပ်၏စကားများမှာ ပညာခန်းများသာ ဖြစ်နေ၍ လိုက်ကူးရေးမှတ်ရန် စိတ်ထက်သန်နေပုံရ၏။ ကျွန်ုပ်သည် တပည့်များကို ပညာပေးသည့်အခါ ကျွန်ုပ်ကိုယ်တိုင် ခဲရာခဲဆစ် နှစ်နှင့်ချီ၍ ပညာခွင်ထဲမှ သုတေသနပြု ရှာဖွေခဲ့ရသော အတွေ့အကြုံများကို ယခုလို လွယ်လွယ်ပေးလိုက်ချင်၏။ လွယ်လွယ်ကူကူ တတ်မြောက်စေချင်ကြ၏။ ပညာကြောင့် ဒုက္ခပေါင်းစုံ ခံစားရသည့် အဖြစ်မျိုးကို မကြုံစေချင်။

သို့သော် ဦးခေါင်းနှင့် မှတ်စေချင်၏။ တပည့်ကျော်ကြီး ဆရာအုန်းသည် ယခုလို စာနှင့်ပေနှင့် မှတ်သားတတ်လွန်းရာ မေးလျှင် မည်သည့်အခါမဆို ပါးစပ်အဟောင်းသားနှင့်သာ ငြိမ်သက်သွားလေ့ရှိ၏။ ယခုလည်း ဆရာထွန်းကို ဤသို့ မဖြစ်စေလို၍ မျက်နှာထားကို ခပ်တင်းတင်းပြုရင်း. . .

"ကဲ ကဲ ဆက်နားထောင်။ အဲဒီလို မူလကနေ စတုရန်း လှည့်ခွေထားတဲ့ နာမည်ရှင်တွေထဲက တနင်္ဂနွေ နာမည်ရှင်တွေဟာ (၁၈)၊ (၂၆)၊ (၃၄)၊ (၄၂)၊ (၅၀)၊ (၅၈)၊ (၆၆)၊ (၇၄) ဆိုတဲ့ အသက်အပိုင်းအခြားတွေ ရောက်ရင် လောကဓံတရားရဲ့ အထုအထောင်း၊ အရိုက်အပုတ်ဒဏ်ကို တည့်တည့်တစ်မျိုး၊ သွယ်ဝိုက်သောပုံစံနဲ့တစ်မျိုး ခါးစည်းခံစားကြရတော့တာပဲ ဆရာထွန်း။ ဘယ်လို နာမည်မျိုးတွေလည်း ဆိုတော့ အေးရင်၊ အောင်ဝေး၊ အုန်းလှ၊ အေးဝါ ဆိုတဲ့ နာမည်တွေပဲ။

* * *




(မူလမှ စတုရန်း လှည့်မှည့်ထားသော တနင်္ဂနွေ နာမည်ရှင်များ သတိမူရမည့် အသက် အပိုင်းအခြားများ၌ ကံ အသွားအလာသည် ဤသို့ ဖွဲ့စည်းသွားတတ်သည်ကို ဗဟုသုတ ပညာ ဖြန့်ဝေလိုက်ပါသည်)

နောက်တစ်မျိုးကတော့ သောကြာ နာမည်ရှင်တွေ၊ သောကြာသားသမီးတွေပဲ။ မူလကနေ စတုရန်းလှည့်ခွေ မှည့်ထားတဲ့ သောင်းခိုင်၊ သက်ကျော်၊ သန့်ငြိမ်း၊ သိန်းခက်၊ သီသီခိုင် ဆိုတဲ့ နာမည်မျိုးတွေဟာ သူတို့အသက် (၂၀၊ ၂၁၊ ၂၈၊ ၂၉၊ ၃၆၊ ၃၇၊ ၄၄၊ ၄၅၊ ၅၂၊ ၅၃၊ ၆၀၊ ၆၁၊ ၆၈၊ ၆၉)ဆိုတဲ့ နှစ်တွေကို ရောက်တာနဲ့ လူးလူးလဲလဲ ထိတတ်ကြလေ့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ အဲဒီ နာမည်ရှင်တွေ အဲဒီနှစ်မျိုးကို ရောက်တာဟာ ဒိပြင်လူတွေ ထက် အထိနာတယ် ဆရာထွန်း”

“ဟုတ်ကဲ့”

“ငွေကြေးနဲ့ ဆိုင်တဲ့ ပြဿနာမျိုးစုံ ဝင်ကြတော့တာပဲ။ ကိုယ်က ပေးစရာရှိရင်လည်း မပေးနိုင်ကြသလို၊ ကိုယ်က ရစရာရှိရင်လည်း မရကြတော့ဘူး။ အင်မတန် နာကြည်း၊ ဒေါသထွက်၊ ခံပြင်းစရာကောင်းတဲ့ ခံစားချက်မျိုးတွေကို သူတို့ ပိုင်ဆိုင်လာကြရတော့တယ်။

သူတို့ အလုပ်တွေ၊ သူတို့ အသိုင်းအဝိုင်းတွေမှာ သူတို့ကို နှိမ်နေသလို ခံစားလာကြရတယ်။ သူတို့ဟာ ဘယ်လိုပဲ ဘယ်လောက် ကြိုးစားကြိုးစား အနှိမ်ခံထားရတဲ့ နှစ်တွေလိုပဲ။ ဒါကြောင့် ပွင့်ထွက်၊ ပေါက်ကွဲထွက်တတ်တဲ့ နှစ်တွေလို့ ပြောရင် မမှားဘူး။ ရောဂါဆိုလည်း ဒီလိုပဲ၊ တစ်ခုပြီးတစ်ခု ဆက်နေတတ်တယ်။

ဒီကြားထဲ အဲဒီလို နှစ်မျိုးတွေ ရောက်လာရင် ကိုယ်က စောင့်ရှောက်ကျွေးမွေးခဲ့တဲ့သူ မှန်သမျှ တော်လှန်တော့တာပဲ။ သိပ်မခံချင်စရာကောင်းတာတွေနဲ့ချည်း ကြုံရလေ့ရှိတဲ့ နှစ်တွေဗျ ဆရာထွန်းရဲ့။ ဝင်ငွေကလည်း သူခိုးခိုးနေသလို တအိအိ ကုန်ပြီး စုလို့ကို မရနိုင်တဲ့ နှစ်တွေ။

* * *

| | | | |
|---|---|---|---|
| | ၃ | | ၀၀ |
| | ၀ | ပြ | ၆၆ - သောင်း |
| | ၄ | | ၅၅ |
| မူလ - | ၆ | သောင်း | ၄၄ |
| စတုရန်း- | ၂ | ခိုင် | ၃၃ |
| | ၅ | နှစ် → | ၂၂ - ခိုင် |
| | ၁ | | ၁၁ |

(သောကြာသားသမီးများထဲမှ မူလနှင့် စတုရန်း တွဲမှည့်ထားသော နာမည်ရှင်များ 'ပြ-နှစ်'မိပုံကို ပြဆိုခြင်း)

တစ်ခါက မြို့ထဲကို ကိစ္စတစ်ခုနဲ့သွားရင်း စာအုပ်တစ်အုပ် ဝယ်နေတုန်း သူငယ်ချင်းတစ်ယောက်နဲ့ အမှတ်မထင် သွားဆုံတယ်။ တွေ့တွေ့ချင်း သူက ဘာပြောလဲသိလား။ ဟား ဟော့ကောင်ကြီး မင်း သတင်းကောင်းတွေ ကြားနေရတယ်တဲ့။ ကျွန်တော်က ပြန်ပြီး ပြုံးပြရင်း သူပြောတာကို အသိအမှတ် ပြုလိုက်ပါတယ်။ ငါကြိုးစားနေပါတယ်ကွာလို့ လေးလေးစားစား ပြန်ပြောလိုက်တယ်။ ငယ်သူငယ်ချင်းတွေကိုး။

အဲဒီမှာ သူ မိတ်ဆက်ပေးလို့ သူ့ဇနီးမှန်း သိလိုက်ရတဲ့ အမျိုးသမီးက ကျွန်တော့်ကို သေချာကြည့်ပြီး၊ ဪ ဒါ ကိုယ် ပြောပြောနေတဲ့ ကိုမောင်မောင်သန်း ဆိုတာလားတဲ့။ အပေါ်ကနေ ကြည့်တတ်တဲ့ မျက်လုံး ကြည့်ပုံမျိုးနဲ့ပေါ့ ဆရာထွန်းရယ်။ အဲသလို မေးလိုက်တော့ သူငယ်ချင်းက



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လို့လည်း ပြောရော၊ ဒါဖြင့် လက်ဖက်ရည်ဆိုင်ခေါ်တဲ့။ ကြုံတုန်း ဗေဒင်လေးဘာလေး မေးလိုက်ဦးမယ်တဲ့”

“အမယ် သူကလေ”

“ကျွန်တော် ရယ် နေလိုက်ပါတယ်။ သုံးလေးခါလောက် အတင်းခေါ်တော့မှ ကျွန်တော်ဟာ အဲဒီလို ကြုံရင် ကြုံတဲ့နေရာမှ ဗေဒင်ဟောတဲ့ လူစားမျိုး မဟုတ်ပါဘူး။ ကျွန်တော်နဲ့ တိုင်ပင်ချင်ရင် နံနက်(၆)နာရီမှာ နာမည် လာပေးရပါတယ်။ ဒါတောင်မှ တစ်နေ့ကို ငါးယောက်ပဲ ပြောပါတယ်။ ဒါကြောင့် အဲဒီ လူငါးယောက်စာရင်းထဲဝင်အောင် စောစောလေး နာမည် လာပေးလိုက်ပါလို့ ပြောလိုက်တယ်။

ဒီတော့ အဲဒီ အမျိုးသမီးက အံ့ဩသွားပုံရတယ်။ ပါးစပ် အဟောင်းသားနဲ့ ဘာမှ မပြောတော့ဘူး။ ဒါပေမယ့် သူ့ယောကျ်ား မိတ်ဆက်စကား အရ အခု ပြောနေတဲ့ ‘သောကြာ,စ တနင်္လာပိတ်’ နာမည်ရှင် ဖြစ်နေလို့ ကျွန်တော် နည်းနည်းတော့ သတိထားလိုက်မိတယ်။ သတိလည်း ပေးလိုက်ချင်ပါရဲ့။

သူ့အသက်ဟာ ငါးဆယ်ကျော်လောက်ပြီမှန်း ကျွန်တော် သိနေတယ်။ ဒါပေမယ့် လမ်းမှာမို့ သတိ မပေးလိုက်ခဲ့ရဘူး။ နောက်တစ်ကြိမ်လ နည်းနည်းခွာပြီး ပြန်ဆုံတော့ သူတို့သမီး ယောကျ်ားနောက် လိုက်ပြေးသွားပြီ။ အဲဒီ အမျိုးသမီးက ခုပြောနေတဲ့ နာမည်တွဲ။ အသက်က ငါးဆယ့်သုံးနှစ်။ အပူတွေ့ရပြီပေါ့ ဆရာထွန်းရယ်။ သဘောမှ မတူကြဘဲကိုး”

“ကွက်တိပဲနော် ဆရာ၊ ဘယ်သူ့မှ ချမ်းသာမပေးဘူး”

“နောက် မှတ်ထား။ ပညာရပ်ပေါ်မှာ လေးစားမှု လုံးဝ မရှိဘဲ ကြုံတုန်း ဗေဒင်လေး ဘာလေး မေးလိုက်ဦးမယ် ဆိုတဲ့ လူစားမျိုးတွေဆို ရှောင်ပေတော့။ ဘာမှ လုပ်ပေးစရာ မလိုဘူး”

“ဟုတ်ကဲ့”

“ကဲ နောက်တစ်မျိုးကတော့ အင်္ဂါသားသမီးတွေပဲ။ မူလကနေ စတုရန်း လှည့်မှည့်ထားတဲ့ နာမည်မျိုးတွေ ဖြစ်တဲ့ စိုးသန့်တို့၊ ဆက်သိန်းတို့၊ ဇော်သောင်းတို့၊ ဆွေသက်တို့၊ စန်းစန်းသွယ်တို့ ဆိုပြီး မှည့်ထားကြသူတွေဟာ (၂၁)၊ (၂၉)၊ (၃၇)၊ (၄၅)၊ (၅၃)၊ (၆၁)၊ (၆၉)ဆိုတဲ့ အသက်အပိုင်းအခြားတွေမှာ လောကဓံတရားကို ပုံစံအမျိုးမျိုးနဲ့ ခံစားကြရလေ့ရှိတယ်။ နေတတ်ထိုင်တတ်၊ သွားတတ်လာတတ်၊ စားတတ်သောက်တတ်ဖို့ပဲ လိုပါတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၀ | ၄၄ |
| ၄ | ပြ - ၃၃ စိုး |
| ၁ | ၂၂ |
| မူလ - ၃ စိုး | ၁၁ |
| စတုရန်း- ၆ သန့် | ၀၀ |
| ၂ | နှစ် - ၆၆ သန့် |
| ၅ | ၅၅ |

နောက် ပြောချင်တာကတော့ တနင်္လာသားသမီးတွေ၊ တနင်္လာ နာမည်ရှင်တွေပဲ။ မူလနဲ့ စတုရန်း လှည့်မှည့်ထားတဲ့ နာမည်မျိုးတွေထဲက ကျော်မြိုင်၊ ကျင်မြ၊ ခန့်မင်း၊ ကြည်ဖြိုး၊ ကြင်မင်း၊ ခိုင်မြ၊ ခက်မောင် ဆိုတဲ့ နာမည်ရှင်မျိုးတွေဟာ (၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇) ဆိုတဲ့ နှစ်တွေမှာ အကွေ့အကောက်တွေ ကြုံရ ဆုံရတော့တာပဲ။

သူတို့ကျတော့ ငွေမှုတွေ၊ ငွေပြဿနာ ကြီးကြီးကျယ်ကျယ် ဖြစ်တာမျိုးတွေ၊ ငွေ ဆုံးရှုံးမှု ဖြစ်တာတွေ၊ ငွေကြောင့် စည်းစိမ်ဥစ္စာ ကုန်ဆုံးရတာတွေ။ မဆင်ခြင်တဲ့ လူမျိုးတွေကျတော့ ကိုယ်ဝန်ပြဿနာ ဖြစ်တတ်ကြရတာတွေ အများကြီးပေါ့ ဆရာထွန်းရယ်။ မဖိတ်ခေါ်ဘဲ ရောက်လာတတ်တဲ့ အန္တရာယ်ကို ခုန ပြောသလို နေတတ်ထိုင်တတ်၊ သွားတတ်လာတတ်ခြင်း များစွာနဲ့ ရှောင်နိုင်တိမ်းနိုင်ကြဖို့ပဲ လိုပါတယ်။

* * *

| | |
|---|---|
| ၆ | ၃၃ |
| ၃ | ပြ - ၂၂ ကျော် |
| ၀ | ၁၁ |
| မူလ - ၂ ကျော် | ၀၀ |
| စတုရန်း- ၅ မြိုင် | ၆၆ |
| ၁ | နှစ် - ၅၅ မြိုင် |
| ၄ | ၄၄ |

နောက်တစ်မျိုးကတော့ ဗုဒ္ဓဟူးသားသမီးတွေပဲ။ မူလနဲ့ စတုရန်း လှည့်မှည့်ထားတဲ့ လှနိုင်တို့ ဝင်းထူးတို့ လင်းဌေးတို့ ရွှေတင်တို့ ဝိုင်းထက်တို့ လတ်နိုင်တို့ ဆိုတဲ့ နာမည်မျိုးတွေဟာ (၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၆၁၊ ၆၉၊ ၇၇)ဆိုတဲ့ နှစ်တွေ ရောက်လာရင် ဘယ်လိုမှ ထင်မှတ်မထားတဲ့ အဖြစ်အပျက်တွေကို ဆက်တိုက် ကြုံရတွေ့ရ ခံစားရတော့တာပဲ။ အင်မတန်မှ သနားဖို့ပဲ ကောင်းပါတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



| | | | | | |
|---|---|---|---|---|---|
| | ၁ | | | ၅၅ | |
| | ၅ | | ပြ - | ၄၄ | လှ |
| | ၂ | | | ၃၃ | |
| မူလ - | ၄ | လှ | | ၂၂ | |
| စတုရန်း- | ဝ | နိုင် | | ၁၁ | |
| | ၃ | | နိစ် - | ၀၀ | နိုင် |
| | ၆ | | | ၆၆ | |

(လုံးဝ ထင်မှတ်မထားသော အကြောင်းတရားများ ဟင်ခနဲ၊ ဟာခနဲ ဖြစ်လာစေနိုင်သည့် ဤသို့သော သက်ရောက်မှုများကို 'ဗုဒ္ဓဟူး,စ စနေပိတ်' မှည့်ထားသည့် နာမည်ရှင်များ လွန်ဆန်ကျော်လွှားနိုင်ကြပါ စေရန် ရည်သန်၍)

အရေးကြီးတာကတော့ ဆရာထွန်းရယ်။ အဲဒီလို မူလကနေ စတုရန်း လှည့်ခွေ မှည့်ထားတဲ့ နာမည်ရှင်မျိုးတွေဟာ အခု ကျွန်တော် ပြခဲ့တဲ့ 'ပြ-နိစ်'မိတဲ့ အသက်အပိုင်းအခြားတွေကို ရောက်လာရင် တူနေ ကြတာ တစ်ခုတော့ ရှိတယ်။ အဲဒါကတော့ ဂြိုဟ်တူတွေ ပူးတဲ့ နှစ်ပဲ။ ဆန်းကျမ်း ပညာရှင်တွေက 'ကတ္တုကာရက'နှစ်တွေလို့ ခေါ်ကြတယ်။ 'အာမေဍိတ်ဥဒါသိန်'နှစ်လို့လည်း ခေါ်ကြတယ်။

အခု ကျွန်တော် ပြောပြခဲ့တာတွေဟာ ဆန်းကျမ်းပညာရှင်တိုင်း သိကြပါတယ်။ သိပ် ထူးထူးဆန်းဆန်းတော့ မဟုတ်ပါဘူး။ သူ့နာမည်နဲ့ သူ့နှစ်နဲ့ ရှိနေပြီးသား ကံတွေပါ။ ကျွန်တော် ပြောသလို နေတတ်ထိုင်တတ်၊ သွားတတ်လာတတ်၊ စားတတ်သောက်တတ်ရင် ဘာမှ မဖြစ်ပါဘူး။

အဲဒီ ဂြိုဟ်ဂဏန်းလေးတွေဟာ ကိုယ့်အတွက် 'မိတ်ဆွေ'ဖြစ်လာ နိုင်ပါတယ်။ အနေမတတ်၊ အစားမတတ်ရင်တော့ ဂြိုဟ်ဂဏန်းလုံးလေး တွေဟာ ကိုယ့်ရဲ့ ရန်သူကြီးတွေအဖြစ် ပြောင်းလဲသွားနိုင်တာမို့ ဆရာ ထွန်းကို ခုလို သင်ပေးနေတာလို့ မှတ်ပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"ရှင်းလည်း ရှင်းလောက်ရောပေါ့။ နားလည်း လည်လောက်ရောပေါ့"

"ကျွန်တော် ကြိုးစားပါ့မယ် ဆရာ"

"ကိုင်း ဒါဖြင့် ကိုသစ္စာကို သွားခေါ်ရင်း ရွှေမြိုင်သူ ထမင်းဆိုင်ဘက် သွားလိုက်ကြရအောင်"

စာဖြင့်

နာမည်များ ဖွဲ့စည်းတည်ဆောက်ပုံများနှင့် ပတ်သက်၍ ကျေးဇူး ကြီးမားလှသော နက္ခတ္တရောင်ခြည် ချစ်ပရိသတ်ကြီး ရှောင်နိုင်ဆောင်နိုင်၊ ဗဟုသုတယူနိုင်ရန် ယခုကဲ့သို့ တစ်မျိုးချင်း၊ တစ်ကဏ္ဍချင်း တင်ဆက် နေခြင်း ဖြစ်ပါသည်။

ဤသို့ 'နိစ်-ပြ'၊ 'ပြ-နိစ်' မိကြသော နာမည်ရှင်များအတွက်



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်မှု ကင်းစေနိုင်သော အစီအရင်များကို ပြီးခဲ့သောလ ဆောင်းပါး တွင် ပြန်ကြည့်ပါ။ စိုးထိတ်စရာ မလိုပါ။ ထိုနှစ်များတွင် နေတတ်ထိုင် တတ်၊ သွားတတ်လာတတ်ပြီး ရတနာသုံးပါး အရိပ်ခိုရန်၊ မာန်လျှော့ချ ရန်သာ လိုပါသည်။ ကိုယ့်နာမည်ကိုယ် ပြန်တွဲကြည့်ပါ။ ပြီးရင် အမြဲ သတိရှိနေဖို့ စဉ်းစားပါ။

ယခု ပြသခဲ့သော နာမည်များကို လေ့လာကြည့်လျှင် အတော် ရှားပါးသော နာမည်တွဲများကို လွဲရှေးထားမှန်း သိကြပါလိမ့်မည်။ ဆင်တူ သွားနိုင်သော နာမည်မှန်သမျှကိုလည်း အတတ်နိုင်ဆုံး ရှောင်ကွင်း ရေးသား ခဲ့မှန်း စာချစ်သူများ သိလောက်ပါပြီ။

ကျန်းမာခြင်း၊ ချမ်းသာခြင်း များစွာဖြင့် အောင်မြင်ကြစေလိုသော မေတ္တာ၊ စေတနာ ကြီးမားစွာ ရေးသားတင်ဆက်ခဲ့ခြင်း ဖြစ်ပါသည်။ လွယ်ကူစွာ ရှောင်တတ် တိမ်းတက်ကြစေရန် စဉ်းစား၍ တင်ဆက်ခဲ့ပါ သည်။

ထိုစေတနာ၊ မေတ္တာကို တုံ့ပြန်သည့်အနေနှင့် စာဖတ်ပရိသတ် ကြီးထံမှ ကျွန်ုပ် အလိုချင်ဆုံးမှာ ကျွန်ုပ်အား ကျန်းမာစေကြောင်း ဆုမွန် ကောင်း တောင်း၍ မေတ္တာပို့သပေးခြင်းသာတည်း။

❖ ❖ ❖

(ရှုကြည့်ရွှေရောင်ခြည်မဂ္ဂဇင်း အမှတ် ၁၆၈)



www.burmeseclassic.com

www.burmeseclassic.com

## မင်္ဂလာနိမိတ်စကားများဖြင့်

"တယ် ဒီကလေးနှယ် အိပ်ကို မအိပ်နိုင်ဘူး။ ကျောကုန်း ထုလိုက်ရရင်တော့ သေတော့မှာပဲ"

"ဟ ဟ ဟော့ကောင် မောင်လှ၊ ဟိုခြံပြင်မှာ ရပ်နေတဲ့ မိန်းကလေးက. . ."

"သြော် ငါ့တူမပါကွာ"

"ဒါလေ သြော် မင်း တူမလား။ မသိပါဘူးကွာ။ ဒီလို စရိုက်ကြမ်းကြမ်းကြီးကို ဘယ်ကများ ခေါ်လာတာလဲလို့"

"အေး မင်း ကွက်ကြည့်ကွက်ကြည့် လုပ်နေကတည်းက မင်း ပြောတော့မယ်ဆိုတာ ငါ ကြိုတွက်ပြီးသား။ အဲဒီလိုပဲ ဟော့ကောင်ရေ စရိုက်က ဘာကြမ်းသလဲ မပြောနဲ့။ ခုလည်း ကလေးငိုမှာစိုးလို့ ငါပဲ ခြံပြင် ထွက်ခိုင်းထားတာ"

ဧည့်ခန်းတွင် အညောင်းအညာ ဖြေ၍ မောင်လှနှင့် အာလာပ သလ္လာပ ခဏပြောနေစဉ် စူးရှကျယ်လောင်သော အော်ကြီးဟစ်ကျယ် အသံတစ်သံကြောင့် ခြံဝတွင် ရပ်နေသူအား သတိထားလိုက်မိခြင်း ဖြစ်၏။

အသက် သုံးဆယ်ခန့် အမျိုးသမီးတစ်ဦးမှာ သူ၏ပခုံးပေါ်မှ ကလေးငယ်လေးအား တင်ပါးတစ်ချက် ပုတ်ပြီး ပြောလိုက်ခြင်း ဖြစ်၏။ သူပုတ်လိုက်မှ ကလေးမှာ ငိုပါတော့၏။ ထိုမိန်းကလေးသည် ငိုနေသော ကလေးကို ဘက်ပြောင်း၍ ပခုံးပေါ် မှောက်တင်ချီလိုက်ရင်း ကျွန်ုပ်ကို မရဲတရဲ လှမ်းကြည့်နေ၏။

"ငါကတော့ အဲဒီအသံမျိုးတွေ မကြိုက်ဘူး မောင်လှရာ။ စရိုက်သိပ်ကြမ်းရင် စကားကို မပြောချင်တာ အမှန်ပဲ"

"ဒီတစ်ခါတော့ ငါ့ကို ခွင့်လွှတ်ကွာ သူငယ်ချင်း။ အတော့်ကို ဒုက္ခရောက်နေလို့ ငါ ခေါ်လာတာ။ ဘာရောင်းစားစား အရင်းပြုတ်ပြပြ



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ။ ပထမတော့ ငါ့တူမလေးက အဲလောက် မဆိုးပါဘူး။ အိမ်ထောင် ရေးက မသာယာ၊ စီးပွားရေးတွေက မကောင်းလွန်းလို့လား မသိပါဘူး။ သူငယ်ချင်းရာ မိန်းမကြမ်းကြီးကို ဖြစ်နေတာပဲ။ ခုလည်း တို့နားက အရက် ဆိုင်ကွေ့မှာ အကြော်ရောင်းမလို့၊ အဲ ပြီးတော့ သူ့သမီးလေးကိုလည်း နာမည်မပေးရသေးဘူး။ အဲဒါလည်း ပေးချင်လို့"

"ဒါတွေများကွာ မင်း လုပ်ပေးလိုက်ရင် ရရဲ့သားနဲ့ ငါ့ဆီခေါ်လာ တယ်"

"မင်း ဒီလိုတော့ မပြောပါနဲ့ကွာ။ ငါကလည်း ငါ့သူငယ်ချင်းဆိုပြီး အခွင့်အရေးယူပြီး ဝင်လာတာမှ မဟုတ်တာ။ နံနက်အစောကြီး ထလာပြီး တိုကင်ယူရတဲ့ ဒုက္ခကိုလည်း သနားပါဦးကွာ"

ကျွန်ုပ်သည် မောင်လှနှင့်အတူ ထိုင်နေရင်း စိတ်အနည်းငယ် ညစ်သွား၍ ကျွန်းစားပွဲကြီးပေါ်တွင် တင်ထားသော ဘော်လ်ပင်လေးအား အဓိပ္ပာယ်မရှိ လှမ်းကိုင်ကြည့်နေလိုက်၏။

"ငါ တွေ့ဖူးတယ်။ လူတစ်ယောက်ပေါ့ကွာ။ ဘယ်သူနဲ့တွေ့တွေ့ သူ့ကို အရောင်းအဝယ် ကောင်းလား၊ အလုပ်အကိုင် အဆင်ပြေရဲ့လား မေးလိုက်တာနဲ့ ဟာ ပြာနေပြီ၊ ငတ်နေပြီ၊ အရင်းပြုတ်သွားပြီဆိုပြီး အဓိပ္ပာယ်ဆိုးတဲ့ စကားတွေနဲ့ချည်း နောက်တော့ ပြောင်တော့တာပဲ။ မိတ်ဆွေ အချင်းချင်း တွေ့ရင်လည်း 'ဘဝပျက်နေလို့ လက်ဖက်ရည်တိုက် စမ်းပါကွာ'ဆိုပြီး နောက်လေ့ ရှိတယ်။

သူဟာ အဲဒါတွေ များများသုံးပြီး နှစ်နှစ်၊ သုံးနှစ်အတွင်းလောက် မှာပဲ ရှိတဲ့အိမ် ရောင်းရတယ်။ အိမ်ငှားနေတဲ့ဘဝကနေ ထပ် အဆင် မပြေလို့ သူ့မိတ်ဆွေရဲ့ ဂိုဒေါင်မှာ ခိုကပ်နေရတယ်။ တကယ်ပဲ ဘဝပျက် သွားတာ တွေ့ဖူးတယ် မောင်လှ။

သူပြောနေတဲ့ စကားတွေဟာ အင်မတန် ကြောက်စရာ ကောင်းမှန်း သူသိတဲ့အချိန်လည်းကျရော ဂိုဒေါင်ရောက်သွားပြီ။ တချို့ ဈေးသည်တွေ မင်းကြားဖူးမှာပေါ့။ 'ဒါကုန်ရင် အရင်းပြုတ်ပြီဆိုပြီး' နောက်ပြောင် အော် ရောင်းတဲ့သူတွေ၊ သူတို့ရဲ့ဘဝဟာ တကယ်ပဲ လမ်းဘေးကနေ မတက် တော့ဘူး။ မင်း ဂရုစိုက်ပြီးကြည့်"

"အေး မင်း ပြောတာတွေ ဟုတ်တယ်ကွ။ ငါလည်း တွေ့ဖူးတယ်။ တို့အိမ်နားက ကလေးတွေ မွေးထားတာ ခြောက်ယောက်လား၊ ခုနစ် ယောက်လား မသိဘူး။ မိုးလင်းတာနဲ့ အယုတ္တ အနတ္တနဲ့ စ,တာပဲ။ ဟဲ့ မျိုးစမ်း၊ ဆို့စမ်း၊ သောက်ပင်းချစမ်း ဆိုပြီး ကြမ်းတမ်းတဲ့စကားတွေ မပါရင် ထမင်းဝိုင်းမပြီးဘူး။

ပြီးတော့ ထစ်ခနဲ ဆိုရင် နင်တို့တော့ သေတော့မယ်ဆိုတဲ့ စကား ဟာ မိုးမွှန်နေတာပဲ။ တစ်ခါတလေများ ဟဲ့ ထမင်းငတ်တွေ၊ ဘာညာနဲ့ မကြားဝံ့ မနာသာကွာ။ အဲဒီ ကလေးတွေဟာ အရွယ်တွေ ရောက်လာ ပြီး



www.burmeseclassic.com

www.burmeseclassic.com



စ,ရောက်လာပြီ။ ဒါပေမယ့် လူမွေးမပြောင်ဘူး။ သူတို့လည်း မပြောင် ရောင်ကြဘူးကွ”

“ဒါနဲ့များ ဟိုမှာ ရပ်နေတဲ့ မင်းတူမကို မင်း ဘာလို့ မဆုံးမတာလဲ”

“ဩော် ဒါကတော့ကွာ ငါနဲ့အတူနေတာမှ မဟုတ်တာ။ သူလည်း သူ့အိမ်ထောင်နဲ့သူ ဖြစ်နေတော့ မပြောချင်တော့ဘူး”

ကျွန်ုပ်က မေးငေါ့ပြလိုက်၊ မောင်လှက မေးငေါ့ပြလိုက်နှင့် သူ့အကြောင်း ပြောနေသည်ကို မည်သို့ ထင်သွားသည်မသိ။ ကလေးကို ချီပိုးရင်း ခြံတံခါးဖွင့်၍ ဝင်လာပြီး ကျွန်ုပ်တို့နှစ်ဦးရှေ့ ကြမ်းပြင်တွင် ထိုင်ချလိုက်တော့၏။ ပြီးမှ အိပ်မောကျစပြုနေသော ကလေးအား ပေါင်ပေါ်သို့ ပြောင်းတင်လိုက်ပြီး ကျွန်ုပ်တို့နှစ်ဦးအား မျက်တောင်မခတ် ကြည့်နေပြန်တော့၏။

“စကားလုံး သုံးနှုန်းတာတွေဟာ မယုံလို့ မရဘူး ဆိုတဲ့ အကြောင်း မင်းတို့ ငါတို့ လက်ခံသလို လူတွေ လက်ခံလာအောင် ငါ ဘယ်လို လုပ်ရမလဲ။ နေ့တိုင်းလိုလို စဉ်းစားတယ် မောင်လှရာ။ ဒီအကြောင်းတွေကို ပြောရင် ‘ဇမ္ဗူလက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်း’ ဆိုတာကို ထည့် မစဉ်းစားလို့ မရဘူး မောင်လှ”

“အေး ဟုတ်တယ်”

“ဟိုတုန်းက ရေလယ်ပြင်မှာ နွားလှည်းကြီးတွေ မောင်းသလို တကယ် ဖြစ်ခဲ့ရတာတွေ။ ဘူတာရုံမှာ သင်္ဘောကြီးတွေ ဆိုက်သလို တကယ် ကြုံခဲ့ရတာတွေ မင်းတို့ ငါတို့တော့ သိကြတယ်။ အသက် နှစ်ဆယ် ကျော်ဝန်းကျင် ဒီဘက်ခေတ် ကလေးတွေ မသိကြတော့ဘူး။ ဟုတ်တယ် မဟုတ်လား”

“ဟုတ်တယ်လေ”

“ဒါကြောင့်မို့ ငါတော့ ကြောက်တယ်။ နှုတ်က မဆင်မခြင် ထွက်လို့၊ အတိတ်မကောင်း နိမိတ်မကောင်းတွေ ထွက်လို့ ဒုက္ခရောက်ကြရတဲ့ အကြောင်းကိုသာ ပြောရမယ်ဆိုရင် သုံးရက်လောက် ဆက်ပြောရင်တောင် မကုန်လောက်ဘူး။ ငါ ခဏခဏ ကြားလည်း ကြားဖူးတယ်။ တွေ့လည်း တွေ့ဖူးတယ်။ ဦးနှောက်စားတယ် ဆိုတဲ့ စကား။ ဂေါက်တယ် ဆိုတဲ့ စကား။

အဲဒါကို နှစ်နှစ်ကာကာ သုံးတဲ့ကလေးတွေဟာ ရောဂါတစ်ခုခု စွဲနေကြတာ တွေ့ဖူးတယ်။ ဥပမာ သွေးတိုးတို့၊ နှလုံးတို့ လိုမျိုးပေါ့။ ခေါင်းမကောင်းတာတို့ ရူးပေါပေါကြီး ဖြစ်နေတာမျိုးတို့ပေါ့။ လူတိုင်းတော့ မဟုတ်ပါဘူး။ ဒါကြောင့် နိမိတ်မကောင်းတဲ့ စကားလုံးမျိုးတွေကို အတတ်နိုင်ဆုံး ဆင်ခြင်စေ့ချင်တယ်ကွာ”

“ဒါဆိုရင် မင်းကို ငါ မေးရဦးမယ်”

“အေး ပြော”



www.burmeseclassic.com

www.burmeseclassic.com



"ဥပမာကွာ ညညဆို တီဗွီက လာလေ့ရှိတယ်။ BOSS ဘောလ်ပင် ကြော်ငြာတာ။ အဲဒီမှာ စကားလုံးတစ်လုံးပါတယ်။ ဒီနေ့ ကံမကောင်းပါလား ဆိုတဲ့ စကားလုံး။ အဲဒါကျတော့ မင်း ဘယ်လိုမြင်လဲ၊ ပြီးတော့ ရှိသေးတယ်။ ဘာတဲ့ ခေါင်းလျှော်ရည် ကြော်ငြာတာလား မသိဘူး။ ဒီနေ့ တစ်နေ့လုံး အဆင်မပြေဘူး ဆိုတဲ့ စကားလုံးပါတယ်။ အဲဒါတွေကျတော့ ကဲ. . . "

"မောင်လှ မောင်လှ၊ မင်းနဲ့ငါနဲ့ဟာ တစ်ဆရာတည်း တပည့်ဖြစ်ရဲ့သားနဲ့ မင်း ဒီလို မေးတော့ ငါ အံ့ဩနေတယ်။ နိမိတ်ကောက်တဲ့ ပညာကို တို့တွေ သင်ခဲ့ရ၊ လေ့ကျင့်ခဲ့ရတုန်းက 'ပကတိ'နဲ့ 'ဝိကတိ'ကို အကြိမ်ကြိမ် အထပ်ထပ် သင်ခဲ့၊ လေ့ကျင့်ခဲ့ရတာ မင်း မေ့ကုန်ပြီလား"

"အေး မင်းပြောလည်း ခံရမှာပဲ သူငယ်ချင်း"

"မင်းပြောတဲ့ ကြော်ငြာတွေက နေ့တိုင်း လာနေကျလေကွာ။ ထိုင်ကြည့်နေရင် လာနေကျပဲ။ နေ့စဉ်လိုလို လာနေတဲ့ကြော်ငြာတွေမို့ အထူး နိမိတ်ကောက်စရာ မလိုတော့ဘူးလေ။ အကြောင်းနဲ့ အကျိုး တိုက်ဆိုင်မှု မရှိဘဲ ကိစ္စတစ်ခုခုလုပ်လိုက်ပြီး တီဗွီထိုင်ကြည့်နေတာက အဓိပ္ပာယ် မရှိဘူးလေ။

ဒီကြော်ငြာမလာခင် တခြားကြော်ငြာတွေ၊ ဇာတ်လမ်းတွေ အများကြီးလာနေတာပဲဟာ။ ဒါတွေ အကုန်ထိုင်ကြည့်နေရင်း ကြားညပ်ပြီး ပေါ်လာမယ့် ခုန မင်းပြောတဲ့ ကြော်ငြာတွေက ဝိကတိ နိမိတ် မဖြစ်နိုင်တော့ဘူး မောင်လှ"

"ဒီလိုဆို သီချင်းကိုတစ်ခွေလုံး ထိုင်နားထောင်နေပြီး မကောင်းတဲ့ နိမိတ်စကားပါတဲ့ သီချင်းတွေ နားထောင်သူတွေအတွက်ရော"

"အဲဒီလူတွေအတွက် ဒီသီချင်းက ဖျော်ဖြေမှုဖြစ်သွားပြီ။ အနုပညာရသ ခံစားမှုဖြစ်သွားပြီ။ ဝိကတိ မဟုတ်တော့ဘူး။ ကိစ္စတစ်ခုခုကြောင့် အဲဒီ ဆိုင်နားက ဖြတ်သွားတဲ့အချိန်မှာ အဲဒီ သီချင်းစာသားက သွားတဲ့ကိစ္စနဲ့ တိုက်ရိုက် ဆက်နွယ်နေတဲ့ အကြောင်း ဖြစ်နေတာကိုး။ ဒါဖြင့် တစ်ဖက်မှာ အကျိုးတစ်ခုခု ကြုံကိုကြုံရတော့မယ်လေကွာ။ ဆိုးကျိုးလား၊ ကောင်းကျိုးလား ဆုံးဖြတ်လာရတော့မယ့် ချိန်ခါသင့်လာတော့တာပေါ့။ ဒါ ဝိကတိနိမိတ် ဖြစ်သွားပြီ။

ဒီသီချင်းမတိုင်ခင် ငါ နားမထောင်မိဘူး။ ငါ ဆိုင်ရှေ့ရောက်တော့ ဒီသီချင်းစာသား ကြားတယ်။ ငါ သွားမေးမှာ လူမမာ၊ ဒီတော့ ခုနပြောတဲ့ အကြောင်းအကျိုး ဆက်နွယ်သွားပြီ။ တကယ်လည်း ကြုံသွားနိုင်တာပဲ၊ ရှင်းလား"

"အေး"

"ဟိုတလောက ကိစ္စလေးတစ်ခုနဲ့ ဆရာ့ဆီသွားတယ်။ ငါ့သူငယ်ချင်း တစ်ယောက်လည်း ပါတယ်။ သူက ရာထူးတက်ဖို့ ကိစ္စတစ်ခု ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ငါဆရာ့ဆီသွားတာ ဟိုမေးဒီမေးလုပ်ဖို့ မဟုတ်ဘူး။ အရင်က လည်း ရောက်ဖူးတော့ ဆရာ့ကိုခင်လို့ လိုက်လည်တာ။ အဲဒီမှာ အာလာပ သလ္လာပ ပြောကြရင်းနဲ့ ငါ့သူငယ်ချင်း ရာထူးတက်ဖို့ကိစ္စကို ရောက်သွား တယ်။ သူကလည်း ရာထူးတက်မယ်လို့ အသံကြားရင်း ကျန်ခဲ့ရင်း ဖြစ်နေ တာအခါပေါင်း မရေတွက်နိုင်တော့ဘူး။

ဒါကြောင့် သူ့ကို ခင်မင်ရင်းစွဲရှိတဲ့ ဆရာက ပြန်ခါနီးလည်းကျ ရော 'ကိုင်း မင်းတို့ပြန်ရင် နိမိတ်ကို ကြည့်သွား၊ မြင့်ရာက နိမ့်ရာကို ဆင်းတဲ့ နိမိတ်၊ ကျတဲ့နိမိတ်၊ ရွေ့လျောတဲ့ နိမိတ်ကို ဦးဆုံးကြားရ၊ မြင်ရ တွေ့ရလို့ကတော့ ရာထူးမတက်တော့ဘူး အောက်မေ့ပေတော့။ သွားကြ တော့' ဆိုပြီး မှာလိုက်တယ်။ ဘယ်ရမလဲ တို့နှစ်ယောက်ကလည်း ဘာ စကားမှ မပြောတော့ဘူး။ သူကလည်း ဘုရားစာ တိုးတိုးရွတ်၊ ကိုယ်က လည်း ဂါထာတွေ၊ ပရိတ်တွေ တိုးတိုးရွတ်ပြီး စကားမပြောဘဲ လျှောက် လာလိုက်ကြတယ်။ နိမိတ်မကောင်းတာ တွေ့မှာစိုးလို့ ဘေးဘီတောင် သိပ်မကြည့်ကြဘူး။ ခေါင်းကြီးတွေ ငုံ့လို့ပေါ့ကွာ။

ဒါနဲ့ မြောက်ဒဂုံကနေ တောင်ဥက္ကလာကိုပြန်ဖို့ အငှားကားတားရော ဆိုပါတော့။ ကားဒရိုင်ဘာက ဘာပြောလဲဆိုတော့ လက်နှစ်ချောင်း ထောင်ပြပြီး 'နှစ်ကျပ်'တဲ့။ ငါ့စိတ်တွေ အရမ်းလေးသွားသလို ငါ့သူငယ်ချင်း လည်း မျက်စိမျက်နှာပျက်သွားတယ်"

"ဘာဖြစ်လို့လဲ"

မျက်ခုံးရှုံ့ မေးလိုက်သော မောင်လှ၏ အမေးကြောင့် ကျွန်ုပ် အသာပြုံးသွားပြီး . . .

"မင်းကို ငါမေးမယ်၊ ငွေ နှစ်ရာနဲ့ ငွေနှစ်ကျပ် ဘယ်ဟာ များလဲ"

"နှစ်ရာ များတာပေါ့ကွာ၊ ကလေးသွားမေးတောင် သိတဲ့ဥစ္စာ"

"အေးလေ ဟုတ်ပါပြီ။ တန်ဖိုးများတဲ့ နှစ်ရာကျတာကို နှစ်ရာ မပြောဘဲ တန်ဖိုးနည်းတဲ့ နှစ်ကျပ်ကို ပြောတာ၊ ဆင့်ကဲတိုးတက်တဲ့ စကားလား၊ မြင့်ရာက နိမ့်ရာကို ရွေ့လျားသွားတဲ့ စကားလား၊ မင်း စဉ်း စားကြည့်"

မောင်လှသည် ကျွန်ုပ်၏ စကားကို နားထောင်နေရင်းမှ တစ်ခုခုကို သတိရသွားဟန်၊ သဘောပေါက်သွားဟန်နှင့် ခေါင်းကို ဟိုမော့ဒီမော့ လုပ်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေလေတော့၏။

"အဲဒီလို တန်ဖိုးများတာကနေ တန်ဖိုးနည်းသွားတာကို မြင့်ရာက နိမ့်ရာရောက်သွားတာကို ငါရော ငါ့သူငယ်ချင်းရော သဘောပေါက်လိုက် တယ်။ ငါက သူစိတ်မကောင်းမှာစိုးလို့ ဘာမှ မပြောဘဲ တိတ်နေသလို သူကလည်း ဒီတစ်ခါတော့ သွားပြန်ပြီ ဆိုတဲ့ အသံတိတ်ခံစားချက်နဲ့ ငြိမ်သွားတော့တာပဲ။ နောက်တော့ ရာထူးတက်တဲ့အထဲမှာ သူ ပါမလာ တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သိရသလောက်တော့ အင်း. . . အငှားကားမောင်းတဲ့ လူတိုင်းလိုလို အဲဒီလိုပဲ ပြောနေကြသလားလို့"

"ဘာလဲ မင်းက ဝိကတိ မဟုတ်ဘူး ပြောချင်ပြန်တာလား၊ ခုန ငါပြောပြီးပြီလေ။ ဆရာက ပြောလိုက်တယ်။ တို့နှစ်ယောက်က သတိကို အထူးထားပြီး သွားတယ်။ ဦးဆုံး စတွေ့တဲ့ နိမိတ်ကို စကောက်ဖို့၊ နားထောင်ဖို့၊ ဖွင့်ဆိုဖို့၊ သုံးသပ်ဖို့၊ အဓိပ္ပာယ် ဖော်ဆောင်ဖို့ အဲဒါ အရေးကြီးဆုံးပဲလေ။ ဆရာကလည်း ဦးဆုံးနိမိတ်ကိုပဲ ပြောလိုက်တာကိုး။ ငါတို့က ဂိတ်တစ်ခုခုကနေ အငှားကားတွေကိုထိုင်ပြီး နိမိတ်ကောက်နေတာမှ မဟုတ်တဲ့"

ဒါပေမယ့် သတိရှိရှိနဲ့ လေ့လာကြည့် လက်တွေ့က ပိုကောင်းပါတယ်။ အလိုလိုနေရင်း နှုတ်တွေက စီးနေလား မသိဘူး။ အငှားယာဉ်မောင်း တော်တော်များများကို ပြောနေကြတာ မောင်လှ။ ဒါကို စတိုင်လို့ ခေါ်တာပဲလား။ ငါ သုံးသပ်လေ့လာကြည့်တယ်။ စတိုင် ဆိုရင်လည်း၊ ထွင်တာ ဆိုရင်လည်း၊ ခေတ်ရေစီးကြောင်း ဆိုရင်လည်း အတိတ်ကောင်း နိမိတ်ကောင်းသာ ဖြစ်သင့်တာပေါ့။ မြင်သင့်တာပေါ့။

လူဆိုတာ ကိုယ့်ကိုယ်ကိုယ် မြှင့်မှ မြင့်တာ မောင်လှရဲ့။ ခုဟာက မြင့်လာအောင် မြှင့်တာလား၊ နိမ့်ဆင်းသွားအောင် နှိမ့်ချလိုက်တာလား ဆိုတာ သိပ်စဉ်းစားတွေးခေါ်နေစရာတောင် မလိုဘဲ သာမန် နားထောင်ရုံနဲ့တင် သိလောက်ပါတယ်။ လူတိုင်း သိလောက်တယ်။

ဒါပေမယ့် စရိုက်ဆိုတာ အလေ့အကျင့်ပေါ် မူတည်တယ်။ အလေ့အကျင့်ဆိုတာ သတိပေါ် မူတည်တယ်။ အဓိပ္ပာယ်နှုန့်နဲ့တဲ့ စကားလုံးတွေကို သတိရှိရှိနဲ့ ထိန်းချုပ်လာနိုင်ရင် တဖြည်းဖြည်း အလေ့အကျင့် ရလာမှာပဲ။ အလေ့အကျင့်ကောင်းတွေ ပြုလာရင် စရိုက်ကောင်းတွေ ဖြစ်လာမှာပဲ။ ငါတော့ ဒီလိုပဲ မြင်တယ်"

ကျွန်ုပ်သည် စကားကို ခေတ္တ နားလိုက်ရင်း မောင်လှ၏ မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

"လူတွေဟာ အတိတ်ကောင်း၊ နိမိတ်ကောင်းဆိုရင် လက်ခံကြတယ်။ အတိတ်ဆိုး၊ နိမိတ်ဆိုး ဆိုရင် လက်မခံချင်ကြဘူး။ ညင်ညင်သာသာလေး ဆန့်ကျင်တတ်ကြတယ်"

"အေး မင်းပြောသလို ဆိုရင်တော့ ဟုတ်တယ်ကွ"

"ငါ တွေ့ဖူးတယ်။ မိန်းကလေးတစ်ယောက်ဟာ စကားတစ်ခွန်းကို ပြောတော့မယ်ဆိုရင် 'စိတ်ညစ်လိုက်တာ'ဆိုတဲ့ စကားစုက အမြဲပါတယ်။ သူ့ကို သူများက နောက်ရင် ပြောင်ရင်လည်း အဲဒီ စိတ်ညစ်လိုက်တာ ဆိုတာကြီးကိုပဲ တွင်တွင်ပြောတော့တာပဲ။ တကယ်လည်း သူ့ဘဝမှာ စိတ်ညစ်စရာတွေ ဒုနဲ့ဒေး ကြုံနေရတယ်။

ဒုက္ခပါပဲ ဆိုတဲ့ စကားလုံးကို လှိုင်လှိုင် သုံးတတ်တဲ့ လူတော်တော်



www.burmeseclassic.com

www.burmeseclassic.com



များများကို ငါ လေ့လာခဲ့ဖူးတယ်။ အဲဒီလူတွေထဲက စကားပြောတိုင်း 'ဒုက္ခပါပဲ'ပါတဲ့ လူတစ်ယောက်ကိုတော့ ထူးထူးခြားခြား သတိထားမိတယ်။ ဘာလို့လဲ ဆိုတော့ တကယ်လည်း ဒုက္ခပင်လယ်ဝေနေတဲ့ သူမို့လို့ပဲ။ သူ့အတွက်က ဒုက္ခဆိုတဲ့ အကြောင်းတရားတွေဟာ အဖော်ကောင်းတွေ လိုပဲ မခွာကြတော့ဘူး။ တကောက်ကောက်ကို လိုက်နေကြတော့တာပဲ။

တချို့ရှိတယ်။ စကားပြောရင် ဒါမှမဟုတ် ကိုယ့်သားသမီး ကိုယ်ဆူရင် 'သေတော့မှာပဲ'ဆိုတဲ့ စကား လှိုင်လှိုင်သုံးတဲ့ သူတွေ ရှိသေးတယ်။ ထစ်ခနဲဆိုရင် 'သေတော့မှာပဲ'ဆိုတဲ့ စကားအမြဲသုံးတဲ့အကျင့်ကြီး ပါနေကြတယ်။ ဝစီကံ ဆိုတာ 'ဝစီဘေဒ၊ ထိတိုင်းရှ'ဆိုတဲ့ စကားတောင် ရှိသေးတာပဲကိုး မောင်လှရဲ့။ နှုတ်ဝစီဆိုတာ မင်္ဂလာရှိတဲ့ ကျက်သရေရှိတဲ့ စကားပဲ ထွက်သင့်ပါတယ်။ မင်္ဂလာမရှိတဲ့စကား ထွက်တဲ့သူဟာ မင်္ဂလာရှိတဲ့သူ ဖြစ်လာပါ့မလား။ ကျက်သရေမရှိတဲ့ စကားတွေချည်း ထွက်နေတဲ့သူဟာ ကျက်သရေရှိတဲ့သူ ဖြစ်လာပါ့မလား။ မင်း စဉ်းစားကြည့် မောင်လှ"

"ဒါ သဘာဝ ကျပါတယ်။ ဆီလျော်ပါတယ်"

"ငါကတော့ကွာ၊ ဦးနှောက် နုနယ်သေးတဲ့ လူငယ်လေးတွေရဲ့ ဦးနှောက်တွေ၊ နှလုံးတွေ၊ နှုတ်ဖျားတွေမှာ ခုန ပြောခဲ့တဲ့ အတိတ်ဆိုး၊ နိမိတ်ဆိုး စကားတွေ စိမ့်ဝင် ပျံ့နှံ့သွားမှာ သိပ်စိုးရိမ်မိတယ် မောင်လှရာ။ ဒါကြောင့် အဓိပ္ပာယ်ဆိုးတဲ့ စကားတွေကို မသုံးမိအောင် အတတ်နိုင်ဆုံး ထိန်းသလို လူငယ်လူရွယ်လေးကိုလည်း မသုံးမိအောင် အတတ်နိုင်ဆုံး ငါ ကြိုးစားတယ်။ ဆက်လည်း ကြိုးစားဦးမှာပဲ"

"ဒါကလည်း မင်း ပြောသလိုဆို ခံယူချက် ရှိဦးမှကွ။ အတိတ်နိမိတ်ဆိုတာကိုလည်း ယုံကြည်ဦးမှ။ ဒါမှ နှုတ်ဝစီတွေ ဆင်ခြင်ကြတော့မပေါ့ သူငယ်ချင်းရဲ့"

"ဘာပဲ ဖြစ်ဖြစ်ပေါ့ကွာ၊ ငါကတော့ ကြိုးစားမှာပဲ"

"ကိုင်း ဒါဖြင့်လည်း ကြိုးစားတဲ့အနေနဲ့ အဲဒီ သူငယ်မကိုလည်း နည်းနည်းဆုံးမပေးပါဦး။ ပြီးရင် ကလေးလေးကိုလည်း နာမည်ပေးပေးပါဦး။ ပြီးရင်. . ."

"ဘာဖြစ်လဲ ပြီးရင်. . ."

"အတိတ်ကောင်း၊ နိမိတ်ကောင်း နာမည်ရှိတဲ့ ထမင်းဆိုင်မှာ ငါ့ကို ထမင်းလိုက်ကျွေးပါလားလို့"

"မင်းကွာ"

❖ ❖ ❖

(နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် ၁၆၉)



www.burmeseclassic.com

www.burmeseclassic.com

## မကြီးပွားရခြင်း အကြောင်းများ (၁)

"တယ် ဒီကလေးနှယ်၊ ခုထိ မတိတ်နိုင်ဘူး"

အသံရှင်သည် အသက်သုံးဆယ်ကျော်ခန့် မိန်းကလေးဖြစ်ပြီး၊ ထိုမိန်းကလေး၏ရှေ့တွင် အသံမတိတ်စတမ်း ငိုအီနေသော လေးနှစ်သာသာခန့် ကလေးတစ်ဦး ထိုင်နေ၏။

ထိုကလေး၏ ဘယ်ဘက်ဘေးတွင် အမျိုးသားတစ်ဦးရှိပြီး ထိုအမျိုးသားမှာ အင်္ကျီမပါ ဗလာကိုယ်လုံးတီးနှင့် အရောင်အဆင်း မရှိတော့ပြီဖြစ်သော ပုဆိုးကြမ်းကွက်တစ်ထည်ကို ဒူးလောက်ထိ တိုတိုဝတ်ထား၏။ ဆေးပေါ့လိပ်တိုကို မီးမညှိ ဘာမညှိ ကိုင်ထားပြီး၊ ကလေးကို ပြုံး၍ကြည့်နေ၏။

အမျိုးသားမှာ ခြေနှစ်ချောင်းကား၍ ဒူးထောင်ထားသော အနေအထားမှ တင်ပျဉ်ခွေသို့ ပြောင်းထိုင်လိုက်ပြီး ကလေးကို လက်တို့၍ စနေပြန်၏။ ကလေးမှာ အသံကိုမြှင့်၍ အော်ပြန်လေသောကြောင့်. . .

"ကဲ ဆရာအုန်း ဒီမှာတော့ စကားပြောလို့ရမှာ မဟုတ်တော့ဘူး။ ကျွန်တော့် နားထဲကို ဆူညံလာပြီ။ လာ ထ။ သွားစို့"

"သူတို့မိသားစုကြည့်ရတာ တစ်နေရာမှာ ဈေးရောင်းပြီး ပြန်လာကြတာနဲ့ တူတယ်နော် ဆရာ။ ဘေးမှာလည်း တောင်းတွေ ပလုံးတွေနဲ့"

ဆရာအုန်းသည် နောက်မှ စကား တပြောပြောနှင့် လိုက်လာ၏။ ဘုရားမုခ်ဝသို့အရောက်တွင် ဖိနပ်ချွတ်လိုက်ကြပြီး၊ တနင်္ဂနွေထောင့်ဘက်ဆီသို့ လျှောက်သွားလိုက်ကြ၏။

"ဆရာ ဒီနေရာလေး အေးတယ်၊ ထိုင်မလား။ တနင်္ဂနွေထောင့်ပဲ"

"ထိုင်လေ"

"ခုန တန်ဆောင်းထဲထက် စာရင် ဆရာ နားအေးတာပေါ့"

"ကျွန်တော် ဘဝင်မကျတာက ကလေးအဖေပဲ ဆရာအုန်း။ ကျွန်တော် အကဲခတ် ကြည့်တယ်။ အဲဟို ကလေးမလေးက ကြော်လော်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းချတဲ့သူ ဖြစ်ပုံရတယ်။ ဒါကြောင့် ပင်ပန်းနေတဲ့ပုံ ရှိတယ်။ ကလေးက မအေမှမအေဆိုပြီး ကပ်ချင်နေသလို ဖြစ်နေတယ်။ ဒါကို ဟိုလူက မထိန်းတဲ့အပြင် ကလေးကို မငိုငိုအောင် စ နေတော့ ဟိုကောင်မလေး ခမြာ ညည်းညူနေတဲ့အဖြစ် ရောက်ကရော"

ဒီနောက်တွင်တော့ အလိုက်ကန်းဆိုး မသိတတ်သူများအကြောင်းကို ရောက်တတ်ရာရာ ပြောနေဖြစ်ကြတော့၏။

"လူတွေမှာ မကြီးပွားခြင်းအကြောင်း ဆိုတာတွေ ရှိတယ်ဗျာ ဆရာအုန်းရဲ့။ ဒါတွေကို ခလုတ်တိုက်သွားနေသမျှ ကျော်သွားနေသမျှ ကာလပတ်လုံး ကြီးပွားချမ်းသာဖို့ ဆိုတာ နည်းနည်း ဝေးနေကြဦးမှာလို့ ကျွန်တော် သိပ်ပြောချင်တာပဲ"

"မကြီးပွားခြင်း အကြောင်းဆိုတာ ဘာတွေနဲ့ဆိုင်လဲ ဆရာ။ ရှောင်လို့တိမ်းလို့ ဆင်ခြင်လို့ရော မရနိုင်ဘူးလား"

"မရနိုင်ဘူး။ ဘာလို့လဲဆိုတော့ ဆင်ခြင်လို့ ရနိုင်ရက်သားနဲ့ မဆင်ခြင်ကြလို့ မရနိုင်ဘူး"

"ဗျာ"

"မဗျာနဲ့ ဟုတ်တယ်။ လူဆိုတာ 'အပျော်များရာမှာကျင့်၊ အကျင့်များရာမှာပျော်'ဆိုတာရှိတယ်။ အလေ့အကျင့်ပေါ် မူတည်တယ်။ အလေ့အကျင့်ဆိုတာ သတိပေါ်မှာ မူတည်တယ်။ အဲဒီသတိဟာ အရေးအကြီးဆုံးပဲ။ သတိ မထားမိလို့ဆိုတာ ပြန်မရနိုင်တော့တဲ့ အခြေအနေကို ပြောပြနေတာနဲ့ အတူတူပဲ။

အဲဒီလို သတိမထားမိလို့ ဆိုတာထက် ပိုဆိုးတာက သတိရှိပါရက်နဲ့ ဖွတ်ပေပြီး လုပ်ဖြစ်သွားတဲ့ အကြောင်းတရားတွေပဲ။ ပမာပြောမယ်။ အိပ်ရာက စောစောထရင် မင်္ဂလာရှိတယ်ဆိုတာ လူတိုင်း သိတယ်။ ဆရာအုန်း မသိဘူးလား"

"သိပါတယ်"

"အဲ သိတော့သိတယ် ထ ရော ထ လား"

"ခုနောက်ပိုင်း ထ ဖြစ်ပါတယ် ဆရာ"

"အဲဒါမျိုးပေါ့ ဆရာအုန်းရဲ့။ ပါးစပ်ထဲမှာ ထမင်း ပလုတ်ပလောင်း စားပြီး စကားတပြောပြော လုပ်နေတာ တဖြည်းဖြည်း ဆင်းရဲလာတတ်တယ်လို့ လူတိုင်းလိုလို သိတယ်။ ဒါပေမယ့် မဆင်ခြင်နိုင်ကြဘူး။ ဒီတိုင်းပဲ ထမင်းလုတ်ကို လျှာထုတ်သွင်းတာ၊ ပျပ်ပျပ် ဆိုတဲ့ အသံမြည်အောင် စားတာလည်း ဒီတိုင်းပဲ။ မဆင်ခြင်ကြဘူး။

ခုန ဟိုတန်ဆောင်းထဲမှာ ကလေးကို မငိုငိုအောင် စ နေတဲ့ လူကို ကြည့်ရင်းနဲ့ လူတစ်ယောက်ကို သွားသတိရတယ်။ သူကတော့ သိပ် ရင်းရင်းနှီးနှီး မဟုတ်ပေမယ့် မဆိုစလောက်တော့ ခင်ပါတယ်။ တစ်နေ့ မိဘလိုနေတဲ့ သာသနာပြု ပုဂ္ဂိုလ်ကြီးတစ်ဦးရဲ့ မွေးနေ့အလှူကို အသွား



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူနဲ့ သွားဆုံတယ်။ သူက ခုနပြောတဲ့ ဆရာကြီးဆီကို လာတာပဲ။ ဒါပေမယ့် သူ့မိသားစုနဲ့ လာတာ။

အဲဒီမှာ ဘာဖြစ်လာလဲဆိုတော့ သူ့မှာ ငါးနှစ်သာသာလောက် ရှိမယ့် ကလေးတစ်ယောက် ပါလာတယ်။ အဲဒီကလေးက မုန့်တွေ အတင်း ထည့်ခိုင်းပြီးတော့ မကုန်ခင် နောက်တစ်ပန်းကန် ထပ်ထည့်ခိုင်း၊ လက်တွေနဲ့နယ်။ သူ့အဖေက ပြုံးကြည့်၊ မပြောရဲ။ ပြောရင် ကလေးက ဝုန်းဒိုင်းကြဲ ငိုဆိုတော့ ကလေးလုပ်သမျှ ငြိမ်နေရ၊ မအေကလည်း ပြုံးကြည့်နေ"

"ဟင် လူတောထဲမှာ ရုပ်ပျက်လိုက်တာ"

"သူများက ကိုယ့်ကလေးကိုချစ်တာ ကောင်းလား၊ မုန်းတာ ကောင်းလား ဆိုတာ မစဉ်းစားတော့ဘူး။ အဲဒီကလေးက ဟိုဟာကိုင်ချင်တယ်ဆို ဆွဲယူပေး၊ ဒီဟာ ဆော့ချင်တယ်ဆို ဆွဲယူပေးနဲ့။ ခုန ဆရာကြီး ခမြာမှာ ခေါင်းတညိတ်ညိတ်နဲ့ ကြည့်နေရတယ်။ သူများ အလှဆင်ထားတဲ့ ဗီရိုပေါ်က ပစ္စည်းမှန်းမသိ ယူပေး၊ ပစ္စည်းလေး ကျ၊ ကျိုးသွားနဲ့"

"ဟာ. . ."

"အဲ စဉ်းစားကြည့် ဘယ်လောက် စိတ်ညစ်ဖို့ ကောင်းလိုက်မလဲ။ အဲဒီလို လူမျိုးတွေ ကျွန်တော် လေ့လာကြည့်တယ်။ မကြီးပွားကြဘူး။ ကြီးပွားရင်လည်း အပြောခံ အဆိုခံနေရတဲ့ ပြဿနာနဲ့ မကင်းကြဘူး။ ခင်ဗျား သတိထားကြည့်ပေတော့။ သူတို့ကို မြင်လိုက်တာနဲ့ အဲဒါတန်းပြော မြေကြီးလက်ခတ်မလွဲဘူး။ အခု ကျွန်တော် ပြောတဲ့ လူဆိုရင် ရှိသလိုလိုနဲ့ မွဲနေတယ်။ ပြဿနာတွေကလည်း မကင်းဘူး"

ကျွန်ုပ်သည် စကားပြောနေရာမှ ဆရာအုန်းအား အကဲခတ် နေလိုက်၏။ ဒေါင်လိုက်စင်းလွယ်အိတ်ကြီးအား ပေါင်ပေါ်တင်၍ ကျွန်ုပ်အား မျက်တောင်မခတ်ကြည့်ပြီး နားထောင်နေသော ဆရာအုန်းသည် အနည်းငယ် ပြင်ထိုင်လိုက်၏။ ကျွန်ုပ်နှင့်တွေ့၍ ယခုလို ပညာပေးခြင်း ပြုသည့်အခါ ဒေါင်လိုက်စင်းလွယ်အိတ်ကြီးထဲမှ ကွမ်းဘူးထုတ်ပြီး ကွမ်းယာစားရန် ကိုပင် မေ့နေလေ့ရှိ၏။

"လူတွေမှာ အပျက်သဘောဆောင်တဲ့ စကားလုံး အသုံးများလာ ပြီရင် အပျက်သဘောပဲ ဆောင်သွားတတ်တယ်ဆိုတာကိုတော့ ဆရာအုန်း မမေ့နဲ့။ အသိတစ်ယောက် တွေ့ဖူးတယ်။ ခုတော့ မရှိတော့ဘူး။ စကား ပြောရင် 'အသည်းအသန်၊ အသည်းအသန်'နဲ့ ဘာမှန်းမသိဘူး။ ဒီလိုနဲ့ ပြောလာလိုက်တာ တစ်နေ့ လမ်းမှာ မျက်စိပျက်မျက်နှာပျက်နဲ့ ဟိုကြည့် ဒီကြည့် ရပ်ကြည့်နေတာ တွေ့လို့မေးလိုက်တော့ သူ့အမေ အသည်း အသန်ဖြစ်လို့ ဆိုက်ကား ငှားနေတာတဲ့"

"စကားနိမိတ်များနော်"

"ဒါတင် ဘယ်ဟုတ်ဦးမှာလဲ။ သူ့အမေ ဆုံးပြီး တစ်နှစ်ကျော်ကျော် မှာ သူလည်း ဆုံးသွားတယ်။ မဆုံးခင် အသည်းအသန် ဖြစ်နေတယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



သတင်းကို လမ်းမှာ သူ့မိန်းမ ပြောလို့ ကြားရတယ်။ အဲဒီ အသည်းအသန် ဇာတ်လမ်းတော့ ရပ်သွားပြီ။ ပြောသူမှ မရှိတော့ဘဲကိုး"

"ဆရာပြောတာ ကျွန်တော် ရှင်းသလိုလိုနဲ့ ဝေနေတယ်။ ဘယ်လို အသည်းအသန် ပြောတာလဲ ဆရာ"

"ဟော ဟုတ်တိပတ်တိ နားထောင်နေပြီးမှ အဖျားရှူးပြန်ပြီ"

"ဟဲ ဟဲ ကျွန်တော်. . ."

"ကဲပါ နားထောင်။ သူစကားပြောရင် အဲဒီ အသည်းအသန် ဆိုတဲ့ စကားလုံး မပါရင် မပြီးဘူး။ ဥပမာ ကားစီးဖို့ စောင့်နေလို့ ကားလာရင် ကားတွေက ကျပ်နေတယ် ဆိုပါတော့။ ကားတွေကလည်းကွာ အသည်း အသန်။ လက်ဖက်ရည် မှာသောက်လို့ နည်းနည်းလေး ချိုသွားရင် လက် ဖက်ရည်ကလည်း အသည်းအသန် ချိုနေတာပဲ။ အဲ အဲဒါမျိုးတွေပေါ့။

တစ်ယောက်ယောက်နဲ့ ရပ်စကားပြောလို့ တစ်ဖက်သူငယ်ချင်းက သွားတော့မယ်ကြံရင် မင်းကလည်းကွာ အသည်းအသန်ကြီး နေပါဦးလား ဆိုတာမျိုး။ ပစ္စည်းတစ်ခုဝယ်လို့ ဈေးကြီးရင် ဟာ အသည်းအသန်ကွာ ဆိုတာမျိုး။

နောက်ဆုံး သူ့ကို ကိစ္စရှိလို့ သူ့အမေက လူလွှတ်ခေါ်ခိုင်းရင် ငါ့အမေကလည်းကွာ အသည်းအသန်ဆိုပြီး ပြောလေ့ရှိတဲ့ လူမျိုးပေါ့ ဆရာအုန်းရယ်။ ဗိုက်ဆာတယ်ပြောရင် ရိုးရိုးမပြောဘူး။ ငါ အသည်းအသန် ဆာနေပြီလို့ အမြဲပြောတယ်"

"စကားနိမိတ်ဟာနော်"

ဆရာအုန်း ဤတစ်ကြိမ် ပြောသော စကားနိမိတ်ဆိုသည့် အသုံးနှုန်း မှာ ပထမပြောခဲ့သည်ထက် ပိုပြီး သဘောပေါက်သွားပြီမှန်း ကျွန်ုပ် ရိပ်မိ လိုက်၏။ ဆရာအုန်းသည် ဒေါင်လိုက်စင်း လွယ်အိတ်ကြီးထဲမှ ကွမ်းဘူး လေးကို ထုတ်၍ အဖုံးဖွင့်လိုက်ပြီး ကွမ်းတစ်ယာ ယူငုံလိုက်၏။ ကျွန်ုပ် သည် ရင်ပြင်တော်အား တံမြက်စည်းလှည်းနေသော ကလေးငယ်တစ်ဦး ဆီသို့ ပီတိဖြင့် ငေးနေမိ၏။

"ကျွန်တော်တို့ ငယ်ငယ်က ဦးစိန် ဆိုတဲ့ သူဌေးတစ်ယောက် ရှိခဲ့ဖူးတယ် ဗဟန်းဘက်မှာ။ အဖေတို့ အမေတို့နဲ့ သိပ်ခင်တာပဲ။ ကျွန်တော် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်မှာ ကိုရင်ဝတ်တော့ ဦးစိန်က 'ဆီ'ကို ပီပါလိုက် လိုသလောက် ပေးခဲ့တယ်။ ကျေးဇူးရှိတယ်ပေါ့ဗျ။

အဲဒီ ဦးစိန်ကြီးမှာ သားသုံးယောက်ရှိတယ်။ နည်းနည်းလေး လေးငါးနှစ်လောက်အရွယ်တွေ ရလာကြတော့ နံနက်မိုးလင်းရင် အိမ်ရှေ့ မှာတန်းစီပြီး မတ်တတ် ကျင်ငယ်စွန့်ကြတယ်။ မျက်စိက မဖွင့်ကြဘူး။ ငိုပြီး အီနေတာပဲ။ ဘာမှန်းလည်း မသိဘူး။ ဒီကောင် သုံးကောင်ဟာ အမွှာတွေတော့ မဟုတ်ဘူး။ ဒါပေမယ့် ရွယ်တူတွေလို ဖြစ်နေတယ်။

တစ်နေ့ကို အနည်းဆုံး တစ်နာရီလောက် အဲသလို အီတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြာလဲ။ ဦးစိန်ကြီးဟာ တဖြည်းဖြည်း မွဲတဲ့ဘဝကို ရောက်သွားတော့တာပဲ။ ဒီကောင်တွေ အရွယ်ရောက်လာတော့ ဦးစိန်ကြီး ဘာမှ မလုပ် နိုင်တော့ဘူး"

"အဲဒါမျိုး ကျွန်တော်လည်း မြင်ဖူးတယ် ဆရာ။ အညာမှာ မိုးလင်းရင် ကလေးကို အိမ်ရှေ့မှာ အပေါ့အပါး ထိုင်ခိုင်းတဲ့ မိဘမျိုးတွေ မြင်ဖူးတယ်။ ကလေးတွေကလည်း အဲလို့ ဆရာ ပြောသလိုပဲ မွဲလိုက်ကြတာ။ ဘာလုပ်လုပ် အဆင်မပြေဘူး"

"မင်္ဂလာကျက်သရေယူရမယ့် အိမ်ရှေ့မှာ မင်္ဂလာချိန်ခါဖြစ်တဲ့ နံနက်ခင်း နေထွက်ခါစမှာ အ,မင်္ဂလာလုပ်နေလို့ ဘယ်လိုလုပ် ချမ်းသာ ပါ့မလဲ။ သူတို့ ချမ်းသာမှုတွေရော၊ ဘယ်လောက် ခံနိုင်ပါ့မလဲ၊ ဆရာအုန်း စဉ်းစား။ ဒါကြောင့်. . . "

"ဆုံးမသင့်သောအရာ၌ ဆုံးမရာ၏။ မပြတ် ဆုံးမရာ၏။ ယုတ်မာသော အကျင့်မှာလည်း တားမြစ်ရာ၏။ ထို ဆုံးမတတ်သောသူကို သူတော်ကောင်းတို့သည် ချစ်ခင်အပ်သည် ဖြစ်၏လို့ လောကနီတိမှာ လာတယ် ဆရာအုန်းရဲ့၊ ရှေးပညာရှိတွေ ဆုံးမထားတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"အမူအကျင့်ဆိုး၊ စရိုက်ဆိုးနဲ့ ခေတ်မီအောင်နေတာမျိုး၊ အကုသိုလ်နဲ့ ခေတ်မီအောင်နေတာမျိုး ဖြစ်မလာရလေအောင် ကိုယ့်သားသမီး လေးတွေကို ငယ်ငယ်တည်းက ပုံသွင်းသင့်တယ်။ ဆုံးမသင့်တယ်။ ဘာလို့ ကျွန်တော် ဒီစကား ပြောရလဲဆိုတော့ ကလေးမတစ်ယောက်ကို သွား သတိရလို့ပဲ။

တစ်နေ့ ကျွန်တော့်ဆီကို မိသားစုတစ်စု လာကြတယ်။ အမျိုးသမီးက စင်ကာပူမှာ အလုပ်သွားလုပ်ပြီး မြန်မာပြည်မှာ ဘာ စီးပွားလုပ်ရင် ကောင်းမလဲဆိုတာ လာမေးတာ၊ အသက်က သုံးဆယ့်ငါးနှစ် ရှိပြီ။ သူ့ကလေး သုံးတန်းကျောင်းသားလေးတစ်ယောက်ရယ်၊ သူ့အမေရယ်၊ သူခိုင်းနေတဲ့ ကလေးမလေးတစ်ယောက်ရယ်၊ သူရယ် လေးယောက် လာကြတာပေ့ါ။

ဘာဖြစ်လဲဆိုတော့ သူ့အမေက တစ်ခွန်းဝင်ပြောလိုက်ရင် အမေ တို့က အသာနေစမ်းပါ ဆိုပြီး ထ,ထအော်တယ်။ သူ့အမေကြီးက မျက်နှာ ငယ်လေးနဲ့။ သုံးလေးခါ ဝင်ပြောမိရင် အို အမေတို့က နေရာတကာ ရှုပ်ကိုရှုပ်လွန်းတယ်။ တိတ်တိတ်နေပါဆိုနေ ဆိုပြီး ထအော်တယ်။

တစ်အောင့်လောက်ကြာတော့ ကဲ အမေသွား။ အမေ့မြေးကို မုန့် သွားဝယ်ကျွေးလိုက်ဆိုပြီး နှင်ပါလေရော။ ပါးစပ်ကလည်း ကျွတ်ကျက်နဲ့ စုတ်သတ်တဲ့ အသံတွေပြုပြီး သူ့အမေကို လက်တကာကာနဲ့"

"ဟာဗျာ အဲဒါကတော့"

"ကျွန်တော်လည်း ကြည့်ရတာ ထူးဆန်းနေတယ် ဆရာအုန်း။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ သူလာရင်းကိစ္စကို မပြောချင်ပြောချင်နဲ့ အကြံပေးလိုက်ရ တယ်။ ဒါပေမယ့် မှာလိုက်တယ်။ နင့်မွေးနေ့ရောက်တိုင်း နင့်အမေ ခြေ ဆေးရည်နဲ့ ခေါင်းလျှော်ရလိမ့်မယ်။ ဒါမှ စီးပွားဖြစ်လာမယ်လို့ မှာလိုက် တယ်။ သူက ရယ်တယ်။ ပခုံးတွန့်ပြီး ရယ်တယ်။ ခြုံပြောရရင် နောက် ပိုင်းတော့ စီးပွားတွေလုပ်ရင်း ကုန်တာပါပဲ။ သူများ အယုံသွင်းပြီး ငွေတွေ ချေးလို့ ကုန်လိုက်တာလည်း ပြောင်ခမန်းပဲ။ မကြီးပွားခြင်း အကြောင်းတွေ ကိုရင်ဝယ်ပိုက်ထားသူတို့ရဲ့ သွားရာလမ်းပေါ့ ဆရာအုန်းရယ်။

ကျွန်တော့်အတွေ့အကြုံအရမိဘကိုအဲဒီလိုခပ်ကြမ်းကြမ်းပြန်ပြောကြတဲ့ သားသမီးတွေအများကြီးတွေ့ခဲ့ဖူးပြီကြီးပွားချမ်းသာတယ်ဆိုတာခပ်ရှားရှားပဲ။ ကြီးပွားပါတယ်ဆိုရင်လည်း ရောဂါသည်တွေ ဖြစ်ကုန်တော့တာပဲ။ ပြီးတော့ ကုန်တာပါပဲ”

“မိဘနော် မိဘ။ ဘုရားရှင်နဲ့ တစ်ဂိုဏ်းတည်း. . . ”

“အမယ် တချို့ သားသမီးတွေကျတော့ သိပ်လိမ္မာတယ်ဗျာ။ လိမ္မာလိုက်တာမှ အရမ်း နူးညံ့သိမ်မွေ့တာပဲ။ ကျွန်တော် မြင်ဖူးတယ်။ ကျွန်တော်တို့ ရပ်ကွက်ထဲမှာ အဘိုးကြီးတစ်ယောက် ရှိတယ်။ အသက်က ရှစ်ဆယ်နားကပ်နေပြီ။ နံနက်မိုးလင်းရင် ကလေးပေါက်စနနဲ့ လမ်း လျှောက်ရတယ်။

ကျွန်တော်က မေးတယ်။ ဦးလေး ကိုယ့်ကိုယ်ကိုယ် နေကောင်း အောင်၊ သက်သာအောင် မနေဘဲ ဘာလို့ မြေးပေါက်စကို ဆွဲလိုက်၊ လွဲ လိုက်နဲ့ ထိန်းနေရတာလဲဆိုတော့ အဘိုးကြီးက ရယ်ပြီး ပြောတယ်။ မြေး လေးကို သူ့မိဘတွေနဲ့ စိတ်မချလို့တဲ့။ ဘာကြောင့်လဲဆိုတာ သိချင်လို့ အဲဒီကလေးရဲ့ အဖေ၊ ခုန ဟိုအဘိုးကြီးရဲ့သားကို လှည့်ပတ်မေးကြည့် မိတော့ ဘာပြောလဲ သိလား။

ကလေးကအဖေနဲ့မှနေတာတဲ့ကျွန်တော်တို့တောင်ခေါ်လို့မရဘူး။ အဖေမှ အဖေပဲတဲ့။ ထမင်းတောင်အဖေကျွေးမှစားတယ်။အိပ်တာတောင် အဖေ သိပ်မှအိပ်တယ်။ ကျောင်းလိုက်ပို့ရင်တောင် အဖေ ပို့မှဗျတဲ့။ သူ့ဘိုးအေမှ သူ့ဘိုးအေတဲ့။

သူအဲဒီလို ပြောနေတဲ့အချိန်မှာ အဘိုးကြီးက ပြုံးလို့။ ကလေးက တော့ သူ့သဘာဝအတိုင်း ဆော့နေလေရဲ့။ ပြီးတော့ ပြောသေးတယ်။ ကျွန်တော်တို့ဇနီးမောင်နှံကစောစောအိပ်တယ်ဒီကောင်ကသူ့ဘိုးအေမအိပ်မချင်း [illegible]
ကျန်တဲ့လူတွေကိုလူလို့တောင်ထင်တာမဟုတ်ဘူးဆရာရယ်တဲ့အဘိုးကြီးကတော့ ပြုံးလို့။

အဘိုးကြီးက နှလုံး၊ သွေးတိုး၊ ဆီးချို ရှိတယ်ဗျ။ အရပ်ကြီးက ရှည်တော့ ဒူးကလည်း မခိုင်ဘူး။ ကျွန်တော် မြင်တာတော့ အဲဒီကလေးလို



www.burmeseclassic.com

www.burmeseclassic.com



မနည်းလိုက်ဆွဲရတာ မောလို့။ အဲဒီလို ကလေးအဖေက သူ့အဖေနဲ့ သူ့သားနဲ့ကို ခုနလို ပေါင်းကူးပြောနေတာကို ကျွန်တော် နားထောင်နေရင်း အားရပါးရ ပြုံးမိတယ်။

ပြီးတော့ ကောင်းကင်ကို မော့ကြည့်မိတယ်။ အဓိပ္ပာယ်ပေါင်း များစွာ ပြည့်နှက်နေတဲ့ အပြုံးနဲ့ ထပ်ပြုံးပြီး ခေါင်းညိတ်မိတယ်။ ကောင်းကင်ထဲမှာ အမှန်တရား၊ သစ္စာတရားတွေကို ရှာဖွေနေမိတယ်။ ပြီးတော့ အံ့သြနေတယ်”

“ဆရာ ဘာကို ဆိုလိုတာလဲဆိုတာ ကျွန်တော် သဘောပေါက်တယ်”

“ကိုယ့်မိဘ၊ အိုကြီးအိုမကို စကားလုံး လှလှလေးသုံးပြီး ကလေးထိန်းခိုင်းတဲ့ သားမျိုးကို အံ့သြနေမိတာပါ။ အိပ်ရေးပျက်မှာစိုးလို့ ဘိုးအေ အိပ်မှ အိပ်တယ်ဆိုတာမျိုးတို့၊ နံနက်ဆို ဘိုးအေနဲ့ လမ်းလျှောက်ရမှတို့ ဆိုတဲ့ စကားလုံးလေးတွေဟာ သိပ်လှတာပဲ။ သိပ်နူးညံ့ သိမ်မွေ့တာပဲ။ ဒါပေမယ့် အကျည်းတန်လွန်းပါတယ် ဆရာအုန်းရယ်၊ မိဘကိုများ. . .”

ကျွန်ုပ်သည် စကားကိုဖြတ်လိုက်ပြီး ရင်ထဲတွင် မကောင်း၍ တစ်ဖက်သို့ လှည့်လိုက်မိ၏။ ဘုရားရှင်နှင့် တစ်ဂိုဏ်းတည်း ဖြစ်တော်မူကြသော မိဘများ၏ ဂုဏ်ကျေးဇူးတို့ကို တွေးတောရင်း ဥက္ကလာပစေတီတော်မြတ်ကြီး၏ ထီးတော်ဆီသို့ မော့ကြည့်နေမိ၏။

(နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်-၁၇၃)



www.burmeseclassic.com

www.burmeseclassic.com

# မကြီးပွားရခြင်း အကြောင်းများ (၂)

ဒါတွေဟာ မကြီးပွားခြင်းအကြောင်းတွေပဲ ဆရာအုန်း။ အဲဒီလူရဲ့ ကလေးကို ထိန်းရတဲ့ ရှစ်ဆယ်နီးပါး အဘိုးကြီးကတော့ ဟိုဘက်နှစ်က ဆုံးသွားရှာပြီ။ အဲဒီအဘိုးကြီး ထိန်းခဲ့ရရှာတဲ့ ကလေးက ဒီနှစ်မှာ ကျောင်း စ နေပြီ။ အဲဒီကလေးရဲ့ အဖေ၊ ဟိုအဘိုးကြီးရဲ့ သားကတော့ ဂျပန်မှာ သွားအလုပ်လုပ်ဖို့ဆိုပြီး လုပ်လိုက်တာ လူလိမ်ထိတယ်ဆိုလား၊ သူ့ကို လုပ်ပေးတဲ့လူ အမှုဖြစ်လို့ဆိုလား သိန်းနဲ့ချီပြီး ငွေတွေကုန်သွားတယ်။ ကြွေးလည်ပင်းခိုက်ပြီး အိမ်ရောင်းဆပ်ဖို့ စိုင်းပြင်းနေပြီ။ ကျန်းမာရေးကလည်း မကောင်းတော့ဘူး။ ကျွန်တော် ထင်တယ်။ နောက်ဘဝအထိတောင် မနေဘဲ အခုဘဝမှာတင် သင့်တဲ့ မိဘဂိုဏ်းနဲ့ တူတယ်။ ဒီရှေ့ကိုလည်း အဲဒီလူ ဘဝလှဖို့ သိပ်မလွယ်တော့ဘူး”

“မိဘကိုများနော် ဘာများ အောက်မေ့နေကြလဲ မသိဘူး”

“ဆရာအုန်းရယ် မထိသေးတော့ မသိသေးဘူးပေါ့ဗျာ။ မိဘကို အဲသလို မလိမ့်တပတ်ခိုင်းလို့ ဒုက္ခရောက်သွားကြတဲ့လူတွေဟာ ဘယ်လောက်ရှာရှာ မပြောင်ရောင်ကြတော့ဘူး။ လူမွေး မပြောင်တော့ဘူး။ သူတို့အတွက် ဘဝသစ်ဆိုတာ ပြန်အစပျိုးလို့ကို အခြေအနေ မပေးတော့ဘူး။ သနားဖို့တော့ ကောင်းကြရှာသားဗျ။ သူတို့အမှားကို သူတို့သိလို့ မိဘကို ဂရုစိုက်ဖို့၊ ဦးထိပ်ထားဖို့၊ ပြုစုလုပ်ကျွေးဖို့ သတိတရ စောင်းငဲ့ကြည့်လိုက်တဲ့အခါ မိဘတွေ မရှိကြတော့ဘူး။ ဒီလိုလူမျိုးတွေ အများကြီး ဆရာအုန်း၊ စာအုပ်အဖြစ် ပြုစုရင် အတွဲ (၁၊ ၂၊ ၃၊ ၄)ဆိုပြီး အတွဲလိုက်ကို ကျွန်တော် ပြုစုလို့ရတယ်။

အဲဒီလို မိဘကို မလိမ့်တပတ် ပျားရည်နဲ့ ဝမ်းချတတ်တဲ့ သားသမီးအကြောင်းကို ပြောရင်းနဲ့ ကလေးတစ်ယောက်ကို သွားသတိရမိတယ်။ အဲဒီကလေးက စမ်းချောင်းဘက်က၊ သူ့မိဘမှာ အဲဒီသားလေးနဲ့ သမီးလေး တစ်ယောက်ရှိတယ်။ မောင်နှမ နှစ်ယောက်ပေါ့ဗျာ။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီသားကိုမှ သူ့မိဘတွေက ချစ်တာ၊ အထင်ကြီးတာ။ သမီးလေးဆိုရင် လူရာတောင် မဝင်သလိုဘဲ။ အဲဒီသူငယ်လေးက ဆယ်တန်းကလည်း မအောင်ဘူး။ ဖအေနဲ့ မအေကို ယုံလောက်အောင် တောင်ပြော၊ မြောက် ပြော၊ ပြောရင်းနဲ့ မလေးရှားမှာ သွားအလုပ်လုပ်ချင်လို့ ပူဆာပါလေရော။ အခုခေတ် ပေါ်ပြူလာရောဂါပေါ့ဗျာ။ မိဘတွေခမျာ သူများအိမ်မှာ ငှား နေရတာ၊ ငွေကြေး ချမ်းသာကြွယ်ဝတာ မဟုတ်ဘူး။ ဒါနဲ့ နောက်ဆုံးတော့ သူများဆီက ငွေချေးငှားပြီး သွားဖို့ စီစဉ်ရရော ဆိုပါတော့။

အဲဒီလို ငွေဆွဲလိုက်ရတဲ့ သူဆီမှာ သမီးလေးတစ်ယောက် ရှိတယ်။ အဲဟို ကောင်လေးက ငွေကြေးက တစ်ဆင့်နွယ်ပြီး အဲဒီငွေရှင်ရဲ့ သမီးကို နိုးပြေးလို့ မင်္ဂလာ ဆောင်ပေးလိုက်ရတယ်။ နောက်တော့ ကလေးတစ်ယောက် မွေးလာတဲ့အထိ မလေးရှား မသွားရသေးဘူး။ အဲဒီလိုဖြစ်တော့ ဖအေ ကြီးက တောက်တဲ့ ဖားလျှားပေါ့ဗျာ။ ငွေထပ်ရှာ ထပ်ဖြည့် ကြိုးစားပေါ့။နောက်တော့ အဲဒီကောင်လေး ထွက်သွားရရော ဆိုပါတော့ ဆရာအုန်း ရယ်။ ဟိုမှာ ရောက်လို့ သုံးလလောက်ကြာတော့ ငွေ စ ပို့တယ်။ သူ့မိဘ တွေဆီကို စာတစ်စောင်ရောက်လာတယ်။ သူတို့ လာပြလို့ ကျွန်တော် ဖတ်ရတာပါ။

မိဘကျေးဇူးကို အရမ်း သိပါပြီဆိုတဲ့အကြောင်း စာမျက်နှာ ငါးမျက်နှာလောက် ဖွဲ့နွဲ့ရေးထားတာ ကျွန်တော်တောင် ဖတ်ကြည့်ရင်း အဲဒီသူငယ်ကို သနားလာတယ်။ ဒါပေမယ့် ပြီးခါနီးကျတော့ ကျွန်တော့် မျက်လုံးတွေ ပြူးကျယ်သွားတယ် သိလား ဆရာအုန်း”

“ဘယ်လိုကြောင့်လဲ ဆရာ”

“ရေးထားပုံကတော့ အဖေနဲ့အမေ ကျေးဇူးကို တစ်နေ့ကျ ဆပ်ပါ့မယ်။ အခု ပို့လိုက်တဲ့ ငွေနှစ်သိန်းကတော့ အမေ့ချွေးမနဲ့ အမေ့မြေးလေး မျက်နှာငယ်မှာစိုးလို့ လက်ဝတ်လက်စား ဝယ်ပေးလိုက်ပါတဲ့။ ဒါလည်း အဖေနဲ့အမေက ဆင်ပေးသလိုပါပဲတဲ့။ နောက်တစ်ခေါက် ပို့ရင်တော့ သားမသွားခင်က ကြွေးတွေ ဆပ်ပေးပါတဲ့။ ဒီကြွေးတွေ ကျေသွားရင် အမေ့ချွေးမနဲ့ မြေးလေးအတွက် အိမ်ခန်းတစ်ခန်းဖြစ်အောင် လုပ်ပေး လိုက်ဦးမယ်တဲ့။ ဒါမှ အဖေနဲ့အမေလည်း ဂုဏ်ရှိမှာတဲ့”

“ဟင် သူ့မိဘတွေအတွက်ကျတော့ ဘာမှ. . . ”

“ခက်ပါလား ဆရာအုန်းရယ်။ အခု ပြောနေပြီပဲ။ ကျွန်တော်ဆို အဲဒီစာကို ဖတ်ပြီး လုံးခြေလှွင့်ပစ်လိုက်ချင်စိတ် ပေါက်သွားတယ်။ တကယ်ဆို မိန်းမဆီကို စာရေးသင့်တယ်။ အဖေနဲ့အမေကို ငွေငါးထောင် လောက် ကန်တော့လိုက်ပါကွာ ငါ့ချွေးနဲ့စာ ဦးဦးဖျားဖျားပဲ ဆိုပြီး မရေး သင့်ဘူးလား။ နှစ်သိန်းထဲက ငါးထောင်လေ”

“သိပ် ရေးသင့်တာပေါ့ ဆရာ”

“ခုတော့ သူရေးတဲ့စာကို ပီတိပြည့်ပြည့် မျက်ရည်ဝိုင်းဝိုင်းနဲ့ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်လေ့ရှိတဲ့ သူ့အမေ ဆုံးသွားပြီ၊ ဒီနှစ်ထဲမှာပဲ”

“ဟာ. . .”

“ကိုင်း ဘယ်လို ကျေးဇူးတွေများ ဆပ်နိုင်ပါဦးတော့မလဲ။ စဉ်းစားကြည့်၊ သူ့အဖေ အိုကြီးအိုမနဲ့ သူ့အစ်မပဲ ကျန်ခဲ့တော့တယ်။ အဲဒီ သူငယ်ကတော့ ခုချိန်ထိ အိမ်ဖိုးစုတုန်းပဲ။ ကြွေးကလည်း မကျေသေးဘူး။ သူ့အစ်မက မိုးတွင်းစီးဖိနပ်တွေချုပ်တာနဲ့ သားအဖနှစ်ယောက် စားနေရရှာတယ်”

“ရင်နာဖို့ ကောင်းလိုက်တာ ဆရာရယ်”

“မကြီးပွားခြင်းအကြောင်းတွေကို ရင်ဝယ်ပိုက်ထားတဲ့လူတွေ ရှိနေပါလား ဆိုတာ ဆရာအုန်း အခု မြင်တတ်လာရောပေါ့”

“ဟုတ်ကဲ့”

ကျွန်ုပ်သည် ထိုသူငယ်လေးမျိုးကဲ့သို့ သားသမီးပေါင်းများစွာ မကြာခဏ တွေ့ဖူးပါ၏။ ထို သားသမီးတို့သည် မကြီးပွားခြင်း အကြောင်းတရားများကို လက်ဆုပ်လက်ကိုင် ရင်ဝယ်ပိုက်ထားပြီး သကာလ ဆရာပေါင်းစုံနှင့် ယတြာချေကြ၏။ သူတို့ကိစ္စများ အောင်မြင်အောင် ဓာတ်ရိုက်ကြ၏။ အင်းဖယောင်းတိုင်၊ ဆေးဖယောင်းတိုင် စုံအောင် ထွန်းကြ၏။ သို့သော် ဘာတစ်ခုမှ ဖြစ်မလာသည့်အခါ. . .။

“လောကမှာ မကြီးပွားနိုင်တဲ့အကြောင်း မကြီးပွားရတဲ့အကြောင်းတွေကို မြင်အောင် ကြည့်တတ်ဖို့တော့ လိုတယ် ဆရာအုန်း။ ဒီလိုမှ မကြည့်တတ်ကြရင် တစ်ခုခု လိုနေသလိုပဲ။ ဘာလို့ မကြီးပွားရတာပါလိမ့်ဆိုပြီး အဖြေရှာလို့ မရကြတော့ဘူး”

စကားတပြောပြောနှင့် ထိုင်နေကြသည်မှာ ညနေစောင်းလာပြီဖြစ်သောကြောင့်လား မသိ။ ဘုရားကြီး၏ ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးသူများ၊ ပုတီးစိပ်သူများ၊ တရားထိုင်သူများ၊ လမ်းလျှောက်နေကြသူများ ပျားပန်းခပ်မျှ ဖြစ်နေချေတော့၏။

“ဆရာ ပြောပြတဲ့ မကြီးပွားခြင်းအကြောင်းတွေကို ရင်ဝယ်ပိုက်ထားသူများနဲ့ ပတ်သက်ပြီး ကြားရတာ စိတ်လည်းမကောင်းစရာ၊ ကြက်သီးလည် ထစရာပါပဲ ဆရာရယ်။ ဟုတ်တယ်၊ ဆရာ ပြောပြတဲ့ သားသမီးမျိုးတွေ ကျွန်တော်လည်း အများကြီး တွေ့ဖူးတယ်။ ဆရာ ပြောသလိုပဲ အဲဒီလိုလူမျိုးတွေကို ဘာ ဓာတ်ရိုက်ရိုက်၊ ဘာ အစီအရင် လုပ်ပေးလုပ်ပေး အလကားပဲ။ မအောင်မြင်ဘူး။ တစ်ခါတစ်ခါ ကျွန်တော်တောင် နားဝေတိမ်တောင် ဖြစ်ရတယ်။ ဘာ အစီအရင်တွေ လုပ်ပေးပေး၊ ဘာမှ မဖြစ်တာဟာ ငါပဲ အတော်အသုံးမကျနေလို့လား ဆိုပြီး တွေးမိတယ်။ တော်တော်ကြီးမားတဲ့ အစီအရင်တွေ လုပ်ပေးလည်း အလကားပဲ။ ဘာမှ မထူးဘူး။

အင်း ဆရာပြောသလိုဆိုရင် သူတို့ကိုယ်တိုင် ပြောင်းလဲပြုပြင်မှ ရမယ့်အကြောင်းတရားတွေပဲ။ ကျွန်တော်ကလည်း သူတို့ကို စီရင်ပေး



www.burmeseclassic.com

www.burmeseclassic.com



တော့မယ် ဆိုတာနဲ့ ဆရာပြောတဲ့ မကြီးပွားရခြင်း အကြောင်းတွေကို ရင်ဝယ်ပိုက်ထားတဲ့ သူလား၊ သိသိနဲ့ ဖက်တွယ်ထားတဲ့သူလား ဆိုတာ အတော်လေးကို သတိထားရတော့မယ်။ ရမ်းသန်းပြီး အစီအရင်တွေ လုပ်ပေးလို့ မဖြစ်တော့ဘူး”

ဆရာအုန်းသည် ဒေါင်လိုက်စင်းလွယ်အိတ်ကြီးကို ကျွန်ုပ်၏ ဘေးတွင် အသာချလိုက်ပြီး ရင်ပြင်တော်ထောင့် ခပ်လှမ်းလှမ်းဆီသို့ ထသွား၏။ ရင်ပြင်တော်အစပ်ရောက်မှ အသာထိုင်ချလိုက်ပြီး မြေကြီးနားထိငုံ့၍ ကွမ်းတံတွေးကို ထွေး၏။ ပြီးမှ နှုတ်ခမ်းကို ညာလက်နှင့် ဟိုပွတ် ဒီသပ် လုပ်ရင်း ကျွန်ုပ်၏ဘေးတွင် ဖြည်းညင်းစွာ ပြန်ထိုင်လိုက်၏။ ကွမ်းတံတွေးကို ပျစ်ခနဲ လှမ်းထွေးတတ်သူများကြောင့် ပတ်ဝန်းကျင် အလွန် အကျည်းတန် ကြောင်း ကျွန်ုပ် မကြာခဏ ပြောလေ့ရှိသောကြောင့်လေလား မသိ။

“တချို့ကျတော့ တစ်မျိုးဗျ၊ သိလား ဆရာအုန်း”

“ဟုတ်ကဲ့”

“မကြီးပွားရခြင်းအကြောင်းတွေကို ရင်ဝယ်ပိုက်ထားပုံက နူးညံ့ သိမ်မွေ့ပြန်တယ်။ ဘေးလူကလည်း ဝင်မပြောရဲလောက်အောင်ပဲ”

“ဗျာ ဆရာပြောတာ ကျွန်တော်”

“နားထောင် ပြောဦးမယ်။ ကျွန်တော် တွေ့ဖူးနေတဲ့သူတွေ အများကြီး ရှိတဲ့အထဲက အကြောင်းလေးတစ်ခုကိုပဲ ပြောပြမယ်။ တစ်နေ့ ဇနီးမောင်နှံ နှစ်ဦး ကျွန်တော့်ဆီ ရောက်လာတယ်။ လုပ်ငန်းတစ်ခု လုပ်ချင်လို့တဲ့။ လုပ်သမျှတွေက လွဲချော်ပြီး အမျိုးသား နိုင်ငံခြားမှာနေတုန်းက လှမ်းပို့ ထားတာတွေ အတော်ကုန်ခမန်း ဖြစ်နေပြီတဲ့။ အခု လုပ်ငန်းထပ် လုပ်ချင် လို့တဲ့။ အမျိုးသား နိုင်ငံခြားမှာနေတုန်းက လှမ်းပို့တဲ့ ငွေတွေနဲ့ ဘာလုပ်ငန်း လုပ်သလဲလို့ မေးကြည့်တော့၊ အဲဒီအမျိုးသမီးရဲ့ မောင်လေးက အပေါင်း အသင်းဆုံ့ လူရာဝင်တော့ စပ်တူတွေ လျှောက်ထည့်ထားတယ်တဲ့။

ပြီးတော့ ကားတစ်စီး ဝယ်စီးတယ်တဲ့။ ဝယ်ရောင်းလုပ်ဖို့ပေါ့လေ။ မြတ်ရင် ပြန်ရောင်းဖို့ပါပဲ။ ဒါနဲ့ အဲဒီ ကားတစ်စီးနဲ့ သွားချင်ရာ လျှောက် သွားနေပါလိမ့်မယ်။ သူများကားကို တိုက်မိလိုက်တာ စိစိညက်ညက်ကို ကြေရော။ လျော်လိုက်ရတဲ့အပြင် ကားကလည်း သုံးမရလို့ ရတဲ့ဈေးနဲ့ ထိုးရောင်းလိုက်ရတယ်”

“ဟာ”

“အမယ် အဲဒီသူငယ်ကို အခု ထပ်ပြီး အရင်းအနှီး တစ်ခု ထောင် ပေးမလို့တဲ့ဗျ။ ဘယ်လိုပြောလဲ သိလား၊ ဟိုအမျိုးသမီးက ကျွန်မ မောင်လေးက သူ့အစ်ကိုကို သိပ်ချစ်တာပဲဆိုပြီး ဘေးက သူ့ယောက်ျားကို မေးငေါ့ပြတယ်။ ကျွန်မကိုတောင် သူစိမ်းလိုပဲ။ သူ့အစ်ကိုမှ သူ့အစ်ကို။ သူ့အစ်ကိုလောက် သံယောဇဉ် ကျွန်မကို ထားတာမဟုတ်ဘူး။ ယောက်ဖ လို့တောင် ပြောရင် မကြိုက်ဘူး။ သူ့ခမြာ သူ့အစ်ကို ပင်ပင်ပန်းပန်း



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေထားရတာကို မတိုးပွားတိုးပွားအောင် လုပ်မယ်ဆိုပြီး အတော်ကြိုးစား လုပ်ရှာတာတဲ့ဗျ။ မလွဲသာလို့သာ ခုလိုတွေ ဆုံးရှုံးသွားရတာတဲ့။ အစ်ကို လုပ်တဲ့လူကလည်း ညီကို ပိုသေးတယ်။ အဲဒီညီကများ လုပ်နေလို့ကတော့ ကျေနပ်နေတာ၊ သဘောကို ကျနေတာ။ တစ်ခါတစ်ခါ ကျွန်မ စိတ်ထဲ မှာတောင် မနာလို ဖြစ်မိတယ်တဲ့ ဆရာအုန်းရေ”

“သြော်. . .”

“အခု အဲဒီမောင်လေးကို စားသောက်ဆိုင်တစ်ဆိုင် ထောင်ပေးမလို့၊ ဆရာ ရက်ရွေးပေးပါတဲ့။ တန်းပြောတာ”

“အမယ် သူတို့ကလေ”

“ဟုတ်တယ်ဗျာ။ တန်းပြောတာ။ အကျိုးပေးမလား၊ မပေးလားတောင် မမေးတော့ဘူး။ သူဖြစ်ချင်တာ ဖွတ်ပြောတော့တာပဲ။ အကျိုးပေးပါတယ်နော် ဆရာတဲ့။ ပြီးတော့ သူ့ယောကျ်ားဘက် လှည့်ကြည့်ပြီး သူကတော့ သူ့ညီအတွက် ကုန်ချင်ကုန်ပစေဆိုတဲ့ လူစားမျိုး ဆိုပြီးတော့ ပခုံးနဲ့တောင်တိုက်ပြီး ရယ်နေလိုက်သေးတယ်။

အဲဒီတော့ အင်း စိတ်ထဲက သိနေတော့ ရယ်ချင်တယ်ဗျာ။ ကျွန်တော်ကလည်း ချိုချိုသာသာက သိပ်မပြောတတ်။ မြှောက်ပင့်လည်း မပြောတတ်။ အလိုက်အထိုက်လည်း လိုက်လျောပြီး မပြောတတ်တဲ့ လူစားဆိုတော့ အပေါက်ဆိုးလွန်းတဲ့ ကိုယ့်ပါးစပ်ကိုကိုယ် မနည်းပိတ်ပြီး ကောင်းကင်ကိုပဲ မော့ကြည့်နေလိုက်မိပါတော့တယ် ဆရာအုန်းရယ်။ ပြီးတော့ သူတို့ကို ဘာမှ အကြံမပေးတော့ဘဲ အေးအေးဆေးဆေး ပြန်လွှတ်လိုက်မိတော့တယ်”

“ဆရာ ဘာမှ မပြောလိုက်ဘူးလား”

“ကျွန်တော့်ရင်ထဲမှာ သိနေပြီပဲ ဆရာအုန်းရယ်။ ဘာပြောစရာလိုလို့လဲ။ ဘာလုပ်ပေးပေးလဲ အဆင်ပြေမှာမှ မဟုတ်တာ”

ကျွန်ုပ်သည် စကားကို ခေတ္တနားရင်း ရင်ပြင်တော်ဆီသို့ ဘာရယ်မသိ ငေးနေမိ၏။ ဆရာအုန်းသည်လည်း အသံတိတ်ဆိတ်နေ၏။ အတန်ကြာမှ. . .

“ဆရာ ဆက်ပြောဦးလေ”

“အင်း ဟိုတန်ဆောင်းထဲက ပတ်ဝန်းကျင်ကို အလိုက်ကမ်းဆိုးမသိတဲ့လူ နေတာထိုင်တာ ကြည့်ပြီး အစပျိုးလိုက်ရာကနေ လူ့လောကကြီးထဲမှာ လူတွေ ဆင်ခြင်သတိထားသင့်ကြတဲ့ မကြီးပွားရခြင်းအကြောင်းတွေ စုံသွားပြီ။ ကြုံရာဆုံရာလေးတွေကို သတိရတဲ့အတိုင်း ကောက်သင်းကောက် ပြောပြလိုက်လို့ အဆီအငေါ် တည့်ချင်မှတည့်မယ်။ ဒါပေမယ့် တန်ဖိုး မဖြတ်နိုင်လောက်အောင် ဆင်ခြင်ဖို့ သတိထားဖို့တွေ ရသွားပြီဆိုတာကို ဆရာအုန်း တဖြည်းဖြည်း သဘောပေါက်လာလိမ့်မယ်။

ဒါကြောင့် နောက်ထပ် မကြီးပွားရခြင်းအကြောင်းတွေထဲက



www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ် ဖောက်ပြန်၊ ပြောင်ပြောင် ဖောက်ပြန် ဥပါယ်တံမျဉ်နဲ့ ဖောက် ပြန်ကြလို့ မကြီးပွားရခြင်းအကြောင်းတွေကို ဆရာအုန်းကို ပြောပြမလို့ စဉ်းစားနေတာ”

“ဟာ သိပ်ကောင်းတာပေါ့ ဆရာ၊ တပည့်ကြီးကလည်း. . .”

“ခုတော့ မိုးချုပ်စပြုပြီ။ နောက်နေ့မှ စောစောလာခဲ့”

“ဗျာ၊ ဟာဗျာ ဒီမိုးနှယ်. . .”

❖ ❖ ❖

(ရှုကွတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် ၁၇၁)



www.burmeseclassic.com

www.burmeseclassic.com

## မကြိုးပွားရခြင်းအကြောင်းများ (၃)

"မောင်လှပါလား လာလေကွာ"

"ဘာလုပ်နေလဲ"

"ဩော် စာရေးနေတာပါ။ ရေးလိုက်၊ နားလိုက်နဲ့ အညောင်းပြေ လမ်းလျှောက်မယ်လုပ်တုန်း မင်းရောက်လာတာ။ နောက်ထပ် ဆယ့်ငါး မိနစ်လောက်ကြာရင် ငါ အညောင်းပြေ လမ်းလျှောက်ပြီ"

"နေပါဦးကွာ၊ မင်းလျှောက်ရင် ငါလည်း လိုက်မှာပါ"

ငယ်သူငယ်ချင်းများ ပီပီ အားရပါးရ ပြောဆိုရင်း ကျွန်ုပ်၏ ရှေ့ရှိ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သော မောင်လှအား ကြည့်လိုက်ပြီး ရယ်မောနေလိုက်၏။

"ငါလည်း လိုက်မှာပါကွ"

'အေးပါ ဟုတ်ပါပြီ။ ဒါလောက် ငါ့ကို ပြောနေရအောင် မင်းမှာ ဘာအစီအစဉ် ရှိလို့လဲ"

"ဒီပြင်ဟာတော့ မဟုတ်ပါဘူး၊ ဟိုတလောက မင်းပြောလိုက်တဲ့ မကြီးပွားရခြင်းအကြောင်းများနှင့် ပတ်သက်ပြီး ငါ သဘောကျလို့ပါ"

"ဩော် အေး၊ မကြီးပွားရခြင်းအကြောင်းတွေ အများကြီး ရှိတဲ့ အထဲက လက်လှမ်းမီသလောက်လေး ငါပြောပြလိုက်တာပါ။ မင်း သဘောကျတယ်ဆိုရင် ငါ ကျေနပ်ပါတယ်"

"ကျေနပ်ပါတယ် မလုပ်နဲ့ဦး ထပ်ပြောပြပါဦးကွာ။ တချို့ ငါ မြင်ထားတာတွေနဲ့များ တိုက်ဆိုင်မလားလို့"

"အမယ် မင်းက ဘာတွေမြင်ထားလို့လဲ။ မင်းအရင် ပြောပြလေ။ တိုက်ဆိုင်တာ၊ မတိုက်ဆိုင်တာ ငါ နားထောင်ပြီးရင် ပြောပြမယ်"

"ဒီလိုကွ၊ မင်းပြောတဲ့အထဲမှာ စကားကျက်သရေမရှိ ပြောတတ်တဲ့ လူမျိုးတွေ၊ မိဘကို မထီမဲ့မြင် ပြုတတ်တဲ့လူမျိုးတွေ၊ မိဘကို ညင်သာစွာ ခိုင်းတတ်တဲ့လူမျိုးတွေ ငါ အများကြီး သိလိုက်ရတာ ဗဟုသုတလည်း



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ အားလည်း အားရတယ်မင်းကိုလည်းကျေးဇူးတင်တယ်"

"ငါလည်း မင်းကို ကျေးဇူးတင်ပါတယ်။ အခု မင်းပြောမှာကိုပဲ ငါ စိတ်ဝင်စားနေပါတယ်။ ပြော"

"ဒီလိုကွ။ အခု ငါတွေ့တဲ့အပိုင်းက တစ်မျိုးကွ။ မိန်းမ ဦးစီးတာ ဒါပေမယ့် ဦးမစီးဘူး"

"ဘယ်လို"

"မင်းကလည်း နားဝေးလိုက်တာ။ စီးပွားတစ်ခုကို အမျိုးသမီးက ဦးစီးတာကွာ။ ဒါပေမယ့် နာမည်ခံအနေနဲ့ပဲ ဦးစီးတာ"

"ဪ သဘောပေါက်ပြီ။ ဥပမာ ကားလုပ်ငန်းတစ်ခု ထောင်မယ် ဆိုရင် ကားဝယ်တာ အမျိုးသမီးနာမည်၊ မောင်းရတာ အမျိုးသား။ စကားပြောတော့ အမျိုးသမီးက သူ့စီးပွားလို့ ပြောတာ ဒီလို မဟုတ်လား"

"ဟာ သိပ်ဟုတ်တာပေါ့။ မင်း အခု ဥပမာပေးတဲ့ ကားပဲ။ အဲဒီ လုပ်ငန်းပဲ။ ဒီပုံစံအတိုင်းပဲ။ လိုက်ကြည့်ပြီးများ ပြောနေလား အောက်မေ့ ရတယ်"

"မောင်လှရယ် ငါ့မှာက တစ်နေ့တစ်နေ့ အတွေ့အကြုံ ဒုနဲ့ဒေးပဲ ဥစ္စာ။ မင်းပြောတဲ့ ပုံစံတွေက ငါ မြင်နေ၊ တွေ့နေကျ ပုံစံမျိုးတွေပဲ"

"ဒီလိုဆို ခုန ငါပြောတာ ဟုတ်တယ်နော်၊ မကြီးပွားရခြင်း အကြောင်းထဲမှာ အဲဒီ အဖြစ်အပျက်တွေလည်း ပါတယ် မဟုတ်လား"

"ပါတယ်၊ တကယ် ပါတယ်"

"ဒါဖြင့်လည်း ငါလည်း ဗဟုသုတတွေ၊ ပညာတွေရအောင် ပြော ပြစမ်းပါဦး"

ကျွန်ုပ်သည် ရေးလက်စ ဘောလ်ပင်လေးအား အဖုံးပိတ်၍ ညင်သာစွာ တင်ထားလိုက်ပြီး စာမူများကို ခေါက်ထားလိုက်၏။ ပြီးမှ ခြေနှစ်ဖက်ကို တင်ပျဉ်ခွေ ပြင်ထိုင်လိုက်ပြီး. . .

"မင်းပြောတဲ့ ဥပမာနဲ့ ပတ်သက်ပြီး ငါ တွေ့ဖူးတာ သွားသတိရ တယ်။ တစ်နေ့ပေါ့ကွာ။ ငါ့ဆီကို ဇနီးမောင်နှံနှစ်ဦး ရောက်လာတယ်။ သူတို့လာတဲ့ ကိစ္စကတော့ ကားလုပ်ငန်းတွေ အဆင်မပြေလို့ဘဲ။ ကား သုံးစီးတောင် ထောင်ထားတယ်။ အဲဒီ သုံးစီးလုံးက ဟိုကပြင်ရင် ဒီကပျက်၊ ဒီကပြင်ရင် ဟိုကပျက်နဲ့။ အလကားနေရင်း ရပ်ထားရင်း သူများကားက လာချိတ်လိုချိတ်နဲ့၊ ဘာတွေ ဖြစ်နေမှန်းကို မသိလို့ဆိုပြီး လာကြတာပဲ။ ဒါပေမယ့် ထုံးစံကိုတော့ မပယ်ကြဘူးကွ"

"ဟေ ဘယ်လို ထုံးစံကို မပယ်တာလဲ"

"စီးပွားရေးသမားများရဲ့ ထုံးစံအတိုင်းပေါ့ကွာ။ အဆင်နည်းနည်း မပြေလာတော့ဘူးဆိုတာနဲ့ ဘယ်သူက ဘယ်လို တိုက်ထားတာတို့၊ ဘယ်လို အောက်လမ်းနဲ့ လုပ်ထားတာတို့၊ စီးပွားကျ၊ လူသေဖြစ်အောင် မနာလိုလို့ လုပ်ထားတာတို့၊ အင်းနဲ့ တိုက်ထားတာတို့ ပြောတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါကလည်း မင်းသိတဲ့အတိုင်း အဲဒါတွေကို လက်တော့ခံတယ်။ ဒါပေမယ့် မစွဲလမ်းတတ်ဘူး။ တော်ရုံနဲ့ မယုံကြည်တတ်ဘူးဆိုတော့ ဖြစ်နိုင်ချေရှိတာကို ငါ တွေးလိုက်တယ်။ ပြီးတော့ ထိုင်တဲ့အချိန်ကစပြီး ရှေ့က ဦးဆောင်မေးနေတဲ့ အမျိုးသမီးကြီးကို မေးလိုက်တယ်။ ကားလုပ်ငန်းက ဘယ်သူလုပ်တာလဲဆိုတော့ ကျွန်မတဲ့။ ဒါနဲ့ သူ့ယောကျ်ားဘက် မေးငေါ့ပြပြီး ခင်ဗျားက ဘာမှ မလုပ်ဘူးလားဆိုတော့ မလုပ်ဘူးတဲ့။ သူပဲ လုပ်တယ်ဆိုပြီး သူ့ဇနီးကို မေးပြန်ငေါ့ပြတယ်။ သူ့ဇနီးက တနင်္ဂနွေသမီး။ တနင်္လာကို 'ပြ'ထဲမှာ စနေပူးထားတာကို မှတ်ထားလိုက်တယ်။ ခုနှစ်တော့ မေ့သွားပြီ"

"မင်းက အဲဒါတော့ တကယ် ကောင်းတယ်။ ဘယ်အကြောင်းကို ပြောရင် ဘယ်သူ၊ ဘယ်တုန်းက ဆိုတာ တန်းမှတ်မိတာပဲ"

"ဘယ်မှတ်မိပါ့မတုန်း မောင်လှရယ်၊ ထူးခြားတဲ့ ဖြစ်စဉ်လေးတွေဆိုရင် အဲဒီကံကို မှတ်ထားပြီး၊ ဘေးမှာ မှတ်ချက်လေး ရေးထားလိုက်တာပေါ့။ အဲဒီ ဖြစ်စဉ်နဲ့နွှယ်တာမှန်သမျှ ပညာရတာပေါ့။ သင်ကြားပြသရင်ပဲဖြစ်ဖြစ်၊ ဟောပြောရင်ပဲဖြစ်ဖြစ်၊ စာရေးရင်ပဲဖြစ်ဖြစ် အဲဒီကံဇာတာရှင်ရဲ့ ဖြစ်စဉ်က အထောက်အကူ ပြုတာပေါ့။ နာမည်တော့ မပြောဘူးပေါ့ကွာ။ ဒါက လူ့သိက္ခာနဲ့ စောင့်ထိန်းရမယ့် ကျင့်ဝတ်ပိုင်းကိုး"

"အေးပါ၊ ငါ သဘောပေါက်ပါတယ်။ အဲဒီ တနင်္လာကို 'ပြ'ထဲမှာ စနေပူးတော့ ဆက်ပါဦး"

"ဩော် အဲဒီနှစ်က ကောဇာရဲ့ ကိန်းဂြိုဟ်ကလည်း စနေပဲ မောင်လှ"

"ဟာ ဒါဆိုရင်တော့"

"အေး ငါပြောတာ မင်းတောင်မှ မျက်လုံးထဲမြင်လာပြီ မဟုတ်လား။ အဲဒီတော့ မင်းစဉ်းစားကြည့်လေ။ သူက ဦးဆောင်ပါတယ်ပြောလေ၊ ကားပြဿနာတက်လေပဲ။ 'ပြ'နေရာဟာ လှုပ်ရှားဝင်ထွက်နေတဲ့နေရာ၊ 'ပရ'ဆိုတဲ့ အများနဲ့လည်း ဆိုင်တဲ့နေရာ။ ဒီတော့ အဲဒီအမျိုးသမီးက ကားလုပ်ငန်းကို သူ ဦးဆောင်ပါတယ်လို့ ပြောနေတာဟာ သဘာဝကျလား၊ မကျဘူးလား မင်း စဉ်းစား"

| | | | |
|---|---|---|---|
| | ၃ | ၁ * | ၃ |
| | ၂ | ၀ | ၆ |
| တနင်္ဂနွေသမီး * | ၁ | ၆ | ၂ |
| | ၀ | ၅ | ၅ |
| | ၆ | ၄ | ၁ |
| | ၅ | ၃ | ၄ |
| | ၄ | ၂ | ၀ ကိန်း |

(ထိုနှစ် ကောဇာ)

(ကားများနှင့် စီးပွားတိုးရာတိုးကြောင်း ပြုလုပ်နေပါသည်ဟု ဆိုလာသူ တနင်္ဂနွေသမီး၏ ထိုနှစ်က ကံတည်နေပုံအား ဗဟုသုတ



www.burmeseclassic.com

www.burmeseclassic.com



အလို့ဌာ)

"အဲဒီတော့ မင်းက ဘာမှ ပြန်မပြောလိုက်ဘူးလား"

"ဟင်း ပြောရုံတောင်မကဘူး တားတာကွ။ အိမ်ထောင်ဦးစီး ရှိနေပါရက်နဲ့ အိမ်ထောင်ဦးစီးက တာဝန်ယူပါလား။ ဘယ့်နှယ် ဇနီးက အိမ်ထောင်ဦးစီး တာဝန်ယူနေရလဲ။ အခုဒီမှာ ကံကို ချိန်ဆကြည့်လိုက်တော့ ဇနီး တာဝန်ယူလို့မရဘူး။ ဇနီးအနေနဲ့ ကားနဲ့ပတ်သက်တဲ့ လုပ်ငန်းကို ဦးစီးလို့ကို မရနိုင်ဘူးဆိုတော့ ဒီစီးပွားတွေက ကျွန်မ ကိုင်မထားလို့ မဖြစ်ဘူး ဆရာတဲ့၊ စီးပွားတွေကို ကျွန်မပဲ ထိန်းချုပ်ထားရမှ ဖြစ်မှာတဲ့။

ခုဟာက အေးပေါ့လေ၊ သူလည်း သူ့ခံစားချက်နဲ့သူ ရှိမှာပေါ့။ အဲ အဲဒီလို လူမျိုးတွေကို အောင်မြင်ကြီးပွားအောင် ဘယ်လို လုပ်မလဲ ကိုင်း။ ပြောပြလို့လည်း နားမဝင်၊ လက်မခံ။ အိမ်ထောင်ဦးစီးကို အိမ်စီးပွား မအပ်ချင် ဆိုတဲ့သူတွေဟာ မကြီးပွားရခြင်းအကြောင်းတွေကို ရင်ဝယ် ပိုက်ထားသူတွေလို့ ငါမြင်တယ်ကွ"

"ဟုတ်တယ်နော်၊ ဒါမျိုးတွေဟာ လောကမှာ သိသိနဲ့ ဒီလိုပဲ နေသွားတော့မယ်နဲ့တူပါရဲ့"

"ဒါကတော့ သူတို့အပိုင်းပေါ့ကွာ။ ဥပမာ ခင်ပွန်းသည်က ကျေနပ်လို့ ဇနီးလုပ်နေသမျှ ပီတိဖြစ်ပြီး လက်ခံနေတာပဲ ဖြစ်ဖြစ်၊ မလွန်ဆန်နိုင်စရာ အကြောင်းကြောင်းတွေကြောင့် ငြိမ်ပြီး လက်ခံနေရတာပဲ ဖြစ်ဖြစ် အိမ်ထောင်ဦးစီးက ကျေနပ်လို့ ဇနီးက ဦးဆောင်တဲ့သဘောပဲ။ ဒါကတော့ ဘယ်သူနဲ့မှ မဆိုင်ဘူး။ သူတို့နဲ့ပဲ ဆိုင်တယ်။

ဒါပေမယ့် ခုန ငါပြောတဲ့ ဇနီးမောင်နှံလို ကားလုပ်ငန်းတွေ အဆင်ပြေချင်လို့ ဆရာ လုပ်ပေးပါဆိုပြီး ပြောလာသူတွေ ဆိုရင်တော့ တို့နဲ့ဆိုင်လာပြီ။ လုပ်ပေးရမယ့်သူက၊ ဆောင်ရွက်ပေးမယ့်သူက ချင့်ချိန်ရပြီ။ အခု ပြောပြခဲ့တဲ့ ဖြစ်စဉ်တူနေတာတွေ အများကြီးပဲ။ အမှန်ဆုံး စကားလုံး သုံးရမယ်ဆိုရင်တော့ မောင်လှရေ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေကို ဘယ်လို ပုဂ္ဂိုလ်မျိုးတွေကမှ ဘာမှ လုပ်မပေးနိုင်ဘူး ဆိုတာပဲ"

"ဒါပေါ့ မင်းပြောတာ မှန်တယ်။ ဘာလဲကွာ သိသိကြီးနဲ့ ဇွတ်ဖြစ်ချင်နေတဲ့ ဥစ္စာ။ ဒီကံ ဒီလိုလုပ်လို့ မကောင်းပါဘူး ဆိုတဲ့ ဥစ္စာကို ဇွတ်ပေးပြီး ဖန်တီးယူနေကြသူတွေဆိုတော့ မင်း ပြောတဲ့အတိုင်းပဲ။ ဘယ်သူမှ ဘာမှ လုပ်ပေးလို့ရမှာမဟုတ်၊ ဒါမျိုးကတော့ လူပေါ်မှာပဲ မူတည်သွားပြီ။ မှန်တယ်။

ခုလိုပြောရင်းနဲ့ တကယ့်ကို ဇွတ်ပေတဲ့ လူတစ်ယောက်ကို သွားသတိရတယ်။ သိပ်မကြာသေးဘူးကွ၊ သူလည်း ဒီလိုပဲ။ သူကတော့ တစ်မျိုး။ ပထမတော့ အရောင်းအဝယ်လေး ရိုးရိုးနဲ့ ထမင်းစားနေတာပေါ့ကွာ။ သူ့မှာ ကလေးတစ်ယောက်ရလာတော့ အဲဒီကလေးနာမည်နဲ့ စီးပွားတစ်ခု ထောင်မယ်ဆိုပြီး လာတိုင်ပင်ပါလေရော။ လုပ်ငန်းကတော့ ရွှေငါးလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



သားဖောက်ရောင်းတဲ့လုပ်ငန်း၊ နေရာတွေငှားရ၊ အုတ်ကန်ကြီးတွေလုပ်ရ၊ မှန်ပုံးကြီးတွေ ရင်းရနဲ့ ငွေမနည်းဘူး ကုန်မယ့်လုပ်ငန်း”

“မင်းက မတားဘူးလား”

“ဘယ် မတားဘဲ နေပါ့မလဲကွာ။ သူက တနင်္လာသား သူ့ကံကို တွက်ကြည့်လိုက်တော့ အင်္ဂါ၊ ဗုဒ္ဓဟူးသက်ရောက် ဆိုတာရယ်၊ ဗုဒ္ဓဟူး ဇေယျကောဇာရယ် ဆိုတာပဲ မှတ်မိတော့တယ်။ မင်း မျက်လုံးထဲ မြင်လား၊ တနင်္လာရော၊ ဗုဒ္ဓဟူးရော အနေ မကောင်းဘူး”

(ကလေးအတွက် ဟူသော ဆင်ခြေပြု၍ ဇွတ်ပေကာ ရွှေငါးမွေးမြူရေးလုပ်ငန်း မရမက ပြုလုပ်ခဲ့ပြီး အလုံးအရင်း ကုန်သွားခဲ့ရသူ၏ ကံတည်ပုံကို ဗဟုသုတ ပြလိုက်ပါသည်။)

| | | | | |
|---|---|---|---|---|
| | ၀ | ၆ | ၄ | |
| | ၆ | ၅ | ၀ | |
| | ၅ | ၄ | ၃ | |
| | ၄ | ၃ | ၆ | |
| | ၃ | ၂ | ၂ | |
| တနင်္လာသား | ၂ | ၁ | ၅ | |
| | ၁ | ၀ | ၁ | ကိစ္စ |

“အေး မြင်တယ် တန်းကပ်မှာ ဗုဒ္ဓဟူးက ရှိနေတယ်။ တနင်္လာက ‘နိစ်’ကြီးထဲမှာ ကောဇာရဲ့ ကိစ္စဂြိုဟ် တနင်္ဂနွေ ကပ်နေတယ်”

“ဟုတ်တယ် မင်းတောင် မြင်တတ်လာပြီ။ အဲဒီ ကံမျိုးဟာ ဘယ်လိုလုပ်ပြီး ရွှေငါးမွေးလို့၊ ရေလုပ်ငန်းလုပ်ဖို့ အောင်မြင်ပါ့မလည်းကွာ။ မင်း စဉ်းစားကြည့်”

“အဲဒီ ပုဂ္ဂိုလ်ကလည်း အတော်ခက်တာပဲ။ မင်းတားတော့ ဘာပြောလဲ”

“ငါတားတော့ သူက ပြုံးတယ်။ သူ့ကလေးဟာ သူ့အတွက် အကျိုးပေးမယ် ဆိုတာကို အကြွင်းမဲ့ ယုံတယ်တဲ့။ ကလေးကိုချစ်တဲ့ ဖခင်တစ်ဦးရဲ့ မေတ္တာတရားကတော့ အတော်ခိုင်မာတယ်ကွ။ ချီးကျူးလောက်တယ်။ ဒါပေမယ့် သူ့ကံတည်ပုံတွေ ငါ ပြောပြတယ်။ သူ လက်မခံဘူး။ ငြင်းတာ မဟုတ်ဘူးနော်၊ ပြုံးနေတာ။ ပြီးမှ ရအောင်လုပ်တာ။

ငါ သူ့ကို ပြောပါသေးတယ်။ ခင်ဗျား သားလေးနာမည်နဲ့ မွေးမယ်ဆိုတာတော့ ဟုတ်ပြီ။ တကယ်တမ်း လုပ်ရမှာက ခင်ဗျားပဲ။ ကလေးက ပုခက်တွင်းကနေ လမ်းတောင် လျှောက်သေးတာမှ မဟုတ်ဘဲ ဆိုတော့လည်း ပြုံးနေတာပဲ။ နောက်ဆုံးတော့ကွာ ခုန ပြောသလိုပေါ့ မကြီးပွားခြင်းအကြောင်းတွေကို ရင်ဝယ်ပိုက်ထားသူများ စာရင်းဝင်သွားတော့တာပေါ့။ သူများတွေလုပ်လို့ အောင်မြင်နေတာကိုကြည့်ပြီး အတွေ့အကြုံ မရှိဘာမရှိ ထလုပ်လိုက်တော့ ကုန်လိုက်တဲ့ ငွေတွေနှယ်ကွာ၊ မြင်မကောင်းဘူး



www.burmeseclassic.com

www.burmeseclassic.com



မောင်လှသည် ထိုင်နေရာမှ ကြမ်းပြင်ကို ကြည့်လိုက်ရင်း ခေါင်းတဖြည်းဖြည်း ညိတ်နေ၏။ လူတို့၏ အကြောင်းများကို အတော်စိတ်ဝင်တစားနှင့် . . .

"အဲဒီ လူတွေနဲ့ မတူတဲ့ လူတစ်ယောက် ငါ တွေ့ဖူးတယ်"

"ဘယ်လို မတူတာလဲ၊ လုပ်စမ်းပါဦး"

"အခု မင်းကိုငါ ဗဟုသုတ ပြောပြခဲ့တဲ့နှစ်ယောက်ကို မင်း ပြန်မှတ်မိမှာပေါ့။ တစ်ယောက်က ကားလုပ်ငန်းကြီးတစ်ခုလုံးကို အမျိုးသမီးက အုပ်ချုပ်တာ ကျေနပ်ပြီး ရှေ့မထွက်တဲ့လူ။ နောက်တစ်ယောက်က ကလေးကို ချစ်တဲ့ဇောနဲ့ လုပ်ချင်တဲ့အလုပ်ကို မရရအောင် ဇွတ်လုပ်တဲ့လူ"

"အေးလေ မှတ်မိတယ်လေ"

"တွေ့နေမြင်နေ ကြုံနေကြားနေရတဲ့ လူပေါင်းများစွာထဲက အလွယ်တကူ မှတ်မိတဲ့ လူနှစ်ယောက်အကြောင်းကို လက်လှမ်းမီသလောက် အခု ငါ ပြောခဲ့ပြီးပြီ။ ထပ်ပြောချင်တဲ့ လူကတော့ သူတို့လို မဟုတ်ဘူး။ မကြီးပွားရခြင်းအကြောင်းတွေကို သူရင်ဝယ်ပိုက်ပုံက တစ်မျိုးကွ။ တစ်နေ့ လုပ်ငန်းကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး ဇနီးမောင်နှံနှစ်ဦးကို ငါ စကားပြောခဲ့ရတယ်။ ဦးဆောင်လာသူက အမျိုးသမီးပေါ့ကွာ။ အမျိုးသားက မလာချင်လာချင်နဲ့ လိုက်လာတာ။ လုပ်ငန်းကတော့ အစားအသောက်ဆိုင်ကြီးပဲ။ အရှေ့တိုင်း၊ အနောက်တိုင်း အစားအစာတွေ ချက်ပြုတ်ကြော်လှော်ရောင်းတဲ့ ဆိုင်ကြီး။ ဖြစ်နေတာက လူဝင်ပါလျက်နဲ့ အရှုံးပေါ်နေတယ်။

ခုန ပြောသလိုပေါ့ကွာ။ အမျိုးသားက ဘာပြောလဲဆိုတော့ အိပ်မက်ဆိုးတွေ မက်တယ်။ စိတ်တွေ လေးတယ်။ ဒီဆိုင်ကို ဘယ်သူများလုပ်ထားသလဲ မသိဘူး။ ဘာညာဆိုပြီး ထုံးစံမပျက် စကားတွေ ပြောလာတော့တာပေါ့။ ငါ စိတ်ထဲက နည်းနည်း ထင့်တာနဲ့ အမျိုးသားက အင်မတန်မှ နှစ်လိုဖွယ်ကောင်းတဲ့ အမူအရာကိုဆောင်ပြီး ငါ့ကို ပြန်ကြည့်နေတယ်။

ငါကလည်း ပြုံးပြလိုက်ပြီး သူ့ကံကို တွက်ချက်ချိန်ဆကြည့်လိုက်တော့ ဆန်းကျမ်းပညာရပ်ကြီးနဲ့ကြည့်ရင် 'ကတ္တုကာရက'လို့ခေါ်တဲ့ ဂြိုဟ်တူတွေ ပူးနေတဲ့နှစ် ရောက်နေမှန်း သိလိုက်ရတယ်။ သူက အင်္ဂါသား။ သူရောက်နေတာက ရာဟုသက်ရောက်။ သူ့ကံမှာ တနင်္လာ အရမ်းကောင်းတယ်။ မှတ်မိသလောက်ကတော့ တနင်္လာ ဇေယျနှစ်ပဲ။ မွေးနံ အင်္ဂါဟာ 'ပြ'ထဲမှာ ရှိနေတာကို ကြည့်လိုက်ရင် သူ့အကြောင်းကို ငါ သိပြီ မောင်လှ။

ဒါကြောင့် အဲဒီ အမျိုးသားကို ငါ သေသေချာချာ ကြည့်ပြီး ပြုံးလိုက်တယ်။ သူက အမိပွှာယ်တွေ ပြည့်နှက်နေတဲ့ အကြည့်နဲ့ ငါ့ကို ကြည့်လိုက်ပြီး ခေါင်းတစ်ချက်ညိတ်ရင်း ဆရာ့ကို ကျွန်တော် ယုံပါတယ် ဆရာ။ ကျွန်တော် မပဟုတ်တာ မလုပ်ဘူးလား၊ လုပ်လား ဆိုတာ ဆရာပဲ



www.burmeseclassic.com

www.burmeseclassic.com



ပညာနဲ့ကြည့်လိုက်ရုံနဲ့ ကျွန်တော် လိမ်လို့မရပါဘူး။ ဆရာ သိပြီးသားပါ။ ဒါကြောင့်မို့ ကျွန်တော် ဘယ်လို မှန်မှန်ကန်ကန် နေတယ်ဆိုတာ အမျိုးသမီး သိအောင် ဆရာ ပြောပြလိုက်ပါလို့ပြောပြီး ငါ့ကို သေသေချာချာ ပြုံး ကြည့်နေတယ်။ ပြီးတော့ သေချာကြည့်မှ မြင်နိုင်လောက်တဲ့ ခေါင်း တစ်ချက် ညိတ်ပြတယ်”

“ဟင် အဲဒါက ဘယ်လိုသဘောလဲ”

“သူ့ကံ တည်နေပုံကို မင်းမျက်စိထဲမှာ မြင်လား”

မောင်လှသည် မျက်လုံးကို မှေးတေးတေးပြု၍ လက်ညှိုးကိုလေထဲ တွင် လှုပ်စိလှုပ်စိ လုပ်လိုက်ပြီး ခေါင်းဆတ်ခနဲညိတ်ကာ. . .

“အေး မြင်တယ်။ ဂြိုဟ်တူ ပူးနေတာလေ။ ရာဟု သက်ရောက်”

“ရာဟုသက်ရောက် ဆိုကတည်းက သံသယ ရှိပြီးသား။ ပြီးတော့ သူ့ကံမှာ တနင်္လာကို တနင်္လာပဲ ပြန်ပူးထားတယ်။ ကောဇာရဲ့ ဇေယျ ဂြိုဟ်၊ တနင်္လာ။ ဒီတနင်္လာဂြိုဟ်ကို ကြည့်ရုံနဲ့ အဲဒီလူကို ငါ သံသယတွေ အများကြီး ဝင်သွားပြီ”

| | | | | |
|---|---|---|---|---|
| | ၄ | ၄ | ၂ | - ဇေယျ |
| မွေးနံ * | ၃ | ၃ | ၅ | |
| | ၂ | ၂ | ၁ | |
| | ၁ | ၁ | ၄ | |
| | ၀ | ၀ | ၀ | |
| | ၆ | ၆ | ၃ | |
| | ၅ | ၅ | ၆ | |

(ထိုနှစ် ကောဇာ)

(အင်္ဂါသား၏ ကံတည်နေပုံကို ကြည့်ပါ။ ဆန်းကျမ်းပညာကို စတင် သင်ယူသူပင်လျှင် ဤကံကို ကြည့်၍ အင်္ဂါသားအကြောင်းကို မပြောဘဲ သိနိုင်လောက်ပါပြီ။)

“ဒီတော့ မင်း ဘာပြောလိုက်လဲ”

“ငါကတော့ ထွေထွေထူးထူး ပြောမနေတော့ဘူး။ ပြောချင်စိတ် လည်း မရှိတော့ဘူး။ ပညာကို အမူအရာနဲ့ လာချည်တာကိုလည်း ငါ လက်မခံဘူး။ သူ့ဟာသူ ဘယ်လောက် ချမ်းသာ ချမ်းသာ၊ သူလွှမ်းမိုးတိုင်း ငါ ငြိမ်နေလိုက်ရင် ပညာတန်ဖိုးမဲ့သွားမယ်။ ငါ ပြောလိုက်ပြန်ရင်လည်း ငါ့ကို အားကိုးတကြီးနဲ့ ကြည့်နေတဲ့ သူ့ဇနီးဟာ အခြေအနေတစ်ခုကို ပြောင်းသွားနိုင်တယ်။

ဒါကြောင့် ကိုင်း ခင်ဗျားတို့ကို ကျွန်တော် ပြောစရာ စကားလုံး ရှာမရတော့ဘူး။ ဒီတော့ မမှားဘူးလို့ ကိုယ့်ကိုယ်ကိုယ်ထင်ရင် မှန်ပါတယ် ဆိုတာနဲ့ အတူတူပဲ။ ဒါကြောင့် မှန်လား၊ မှားလားဆိုတာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာထက် ခင်ဗျားတို့ အသိဆုံး နေမှာပါ။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် သိဖို့ အရေးကြီးဆုံးပါပဲ။ လူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ် သိကြတာချည်းပဲလို့ ပြောပြီး အဲဒီနေရာမှာတင် စကားကို တုံးတိဖြတ်ပစ်လိုက်တော့တယ်"

"အဲဒီတော့ ဘာပြောလဲ"

"အမျိုးသားကတော့ နည်းနည်း လန့်သွားတယ်။ အမျိုးသမီးကတော့ သူငယ်တန်းကျောင်းသားလေး ရှေ့မှာ ဓမ္မစကြာရွတ်ပြနေသလိုများ ခံစားနေရလား မသိဘူး။ တကယ့်ကို သဘောမပေါက်တဲ့ပုံပဲ။ ငါ့ စကားလုံး ကလည်း ဘာမှ မြှင့်ထားတာ မဟုတ်ဘူး။ ရိုးရိုး ပြောတာကို သဘော မပေါက်တာ။ နောက်တော့ အင်မတန်မှ မှင်ကောင်းတဲ့ အမျိုးသားက စီးပွားရေး အောင်မြင်မှုတွေ ဖြစ်လာအောင် ဘာတွေ ဆက်လုပ်ရမလဲ ဆိုပြီး မေးတယ်"

"သူပြောတော့ မင်းက. . ."

"ငါက ဘာလုပ်ပေးလို့ ရမှာလဲ မောင်လှရယ်၊ ဒါ ကံကြမ္မာနဲ့ မဆိုင်တော့ဘူး။ လူကွ လူ။ လူကြောင့်ဖြစ်နေတဲ့ဥစ္စာ"

"အေးလေ အဲဒါကြောင့်လည်း ငါ မေးတာ"

"မလုပ်ပေးဘူး။ ငါက လုပ်ပေးလိုက်ပေမယ့် သူလုပ်ချင်တာ လုပ်လို့ ဒီလိုပဲ ဆက်ဖြစ်နေရင် တစ်နေ့ ဘာပြောလာမလဲ သိလား။ ငါတို့တွေ ဦးမောင်မောင်သန်းဆီ ရောက်ဖူးပါတယ်၊ အလကားပါကွာ ဆိုတဲ့ စကားသံ ထွက်လာမယ်။ အဲဒီလို အပြောတော့ ငါ မခံနိုင်ဘူး မောင်လှ"

"အေး ဟေး ဟေး၊ ဟုတ်တယ် ဟုတ်တယ်"

"ဒါကြောင့် ငါ ပြောလိုက်တယ်။ ကျွန်တော်တော့ လုပ်မပေးတတ်ဘူး ဖြစ်နေတယ်။ ကံအနေအထားကလည်း လုပ်ပေးလို့မရဘူးလို ဖြစ်နေတယ် ဆိုတော့ သူ့ဇနီးခမြာ မျက်နှာငယ်လေးနဲ့ ကြည့်ရှာတယ်။ အားကိုးရှာ တယ်။ ဒါပေမယ့် မတတ်နိုင်ဘူး။ ငါ ထပ်ပြောလိုက်တယ်။

လောလောဆယ် မနက်စောစော တန်းစီကြွလာတဲ့ သံဃာတော် အရှင်သူမြတ်တွေကို အရုဏ်ဆွမ်း ထလောင်း။ ဇနီးမောင်နှံ နှစ်ယောက် လုံးလောင်း။ ဘုရားရိပ်၊ တရားရိပ်၊ သံဃာ့ရိပ် ခိုရုံကလွဲရင် ဘာအတတ် ပညာနဲ့မှ စီရင်လို့ မရတဲ့နှစ် ဖြစ်နေတယ်။ အဲဒါပဲ လုပ်ပေတော့။ တစ်နှစ်လုံး ဆွမ်းလောင်းပေတော့လို့ပြောပြီး ပြန်လွှတ်လိုက်ရတော့တယ်"

"ခက်တယ်နော်"

"အဲဒါပဲ မောင်လှ၊ မကြီးပွားရခြင်းအကြောင်းတွေကို ရင်ဝယ်ပိုက် ထားသူတွေ လောကမှာ ဒုနဲ့ဒေး ရှိနေကြတယ်။ တချို့က မသိဘဲနဲ့ ရင်ထဲယ်ပိုက်ထားကြရှာတယ်တချို့ကျတော့ခုနလိုသိသိနဲ့ရင်ဝယ်ပိုက်ထားကြတယ်။ အဲဒီလို လူမျိုးတွေအတွက် မင်းကော ဘာလုပ်ပေးနိုင်မတဲ့လဲ၊ကဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဘာ ယတြာနဲ့မှလည်း မရနိုင်တာမျိုးတွေနော်"

"ဟ ယတြာဆိုတာ ကံအကြောင်းတိုက်ဆိုင်မှ ပြုပြင်လို့ ရတာမျိုးကွ မောင်လှရဲ့။ လုပ်ချင်တိုင်း လုပ်နေပြီး ယတြာ၊ ယတြာ အော်နေလို့ ငါ ခုန မေးသလို မင်းကော ဘယ်လုပ်ပေးနိုင်မတဲ့တုန်း"

"တော် တော် တော်။ ဗဟုသုတတွေ၊ ပညာတွေ ရအောင် နားထောင်နေရင်း မင်းတပည့် ဆရာအုန်းကြီးလို ဘာမှ မသိဘဲ လွယ်အိတ်ကြီးထဲ ရောက်ရောက်နေဦးမယ်။ ထ ထ၊ သွားစို့။ မင်း အညောင်းပြေ လမ်းလျှောက်မလို့ဆို"

"အေးလေ"

❖ ❖ ❖

(ရှုကွက်ရွှေရောင်ခြည်မဂ္ဂဇင်း အမှတ် ၁၇၂)



www.burmeseclassic.com

www.burmeseclassic.com

# ရင်မှဖြစ်သော ပီတိများ

(၁၁. ၈. ၂၀၀၀)၊ နံနက် (၁၀)နာရီ။

"အားလုံး ပြီးပြီလား အစ်ကို"

"ဟော မောင်အောင်မြတ်။ လာ ညီလေး၊ ဟိုမှာ မင်းညီ ရေချိုးနေလို့ ခဏလေး"

"ရတယ် အစ်ကို၊ အေးအေးဆေးဆေးပဲ"

မောင်အောင်မြတ်သည် စောစောက ကြိုရောက်နှင့်နေသော ပိုက်ထွေးနှင့် စကားစမြည်ပြောရင်း ရယ်ရယ်မောမော နောက်ပြောင်နေ၏။ သူတို့ညီအစ်ကိုသည် တစ်ခါတစ်ရံ အလုပ်များကြလွန်း၍ လေးငါးလ မဆုံဖြစ်ကြ။

ယခုလို ဆုံသည့်အခါ ရေပက်မဝင်အောင် နောက်ကြ ပြောင်ကြလေ့ရှိ၏။ သူတို့ညီအစ်ကိုကိုကြည့်ရင်း မိုင်ပေါင်းများစွာ ဝေးလံသည့်နေရာတွင် တိုင်းပြည်တာဝန်ထမ်းဆောင်နေသော တပည့်ကျော်ကြီး ဦးသန်းထွန်းအောင်ကို ပြေးသတိရလိုက်မိ၏။

ကျွန်ုပ်သည် တပည့်များနှင့် ယခုလို စုစုဝေးဝေး စုံစုံညီညီ ဆုံရသည့်အခါ အလွန် စိတ်ချမ်းသာရ၏။ ပျော်ရွှင်ကြည်နူးရ၏။

"အစ်ကိုကြီး ပြီးပြီ"

"အေး"

သား သီဟမောင်မောင်သည် သူ့အစ်ကိုကြီး မောင်အောင်မြတ် ကားပေါ်သို့ သူ့အဖွဲ့နှင့် တပျော်တပါး ပြေးလွှားနေရာယူလိုက်၏။ ပိုက်ထွေးသည် ကျွန်ုပ်၏ ကားပေါ်တွင် အခြားတပည့်များနှင့်အတူ လိုက်လာ၏။

ကားလေးနှစ်စီးသည် ညက်ညောသိမ်မွေ့စွာသွားရင်း နန္ဒဝန်ဈေးရှေ့သို့ အရောက်တွင် ခဏရပ်လိုက်ကြ၏။ မောင်အောင်မြတ်သည် သူ၏ ထုံးစံအတိုင်း မုန့်ထုပ်များ၊ ငှက်ပျောသီးများ တစ်ပွဲ့တစ်ပိုက်၊ တနင့်တစ်ပိုး ဝယ်၏။ ကားနှစ်စီး ခွဲထည့်လိုက်ပြီး ဆက်လက် ထွက်ခွာလာခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကေတုမာလာကွေ့ကျော်၍ ဘေလီတံတားရှိရာ မြင်သာဘက်ဆီသို့ ချိုးကွေ့လိုက်ပြီး အမှတ်(၅)ဝိုင်း၊ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ညင်သာစွာ မောင်းဝင်လာခဲ့၏။

ဘုန်းတော်ကြီးသင် မူလတန်းကျောင်း 'စလေသိင်္ဂီ' (၅-ဝိုင်း)၊ (၁၅)ရပ်ကွက်။

ကျွန်ုပ်တို့အဖွဲ့သည် စလေသိင်္ဂီကျောင်း ဆရာတော် ဦးစန္ဒိမာအား ဝတ်ပြုကန်တော့ကြ၏။ ရောက်ပြီး ဆယ်မိနစ်မျှပင် မပြည့်သေး။ ဆရာတော်၏ ဆန္ဒအရ အခြားသော ဆရာတော်များနှင့် စုစုပေါင်း ခြောက်ပါးကို ဆွမ်းကပ်လှူကြရ၏။ ပြီးနောက် ကျောင်းရှိ တိုင်းရင်းသားကိုရင်လေးများ အပါးလေးဆယ်ကျော်ကို ဆွမ်းကပ်ရပြန်၏။ တွေ့ခဲ့ရသော ကျောင်းသားလေးလေးဦးဆိုလျှင် မြန်မာလိုပင် လုံးဝ နားမလည်။

အလှူရှင်ဖြစ်သော သီဟမောင်မောင်သည် ဆရာတော်ကြီးများအား ဆွမ်း၊ ဆွမ်းဟင်းဖြည့် ကုသိုလ်ယူခြင်း၊ ကိုရင်လေးများ ဆွမ်းစားနေရာသို့သွား၍ ဆွမ်း၊ ဆွမ်းဟင်းဖြည့် ကုသိုလ်ယူခြင်းတို့ဖြင့် ပျော်ရွှင်နေ၏။ သူ့သူငယ်ချင်းများနှင့် ကျွန်ုပ်၏ တပည့်များ စုံစုံညီညီ ဝိုင်းဝိုင်းလည်နေ၏။

ဆရာတော်သည် စည်းကမ်းကြီးလွန်းရာ ဆွမ်းစားနေကြသော ကိုရင်လေးများမှာ အသံ လုံးဝ မထွက်ရုံမက ဘေးဘီတွင်ပင် ထမင်းလုံးဖိတ်ခြင်း မရှိ။ ဤမျှငယ်ရွယ်သော ကိုရင်လေးများကို ဆရာတော်သည် မည်သို့မည်ပုံ သင်ကြားပြသ ဆိုဆုံးမထားပါလိမ့်ဟူ၍ ကျွန်ုပ်တို့ တီးတိုးပြောနေမိကြ၏။

ကျွန်ုပ်သည် သောကြာနေ့ စနေအခါကို အလွန် သဘောကျ၏။ ဘုရားရှင် ဖွားတော်မူရာနေ့၊ ဓမ္မစကြာတရားဦး ဟောတော်မူရာ အခါဖြစ်၍လား မသိ။ သာသနာတော်အကျိုး၊ ဘာသာအကျိုး စသည့် ကောင်းမှုကုသိုလ်ကြီးများ၊ ထူးခြားသော ကုသိုလ်ကြီးများကို ပြုသည့်အခါ အလွန်အောင်မြင်လေ့ရှိ၏။

ယခုလည်း သီဟမောင်မောင် ပျော်ရွှင်ချမ်းမြေ့ အောင်မြင်စွာ လှူနေသော အချိန်မှာ သောကြာနေ့ နံနက် (၁၁)နာရီ (စနေအခါ) ဖြစ်နေ၏။

ဆရာတော်ကြီးများ ဆွမ်းစားပြီး၍ အချိုပွဲ ဘုဉ်းပေးပြီး ကိုရင်လေးများတို့သည်လည်း အချိုပွဲဘုဉ်းပေးပြီးကြပြီဖြစ်၍ ကျွန်ုပ်တို့အဖွဲ့ နံနက်စာစားကြရ၏။

ဆရာတော်သည် ကျွန်ုပ်အား ဦးမောင်မောင်သန်းမှန်း မပြောရကောင်းလားဟု အားရပါးရ တတွတ်တွတ်ပြောရင်း ထမင်းစားရာနေရာထိ မကြာခဏ လျှောက်လာ၏။ ကျွန်ုပ်သည် မည်သည့်နေရာတွင်မဆို စာရေးသော ဦးမောင်မောင်သန်းဟု ပြောလေ့မရှိ။ ကြုံဖန်သိသွားမှသာ သိကြရလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီးကြပြီဖြစ်၍ အချိုပွဲများကို အားရပါးရ စားကြ၊ ရေနွေးသောက်ကြရင်း ကျွန်ုပ် ထိုင်နေရာဆီသို့ အားလုံး ဝိုင်းလာပြီး ထိုင်နေကြပြန်တော့၏။ ကျွန်ုပ်သည် အားလုံးကိုဝေ့၍ အကဲခတ်လိုက်ပြီး

"ဒီကောင်ကြီး၊ ဒီနှစ်တော့ ကျွတ်ကျွတ်လွတ်လွတ် အောင်ပြီ ဆိုတာ အောင်စာရင်း မထွက်ခင်ကတည်းက ရာခိုင်နှုန်းရှစ်ဆယ် ခန့်မှန်း ပြီးသားကွ သိလား မောင်အောင်မြတ်"

"ဟုတ်လား အစ်ကို၊ ဒါဖြင့် မနှစ်ကတော့ရော"

"မနှစ်က မအောင်နိုင်ဘူးဆိုတဲ့ နိမိတ်ကို ဘယ်မှာ တွေ့လိုက်ရလဲ ဆိုတော့ စာမေးပွဲ နောက်ဆုံးဖြေပြီး ပြန်လာတဲ့နေ့မှာ တွေ့လိုက်ရတာပဲ။ တွေ့တယ် ဆိုတာထက် ကြားလိုက်ရတယ်လို့ ပြောရင် ပိုမှန်တယ်"

"ဘာကို ကြားလိုက်ရတာလဲ အစ်ကို"

"သီချင်းကွ၊ ဘာသီချင်းလဲ ဆိုတော့ သင်္ကြန်သီချင်း။ အဲဒီ သင်္ကြန် သီချင်းက ငါ အရမ်းကြိုက်တဲ့သီချင်း။ ကြိုက်လွန်းလို့ အဲဒီသီချင်းကို ခဏခဏ နားထောင်ရတယ်။ သား ဆိုလာတာ အဲဒီနေ့က အဲဒီသီချင်း ဖြစ်နေတယ်။ ဆိုလာတဲ့ စာသားလေးက 'နောင်နှစ်ကိုလည်း ဆီးလို့ကြိုကွယ်၊ မောင်ကြီး လာပါမယ်၊ လာပါမယ်'ဆိုတဲ့ စာသားပဲ။

အဲဒီစာသားလေးကို သူသူငယ်ချင်းလေးနဲ့အတူ အော်ဟစ်ဆိုပြီး အိမ်ထဲကို ခုန်ပေါက်ဝင်လာတဲ့ သားကို ငါလှမ်းကြည့်လိုက်မိတယ်။ အင်္ကျီ အဖြူ ကျောင်းစိမ်းလုံချည်လေးနဲ့ လွယ်အိတ်လေးကို လွယ်ထားတဲ့ အပြစ် ကင်းစင်တဲ့ သားလေးကို ငါကြည့်ပြီး စိတ်မကောင်းဖြစ်သွားရတယ်။ အင်း ငါ့သားတော့ ဒီနှစ်သွားပြီဆိုပြီး စိတ်မကောင်းဖြစ်ရတယ်ပေါ့ကွာ"

"ဟာ ဟုတ်တာပေါ့။ နောင်နှစ်ကိုလည်း ဆီးလို့ကြိုကွယ် ဆိုတာ နောက်နှစ်လည်း ဒီနေရာကို ပြန်လာမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ လာပြီးသား နေရာကို ပြန်လာပါ့မယ်ဆိုတဲ့ သဘောပေါ့နော် အစ်ကို"

"အေးပေါ့ မောင်အောင်မြတ်ရာ။ ဆယ်တန်းစာမေးပွဲဖြေတဲ့ အချိန်ဆိုတာ အင်မတန် အရေးကြီးတဲ့အချိန်၊ အတိတ်ကောင်း၊ နိမိတ် ကောင်းတွေနဲ့ ပြည့်စုံနေရမယ့်အချိန်ဆိုတော့ ငါကလည်း နိမိတ်တို့ စနည်းတို့ ကြည့်နေတာပေါ့ကွာ။ သူ့အဓိပ္ပာယ်က ဒီဆယ်တန်းဖြေဖို့ပဲ ပြန်လာပါ့မယ်ဆိုတဲ့ သဘောဖြစ်နေတော့ သွားပြီဆိုပြီး ငါ့စိတ်တွေ ငါ လျှော့ချလိုက်ရတော့တယ်။ အောင်စာရင်း ထွက်လာတဲ့အခါ မတုန်လှုပ် မိအောင် ကြိုတင်ခံစားထားလိုက်တယ်ပေါ့"

ကျွန်ုပ်သည် ပြောရင်းနှင့် ကော်ဖီပန်းကန်ကိုကိုင်၍ တစ်ငုံ သောက် လိုက်ပြီး ပြန်ချလိုက်၏။ ပြီးမှ ပဲခြမ်းကြော်လေးများကို ဇွန်းလေးနှင့်ခွေး၍ ဝါးနေလိုက်ပြီး မျက်လုံးဝေ့ကြည့်လိုက်၏။ ညီလေးများနှင့် တပည့်များ သည် ကျွန်ုပ် ဘာပြောမည်ကို မျက်တောင်မခတ် စောင့်ကြည့် နားစွင့်နေ ကြ၏။ သားလေးသည် သူ့အကြောင်းကို ပြန်ကြားနေရသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ရယ်ရယ်မောမော ပြုရင်း သူ့သူငယ်ချင်းအား မှီထိုင်နေ၏။

"ကျွန်တော် မသိလို့ အစ်ကို"

"အေး ပြော"

"ဒီသီချင်းက သကြ်န်နားနီးရင် နေရာတကာတိုင်းမှာ ဖွင့်နေတဲ့ သီချင်း မဟုတ်လား အစ်ကို"

"ဟုတ်တယ်လေ"

"ရေပက်ခံမဏ္ဍပ်တွေ၊ အလှပြမဏ္ဍပ်တွေမှာ မပြတ်ဖွင့်နေတဲ့ သီချင်းပဲ။ အဲဒီလို ဖွင့်နေတဲ့အချိန်မှာ ဆယ်တန်းစာမေးပွဲ ဖြေထားကြတဲ့ ကလေးတွေ နားမထောင်ရတော့ဘူးတဲ့လား အစ်ကို။ ဒါမှမဟုတ် သူတို့ အဲဒီသီချင်းကို ဆိုမိရင် ကြားမိရင်ကော"

"ပိုက်ထွေးရာ မင်းနယ် ငါ ဒါလောက် ခဏခဏ ပြောနေတာတောင် ပကတိနဲ့ ဝိကတိ မကွဲချင်ဘူး။ သီချင်းဟာ သီချင်းလို နားထောင်ရင် သီချင်းပဲကွ။ ဘယ်သီချင်းဖြစ်ဖြစ် သူ့ဟာနဲ့သူ ရသမြောက်တဲ့ သီချင်း ချည်းပဲ။ သကြ်န်မိုးထဲက သီချင်းတွေဆို အားလုံးကို ကြိုက်လွန်းလို့ ငါ့ကားထဲမှာ အဲဒီ သကြ်န်မိုးအခွေပဲ အမြဲဖွင့်တာ မင်းလည်း အသိပဲ။

ခုန ငါ ပြောသလိုပေါ့။ သီချင်းဟာ သီချင်းလို နားထောင်ရင် သွေးထွက်သံယိုတွေပဲပါပါ၊ အသားတွေ၊ အတုံးလိုက် အတစ်လိုက်ပဲ ပါပါ။ သချိုင်းတို့၊ မရဏလမ်းတို့၊ ပေါက်တူးတို့၊ ကြေးစည်တို့ပဲ ပါပါ။ သီချင်းဟာ သီချင်းပဲကွ။ ဘာမှ မဖြစ်ဘူး။ ဟာ စာသားတွေ ကြမ်းလိုက်တာဆိုတဲ့ အာမေဋိတ်ပြုရုံကလွဲပြီး သီချင်းဟာ သီချင်းပဲ။

ဒါပေမယ့် အကြောင်းအရာတစ်ခုကို သီချင်ပြီဆိုတဲ့စိတ်နဲ့ အကြောင်း အကျိုးတစ်ခုခုကို ဟန်ချက်ညီညီ ဆက်စပ်ကြည့်မယ်ဆိုရင် သီချင်းဟာ စနည်း ဖြစ်သွားတတ်တယ်။ စိတ်ဝင်စားလိုက်မိတဲ့ မြင်ကွင်းဟာ နိမိတ် ဖြစ်သွားတတ်တယ်။

ဥပမာကွာ မင်းဟာ ငွေ အကြီးအကျယ်ရဖို့ ကိစ္စတစ်ခုနဲ့ သွား တော့မယ်ဆိုပါစို့။ ဒုက္ခတွေ ရောက်နေပြီ။ မီးမုန်တိုင်းတွေ တိုက်နေပြီ ဆိုတဲ့ သီချင်းကို ညည်းသွားမလား။ ဆိုသွားမလား"

"ဘယ်ဆိုပါ့မလဲ အစ်ကို"

"နားကော သေသေချာချာ ထောင်သွားမှာလား"

"ကြုံကြုံဖန်ဖန် အစ်ကိုကလည်း"

"အေး အဲဒါပဲ၊ မင်းတို့ ငါတို့တွေ အသည်းကွဲသီချင်းတွေ၊ ကြေကွဲ ပျက်ပြုန်း ဆုံးရှုံးလက်လွှတ်ရတဲ့ သီချင်းတွေ၊ ကိုယ့်ကိုယ်ကိုယ် အညတရတို့ သူတောင်းစားတို့ဆိုပြီး ပြောပြောနေတဲ့ သီချင်းတွေ၊ အမြဲလိုလို ကြားဖူး နေရ၊ နားထောင် ဖူးနေရတာပဲ။ ဘာဆန်းလို့လဲ။ အောင်မြင်မှု လိုအပ် လာတဲ့ အခါကျတော့ မင်္ဂလာမရှိတဲ့ သီချင်းတွေကို ဘာလို့ မဖွင့်ကြလဲ၊ မင်း စဉ်းစားကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"စောစောက အစ်ကို ပြောတဲ့အထဲမှာ ဒီနှစ်တော့ လွတ်လွတ်ကျွတ်ကျွတ် အောင်ပြီဆိုတာ အောင်စာရင်း မထွက်ခင်ကတည်းက ရာနှုန်းဘယ်လောက်ဆိုလဲ ခန့်မှန်းပြီးသားဆို။ အဲဒါလည်း ဒီလိုပဲ နိမိတ်တွေ၊ စနည်းတွေနဲ့ပဲလား"

"အေးပေါ့ ပိုက်ထွေးရဲ့။ ဒီအကြောင်းရဲ့ အခြေခံကို စပြောရင် စာမေးပွဲဖြေခါနီးမှာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးကိုသွားပြီး သီဟမောင်မောင် ဆီမီး၊ ရေချမ်း၊ ပန်းလှူတဲ့ နေ့ကပေါ့။ ကလေးတွေ အများကြီး ရှင်ပြုဖို့ ဘုရားကြီးကို လာဦးတိုက်ကြတာနဲ့ ကြုံနေတယ်။ မောင်ရင်လောင်းလေးတွေပေါ့ကွာ။ ငါဆိုရင် နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးကို သွား သွား ဦးခိုက်ကန်တော့ပေမယ့် ဒီမြင်ကွင်းနဲ့ မကြုံဘူး။ ဘာလို့လဲဆိုတော့ ကလေးတွေက အများကြီးပဲ။ ဘေးဘီကလူတွေတောင် ပိုင်းကြည့်နေကြရတယ်။ ဒါဆို ထူးပြီး လာကန်တော့ကြတာမှန်း ငါ ရိပ်မိလိုက်ပြီ။

ဒါကြောင့် ဘုရားရှင်ကို ဂြိုဟ်ရှစ်ခွင်လုံးလှည့်ပြီး ဆီမီးထွန်းရင်း ရေသပ္ပာယ်နေတဲ့ သီဟမောင်မောင်ကို 'ငါ့သား မင်း ဒီနှစ်အောင်ပြီ'လို့ တစ်ခွန်းတည်း ပြောခဲ့တယ်။ ဘာလို့ ဒီလို ပြောလိုက်လဲဆိုတော့ မောင်ရင်လောင်းဆိုတာ ဘုန်းကြီးတော့မယ့် ကလေးလေကွာ။ မြင့်မြတ်တော့မယ့် ကလေး။ ဒါဆို မြင့်မြတ်ခြင်းဆိုတာ အောင်မြင်ခြင်းနဲ့ ဆိုင်လား၊ ကျဆုံးခြင်းနဲ့ဆိုင်လား ပိုက်ထွေး"

"အောင်မြင်ခြင်းနဲ့ပဲ ဆိုင်ပါတယ် အစ်ကို။ ဒါလောက်တော့ အစ်ကို့ညီ သိပါသေးတယ်"

"ဒါဆို ရှင်းနေတာပဲ။ မြင့်မြတ်ခြင်း ဆိုတာ ဆင့်ကဲ တိုးတက်သွားခြင်း၊ အောင်မြင်ခြင်း ဒါဖြင့် ဣဋ္ဌ။ သိပ်တောင် စဉ်းစားစရာမလိုဘူး။ ဒါကြောင့် တစ်ခွန်းတည်း ပြောခဲ့တာပဲ"

"အစ်ကို နောက် ဘာတွေ ကြုံခဲ့သေးလဲ။ သီဟနဲ့ ပတ်သက်လို့"

ကျွန်ုပ်သည် မောင်အောင်မြတ်၏ အမေးကို ချက်ချင်း မဖြေသေးဘဲ လက်ဖက်ပန်းကန်ထဲမှာ ပဲခြမ်းကြော်လေးများကို ရွေးယူ၍ မြုံ့ဝါးလိုက်ရင်း တပည့်များကို အကဲခတ် လိုက်မိပြန်၏။

"အားလုံး သိချင်နေကြတယ် မဟုတ်လား၊ ပြောရသေးတာပေါ့။ ဒိပြင်တော့ ထွေထွေထူးထူး ဘာမှ မကြုံခဲ့ပါဘူး။ စာမေးပွဲအောင်စာရင်း မနက်ဖြန်လို ထွက်တော့မယ် ဆိုတော့ ဒီနေ့လိုနေ့မျိုးမှာ ဘာအလုပ်မှ မလုပ်တော့ဘဲ နိမိတ်တွေ စနည်းတွေနဲ့ ကြိုတင်ခန့်မှန်းကြည့်ဖို့ အိမ်က ထွက်လာလိုက်တယ်ပေါ့။ လမ်းထိပ်လည်းရောက်ရော၊ အမှိုက်သိမ်းကားကြီးက ငါ့ရှေ့တည့်တည့်လာပြီး ထိုးရပ်သွားပါလေရော၊ ငါတောင် ကားကို သတိထားကြည့်လိုက်ပြီး ဘေးကကွေ့ရှောင်သွားရတယ်"

"ဟင် နိမိတ်ကြီးကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး မပြီးသေးဘူး။ အဲဒါနဲ့ ဥက္ကလာစေတီဘက် လမ်းဆက်လျှောက်သွားလိုက်တယ်ပေါ့။ ဥက္ကလာစေတီနား မရောက်ခင် လမ်းဖြတ်အကူးလိုက်မှာ သူငယ်ချင်းတစ်ယောက်နဲ့ တွေ့တယ်။ သူက ကိုယ့်လည်းမြင်လိုက်ရော၊ ဟေ့ကောင်ကြီး ဘယ်လဲတဲ့။ ဘယ်ရယ် မဟုတ်ပါဘူးကွာ။ ဒီဘက်ပဲ။ လမ်းလျှောက်ထွက်လာတာ။ မင်းရောလို့ ပြန်နှုတ်ဆက်လိုက်မိတယ်။

ငါ သံပန်း၊ သံတံခါးတွေ လုပ်ရောင်းနေတယ်။ ခုလည်း ဒီမြင်သာထဲမှာ သံပန်းတွေ အော်ဒါရလို့ဆိုပြီး ဝမ်းသာအယ်လဲနဲ့ ပြောတယ်။ အေးအေး ဝမ်းသာတယ်ကွာလို့ ပြောလိုက်တော့ ငါ့ကို နှုတ်ဆက်ပြီး ခပ်လှမ်းလှမ်းမှာရှိတဲ့ ဆလွန်းကားတစ်စီးပေါ်တက် ငါ့ကိုလက်ပြပြီး မောင်းထွက်သွားတယ်။

ဩော် ငါ့သူငယ်ချင်း အဆင်ပြေတာ ကားတွေ ဘာတွေနဲ့တောင်ဖြစ်နေပါရောလား ဆိုပြီး ဝမ်းသာရင်း တစ်ခုခုကို ဖျတ်ခနဲ သတိရလိုက်တာနဲ့ ပြန်လှည့်လာလိုက်တော့တယ်။ ခုန ငါ့သူငယ်ချင်း ဝမ်းသာတာထက်တောင် ငါက ပိုပြီး ဝမ်းသာတာ မပြောပါနဲ့တော့။ ကိုင်း မင်းတို့ဘယ်လိုမြင်လဲ"

ကျွန်ုပ်သည် ညီလေးများနှင့် တပည့်များအား ပြုံး၍ ဝေ့ကြည့်လိုက်ပြီး ရေနွေးကြမ်းပန်းကန်ကိုယူ၍ သောက်လိုက်၏။ ကျွန်ုပ်၏ညီလေးများ၊ တပည့်များတို့သည် ကျွန်ုပ် တွေ့ခဲ့ရသော နိမိတ်များကိုသိကောင်း သိကြပါလိမ့်မည်။ ယုတ္တိရှိစွာနှင့် ပုံဖော်ကောင်း ဖော်နိုင်ပါလိမ့်မည်။ သို့သော် ကျွန်ုပ်၏ ရှေ့တွင် မှားသွားမည်ကို စိုးရွံ့နေကြဘိသည့်အလား ဆိတ်ဆိတ်နေရင်း ပြုံးနေကြ၏။

"ရှင်းပါတယ်။ အမှိုက်ကား ဆိုတာ ဘာကို သယ်တာလဲ ပိုက်ထွေး"

"အမှိုက် သယ်တာပါ"

"မင်း ပြောမှလား ဒီထက် မပိုတော့ဘူးလား"

"အမှိုက်ပဲလေ အစ်ကို"

"ကဲ ထားပါတော့။ အမှိုက်ဆိုတာ ဘာလဲ။ ပစ္စည်းဟောင်းလေးတွေ၊ သုံးပြီးသား အဟောင်းလေးတွေကို အမှိုက်ဆိုပြီး စွန့်ပစ်ကြတာမဟုတ်ဘူးလား"

"ဟုတ်ကဲ့"

"ဒါဖြင့် အဟောင်းတွေကို စွန့်ပစ်ရာ၊ အဟောင်းတွေကို အပြီးအပိုင် သိမ်းပေးသွားပြီး သန့်ရှင်းစင်ကြယ်အောင် လုပ်ပေးနေတာ အမှိုက်ကားပေါ့ကွ။ ဒီလိုဆို အဟောင်းသိမ်းသွားပြီဆိုတဲ့ အဓိပ္ပာယ်ကို ငါကောက်ရင် မှားတယ်လို့ ပြောနိုင်လား။ ဖြစ်နိုင်တယ်လို့ ဆုံးဖြတ်ပြီး ငါ့သားဟာ အဟောင်းသိမ်းပြီလို့ အဓိပ္ပာယ် ကောက်လိုက်တယ်။ ဘာလို့အဟောင်းသိမ်းလဲဆိုတော့ သူက စာဟောင်းပြန်သင်ရတာကိုး။ တင်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ကျခဲ့တာကိုး”
“ဪ. . .”
ကျွတ်စီကျွတ်စီ ဖြစ်သွားပြီး ကျေနပ်စွာ ပြုံးသွားကြသော တပည့်များကို ကြည့်ရင်း ကျွန်ုပ် ခေါင်းညိတ်ပြလိုက်၏။
“နောက်ထပ် သံပန်းတွေ လာရောင်းတဲ့ သူငယ်ချင်းနဲ့ တွေ့တဲ့ကိစ္စ။ မင်းတို့ စဉ်းစားကြည့်လေ။ သံပန်းရောင်းရတယ် ဆိုတာ အဲဒီ သံပန်းကို လူကြိုက်လို့လား၊ မကြိုက်လို့လား”
“ကြိုက်လို့”
“ဟုတ်တယ် ကြိုက်လို့။ သံပန်းမျက်နှာပန်းပွင့်လို့၊ ဈေးကွက်မှာ ရောင်းပန်းလှလို့ အရည်အချင်းကောင်းလို့ လူကြိုက်တာ။ သံပန်း အရည်အချင်း မပြည့်စုံရင် လူ ဘယ်ကြိုက်ပါ့မလဲ။ ဒါဖြင့် သံပန်းနဲ့ နံတူသောကြာနဲ့ ကြာသပတေးနံတွဲ သီဟမောင်မောင် အရည်အချင်း ပြည့်စုံရတော့မှာပေါ့။ လူချစ်လူခင် များလာရမှာပေါ့”
“သံပန်းနဲ့ သီဟမောင်မောင်။ ဟာ ဟုတ်သားပဲ”
ပိုက်ထွေးသည် သားမျက်နှာကို လှမ်းကြည့်ရင်း နှုတ်မှ ရေရွတ်၍ အားရဝမ်းသာ ထ,အော်လိုက်၏။
“အေး အဲဒီ နှစ်ချက်နဲ့ပဲ အိမ်ကို ကျေကျေနပ်နပ် ပြန်လာပြီး ပြောလိုက်တယ်။ သား မင်း အောင်ပြီလို့ ပြောလိုက်တယ်။ ပြောသာ ပြောရတယ်။ အမယ် သိပ်မရဲသေးဘူးကွ။ သားသမီးနဲ့ ပတ်သက်တဲ့ နိမိတ်ကောက်လာရတော့ ကိုယ့်ကိုယ်ကိုယ်တောင် မယုံသလိုဘဲ။ နောက်နေ့ မိုးလင်းလို့ သူဖြေခဲ့တဲ့ ကျောင်းမှာ အောင်စာရင်း သွားကြည့်လိုက်ပြီးမှ လက်သီးလက်မောင်း တန်းနိုင်တော့တယ်”
“ကျွန်တော်ဆို အမှိုက်ကားမြင်တာနဲ့ ဟာ သွားပြီ။ ဘဝဟာ ညစ်ပတ်သွားပြီ။ သံပန်းအကြောင်း ကြားလိုက်ရတာနဲ့ ကွေးကောက်သွားပြန်ပြီ၊ မဖြောင့်တော့ဘူးဆိုပြီး နိမိတ်ကောက်မိမှာ သေချာတယ်”
ပိုက်ထွေး၏ စကားကြောင့် စကားဝိုင်းတစ်ခုလုံး ပွဲကျသွား၏။
“ကဲ ကဲ ဆရာတော် ခေါ်နေပြီ။ ဆရာတော်ကို ဝတ္ထုငွေတွေ လှူဖို့၊ သီလယူ၊ ရေစက်ချဖို့တဲ့”

* * *

ဆရာတော် ဦးစန္ဒိမာထံမှ သီလယူကြပြီး တိကျပြတ်သားသော တရားတော်ကို နာရင်း ရေစက်ချလိုက်ရ၏။ ဆရာတော်သည် ကျွန်ုပ်အား ခင်မင်ရင်းနှီးစွာဖြင့် ပျားရည်တစ်ပုလင်း ပြန်စွန့်ပြီး စကားစမြည် ပြော၏။
နာရီဝက်ခန့်ကြာသော် ကျွန်ုပ်တို့အဖွဲ့သည် ဆရာတော်ကို ဝတ်ဖြည့်၊ ကိုရင်လေးများကို နှုတ်ဆက်ပြီး ပြန်ရန် ပြင်ဆင်ကြရတော့၏။ တောင်တန်းဒေသများတွင် တိုင်းရင်းသားများကြား နှစ်ပေါင်းများစွာ သာသနာပြုခဲ့သော ဆရာတော်ဖြစ်၍လည်း မကြာခဏ လာလှူခွင့်ပြုပါရန်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်အား လျှောက်မိ၏။

အမှတ်(၅)ဝိုင်းအတွင်းမှ ပြန်ထွက်ခါနီး ကားနှစ်စီးနားတွင် ဝိုင်းအုံနေကြသော တောင်ပေါ်သား ကိုရင်လေးများကို ကြည့်ရင်း ကျွန်ုပ်၏ ပီတိတို့သည် ကောင်းကင်ယံတွင် လွင့်ပျံ့သွားဘိသည့်အလား ဝမ်းသာမျက်ရည်များပင် ဝေ့၍လည်၍. . .။

❖ ❖ ❖

(ဖူးကြွက္ကူရောင်ခြည်မဂ္ဂဇင်း အမှတ် ၁၇၃)



www.burmeseclassic.com

www.burmeseclassic.com

# ရွှေသော်မှသည် ရှောင်ရန်မည်လျှင်

ဒေါင်လိုက်စင်းလွှယ်အိတ်အနွမ်းကြီးထဲမှ လက်ကိုင်ပဝါအဖြူလေးကို ကပျာကယာ ထုတ်လိုက်ပြီး မျက်နှာတစ်ပြင်လုံး ချွေးသုတ်နေသော ဆရာအုန်းအား ပြုံး၍ ကြည့်လိုက်မိ၏။

"ဘယ်လိုတုံး ဆောင်းဦးရာသီမှာ ဘယ့်နှယ် ချွေးပြန်နေလဲ"

"ဆောင်းကာမှ ဆောင်းရော ဆရာရေ၊ နေ့ခင်းနေကတော့ ဘာပူသလဲ မမေးနဲ့"

"ကဲ ကဲ ချွေးသုတ်လို့ အမောဖြေပြီးရင် ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာရတဲ့အကြောင်းလေး ဘာလေး လုပ်ပါဦး အာစရိအုန်းကြီးရဲ့"

"ဒီလို ဆရာ"

ဆရာအုန်းသည် နှုတ်မှ စကားလေးလုံးသာ ပြောလိုက်ပြီး ချွေးဆက်သုတ်နေပြန်သောကြောင့် ကျွန်ုပ်မှာ စိတ်ရှည်လက်ရှည် စောင့်နေရပြန်၏။ စက္ကန့်လေးဆယ်သာသာခန့်ကြာမှ. . .

"ကျွန်တော့် အစ်မကြီး မသိုင်း ဆရာ သိတယ်နော်"

"အင်းလေ ဘာဖြစ်လို့လဲ"

"အဲဒီ အစ်မကြီးနဲ့နေတဲ့ ကျွန်တော့်တူလေး မှတ်မိလား"

"မှတ်မိတယ်လေ၊ မောင်ချိုမို့လား"

"အဲ ဟုတ်တယ် ဆရာ မှတ်မိသားပဲ၊ အဲဒီ မောင်ချိုရဲ့ကလေးလေး ညက ကိုယ်ပူအားကြီးပြီး တက်လို့ အဲဒါ"

"အမလေး ဆရာအုန်းရယ်၊ ကျွန်တော့် မြေးလေး နေမကောင်းလို့ဆိုပြီးတဲ့ကိစ္စများ ဆွေမျိုးစပ်ပြီး ဗာရာဏသီချဲ့နေတယ် ခင်ဗျားနှယ် ကဲပြော အဲဒီကလေး နေမကောင်းတာ ဘာလုပ်ချင်လဲ၊ ယောကျ်ားလေးလား၊ မိန်းကလေးလား"

"မိန်းကလေး ဆရာ"

"နာမည်ကရော"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်က ပန်း တစ်လုံးတည်း"

"ဒါအတည်လား"

"အတည်တော့ မမှည့်ရသေးပါဘူး ဆရာ၊ အိမ်ခေါ် နာမည်ပါ။ မျက်နှာလေးက မွေးခါစတုန်းကရော ခုရော ရဲရဲလေးမို့ ပန်းလေးနဲ့တူလို့ ပန်းလို့ ချစ်စနိုးနဲ့ ခေါ်ကြတာပါ"

"ကဲ ဟုတ်ပြီ၊ အဲဒီကလေး နေမကောင်းတာ ဘာလုပ်ချင်လဲ၊ ဘာလုပ်ပေးမရလဲ၊ ကျွန်တော့်အသိ အထူးကုတွေ၊ ဆရာဝန်တွေ၊ မြန်မာ သမားတော်ကြီးတွေနဲ့ ဆက်ပေးရမှာလား"

"ကျွန်တော်လည်း နည်းနည်းတော့ တွက်ချက်ပြီး နံသင့်တဲ့ ဆေးဆရာနဲ့ ပြတာ ကလေးက ကောင်းသွားလိုက်၊ ပြန်ဖြစ်လိုက်နဲ့၊ ဘာဖြစ်လို့မှန်း မသိဘူး"

"ကလေးက ဘယ်အရွယ်ရှိသလဲ"

"နှစ်နှစ်ထဲမှာ"

"ဘာနေ့လဲ"

"တနင်္လာ ဆရာ၊ သူ့ကံမှာ အပေါ်ဂြိုဟ်ကပ်တဲ့ စနေနာမည် ဆေးဆရာနဲ့ ပြတာပဲ၊ ဆေးစွမ်းသာပြပြီး ပြန်ပြန်ဖြစ်လို့ ကျွန်တော်လည်း မျက်စိလည်နေပြီ"

| (ကလေး၏သက်ရောက်) | (ကောဇာ) |
|---|---|
| ၀၆ | ၃ |
| ၆၅ | ၆ |
| ၅၄ | ၂ |
| ၄၃ | ၅ |
| ၃၂ | ၁ |
| ၂၁ | ၄ |
| ၁၀ | ၀ |

(ကလေး၏ ကံတွင် အကောင်းဆုံးဟု ပြော၍ရသော စနေဂြိုဟ်အား ကောဇာ၏ ဝရ သောကြာဂြိုဟ်ကပ်ထားပါသည်။ ထို့ကြောင့် ထိုဆရာအား ဆရာအုန်း ရွေးချယ်ခဲ့ဟန် တူပါသည်။)

"ဪ သိပြီ၊ သိပြီ အင်း ကောင်းသားပဲ၊ စနေနာမည်ရှင် ဆေးဆရာ၊ ဘာဖြစ်လို့ ပြန်ပြန် ဖြစ်နေရတာလဲ"

"အဲဒါ ခက်နေတယ် ဆရာ"

ကျွန်ုပ်သည် ကလေးပေါင်းများစွာ၏ ကျန်းမာရေးပေါင်းများစွာကို နှစ်ပေါင်းနှစ်ဆယ်နီးပါး အကြံဉာဏ်ပေးခဲ့ရသူ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်၏ အတွေ့အကြုံပေါင်းများစွာအရ မကြာခဏ တွေ့နေမြင်နေရ လေ့ရှိသော အကြောင်းတစ်ခုကို ဖျတ်ခနဲ သတိရလိုက်၍ အတန်ငယ်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလိုက်ပြီး. . .

"အဲဒီကလေးကို ရွှေဆင်ထားလား၊ လက်ဝတ်ရတနာတွေ ဘာတွေ"

"ဆင်ထားတယ် ဆရာ"

"ဘယ်တုံးကလဲ"

"တစ်နှစ်ပြည့်တဲ့နေ့က ဆင်ထားတာ၊ နောက်ပိုင်းလည်း ဆင်ထားလား မသိဘူး"

"ဒီလိုဆို တစ်နှစ်ပြည့်တဲ့နေ့ကနေ ဒီနေ့အထိ ဆင်ထားတဲ့ လက်ဝတ်လက်စားရှိရင် အကုန်ချွတ်ပေတော့"

"ဗျာ"

"တစ်ခုမှ မဆင်စေနဲ့၊ တစ်နှစ်ပြည့်တဲ့နေ့က စပြီး ခုထိ ဆင်ထားတဲ့ ရွှေမှန်သမျှ အကုန်ချွတ်ခိုင်း၊ အဲဒါမှ ခင်ဗျား မြေး ကောင်းသွားမှာပေါ့။ နို့မဟုတ်ရင် ဘယ်သူနဲ့ ဘယ်လောက် ကုကု ခင်ဗျားတို့ ဆေးဖိုးကုန်တာပဲ အဖတ်တင်မယ်၊ ဖြစ်ပြီးရင်း ဖြစ်ရင်း ဖြစ်နေမှာစိုးလို့"

"ခု အဲဒီလို ဖြစ်နေတယ်"

"အေး အဲဒါကို သိပ်ဂုဏ်ယူနေတယ်မို့လား၊ တို့က ဘယ်သူနဲ့ တစ်ပတ်တစ်ခါ ဘယ်လို ကုနိုင်တယ် ဘာညာဆိုပြီး ဂုဏ်ယူနေတယ်မို့လား"

"အဲလိုတော့ မဟုတ်ပါဘူး ဆရာ၊ ဂုဏ်တော့ မယူပါဘူး"

"ဂုဏ်မယူရင် ခင်ဗျား ဘာလို့ မပြောလဲ၊ ဒီအရွယ်မျိုးမှာ ဒီလို ရွှေဆင်ရင် ဒီလို ဖြစ်တယ်ဆိုတာ ခင်ဗျားလည်း သိသားနဲ့ ကလေး ကျန်းမာရေးထက်များ အဲဒီရွှေတွေက ပိုတန်ဖိုးကြီးနေသလား၊ အဲဒီ ပကာသန တွေက တန်ဖိုးကြီးနေလား"

"အမှန်အတိုင်း ပြောရရင်တော့. . ."

ဆရာအုန်းသည် ထိုစကားကို ဆိုလိုက်ရင်း ဒေါင်လိုက်စင်းလွယ် အိတ်ကြီးထဲမှ လက်ကိုင်ပဝါအဖြူ ထပ်ထုတ်၍ ချွေးသုတ်နေပြန်၏။ ကျွန်ုပ်လည်း စိတ်ရှည်လက်ရှည် စောင့်နေလိုက်၏။

"သူ့မိဘတွေက ချွတ်ချင်မှ ချွတ်မယ့်သဘောရှိတယ် ဆရာ။ အလုပ်ကလေး အကိုင်လေး နည်းနည်းပါးပါး အဆင်ပြေလာပြီဆိုတော့ မောင်ချိုပုံစံလည်း ဆရာ သိတဲ့အတိုင်းပဲလေ၊ ဆောင့်ကြွားကြွားနဲ့၊ ကျွန်တော် ပြောလို့ ရချင်မှရမှာ ဆရာ့အနေ. . ."

"ဆရာအုန်း သိတဲ့အတိုင်း ကျွန်တော်က ဆရာအုန်းလို သည်းခံ တတ်တာ မဟုတ်ဘူး၊ နာခံမယ် ထင်မှ ပြောတတ်တယ်။ မထင်ရင် ပြော ဖို့နေနေသာသာ လှည့်ကိုမကြည့်ချင်ဘူး။ ဘာလုပ်မလဲ အလကား"

"အဲဒါလည်း ဟုတ်တော့ ဟုတ်ပါတယ်လေ"

"ကျွန်တော် အဲဒါမျိုးတွေ ဟိုတုန်းကတည်းက ခဏခဏ ကြုံဖူး တယ်။ ကလေးတစ်ယောက်များဆို ညညထငိုတော့တာပဲ။ မအေလည်း



www.burmeseclassic.com

www.burmeseclassic.com



မအိပ်ရ၊ ဖအေလည်း မအိပ်ရတဲ့ လေထိုးထိုးအောင့်လို့ ငိုသလိုကို ငိုတာ၊ ဆေးလည်း စုံတယ်၊ ဆရာလည်း စုံတယ်၊ သူ့အမေက အယူသီးတယ်။ ရွာစာတွေချ ခေါစာတွေပစ် ဘာတွေလုပ်လို့ လုပ်မှန်းကို မသိဘူး။ ဘယ်လိုမှ ကုလို့ မနိုင်ဘူး။ ဒီညအိပ်ရင် နောက်ည ဖြစ်ပြန်တာပဲ၊ ကလေးက ခုနလိုပဲ နှစ်နှစ်ရှိပြီ၊ မပြည့်သေးဘူး။ ဒါကြောင့် ကျွန်တော် မေးကြည့် လိုက်တယ်။ နင်တို့ ကလေးကို ရွှေတွေ ဘာတွေများ ဆင်သလားဆိုတော့ ဆင်တယ်တဲ့၊ ပတ္တမြားလက်စွပ်လေး ဆင်တယ်တဲ့၊ သူ့မွေးတော့ စီးပွား တက်လာလို့တဲ့ ကလေးက ညညဆို မအိပ်ဘူး။ ပက်လက်လေး ဆော့ ဆော့နေလို့ ဗေဒင်သွားမေးတော့ လူဝင်စား ဖြစ်တယ်၊ အနီးစပ်ဆုံး အကြီးအကဲ ပြန်ဝင်စားတာ။ ဒါကြောင့် ရွှေနဲ့ ပတ္တမြားနဲ့တွဲတဲ့ ရတနာ ပစ္စည်း ခမည်းပေးရမယ်လို့ ပြောတယ်တဲ့၊ ဒါကြောင့် ပတ္တမြားလက်စွပ် လေး ဆင်လိုက်ရသတဲ့၊ အဲဒီလိုဆင်ပြီးမှ ပိုဆိုးတော့တာပဲလို့ ပြောတယ်။ ကလေးက နှစ်နှစ်ထဲမှာ ဆိုတော့. . .

| | | |
|---|---|---|
| ၁ | ၂ | ☆ ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

၀၁
၆၀
၅၆
☆ (၄၅)
၃၄
၂၃
၁၂
(ဗုဒ္ဓဟူးသက်ရောက်)

(နှစ်နှစ်သား အင်္ဂါသားလေးအား ပတ္တမြားလက်စွပ် ဆင်လိုက်သော သက်ရောက်ပြပုံ)

"ရွှေနဲ့ ပတ္တမြားနဲ့ တွဲဝင်လို့မှ မရတာ၊ ဒီတော့ ထိတာပေါ့။ ဆရာ အုန်း မျက်စိထဲမှာ မြင်တယ်မို့လား"

"ဟုတ်ကဲ့ မြင်ပါတယ်"

"အေးဗျာ၊ အဲဒါသာကြည့် ကျွန်တော်ကလည်း အဲဒီကိစ္စကို ပြော လိုက်တယ်၊ နင်တို့ လုပ်ပုံတွေ မဟုတ်ဘူး၊ ဘာမဟုတ်တဲ့ အဲဒီပစ္စည်း ကြောင့် ကလေး ပိုဆိုးလိမ့်မယ်၊ အခု ပြန်ရင် ချွတ်လိုက်တော့လို့ ပြော လိုက်တယ်"

"ချွတ်လား ဆရာ"

"ချွတ်တယ်၊ ဘယ်လို ချွတ်လဲ သိလား၊ ကလေးဆီက ချွတ် လိုက်ပြီး သူ့အမေ ပိုက်ဆံအိတ်ထဲမှာ ထည့်ထားတယ်၊ ကလေးကတော့ ဖြစ်ပြီးရင်း ဆက်ဖြစ်ရင်းပဲ"

"ဟင် ဒီလူတွေကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြောတာပေါ့ ဆရာအုန်းရဲ့၊ လူဆိုတာ ခက်တယ်ဗျာ၊ ဂုဏ်တို့ ပကာသနတို့နဲ့ ပတ်သက်လာရင် အသက်သာ အသေခံသွားကြတဲ့ လူတွေများတယ်"

"ဒါဖြင့် အဲဒီကလေးလေး"

"ကလေးကတော့ ဘာမှ မဖြစ်တော့ဘူးပေါ့၊ မဖြစ်အောင် အကြိတ်အနယ် ပြောလိုက်ရတာပေါ့၊ ဘယ်လို ပြောလို့မှ နားမဝင်ဘူး၊ ကျွန်မတို့မှာ အင်္ဂါသားရအောင် တမင် ယူထားရတာတဲ့၊ ဒီကလေး မွေးလာတော့ စီးပွား တအားတက်တာတဲ့၊ ဒါကြောင့် ကလေးကို ထိုက်ထိုက်တန်တန် ဆင်ပေးထားတာတဲ့၊ နောက်ဆုံးတော့ နင်တို့ဟာ ကလေးအသက်နဲ့ ရွှေနဲ့ လဲကြတာလားလို့ ခပ်ကြမ်းကြမ်း ပြောလိုက်ရတော့တယ်။ ဒီတော့မှ အဲဒီလက်စွပ်လေးကို ပြန်ရောင်းလိုက်ကြတယ်။ အဲဒီလက်စွပ်လည်း ရောင်းပြီးရော ကုနေကျ ဆရာဝန်ဆေးနဲ့ပဲ ပျောက်သွားတော့တယ်။ ဘာမှ မဟုတ်တော့သလိုဘဲ အဲဒီတော့မှ သူ့အမေက သဘောပေါက်တော့တယ် ဒါတောင် လုပ်သေးတယ်၊ ဘယ်နေ့လောက်က ပြန်စပြီး ပတ္တမြားလက်စွပ် ပြန်ဆင်ရင် ရမလဲတဲ့ ကြည့်စမ်း"

"တော်တော်ခက်တာပဲနော်"

"ပြောရတာကို ခက်နေတယ် ဆရာအုန်းရဲ့၊ သူတို့ သားသမီးကို သူတို့ချစ်လို့ ရွှေတွေ၊ ရတနာတွေ ဆင်ထားတာမို့လား မိဘရဲ့ ချစ်ခြင်းမေတ္တာဆိုတော့ ခင်ဗျားတို့ အဓိပ္ပာယ်မရှိတာတွေ လုပ်တယ်လို့လည်း သွားပြောလို့ မဖြစ်ဘူးလေ။ အဲဒါကြောင့် တစ်ခါတစ်ခါ ဘယ်လို ပြောရမှန်း မသိလောက်အောင် စကားလုံး ရှာမရဘူး၊ မပြောဘဲ နေပြန်ရင်လည်း ကလေးရဲ့ ကျန်းမာရေးက ရှိသေးတယ်"

ကျွန်ုပ်သည် ပြောနေရင်း အနီးရှိ ယပ်တောင်တစ်ချောင်းအား ယူ၍ ယပ်ခတ်နေလိုက်၏။ ကျွန်ုပ် တစ်ခုခု လုပ်ရှားမည်ကို စောင့်ကြည့်နေဟန်ရှိသော ဆရာအုန်းသည် လွယ်အိတ်ထဲမှ ကွမ်းဘူးလေးကို ဆတ်ခနဲ ဆွဲထုတ်လိုက်ပြီး အဖုံးဖွင့်၍ ကွမ်းတစ်ယာ ယူငုံထားလိုက်၏။ ပြီးမှ ဘူးလေးကို ပြန်ပိတ်၍ လွယ်အိတ်ကြီးထဲ ထည့်လိုက်ပြီး. . .

"ကလေး ပေါက်စနလေးတွေခမြာ ဘာမသိ ညာမသိ ခံရရှာတာနော် ဆရာ"

"အင်းပေါ့ ဆရာအုန်းရယ်၊ တချို့များဆို မယုံကြည်သလိုလို၊ လက်တည့်စမ်းချင်သလိုလိုနဲ့ ဒီတိုင်းပေခံတဲ့လူတွေရှိတယ်"

"ဟင် ဒါဆို ကလေးကို. . ."

"ထိခိုက်သွားတာပေါ့"

"ဟာဗျာ၊ တော်တော်ဆိုးတဲ့လူတွေပဲ၊ ခုနလိုပဲ အင်္ဂါသားလား"

"မဟုတ်ဘူး၊ အဲဒီကလေးက ဗုဒ္ဓဟူးသမီးလေး၊ ကိုးလတောင် မပြည့်လိုက်ရှာဘူး၊ အဲဒီကလေးရဲ့ ကုသိုလ်ကို ကောင်းတယ်လို့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



အုန်း ပြောမလား၊ ဆိုးတယ်လို့ ပြောမလား ကဲ ပြောစမ်း။

ဆိုးပါတယ်လို့ ပြောရင် သူ့မိဘက အရမ်း ချမ်းသာတာဗျ၊ ကလေးက ရွှေပုံ၊ ငွေပုံပေါ်မှာ ထိုင်နေရသလိုကို ကြီးလာတာ ရွှေလင်ပန်းနဲ့ အချင်းဆေးတယ် ဆိုတာ ဒါမျိုးများလား အောက်မေ့ရတယ် ချမ်းသာလွန်းအားကြီးတဲ့ အသိုက်အဝန်းဆိုတော့ ကလေးဟာ တစ်လက်ကနေ တစ်လက် ပြောင်းချီဖို့ လူက တန်းစီစောင့်နေကြရသလိုပဲ"

"အဲသလောက်တောင်"

"အေးလေဗျာ၊ ကလေးကို ဆင်ထားလိုက်တာကလည်း ကလေးနဲ့တောင် မတူတော့ဘူး၊ ညွတ်နေတာပဲ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ် ခြေကျင်း အို စုံနေတာပဲ အဲဒါ တစ်ခုချင်း မဟုတ်ဘူးနော်၊ ခြေကျင်းဆို သုံးကွင်းလောက်၊ လက်စွပ်ဆို ငါးကွင်းလောက်၊ ဆွဲကြိုးဆို အဲဒီသေးသေးလေးကို နှစ်ကွင်းထပ် သုံးကွင်းထပ်နဲ့ ညွတ်နေတာပါဆို၊ နောက်ဆုံးတော့ ကလေးရဲ့ ချူချာမှုဟာ တစ်နေ့တခြား မသိမသာကနေ သိသိသာသာ ဖြစ်လာတယ်။ ကလေးဟာ မွေးကတည်းက ခဏခဏ တက်တယ်။ ရွှေတွေ ညွတ်နေအောင် ဆင်ထားလို့ အာရုံကြောကို ထိခိုက်သွားတာလား မသိပါဘူး။

၀၃
၆၂
၅၁
☆ (၄၀)
၃၆
၂၅
၁၄

(ဗုဒ္ဓဟူးသမီးလေး၏ တစ်နှစ်အတွင်း ကံကြမ္မာပြပုံအား ယခုကဲ့သို့ ပုံဖော်လိုက်သည့်အခါ စာရှုသူများ၏ နှလုံးအိမ်အတွင်းဝယ် အဘယ်သို့ ခံစားကြရပါမည်နည်း)

နောက်ဆုံးတော့ ကုနေရင်း ကုနေရင်းနဲ့ပဲ လက်လွှတ်လိုက်ကြရတော့တယ် ဆရာအုန်းရယ်"

"ဟာ ဖြစ်မှ ဖြစ်ရလေဗျာ"

"ကျွန်တော်ဆို အဲဒီကလေးကို မြင်ဖူးတယ်။ ပြီးတော့ ကလေးနေမကောင်းတော့ အဲဒီကလေးကို သံယောဇဉ်ဖြစ်ရှာတဲ့ ကလေးရဲ့ အမျိုးအစွန်အဖျား အဒေါ်တစ်ယောက်က ကလေးအတွက် လာမေးတယ်။ သုံးဝမ်းကွဲအဒေါ်လောက် တော်မယ်နဲ့ တူပါရဲ့။ သူ့ကျတော့ ကလေးကို သံယောဇဉ်ကြီးရှာပါရဲ့။ ဒါပေမယ့် နွမ်းပါးတော့ အဲဒီအိမ်မှာ အဝတ်လျှော်ရတဲ့ အဆင့်ပဲ ရှိတယ် ဆရာအုန်း။ အဲဒီလို လူမျိုးတွေ လာမေးတော့ ကျွန်တော် ဘာလုပ်လို့ရမှာလဲ စဉ်းစားကြည့် ဒါတောင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တယ်ကလေးအတွက်စိတ်ပူပြီး၏နင်လာမေးတာကတော့ ဟုတ်ပါပြီ။ ကလေးမှာ လိုအပ်ရင် ရွှေငွေ လက်ဝတ်ရတနာတွေ ချွတ်ဖို့ ရှိချင်ရှိလာမယ်။ ကလေးရဲ့ အင်္ကျီလေးကိုကိုင်ပြီး ရွှတ်ဖို့ ဖတ်ဖို့တွေ ရှိချင် ရှိလာမယ်။ ဘယ့်နှယ် လုပ်မလဲဆိုတော့ ကျွန်မ လုပ်လို့ မရဘူးလားတဲ့။ ဟ ဘယ်ရမလဲ၊ ဒီကိစ္စက ကလေးကို သံယောဇဉ်အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်တဲ့ သူ့မိဘက လုပ်မှရတဲ့ကိစ္စပဲ ဆိုတော့ သူ ဘာမှ ပြန်မပြောနိုင်တော့ဘူး။ ပြီးတော့ ပြောတယ် သူ့အမေနဲ့ သူ့အဖေက ဒါတွေ အယုံအကြည်ရှိတာ မဟုတ်လို့ လုပ်မှာ မဟုတ်ဘူးတဲ့။ ကြည့်စမ်း၊ ရင်သွေးရဲ့အင်္ကျီလေးကို ရင်ခွင်ပိုက်ပြီး ရတနာသုံးပါးဂုဏ်ကျေးဇူးကို ပွားများအားထုတ်တာကိုတောင် အယုံအကြည် မရှိဘူးဆိုတော့ ကျွန်တော် ဘာပြောလို့ ရတော့မှာလဲ ဆရာအုန်း စဉ်းစားကြည့်”

“ဆရာ အခု အဲဒီလို ဖြစ်နေတာ ဘာသာရေးကို စိတ်မဝင်စား တာတို့၊ အယုံအကြည် မရှိတာတို့ ဆိုတာတွေ ပြောရတာကို သူတို့မှာ အာတွေ့ပြီး ပေါ်ပြူလာ ဖြစ်နေတာ ဆရာရဲ့”

“အေးဗျာ ကြံကြံဖန်ဖန် ဗုဒ္ဓဘာသာ မိဘများဖြစ်ပါရက်နဲ့ ကိုယ့် ကလေးကို ဘုရားတန်ခိုး၊ တရားတန်ခိုးနဲ့ ကောင်းအောင် ပြုလုပ်ရမှာကို တောင် ဝန်လေးနေကြတာ အံ့ရော၊ အေးပေါ့ဗျာ ကလေးလေးဟာ ကျွန်တော် ပြောသလိုပေါ့ ကလေးလေးရဲ့ ကုသိုလ်ကို ဆိုးတယ်လို့ ပြောလို့ မရဘူး။ ဒါပေမယ့် ကောင်းတယ်လို့လည်း ပြောလို့ မရလိုက်တော့ဘူး။ လူ့လောကကြီးကနေ စောစောစီးစီး ထွက်ခွာသွားရတာကိုက သူ့အတွက် ဝဋ်ကျွတ်သွားတယ်လို့ပဲ ပြောရမလား မသိဘူး”

ဆရာအုန်းသည် ကျွန်ုပ်၏ စကားကို နားထောင်နေရင်းမှ လက် ကိုင်ပဝါဖြူလေးကို ထုတ်၍ မျက်နှာတစ်ပြင်လုံးအား ပွတ်သပ်နေပြန်၏။ ကျွန်ုပ်လည်း စိတ်ရှည်လက်ရှည် စောင့်နေလိုက်၏။

“အဲဒါ အင်း ခက်တယ်နော် ဆရာ၊ တစ်ခါတစ်ခါ ဆရာ ပြော သလိုပေါ့၊ ဘယ်လို ကယ်လို့ကယ်ရမှန်း မသိဘူး ဆိုတာတွေဟာ ဟုတ်တယ်”

“ဒါကြောင့် ရင်းနှီးတဲ့ မိတ်ဆွေမှန်သမျှ ကျွန်တော် အမြဲပြော တယ်။ အထူးသဖြင့် တနင်္ဂနွေသားသမီးလေးတွေ သုံးနှစ်နဲ့ လေးနှစ်မှာ ရွှေမဆင်သင့်ဘူး။ အဲဒီနှစ်တွေ မတိုင်ခင်က ဝယ်ထား၊ ဆင်ထားရင် ရတယ်။ ဘာမှ မဖြစ်ဘူး။ သုံးနှစ်နဲ့ လေးနှစ်မှာ ရွှေကို ထပ်တိုးမဆင်နဲ့ဦး ခဏစောင့်ဦးဆိုတဲ့ သဘောပါပဲ။ တနင်္လာဆိုရင် တစ်နှစ်အတွင်း ဆင် ချင်ဆင်၊ နှစ်နှစ်နဲ့ သုံးနှစ်မှာ ရွှေကို ထပ်တိုးမဆင်နဲ့ နဂိုရှိရင်းအတိုင်းထား ထပ်ဆင်ရင် မကောင်းဘူး။ အင်္ဂါ ဆိုရင် မွေးကတည်းက စပြီး နှစ်နှစ် တိတိ ရွှေ လုံးဝ မဆင်သင့်ဘူး။ နှစ်နှစ်ကျော်ရင် ဆင်ပေတော့ ရပြီ။ ဗုဒ္ဓဟူးကလည်း ဒီလိုပဲ မွေးမွေးချင်း ရွှေ မဆင်ရဘူး။ တစ်နှစ်ပြည့် ရင်တော့ ရပြီ။ ကြိုက်သလောက်ဆင်။ အဲဒီလိုလေးတွေများ လိုက်နာပြီ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် ဘုမသိဘမသိနဲ့ လူ့လောကကြီးထဲကို ရောက်လာတဲ့ ကလေး လေးတွေခမြာ 'အာရောဂျ ပရမာ လာဘာ'ဆိုတဲ့ ကျန်းမာရေး လာဘ်ကြီးနဲ့ ပြည့်စုံနေကြရရှာမှာဗျ ဆရာအုန်းရဲ့"

"ဟုတ်ပါတယ် ဆရာ"

"ဒါကို ဘိုးဘွားတွေ၊ မိဘတွေက လက်ခံဖို့ပဲ လိုပါတယ်။ ကျန်းမာရေး ဆိုတော့ မယုံကြည်ဘူးဆိုတဲ့ ဘဝင်နဲ့ အသက်နဲ့ မလဲသင့်ဘူးပေါ့ဗျာ။ ကိုယ့်မြေး၊ ကိုယ့်သားသမီးအပေါ်မှာ အဖြူဆုံး နှလုံးသားနဲ့ ချစ်သင့် ပါတယ်။ ကြင်နာသင့်ပါတယ်။ ဘယ်လိုကောင်းအောင် မြေတောင်မြှောက် ပေးရပါ့မလဲ ဆိုတာကိုပဲ တွေးနေသင့်ပါတယ်။ ဘိုးဘွားတာဝန် ကျေကြ သင့်ပါတယ်။ မိဘတာဝန် ကျေကြသင့်ပါတယ်။ သားသမီးလေးတွေ၊ မြေး မြစ်လေးတွေရဲ့ ကျန်းမာရေးက ဦးစားပေးတစ်၊ ပကာသနက ဦးစားပေး နှစ် အဖြစ်ပဲ ထားသင့်ပါတယ်။ ကျွန်တော်ဆို မြင်ရတွေ့ရပါတွေ များလာ တော့ ရင်ထဲမှာ မချမ်းသာဘူး ဆရာအုန်းရယ်၊ ဥပမာဗျာ ရွှေဝင်လို့ မရတဲ့နှစ်၊ ရွှေဆင်လို့ မရမယ့်နှစ်မှာ ရွှေဆင်လိုက်လို့ အဲဒီ ကလေးရဲ့ ဖခင်ဟာ ပုံစံတစ်မျိုးမျိုးနဲ့ ခွဲခွာသွားပြီး အဲဒီကလေး ဖတဆိုးဖြစ်သွား တယ်ဆိုတာက ဘာမှ ပြဿနာ မရှိဘူး။ ပြောရရင် ကလေးအသက်ကို မထိခိုက်ဘူး။ ရွှေဝင်ရင် ဖခင် ထိမယ်၊ ဒါမှမဟုတ် မိခင် ထိမယ်ဆိုတာက အထိခံရမယ့်လူမျိုးက လူကြီးဗျ၊ ရှောင်တတ် တိမ်းတတ်တယ် ကိစ္စမရှိဘူး။ သူတို့လေးတွေကိုယ်တိုင် ထိခိုက်သွားမှာမျိုးကိုတော့ ကျွန်တော် မလိုလားဘူး ဗျာ။ အဲဒါကို မိဘတွေ၊ ဘိုးအေ၊ ဘွားအေတွေ သိအောင်၊ သိရင် လက်ခံ လာအောင် ဘယ်လို လုပ်ရပါ့မလဲလို့ ကျွန်တော် နေ့ရှိသရွေ့ တွေးနေ တာဗျ၊ ကဲ ဆရာအုန်းရော ဝိုင်းတွေးပေးစမ်းပါဦး"

"ဟုတ်ကဲ့ တွေးပေးပါ့မယ် ဆရာ၊ ရွှေငွေ လက်ဝတ်ရတနာ ဆင်ချိန် မကျဘဲ ဆင်ကြလို့ ထိခိုက်ကြရရှာတဲ့ ကလေးလေးတွေ အပေါ်မှာထားတဲ့ ဆရာ့မေတ္တာနဲ့ စေတနာကို အကောင်အထည်ပေါ်အောင် ကျွန်တော် ဝိုင်းတွေးပေးပါ့မယ်။ လောလောဆယ်တော့ ကျွန်တော့် တူတော်မောင် ငချို လက်ခံလာအောင် ပြောဖို့ ဆရာ အရင်တွေးပေးပါဦး"

"လုပ်ပြီ၊ ခင်ဗျားကတော့. . ."

❖ ❖ ❖

(ရှုမဝမဂ္ဂဇင်း၊ အတွဲ (၈)၊ အမှတ် ၄)

www.burmeseclassic.com

## လွန်ကဲခြင်းများစွာတို့ထက် သာလွန်သော

"ကဲ ဆိုစမ်း"

"မမ နေမကောင်း ခဏခဏ ဖြစ်လို့ပါ ဆရာ"

အသက် ခြောက်ဆယ့်ငါးနှစ်ခန့်ရှိသော အမျိုးသမီးကြီးသည် သူ၏ ဘယ်ဘက်ဘေးမှ ကလေးမလေးအား မေးငေါ့ပြရင်း ပြောလိုက်၏။ ကလေးမလေးမှာ ခြောက်နှစ်သမီးခန့် ရှိမည်ထင်ရပြီး အသားအရောင် မွဲခြောက်နေ၏။ နွမ်းဖတ်ဖတ်လေးဖြစ်နေရုံမက ဆံပင်များမှာ စာကလေး ခေါင်းသဖွယ် ထိုးထိုးထောင်ထောင် ဖြစ်နေသောကြောင့် သူမ၏ ကျန်းမာရေး ကို ကျွန်ုပ် ခန့်မှန်းနေမိ၏။ ခေါင်းချွေးများ ထွက်နေသောကြောင့် မကြာခဏ ခေါင်းကုတ်နေ၏။ ထိုကလေး၏ ဘယ်ဘက်တွင် သူမ၏ မိခင် ဖြစ်ဟန်ရှိသော သုံးဆယ့်ငါးနှစ်ခန့် မိန်းကလေးက ထိုင်နေ၏။ ထို မိန်းကလေးသည် အလယ်တွင်ထိုင်နေသော ကလေးမလေးအား နံ့သာ ယပ်တောင်လေးဖြန့်၍ ယပ်ခတ် ပေးနေ၏။ ကလေးသည် ယခုမှ ချွေးပြန်၍ ယပ်ခတ်ရခြင်း မဖြစ်နိုင်။ ကလေး ဤကဲ့သို့ ဖြစ်တတ်၍ သွားလေရာမှာ ယပ်တောင်ကြိုတင်ထည့် ထားခြင်းဖြစ်မည်မှန်း တွေးရင်း ကလေး၏ ကျန်းမာရေးကို စဉ်းစားနေ လိုက်မိ၏။

"ခင်ဗျား ခုန ခေါ်လိုက်တာ ဘာတဲ့"

"မမ ပါ။ ဒီမြေးလေးရဲ့ နာမည်ပါ။ မိုးမမလို့ ခေါ်ပါတယ် ဆရာ"

"သြော် မမကိုး"

ကျွန်ုပ်သည် ပြောရင်း ခေါင်းညိတ်နေလိုက်ပြီး ကလေးကို အကဲခတ် နေလိုက်မိ၏။ ကလေးမှာ ချွေးပြန်၍ ဆံပင် ထိုးထိုးထောင်ထောင် ဖြစ်နေ သော ခေါင်းအား တဗြင်းဗြင်း ကုတ်ရင်း တောင်ကြည့်မြောက်ကြည့် ကြည့်နေ၏။

"ဒီနာမည် ဘယ်သူ ပေးတာတုံး"

"ကျွန်မပါ။ ဘာဖြစ်လို့လဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးကို နာမည်ပြောင်းမှ ဖြစ်မယ် မပြောင်းရင်တော့ သိပ်မကောင်းဘူး"

"ဟို နာမည်မပြောင်းဘဲ ဆေးကုစရာမလိုအောင် ကျန်းမာနေအောင် ဘာယတြာများ ဆရာ လုပ်ပေးနိုင်မလဲလို့"

"အေးဗျာ ကလေးဘွားအေရဲ့ ကျွန်တော့်ကို ခပ်ညံ့ညံ့ လူတစ်ယောက်လို့ ပြောရင်လည်း ကျွန်တော် ခံရမှာပဲ၊ အမှန်တကယ်လည်း လုပ်မပေးနိုင်ဘူး။ ဒီတော့ လုပ်ပေးနိုင်မယ့် ပုဂ္ဂိုလ်တွေ ဘာတွေ နည်းနည်းစုံစမ်းကြည့်လိုက်ပါဦးလား၊ ပြီးတော့ သွားလိုက်ပေါ့။ အရေးကြီးတာ ကလေး နေကောင်းဖို့၊ ဒေါင်ဒေါင်မြည်နေဖို့၊ ပညာရေးကောင်းနေဖို့ ဒါ အဓိကပဲ သူ ကျန်းမာမှ ပညာကြိုးစားနိုင်မှာ"

"ဆရာ. . ."

"ဟင် ဘာများလဲ"

"သမီး. . . သမီးတစ်ခုလောက် မေတ္တာရပ်ခံပါရစေ၊ ဆရာ ခုနပြောသလိုမျိုး ကလေးဟာ နာမည်ကြောင့်လို့ သမီးလည်း ထင်တယ်။ ဒါကြောင့် သမီးရဲ့ သမီးလေးကို နာမည်ပြောင်းပေးပါလို့ သမီး တောင်းပန်ပါတယ်"

စကားပြောရင်း အောက်နှုတ်ခမ်းကိုကိုက်၍ မျက်ခုံးများ ရှုံ့သွားပြီး မျက်ရည်ဝဲလာသော မိန်းကလေးအား ကျွန်ုပ် အကဲခတ်လိုက်၏။ မိန်းကလေးသည် နို့သာယပ်တောင်လေးနှင့် မိုးမမအား ဆက်ခတ်ပေးနေရင်း ခေါင်းငုံ့ထား၏။ မျက်ရည်များ ကျမလာအောင် မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် ခေါင်းငုံ့ထားသော ထိုမိန်းကလေး၏ မိခင်စိတ်ဓာတ်ကို ကျွန်ုပ် ဥပက္ခာမပြုရက်တော့ မလေးစားဘဲ မနေနိုင်တော့။

"ပြောင်းတာက ဘယ်မှာ သွားပြောင်းပြောင်း၊ ပြဿနာ မရှိဘူး။ နာမည်ပြောင်းတာတို့၊ နာမည်မှည့်တာတို့ကို တော်တော်များများ လုပ်နိုင်ကြပြီ၊ ပြဿနာ မရှိဘူး။ ဒါပေမယ့် ဘာလို့ နာမည်ပြောင်းခိုင်းရတာလဲ ဆိုတာကိုတော့ သိထားမှ ဖြစ်မှာ၊ ခုန ကလေးဘွားအေ ပြောသလို နာမည်မပြောင်းဘဲ ဆေးကုစရာမလိုအောင် ဆိုတဲ့ စကားနဲ့နွှယ်ပြီး ကလေးဘွားအေ သိအောင် နည်းနည်း ပြောလိုက်ဦးမယ်"

"ကလေးကို အလကားနေရင်း နာမည်ပြောင်းခိုင်းနေတယ်လို့ မအောက်မေ့ပါနဲ့၊ ကလေးရဲ့ နာမည်ဟာ ဗျူပွတ်လွန်နေတယ်"

"ဘာလွန်တာ ဆရာ"

"ဩော် ဗျူပွတ်လွန်နေတယ် ဆိုတာ အဓိပ္ပာယ်လွန်ကဲနေတာလို့ လွယ်လွယ်ပဲ မှတ်ထားလိုက်ပါ။ မိုးမမ ဆိုတဲ့ နာမည်ဟာ ကောင်းကင်ရောက်နေတဲ့ နာမည်ဘဲ"

"အဲ ဟုတ်တယ် ဆရာ ပြောတာ၊ ကျွန်မကလည်း မြေးလေးကို ဘယ်လောက်ထိ အောင်မြင်စေချင်လဲ၊ ထူးချွန်စေချင်လဲ ဆိုတာ ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



သာကြည့် ဟိုး မိုးထိအောင် ထူးချွန်ထက်မြက်စေမယ့် မိန်းကလေး၊ အရာရာကို လွှမ်းမိုးထားနိုင်တဲ့ မိန်းကလေးဆိုပြီး မိုးမမလို့ ပေးလိုက်တာပါ။ အဲဒါ ဘယ်လိုများ အဓိပ္ပာယ် လွန်သွားတာပါလိမ့်”

စကားကို အစီအစဉ်ကျစွာ တောက်လျှောက်ပြောသွားသော ကလေး၏ ဘွားအေကို ကျွန်ုပ် သတိထားလိုက်မိပြန်၏။ သူ့မြေးလေးကို ဖြစ်စေချင်လွန်းလှသော သူမ၏ မေတ္တာတရားအား အသိအမှတ်မပြု၍ မဖြစ်ပြန်။ သူမ၏ အမြင်၊ သူမ၏ အတွေးနှင့် ဟုတ်နေပြန်၏။

“ကောင်းတယ်ဗျာ၊ ဘွားအေကြီးရဲ့ မေတ္တာဟာ မြေးလေးပေါ်မှာ လွှမ်းခြုံနိုင်လွန်းပါတယ်။ အဓိပ္ပာယ်လွန်တယ်ဆိုတာက ကောင်းကင် နာမည်မှည့်ထားလို့ပါ။ အရာရာကို မိုးထားနိုင်သော မမ ဆိုပြီးတော့ ကြားတဲ့သူတိုင်းက တွေးမှာ မဟုတ်ဘူး၊ ဘယ်လို တွေးမလဲသိလား၊ မိုးရဲ့ မမ ဆိုပြီးတော့ပဲ တွေးကြတော့မှာ အခုလို ကောင်းကင်နာမည်မျိုး မှည့်ထားတဲ့ ကလေးတွေ မဆိုထားနဲ့ လူကြီးတွေကို အရင် လေ့လာလိုက်ပါဦး၊ အိမ်ထောင်ရေးတွေ သိပ်မကောင်းကြဘူး တန်းစီပြီး ဇယားနဲ့ မှတ်ထားလိုက်ကြည့်ပါ။ အိမ်ထောင်ရေး တော်တော်များများ ထိခိုက်ကြတာတွေ တွေ့ရပါလိမ့်မယ်။ နောက်ပြီး မတန်မရာ လွန်လွန်ကဲကဲ မှည့်ထားလို့ အဲဒီလို ကောင်းကင်နာမည် မှည့်ကြတဲ့ မိန်းကလေးဖြစ်စေ၊ ယောကျ်ား လေးဖြစ်စေ ချူချာကြတာချည်းပဲ”

ကျွန်ုပ်၏ စကားကို နားထောင်နေသော ကလေး၏မိခင်သည် သူမ၏ ညာဘက်တွင် ထိုင်နေသော သမီးလေးအား ကြင်နာစွာ ကြည့် လိုက်ပြီး ထိုးထိုးထောင်ထောင် ဆံပင်လေးများကို ပွတ်သပ်ပေးနေရှာ၏။

မျက်နှာကား အိုလျက်။

“ခုလို ပြောနေတော့ ကိုကို ဆိုတဲ့ ကလေးတစ်ယောက်ကို မျက်လုံးထဲ ပြန်မြင်လာတယ်။ ဒီလိုပဲ ကျွန်တော့်ဆီ လာကြတဲ့ မိတ်ဆွေတွေ ထဲကပဲ ကိုကို သိပ်မဆော့နဲ့၊ ကိုကို ဘာစားမလို့လဲ၊ ကိုကို ငြိမ်ငြိမ်နေ၊ ကိုကို ပြောလို့မရဘူးလား ဆိုတဲ့ စကားတွေကို နားထဲ ဝင်ဝင်လာလို့ သတိထားလိုက်မိတယ်ပေါ့ဗျာ ပြောနေတဲ့ အသံရှင် အမျိုးသမီးဟာ သူ့ရဲ့ အစ်ကိုကို ပိတ်ပင်ဟန့်တားနေတာတော့ မဖြစ်နိုင်တော့ဘူး။ ဒါ ကလေး တစ်ယောက်ရဲ့ နာမည်ပဲဆိုပြီး သူတို့အလှည့်ကို စောင့်နေလိုက်မိတယ်။ သူတို့အလှည့်လည်း ရောက်ရော ခြေလေးတစ်ဖက် နိမ့်တုံမြင့်တုံနဲ့ ရှေ့ဆုံးက လျှောက်ပြီး ဝင်လာတဲ့ ကလေးကို သတိထားလိုက်မိတယ်။ ကလေးက ရှစ်နှစ်၊ ကိုးနှစ်အရွယ်လေးပဲ ဝေယံမင်းကိုကိုလို့ မှည့်ထားတယ်။ ဘာဖြစ်လို့ ပါလိမ့်ဆိုပြီး နာမည်ရဲ့ သတ္တိကို သိချင်လို့ စပ်စပ်စုစု မေးကြည့်လိုက်တော့ ညာဘက်ခြေထောက်လေးတွေက သိမ်နေတယ်။ ဒူးကတော့ ပုံမှန်ဒူးပဲ၊ ခြေသလုံးနဲ့ ပေါင်လေးတွေကသာ သိမ်နေတာ၊ ကလေးက ဒိပြင် ဘာမှ မဖြစ်ဘူး။ အဲဒါပဲ ရုပ်လေးကလည်း ချောမှချော၊ ထိုင်နေရင် ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ ထသွားမှ နိမ့်တုံမြင့်တုံနဲ့ သနားစရာလေးဗျာ။ ခုန ကလေးဘွားအေ ပြောသလိုပဲ သူ့မိဘတွေကလည်း သူတို့ရဲ့ သားလေးကို မြင့်စေချင်လွန်း တဲ့ စေတနာနဲ့ ပေးလိုက်တာ၊ ဘယ်မိဘကမှ ငါ့ကလေးတော့ကွာ ငါ နာမည်ပေးပြီး နှိမ်လိုက်ဦးမယ်လို့ မရှိပါဘူး။ မသိလို့ မှည့်လိုက်ကြတယ်။ သိတဲ့လူလို့ထင်ပြီး သွားတိုင်ပင်ရာကနေ တတ်ယောင်ကား မကျွမ်း မကျင်နဲ့ တွေ့လို့ မှည့်လိုက်ရတယ်။ အဲဒီလို မှည့်နည်းတွေနဲ့ ကလေးတွေ ထိကုန်တာများပါတယ်။ ဒါကြောင့် အပြစ် တစ်ခုလိုလုပ်ပြီး ပြောလို့တော့ မဖြစ်ပါဘူး။ အရေးကြီးတာက ကလေးလေးတွေ ကောင်းသွားဖို့၊ ကျန်းမာ သွားဖို့၊ ပညာချွန်နေဖို့ပါပဲ။ အဲဒါနဲ့ အဲဒီကလေးလေးကို နာမည်ပြောင်း ပေးလိုက်ရတယ်ပေါ့ဗျာ”

“ကျွန်တော့် သဘောကတော့ ငါတို့ သမီးလေးဟာ၊ ငါတို့မြေးလေး ဟာ၊ ငါတို့ သားလေးဟာ၊ ငါတို့ တူလေးဟာ တစ်လတစ်ခါ အထူးကု ဆရာဝန်နဲ့ ပြရတယ်ဆိုပြီး တလွဲဂုဏ်ယူနေမယ့်အစား ငါတို့မြေးလေး၊ ငါတို့သားလေးဟာ ကျန်းမာလိုက်တာမှ ဒေါင်ဒေါင်ကို မြည်နေတာပဲ ဆိုတဲ့ အသံမျိုး၊ ဘိုးအေ၊ ဘွားအေတွေ၊ မိဘတွေ ဆီမှာ ပွဲတင်ထပ်နေ စေချင်တယ်။ ဘုရားရှင်က အာရောဂျံ ပရမံ လာဘ်လို့ပဲ ဟောညွှန်ပြ သတော်မူခဲ့တာကိုး။ ကျန်းမာခြင်းဟာ လာဘ်ကြီးတစ်ပါးဆိုတဲ့အတွက် မကျန်းမာတာဟာ လာဘ်မရှိတာနဲ့ အတူတူဘဲ၊ မဟုတ်ဘူးလား၊ ဟုတ်လား စဉ်းစားကြည့်”

ကလေး၏ မိခင်သာမက ကလေး၏ ဘွားအေပါ ခေါင်းတညိတ် ညိတ်နှင့် စိတ်ဝင်စားလာကြပြီ ဖြစ်၏။ ကလေးသည် သူ၏ မိခင်ထံမှ နံ့သာယပ်တောင်လေးကို ယူ၍ ဖြန့်လိုက် စုလိုက်နှင့် ဆော့နေ၏။

“နောက် ကလေးတစ်ယောက် တွေ့ဖူးတဲ့ ကိုကိုကျတော့ တစ်မျိုး၊ သူကတော့ ညီအစ်ကို မောင်နှမ ငါးယောက်ထဲမှာ အငယ်ဆုံး၊ ဒါပေမယ့် သူ့နာမည်က ဇေယျာကိုကို ဆိုတော့ ဇေယျာ၊ ဇေယျာလို့ မခေါ်ကြဘဲ ကိုကို ကိုကိုလို့ပဲ ခေါ်ကြတယ်။ ညီအစ်ကို မောင်နှမအကြီးတွေ အားလုံးက လည်း ကိုကိုပဲ၊ မိဘကလည်း ကိုကိုပဲ၊ ငယ်ငယ်လေးကတည်းက ပညာချွန်လာ လိုက်တာ နှစ်စဉ် ဆုရတဲ့ကလေး။ ဆယ်တန်းလည်း ရောက်ရော ပြီးခဲ့တဲ့ နှစ်က ဖြေတာပါ ထည့်တွက်ရင် ရှစ်ခါရှိပြီ။ မအောင်သေးဘူး။ ပြောရ မယ် ဆိုရင်တော့ ဆယ်တန်းလည်း ရောက်ရော အပေါင်းအသင်း မှားသွား တယ်ပေါ့ဗျာ။ စာမကျက်ချင်တော့ဘူး။ လေနေတယ်။ ကျူရှင်ဆို အကြောင်းပြပြီး ကျူရှင်လည်း မသွားဘူး။ လေနေတာပဲ”

“ဒါကို စဉ်းစားကြည့်လိုက်ရင် အဲဒီလို ဖြစ်သွားရတဲ့ ကိုကို ဆိုတဲ့ ကလေးကိုပဲ အပြစ်ပြောကြမလား၊ ကလေး အဲဒီလို ဖြစ်သွားအောင် ချစ်စနိုးဆိုတဲ့ စိတ်ဓာတ်ကို အကြောင်းပြပြီး မှည့်လိုက်ကြတဲ့ မိဘ၊ ဘိုးဘွား တွေကိုပဲ အပြစ်ဆိုရမလား လုပ်ပါဦး”



www.burmeseclassic.com

www.burmeseclassic.com



ပြုံး၍ မေးငေါ့ပြီး လှမ်းမေးလိုက်သော ကျွန်ုပ်၏ အမူအရာကြောင့် ကလေး၏ ဘွားအေမှာ အတော်စဉ်းစားရ ကျပ်သွားဟန်ရှိ၏။ ရယ်ခြင်း ပြုံးခြင်းကင်းသော မျက်နှာကိုပြ၍ သက်ပြင်းမသိမသာ ချလိုက်ပြီး ခေါင်း တညိတ်ညိတ် ပြုနေပြန်တော့၏။

"ဒါကြောင့် ပြောတာပေါ့၊ ချစ်တာကို အပြစ်ပြောလို့ မရပါဘူး။ မှန်ပါတယ်။ ဒါပေမယ့် ချစ်တတ်ဖို့ လိုတယ်။ ကိုယ့်သားသမီးလေးတွေကို ကိုယ်ချစ်တတ်ရမယ်။ ကိုယ့်မြေးလေးတွေကို ကိုယ်ချစ်တတ်ရမယ်။ ကလေးဟာ ဒီလို မှည့်ခေါ်လိုက်ရင် အရွယ်တဖြည်းဖြည်း ရောက်လာတာနဲ့ လောကဓံတရားရဲ့ မျက်စောင်းထိုးမှု၊ ဘေးစောင်းဝင်တိုက်မှု၊ ကျော်လွှားမှု၊ တည့်တည့်ဝင်တိုးမှုတွေ ကြုံရတော့မှာပါလားဆိုတာ ကြိုတွေးနိုင်ရမယ်။ ကြိုသိနိုင်ရမယ်။ ခုတော့ အဲဒီလို ကြိုမတွေးတော့ မဖြစ်သင့်တာ တွေ ဖြစ်လာတော့တာဘဲ 'မဖြစ်သင့်တာ'ဆိုတဲ့ စကားဟာ အရမ်း ထိရောက် တယ်နော်၊ ကျန်းမာရေးရော၊ ပညာရေးရောပါတယ်။ ကြီးလာရင် သူတို့ လေးတွေအတွက် စီးပွားရေးကအစ ထည့်တွက်ထားရမယ်။ ဒါမှ မိဘ တာဝန်ကျေမှာ၊ ဘိုးအေ၊ ဘွားအေ တာဝန်ကျေမှာ ဟုတ်တယ်မို့လား"

"ဟုတ်ပါတယ် ဆရာ၊ ဆရာ ရှင်းပြတော့လည်း မြင်လာပါတယ်"

"ခုလို ပြောနေတော့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကို ပြေး သတိရလိုက်တယ်။ သူ့နာမည်က အစ်ကိုကြီးတဲ့၊ ဒီရန်ကုန်ကပဲ၊ ဟိုးတုန်း ကတော့ အကြောင်းမဟုတ်ဘူးပေါ့လေ၊ ကလေးဘဝကတော့ အစ်ကိုကြီး၊ အစ်ကိုကြီး ဆိုတာ နားထောင်လို့ကောင်းသေးတာပေါ့၊ သူ့မှာ ညီရှိတယ်လေ၊ သူက အကြီး၊ ဒါကြောင့် အစ်ကိုကြီး အစ်ကိုကြီး ဖြစ်နေတာ။ ဟော ကြီးလာတဲ့အထိ အစ်ကိုကြီးပဲ။ လူမိုက်လို ဇက်ရဲလက်ရဲမို့ အစ်ကိုကြီး ဂိုဏ်း ဆိုပြီးတော့တောင် သူတို့ရပ်ကွက်ထဲမှာ သူတို့ဟာသူတို့ ဖွဲ့ကြသေး တယ်။ ကောင်းသတင်း မရှိဘူး။ လူတိုင်းက နာမည်မခေါ်ဘူး။ အစ်ကို ကြီးပဲ။ အငယ်ကို အစ်ကိုလေး ခေါ်ကြတယ်။ အစ်ကိုကြီး ဆိုရင် ရွယ်တူ တွေက နည်းနည်းရှောင်ကြတယ်။ ကြောက်တဲ့လူရှိသလို ဖက်မဖြစ်ချင်တဲ့ လူတွေကလည်း ရှောင်တယ်။ ဒီအစ်ကိုကြီးဟာ ခုတော့ အသက်က မနည်းတော့ဘူး။ ဘာတစ်ခုမှ အခြေအမြစ် မရှိရှာဘူး။ သူ့ဘဝအတွက် ရည်ရွယ်ချက် ဆိုတာ ဘာမှန်းမသိဘူး။ အတော်လေးကို လက္ခဏာရှားပါး ရှာတယ်။ အစ်ကိုလေးဆိုတဲ့ လူကတော့ ဆုံးသွားတာကြာပြီ။ ခုအချိန်ထိ အစ်ကိုကြီးကို သူ့မိဘခေါ်တာ အစ်ကိုကြီးပဲ။ ကဲ ဘယ့်နှယ်လုပ်မလဲ"

"အဲဒါကို ပညတ်တစ်ခုလို့ သဘောထားလို့ မရဘူးလား ဆရာ၊ ကျွန်မ ဆိုလိုတာက ဒီလိုပါ။ အခု ဆရာပြောတဲ့ အစ်ကိုကြီးကိုပဲ နမူနာ ပြောရရင် သူကိုယ်တိုင်က ကြိုးစားမှု ဇွဲလုံ့လ ဝီရိယ မရှိလို့ နည်းပါးလို့ ဆိုပြီး ပြောရင် မဖြစ်နိုင်ဘူးလား ဆရာ၊ ဒါမှမဟုတ် အဲဒီ အစ်ကိုကြီး နာမည်ကြောင့်ပဲလား၊ ဟို စိတ်မဆိုးနဲ့နော် ဆရာ ကျွန်မ တွေးကြည့်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးရဲ့ ဘွားအေ မေးတာ ပြောတာ စိတ်ဆိုးစရာကိစ္စ ဘာမှ မပါပါဘူး။ သိပ်မေးထိုက်တာပေါ့။ မေးသင့်တာပေါ့။ ပညတ်တစ်ခုလို့ သဘောထားရင်လည်း ဖြစ်ပါတယ်။ မဖြစ်စရာ အကြောင်း မရှိပါဘူး။ ဒါပေမယ့် အဲဒီ ပညတ်ရဲ့ အဓိပ္ပာယ်တွေကို မသိချင်ယောင်ဆောင်ပြီး ဖွတ်တိုးလို့ မကောင်းဘူးလားလို့ ဘာလို့ ကျွန်တော် ဒီစကား ပြောရလည်း ဆိုရင် ကလေး ဘွားအေရဲ့ ခင်ပွန်းကို ကလေး ဘွားအေကြီးက ဘယ်လို ခေါ်လဲ"

"ကိုတင့်ပါ"

"အဲဒီလို မခေါ်ဘဲ 'သား'လို့ ခေါ်ကြည့်ပါလား။ ဘာဖြစ်လဲ လင်မယားချင်း ထမင်းစားတော့မယ် ဆိုရင် ကိုတင့်ရေ ထမင်းစားမယ် မပြောနဲ့ သားရေ လာ ထမင်းစားကြမယ်လို့ ခေါ်ကြည့်ပါလား။ ပြီးတော့ ကလေး ဘွားအေမှာ သားရှိသေးလား"

"ရှိပါတယ် ဒီမြေးလေးရဲ့ အဖေပါ"

"ဒါဖြင့် အဲဒီသားကို အဖေလို့ ပြောင်းခေါ်ဗျာ။ မကောင်းဘူးလား၊ တစ်ခါတစ်ခါ အဲဒီလို ဆန့်ကျင်ဘက်တွေ လျှောက်လုပ်ပြီး သဘာဝတရားကို သုတေသနပြုရတာ သိပ်ပျော်ဖို့ ကောင်းတာပဲ။ အဲဒါမျိုး ကျွန်တော် အရမ်းဝါသနာပါတယ်။ ကျွန်တော်ကလည်း လက်တွေ့မှ ကြိုက်တယ်။ ဘယ်နှယ်လဲ"

သူမ၏ ခင်ပွန်းအား သားဟု ပြောင်းခေါ်ခိုင်းပြီ ဆိုကတည်းက ထိုအမျိုးသမီးကြီး၏ မျက်နှာမှာ အူတက်အောင် ရယ်ချင်နေဘိသည့် အလား အတော် အောင့်အည်း တည်နေရပုံပေါ်၏။ ထိုစကားကြောင့် ကလေး၏ မိခင်သည် အသံထွက်မရယ်မိအောင် နှုတ်ခမ်းကို တင်း၍ စေ့လိုက်ပြီး ကလေး၏ ဘွားအေကြီးဆီသို့ မျက်လုံးဒေါင့်ကပ်ကြည့်နေ၏။

"ကျွန်တော်တို့ဟာ မြန်မာလူမျိုးတွေလေ ဘွားအေကြီးရဲ့၊ မြန်မာလူမျိုးတွေမှာ မြန်မာ့ဓလေ့၊ မြန်မာ့စရိုက်၊ မြန်မာ့အသုံးအနှုန်းဆိုတာ ရှိတယ်။ မြန်မာလူမျိုးတို့ရဲ့ ရိုးရာယဉ်ကျေးမှု အခေါ်အဝေါ်လေးတွေ ဆိုတာ ရှိတယ်။ ဒါတွေကို တကယ်ပဲ မသိချင်ယောင်ဆောင်ပြီး ပညတ်တွေပါလို့ ဖွတ်တိုးတော့မှာလား။ မြန်မာတို့ရဲ့ စကားလုံးတွေမှာ သူ့ အဓိပ္ပာယ်တွေနဲ့သူ တည်ရှိနေတယ်ဆိုတာကို ငြင်းချင်လို့လား။ ကဲ အဲဒီလို မေးရင် ဘွားအေကြီး ဘယ်လို ပြောမလဲ"

"ဆရာ ပြောတာ ဟုတ်ပါတယ်၊ မိသားစုအတွင်းမှာ သုံးနှုန်းတဲ့ အခေါ်အဝေါ်လေးတွေဟာ သူ့ကဏ္ဍနဲ့သူ တည်ရှိနေတယ်ဆိုတာ ဟုတ်ပါတယ်။ ငြင်းလို့ မရပါဘူး"

"အဲဒါပေါ့ ဘွားအေကြီးရဲ့၊ မိဘတွေက မမလို့ အခေါ်ခံရတဲ့ မိန်းကလေး တော်တော်များများဟာ ဘဝမလှကြဘူး။ အထူးသဖြင့် အိမ်ထောင်ရေး လုံးဝ မကောင်းကြဘူး။ ငယ်သူတွေဆိုရင် ချျချာကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တော်တော်လေးငယ်တဲ့ မူလတန်းအရွယ်ဆိုရင်တော့ အခု ခင်ဗျား မြေးလေးလိုပဲ တပိန်ပိန် တလှိုလှိုဖြစ်လာတော့တာပဲ၊ ကိုကိုတို့ ကိုကြီးတို့ အခေါ်ခံရတဲ့ ကလေးတွေလည်း ဒီလိုပဲ၊ ငယ်တုန်းက ပြဿနာများသလို ချူချာသလို ကြီးလာရင် ဘဝမလှကြတော့ဘူး။ အခြေအမြစ် ဘာမှ မရှိ ကြတော့သလိုဘဲ။ လုပ်ငန်းကြီးတွေ လုပ်နေပါတယ် ပြောလာရင် အဲဒီ လူတွေကို လေ့လာကြည့် အပြောပဲ ရှိတယ်။ လက်တွေ့စီးပွားရေးပိုင်းမှာ ဟောင်းလောင်း၊ ဟန်ပဲ ရှိတယ်"

"အဲဒါတော့ ဟုတ်တယ်၊ သမီးတို့အဖေနဲ့ ခင်တဲ့ ဦးကိုကိုကြီးဟာ တကယ် အလုပ်လုပ်တဲ့ ဦးလေးကြီး၊ ဒါပေမယ့် ဟုတ်တယ်၊ ဆရာ ပြော သလိုပဲ သူ့ခမြာ ဆုံးရှုံးလိုက်တာတွေ မနည်းဘူး"

"ဒါ သမီး သိထားတဲ့ ဦးကိုကိုကြီးပဲ ရှိသေးတယ်။ သမီး မသိသေး တဲ့ ဦးကိုကိုကြီးတွေ ခံစားနေရရှာတာ တစ်ပုံကြီး၊ မိဘတွေက အဲဒီလို ကိုကိုတို့ မမတို့ အခေါ်ခံရသူတွေ အကြောင်းကို ရေးဖွဲ့ရရင် စာအုပ်ထူ ကြီးတစ်အုပ် အေးအေးဆေးဆေး ရတယ်"

"အင်း ဆရာပြောမှ သတိထားရမှာတွေ၊ ဗဟုသုတ တိုးသွားရတာ ပေါ့ ဆရာရယ်။ ကျေးဇူးအများကြီးတင်ပါတယ်"

"ဒါတွေက တကယ်တမ်း ကျေးဇူးတင်မယ်ဆိုရင် ရှေးရှေးက ပညာရှိကြီးတွေ၊ ပညာရှင်တွေ၊ မျက်မှောက်ခေတ် ပညာရှင်ကြီးတွေ အထူးသဖြင့် ကောင်းခြင်း၊ ဆိုးခြင်း၊ နိမ့်ခြင်း၊ မြင့်ခြင်း ဆိုတဲ့ ဟန်ချက် မညီတာတွေကို ဣဋ္ဌ အနိဋ္ဌ အဖြစ် ခွဲခြမ်းစိတ်ဖြာ ပြသခဲ့ကြတဲ့ ဆန်းကျမ်း ပညာရှင်ကြီးတွေကို ကျေးဇူးတင်ရမယ်ဗျ ဘွားအေကြီးရဲ့၊ အခုလို မိဘက ပြန်ပြီး ကိုကိုတို့၊ မမတို့ အခေါ်ခံရတဲ့ ကလေးတွေကိုများ တွေ့ရင် ပြောလို့ဆုံးမှာကို မဟုတ်တော့ဘူး။ ဆန်းပျက်တယ်လို့ ပြောကြတော့မှာပဲ။ လွယ်လွယ်ပြောရရင်တော့ မသင့်ဘူးပေါ့ဗျာ။ ငယ်တဲ့သူကို ကြီးတဲ့ပညတ် မှည့်ခေါ်တယ်ဆိုတာ အရိုးစင်းဆုံး တွေးကြည့်၊ ဘယ်လိုလုပ်ပြီး သဘာဝ ကျပါ့မလဲ၊ အဲဒီလို မတန်မရာ အခေါ်ခံရတဲ့ ကလေးတွေအကြောင်း ပြောရရင် ရင်ထဲမှာ မကောင်းဘူးဗျာ။ အပြစ်ကင်းစင်တဲ့ ကလေးလေး တွေခမြာ ကယ်တင်မယ့်သူများ မပေါ်တော့ဘူးလား မသိတော့ပါဘူး။ အရမ်းသနားဖို့ကောင်းတာပဲ လှိမ့်ခံနေကြရရှာတယ်။ မပြောချင်ဘူး"

"ဆရာ အဲဒါဆို"

"ပြော"

"မမ နေမကောင်း အဲအဲ မြေးလေး နေမကောင်း ခဏခဏ ဖြစ် နေတာကို ဆရာ နာမည်ပြောင်းပေးလိုက်ရင်များ ကောင်းသွားမလားလို့"

"ကြိုက်တဲ့နေရာမှာ ကြိုက်တဲ့နာမည်သွားပြောင်း အခု မှည့်ထားတဲ့ မတန်မရာ နာမည်ကြီး မဟုတ်ရင် ပြီးတာပဲ နာမည်ပြောင်းထည့်လိုက် တာနဲ့ ကျန်းမာသွားစေနိုင်တဲ့ ပညာမျိုးတွေကို မြန်မာ့ပညာရှင်တိုင်းလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



တက်တယ်။ ဘာမှ မပူနဲ့။ သွားပြောင်းကြ”

အလွန် အံ့အားသင့်သွားသောအကြည့်နှင့် ကြည့်နေသည့် ကလေး၏ ဘွားအေကြီးအား ကျွန်ုပ် ပြုံးပြလိုက်၏။ တစ်စုံတစ်ရာကို ပြောချင်လွန်းသော်လည်း ကျွန်ုပ်၏ မျက်နှာထားကြောင့်လေလား မသိ။ နှုတ်တပြင်ပြင် ဖြစ်နေရှာသော ကလေး၏မိခင်အား ကျွန်ုပ် တစ်ချက် ဝေ့ကြည့်လိုက်ပြီး ယပ်တောင်လေးကိုင်ထားသည့် မိုးမမလေးအား ကြင်နာစွာ မေတ္တာပို့နေလိုက်မိ၏။ စကားလုံးပေါင်းများစွာကို အချိန်ယူ၍ ပြောလိုက်ရသည့် အကျိုးသည် မျိုးဆက်သစ်ရတနာလေးဖြစ်သော ထို သမီးလေး၏ ကျန်းမာခြင်း၊ ချမ်းသာခြင်းဆီသို့ ဦးတည်သွားပြီဖြစ်ကြောင်း ကြည်နူးခံစားရင်း ပြတင်းပေါက်ဆီမှ ဖြာဝေကျနေသည့် နေခြည်နွေးလေး အား မေတ္တာရှင်တို့၏ နှလုံးအိမ်ဖြင့် ထွေးပွေ့ထားလိုက်မိလေတော့ သတည်း။

❖ ❖ ❖

(သုရှင်မဂ္ဂဇင်း အတွဲ (၁)၊ အမှတ် ၂)



www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့သုံးသပ်ခြင်း

“ဟော့ ဟော့ ဘယ်လဲ”

လမ်းထိပ်တွင် ဆိုက်ကားပေါ် တက်မည်အပြု အသံကြား၍ လှည့်ကြည့်လိုက်မိ၏။

“မောင်လှ”

“အေး ငါ မင်းဆီလာတာ မင်း ဘယ်လဲ”

“မိုးကောင်းဘုရား သွားမလို့”

“ငါလည်း လိုက်မှာပေါ့။ ငါ မင်းဆီလာတာပဲ ဥစ္စာ”

“ကဲ ဒါဖြင့် တက်”

ဆိုက်ကားဘီး စလှိမ့်ပြီဖြစ်သော်လည်း တိတ်ဆိတ်စွာ စီးလာလိုက်ကြ၏။ (၁၃)လမ်းထိပ်ကျော်သည်နှင့် ညာဘက်ဘေးအိမ်တစ်အိမ်မှ နာရီကို အသာကဲကြည့်လိုက်ပြီး မောင်လှအား စကား စပြောမည်အပြု. .

အသက် ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်ခန့် ခပ်ပေပေတေတေ လူငယ်တစ်ဦးသည် ကြက်ဖအသေတစ်ကောင်ကို ခြေထောက်မှ တွဲလောင်းဆွဲသွားသော မြင်ကွင်းကြောင့် သတိထားကြည့်နေလိုက်မိ၏။ အရောင်အဆင်းမရှိတော့သော အကျႌလက်တိုကို ဝတ်ထားသည့် ထိုသူငယ်သည် မြွေအရေခွံအိတ် မည်းညစ်ညစ်ကြီးတစ်လုံးကို ကြိုးနှင့်သီဖောက်၍ ဘေးတိုက်လွယ်ထား၏။ အိတ်မှာ ဖောင်းကားနေသောကြောင့် တွေ့ကရာ ပစ္စည်းများ ထည့်ထားဟန်တူ၏။ ဘယ်ဘက်လက်မှ ကြက်ဖအသေကို ဆွဲကိုင်ထားပြီး ညာဘက်လက်မှ သံချွန်စူးနှစ်ချောင်းတပ်ထားသည့် တစ်ထောင့်ထွာခန့် ဝါးလုံးကြောင့် ပလတ်စတစ်များ လိုက်ကောက်နေသူမှန်း မပြောဘဲ သိနိုင်၏။ ထိုသံချွန်စူးများသည်ပင် ကြက်ဖအား ဇီဝိန်ခြွေခဲ့ပုံရ၏။

“မောင်လှ မင်း အိမ်နဲ့ ပတ်သက်ပြီး ဘာ ပြဿနာ တက်လာလဲ”

“ဟင် မင်း ဘယ်လိုလုပ်. . . ”



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာ မင်းဖြေလေ အိမ်နဲ့ ပတ်သက်ပြီး ပြဿနာတက်လာတာ ဟုတ်လား"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် ငါ့ပြဿနာ မဟုတ်ဘူး။ ငါ့တူမ ပြဿနာ၊ ငါ့တူမ အိမ်နဲ့ ပတ်သက်ပြီး ပြဿနာ ရှိနေတယ်။ ဩော် သိပြီ အခုအချိန်က စန္ဒြာအခါမို့ တနင်္ဂနွေနံ ခိုက်နေတာကိုး"

"မင်းပြောတဲ့ စန္ဒြာအခါတော့ မှန်တယ်။ ဒါပေမယ့် ငါကြည့်တာက တစ်မျိုးကွ၊ အဲဒီ တနင်္ဂနွေကို မကြည့်ဘူး"

"ဟေ တစ်မျိုးပါလား"

"မင်း စဉ်းစားကြည့်လေ၊ အဲဒီ တနင်္ဂနွေနံ ခိုက်တာတစ်ခုတည်း ကြည့်လိုက်ရင် မင်းအဖေ နေကောင်းရဲ့လား၊ မင်း အလုပ်အကိုင်တွေ ဘာဖြစ်နေလဲဆိုတဲ့ မေးခွန်းပဲ ငါ မေးမှာပေါ့ မောင်လှရဲ့"

"ဩော် အေး ဟုတ်သားပဲ"

"အဲဒီမှာလေကွာ မင်း အဲဒီမှာ လှမ်းကြည့်လိုက်၊ မင်းက နောက်ဘက်က ထိုင်စီးနေတော့ မြင်လား"

"ဘယ်ဥစ္စာလဲ ဘယ်ဟာကို ကြည့်ရမှာလဲ"

"ကောင်လေးတစ်ယောက် လက်ထဲမှာလေကွာ၊ ကြက်ဖအသေကြီး တန်းလန်းနဲ့ အဲဒီမှာ ကြည့်လိုက်"

"ဩော် အေးအေး ဟိုဘက်ထဲ ကွေ့ဝင်သွားပြီ၊ ကေတုမတီလမ်းထဲကို၊ ဩော် မင်း အဲဒါကို မြင်လို့ ပြောတာလား"

"အေးလေ မင်း စဉ်းစားကြည့် အခုအခါက စန္ဒြာအခါ တနင်္လာဟာ အလယ်အခြာမှာ ရှိတယ်။ မင်းကနေ ကြည့်လိုက်ရင် ဌာန အရပ်ပဲ"

"ဘယ်လို ဘာလို့ ငါကနေ ကြည့်တာလဲ"

"ဟ ငါ့ဆီကို လာတာ မင်းလေ။ ငါ့မြင်ကွင်းထဲကို ရောက်လာတာ မင်း၊ ဒီတော့ မင်းဟာ အဓိကပဲ။ မင်းကို မူတည်မှ ကျန်တာတွေ ငါ သိတော့မပေါ့။ မင်းက မောင်လှ ဆိုတော့ ဗုဒ္ဓဟူးကနေ ကြည့်ယူတာပေါ့"

ဌာန

| | | | |
|---|---|---|---|
| ၁ | ၂ | ၃ | |
| ၆ | | ၄ | *ပရိဝါရ |
| ၈ | ၅ | ၀ | |

၆
၃
၀
စန္ဒြာ * ၂ ဌာန (အလယ်အခြာ)
၅
၁
၄

အဲဒီလို ကြည့်ယူလိုက်တော့ တနင်္လာအလယ်အခြာမို့ 'အလယ်ကတ္တား၊ ဂြိုဟ်နေခြား၊ ပျက်ပြားကြံအစည်'ဆိုတဲ့ အတိုင်း ဗုဒ္ဓဟူးကနေ လှမ်းယူတဲ့ စွဲမြဲရာ ဌာနအရပ် ပျက်ရတဲ့သဘောပဲ။ ဒီလို ဌာနအရပ်ပျက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပျက်ရမယ်ဆိုတာကတော့ခုနအဲဟိုသူငယ်ကိုင်သွားတဲ့ကြက်ဖအသေကြောင့်ပေါ့ကွာ။ တနင်္လာနံ ပျက်ပြားသွားတဲ့ မြင်ကွင်းနိမိတ်က တနင်္လာနေ့ အလယ်အခြာ ပျက်ပြားသွားတာကို အမြင်နိမိတ်အရ ခိုင်အောင် အားဖြည့်ပေးလိုက်တာပဲ မောင်လှ၊ ဒါကြောင့် ငါ အဲဒီလို တန်းပြောလိုက်တာ”

“ဩော် အေး. . . အေး”

“ဟုတ်ပြီနော်၊ ကဲ ဒီတော့မှ ငါမေးမယ်။ မင်း ခုန ပြောတဲ့ မင်းတူမ အိမ်ကိစ္စဆိုတာ ဒါ မိသားစုတွင်း တကွဲတပြားဖြစ်တဲ့ကိစ္စပဲ မဟုတ်ဘူးလား ဟုတ်လား”

“ဟုတ်တယ်ကွ အမှန်ပဲ”

“ဟုတ်ရင် သောကြာသားသမီးတစ်ယောက်ယောက်နဲ့ ပတ်သက်နေရမယ်ကွာ”

“ဟ အဲဒါလည်း ဟုတ်တယ်။ သူ့ယောက်ျားကွ၊ ဟိန်းစိန်တဲ့”

မောင်လှသည် ကျွန်ုပ်နှင့် ကျောချင်းကပ်ထိုင်၍ စီးနေရင်း တပြုံးပြုံးနှင့် သဘောကျနေမည်မှာ သေချာ၏။ ဒီကောင်ကြီး အတော်သိတာပဲဟု တွေးနေလောက်မည် ဖြစ်၏။ ကျွန်ုပ်သည်လည်း မောင်လှကို ဒိုးခနဲ ဒေါက်ခနဲ ပြောနိုင်လိုက်၍ ရင်ကိုကော့၊ ခေါင်းကိုမော့ရင်း ဘာရယ်ညာရယ်မဟုတ် ဟိုကြည့်ဒီကြည့် ဖေးလာရင်း ကုန်းဘောင်လမ်းမမှ သစ္စာလမ်းပေါ်သို့ ရောက်လာပြီမှန်း သတိထားလိုက်တော့၏။ အမှန်မှာ

၆ ← နဝင်း သောကြာနှင့် ဆက်နွယ်နေ၏။
၃
၀
စန္ဒြာ ၂
၅
၁ — အခိုက် အိမ်ကိစ္စသည်
၄

မှန်း-ရမ်းပြောသော အတတ်မဟုတ်မှန်း၊ ကျိုးကြောင်းဆက်နွယ်မှုများ ခိုင်လုံစွာရှိမှန်း ကျွန်ုပ် သိသလို မောင်လှလည်း သိ၏။ သို့သော် ကျွန်ုပ်မှာ သူ့ထက်စာလျှင် ပရိသတ်ပေါင်းများစွာနှင့် နှစ်ရှည်လများ နေ့စဉ် ထိတွေ့နေရသူဖြစ်သောကြောင့် နှာတစ်ဖျားသာသွားရခြင်း ဖြစ်၏။

“တစ်ခုတော့ ရှိတယ်ကွ၊ မင်းပြောလို့ ငါ ပြောတာပါ။ သူတို့ အိမ်ကိစ္စဖြစ်တယ်လို့ မင်းပြောတယ်။ ငါကလည်း မိသားစုတွင်း တကွဲတပြားဖြစ်တဲ့ ကိစ္စလို့ ပြောလိုက်တယ်”

“အေးလေ”

“ဘာလဲ အိမ်ရောင်းဖို့လား”

“အဲဒါ ဟုတ်တယ်၊ အိမ်ရောင်းချင်တာ”

“ဒါပေမယ့်နော်၊ ငါ မြင်တာတော့ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်နဲ့




www.burmeseclassic.com

www.burmeseclassic.com



မင်း စဉ်းစားကြည့်လေ၊ အခု စန္ဒြေအခါမှာ ခိုက်နေတဲ့ တနင်္ဂနွေနံ အထက်မှာ မိတ် (အောင်-၂)၊ (၁-၅) တနင်္ဂနွေနံရဲ့ အောက်မှာ ရန် (အင်း-၀) (၁-၄)မဟုတ်ဘူးလား ဟုတ်လား"

"ဩော် အေး ဟုတ်တယ်"




"အဲဒါ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်ပဲ၊ ဥပမာကွာ ခုရောင်းမယ်၊ ရောင်းမယ်။ ခု မရောင်းဘူး၊ မရောင်းဘူး ဖြစ်ကြလိမ့်မယ်။ ဒါမှမဟုတ် တစ်ယောက်က ရောင်းမယ်ဆိုရင် တစ်ယောက်က ဖျက်မယ်"

"မင်း ငါနဲ့ တစ်ခါတည်း လိုက်ခဲ့ပါလားကွာ"

"ဟ ဘာဖြစ်လို့"

"တော်ကြာ ငါပြောရင် ငါ့အပြောကြီး ဖြစ်နေမယ်။ မင်းက ဒီလို ပြောလိုက်တယ်လို့ ပြောပြန်ရင် ငါက ပြောလို့သာ မင်းပြောတာ ဖြစ်နေဦးမယ်။ ဒီတော့ မင်း ဒီလို သိနေတယ်ဆိုတာ သူတို့ရှေ့မှာ ပြောစေ့ချင်လို့ မင်းပြောတာတွေက သူတို့ဖြစ်နေတာတွေနဲ့ တန်းနေတာပဲ၊ ဟုတ်နေတယ်ကွ"

"အမယ် ဒါများ မောင်လှရာ ငါသိသလို မင်းလည်း သိနိုင်တာပဲ ဥစ္စာ၊ ဘာဆန်းလို့လဲ မင်းအိမ်တော့ မလိုက်ပါရစေနဲ့"

"ငါကတော့ ပညာနဲ့ တော်တော် အလှမ်းကွာသွားပြီ သူငယ်ချင်း၊ ဘာမှ မသိတော့ဘူး။ ခုအိမ်ကိစ္စကိုပဲ ကြည့်၊ ရောင်းထွက်မလား၊ မရောင်းထွက်ဘူးလား၊ ဘယ်လို ဖြစ်သွားနိုင်လဲ ဆိုတာကို မခန့်မှန်းနိုင်တော့ဘူး။ မပြောနိုင်တော့ဘူး။ ဘာလို့လဲဆိုတော့ အရင်ကလည်း ဒီလိုပဲ ဖြစ်ခဲ့ကြဖူးတယ်။ အိမ်ရောင်းရလောက်အောင် အနှောင့်အယှက် ပေါ်လာဖူးတယ်။ အဲဒီတုန်းက ဘယ်လိုမှ ရောင်းမထွက်ခဲ့ဘူး"

"အဲဒီ အနှောင့်အယှက် အဖျက်ဟာ ကြာသပတေး ဖြစ်ရမယ်ကွာ၊ မင်း ပြန်စဉ်းစားကြည့်"

"ဦးပြုံးတဲ့ကွ၊ ဘာနေ့သားမှန်းတော့ မသိဘူး"

"သူ့ဟာသူ ဘာနေ့သားဖြစ်ဖြစ်လေ၊ မင်းပြောသလို ဦးပြုံး ဆိုကတည်းက ကြာသပတေးနာမည်ပဲ"

"အေး ဟုတ်သားကွ၊ ဟ မင်းသိလှချည်လား"

"ဒါ ဘာဆန်းလဲကွ။ ဘာမှ ခက်တာလည်း မဟုတ်ဘူး။ အခုမင်း ပြောနေတာ စန္ဒြေအခါလေ၊ ပြီးခဲ့တဲ့ အတိတ်တိုင်က ဗုဒ္ဓအခါလေ။



www.burmeseclassic.com


www.burmeseclassic.com



ဗုဒ္ဓအခါဟာ တို့ဘုရားရှင် ပွင့်တော်မူရာအခါကွ”

“သြော် အေးအေး နံတော်စဉ်”

“အဲဒီလို တို့ဘုရားရှင် ပွင့်တော်မူတဲ့အခါ အကြီးအကျယ် လာဖျက်ဆီးတာ မာရ်နတ်လေကွာ။ ဗောဓိပင်နဲ့ ရွှေပလ္လင်ကို အောင်တော်မူတဲ့ တို့ဘုရားရှင်ကို ဘယ်လိုမှ ဖျက်ဆီးလို့ မရခဲ့ဘူးလေ။ ဒါကြောင့် ဘယ်လိုမှ ရောင်းမထွက်ခဲ့ဘူးလို့ မင်းပြောတာကို ငါ အာရုံစိုက်လိုက်တာပေါ့။ ဒါဖြင့် တို့ဘုရားရှင် ပွင့်တော်မူရာအခါလို့ ဖွင့်ဆိုတဲ့ ဗုဒ္ဓအခါမှာ အခြေအနေ ကောင်းတစ်ခုကို ယိုယွင်းပျက်ဆီး ရွေ့လျားအောင် လာနှောင့်ယှက် ဖျက်ဆီးသူဟာ အဖျက်အဆီး အနှောင့်အယှက်သမား မာရ်နတ်နဲ့ နံတူတဲ့ ကြာသပတေးပဲ ဖြစ်ရမယ်လို့ ငါ ပြောခဲ့တာပါ။ ဘာမှ မဆန်းပါဘူး”




(ဗုဒ္ဓရှင်တော်မြတ်ဘုရား ပွင့်တော်မူရာ ဖွင့်ဆို သတ်မှတ်သော နံတော်စဉ် ပညာခန်းနှင့် ပြဆိုခြင်း)

“အေး အဲဒီ ဦးပြုံးကြီးက ငါ့တူမရဲ့ ယောက္ခမကွ၊ သူက အိမ်ရောင်းဖို့ အတင်းတိုက်တွန်း၊ အတင်းမြှောက်ပေးလုပ်တော့ သူ့သားက အတင်းရောင်းတာ။ ထူးဆန်းတယ်ကွာ။ ရောင်းမထွက်ဘူး။ မင်းပြောသလို မာရ်နတ်ဖျက်ဆီးနှောင့်ယှက်တဲ့ အခါမို့လား မသိပါဘူး”

စကားတပြောပြောနှင့် စီးလာလိုက်ကြသည်မှာ ပုဏ္ဏမီဈေးလေး ရှေ့သို့ပင် ဆိုက်ကား ဖြတ်နေပြီဖြစ်၏။ ဈေးလေးသေးသော်လည်း ကြိတ်ကြိတ်တိုးစည်ကားနေသောကြောင့် ကျွန်ုပ်သည် ထိုဈေးလေးကို အလွန်သဘောကျ၏။ ပစ္စည်းပစ္စယ ဝယ်စရာရှိလျှင် ထိုဈေးလေးသို့ လာဝယ်လေ့ရှိ၏။ ဆိုက်ကားသာ စီးနေရသော်လည်း ဘေးနားမှ ရိပ်ခနဲ ဖြတ်သွားနေသော ကားများ၏ အရှိန်ကြောင့် မောင်လှနှင့် စကားပြတ်သွားတိုင်း သမ္ဗုဒ္ဓေဂါထာကို ခပ်ကျယ်ကျယ် ရွတ်နေရ၏။

“အဲဒါ မင်းတူမယောက်ျား အလွန်တွေ အများကြီးပါတယ်။ သူက အိမ်ကို အတင်းရောင်းလို့ ငါပြောတာ မဟုတ်ဘူးနော်။ အခါအရ ငါ ပြောနေတာ၊ ခုန ငါပြောနေသလို အတိတ်တိုင်က ဗုဒ္ဓဟူး၊ အဲဒီ အတိတ်တိုင် ဗုဒ္ဓဟူးအခါကို ငါ ဆင်ခြင်လိုက်တော့ အိုးအိမ်နဲ့ ဆိုင်တဲ့ တနင်္ဂနွေနံပဲ



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စပွတ်လို့ခေါ်တဲ့ နဝင်းမှာ ရှိနေတယ်ကွ”

“အေးလေ”

“ဒါဖြင့် အဲဒီ အိမ်ကိစ္စနဲ့ ပတ်သက်ပြီး အတွေးအခေါ် အယူအဆ လွဲရမှာ မင်းတူမ ယောက်ျားပဲ ဖြစ်ရမယ်။ ဘာလို့လဲဆိုတော့ အခိုက်မှာ အင်္ဂါရှိနေတယ်”

“ဩော် လင်ဂြိုဟ်ခိုက်တဲ့ သဘောလား”

“အဲဒီလို ယူရင်လည်း ရတယ်၊ ဒါပေမယ့် ငါယူတာက မူလ အလယ်အခြာ ဗုဒ္ဓဟူးအခါ ဖြစ်နေတာရယ်၊ နဝင်း တနင်္ဂနွေက လှမ်းမြင်တဲ့ အင်္ဂါခိုက်နေတာရယ်ကို ကြည့်ပြီး ‘အောင်-ဆု-လည်း-ပွား ဂြိုဟ် ယောက်ျား’ဆိုတာကို ကြည့်လိုက်တာကွ၊ မင်းကြည့်သလို မဟုတ်ဘူး”

၁ အိုးအိမ်ကိစ္စ (နဝင်း)
၅
၂
၄ - လည်း
၀
၃ - ဆု
၆

နဝင်းနှင့်ဆက်သွယ်နေသော အခိုက်

(အောင်-ဆု-လည်း-ပွားဟူ၍ ယောက်ျားဂြိုဟ်ဟု ဆုံးဖြတ်ခဲ့သည်မှာ မူလအခါ ဗုဒ္ဓဟူး (လည်း)နှင့် တနင်္ဂနွေ နဝင်းမှ လှမ်းမြင်သော အခိုက် အင်္ဂါ (ဆု)တို့ကြောင့် ဖြစ်ပါသည်။)

“ဒါကြောင့် ငါပြောတယ် မင်း ခဏ အိမ်လိုက်ခဲ့ပါဆို”

“ဘာလို့လဲ၊ လာပြန်ပြီ၊ အိမ်လိုက်ဖို့”

“ဟ ဘာဖြစ်လို့ရမလဲ၊ မင်း အခုပြောတဲ့အတိုင်းပဲ၊ ငါ့တူမ ယောက်ျားက ဒိပြင် မိန်းကလေးတစ်ယောက်နဲ့ ဖောက်ပြန်တာကွ”

“ဘာလဲ ခရီးသွားပြီးမှ ဖောက်ပြန်တာမို့လား”

“အဲ မဟုတ်ဘူးကွ၊ ဖောက်ပြန်ပြီးမှ ခရီးသွားတာ၊ အဲဒီ မိန်းကလေးနဲ့ကိုလစ်တာ တခြားမှာ တစ်လလောက် သွားနေခဲ့ကြပြီးမှ ပြန်လာပြီး အဲဒီမိန်းကလေးက လျော်ကြေးတောင်းသလိုလို၊ ဘာလိုလိုနဲ့ ပြောသံကြားတာပဲ။ အဲဒီကိစ္စနဲ့ အိမ်ကို ရောင်းဖို့ ပြဿနာတွေ ပေါ်လာတာကွ”

“ဩော် ခုမှ ဇာတ်ရည်လည်ပြီ။ ဟုတ်တာပေါ့။ ဒီတိုင်းဆိုရင် မင်းခုနပြောတဲ့ ဦးပြုံးကြီးက မတရားလုပ်တာပဲ။ သူ့သားကလည်း မဟုတ်တာ လုပ်သေးတယ်။ သူကပါ အလိုတူ အလိုပါ အိမ်ရောင်းခိုင်းသေးတယ်ဆိုတော့ မဟုတ်သေးဘူး”

“အဲဒါကြောင့် မင်းဆီ ငါလာခဲ့တာပေါ့ သူငယ်ချင်းရယ်၊ ရှေ့ကို ဘာတွေများ ဆက်ဖြစ်နိုင်ဦးမလဲ ဆိုတာ”

မောင်လှသည် စကားကို ရပ်ထား၏။ ဆိုက်ကားသည်လည်း ဗို



www.burmeseclassic.com

www.burmeseclassic.com



ဈေးမီးပွိုင့်လွန်လာပြီဖြစ်၍ကျွန်ုပ်သည်ဗဟိုဈေးမီးပွိုင့်ကိုဆိုက်ကား ဖြတ်နေချိန်များမြောင်လှူတွာသောကားကြီးကားကြားဖြတ်နေသောကြောင့်သမျှဒွေကိုသာ တွင်တွင်ရွတ်နေမိ၏။ မောင်လှ ဘာပြောမှန်းပင် နားမဝင်တော့။

“လာမယ့် အနာဂတ်တိုင်ကတော့ သောရီအခါပဲ မောင်လှ”

“အေး အဲဒီတော့”

“အဲဒီတော့ အိမ်ထွက်သွားနိုင်တယ် သူငယ်ချင်း”

“ဟုတ်လား၊ ဟာ သေသေချာချာ ကြည့်ကြည့်ပါဦးကွာ”

“မင်းစဉ်းစားကြည့်လေ၊ အခု မင်းနဲ့ ငါနဲ့ စကားပြောနေတဲ့အခါက စန္ဒြေအခါ၊ တနင်္လာအခါ၊ တနင်္လာရဲ့အမြစ်ဟာ ဘာလဲ”

“တနင်္ဂနွေလေ”


“အေးတနင်္ဂနွေဟာသူနေရာနဲ့သူရှိရာယ်အခါတိုင်ရဲ့အမြစ်မှာရှိနေတယ်။ အမြစ်ရဲ့ သဘောဟာ ခြေကုပ်ယူထားတဲ့ သဘောပဲအမြစ်ရဲ့သဘောဟာ မြဲမြဲခိုင်ခဲ့အောင် တွယ်ကပ်နေတဲ့သဘောပဲ။ ဒါကြောင့် တွယ်ကပ်ပြီး ခြေကုပ်ယူထားသလို ဖြစ်နေလို့ အခုအခါ အလိုအရ အခုချိန်ထိ အိမ်မရောင်းရသေးဘူး၊ ဟုတ်တယ်နော်”

“အေး”

“ဒီလိုဆို အတိတ်တိုင်ဟာ ဗုဒ္ဓအခါဖြစ်လို့ မင်းလည်း သိတယ်။ တို့ဘုရားရှင်ပွင့်တော်မူရာအခါဖြစ်လို့ ဗောဓိပင်နဲ့ ရွှေပလ္လင်ကို အောင် တော်မူတဲ့ အတိတ်ကောင်း၊ နိမိတ်ကောင်း နံတော်စဉ်ပညာခန်းကြောင့် မာရ်နတ်နှောင့်ယှက်ဖျက်ဆီးမှု မှန်သမျှ ပျက်ကို ပျက်ရမယ်။ ခိုင်ခံ့ရ တယ်။ ဒါကြောင့် အိမ်မထွက်ခဲ့ဘူး”

“ဩော် . . . အေး”

“လာမယ့် အနာဂတ်တိုင်ကျတော့ သောရီအခါဖြစ်ပြီ။ သောရီ အခါဖြစ်ရင် မင်းကို ငါ ဦးဆုံးစပြောခဲ့တဲ့ ဌာနအရပ် တနင်္လာတိုင်ခြေ တြိရန်းရောက်ပြီ သူငယ်ချင်း။ တြိရန်းရဲ့ သတ္တိပြတော့မှာပဲ။ သူ့အပေါ်မှာ ဌာနအရပ် တနင်္လာနဲ့ ရန်တော်တဲ့ သောကြာ (၆)က သောကအဖြစ် စီးထားပြီ”




(အိမ် ခိုင်နေပုံနှင့် အိမ်ထွက်သွားနိုင်ပုံကို ပြဆိုခြင်း)



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ နဝင်းမှာရှိတဲ့ ဗုဒ္ဓဟူးက အိုးအိမ်ဆိုတဲ့ တနင်္ဂနွေနံကို (အင်း၀)(၁-၄)ဆိုတဲ့ အတွင်းရန်အဖြစ် စီးထားပြီ မောင်လှ။ နောက်တစ်ခု မင်းနဲ့ ငါနဲ့ စထွက်လာတော့ (၁၃)လမ်းထိပ်မှာ ထူးထူးခြားခြား ကြက်ဖ အသေကြီးကိုင်သွားတဲ့ နိမိတ် တွေ့ခဲ့တယ်နော်"

"အေးလေ"

"အဲဒါလည်း ဌာနအရပ် တနင်္လာဂြိုဟ်ထွက်ဖို့ အားပြုတဲ့ နိမိတ်ပဲကွ။ အဲဒါတွေကို ပေါင်းစုံပြီးတော့မှ အိမ်ထွက်သွားနိုင်တယ်ဆိုတဲ့ စကား မင်းကို ငါ ပြောလိုက်တာပဲ"

မောင်လှ သက်ပြင်းရှည်ကြီး ချနေချိန်တွင် ဆိုက်ကားသည် သံလမ်းကျော်လာခဲ့ပြီ ဖြစ်၏။ ဆိုက်ကားနင်းသော လူငယ်ထံမှ အသက်ရှူသံများ အနည်းငယ် ပြင်းလာပြီလည်း ဖြစ်၏။ ကျွန်ုပ်သည် သမ္ဗုဒ္ဓေကို ရွတ်ရင်း ဟိုကြည့်ဒီကြည့်နှင့် လိုက်လာလိုက်၏။

"ဒါဆို ဘယ်လို လုပ်ရမလဲမသိဘူး၊ ယတြာချေလို့များ ရနိုင်ရင် မင်း ငဲ့တူမလေးကို. . ."

"မောင်လှ မင်းနဲ့ငါနဲ့က တစ်ဆရာတည်း တပည့်တွေပဲကွာ။ တို့ပညာမှာ ဒါဖြစ်ရမယ်လို့ ပြထားပြီဆိုရင် ဘယ်တုံးက ဘာယတြာချေလို့ ရဖူးလို့လဲ"

မောင်လှသည် ဒုတိယအကြိမ်မြောက် သက်ပြင်းရှည်ကြီး ချလိုက်ပြန်၏။

"သူတို့က လင်မယားနော်။ မပြတ်ဘူး။ ပြဿနာဖြစ်ရင် ခဏပဲ။ ပြီးလို့ ပြန်တည့်သွားရင် ကြားလူတွေက သိပ်အမုန်းခံရလေ့ရှိတယ်။ တကယ်လို့များကွာ မင်းတူမက သူ့ယောကျ်ားကို သံယောဇဉ်မပြတ်လို့ သူ့ယောကျ်ား ဒုက္ခရောက်မှာစိုးလို့ အိမ်ရောင်းပြီး ခုန ဟဲဟို ကောင်မလေးကို အလျော်ပေးရင် ပေးမှာပေ့ါ။ မပေးဘူးလို့ မင်း ပြောနိုင်လား"

"အေး အဲဒါတော့ ဘယ်ပြောနိုင်ပါ့မလဲ"

"သူတို့ကြားထဲ သွားမဝင်နဲ့၊ မင်းဟာမင်း နေတတ်အောင်နေ၊ ငါ ပြောသလိုပဲ မင်းတူမ လင်မယား အိမ်ရောင်းဖြစ်သွားလိမ့်မယ်။ စောင့်ကြည့်"

"ဘယ်နှစ်ရက်အတွင်း ဖြစ်နိုင်လဲ"

"မင်းကလည်း ငါက အကြားအမြင်ရတဲ့သူမှ မဟုတ်တာ၊ ဘယ်လို လုပ် သိနိုင်ပါ့မလဲ"

မောင်လှဆီမှ အသံပြန်ထွက်မလာခင် ဆိုက်ကားသည် မိုးကောင်း စေတီတော်မြတ်ကြီး အဝင်လမ်းဘက်သို့ ချိုးကွေ့ရပ်လိုက်ပြီ ဖြစ်၏။ ကျွန်ုပ်သည် ဆိုက်ကားခ ကျသင့်ငွေကို ရှင်းလိုက်ပြီး မိုးကောင်းဘုရားကြီး ဘက်သို့ လျှောက်လိုက်၏။ မောင်လှလည်း နောက်မှ လိုက်လာ၏။

"ငါ တစ်ခုတော့ သိချင်တယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com




"ဘာတုံး"

"ငါ့တူမလေးနဲ့ ဟိန်စိန်နဲ့ ပြတ်သွားနိုင်လား၊ ဆက်ညားနေနိုင်လား ဆိုတာ. . ."

"လာမယ့် အနာဂတ်တိုင် စနေမှာတော့ ဟိန်စိန်က အမြစ်ဂြိုဟ်အဖြစ် တွယ်ကပ်နေပြီကွ။ မြဲမြံနေပြီ။ သူ့နေရာ သူရှိနေပြီ။ ပြီးတော့ သူ့အပေါ်မှာ မိတ်ဂြိုဟ်အင်္ဂါက (၃-၆)ဆွေသားအဖြစ် စီးထားပြီ။ စုတ်ကိစ္စကို ဖွင့်ဆိုကြတဲ့ ဆပွတ်ကို ကြည့်လိုက်ဦး။ ကြာသပတေးရှိတယ် မျက်လုံးထဲ မြင်လား"

"အေး မြင်တယ်"

"အဲဒီ ကြာသပတေးဟာ သောကြာနံ ဟိန်စိန်ရဲ့ အမြစ်ဂြိုဟ်ပဲ။ အမြစ်တွေ ကုပ်ပြီးရင်း ကုပ်ရင်း မိနေပြီ။ ပြီးတော့ အဲဒီ ကြာသပတေးရဲ့ အပေါ်မှာ မိတ်ဂြိုဟ် အောင်ပ (၁-၅)ဖြစ်အောင် တနင်္ဂနွေက စီးထားပြန်ပြီ။ အမြစ်တွေ ရှင်သန်ပြီးရင်း ရှင်သန်ရင်းပေါ့ကွာ။ ဆက်ညားနေမှာပဲ။ မကွဲဘူး"




(အိမ်ထောင်ဆက်မြဲသွားနိုင်ပုံကို အဆင့်ဆင့် သုံးသပ်ကြည့်ခြင်း)

"အင်း ဒီတိုင်းဆိုရင်တော့ မင်းပြောသလို သူတို့ကြားထဲ သွားမဝင်ဘဲ ငါနေတတ်အောင် နေရတော့မှာပေါ့ သူငယ်ချင်းရာ. . ."

"အေး အဲဒီလိုပဲနေ သူများအပူကို ကိုယ့်အပူ လုပ်မနေနဲ့တော့၊ မင်းအပူတွေ လမ်းမှာထားခဲ့တော့၊ ဘုရားဖူးဖို့ပဲ စဉ်းစားတော့ ဘုရားရောက်ပြီ ချွတ်. . . . ဖိနပ်"

❖ ❖ ❖

(သုရဿမဂ္ဂဇင်း အတွဲ (၁)၊ အမှတ် ၈)



www.burmeseclassic.com

www.burmeseclassic.com

# မိုးကောင်းခဲ့ဖူးသော မိုး

ယခုလို မိုးတွင်း. . .

မိုးလေးများ တဖွဲဖွဲ ရွာလာပြီဆိုလျှင်. . .

မြိုင်ရာဇာကြီး ဟု ကွန်ုပ်တို့ ညီအစ်ကိုများ ချစ်စနိုး ခေါ်ကြသော တပည့်ကျော်ကြီး ဦးသန်းထွန်းအောင်ကို သတိတရ ရှိလှ၏။

တည်ငြိမ်အေးချမ်းလှသော သာယာဝတီမြို့တွင် သူ တာဝန်ထမ်း ဆောင်ခဲ့စဉ်က သူနှင့် ကွန်ုပ် အကြောင်းအရာ တစ်ခုကို ဆုံးဖြတ်ခဲ့ကြပုံ လေးအား မကြာမကြာ သတိရမိ၏။ သတိရတိုင်းလည်း ပြုံးမိ၏။ သတိရ တိုင်းလည်း ပီတိ ဖြစ်ရ၏။

ထိုအကြောင်းအရာကို ဆုံးဖြတ်ခဲ့ကြသည်မှာ ယခုလို မိုးကောင်း လှသော ဖွန်လကုန်ခါနီးတွင် ဖြစ်၏။ ထို့ကြောင့်. . .

မိုးလေးများ တဖွဲဖွဲ ရွာလာပြီဆိုလျှင် . . .

* * *

"အုံ့မှိုင်းနေတာပဲနော်"

"ဆရာ အမေ့ကို လွမ်းနေပြီနဲ့ တူတယ်"

"ဟုတ်တယ် ဦးသန်းထွန်းအောင်၊ ဇီးကုန်းမှာ ညီမလေးနဲ့ ထားခဲ့ရ တာကိုတော့ စိတ်ချပါတယ်။ ဒါပေမယ့် မိခင် မို့လား၊ ပူတော့ ပူမိတာပေါ့"

"မှန်တာပေါ့ ဆရာရယ်"

နှုတ်မှ ပြောရင်း ဖန်ခွက်ကြီးထဲသို့ ရေနွေးကြမ်းငှဲ့၍ ကွန်ုပ်အား လှမ်းပေးလိုက်၏။ ကွန်ုပ်လည်း လှမ်းယူလိုက်ပြီး တစ်ငုံနှစ်ငုံ မှုတ်သောက်ရင်း ကလေးများ ဆော့ကစားနေရာသို့ လှမ်းကြည့်နေလိုက်မိ၏။ သားသည် သူနှင့် မောင်နှမရင်းချာများလိုနေသော ဦးသန်းထွန်းအောင်၏ သမီးလေး နှစ်ယောက်၊ သားတစ်ယောက်တို့နှင့်အတူ မြွေရုပ်ကတ်ပြားလေးအား ဖြန့်၍ အတက်အဆင်းတွင် ဆော့နေ၏။ သားသည် နှစ်တန်းသာ ရှိသေး၏။

"ကလေးတွေပဲ ကောင်းတယ်၊ ဆော့ဖို့နဲ့ စားဖို့ပဲ သိတယ်၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးပဲ၊ ဘာအပူအပင်မှ မရှိကြဘူး၊ ကောင်းတယ်၊ အပြစ်ကင်း စင်တယ်”

ကျွန်ုပ်သည် ရေနွေးကြမ်းခွက်ကိုကိုင်၍ သောက်ရင်း စကားပြောရင်းနှင့် မြင်ကွင်းတစ်ခုကို မြင်၍ ဆော့နေကြသော သမီးတို့ သားတို့၏ နောက်ကျောဘက်ဆီသို့ ကဲကြည့်လိုက်မိ၏။ စိန်ပန်းပင် အုပ်အုပ်ကြီးများအောက်မှ လျှောက်လာကြသော အမျိုးသမီးသုံးဦးကို ဦးသန်းထွန်းအောင်နေထိုင်သော ရှေးအိမ်ကြီးပေါ်မှ လှမ်းမြင်နေရသော မြင်ကွင်းဖြစ်၏။ အမျိုးသမီးကြီးမှာ အသက် ငါးဆယ့်ငါးကျော်ကျော်ခန့် ရှိမည် ထင်ရပြီး မိန်းကလေးနှစ်ဦးမှာ နှစ်ဆယ်ဝန်းကျင်ခန့်များ ရှိလောက်၏။ ငါးမိနစ်ခန့် အတောအတွင်းမှာပင် ထို အမျိုးသမီးကြီးနှင့် မိန်းကလေးနှစ်ဦးတို့ အိမ်ပေါ်ရောက်ရှိလာကြပြီး ဧည့်ခန်းတွင် ထိုင်လိုက်ကြ၏။ သူတို့တက်လာသည်နှင့် ဦးသန်းထွန်းအောင်၏ ဇနီးသည် ခရီးဦးကြိုပြု၍ ဖော်ရွေစွာ ဧည့်ခံ၏။ စကားစမြည်ပြောကြ၏။ တောက်လျှောက် အကဲခတ်နေရာမှ ဦးသန်းထွန်းအောင်၏ ဧည့်သည် မဟုတ်မှန်း သိလိုက်ရသောကြောင့် အိမ်ရှေ့ဆီသို့ ပြန်ငေးနေလိုက်၏။ ဆော့နေသောသားကို ကြည့်ရင်း မိခင်ကြီးရှိရာ ဇီးကုန်းကို ပြန်သတိရနေ၏။

ပဲခြမ်းကြော် ဝါးလိုက်၊ ရေနွေး ကြမ်းသောက်လိုက်၊ အခြားအာလာပသလ္လာပများ ပြောလိုက်နှင့် ဆယ့်ငါးမိနစ် ကျော်ကျော်ခန့်ကြာသော် မိုးတဖြောက်ဖြောက် စတင် ရွာစပြုလာ၏။

ကလေးများတို့သည် ပထမတော့ ပေတေဆော့နေသေး၏။ မိုးသံလေး နည်းနည်းကျယ်လာမှ အိမ်ရှေ့ဆင်ဝင်ကြီးအပေါ်မှသည် အိမ်ထဲသို့ အပြေးအလွှား ဝင်လာကြ၏။ အိမ်ရှေ့ဆက်တီ ခုံများထားရာ ဧည့်ခန်းကျယ်ကြီးတွင် အလုအယက် နေရာယူရင်း နောက်ကြ ပြောင်ကြရင်း ဆက်ကစားနေကြ၏။

မိုးသည် စောစောကထက် ပိုများလာသောကြောင့် မိုးစက်မိုးပေါက်ကျသော သွပ်သံများ တပြောင်းပြောင်းနှင့် ဆူညံလာတော့၏။

ဦးသန်းထွန်းအောင်နှင့် ကျွန်ုပ်သည် မိုးသံကျယ်လာလိုက်၊ ခဏငြိမ်နေလိုက်၊ မိုးတိတ်သွားလိုက်၊ စကားဆက်လိုက်နှင့် ပတ်ဝန်းကျင်ကို သိပ်သတိ မထားမိကြတော့။

မကြာခင် မိုးတိတ်စ ပြုလာ၏။

ဧည့်သည်အမျိုးသမီးကြီးသည် ဦးသန်းထွန်းအောင်ဘက်သို့ လှည့်၍ လေးလေးစားစားဖြင့် စကားလှမ်းပြော၏။ ကလေးနှစ်ဦးမှာ တစ်ဦးက သမီးဖြစ်ပြီး ကြည်ကြည်မြင့်ဟုခေါ်ကြောင်း၊ တစ်ဦးမှာ တူမလေး မမိုးဖြစ်ကြောင်း၊ သူတို့ နှစ်ဦးသည် တစ်ဦးတည်းဖြစ်စေ၊ နှစ်ဦးလုံးဖြစ်စေ ကုမ္ပဏီကြီးတစ်ခုတွင် အလုပ်ဝင်ရန် မနက်ဖြန်ကျ သွားရမည်ဖြစ်ကြောင်း၊ မည်သူရမည် မသိသေးကြောင်း၊ ထို့ကြောင့် ဦးသန်းထွန်းအောင်၏ဇနီး



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ပြန်လျှင်လူကြုံထည့်ပေးလိုက်ရန် လာကြခြင်းဖြစ်ကြောင်း၊ သို့သော် ယခု ဦးသန်းထွန်းအောင်၏ ဇနီးမှာ မနက်ဖြန် မပြန်ဖြစ်သေး၍ သူကိုယ်တိုင် သွားပို့ရမည်ဖြစ်ကြောင်းများ တတွတ်တွတ် ပြောနေ၏။ ဦးသန်းထွန်းအောင်သည် တည်တည်ငြိမ်ငြိမ်နှင့် ခေါင်းညိတ်ပြနေ၏။ တစ်အောင့်ကြာသော် ထိုသားအမိသုံးဦး ပြန်ရန် နှုတ်ဆက်ကြ၏။

"မိုးကလည်း ကောင်းလိုက်တာ ဆရာရယ်၊ မနေ့ကရော ဒီနေ့ရောကို မပြတ်ဘူး၊ ရွာလိုက်တာမှ ကောင်းကောင်းမှ အိုးမည်းနေတာပဲ၊ ဒီတိုင်းဆို နောက်ပြန်လည်း မိုးကောင်းဦးမှာ သေချာတယ်"

"အင်း ကောင်းနိုင်တယ်၊ ဒီမိုး ပြတ်ဦးမှာ မဟုတ်ဘူး"

"ဟုတ်တယ်နော် ဆရာ၊ ဆရာ ကျွန်မတို့ကို ခွင့်ပြုပါဦး"

"အင်း ကောင်းပြီ၊ ကောင်းပြီ"

ဧည့်သည် အမျိုးသမီးကြီးသည် ဦးသန်းထွန်းအောင်နှင့် စကားများ ပြောပြီးသည်နှင့် နှုတ်ဆက်ရင်း ပြန်ရန် ပြင်လိုက်၏။ ဦးသန်းထွန်းအောင်၏ ဇနီးသည် ထိုအမျိုးသမီးကို လှေကားဝအထိ လိုက်ပို့ နှုတ်ဆက်၏။ ထိုစဉ် သွပ်သံ တပြောင်းပြောင်းနှင့် မိုးများ ရွာချလာပြန်၏။ ဧည့်သည် အမျိုးသမီးကြီးသည် ထီးကိုဖွင့်ရန် ပြင်ဆင်ထားလိုက်ပြီး-

"မိုးကတော့ . . . ကောင်းပြီးရင်း ကောင်းရင်းပဲ မမရေ"

"ဟုတ်တယ်နော်၊ ခဏပြန်ထိုင်ပါ ဦးလား၊ ဒီမိုး နည်းနည်းစဲသွားမှ ပြန်ကြပါလား"

"ရတယ် မမ . . ထီးတွေလည်း ပါတာပဲ ဥစ္စာ"

ဧည့်သည်များ ပြန်သွားကြပြီဖြစ်၍ သားတို့၊ သမီးတို့ ဆော့ကစားနေကြသော နေရာဆီသို့ အာရုံပြန်ရောက်သွား၏။ ကွမ်းပိုးသောက်နေသော ဖန်ခွက်ကြီးထဲတွင် ရေနွေးကုန်သွားသည်ကို ထပ်ငှဲ့ပေးရင်း ဦးသန်းထွန်းအောင်သည် တစ်ခုခုကို သဘောကျနေဟန်၊ စဉ်းစားနေဟန်နှင့်. .

"ဆရာ"

"ဗျာ"

"ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် နည်းနည်း စပ်စုလိုက်ကြရအောင်"

"ဆိုလေ၊ ဘာကိုတုံး"

"ခုန ကလေးမလေးနှစ်ယောက် မနက်ဖြန်ကို ရန်ကုန်သွားကြမှာ၊ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ဖို့ နှစ်ယောက်ရချင်လည်း ရမယ်၊ တစ်ယောက်တည်း ရချင်လည်း ရမယ်လို့ ခုန ပြောသွားတယ်"

"အင်းလေ ကျွန်တော်လည်း တစ်စွန်းတစ်စ ကြားလိုက်တယ်၊ ဘာဖြစ်လို့လဲ"

"အဲဒါ နှစ်ယောက်လုံးပဲ ရနိုင်လား၊ ဒါမှမဟုတ် ဘယ်သူ ရနိုင်လဲ ဆိုတာ ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် စပ်စုလိုက်ကြရအောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ. . . စပ်စုကြမယ်လေ"

"ဆရာကတော့ ဘယ်လိုမြင်မလဲ မသိဘူး၊ ကျွန်တော်ကတော့ အခုအခါနဲ့ပဲ ကြည့်နေလိုက်တော့တယ်၊ အခုအခါက သောကြာ၊ အကြမ်းဖျင်းကြည့်လိုက်ရင်တော့ မမိုးဆိုတဲ့ ကြာသပတေးနံက အခိုက်၊ ကြည်ကြည်မြင့် ဆိုတဲ့ တနင်္လာနံက စတုရန်း၊ ရုပ်စိတ်ဒဏ်ရာ တစ်ယောက်မှ မကောင်းဘူး၊ ဒါပေမယ့် . . . "

တစ်ခုခုကို နက်နက်နဲနဲ စဉ်းစားနေသော ဦးသန်းထွန်းအောင်ကို ကျွန်ုပ် ကြည့်နေလိုက်၏။ သူဘာပြောမည်ကို နားစွင့်နေလိုက်၏။

"သောကြာအခါမှာ မမိုးရဲ့ ဘုန်းကံကိုဖြစ်စေတဲ့ 'တေဇအရပ် အင်္ဂါ'က နဝင်းပေါ်နေတယ် ဆရာ၊ ပဉ္စပွတ်မှာ။ ပြီးတော့ မမိုးရဲ့ ကျက်သရေကို ဖြစ်စေတဲ့ 'သီရိအရပ် စနေ'က အညွန့်ဂြိုဟ် အဖြစ် ရပ်တည်နေတယ်၊ တည်ငြိမ်မှုကို ဖြစ်စေတဲ့၊ စွဲမြဲရာကို ဖြစ်စေတဲ့ 'ဌာန အရပ် ဗုဒ္ဓဟူး'က ဆပွတ်မှာ ရှိနေတယ်။ အားလုံးဟာ သူ့ကို ၊ အဲဒီ မမိုးကို အကျိုးပြုမယ့် ဂြိုဟ်အားလုံးဟာ 'ဇေယျ-သုခံ-လာဘံ' အဖြစ် ရပ်တည်နေကြပြီ၊ ကောင်းခြင်းနဲ့ ပြည့်စုံနေကြပြီ။

ဇေယျံ - ၃ - တေဇ
သုခံ - ၀ - သီရိ
လာဘံ - ၄ - ဌာန
သောကြာအခါ ၆

၂
၅ - မမိုး
၁

| | | |
|---|---|---|
| | | ၃ တေဇ |
| | | ၄ ဌာန |
| | ၅ ပရိဝါရ | ၀ သီရိ |

ကြာသပတေးနာမည်ရှင်

ဦးသန်းထွန်းအောင်
ဆုံးဖြတ်သော သောကြာအခါ

"သြော် . . . ဒါက မမိုးကို ကြည့်တဲ့ အကြည့်"

"ဟုတ်ကဲ့"

"ဒါဖြင့် ကြည်ကြည်မြင့်ကျတော့ရော"

"ကြည်ကြည်မြင့်ကျတော့ သူ့ရဲ့ ဘုန်းကံကိုဖြစ်စေတဲ့ 'တေဇ



www.burmeseclassic.com

www.burmeseclassic.com



အရပ် ရာဟု' (အခါတိုင်တွင် ၄ ဂဏန်း)က ဆပွတ်မှာတော့ ပေါ်ပါရဲ့၊ ကျက်သရေကို ဖြစ်စေတဲ့ 'သီရိအရပ် တနင်္ဂနွေ'က တြိရန်းမှာ ခိုနေတယ်။ မရဏမှာ ကျနေတယ်။ တည်ငြိမ်မှုကို ဖြစ်စေတဲ့၊ စွဲမြဲရာကို ဖြစ်စေတဲ့ 'ဌာနအရပ် သောကြာ' က အလယ်ကတ္တားမှာ ရှိနေတယ်"

"သီရိအရပ် တနင်္ဂနွေက တြိရန်းမှာ ခိုနေတယ်လို့ ခုန ကြားလိုက်တယ်၊ မမိုးကျတော့ အဲဒီ တနင်္ဂနွေ ထည့်မဆုံးဖြတ်တော့ဘူးလား၊ ဥပမာ အဖ၊ အလုပ်အကိုင် ဆိုတာမျိုး"

"မဆုံးဖြတ်တော့ဘူး ဆရာ၊ ပရိဝါရ အာယုနဲ့ပဲ ဆုံးဖြတ်လိုက်တော့တယ်။ အဲဒီလို ဆုံးဖြတ်တော့ ကြည်ကြည်မြင့်ရဲ့ ကံကို ကြည့်ရင် သီရိအရပ် တနင်္ဂနွေက တြိရန်းမှာ ခိုနေတယ်။ 'ဗြိုဟ်တြိရန်း၊ ပျော်စံမြန်းနေ၊ သေကြေပျက်စီး၊ မီးလည်းတစ်ကြောင်း' ဆိုတဲ့ လင်္ကာရလည်း ကြည်ကြည်မြင့်ရဲ့ သီရိအရပ် တနင်္ဂနွေက မကောင်းနိုင်ဘူး၊ သီရိဆိုတဲ့ ကျက်သရေ ဗြိုဟ် မကောင်းနိုင်ဘူး"

ဤသို့ တပည့်များက ဖြေလျှင် ကျွန်ုပ် အလွန် သဘောကျ၏။ သူတို့ ဆုံးဖြတ်မှုများ ပြုနေလျှင် လည်ပတ် ရှုပ်ထွေးသွားစေနိုင်သော မေးခွန်းမျိုးကို ကျွန်ုပ်က မွှေနှောက်မေးလေ့ရှိ၏။ တွေဝေသွားအောင် မေး၏။ ဆန့်ကျင်ဘက်ပြု၍ မေး၏။ မသိဟန်ပြု၍ မေး၏။ ထိုသို့ မေးသည့် အခါ ရဲရဲဆုံးဖြတ်၍ ရဲရဲအဖြေပေးနိုင်သော၊ မတွေဝေသော သူမှာ ရှားရှားပါးပါး နှစ်ဦးသာရှိ၏။ ညီလေး မောင်အောင်မြတ်နှင့် ဦးသန်းထွန်းအောင်ပင် ဖြစ်၏။ ထိုနှစ်ဦးမှလွဲ၍ ကျန်သောသူ တော်တော်များများမှာ ဝိုင်ဆင်းသွားပြီး အိုးနင်းခွက်နင်း ဖြစ်သွားတတ်ကြလေ့ ရှိ၏။

"ဒါဖြင့် ဦးသန်းထွန်းအောင် ဆိုလိုတာက"

"ကြည်ကြည်မြင့် အလုပ် မရနိုင်ဘူးဆရာ"

၃
၀
လာဘ် ၄ - တေဇ
ဌာန ၆
၂ ကြည်ကြည်မြင့်
၅
မရဏ ၁ - သီရိ

| | | |
|---|---|---|
| သီရိ ၁ | ၂ ပရိဝါရ | |
| ဌာန ၆ | | |
| တေဇ ၈ | | |



www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာနာမည်ရှင်

အခါနှင့် ရန်တော်ခြင်း၊ မိတ်တော်ခြင်း၊ ဥဒါသိန်တော်ခြင်း၊ ဓာတ်တော်ခြင်းတို့ဖြင့် ချိန်ထိုးပြရလျှင် လွယ်လွယ်နှင့် ရှင်းရှင်း ဖြစ်သွားပြီး မမိုး အလုပ်ရနိုင်ကြောင်း၊ ကြည်ကြည်မြင့် မရနိုင်ကြောင်း ထင်ရှား၏။ သို့သော် ပညာမပါ။ ယခု ဦးသန်းထွန်းအောင် ဆုံးဖြတ်ခဲ့ရသည်မှာ နာမည်နှစ်ခုစလုံး အခါတိုင်၏ အောက်မှာ ရောက်နေသူ နှစ်ဦးအား ဆုံးဖြတ်ရခြင်း ဖြစ်၏။ ထိုသို့ နှစ်ဦး ယှဉ်ဆုံးဖြတ်သည့်အခါ တစ်ဦး၏ နာမည်က အခါတိုင်၏ အထက်မှာပေါ်ပြီး၊ တစ်ဦး၏ နာမည်က အခါတိုင်၏အောက်မှာ ငုပ်နေခဲ့လျှင် ဆုံးဖြတ်ရ လွယ်၏။ ရိုးရိုးကြည့်ရုံနှင့် ဆုံးဖြတ်နိုင်၏။ ယခုလို နာမည်နှစ်ခုလုံး အခါတိုင်၏ အောက်မှာ ရောက်နေချိန် ဆုံးဖြတ်ရလျှင် သတိအတော်ထားရ၏။ လွဲချော် သွားနိုင်၏။

"သေချာတယ်နော်၊ ကြည်ကြည်မြင့် အလုပ် မရမှာ"

"သေချာတယ် ဆရာ"

"ဒါဖြင့် မမိုး အလုပ်ရလိမ့်မယ်ပေါ့"

*"ဟုတ်ကဲ့၊ သူတို့ရဲ့ နာမည်နဲ့ နှစ်ခုကို ပေါင်းပြီး (၇) နဲ့ စားလည်း ထွက်လာတဲ့ အကြွင်းကို တိုင်ကြည့်ရင် မမိုးပဲ ရနိုင်တယ်"*

"အမယ် ဒါက အကူပေ့ါလေ"

"ဟဲ . . . ဟဲ . . . ပိုသေချာ သွားအောင်"

ဦးသန်းထွန်းအောင်ပြောသော နံ နှစ်ခုပေါင်း၍ (၇) နှင့် စားခြင်းမှာ-

မမိုး - ၅
ကြည်ကြည်မြင့် - ၂ +
၇

၇ ÷ ၇ = ၀ ကြွင်း

၄
၁
၅ - မမိုး
၀ - ၀ ကြွင်းကို တိုင်ထူလျှင်
၃
၆
၂ - ကြည်ကြည်မြင့်

(၀) ကြွင်းကို ခယားဇောက်တိုင် ထူလိုက်လျှင် မမိုးသည် ဆပွတ်တွင်ရှိပြီး ကြည်ကြည်မြင့်မှာ တြိရန်း၌သာ ရှိနေ၏။ မည်သို့ဆိုစေ မမိုးသည် အားသာနေ၏။ ထို့ကြောင့် နှစ်ဦးပြိုင်လျှင် မမိုးသည်သာ ရနိုင်၏။ ဤနည်းသည် တစ်ဦးနှင့်တစ်ဦး အရှုံးအနိုင် ယှဉ်ပြိုင်မှုများတွင် ဆုံးဖြတ်ကြလေ့ရှိသော ရှေးနည်းများထဲမှ တစ်နည်း ဖြစ်၏။ အလွန် မှန်၏။



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩလောက်အောင် မှန်၏။ မည်သည့် နေရာတွင်မဆို နာမည်များ၊ နံများကိုသိလျှင် ဤတွက်နည်းဖြင့် ဆုံးဖြတ်နိုင်၏။ အလွန် အသုံးတည့် သောနည်း ဖြစ်၏။ ကျွန်ုပ်သည် ဤနည်းကို ဆရာအရှင် စတင် သင်ပေး ခဲ့စဉ်တုန်းက ကလေးချင်း ရန်ဖြစ်လျှင်လည်း အသာရပ်ကြည့်၍ဆုံးဖြတ်၏။ ဝတ်ထားသော အင်္ကျီအရောင်အဆင်းများကို ကြည့်၍ ဆုံးဖြတ်၏။ ကြက်တိုက်ပွဲများတွေ့လျှင် လည်း အရောင်ကိုကြည့်၍ ဆုံးဖြတ်၏။ ဤသို့ အသေးအဖွဲလေးများမှသည် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးများအထိ ဆုံးဖြတ်ခဲ့ဖူး၏။ (၉၅%) မှန်ကန် လှသောကြောင့် ဤနည်းလေးကို ကျွန်ုပ် အလွန် သဘောကျ၏။

“ဆရာ၊ ကျွန်တော်တော့ စပ်စု ပြီးပြီ”

“ဟင် . . . အဲ . . . ဟုတ်တယ်၊ ဦးသန်းထွန်းအောင်တော့ စပ်စုပြီးပြီ၊ ကျွန်တော် စပ်စုဖို့ အလှည့်ပဲ ကျန်တော့တယ်။ ကျွန်တော် ကတော့ ဒိပြင် တောင်တောင်အီအီ ပြောမနေတော့ဘူး၊ ဦးသန်းထွန်း အောင်လိုလည်း အခါတွေ ဘာတွေ ကြည့်မနေတော့ဘူး၊ ဒါရိုက်ပဲ ပြောလိုက်မယ်၊ မမိုးနဲ့ ကြည်ကြည်မြင့်တို့ နှစ်ယောက် မနက်ဖြန် အလုပ်ကိစ္စသွားရင် မမိုးပဲ ရမယ်၊ ကြည်ကြည်မြင့် မရနိုင်ဘူး”

“ဆရာ . . . ”

“ဗျာ . . . ဘာဖြစ်လို့လဲ”

“ဘာမှ ရှင်းမပြတော့ဘူးလား၊ မြန်လိုက်တာ”

“ရှင်းစရာ ဘာလိုလဲ၊ လိုသေးလို့လား”

“ဆရာပြောတာ ကျွန်တော် သိပ်နားမလည်ဘူး”

“ဩော် . . . ရှင်းစရာ လိုသေးလို့လားလို့၊ ရှင်းနေတာပဲ ဥစ္စာ၊ အဲဒီ ကလေးမလေးနှစ်ယောက်ကို ဦးဆောင်ပြီး ခေါ်လာတဲ့ အမျိုးသမီး ကြီးကိုယ်တိုင် ဘယ်သူအလုပ်ရမယ်ဆိုတာ ပြောသွားပြီးသားပဲ”

“ဗျာ”

“ဦးသန်းထွန်းအောင် ပြန်စဉ်းစားကြည့်လေ၊ ဦးသန်းထွန်းအောင်ကို သူ ဘာပြောခဲ့လဲ၊ ‘မိုးကလည်း ကောင်းလိုက်တာ၊ မနေ့က လည်းကောင်း၊ ဒီနေ့လည်း ရွာတုန်း၊ မနက်ဖြန်လည်း ကောင်းလိမ့်ဦးမယ်’လို့ ပြောသွား တာ မဟုတ်ဘူးလား”

“အဲ . . . ဟုတ်တယ်ဆရာ၊ မိုး ကောင်းတဲ့အကြောင်းပြောတာ ကျွန်တော် မှတ်မိတယ်”

“မိုးတွင်းမှ မိုးရွာတာ ဝါကာင်း မဟုတ်ပါဘူး မဆန်းပါဘူး ဒါပေမယ့် သူပြောသွားတာက ကာလသုံးပါးလုံး ပြောသွားတာဆိုတော့ နည်းနည်း ထူးခြားတဲ့စကား ဖြစ်သွားပြီ၊ အတိတ်၏ ကောင်းခြင်း၊ ပစ္စုပ္ပန်၏ ကောင်း ခြင်း၊ အနာဂတ်၏ ကောင်းခြင်းတွေနဲ့ ပြည့်စုံအောင် သူ ပြောသွားတာဗျ မိုးက တရားလျှော်အောင် ရွာပေါက်တာ၊ သည်းပိုက်တာလို့ မပါဘူး၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



*ဟုတ်တဲ့ ကောအရုံလေးတွေကိုပဲ သုံးသွားတော့၊ မိုးကောင်းတာပဲ နေကြာသွားတော့၊ ပြီးတော့ ဆင်းခါနီး ဘာသံပြောသလဲ သဘာဝတရားမိလား မိုးကတော့ ကောင်း ပြီးရင်း ကောင်းရင်း လို့ ထပ်ရဲပြီး သွားသေးတယ်၊ ဒီတော့ ဒီစကားသံဟာ ထပ်ဖန်တလဲလဲ ပြစ်သွားမျိုး သိပ်ရှိုးအား နေရာ မသိတော့ဘူး မိုး ကောင်းလိမ့်မယ်။ မမိုး ကောင်းလိမ့်မယ်၊ ဒီလိုဆို ကြည်ကြည်မြင့် မကောင်းနိုင်ဘူးဆိုတဲ့ သဘောတွေ သက်ရောက် မနေဘူးလား*

"သက်ရောက်တာပေါ့ ဆရာ"

"မမိုးကောင်းတယ်ဆိုတာ မမိုး ကျွဲဖြစ်ခြင်းပေါ့။ အလုပ်အကိုင် ရရှိခြင်းဟာ ကျွဲပဲ၊ ပြီးပြီ၊ ဒါကြောင့် မမိုးဆိုတဲ့ ကလေးမလေး အလုပ်ရ လိမ့်မယ်၊ ရှင်းရှင်းလေး၊ ဘာနိမိတ်မှ လိုက်ရှာစရာ မလိုတော့ဘူး၊ စကား သံနဲ့တင် ပြတ်ပြီ၊ အိုကေ"

"ဟဲဟဲဟဲ . . . တောက် . . . သူ့စနည်းနဲ့ သူပဲနော်"

မျက်လုံးလေးများ မှိတ်သွားအောင် ရယ်ရင်း တစ်ဖက်သို့ လှည့်၍ အားရပါးရ တောက်ခေါက်ပြီး အံကြိတ်ထားသော ဦးသန်းထွန်းအောင်ကို ကြည့်၍ ကျွန်ုပ်ပါ ရောယောင် ရယ်နေလိုက်မိ၏။ တသိမ့်သိမ့်နှင့် အားရ ပါးရ ရယ်နေသော ဦးသန်းထွန်းအောင်ကို ကြည့်ရင်း ပဲခြမ်းကြော်ကို တစ်ဖွန်းပြီးတစ်ဖွန်း ဆက်တိုက် ဝါးနေလိုက်တော့၏။

* * *

ကျွန်ုပ်သည် နောက်တစ်နေ့တွင် နံနက် လေးနာရီ မထိုးခင် ထရ၏။ မလိုင်နှင့် နံပြား ကျွန်ုပ်ကို ကျွေးချင်လွန်းသော ဦးသန်းထွန်းအောင်ကို အားနာ၍ သာယာဝတီမြို့တွင် မလိုင်မီအောင် လေးနာရီ ထရခြင်း ဖြစ်၏။ စားပြီးကြသည်နှင့် ကျွန်ုပ်တို့ သားအဖနှစ်ယောက် ရန်ကုန်ပြန်ရန် ပြင်ဆင် ကြရ၏။ ဦးသန်းထွန်းအောင်သည် သူ့ဆီသွား၍ ပြန်တိုင်း ကားရှေ့ ခေါင်းခန်းမှပင် စီးစေ၏။ ယခုလည်း ကားခေါင်းခန်းမှ သားအဖနှစ်ယောက် နေရာရသောကြောင့် မမိုးနှင့် ကြည်ကြည်မြင့်ကိစ္စ၊ မည်သူ အလုပ်ရမည်ကို စောင့်နားမထောင်ဖြစ်တော့။ နောက် တစ်လကျော်ကြာသော် ဦးသန်းထွန်း အောင် အလုပ်ကိစ္စနှင့် ရန်ကုန်တက်လာ၏။ နှစ်ဦးသား ဆုံးဖြတ်ကြသည့် အတိုင်း မမိုး အလုပ်ဝင်သွားပြီဖြစ်ကြောင်း ပီတိများစွာနှင့် လာပြောပြ၏။ ကျွန်ုပ် လည်း အလွန် ပီတိ ဖြစ်ရ၏။

* * *

ထို အကြောင်းအရာလေးသည် ဆယ်နှစ်နီးပါးပင် တိုင်ခဲ့ပြီ ဖြစ်၏။

ထို အကြောင်းအရာလေးကို ဆုံးဖြတ်ခဲ့ကြသည်မှာ ယခုလို မိုးကောင်းလှသော ဇွန်လကုန်ခါနီးတွင် ဖြစ်၏။

ထို့ကြောင့် ယခုလို မိုးတွင်း၊ မိုးလေးများ တဖွဲဖွဲ ရွာလာပြီဆိုလျှင်

❖ ❖ ❖

*(သုရှေမှဒွခင်း၊ အတွဲ (၈)၊ အမှတ် ၉)*

www.burmeseclassic.com

# မောကြည့်ပါ

တနင်္လာနေ့။

“ဘယ်လိုလဲ . . . ကိုးနာရီတောင် ထိုးတော့မလားလို့”

“ကားကို မတ်တတ် မစီးချင်တာနဲ့ ထိုင်ခုံရအောင် စောင့်စီးနေလို့ နည်းနည်းလေး နောက်ကျသွားတာပါ ဆရာ”

ပြောပြောဆိုဆိုနှင့် အပါးတော်မြဲ ဒေါင်လိုက်စင်းလွယ်အိတ်ကြီးအား ပခုံးထက်မှ စားပွဲပေါ်သို့ တင်လိုက်၏။ ပြီးမှ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်ပြီး လက်ကိုင်ပဝါအဖြူလေးနှင့် ချွေးသုတ်နေလေ၏။

“ဘာစားခဲ့ပြီးပလဲ”

“ပြီးပြီ ဆရာ၊ တပည့်ကြီး အကြောင်းသိတဲ့အတိုင်းပဲ၊ မုန့်ဟင်းခါးပေါ့”

“မုန့်ဟင်းခါးတစ်ပွဲ ဟင်းရည်တောင်းတာ သုံးခါမှ ဟုတ်ပါ့မလားလို့”

“ဟဲဟဲ ဆရာကလည်း ဆရာ့ရှေ့မှာ တစ်ခါလေး တောင်းမိတာနဲ့ ခုထိကို ပြောလို့မဆုံးတော့ဘူး”

“ချစ်လို့ စတာပါ၊ ဆရာအုန်းရဲ့”

“ဟုတ်ကဲ့ပါ၊ ဆရာက ချစ်လို့ စတော့ ကျွန်တော်က ပိုတောင် ဂုဏ်ယူသေးတယ်။ တပည့်တွေ တစ်ပုံတစ် ခေါင်းကြီးထဲမှာ ဆရာက ငါ့ကို သံယောဇဉ်အကြီးဆုံး အချစ်ဆုံး တွေ့လား၊ ဒါကြောင့် ငါ့ကို အမြဲ ဆူနေတာလို့ လူကြားထဲမှာ ကြွားရတာအမော”

ဆရာအုန်း၏ စကားကြောင့် ကျွန်ုပ် အလွန် သဘောကျသွားပြီး ခေါင်းညိတ်ပြရင်း ရယ်နေလိုက်၏။ ကလေးလေးသဖွယ် နွဲ့ဆိုးဆိုးတတ်သော တပည့်ကြီးမို့ ပြုံးရင်း ကြည့်နေလိုက်၏။ အခြား အာလာပသလ္လာပများကို တောင်ပြောမြောက်ပြော ပြောရင်း တစ်အောင့်တစ်နားကြာသော် ထုံးစံအတိုင်း သူသိချင်သည်လေးများကို တောင်မေးမြောက်မေး မေးလာလေတော့၏။

“ဆရာ့ဆီ ရောက်တုန်း . . . ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ . . . ပြော"

"ဩော် . . . တူတော်မောင်ကိစ္စလေး နည်းနည်း . . . "

"ဆရာအုန်းရယ်၊ ကျွန်တော် ပြောပြီးပြီ။ ခင်ဗျားတူက အယုံအကြည်မရှိ သလိုလို ဘာလိုလိုနဲ့။ အဲဒီလို အယုံအကြည်မရှိသူတွေအတွက် သီလအား အကျင့်စရဏအားတွေနဲ့ ရင်းထားရတဲ့ ပညာကို တန်ဖိုးမဲ့ မထုတ်နိုင်ဘူး။ ဘာ အကျိုးမှလဲ ရှိမှာ မဟုတ်ဘူး။ အချိန်ကုန်တယ်။ လေကုန်တယ်။ ဒီပြင်ဟာ ပြော။ ကျွန်တော် ပြောပြီးပြီ။ သူ့အမေကို ခြေရင်းခန်းမှာထားတယ်။ သူက ခေါင်းရင်းခန်းမှာ နေတယ်။ ဒီလိုလူမျိုး ဘယ်လိုလုပ် အောင်မြင်ပါ့မလဲ။ တစ်ခါ ကျွန်တော် ပြောင်းခိုင်းခဲ့ပြီးပြီ။ သူမှ မပြောင်းဘဲ။

"ဟုတ်ကဲ့"

"အဲဒီတော့ ဆရာအုန်းလည်း အနေသာကြီး၊ သွားပြောမနေနဲ့တော့"

ကျွန်ုပ်၏ စကားမှာ ခပ်ကျယ်ကျယ် ဖြစ်သွား၍လားမသိ၊ ဆရာအုန်းခမြာ နောက်ထပ် ဘာမှ မဟရဲတော့ဘဲ ငြိမ်ကျသွားတော့၏။ ကျွန်ုပ်သည် ဆရာအုန်း ဤသို့ ဖြစ်သွားပြန်လျှင် စိတ်ထဲ မကောင်းဖြစ်သွားရပြန်၏။ ထို့ကြောင့် . . .

"ဒီနေ့က တနင်္လာနေ့ဆိုတော့ ပညာပဲ သင်ပါဗျာ၊ ဆရာအုန်းပညာ သင်မယ်မို့လား အခု . . . "

"ဟာ . . . သင်မှာပေါ့ ဆရာ"

"ကဲ ဒါဖြင့် ခုန ဆရာအုန်းပြောတဲ့ အကြောင်းမျိုးတွေနဲ့ ဆက်နွယ်နေတဲ့ ပညာခန်းတွေ ကျွန်တော် ပြောပြမယ်။ လူဆိုတာ . . . "

စကားစရုံရှိသေး၊ ဒေါင်လိုက်စင်းလွယ်အိတ်ကြီးကို လှမ်းဆွဲတော့၏။

"ဘာလဲ၊ ဟို ဒိုင်ယာရီစာအုပ်ကြီးထဲ လိုက်မှတ်ဦးမလို့လား၊ မမှတ်နဲ့၊ နားထဲပဲ စွဲအောင် နားထောင်"

"ဟုတ်ကဲ့"

"လူဆိုတာ . . . သဘာဝကို ဆန့်ကျင်လို့ မရဘူး။ ဆန့်ကျင်ရင် အဲဒီ သဘာဝက ပြန်ပြီး ဒဏ်ခတ်သလိုပဲ။ ဥပမာ ခုန ဆရာအုန်း စိတ်ပူတဲ့ ဆရာအုန်းတူမ ယောကျ်ားမျိုး၊ မိဘနဲ့သားသမီး ကြည့်လိုက်လေ၊ ဘယ်သူ ခေါင်းရင်းနေသင့်လဲ၊ ဘယ်သူ ခြေရင်းနေသင့်လဲဆိုတာ မိဘဟာ မိဘနေရာမှာပဲ နေသင့်တယ်၊ သားသမီးနေရာမှာ မနေသင့်ဘူး။ သားသမီးဟာ သားသမီးနေရာမှာပဲ နေရမယ် ဒါမှ။ ကျွန်တော် တွေ့ဖူးတယ်။ သံဝေဂ ယူသင့်တဲ့ လူတစ်ယောက်။ မိဘနဲ့ အတူနေတုန်းက ဘာမှ မဖြစ်ဘူး။ သိပ်ချမ်းသာလာတဲ့အခါ သူ့ဇနီးက လက်ရှိနေနေတဲ့ မိဘတွေပိုင်တဲ့ ခြံထဲမှာပဲ တိုက်တစ်လုံးထပ်ဆောက်ဖို့ ပြောလာတယ်။ တိုက်ဆောက်ဖို့နေရာက မိဘတွေ လက်ရှိနေတဲ့အိမ်ရဲ့ ခေါင်းရင်းကွက်လပ်ကြီးပဲ။ ကျွန်တော့်ဆီကို အိမ်ဆောက်ဖို့ ရက်တွေ ဘာတွေ လာမေးတော့



www.burmeseclassic.com

www.burmeseclassic.com



ပန္နက်အချိန်တွေ အိမ်ဆောက်ဖို့တွေ ကျွန်တော် မပေးရဲဘူး။ မနေအပ် ကြောင်း၊ မနေသင့်ကြောင်း၊ ခိုက်တတ်ကြောင်း ပြောလိုက်တယ်။ ဒါပေမယ့်သိတယ်မို့လား၊အရမ်းချမ်းသာတဲ့အခါငါတို့လုပ်သမျှမဖြစ်ဘူးဆိုတာ ဘာမှ မရှိစေရဘူးဆိုတဲ့ ဥစ္စာနေ မာန်တက်ကြစမြဲပဲလေ။ ဒီတော့ သူတို့ဟာ သူတို့ တစ်နေရာမှာ သွားမေးပြီး ဆောက်လိုက်ကြတယ်။ ဆောက်ပြီးရော အဲဒီလူ အဲဒီတိုက်ကြီးမှာ ခဏပဲ နေလိုက်ရတယ်။ သင်္ဘောပြန်ထွက် ရတာနဲ့ပဲ အချိန်ကုန်နေရော နှစ်နှစ်၊ သုံးနှစ်ကြာလို့ ပြန်လည်း ရောက်လာ ပြီးရော ပထမဆုံး အဲဒီလူရဲ့ အဖေ ဆုံးတယ်။ နောက် တစ်နှစ်တည်းမှာပဲ အဲဒီလူ လေဖြတ်သွားတယ်။ ဘာမှ လုပ်လို့မရတော့ဘူး။ ကုလို့ကို မပျောက်တော့တာ။ ဆေးစုံ၊ ဆရာစုံ နေပြီ။ ကုန်လိုက်တာ သောက် သောက်လဲ။ လူ့ဘဝကြီးဟာ အဲဒီလူအတွက် အဓိပ္ပာယ် မရှိတော့ဘူး”

“သြော် . . . ဒီလိုဖြစ်သွားတာကိုး”

“အများကြီး ဆရာအုန်း၊ ဒါမျိုးတွေ အများကြီး၊ မိဘက ခြေရင်း မှာနေလို့ သားသမီး ခိုက်သွားတာတွေ၊ မိဘကို ခြေရင်းမှာထားလို့ သေကုန်တဲ့ စီးပွားပျက်ကုန်တဲ့ သားသမီးတွေ အများကြီး၊ တချို့ကတော့ ကျွန်တော် အကြံပေးသလို အပြောင်းအလဲတွေ လုပ်လိုက်လို့ စီးပွားပြန် တက်လာတာတွေ၊ ကျန်းမာလာတာတွေ ရှိကြတယ်။ တချို့ကျတော့ ခပ်တည်တည်နဲ့ပဲ လောကဓံတရားကို ခါးစည်းပြီး ဘဝပျက်ခံသွားကြ တယ်။ ချမ်းသာတဲ့မာန်၊ အရှိန်အဝါမာန်တွေပေါ့လေ။ အများကြီးပါ။ ပြောရင်မကုန်ဘူး။

ကျွန်တော် မိဘကို ခြေရင်းထားပြီး ခုနလို ဒုက္ခရောက်ကြရတဲ့ လူမျိုးတွေအကြောင်း၊ မိဘကို ကိုယ့်အောက်ထပ်မှာထားပြီး ဒုက္ခရောက် ကြရတဲ့လူတွေအကြောင်း စာတစ်စောင် ပေတစ်ဖွဲ့ထုတ်ရင် ကောင်း မလားလို့”

“ကောင်းသားပဲ ဆရာ”

“ဘာလို့လဲဆိုတော့ တချို့လူတွေ ဆိုရင် သူတို့လောက် ဘာသာ တရားလုပ်တာ သူတို့ပဲ၊ ဘာဖြစ်လို့ ကြွေးတွေ ထူပူ လည်ပင်းခိုက်နေရ တာလဲ မသိဘူးလို့ လာလာညည်းကြတယ်။ အဲဒီလူတွေကို ကြည့်လိုက် တဲ့အခါ ခုန ပြောသလို မိဘက အောက်ထပ်၊ သူတို့က အပေါ်ထပ်၊ မိဘက ခြေရင်း၊ သူတို့က ခေါင်းရင်း၊ မိဘက သူများအိမ်ဘေးမှာ အဖီ လေးနဲ့၊ သူတို့ကြည့်ရင် သိန်းသုံးရာလောက်တန်တဲ့ တိုက်ကြီးပေါ်မှာ၊ မိဘက ဆီကို ပုလင်းလေးနဲ့ ဆန်ကို တစ်ပြည်ချင်း ဝယ်စားနေရချိန်မှာ သူတို့က သိန်းနှစ်ရာကျော်တန် ကားစီးပြီး ငြိမ့်လို့၊ မိဘက သူတို့ စားဖို့ ချက်ပြုတ် နေရချိန်မှာ သူတို့က ဧည့်ခန်းမှာ အရှိန်အဝါကြီးမားတဲ့ ချမ်းသာတဲ့ ဧည့်သည်ကြီးတွေနဲ့ တပျော်တပါး၊ ပြောရရင် မကုန်ဘူး ဆရာအုန်း၊ နောက်ဆုံးတော့ ဘာဖြစ်သွားလဲ သိလား၊ အဲဒီ ရာနဲ့ချီနေ



www.burmeseclassic.com

www.burmeseclassic.com



သိန်းဂဏန်းတွေဟာ သောင်ကမ်းပြိုသလို တဖြည်းဖြည်း တအိအိနဲ့ ပြိုကျ လာတော့တာပဲ။ ပြီးခဲ့တဲ့လက သိန်းကို ရာချီချမ်းသာနေတဲ့လူဟာ ဒီလမှာ ကိုယ့်တိုက်ကြီး ထိုးပေါင်လိုက် ရတာမျိုးတွေ ကျွန်တော့် မျက်စိရှေ့မှာ အများကြီး၊ ကြားရတာ တစ်ပုံကြီး"

"တော်တော့်ကို ကြောက်စရာ ကောင်းတယ်နော် ဆရာ"

"ခင်ဗျားကို ကျွန်တော် သင်ပေးချင်လွန်းတဲ့ မကြီးပွားရခြင်း အကြောင်းရင်းတွေထဲက အရေးအကြီးဆုံးနဲ့ အထူး သတိထားရဆုံး အကြောင်းဟာ မိဘနဲ့ နေပုံထိုင်ပုံ ဆန်းမပျက်ဖို့ အကြောင်းပဲ။ ခုလည်း ဒီနေ့ အဲဒီအကြောင်းတွေ ဆရာအုန်းကို သင်ပေးတော့မယ့်ဆဲဆဲ ဆရာအုန်း တူတော်မောင်ကိစ္စ ဝင်လာလိုက်တာ အတော်ဖြစ်သွားတယ်။

မှတ်ထား ဆရာအုန်း၊ လူတော်တော်များများဟာ ကျွန်တော့်ဆီကို ရောက်လာကြတဲ့အခါ သူတို့ ကြီးပွားချမ်းသာချင်တဲ့ အကြောင်းတွေ ချည်းပဲ ပြောကြလေ့ရှိတယ်။ သူတို့ ထီပေါက်အောင်၊ သူတို့ ချမ်းသာအောင် ဘယ်လို လုပ်ရမလဲဆိုတဲ့ မေးခွန်းတွေပဲ မေးလေ့ရှိတယ်။ ချမ်းသာချင်တဲ့ ဆန္ဒပြင်းပြကြတာ များတယ်။ သူတို့ အရိပ်အကဲကို ကြည့်ပြီး မိဘတွေ ရှိသေးလား၊ ဘာလုပ်စားကြလဲလို့ ထောက်လိုက်တာနဲ့ မိဘဟာ သူ့ဟာသူ လုပ်စားနေရရှာတာတွေ ပေါ်လာတော့တာပဲ။

တချို့လူတွေဟာ သိပ် အတ္တဆန် လွန်းတယ်။ သူတို့ချမ်းသာချင် တာတစ်ခုပဲ ပြောတယ်။ သူတို့ နိုင်ငံခြားသွားချင်တာ တစ်ခုပဲ သိတယ်။ မိဘက စည်းစိမ်ဥစ္စာတွေရင်းပြီး လွှတ်လိုက်ရတာတို့၊ အိမ်ပေါင်ပြီး၊ အိမ်ရောင်းပြီး ရှိတာတွေ ထုခွဲပြီး သူများဆီက ချေးငှားပြီး အကုန်ခံလိုက် ရတာတို့ ဆိုတဲ့ ကျေးဇူးတွေ၊ စကားတွေ မသိတော့ဘူး။

ဟိုရောက်ပြီး တစ်နှစ်လောက်လည်းကြာရော အိမ်ထောင်ပြုဖို့ စီစဉ်တော့တာပဲ"

ကျွန်ုပ်၏စကားကို နားစိုက်ထောင်နေရင်းမှ ဆရာအုန်း စိတ်ညစ် လာလေသလား မပြောတတ်။ လွယ်အိတ်ကြီးထဲမှ ကွမ်းဘူးလေးကို နှိုက်ယူလိုက်ပြီး အဖုံးဖွင့်၍ ကွမ်းတစ်ယာ ယူငုံထားလိုက်၏။

"နိုင်ငံခြားကို သွားအလုပ်လုပ်၊ ငွေစု၊ ပြန်လာ အိမ်ထောင်ပြု ဆိုတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပဲ။ မိဘကတော့ ဒုံရင်းပေါ့။ နောက်ဆုံးတော့ အဲဒီလို ပုဂ္ဂိုလ်တွေ ဘာစီးပွားမှ ဖြစ်မလာတော့ဘဲ တဖြည်းဖြည်း ကုန်ကြ တာများတယ် ဆရာအုန်းရဲ့။

တစ်ခါတုန်းက သိပ်ပြီး ရိုးသားတဲ့ လူတစ်ယောက်ကိုတော့ ကယ်ခဲ့ဖူးတယ်။ သူက အိမ်လေးတစ်လုံးဝယ်ပြီး သူ့ဟာသူနေတယ်။ သူ့မိသားစုနဲ့ပေါ့။ မိဘကိုလည်း ထောက်ပံ့လိုက်တာမှ အိမ်တစ်လုံး အေးအေးဆေးဆေး ဝယ်နိုင်တော့မယ့်အထိ ခမြာမှာ ထောက်ပံ့ရှာတယ်။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ဝယ်လည်း ဝယ်နိုင်ရော သူ့ခြေရင်းက အိမ်ရောင်းပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာပါလေရော။အဲဒီမှာသူ့အမေကြီးကလည်းအဲဒီအိမ်ကိုမျက်စိကျ ပေါ့ဗျာ။ နောက်ဆုံးတော့ ဝယ်ဖြစ်သွားတယ်ပေါ့။နေဖြစ်ကြတယ်ပေါ့။ သိပ်မကြာဘူး။ အဲဒီလူတစ်နှစ်အတွင်းလုပ်ငန်းခွင်ထဲမှာ ငွေတွေ သိန်းချီပြီး စိုက်လျှော်ရတာတို့၊ လုပ်ငန်း အရှုံးပေါ်တာတို့၊ အလုပ်သမား ထိခိုက်လို့ လျော်ကြေးတွေ ပေးရတာတို့ စုံနေတာပဲ။ ဖြစ်ကုန်ရော။

"အင်း ဆရာပြောတဲ့ မိဘက ခြေရင်းနေတာ အစွမ်းပြပြီပေါ့"

"ဟုတ်တယ် ဆရာအုန်း၊ အဲဒီလိုနဲ့ပဲ အဲဒီလူ ကျွန်တော့်ဆီ ရောက်လာတယ်ပေါ့။ ကျွန်တော် သူ့သက္ကရာဇ်ကို မေးပြီး ဟိုကံချိန်လိုက်၊ ဒီကံချိန်လိုက် ချိန်ကြည့်တော့ ဒါလောက်မဆိုးဘူး။ ငွေနံလည်း ဒါလောက် မဆိုးဘူး။ ဒီတော့ သူ့ဖြစ်စဉ်တွေကို ကျွန်တော် သတိထားပြီး စကား ထောက်လိုက်တော့ ဟော ခုနကိစ္စကြီး ပေါ်လာပါလေရော၊ သူဟာ လူရိုး လူကောင်းမှန်း ကျွန်တော် သိတော့ ဘယ်လိုမှ ပြောင်းလဲလို့ မရနိုင်တော့တဲ့ အိမ်နှစ်လုံးကြားမှာ အလုပ်ရုံတစ်ခု ခပ်သေးသေး ဆောက်ခိုင်းလိုက် တယ်။ ပြီးတော့ အဲဒီမှာပဲ အလုပ်သမား စောင့်အိပ်ခိုင်းလိုက်တယ်။"

"ခပ်ကျဉ်းကျဉ်းပဲပေါ့ ဟုတ်လား ဆရာ"

"အင်း ဟုတ်တယ်၊ ခုနစ်ပေ လောက်တော့ရှိမယ်။ သိပ်တော့ မကျဉ်းလှဘူး။ အဲဒီလိုလည်း ကြားခံတစ်ယောက် ထားပေးလိုက်တဲ့အပြင် မိခင်ရဲ့ခြေမနှစ်ဖက်က ခြေသည်းနှစ်ချောင်းကို ရေမွှေးပုလင်းလေးထဲ ထည့်ပြီး ဟိုလူရဲ့ ခေါင်းရင်းမှာ ထားအိပ်ခိုင်းလိုက်တယ်။ အဲဒီလူ ပြန် စီးပွားတက် သွားတာပဲ ဆရာအုန်းရဲ့။ ခုထိ အေးအေးဆေးဆေးပဲ။ တစ်ခုတော့ ရှိတာပေါ့ဗျာ။ ကြားခံအိမ်လေးမှာ ထားထားတဲ့ အလုပ် သမားကတော့ မမြဲဘူး။ ခဏခဏ အပြောင်းအလဲ ဖြစ်တယ်။ ဒါကတော့ အဓိက မဟုတ်တဲ့ကိစ္စမို့ သိပ်ပြီး အလေးအနက် မထားခိုင်းတော့ဘူး"

"ဟန်ကျလိုက်တာ ဆရာရယ်၊ ကြားခံထားပေးလိုက်တာနဲ့တင်"

"အမယ်၊ သူ့မိန်းမရဲ့ အစ်မကြီးက ကျွန်တော့်ဆီ ဘာလာပြော တယ်မှတ်လဲ၊ ဆရာက ခြေရင်းမှာ အလုပ်သမား အိမ်ဆောက်ပေးထား ပါဆိုလို့ ဆောက်သာ ပေးထားရတာ၊ အလုပ်သမားတွေက မမြဲတော့ အဲဒါကြီးက တစ်ခါတလေ အပိုကြီးဖြစ်ဖြစ်နေတယ်တဲ့။ အလုပ်သမား အတွက် အပိုမကုန်အောင် အိမ်မှာပဲ ရောထားလို့ မရဘူးလားတဲ့"

"ဟာ ဒုက္ခပါပဲ၊ မိဘခြေရင်းမှာမို့ ကြားခံပေးထားတာ သူမသိ ဘူးလား"

"အဲဒါပြောတာပေါ့။ တစ်ခါတစ်ခါ လူတွေဟာ ခက်တယ်။ ကျွန်တော် ကတော့ ဘာမှ မပြောတော့ဘူး။ ပြုံးနေလိုက်တော့တယ်။ ခင်ဗျား မတ်နဲ့ ပြန်တိုင်ပင်ပြီး လုပ်လို့ပဲ ပြောလိုက်တော့တယ်။ ဘယ် ဟိုလူက ဘယ်ဖယ် ပါ့မလဲ"

"အင်း . . . လူတွေကို ကူညီရတာ တစ်ခါတစ်ခါ . . . "



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဦးကျတော့ တစ်မျိုး၊ မိဘကို အတူထားပြီး သေချာကျကျနနကို လုပ်ကိုင်ကျွေးမွေးပြုစုတာ၊ သူက ခေါင်းအုံးတို့ မွေ့ရာတို့ ချုပ်ရောင်းတာ၊ သိပ်စီးပွားတက်တာပဲ။ အိမ်ထောင်ကျတော့လည်း ဒီအတိုင်းပဲ။ မိဘကို ကျကျနန ကျွေးမွေးပြုစုလို့လား မသိဘူး စီးပွားက တက်ပြီးရင်း တက်ရင်းပဲ။ ဟော ကလေးလည်း ရလာရော ကလေးလေး အခါလယ်လောက်လည်း ကျရော စီးပွား တဖြည်းဖြည်း ထိလာတော့တာပဲ။ သူထိပုံကတစ်မျိုး၊ အလုပ်က ကောင်းပါရဲ့။ ကျွမ်းကျင်တဲ့ အလုပ်သမားတွေ အိမ်ထောင်ပြု သွားတာတို့၊ ရွာပြန်ကုန်တာတို့ကြောင့် အလုပ်သမားအတွက် စိတ်ဆင်းရဲ ရတာ၊ အဲဒီလို အလုပ်သမားတွေလည်း မမြဲရော စီးပွားထိလာတော့တာပဲ။ လူသစ်မွေးရတာလည်း မလွယ်ဘူးလေ။ အဲဒီကိစ္စနဲ့ ကျွန်တော့်ဆီရောက် လာတော့တာပေါ့။ သူတို့စီးပွားကို သူများကများ တိုက်ထားသလား၊ ဘာလား ဆိုပြီး လာမေးတာ၊ သေသေချာချာ စစ်စစ်ပေါက်ပေါက် ရှုထောင့်အမျိုးမျိုး ကနေ သုံးသပ်လိုက်တော့မှ အဖြေက ပေါ်လာတယ်။ ကလေးမရခင်က မိဘကို လုပ်ကျွေးတယ်။ စီးပွားတက်တယ်။ ကလေးရပြီးလည်း မိဘကို လုပ်ကျွေးနေတာပဲ။ ဒါပေမယ့် စီးပွားကျလာတယ်။ ဟော ဘာကြောင့်လဲ။ လေ့လာလိုက်တော့ ကလေးလေးလည်း ရလာရော ဘိုးအေ၊ ဘွားအေက မြေးဦးဆိုပြီး ချစ်ကြတော့တာပေါ့။ အဲဒီမှာတင် အမေ ကျွန်မ မအားလို့ အမေ့မြေးလေးကို အမေပဲ ရေချိုးပေးလိုက်ပါဦး။ အမေ ရေချိုးရင် အဲဒီ အနှီးလေးတွေ၊ ဘောင်းဘီအကျႌလေးတွေ တစ်လက်စာတည်း လျှော်လိုက် ပါဦး အမေရယ်။ အမေ့မြေးလေးကို အမေပဲ ထမင်းခွံ့လိုက်ပါဦး။ ကလေး နောက်ဖေးတွေ သွားနေပြီ၊ အမေ မကြုံးနဲ့ သမီးကြုံးမယ်။ အမေ ရေခပ်ပြီး ဖင်လေးပဲ ဆေးပေးလိုက် ဆိုတဲ့ အနုပညာမြောက်စွာလို့ပဲ တင်စားရ မလား၊ မိဘကို အမှတ်မထင် ခိုင်းမိတာလေးတွေဟာ တဖြည်းဖြည်းနဲ့ မိုးစက်မိုးပေါက် တစ်စက်ချင်း တစ်ပေါက်ချင်းကျရာကနေ ကန်ရေပြည့် လာသလို အကုသိုလ်က မနေဘူး ဆရာအုန်းရဲ့။ ဘယ်နေလိမ့်မလဲ၊ လောကမှာရှိတဲ့ သစ္စာတရားတွေက ဘယ်ပြေးပါ့မလဲ။ ထိပြီပေါ့။ ဘုရား ရှင်နဲ့ တစ်ဂိုဏ်းတည်းပြုတဲ့ မိဘမှ အနှိုင်းမဲ့ကျေးဇူးရှင်၊ ဘာမဟုတ်တဲ့ အသေးအဖွဲကိစ္စလေးတွေမှာ အကူအညီလေး တစ်ခုခုရရင် သိပ်ကျေးဇူး တင်တာပဲဗျာတို့၊ ကျေးဇူးတင်လိုက်တာရှင်တို့၊ ဘယ်တော့မှ ကျေးဇူး မမေ့ပါဘူးတို့၊ ကျေးဇူးကြီးလှပါတယ်တို့၊ ကျေးဇူးပါပဲတို့၊ ကျေးဇူးတင်ပါ တယ်တို့၊ မိုးမွှန်အောင်ပြောတတ်တဲ့လူတွေဟာ သူတို့မိဘတွေကို ဘယ် နှစ်ခါ ကျေးဇူးစကား ဆိုဖူးလဲ ဆရာအုန်း သုတေသနပြုကြည့်လိုက်ပါ။ သား ဒီလို ဖြစ်လာအောင် ဖေဖေနဲ့ မေမေ မွေးပေးခဲ့လို့၊ သား ဒီလို ချမ်းသာလာလို့ ဖေဖေ နဲ့ မေ့မေ့ကို ကျေးဇူးတင်ပါတယ်လို့ ပြောဖူးလား။ သမီး ဒီလို အသိတရားတွေ ရှိလာအောင် မွေးပေးခဲ့လို့ မေဖေနဲ့မေ့မေ့ကို ကျေးဇူးတင်ပါတယ်လို့ ဘယ်နှစ်ခါ ပြောသံကြားဖူးလဲ။ အင်း . . . ငါတော့



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာလာပြီ။ ဒီလို ချမ်းသာလာအောင် မွေးပေးခဲ့တဲ့ ငါ့အဖေနဲ့အမေကို ကျေးဇူးတင်လိုက်တာလို့ ဘယ်နှစ်ခါ ပြောသံကြားဖူးလဲ။ တချို့ဆို ပြောတောင် ပြောကြတယ်။ သူတို့ မွေးပေးတာနဲ့ ဘာမှ မဆိုင်ဘူး။ ကိုယ့်ဟာကိုယ် ကြိုးစားလို့ ချမ်းသာလာတာတဲ့ဗျာ”

“ဟာ . . . မိစ္ဆာဒိဋ္ဌိ အယူတွေပါလား”

“ခုနစကား ပြန်ဆက်ရရင် အဲဒီလို အနှိုင်းမဲ့ ကျေးဇူးရှင် မိဘ နှစ်ပါးကို ကျေးဇူးစကား မဆိုဖြစ်ကြတဲ့လူတွေဟာ မိဘကို ခိုင်းမှန်းမသိ နူးညံ့သိမ်မွေ့စွာနဲ့ ခိုင်းတတ်လာတော့၊ သွားပြီပေါ့။ ခုနပြောတဲ့ သစ္စာ တရားတွေက ပုံစံအမျိုးမျိုးနဲ့ ဒဏ်ခတ်ပြီပေါ့။ အဲဒီလို ပုံစံအမျိုးမျိုးနဲ့ ဒဏ်လည်းခတ်ရော ကျွန်တော့်ဆီ ရောက်လာတော့တာပဲ။ ခုနပြောသလို သူများကများ လုပ်ထားသလားပေါ့။ စစ်စစ်ပေါက်ပေါက် သုံးသပ်လိုက် တော့ ခုန ဖြစ်စဉ်တွေ တန်းစီတွေ့ရော၊ ဒီတော့ နင့်အမေရဲ့ အင်္ကျီနဲ့ ထဘီကို နင် လျှော်နိုင်ပါ့မလား ဆိုတော့ လျှော်ပါ့မယ်တဲ့။ ဒါဖြင့် လူငှားကို ဒိပြင်ဟာ လျှော်ခိုင်း၊ နင့်အမေရဲ့ ထဘီနဲ့အင်္ကျီကို နင်ကိုယ်တိုင် လျှော်ပေ တော့ဆိုပြီး ခိုင်းလိုက်တယ်။ အဆောင်ကတော့ ခုန အိမ်နှစ်လုံးကြားမှာ အလုပ်ရှုံးဆောက်ခိုင်းလိုက်ရတဲ့ လူလိုပဲ မိခင်ရဲ့ ခြေမ၊ ခြေသည်းနှစ် ချောင်းကို ရေမွှေးပုလင်းလေးထဲ ထည့်ဆောင်ခိုင်းလိုက်တယ်။ ခေါင်းရင်း ထားခိုင်းလိုက်တယ်။ ဒါတောင် တော်တော်နဲ့ စီးပွားပြန်ဖြစ်မလာဘူး။ သုံးလေးလလောက် ကြာတယ်။ ကြာပြီးမှ ပြန်တက်လာတော့တယ်။ အဲဒီကလေးမလည်း လန့်သွားတာပေါ့။ မအေကို မခိုင်းရဲတော့ဘူး”

ကျွန်ုပ်၏ စကားများကို နားထောင်နေရင်းမှ ဇောချွေးများ ပြန်နေ သော ဆရာအုန်းသည် မျက်နှာအား လက်ကိုင်ပဝါအဖြူလေးနှင့် သုတ် လိုက်ပြီး အိမ်ရှေ့ဆီသို့ ထသွား၍ ကွမ်းတံတွေး ထွေး၏။ ပြီးမှ ပြန်လာ ထိုင်လိုက်ပြီး ခေါင်းတညိတ်ညိတ်နှင့် မျက်စိမျက်နှာ ပျက်နေတော့၏။ ကြားရသည်များကို မသက်သာနေဟန် ရှိ၏။

“အဲဒီလို လူမျိုးတွေ အများကြီး ကယ်ခဲ့ရဖူးတယ် ဆရာအုန်း၊ အများကြီး ပြောရရင် မကုန်ဘူး။ ခုနအတိုင်းပဲ။ မိဘကိုခိုင်းလို့ ထိလိုက် ကြတာတွေ မနည်းဘူး။ ဒါကြောင့် မိဘကို ကက်ကက်လန် ပြန်ပြော တတ်တဲ့ သားသမီးတွေ ဆယ်တန်း စာမေးပွဲကြီးဖြေခါနီး တစ်လလောက် အလိုမှာ မိဘရဲ့ ထမီတွေ၊ အင်္ကျီတွေ၊ ပုဆိုးတွေ အကုန်လျှော်ခိုင်းတယ်။ ကလေးတွေကလည်း တကယ် ခိုင်းတော့ လုပ်ရှာကြပါတယ်ဗျာ။ မိဘ တွေ မကိုင်တွယ်တတ်လို့ပါ။ ဒီလိုနဲ့ပဲ အောင်သွားကြတဲ့ ကလေးတွေ နှစ်စဉ် မနည်းဘူး။ တချို့ဆို တက္ကသိုလ်ကျောင်းသူကျောင်းသားကြီးတွေ ဖြစ်တဲ့အထိ မိဘအဝတ်အစားလျှော်တဲ့ ကုသိုလ်စွမ်းအားကို သိနေကြပြီမို့ လျှော်ကြတုန်းပဲ”

“ပီတိဖြစ်စရာနော် ဆရာ”



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ဒါတောင် တစ်ရာမှာ တစ်ယောက်လောက်က မသိမသာ သွေးတိုးစမ်းချင်သေးတယ်။ မိဘ အဝတ်အစားလျှော်တာနဲ့ စာမေးပွဲ အောင်တာနဲ့ ဘာဆိုင်လဲတဲ့။ စာမေးပွဲ ဆိုတာ ကျက်နိုင်မှ အောင်မှာတဲ့။ စက္ကူနှစ်ကွင်းအလင်းမရရှာတဲ့ မိဘနှစ်ပါးကို လုပ်ကျွေးပြုစုတဲ့ ဘုရားအလောင်းတော် သုဝဏ္ဏသာမ ဇာတ်တော်ကြီးကို ခင်ဗျား ကြားဖူးလား ဆိုတော့ ကြားဖူးပါတယ်တဲ့။ သင့်နေတဲ့ မြားဆိပ်တောင် လျှောကျပြီး အသက်ရှင်ရတာရော သိလားဆိုတော့ သိပါတယ်တဲ့။ ကျုပ်တို့ ဗုဒ္ဓဘာသာမှာ ဘုရားရှင်နဲ့မခြား တစ်ဂိုဏ်းတည်း ပြတော်မူတဲ့ ကျေးဇူးရှင် မိဘနှစ်ပါးရဲ့ ဝတ္တရားကို ပြုစုခြင်း၊ ဆောင်ရွက်ခြင်းဟာ အနန္တော အနန္တ ငါးပါးရဲ့ အရိပ်ကို ခိုခြင်း၊ မေတ္တာရေကို ခံယူခြင်းပဲ၊ ဒါ အမြင့်ဆုံး ကုသိုလ်တွေပဲ။ ခင်ဗျားယုံရင် ခင်ဗျားသားကိုခိုင်း၊ မယုံရင် မခိုင်းနဲ့၊ ဒါပဲလို့ ပြောလွှတ်လိုက်ရတယ်။ နောက်တော့လည်း ခိုင်းတာပဲ မခိုင်းတာလည်း မဟုတ်ဘူး။ အခု အဲဒီ ကလေးပဲ ဆယ်တန်းအောင်ပြီးလို့ တက္ကသိုလ် တတိယနှစ် ဖြစ်နေပြီ"

"ကြံဖန် ဆင်ခြေဆင်လက် ပြောလိုက်ချင်သေးတယ် လူတွေဟာ"

မျက်ခုံးကြီး ရှုံ့ပြီး ခပ်မာမာ ပြောလိုက်သော ဆရာအုန်း၏ အမူအရာကြောင့် ကျွန်ုပ် အနည်းငယ် ရယ်ချင်သွားမိ၏။ ဆရာအုန်းသည် လက်ကိုင်ပဝါအဖြူလေးကို ဖြန့်၍ မျက်နှာ ထပ်သုတ်လိုက်ပြီး. . .

"ဆရာ သူတို့ကို ခိုင်းတာတွေဟာ ရိုးရိုးလေးမှ တကယ့် ရိုးရိုးလေးတွေ"

"အရိုးဆုံးဟာ အကောင်းဆုံးပါပဲ ဆရာအုန်းရယ်၊ ဆန်းတာကွန့်တာတွေဟာ ကောက်ရိုးမီးပါ။ အရိုးဆုံးဟာ အကောင်းဆုံးဆိုလို့ တော်တော်လေး ခင်တဲ့ ဇနီးမောင်နှံနှစ်ဦးအကြောင်း သတိရလို့ ပြောပြဦးမယ်။ သူတို့ဟာ မိဘခြေရင်းမှာနေကြတဲ့ သူတွေနော်။ စီးပွားလည်း ဖြစ်တယ်။ အလုပ်အကိုင်တွေလည်း အဆင်ပြေတယ်။ ဒီလိုနဲ့ နေလာကြရင်း နှစ်နည်းနည်းလေး ကြာလာတော့ စီးပွားရေး တအားဖြစ်လို့ သူတို့နေတဲ့ အိမ်လေးကို ပြင်ဆောက်တယ်။ အိမ်သစ်ပေါ့"

"မိဘတွေအိမ်ကိုကျတော့ သူတို့ ပြင်မဆောက်ပေးဘူးလား ဆရာ"

"မိဘတွေအိမ်က အရမ်းကောင်းတယ်။ ပြင်ဆောက်စရာ မလိုဘူး ဆရာအုန်းရဲ့။ သူတို့ကသာ မိဘခြေရင်းမှာ အိမ်သေးသေးလေးနဲ့ နေကြတာ"

"သြော် . . . "

"အဲဒီလိုနဲ့ အိမ်သစ်လည်း ဆောက်ပြီးရော စီးပွား တဖြည်းဖြည်း လျှောလာပါလေရော"

"ဟာ ဘာဖြစ်လို့"

"သူတို့ အသစ်ဆောက်တဲ့အိမ်က နဂိုမူလ မိဘအိမ်ထက် မြင့်သွားတာကိုး။ အိမ်ကြီးကလည်း ကောင်းလိုက်တာ ဟည်းနေတာပဲ။ မိဘ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ ခေါင်းရင်းမှာတော့ မှန်တယ်၊ ခပ်ကုပ်ကုပ်လေး ဖြစ်သွားတယ်။ သူတို့ ဇနီးမောင်နှံက တော်တော်လေးခင်တော့ သူတို့ ချမ်းသာတာကို လူတွေက မနာလိုလို့ အောက်လမ်းနဲ့ တိုက်တယ်၊ ဘာညာဆိုပြီး ကျွန်တော့်ကို လာပြောတယ်။ လူပေါင်းစုံက ပြောကြတယ် ဆိုပဲ။ ကျွန်တော်လည်း သူတို့ရဲ့ ဖြစ်စဉ်တွေကို စိတ်ဝင်စားတာနဲ့ စစ်စစ်ပေါက်ပေါက် မေးကြည့်ပြီး သိချင်တာနဲ့ သွားလိုက်ကြည့် ဖြစ်လိုက်တယ်။ သူတို့အိမ်နဲ့ သူတို့မိဘ အိမ် နှစ်အိမ်ပုံစံက ရုတ်တရက် ကြည့်လိုက်ရင် မြင်းလှည်းတစ်စီးရပ်ထား သလိုပဲ ဆရာအုန်းသိလား"

"ဘယ်လို ဆရာ၊ ဘယ်လို မြင်းလှည်းပုံလဲ"

"သူတို့အိမ်က မြင့်ပြီး လှည်းအိမ်လိုဖြစ်၊ သူတို့ မိဘအိမ်က ခပ်ရှည်ရှည်လေးနဲ့ အုတ်ဖိနပ်တိုင်တွေ ပေါ်နေတော့ မြင်းလှည်းရပ်နေ သလို ဖြစ်နေတာကိုး၊ သွားပြီပေါ့။ မိဘကို လှည်းဆွဲခိုင်းသလို ပုံစံမျိုး ပေါက်သွားတော့ ခမြာများ ထိတော့တာပေါ့။ ဒါ သူတို့ သိသိနဲ့လုပ်တာ မဟုတ်မှန်း ကျွန်တော် သိတယ်လေ၊ ဒါကြောင့် ကဲ မင်းတို့ အိမ်နဲ့ မိဘ အိမ်ကြားမှာ ရောင်စုံပွင့်တဲ့ ပန်းရုံကြီးတွေ စိုက်ပေတော့လို့ ပြောလိုက် တယ်။ သူတို့ကလည်း စက္ကူပန်းရုံတွေ အားချင်းစိုက်ကြတယ်။ ရောင်စုံကိုး။ အဲဒီ စက္ကူပန်းပင်တွေ လူတစ်ရပ်ကျော်တော့မှ၊ ပွင့်လာတော့မှ၊ စီးပွား ပြန်တက်လာတော့တယ် ဆရာအုန်းရေ"

"မှတ်ထားသင့်တဲ့ အစီအရင်တွေပါပဲ ဆရာ၊ ကျွန်တော် မှတ် "

ပါးစပ်ကပြောပြီး လက်က ဒေါင်လိုက်စင်းလွယ်အိတ်ကြီးဆီသို့ လှမ်းခါနီး ဟန်အပြု . . .

"ခင်ဗျားဗျာ ဒါလေး ပြောတာများ ဒိုင်ယာရီထဲ ထည့်ချင်သေး တယ်။ မမှတ်နဲ့၊ ဒီတိုင်းနားထောင်"

"ဟုတ်ကဲ့"

"ဒါတောင်နော် စက္ကူပန်းပင်လေးတွေ ခပ်ပုပုနဲ့ ပွင့်နေတုန်းက မထူးခြားသေးဘူး။ လူတစ်ရပ်ကျော်သွားတော့မှ ထူးခြားတာ၊ ခုဆို စက္ကူပန်းရုံကြီး အကြီးကြီးပဲ။ အိမ်နှစ်လုံးကြားမှာ ဝေဆာပြီး ရောင်စုံကို ပွင့်နေတော့တာပဲ။ ဟို ဇနီးမောင်နှံလည်း စီးပွားအထိုင်ကျပြီး ပြုံးလို့ ရွှင်လို့၊ ခေါင်းရင်းက မိဘနှစ်ပါးကိုလည်း ဆထက်ထမ်းပိုး ပြုစုကျွေးမွေး လို့ စောင့်ရှောက်လို့"

"တကယ့်ကို ပီတိဖြစ်စရာပဲ ဆရာရယ်"

"ဘယ် ဆရာအုန်းနှယ် အဲဒီလိုမျိုး ပန်းရောင်စုံပင်စိုက်ပြီး ကယ်ခဲ့ ရတဲ့ လူပေါင်းကို နည်းမှမနည်းတာ။ ဒါပေမယ့် အဲဒီလို လူတိုင်းကို မိဘ ခြေသည်းကတော့ မဖြစ်မနေ အဆောင်ခိုင်းလိုက်တယ်။ ဒါကတော့ မဖြစ်မနေဘဲ"

"ဆောင်သင့်ပါတယ် ဆရာရယ် မိဘခြေသည်းက"



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ကျတော့ မျက်နှာချင်းဆိုင်ဗျ၊ မိဘအိမ်နဲ့ သူ့အိမ်နဲ့ မျက်နှာချင်းဆိုင်၊ သိပ်လိမ္မာတဲ့လူ၊ မိဘကို အမြဲလုပ်ကျွေးတဲ့လူ၊ စီးပွား ဖြစ်လာလို့ အိမ်ထောင်ကျတော့လည်း မိဘနဲ့ ဝေးဝေး ပြောင်းမသွားဘူး။ မိဘ မျက်စိရှေ့က မြေကွက်ပဲဝယ်၊ မိဘ မျက်စိရှေ့မှာပဲ နေတယ်။ ဒါပေမယ့် အိမ်သစ်လည်း ဆောက်ပြီးရော အဲဒီလူ အိပ်ရာထဲ ဗုန်းဗုန်းလဲ တော့တာပဲ။ ချူချာတော့တာပဲ။ တော်ကြာ ဟိုရောဂါဖြစ်လိုက်၊ တော်ကြာ ဒီရောဂါဖြစ်လိုက်နဲ့ ဘာဖြစ်လို့ဖြစ်မှန်းကို မသိဘူး။ ကုန်လိုက်တဲ့ ငွေတွေ လည်း သောက်သောက်လဲပဲ။ ဘယ်လိုမှ အဖတ်ဆယ်လို့ မရဘူး။ ကျွန်တော့် ဆီရောက်လာပြီး ထုံးစံအတိုင်း ပြောကြတာပေါ့ဗျာ။ သိုက်မြေ မလွတ်ဘူးလို့ ဘယ်ဆရာက ပြောတာတို့၊ သူများတိုက်ထားတာတို့၊ ကျွန်တော်ကတော့ ရှင်းတယ်။ အဲဒါတွေ ကျွန်တော် မသိဘူး။ ကျွန်တော် သိချင်တာကိုပဲ ရိုးရိုးမေးကြည့်လိုက်တယ်။ သူ့ဖြစ်စဉ်ကို နားထောင်လိုက် တယ်။ အဲဒီတော့မှ အဖြေက ပေါ်လာတယ်။ သူ့အိမ်က ခေါင်ကန့်လန့် ဆောက်ပြီး မြင့်လိုက်တော့ မိဘကို တံစို့ထိုးသလို တည့်တည့်ကြီး ဖြစ်သွား တာကိုး"

"ဟာ ဆောက်ပုံ ဆောက်နည်းကလည်း . . . "

"အင်း ဒီလိုသွားပြောလို့ကတော့ မရတော့ဘူး ဆရာအုန်း၊ ဆောက် ချင်တဲ့ပုံစံ ဆောက်နေကြတာဗျ။ အလှအပ မက်ကြတာနဲ့ ခေတ်ဆန်ဆန် ဖြစ်ချင်ကြတာနဲ့ဆိုတော့ မဆောက်ကောင်းတာတို့ ဘာတို့ သွားပြောလို့ မရတော့ဘူး။ အဲဒီလူကလည်း ခုနလူတွေလိုပဲ သားလိမ္မာဗျ။ သိသိနဲ့ ဆောက်တာမဟုတ်ဘူး။ ဒါကြောင့် ခင်ဗျားအိမ် ရှေ့မှာ ရေအိုးစင်ကြီးကြီး တည်လိုက်လို့ အကြံပေးလိုက်ရတယ်။ ရေအိုး အနည်းဆုံး ငါးလုံးလောက် တင်လို့ရတဲ့ ရေအိုးစင်ကြီး တည်ခိုင်းလိုက်ရတယ်။ ပြီးတော့ ခင်ဗျား မိဘအိမ်ရှေ့မှာ ရောင်စုံပန်းပင်တွေ စိုက်ဆိုပြီး ခိုင်းလိုက်ရတယ်။ ခုန ပြောသလို စက္ကူပန်းရောင်စုံတို့ ဘာတို့ပေါ့ဗျာ"

"အဲဒါရော သူ့မိဘအိမ်ရှေ့မှာ ရေအိုးစင်တည်လို့ကော၊ မရနိုင် ဘူးလား"

"ရတာပေါ့ ဆရာအုန်းရဲ့၊ သူ့ မိဘအိမ်ရှေ့မှာ တည်လည်းရ တာပဲ။ ဒါပေမယ့် သူက ရောဂါဝေဒနာသည် ဘဝ ရောက်နေတာကိုး၊ သူ့မိဘက ဘာမှ မဖြစ်ဘူး။ ဒါကြောင့် ရေကုသိုလ်ပါ ပြုစေချင်တဲ့ သဘောနဲ့"

"ဩော် . . . သဘောပေါက်သွားပြီ ဆရာ၊ သဘောပေါက်ပြီ"

"အဲဒီလို ရေကုသိုလ်ပြုတဲ့ ရေအိုးစင်ကြီး တည်လိုက်တော့ တဖြည်းဖြည်းနဲ့ နေကောင်းသွားရော၊ လူဟာ ကျန်းမာမှ ချမ်းသာအောင် အလုပ်လုပ်နိုင်မှာဗျ ဆရာအုန်းရဲ့"

"ဟုတ်တာပေါ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာအုန်း၏မျက်နှာမှာ ပြုံးနေ၏။ ကျွန်ုပ်၏ အရိုးစင်းဆုံး အစီအရင်များကို အလွန် သဘောကျ နှစ်ခြိုက်နေဟန်ရှိ၏။

"အင်းပေါ့လေ၊ ပြုပြင်လို့ရတဲ့ အခြေအနေကြောင့် ပြုပြင်လို့ရတာမျိုးတွေကို အများကြီး ပြုပြင်ပေးခဲ့ရသူဆိုတော့ ကျွန်တော့်ရင်ထဲမှာ ဘာနဲ့မှမလဲနိုင်တဲ့ ပီတိတွေ၊ ငွေနဲ့မလဲနိုင်တဲ့ ပီတိတွေ အများကြီးပဲ မကြာခဏ ကြုံရလေ့ ရှိပါတယ် ဆရာအုန်းရယ်၊ အမှန်က ဒီပညာခန်းတွေဟာ ကျွန်တော် ပညာစသင်ခါစ ကလေးအရွယ်တုန်းကတည်းက ကျွန်တော့်ဆရာ လက်တွေ့ပြခဲ့တဲ့ ပညာခန်းတွေပါ။ ကျွန်တော် ထွင်လို့ရတာ မဟုတ်ပါဘူး။ ဉာဏ်ရှိသလို ချဲ့ထွင်ပြီး စီရင်တာပဲ ရှိပါတယ်။ ဆရာဟာ သူ့ဆီလာတဲ့ သူတွေကို စီရင်တဲ့အခါ အခု ကျွန်တော် စီရင်သလိုပဲ ဘာမှ ကြီးကြီးကျယ်ကျယ် မလုပ်ရဘဲနဲ့ ပြီးသွားတာတွေ များတယ်။ ကျွန်တော် မှတ်မိသလောက် တစ်ခါကဗျာ အိမ်တစ်အိမ်ဟာ အတိုက်အခံတွေ များလွန်းလို့ သူ့ဆီရောက်လာတာ ဝါးတံလေးတစ်ခုနဲ့ မြားတံပုံစံလုပ်ပြီး အိမ်ရှေ့မှာ ဆွဲထားခိုင်းလိုက်တာနဲ့ အဲဒီ အတိုက်အခံတွေ ဘယ်ရောက်ကုန်သွားမှန်း မသိသလောက်ဘဲ။ တစ်ခါတလေ မှန်တစ်ချပ်ကပ်ခိုင်းထားတာရှိတယ်။ အဲဒီ မှန်ကပ်တာတို့ မှန်ချိတ်တာတို့ဟာ ရောင်ပြန်သွားတယ်ဆိုပြီး ဟိုးတုန်းကတည်းက သင်ပေးခဲ့တာ၊ ကျွန်တော်ကတော့ ကျွန်တော်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေမှန်သမျှ အိမ်ရှေ့အဝင်အထွက်မှာ မှန်ကပ်ခိုင်းတာများတယ်။ ဆရာ သင်ပေးထားတဲ့အတိုင်းပဲ။ အတိုက်အခံတွေ ထူးထူးဆန်းဆန်း ရှင်းကုန်တယ် ဆရာအုန်းရေ၊ တစ်ခါကလည်း အရောင်းအဝယ် အတော်အနေတဲ့ ဆိုင်ရှေ့မှာ စက္ကူကို စွန်လုပ်ပြီး ဆွဲပေးလိုက်တာနဲ့ အုတ်အော်သောင်းတင်း ရောင်းလိုက်ရတာဗျာ"

"သိပ်ထိရောက်တာပဲနော် ဆရာ၊ လွယ်လွယ် ရိုးရိုးရှင်းရှင်း လေးနဲ့ကို ထိရောက်တာ"

"ဒါပေမယ့် ဘာကြောင့် ဒီလို ထားရတယ် ဆိုတာမျိုးကတော့ ဆရာ ရှင်းမပြတုန်းက မသိခဲ့ဘူး။ ဆရာ ရှင်းပြ၊ သင်ပြတော့မှ ကိုယ်ထင်ထားတာတွေနဲ့ တလွဲဖြစ်နေပါလားဆိုတာ သိရတော့တယ်။ ဥပမာဗျာ ရန်ဖြစ်လွန်းအားကြီးတဲ့ တနင်္ဂနွေသား အိမ်ထောင်ဦးစီးအိမ် ဆိုရင် ခြေရင်းမှာ စာကလေးတွေ စားဖို့ စပါးတွဲ ချိတ်ခိုင်းလိုက်တာနဲ့ အားလုံး အေးချမ်းသွားတယ်။ ခင်ဗျား ဘယ်လိုတွေးမလဲ၊ ကဲ . . . "

"ကျွန်တော် တွေးရင် အိမ်ထောင်ဦးစီးနံ တနင်္ဂနွေနဲ့ စာကလေးနဲ့ ရန်တော်တဲ့ ဦးညို (၁-၃) ကိုပဲ"

"အဲ ဟုတ်တယ်၊ ကျွန်တော်လည်း ဆရာအုန်းလိုပဲ ဦးညိုပဲ တွေးခဲ့တယ်။ အစွပ်အစွဲ အပြောအဆို ရန်ဂြိုဟ်ဆိုပြီး အင်္ဂါကိုတောင် လျှောက်တွေးခဲ့သေးတယ်။ ဒါပေမယ့် ဆရာ ရှင်းပြတော့ အဲဒါတွေ မဟုတ်ဘူးဗျ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ပြောတာပေါ့၊ တကယ်တမ်း စဉ်းစားကြည့်မှ သိနိုင်တဲ့ မိဘနဲ့သားသမီးရဲ့ အနေမှား၊ အထိုင်မှားတွေကို အခု ဆရာအုန်း သိမသွားဘူးလား"

"ဟုတ်ကဲ့"

"သိသွားရင် အနာသိပြီဆိုမှ ဆေး ရှိပြီပေါ့။ ဟုတ်တယ်မို့လား။ တော်ကြာ ကျွန်တော်တို့ ကျွန်မတို့ ဒါလောက် ကောင်းတာတွေ လုပ်နေပါရက်သားနဲ့ ဒါလောက် ရွတ်နေ၊ ဖတ်နေ၊ ပုတီးစိပ်နေပါရက်သားနဲ့၊ ဒါလောက် လှူနေ၊ တန်းနေပါရက်သားနဲ့ ဘာဖြစ်လို့ ဒုက္ခတွေ ရောက်နေရလဲ မသိဘူးဆိုတဲ့ အဖြေရှာရခက်တဲ့ မေးခွန်းတွေကို ဆရာအုန်း မဖြေနိုင်ဖြစ်နေဦးမယ်။ ခုတော့ ချိန်ဆလို့ရပြီ။ ဒါပေမယ့်နော် ဘယ်လိုမှ ကယ်မရတဲ့လူစားတွေ ရှိနေတာကိုလည်း မမေ့နဲ့ဦး"

"ဟင် ရှိသေးလား ဆရာ"

"သိပ်ရှိတာပေါ့၊ ကျွန်တော့်ဆီကို လာကြတဲ့ သူတွေထဲမှာ ဘယ်လိုမှ ကယ်မရတဲ့လူတွေအကြောင်း ပြောပြောသွားကြတာ အများကြီးပဲ။ ခင်ဗျား နားရှုပ်သွားနိုင်တယ်။ ဒီလို အမွေကိစ္စတွေ လာကြတယ် ဆိုပါတော့ဗျာ။ မိဘပိုင်တဲ့ တိုက်ကြီးတို့၊ တိုက်ခန်းကြီးတို့ကို မိဘတွေ မဆုံးခင် မရရအောင် အမွေခွဲခိုင်းတဲ့ သားသမီးတွေလိုမျိုးပေါ့။

မိဘရဲ့ လက်ငုတ်လက်ရင်းကို ကြီးပွားချမ်းသာတိုးတက်လာအောင် ဆောင်ရွက်မယ်မှ မရှိဘဲ။ မိဘ မဆုံးခင်ကတည်းက အမွေကို မျက်စပစ်နေတဲ့ လူမျိုးတွေဟာ ထိလိုက်ရင် ပိုးစိုးပက်စက်ပဲ။ ကျလိုက်ရင် တအိအိတောင် မဟုတ်ဘူး၊ ဗုန်းခနဲပဲ။ စဉ်းစားကြည့်လေ သူတို့ကို ဒီအသက်အရွယ်ရောက်အောင် မွေးကျွေးလာတဲ့ မိဘရဲ့ရင်ထဲမှာ ဘယ်လို ခံစားရမလဲ စဉ်းစားကြည့်၊ လောဘမီးတွေ တောက်လောင်ပြီး လက်ရှိ သက်ရှိထင်ရှား ရှိနေရှာတဲ့ သက်ကြီးရွယ်အို မိဘကြီးတွေကိုတောင် မငဲ့မညှာမရိုသေ မလေးစားဘဲ မိုက်ရိုင်းတဲ့ သားဆိုးသမီးဆိုးမျိုးတွေကိုတော့ ဘာနဲ့မှ သွားမကယ်နဲ့၊ မရဘူး။ ကယ်တဲ့လူပါ နာမည်ပျက်သွားတယ်။ တချို့များဗျာ၊ ဆိုးလိုက်သမှ မိဘတွေခမြာ အသက်အရွယ်ကြီးမှ ဟိုသားသမီးနဲ့ ကပ်နေရမလိုလို၊ ဒီသားသမီးနဲ့ ကပ်နေရမလိုလို၊ အခြေအနေကို ပျက်နေတာပဲ။ သားသမီးတွေ ကြည့်လိုက်တော့ ချမ်းသာကြီးပွား ကောင်းစားနေလိုက်ကြတာ ကိုယ့်အိမ်နဲ့ကိုယ်၊ ကိုယ့်အားနဲ့ကိုယ်၊ မိဘနှစ်ပါးကတော့ ဟိုမှာ ငှားနေရမလိုလို၊ ဒီမှာ ငှားနေရမလိုလိုနဲ့ တကယ် ရင်နာဖို့ ကောင်းတယ်ဗျာ။ ဟိုးရှေးရှေးတုန်းက မဟုတ်ဘူးနော်၊ အခုလက်ရှိ၊ အခုကို အဲသလို ကြုံနေရရှာတဲ့ မိဘနှစ်ပါးနဲ့ သူတို့က မွေးထုတ်ပေးလိုက်တဲ့ သူဌေးတွေ၊ ရန်ကုန်မှာတင် ရှိနေပါရဲ့၊ ဒါကြောင့် လက်ရှိ ချမ်းသာကြီးပွားတော့နေပါရဲ့၊ ကျန်းမာရေး ချူချာထိခိုက်ပြီး လူနဲ့ဆေးနဲ့ မပြတ်ရတာတွေ၊ သားသမီးအပူ တွေ့ရတာတွေ၊ လူမှုရေးအပူ တွေ့ရတာတွေနဲ့ ငွေပုံပြီး



www.burmeseclassic.com

www.burmeseclassic.com



တွေပေါ်မှာထိုင်ပြီး သောကဝေဒနာတွေ ခံစားနေရတယ်ဆိုတာ အဲဒါတွေ များလား၊ တွေးကြည့်မိတာပါ”

“ဟုတ်ကဲ့”

“ဒါကြောင့် မိဘရှိရက်နဲ့ မိဘမျက်နှာကို မထောက်ညှာဘဲ မိဘ ဘယ်လို နေနေဆိုတဲ့ စိတ်ဓာတ်ဆိုးတွေနဲ့ အိမ်ရောင်းမယ်၊ အမွေခွဲမယ် ဆိုတဲ့ သားဆိုးသမီးဆိုးမျိုးတွေ၊ မိဘကို ငဲ့မကြည့်တဲ့ သားသမီးမျိုးတွေကို ဆရာအုန်း ရှောင်ပေတော့၊ ဘာလုပ်ပေးပေး အောင်မြင်မှာလည်း မဟုတ်ဘူး”

ကျွန်ုပ်၏ စကားများသည် ဆရာအုန်းအတွက် ဘာဖြစ်သွားပြန် သည်မသိ၊ မျက်ခုံးကြီးနှစ်ဖက် ရှုံ့မဲ့၍ ဒေါင်လိုက်စင်းလွယ်အိတ်ကြီးကို အသာလှမ်းယူလိုက်ပြီး အထဲမှ ကွမ်းဘူးကို နှိုက်နေတော့၏။

“ကဲ. . . ကဲ ကွမ်းဘူးနှိုက်မနေနဲ့တော့၊ ထမင်းစားချိန်ပဲ ကပ်နေပြီ၊ ထမင်းမစားခင် အပြင်လေးဘာလေး ထွက်ပြီး အညောင်းပြေအညာပြေ လေး လျှောက်လိုက်ကြရအောင် . . . ထ . . . ”

“ဆရာကတော့ နားထောင်ကောင်းပြီ ဆိုရင် လုပ်ပြီ”

❖ ❖ ❖

(သုရှုမဂ္ဂဇင်း၊ အတွဲ (၁)၊ အမှတ် ၁၇)



www.burmeseclassic.com

www.burmeseclassic.com

## ပညာနယ်မှ အမှတ်မထင်ကလေးများ

ပညာရှင်များ၊ အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဗေဒင်ဆရာများ စသည် စသည် နေ့စဉ်နှင့်အမျှ လူပရိသတ်ပေါင်း များစွာနှင့် ထိတွေ့ ဆက်ဆံနေရသူများ၌ အမှတ်မထင် အမောပြေ ရယ်ရမောရသည်လေးများ မပြုံးဘဲနှင့် ဝါးလုံးကွဲရယ်ရမောရသည်များ၊ တစိမ့်စိမ့်တွေး၍ တသိမ့်သိမ့် ရယ်ရမောရသည်လေးများ မကြာခဏ ဆိုသလို ကြုံကြရလေ့ရှိ၏။

ဤသို့ ကြုံရသည်လေးများမှာ ပညာရပ်များကြားထဲမှ ဟာသများဖြစ်၍ အပျင်းလည်းပြေ၊ ဗဟုသုတလည်းရ၊ ပညာလည်းရစေချင်လွန်းသော ရသစုံ ပေးချင်သည့် မေတ္တာ စေတနာ ဆန္ဒများစွာ ဖြစ်ပေါ်မိခဲ့ပါသည်။

ထို စေတနာဆန္ဒများစွာနှင့် . . .

ကျေးဇူးကြီးမားသော သူရဇ္ဇမဂ္ဂဇင်း ပရိသတ်ကြီးအတွက် "ပညာနယ်မှ အမှတ်မထင်လေးများ" ကို တင်ဆက်လိုက်ရခြင်း ဖြစ်ပါကြောင်း။

ထွက်လေဗုဒ္ဓေါ ဝင်လေအရဟံ

တစ်ခါသော် . . .

ကျွန်ုပ်ထံသို့ ယခင်ကတည်းက ရင်းနှီးနေသည့် အလွန် ရိုးသားသောတိုင်းရင်းသူ အဒေါ်ကြီးတစ်ဦး လာလည်၏။ ထိုအဒေါ်ကြီးသည် ဘာသာတရား အလွန် ကိုင်းရှိုင်း၏။ တရား အလွန်နာ၏။ သို့သော် စာမတတ်ရှာ။

"သားဆရာရယ်၊ ခုတလော ကံတွေနိမ့်နေလား မသိပါဘူး၊ ဘာလုပ်လုပ် ဘာပြောပြော အကောင်းမထင်ကြဘူး၊ ဒီတော့ . . . ငါ ပုတီးစိပ်ချင်တယ်၊ ပုတီးကို ဘာစိပ်ရမှန်းမသိဘဲ ဟိုရောက် ဒီရောက်ဖြစ်နေလို့၊ အဲဒါ သားဆရာ ငါ့ကို ပုတီးစိပ် တစ်ခုခု ပေးစမ်း"

"ရတယ်လေ အဒေါ်၊ အဒေါ်က နဂိုကတည်းက တရားနာထားခဲ့

www.burmeseclassic.com



ဓာတ်ခံကောင်းနေတော့ အာနာပါနနဲ့ယှဉ်တဲ့ ပုတီးစိပ်နည်းပဲ ပေးလိုက် မယ်၊ အရမ်း ထိရောက်တယ်၊ အောင်မြင်တယ်၊ စိတ်လည်း အရမ်းငြိမ် တယ်၊ အသက်ကို ဒီတိုင်း ရှူတာမဟုတ်ဘဲ ဂုဏ်တော်နဲ့ ရှူတဲ့သဘော"

"အေး၊ ငါလုပ်မယ်လေ"

"ဒါဖြင့် ပုတီးကို ဒီလိုကိုင်ထားပြီး နှာခေါင်းဝလေးမှာ လေတိုးတာ ကိုမှတ်၊ လေလေးဝင်ရင် အရဟံ၊ လေလေးထွက်ရင် ဗုဒ္ဓေါလို့ မှတ်ပြီးစိပ်၊ သဘောကတော့ ဝင်လေအရဟံ၊ ထွက်လေဗုဒ္ဓေါပဲ။ အဒေါ် ရှင်းလား"

"အေး၊ ရှင်းတယ်"

"ကဲ ဒါဖြင့်၊ အဒေါ် တစ်လလောက် စိပ်ကြည့်၊ အဒေါ်ရဲ့ တည်ငြိမ်အောင်မြင်မှုတွေကို ကျွန်တော် လာကြည့်မယ်"

(တစ်လကျော်ရုံလေး)

"မောင်မောင်သန်း စိပ်ခိုင်းတဲ့အတိုင်း စိပ်တာ၊ ဘာမှတော့ သိပ်မထူးဘူး၊ ပါးစပ်ညောင်းတာက များနေတယ်"

"ဗျာ"

"ဟုတ်တယ်၊ စိပ်တော့ စိပ်နေတာပဲ။ တစ်နေ့ ကိုးပတ်၊ ပါးစပ် ညောင်းလို့"

"စိပ်စမ်းပါဦး အဒေါ်ရဲ့ ပါးစပ်က ဘာလို့ ညောင်းရမှာလဲ"

အဒေါ်ကြီးသည် ဘုရားဆောင်မှ စိပ်ပုတီးကို ယူ၍ ဟန်ပါပါ ထိုင်လိုက်ပြီး ပါးစပ်မှ 'ထွက်လေဗုဒ္ဓေါ၊ ဝင်လေ အရဟံ၊ ထွက်လေဗုဒ္ဓေါ၊ ဝင်လေအရဟံ' ဟု ခပ်ကျယ်ကျယ် ရွတ်ရင်း တရစပ် စိပ်ပြပါတော့ သတည်း။

* * *

ကြောလှည့်ရေး

တစ်နေ့. . .

"ကလေး နာမည်ပေးချင်လို့ပါ ဆရာ"

"ခင်ဗျားကြည့်ရတာ ကလေးနဲ့ ဘာတော်လဲ"

ထိုပုဂ္ဂိုလ်၏ ပုံသဏ္ဌာန်မှာ နားအနည်းငယ် လေးဟန်ရှိပြီး မျက်နှာမှာ လေထိထားသလားမသိ၊ စပ်ဖြဲဖြဲ ပေါတောတောဟန် ထွက်နေ၏။

"ကျွန်တော်က ကလေးရဲ့ဘကြီးပါ။ ကျွန်တော်ပြီးရင် ပြီးပါတယ်"

ကျွန်ုပ်သည် သူ၏ ဂဏ္ဍာမငြိမ်ဟန်အား တစ်ချက် အကဲခတ် လိုက်ပြီး. . .

"ဩော် ဒီလိုလား၊ ဒါဖြင့်လည်း ရေးပေးလိုက်မယ်"

ရေးစရာရှိသည်များကိုရေးပေးလိုက်ပြီးထိုပုဂ္ဂိုလ်လက်ထဲသို့စာရွက်ထည့်၍. . .

"ကဲ . . . ဖတ်ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"အပာမ်း၊ ကလေးသည်တဲ့ လဆန်း (၁၁) ရက်နေ့တဲ့ . . . "

"ဟ ဟ၊ မအော်နဲ့လေ၊ စိတ်ထဲက ဖတ်ခိုင်းတာ"

"သြော် . . . မသိလို့ ဆရာ"

"အဲဒီ စာရွက်ယူသွား၊ ကလေးရဲ့ အဖေနဲ့အမေကိုပြ၊ ပြီးရင် ကြိုက်တဲ့နာမည်ကို နောက်ကျောဘက်မှာ ရေးလာခဲ့၊ မနက်ဖြန် လာပြ"

စာရွက်ကိုင်ရင်း နားထောင်နေသော ထိုပုဂ္ဂိုလ်အား လက်နှင့် ဝှေ့ယမ်း ဟန်ပြရင်း ပြောလိုက်၏။

"ဟုတ်ကဲ့ ဆရာ"

(နောက်နေ့)

မနေ့က ပုဂ္ဂိုလ် ပြန်ရောက်လာ၏။ ကလေးအဖေနှင့် အမေသာမက ကလေးပါ လိုက်လာ၏။ သူတို့၏ မျက်နှာမှာ ကျွန်ုပ်အား ထူးဆန်းစွာ ကြည့်နေကြကြောင်း၊ တစ်စုံတစ်ခု ထစ်ငေါ့နေကြောင်း ပေါ်လွင်နေ၏။ ကျွန်ုပ် အကဲခတ်နေစဉ် မနေ့က ကလေးဘကြီးသည် ထိုင်နေရာမှ ဇတ်ခနဲ နောက်ဘက်သို့ လှည့်လိုက်ပြီး 'ဒီမှာ ဆရာ' ဟု ဆို၍ အင်္ကျီလှန်ပြ၏။ ကျောကုန်းတွင် 'ဆော့ပင်' နှင့် မင်းအောင်ကျော် ဟု ရေးထားသော စာအား ပြ၏။

"ဟင်၊ ဒါက ဘာလုပ်တာလဲ"

"ဆရာပဲ နောက်ကျောဘက်မှာ ရေးခဲ့ဆိုလို့"

"ဟာ ခင်ဗျားဗျာ၊ ခင်ဗျားကို ပေးလိုက်တဲ့ စာရွက်က စာမျက်နှာ တစ်ဖက် ပြည့်သွားလို့၊ စာရွက်နောက်ကြောမှာ ရေးလာဖို့ ပြောတာဗျ"

"အင်းပါ၊ ဟုတ်မှာပါ၊ ဆရာခိုင်းတာ ဒီလို မဖြစ်နိုင်ပါဘူးလို့ သမီးတို့လည်း တွေးနေတာ၊ ဦးကြီးက ဘာပြောလဲဆိုတော့ ဆရာ ဓာတ် တစ်ခုခု ဆင်လိုက်တာဖြစ်မယ်ဆိုပြီး ကျောကုန်းလှန်ပြီး ရေးခိုင်းတော့တာ ဆရာရဲ့"

* * *

နင့်ဒဏ် ငါခံ

ကျွန်ုပ်နှင့်ခင်သော အဘိုးကြီးတစ်ဦး ရှိ၏။

သူသည် အလွန်ပျော်တတ်သော အဘိုးကြီးတစ်ဦး ဖြစ်၏။ ယခုထိ ဘာသာတရား ဆို၍ ဥပုသ်နေ့ပင် မသိ။ ပျော်ပျော်နေလေ့ရှိ၏။ ကျွန်ုပ်ကိုလည်း အလွန်ခင်၏။ ဘုရားစာရွတ်ခိုင်းလျှင် စကားမပြောတော့ဘဲ ပြန်သွားလေ့ရှိ၏။ စကားပြောလည်း အလွန်မြန်၍ လှုပ်ရှားသမျှလည်း အလွန် သွက်လက်၏။

တစ်နေ့ ထိုဦးလေးကြီးတွင် ပြဿနာတစ်ခု ပေါ်၏။ ထိုပြဿနာမှာ တစ်နေရာသို့ သွားရင်ဆိုင်ရမည့် ပြဿနာ ဖြစ်၏။

"ကဲ . . . ဦးလေး၊ မနက်ဖြန်ကျ ဟိုရောက်ရင် ဝင်းထဲဝင်တာနဲ့ တွေ့တဲ့ သစ်ပင်က သစ်ရွက်လေးတစ်ရွက်ကို 'ငါ့ ဒဏ် နင်ခံ' လို့ ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ထဲ ပြတ်အောင်ခူး၊ ပြီးရင် အင်္ကျီအိတ်ထဲထည့်၊ ဝင်သွား၊ ဦးလေးကိစ္စ ပြီးသွားလိမ့်မယ်"

(နောက်နေ့)

အိမ်ရှေ့သို့ ထိုးဆိုက်လိုက်သော ဆိုက်ကားပေါ်မှ ဆင်းလာသည့် ဦးလေးကြီးအား လှမ်းကြည့်လိုက်မိ၏။ ညာဘက်လက်တစ်ဖက် မြှောက်ရက်ကြီးနှင့် သစ်ရွက်လေးတစ်ရွက် ကိုင်ထား၏။ မျက်စိမျက်နှာပျက်နေပြီး မျက်နှာတစ်ခုလုံး ဖောချွေးကြီးများ ပြန်နေသောကြောင့် ဘယ်ဘက်လက်နှင့် လက်ကိုင်ပဝါကိုင်ပြီး သုတ်နေ၏။

"ဘယ်လို ဖြစ်လာတာလဲ"

"ဆရာ၊ ကျွန်တော် တစ်ချက်ထဲ ခူးလိုက်တာ 'နင့်ဒဏ်ငါခံ' ဟာ၊ သွားပြီ ဆိုပြီး အပြောမှားသွားလို့ အဲဒီ သစ်ရွက်ကို အင်္ကျီအိတ်ထဲလည်း မထည့်ရဲ၊ အောက်လည်း မချရဲဘဲ ဘာမှ ဆက်မလုပ်ရဲဘူး ဖြစ်နေလို့ ချက်ချင်း ဆိုက်ကားစီးပြီး ဆရာ့ဆီ ပြေးလာခဲ့တာ၊ လက်လည်း အောက်မချရဲဘူး"

"ဩော် . . . လွှင့်ပစ်လိုက်ပေါ့ဗျာ"

"အဲဒါ ဆရာရယ်၊ လက်ညောင်းလို့ ဘယ်ဘက်ပြောင်းကိုင်ရင် ကျွန်တော့်မှာ ဆိုက်ကားနင်းနေရင်း သူ့လက်ကြီး ကွယ်ကွယ်သွားလို့ ဖယ်ရတာ အမော"

✳ ✳ ✳

ဘုရားသုံးဆူ လှည့်ခြင်း

"ခင်ဗျားကိစ္စက တစ်နေ့ထဲ ဘုရားသုံးဆူ လှည့်ဖူးရင် ပြီးပါတယ်။ ဒါပေမယ့် မွန်းမလွဲရဘူး၊ ကိုးရက် လှည့်ရမယ်"

"ဟုတ်ကဲ့"

"ဒီလိုပဲပေါ့ဗျာ၊ ကျွန်တော်တို့လည်း ဘုရားသုံးဆူ အမိဋ္ဌာန်တွေ အများကြီး အောင်ခဲ့တာပဲ"

"ဘယ်ဘုရားတွေလဲ ဆရာ"

"ရွှေတိဂုံ၊ ရွှေမော်ဓော၊ ရွှေဘုန်းပွင့်ပေါ့ဗျာ၊ ရွှေသုံးရွှေ အမိဋ္ဌာန်ပေါ့"

ထိုသူသည် စကား အလွန် နည်း၏။ နည်းသည်မှ အတော့်ကို နည်း၏။ ကျွန်ုပ် ပြောသည်ကို နားထောင်ပြီး တစ်ခုခုကို နက်နက်နဲနဲ စဉ်းစားနေဟန် ရှိ၏။ ပြီးမှ ခေါင်းတညိတ်ညိတ် လုပ်နေ၏။

"သုံးဆူနော် ဆရာ"

"ဟုတ်တယ် သုံးဆူ၊ ကိုးရက်"

(ရက်ပေါင်း နှစ်ဆယ်ခန့်ကြာသော်)

"ဟင်၊ ခင်ဗျား ဟိုတလောက လာတဲ့သူမို့လား"

"ဟုတ်တယ်လေ ဆရာ"

"ဘယ်လိုဖြစ်သွားတာလဲ၊ ပိန်လိုက်တာမှဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အားပါးပါး၊ ဘုရားသုံးဆူလှည့်တဲ့ဒဏ်ပေါ့ဆရာ၊ ကိုးရက်မို့သာ"

"ဘုရားသုံးဆူလှည့်တာ ဒါ လောက်ကြီးပဲ"

"ဟာ ထိတာပေါ့ဆရာ"

"မနက် ငါးနာရီထ ရွှေတိဂုံဘုရားသွား၊ ခြောက်နာရီခွဲတော့ ဆင်မလိုက်အဝေးပြေးဂိတ်ကနေ ပဲခူးကားစီး၊ ရွှေမော်ဓောဘုရားပြေး၊ ပြီးရင် ရန်ကုန်ပြန် ကားစီးလာ၊ ရွှေဘုန်းပွင့်ပြေးနဲ့ မှီရုံလေးပဲ၊ ဆရာက မွန်းမလွဲရဘူးဆိုလို့"

"ဟာဗျာ၊ ခင်ဗျားနှယ်၊ ရန်ကုန်မှာပဲ ဘုရားသုံးဆူဖူးရင် ပြီးတဲ့ဥစ္စာ"

"ဆရာက ရွှေတိဂုံ၊ ရွှေမော်ဓော၊ ရွှေဘုန်းပွင့်ဆို"

"ဩော် . . . ခင်ဗျားနှယ်ဗျာ၊ အဲဒါက တစ်ဆူမှာ ကိုးရက်အဓိဋ္ဌာန်အောင်ခဲ့တာတွေကို ပြောပြတာဗျ၊ ရွှေသုံးရွှေအဓိဋ္ဌာန်တွေ၊ ခင်ဗျားကို လှည့်ခိုင်းတာ မဟုတ်ဘူး၊ ကျွန်တော် အဓိဋ္ဌာန်အောင်ခဲ့တာတွေ ပြောပြတာ၊ ခင်ဗျားဗျာ၊ သေချာအောင်မမေး ဘာမမေးနဲ့"

"ဗျာ မသိပါဘူး ဆရာရယ်၊ အကြောဆေးတောင် သွင်းယူရတယ်"

* * *

## သစ်သီးသုံးမျိုး

ဟိုဘက်ရပ်ကွက်တွင် ခပ်ထုံထုံ မိတ်ဆွေတစ်ဦး ရှိ၏။

သဘောကတော့ အလွန်ကောင်း၏။ နား မသိမသာ လေး၏။ ဘယ်က ပြန်လာသလဲဟု မေးလျှင် ဝမ်းသာတာပေါ့ ဆရာရယ်၊ မသာဘဲနေပါ့မလားဟု ဖြေတတ်၏။

တစ်နေ့-

"ကျွန်တော့်ဆိုင်လေး လာဘ်ရွှင်အောင် ဆရာလုပ်ပေးပါဦး"

"ခင်ဗျားဆိုင်လေး လာဘ်ရွှင်အောင် ဘုရားရှင်ကို သစ်သီးသုံးမျိုးကပ်ပေါ့ဗျာ၊ တစ်မျိုးကို တစ်လုံးပေါ့"

"ရတယ် ဆရာ၊ ကပ်မယ်၊ ဘာမှ အပန်းကြီးတာ မဟုတ်ဘူး"

လေးငါးရက်ကြာသော် သူ့ဇနီးနှင့်အတူ ရောက်လာ၏။

"ဆရာ၊ သစ်သီးသုံးမျိုး၊ သုံးလုံး ကပ်ခိုင်းတာ ဘယ်လို သစ်သီးမျိုးလဲ"

သူ့ဇနီး၏ အမေးကြောင့် . . .

"ဘာဖြစ်ဖြစ် ရပါတယ်"

"မဟုတ်ဘူးဆရာ၊ ဆရာ့တပည့် ကပ်ထားတာ စပျစ်သီးက တစ်လုံး၊ လိုင်ချီးသီးက တစ်လုံး၊ ကြက်မောက်သီးက တစ်လုံးဆိုတော့ အကြမ်းပန်းကန်လေးထဲမှာ ကလေးကစားသလိုလေး"

"သဒ္ဒါတရားဆိုတာ . . . ကြီးမားလေ . . . "

(နောက်ထပ် ငါးရက်ခန့်ကြာသော်)

"ဆရာ"



www.burmeseclassic.com

"ဟေ. . . ဘာဖြစ်လာကြပြန်တုံး"

"အိမ်လာကြည့်ပါဦး"

"ဟ၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လာကြပြန်လဲ"

ထို အမျိုးသမီးသည် ကျွန်ုပ်၏ အမေးကို မဖြေဘဲ၊ သူ့ယောက်ျား ဘက်သို့ လှည့်ကြည့်ရင်း အဓိပ္ပာယ်ပါပါ ကြည့်နေ၏။ ရှင်ပဲ ဖြေလိုက်တော့ ဟူသည့် သဘောဆောင်၏။ ထို့ကြောင့် ခပ်ထုံထုံ မိတ်ဆွေသည်-

"ဆရာက ကြီးမားလေ ကောင်းလေဆိုတော့ သိရိမင်္ဂလာဈေးက ဖရဲသီးရယ်၊ ပိန္နဲသီးတစ်လုံးရယ်၊ ဒူးရင်းသီးတစ်လုံးရယ်၊ အသီးသုံးမျိုးကို ပန်းကန်မဆန့်လို့ လင်ပန်းကြီးထဲထည့်ပြီး ကပ်ထားတယ်။ အသီးဝိတ်တွေကများတော့ ဘုရားစင် နည်းနည်းညွတ်လာတာကို ပြောနေတာ ဆရာ၊ ကျွန်တော်ကလည်း ဒေါက်ထောက်ပေးထားပါတယ်။ ဒီထက်ကြီးတဲ့ အသီးတွေတော့ မရှိကြတော့ဘူးဆရာ"

"ဟာ ခင်ဗျားနှယ် သဒ္ဒါတရား ကြီးမားတာကို ပြောတာဗျ"

❖ ❖ ❖

(ရှုမဝမဂ္ဂဇင်း အတွဲ (၀)၊ အမှတ် ၁၈)

www.burmeseclassic.com

## ပြုံးပျက်ခိုက်ခြင်း ကင်းပါစေ

ဒေါင်လိုက်စင်းလွယ်အိတ်ကြီး တကားကားနှင့် ခပ်သုတ်သုတ် အပြေးလေးလျှောက်လာသော မြင်ကွင်းကြောင့် ဆရာအုန်းမှန်း သိလိုက်ပြီး ရပ်စောင့်နေလိုက်၏။

"ဖြည်းဖြည်းလာပါ၊ တော်ကြာ မောနေရင် ဘယ်လိုလုပ်မလဲ"

"ဆရာ လှမ်းမမြင်မှာစိုးလို့"

"လာ ဈေးဘက်လျှောက်မလို့ လိုက်ရင်လိုက်ခဲ့"

ဆရာအုန်းသည် စကားအလွန် များ၏။ ကျွန်ုပ်ထံ လာခါနီးသူ့တပည့်တစ်ဦး ရောက်နေ၍ ကြာသွားကြောင်း၊ နို့မဟုတ်ပါက ဒီထက်စောရောက်မည် ဖြစ်ကြောင်းများကို တတွတ်တွတ် ပြောနေ၏။ ကျွန်ုပ်ကလည်း နားထောင်တစ်လှည့် ဟိုကြည့်ဒီကြည့်တစ်လှည့်နှင့် ရှေ့ကလျှောက်၏။

"အမယ် တို့ဆရာ ပုဆိုးအနီကွက်တွေ ဘာတွေနဲ့ အသက်လေးဆယ်လောက် ပြန်ငယ်သွားသလားလို့"

"ခင်ဗျားဟာလေ အေးအေး မလိုက်ဘူး၊ တယ်စပ်စုတာပဲ"

"ဆရာကလည်း ဆရာပဲ ပုဆိုးအနီ မဝတ်ဘူးဆို၊ ဆရာ အဲဒီလိုပြောဖူးထားတော့ ထူးဆန်းနေလို့ ကဲ ဆရာ မပြောဖူးဘူးလား၊ ပြောဖူးလားပြော"

"အဲ . . . ဟုတ်တယ် . . . ပြောဖူးတယ်"

"ဒါဖြင့် တပည့်ကြီး မေးတာ လွန်လား"

"အေးဗျ ဆရာအုန်းမေးလည်း မေးလောက်တယ်။ မလွန်ပါဘူး။ ကျွန်တော် သတိမထားလိုက်မိလို့"

ရှက်ရှက်နှင့် ပုဆိုးကို ငုံ့ကြည့်လိုက်ပြီး ဆက်လျှောက်နေလိုက်၏။

"ဟိုတလောလေးက မောင်တင်စိုး ကန်တော့ထားတာလေး မို့လို့ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က မောင်တင်စိုးလဲ၊ ကြည့်မြင်တိုင်ကလား"

"မဟုတ်ပါဘူး၊ (၉)ရပ်ကွက်ကပါ။ ဒီလိုဗျာ သူက ရုံးကြီးတစ်ရုံးမှာ လုံခြုံရေးတာဝန်ယူတဲ့သူ၊ သူတို့မိသားစုက ကျွန်တော့်သားသမီးတွေလိုပဲ၊ တစ်နေ့ အမှတ်မထင်ဘဲ သူတို့အိမ်ရောက်သွားတယ်။ ခုနပြောတဲ့ ရုံးကြီးရဲ့နောက်ဘက် ဘေးလေးမှာ အဖီလေးဆွယ်ပြီး နေကြတာ။ ဒါပေမယ့် ဘာပဲပြောပြောလေ ငါးပေလောက်နဲ့ပဲနေနေ၊ ဆယ်ပေလောက်နဲ့ပဲနေနေ၊ အိမ်သေးသေးကြီးကြီး အိမ်ဟာအိမ်ပဲ။ အိမ်ရှေ့ဟာ အိမ်ရှေ့ပဲ။ သူတို့နေတဲ့အိမ်လေးရဲ့ မျက်နှာစာအရှေ့မှာ ရုံးပိုက်လုံးက ရေဒလဟောကြီး ကျနေတယ်။ မိုးရွာရင် မြင်မကောင်းဘူး။ ရှေ့တည့်တည့်ဆိုတော့ မထားကောင်းတာနဲ့ အဲဒီ ရေဒလဟောကျနေတဲ့ ပိုက်လုံးကြီးကို သွပ်ပြားတစ်ချပ်နဲ့ယူပြီး ကာခိုင်းလိုက်တယ်။ ပြီးတော့ ခွေခေါက်ပြုတ်ကျပြီး အမိုက် အထပ်ထပ်ဖြစ်နေတဲ့ ဘုရားပုံတော် ဓာတ်ပုံကားချပ်ကို ချက်ချင်း ရေဆေးပြီး ကောင်းကောင်းပြန်ချိတ် ပူဇော်ခိုင်းလိုက်တယ်။ လုပ်ခိုင်းတာက (၁၃)ရက်နေ့၊ တနင်္လာနေ့၊ ဟော ဘာကြာလဲ၊ တော်တော်ကောင်းတဲ့ ကားလေးတစ်စီးကို ကြားက စပ်ရောင်းပေးလို့ မုန့်ဖိုးခြောက်သောင်း ရလိုက်တယ်။ ရလိုက်တဲ့နေ့က ကြာသပတေးနေ့၊ ပွဲစားခမဟုတ်ဘူးနော်၊ မုန့်ဖိုး"

"ဟ တယ်ဟုတ်ပါလား၊ တနင်္လာ ဆိုတော့ . . . လေးရက်ထဲနဲ့"

"အဲ အဲဒီ ကလေးက အတင်းမရမက ဆရာ့ကို ကန်တော့ချင်လွန်လွန်းလို့ပါဆိုပြီး အတင်းပေးလို့ မယူပြန်ရင်လည်း ငိုတော့မလိုလို မျက်လုံးလေး ကလယ်ကလယ် ဖြစ်နေလို့ ယူလိုက်ရတဲ့ ပုဆိုးပဲ ဆရာအုန်းရေ၊ ဒါကြောင့် ဝတ်တာ"

"သြော် . . . ဒါကြောင့်ကိုး၊ ထင်ပါတယ်။ ဒီလို အရောင်မျိုးဝတ်မှ မဝတ်ဘူးတာပဲဟာ၊ အဲဒါနဲ့များ တပည့်ကြီးကို ဆူချင်သေးတယ်"

ကလေးဆိုးကြီးလိုပြောရင်း လိုက်လာသော ဆရာအုန်းကို လှည့်ကြည့်လိုက်ပြီး ပြုံးလိုက်ရင်း ပခုံးကို လှမ်းဖက်လိုက်၏။ ပြီးမှ လက်ပြန်ဖယ်လိုက်ပြီး. . .

"ကျွန်တော်က ဆရာအုန်းသိတဲ့အတိုင်း တကယ် ကြိုးစား၊ တကယ် ရိုးသားပြီး လက္ခဏာရှားပါးနေတဲ့ အဲဒီလို လူငယ်မျိုးတွေ အဆင်ပြေသွားအောင် လုပ်ပေးရတာ သိပ်ဂုဏ်ယူတာပဲ၊ ပီတိ အရမ်း ဖြစ်တာပဲ"

"ဆရာ လုပ်ပေးလိုက်ရင်နော် ဘာမှ ခက်ခက်ခဲခဲ ထူးထူးခြားခြား လုပ်ရတာ မဟုတ်ဘဲနဲ့ အဆင်ပြေသွားတာ များတယ်"

"ဘာလဲ၊ ပိုက်ဆံအကုန်သက်သာလို့ ပေါ့နေလို့လား"

"မဟုတ်ပါဘူး၊ တကယ် လိုအပ်နေတာကို ထိရောက်အောင် ထောက်ပြပြီး ပြုပြင်ပေးလိုက်တာနဲ့တင် အဆင်ပြေသွားတာကို ပြောတာပါ။ အခု ဆရာပြောတဲ့ သူငယ်လေးလိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စကားတပြောပြောနှင့် အင်းဝလမ်းထိပ်သို့ ရောက်လာကြပြီဖြစ်၍ နန္ဒဝန်ဈေးဘက်သို့ ခြေဦးလှည့်လိုက်ကြ၏။

"ကျွန်တော် ဆရာအုန်းကို အများကြီး သင်ပေးခဲ့ဖူးတယ်။ လူဆိုတာ ကဲ့ရဲ့နဲ့ အနိုင်ပြိုင်အောင် ညှိနိုင်ရင် အောင်မြင်တာပဲလို့၊ စဉ်းစားကြည့်လေ အိမ်ရှေ့ဆိုတာ ကဲ့ရဲ့အရပ်ပဲ။ ကဲ့ရဲ့အရပ်ဟာ ကောင်းနေရမယ်။ မကျိုးမပဲ့ရဘူး။ ခုနလို ရေဒလဟောကျဆင်းနေတဲ့အရာတွေ မရှိရဘူး။ ကောင်းကင်က မိုးရွာချလို့ ခေါင်မိုးက ရေကျတာနဲ့လည်း သွားမရောနဲ့ဦး၊ ဆရာအုန်းက ထူပါဘိနဲ့"

"ဟုတ်ကဲ့ပါ"

"ကျွန်တော် တွေ့ဖူးတယ်။ ရေတံလျှောက်ကို ခေါင်းရင်းဘက်ကို ထားပြီး ရေတွေ ဒလဟောကျနေတဲ့အိမ်တွေ၊ ဘယ်လိုမှ စီးပွားမဖြစ်ဘူး။ လယ်နေတာပဲ။ တချို့တဖြည်းဖြည်း ကုန်မှန်းမသိ ကုန်လာတယ်။ တချို့ ကြွေးလည်ပင်း ခိုက်လာတယ်။ ကျွန်တော်ကတော့ ရင်းနှီးတဲ့အိမ်မှန်သမျှ ရေတံလျှောက် ခြေရင်းပြန်ပြောင်းခိုင်းလိုက်တယ်"

"ခေါင်းရင်းဘက်မှာ ရေပိုက်လုံးသွယ်ပြီး အောက်အထိချထားရတဲ့ တိုက်တွေကျတော့ရော ဆရာ၊ ကျွန်တော် မြင်ဖူးတယ်"

"ဒါကတော့ ရေစီးရေဆင်း ကောင်းနေတော့ ရေတံလျှောက်မှန်းတောင် မသိရဘူး။ ပိုက်လုံးတွေ ရိုးရိုး သွယ်ထားသလိုပဲ။ ပြီးတော့ သူတို့သုံးတာမှမဟုတ်တာ၊ မခိုက်နိုင်ဘူး။ ရေဆိုတဲ့ သဘောက စုန်တဲ့သဘောရှိတာ ဘယ်သူမှ ငြင်းလို့ မရဘူးလေ၊ မြင့်ရာကနေ နိမ့်ရာကို စီးဆင်းတဲ့သဘောပဲရှိတာ။ သဘာဝအတိုင်းကြည့် ခေါင်းရင်းဟာ မြင့်မြတ်တယ်။ မြင့်တယ်၊ ကဲ့၊ ခြေရင်းက ခေါင်းရင်းလို မမြတ်ဘူး။ ဒါကြောင့် ခေါင်းရင်းကနေ ခြေရင်းကို စီးဆင်းတာဟာ မြင့်ရာကနေ နိမ့်ရာကို စီးဆင်းတဲ့သဘောမို့ သဘောမှန်တယ် ပြောရတယ်။ ရှေးရှေးက ရှေးလူကြီးတွေ အိမ်ဆောက်ခဲ့ကြပုံ၊ ရေတံလျှောက်တပ်ပုံ၊ အနာကင်းပြီး အသက်ရှည်ကြပုံ၊ မတောင့်မတ မကြောင့်မကြ စားနိုင်သောက်နိုင်ကြပုံတွေကို ဆရာအုန်း လေ့လာကြည့်လိုက်လေ"

"ဟုတ်တယ်နော် ဆရာ"

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လိုက်၊ ရေမြောင်းများ၊ ဗွက်များကို ခုန်လိုက်၊ ကျော်လိုက်၊ ကွေ့လျှောက်လိုက်၊ ကားများ ဖြတ်သွားလျှင် ရွှံ့ဗွက်များ မစဉ်အောင် ခပ်ဝေးဝေး တိမ်းလိုက်နှင့် သွေးပူလေ့ကျင့်ခန်း လုပ်နေသလား အောက်မေ့ရ၏။ ဆရာအုန်းသည် သူ့ကို ရွှံ့ဗွက်စဉ်မှာထက် သူ့ပခုံးထက်မှ အပါးတော်မြဲ ဒေါင်လိုက်စင်းလွယ်အိတ်ကြီးကို ရွှံ့စဉ်မှာ ကြောက်နေရော့လားမသိ။ လွယ်အိတ်ကြီးကို လူနှင့် ကာထား၏။

"ကျွန်တော် ခုနလို အိမ်ရှေ့တွေမှာ အကြောင်းအမျိုးမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချို့ယွင်းနေတဲ့ အိမ်တွေကို လေ့လာကြည့်တယ်။ တကယ်ကို ငွေကြေးဒုက္ခ ရောက်ကြတယ်။ အိမ်ထောင်ဦးစီး ဘုန်းကံမရှိဘူး။ တစ်ခါကသူငယ်ချင်းတစ်ယောက်အိမ်ကိုစာအုပ်တစ်အုပ်ကိစ္စနဲ့သွားတော့ အိမ်ရှေ့မှာ ဆင့် ကြီးကျိုးကျနေတာကို တွေ့လို့ မေးကြည့်လိုက်တယ်။ မင်းတို့ လုပ်ငန်းရှင် တော့ မှန်ပါရဲ့ မင်းတို့ ရှာသလောက် ဘာစီးပွားမှ ဖြစ်လာမှာ မဟုတ်ဘူး။ ဘယ့်နှယ်လဲဆိုတော့၊ တစ်အိမ်လုံးက အနားမှာ လာဝိုင်းထိုင်ကြတယ်။ ဘဘရယ် ဖေ့ဖေ့ခမျာ ပင်ပန်းပြီး ဘဘ ပြောသလို ဖြစ်နေတယ်။ အလုပ် ဒဏ်ပိလို့ ခဏခဏလည်း နေမကောင်းဘူး။ အဲဒါ သူများများ တိုက်ထား တာလား။ ဘဘကြုံတုန်း ကြည့်ပေးပါဦးဆိုပြီး သူ့ကလေးတွေက ဝိုင်းအုံ လာတယ်။ အေး ဘယ်သူမှ မတိုက်ဘူး။ ဟောဟို ဆင့်ကြီးကျိုးကျလို့ အိမ်ရှေ့ပိုင်းကြီး နိမ့်ဆင်းနေတာကို ပြင်လိုက်၊ အားလုံး ပြီးသွားစေရ မယ်လို့ ပြောလိုက်တယ်”

“ပြင်လားဆရာ”

“ချက်ချင်းပဲ (၄၈)နာရီအတွင်းပဲ။ ဟော ခုများတော့ဗျာ အဆင်ကို ပြေလွန်းလို့ ဧည့်သည်တွေ လုပ်ငန်းအပ်တဲ့ လူတွေလာရင် ထွက်တောင် မတွေ့နိုင်ဘူး။ သူတို့လုပ်ငန်းက ဖိနပ်လုပ်ငန်း”

“ဪ . . .”

“အဲဒီ သူငယ်ချင်းလို အိမ်ရှေ့နိမ့်ကျ၊ ပြိုကျနေတဲ့ အိမ်ပေါင်းများစွာ၊ အိမ်ရှေ့တံခါးရွက် ပြုတ်ကျပြီး တရွတ်ဆွဲနေတဲ့ အိမ်ပေါင်းများစွာ၊ အိမ်ရှေ့တံခါးဝ ကျိုးပဲ့နေတဲ့အိမ်ပေါင်းများစွာ၊ ကျွန်တော် ပြုပြင်ပေးခဲ့တာ များပြီ၊ ဒါကြောင့် ဒီလို ကျိုးပဲ့ကျနေတာမြင်ရင် ဒီအိမ်က အိမ်ထောင်ဦးစီး ဘာဖြစ်တော့မယ်ဆိုတာရယ်၊ ဒီအိမ်ရဲ့ စီးပွားရေး ဘယ်လို ဖြစ်နေပြီ ဆိုတာရယ် တန်းသိတော့တာပေါ့။ တချို့များ မျက်နှာစာအပေါ်က တန်းတွေ ကျိုးပဲ့ပြုတ်ကျနေတဲ့အိမ်တွေ ရှိသေးတယ်။ ဒီလိုပဲ ထိတာပဲ၊ ဘာပဲပြောပြော အိမ်ရှေ့ဟာ သစ်နေရမယ်။ သန့်ပြန့်နေရမယ်။ တချို့အိမ်တွေကျတော့ တစ်မျိုး။

“ဘယ်လိုလဲ ဆရာ”

“အိမ်ရှေ့ကြမ်းပြင်ဟာ နိမ့်ခွက်ခွက်ကြီးနဲ့ ဖြစ်နေပြီး အိမ်တိုင်တွေက ရှေ့ကိုယိုင်နေပြီ။ အိမ်က ရှေ့ကိုပြိုတော့မယ့်အတိုင်းပဲ။ အဲဒီလို အိမ်မျိုးတွေကျတော့ အိမ်ရှေ့ဖြစ်တဲ့ ဣန္ဒြေအရပ်ကို ‘ဝန်ပိ’ နေတယ်ခေါ် တယ်။ ရှိသမျှဝန်က သူ့အပေါ် ပိသွားပြီလေ။ ဒါကြောင့် အဲဒီလိုမျိုး အိမ်တွေဆိုရင် အိမ်ထောင်ဦးစီး နာတာရှည်ဖြစ်တော့တာပဲ။ နားလန်မထူ တော့ဘူး။ စီးပွားလုပ်ရင်လည်း နားလန်မထူဘူး။ အိမ်ထောင်ဦးစီး အကြီး အကျယ် ဒုက္ခရောက်တဲ့အိမ်မျိုးတွေပေါ့ ဆရာအုန်း”

“ကြောက်စရာနော်”

“တစ်ခါမြင်ဖူးတယ်။ လမ်းတစ်ခုကို ဖြတ်သွားရင်း အဲဒီလို အိမ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့တော့ အဲဒီနားမှာနေတဲ့ မိတ်ဆွေတစ်ယောက်ကို မေးကြည့် လိုက်တယ်။ ဒီအိမ်က အိမ်ထောင်ဦးစီး နာတာရှည်ဖြစ်နေသလား ဆိုတော့ ဟုတ်တယ် အိပ်ရာထဲမှာ လေဖြတ်ပြီး လဲနေတာ တစ်နှစ်ကျော်ပြီတဲ့။ ကြည့်စမ်း။ ဘာခုနှစ်သက္ကရာဇ်မှ မေးစရာကို မလိုဘူး။ မြင်တာနဲ့ တန်းသိ နိုင်တယ်။”

“အိမ်ရှေ့ဘက်ကို ယိုင်နေတာမျိုး၊ အိမ်ခေါင်းရင်းဘက် ယိုင်နေရင်လည်း အတူတူပေါ့နော် ဆရာ၊ ကွဋ္ဌဘက် ဝန်ပိတာပဲ”

“အတူတူပဲ။ ခြေရင်းဘက် ယိုင်ရင်တော့ မတူတော့ဘူး။ ခြေရင်းဘက်ကို ဝန်ပိသလို ဖြစ်နေတော့ အောက်လူတွေ ထိတယ်။ တစ်ခါက အဲဒီလို ခြေရင်းဘက် ယိုင်တဲ့အိမ်မျိုး နယ်မှာ တွေ့ခဲ့တုန်းက ဒီအိမ်မှာ နေတဲ့လူငယ်တွေတော့ ဒုက္ခပဲလို့ ညည်းတွားလိုက်မိတယ်။ ဟုတ်တယ် ကျွန်တော် မရောက်ခင် တစ်လမပြည့်ခင်က အဲဒီအိမ်ရဲ့ အိမ်ရှင်သမီးလေးဟာ အိမ်ထောင်ရှိခဲ့ဖူးတဲ့ ကလေးသုံးယောက်အဖေနဲ့ လိုက်ပြေးလို့ဆိုပဲ”

“တစ်ခုမဟုတ် တစ်ခုတော့ တန်း ဖြစ်တာပဲနော်”

“တချို့ ငယ်ရွယ်သူတွေ အကြောင်းအမျိုးမျိုးနဲ့ အရင်ဆုံး တိမ်းပါးကုန်ကြတယ်။ တချို့ကျတော့ ခုနလို အိမ်ထောင်ကျတွေစောပြီး ဒုက္ခရောက်ကုန်ကြတယ်”

“အဲဒါ ယတြာ မရဘူးလား ဆရာ”

“အိမ်ရဲ့ အတိမ်းအစောင်းကတော့ ကျွန်တော် သိရသလောက် မရဘူး ဆရာအုန်း၊ ဘာယတြာမှ မရဘူး။ ပြန်တည့်နိုင်မှ ရတယ်”

“ဒါဆို အိမ်နောက်ဖေးဘက် ယိုင်တာနဲ့ ခြေရင်းဘက်ယိုင်တာ ဖြစ်တတ်တဲ့ သဘာဝတူတယ်ပေါ့နော်”

“ဟုတ်တယ် တူတယ်”

နန္ဒဝန်ဈေးရှေ့သို့ ရောက်သည်နှင့် ရှုပ်ထွေးလှသော ကားကြိုကားကြားမှပင် သင်္ဘောသီးမှည့် အကြီးကြီးတစ်လုံးကို ဝယ်ယူ၍ ပြန်လာခဲ့တော့၏။ ကားရှောင်ရင်း၊ လူရှောင်ရင်း၊ ဆိုက်ကားရှောင်ရင်းနှင့် အင်းဝလမ်းဘက်ဆီသို့ ပြန်လျှောက်လာလိုက်ကြတော့၏။ ဖြဟ္မစိုရ်လမ်းထိပ် ရောက်သော်. . .

“ဆရာ၊ အဲဒီလို ယိုင်နေတဲ့ အိမ်မျိုးတွေ၊ ချက်ချင်း မပြင်နိုင်သေးခင်မှာ ဒီလိုတွေ ခိုက်တော့မယ်သိသိနဲ့ စင်းခံရတော့မှာပဲနော်”

ရှေ့မှလျှောက်နေရင်း ခဏရပ်ပြီး ဆရာအုန်းကို လှည့်ကြည့်လိုက်၏။ ပြီးမှ ပြုံးလိုက်ရင်း သူ၏ ဒေါင်လိုက်စင်း အပါးတော်မြကြီးကို ဆွဲကိုင်လိုက်ပြီး. . .

“စကားတွေ တယ်တတ်နေတယ်ပေါ့လေ အဘိုးကြီး။ ဆရာ၊ အဲဒီလို ယိုင်နေတဲ့ အိမ်မျိုးတွေ ချက်ချင်း မပြင်နိုင်သေးခင်မှာ မခိုက်အောင် ဘာလုပ်ပေးရင် ရလဲဆိုပြီး တန်းမေးလည်း ရတာပဲဥစ္စာ၊ လှည့်လို့ပတ်လို့



www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ တပည့်ကြီးက ကယ်သင့်တဲ့ လူမျိုးတွေဆိုရင် . . . "

"ရပြီလေ။ ဒါလောက်ဆို ရပြီ။ ပြောမယ်။ ဒီလွယ်အိတ်ကြီးထဲ ထည့်မယ်ဆိုရင်လည်း အိမ်ပြန်ရောက်မှထည့်၊ အဲဒီလို ယိုင်နေပြီဆိုရင် အိမ်ထောင်ဦးစီးရဲ့ နံကိုကြည့်၊ သူ့နံရဲ့ အဆောင်ပန်း သစ်ပင်ကို ခေါင်းရင်းမှာစိုက်ထား၊ သူ့နံရဲ့ နင်းကြမ်းဆိုရင်တော့ ခြေရင်းမှာ စိုက်ထား"

"ဆရာပြောတာ မရှင်းသလိုဘဲ"

"ဥပမာဗျာ ခင်ဗျားလိုနာမည်မျိုး ကိုအုန်းဆိုတဲ့လူ နေတဲ့အိမ်၊ ခေါင်းရင်းဘက်ကို ယိုင်နေပြီဆိုပါတော့ ခေါင်းရင်းဘက်မှာ ပျဉ်းမပင် ပေါက်လို အပင်မျိုး သုံးလေးပင်လောက် ရှင်အောင် စိုက်ထား၊ ခံသာတယ်။ ခြေရင်းဘက်ကို ယိုင်နေရင် ခြေရင်းမှာ ထန်းပင်ပေါက်လိုမျိုး စိုက်ထား၊ ဘာမှ မဖြစ်ဘူး။ ကျွန်တော် တစ်ခါက အုတ်ကျင်းဘက်မှာ လူတစ်ယောက်ကို အဲသလို လုပ်ခိုင်းခဲ့ဖူးတယ်။ သူ့အိမ်က စောင်းလာတာ အခါလယ်ကျော် လာပြီ၊ တဖြည်းဖြည်းနဲ့ စီးပွားထိလာတယ်"

"ဘယ်ဘက်ကို စောင်းတာလဲ ဆရာ"

"ခေါင်းရင်းဘက်၊ ဆရာအုန်းလိုပဲ နာမည်က တနင်္ဂနွေနာမည်"

"ဒါဆို သစ်ခွပန်းပင်လေးတွေကို တန်းခံစိုက်လိုက်ရင်လည်း ဆောင်ပန်းပဲပေါ့နော် ဆရာ၊ 'မင်းကုသ' ပဲပေါ့"

"မှန်တယ်၊ ဟုတ်ပြီ၊ ကျွန်တော်ကတော့ သစ်ခွကို မစိုက်ခိုင်းဘူး။ ယိုင်နေပါတယ်ဆိုကတည်းက တောင့်တောင့်တင်းတင်းနဲ့ တောင့်ခံနိုင်တဲ့ ဗျူဟ်ကို စဉ်းစားရတော့မယ်။ ဗျူဟ် မမိရင်တောင် သစ်ပင်ရဲ့ သဘောက အနှစ်ရှိမှဖြစ်မယ်။ ဒါကြောင့် ပျဉ်းမပင်ပေါက်ကို စိုက်ခိုင်းလိုက်တယ်"

"ဩော် . . . ပျဉ်းမ . . . အင်း . . . ပျဉ်းမ . . . ဟုတ်သားပဲ"

"အဲဒီ ပျဉ်းမပင်လေး ရှင်လာတော့ အဲဒီ တနင်္ဂနွေနာမည်သမား ခံသာလာတယ်။ ငွေလေးဘာလေး နည်းနည်းဝင်လာတယ်၊ အဆင်ပြေလာတယ်။ နောက်တော့ တစ်ခုချင်းကို ပြုပြင်နိုင်လာတယ်။ ဒါနဲ့ပဲ အိမ်တစ်လုံးလုံး ပြင်ပြီးသားဖြစ်သွားတော့တယ်။ လုံးခနဲတော့ မပြင်နိုင်ဘူးပေါ့ ဆရာအုန်းရယ်"

"ဘာပဲပြောပြောဆရာ ဒုက္ခမရောက်တော့တာကိုက ဝမ်းသာစရာ ဖြစ်နေပြီ"

"နှင်းဆီပန်းပွင့်ကို အနောက်တောင်ထောင့်အရပ်မှာ ထိုးတဲ့ အစီအရင် တစ်ခုတည်းနဲ့ မတောင့်မတ မကြောင့်မကြ နေသွားနိုင်တဲ့ အမေကျော့အိမ် တုန်းကလည်း ဒီလိုပဲ၊ သူ့အိမ်ကျတော့ ခြေရင်းဘက်ကို ယိုင်တော့မယ်။ ကျွန်တော် အဲဒါကို မြင်တော့ ခြေရင်းမှာ ခုနလို ပျဉ်းမပင် ပေါက်လေး ငါးပင် စိုက်ခိုင်းလိုက်တယ်။ နောက်မှ တဖြည်းဖြည်း တစ်ခုချင်း ပြင်ခိုင်းလိုက်တယ်။ ဒီလိုပဲ အဆင်ပြေသွားတာပဲ"

လှားခနဲကျော်ရင်း ကားများကို ရှောင်ရင်းတိမ်းရင်း ဗွက်အိုင်များကို



www.burmeseclassic.com

www.burmeseclassic.com



ကွေ့ရင်း ဝိုက်ရင်းနှင့် အင်းဝလမ်းထိပ်ဆီသို့ ပြန်ရောက်လာပြီ ဖြစ်၏။

"အဲဒီလို သစ်ပင်စိုက်ထားလိုက်ရင် ပြီးရောလား ဆရာ"

"ခင်ဗျားကလည်း နည်းနည်းပါးပါး ဦးနှောက်နဲ့ မတွေးဘူး။ အိမ်ယိုင်နေလို့ မပြင်သေးခင် မပြင်နိုင်သေးခင်စပ်ကြား အိမ်ကလူတွေ မခိုက်အောင် စီရင်ထားတာဗျ၊ မပြင်ဘဲထားလို့ကတော့ ဘယ်ရမလဲ၊ တဖြည်းဖြည်း ပြိုကျသွားရင် စိုက်ထားတဲ့ သစ်ပင်ပါ ပိကျိုးသေသွားရုံပဲ ရှိမှာပေါ့၊ ပြင်တာကတော့ ပြင်ရမှာပေါ့၊ မပြင်ဘဲ ဒီတိုင်း ဆက်နေလို့ကတော့ ပျဉ်းမပင် အပင်ငါးဆယ်လောက် စိုက်လည်း မရဘူး၊ ပြိုမှာပဲ"

"ချက်ချင်း မပြင်သေးဘဲ ထားလို့ရတာနဲ့ ချက်ချင်း ပြင်ရတာ ရှိလား ဆရာ၊ အဲဒီလို ကွာခြားချက်"

"ရှိတယ်၊ အိမ်တစ်အိမ်တွေ့ဖူးတယ်။ လုံးချင်းအိမ်လေး၊ အိမ်အောက်ကို လူဝင်ထိုင်ရင် ခေါင်းလွတ်တယ်။ အဲဒီအိမ်လေးမှာ အိမ်ပေါ်တက်တဲ့ လှေခါးလို အဆင့်လေး ရှိတယ်။ အဲဒီ အဆင့်လေးရဲ့နောက်မှာ ဖိနပ်ချွတ် ရှိတယ်။ ဖိနပ်ချွတ်ပြီးမှ အိမ်မကြမ်းပြင်၊ မြင်လား မျက်စိထဲမှာ"

"မြင်တယ် ဆရာ"

"တစ်နေ့ ကလေးတွေ ဆော့ပါများလို့၊ ပြေးတက်ပြေးဆင်းများလို့ အဲဒီ ဖိနပ်ချွတ်က ကျိုးယိုင်ပြီး နောက်မှာ ကပ်ရိုက်ထားတဲ့ အိမ်မကြီး အောက်ကို ဝင်သွားတယ်။ အုံလိုက်ဝင်တာ။ အိမ်ရှင်တွေက မပြင်ဘူး။ အဲဒါကျတော့ ခုနလို သစ်ပင်စိုက်ထားတာတို့၊ ဘာတို့ လုပ်လို့မရတော့ ဘူး။ လှေခါးတို့၊ ဖိနပ်ချွတ်တို့ကျ ချက်ချင်း ပြင်ရတာ။ ကျွန်တော် သိတော့ ပြင်ဖို့ ပြောလိုက်တယ်။ သူတို့က ခပ်အေးအေးပဲ။ နောက်ကို အေးအေး ဆေးဆေး ပြင်လို့ရတာပဲလို့ တွေးတယ်နဲ့ တူပါရဲ့၊ အဲဒီ ဖိနပ်ချွတ်အုံကြီး ယိုင်ဝင်ပြီး ဘာကြာလဲ အိမ်ထောင်ဦးစီးဟာ ကောက်ကာငင်ကာ လေဖြတ် တော့တာပဲ။ နောက်ဆုံးတော့ အဲဒီရောဂါနဲ့ပဲ ကံကုန်သွားတော့တာပေါ့ ဆရာအုန်းရယ်"

"အင်း မကြာသင့်တာတွေ ကြာတဲ့အကျိုးဟာနော် ကြောက်စရာ"

"အဲ အဲဒီလို ဖိနပ်ချွတ်အိမ်မကြီးထဲ ပြန်ဝင်တာ ဘာကြောင့်မှန်း မသိဘူး။ ခိုက်တာ အရမ်းပဲ။ အတက်အဆင်း ကျိုးပျက်ပြီဆိုတာနဲ့ ဘာကြောင့်မှန်း မသိဘူး။ အရမ်းခိုက်တာပဲ။ အဲဒီလို ဖိနပ်ချွတ်အဆင့် ကျိုးယိုင်ပြီး အိမ်မကြီးထဲ ဝင်သွားတာမျိုးတွေ၊ ဖိနပ်ချွတ်ကျိုးကျနိမ့်ဆင်း ယိုင်သွားတာမျိုးတွေ၊ အများကြီး တွေ့ခဲ့ဖူးတယ် ဆရာအုန်း၊ တချို့ ကျတော့လည်း ကျွန်တော်နဲ့ မသိတဲ့သူတွေမို့ ခရီးသွားဟန်လွှဲပဲ ကြည့်ခဲ့ရ တယ်။ မပြောဖြစ်ခဲ့ဘူး။ တချို့ကျတော့ ပြောဖြစ်ခဲ့တယ်။ ပြင်တဲ့လူလည်း ပြင်တယ်ပေါ့ ဆရာအုန်းရယ်၊ ခပ်ပေါ့ပေါ့နေတဲ့ လူတွေကျတော့လည်း လူတွေက သိတယ်မို့လား သွားရင်းလာရင်း လည်ပတ်ရင်း ပြောလိုက်တို့ ကတော့ ပိုက်ဆံတစ်ပြားမှ မကုန်ဘဲ သိရတဲ့ ကိစ္စဆိုပြီး ဘယ်သူမှ သိပ်



www.burmeseclassic.com

www.burmeseclassic.com



အလေးအနက် မထားကြတော့ဘူး။ ဒီတော့ အဲဒီလို ခပ်ပေါ့ပေါ့နေတဲ့လူ တွေကျတော့လည်း ဘဝတစ်ဆစ်ချိုး ဆုံးရှုံးမှုကြီးတွေ ဖြစ်တော့မှ အမေ ကယ်ပါ၊ အဘကယ်ပါ ဖြစ်တော့တာပဲ။ ဒါကြောင့် ခုန မောင်တင်စိုးလို တကယ် လက္ခဏာရှားပါး၊ တကယ်ကြိုးစားတဲ့ လူမျိုးမှ ကျွန်တော် ပြောချင်တာ၊ ပြုပြင်ပေးချင်တာ"

"ဟုတ်ပါတယ် ဆရာပြောတာ"

"မှတ်ထား တကယ် လိုအပ်မှုကို တကယ် ပြုပြင်ပေးမယ်ဆိုတဲ့ စိတ်ကို ထားရမယ်။ ခုနလိုမျိုးတွေ တွေ့ပြီလား၊ တွေ့ရင် ပြင်ပေးလိုက်၊ လူတစ်ယောက်၊ အသက်တစ်ချောင်းဆိုတာ ကယ်ကောင်းတယ်။ ဒီလို အကျိုးအပဲ့ကြီး တွေ့နေရင် အိမ်ထောင်ဦးစီး ထိခိုက်တော့မယ်ဆိုတာ သိရင် ပြင်ပေးလိုက်ပေတော့၊ ကိုယ်နဲ့မသိတဲ့လူမျိုးတွေ ဆိုရင်တော့ သွားမပြောနဲ့ပေါ့၊ လူဆိုတာက တစ်မျိုးထင်ရင်လည်း မကောင်းဘူး။ ရင်းနှီးတဲ့သူတွေ ဆိုရင်တော့ ပြုပြင်သာပေး၊ ဖိနပ်ချွတ်အဆင့် ကျိုးတာတွေ၊ အိမ်ရှေ့မှာ ဒလဟောပြိုဆင်းတာ တွေ့တာတွေ၊ အိမ်ယိုင်တာတွေ တွေ့ရင် အကောင်းဆုံးဖြစ်အောင် ဆရာအုန်း ပြုပြင်ပေးလိုက်ပါ။ အခု ပြောပြခဲ့ တာတွေဟာ အကြမ်းပဲ ရှိသေးတယ်။ နောက်မှ အသေးစိတ် ထပ်ပြော ပြဦးမယ်။ ဆရာအုန်း သိထားရမှာက အကြောင်းကိုမသိဘဲ မပြုပြင်ဘဲ အကျိုးကို လုပ်ယူလို့ မရဘူးဆိုတာပဲ။ ခုနလိုမျိုးတွေ ဖြစ်နေကြသူတွေ အတွက် ဘယ်လိုလုပ် လာဘ်ပွင့်အောင် လုပ်ပေးလို့ ရနိုင်မတဲ့တုန်း"

"ဟာ . . . ဟုတ်တယ်နော်"

"အဲဒီလို တစ်ခုခု ချို့ယွင်းနေတဲ့ သူတွေကို အခုလို မပြုပြင်ဘဲ ဆရာအုန်း လာဘ်ဖွင့်ပေးနေလို့ကတော့ ဆရာအုန်း နာမည် ပျက်ပြီသာ မှတ်တော့၊ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး ဆိုတာသာ မှတ်တော့၊ ဒါကြောင့် လာဘ်ပွင့်ချင်ရင် လာဘ်ပွင့်စေနိုင်စွမ်းရှိတာကို ဦးဆုံး သုံးသပ်ရမယ်။ ကျန်းမာချင်ရင် ကျန်းမာစေနိုင်စွမ်းရှိတာကို ဦးဆုံး သုံးသပ်ရမယ်။ ဟုတ်ပြီနော်"

ကျွန်ုပ်၏ စကားကို နားထောင်နေရာမှ ဘာစိတ်ကူးပေါက်သွား သည် မသိ။ ဒေါင်လိုက်စင်းလွယ်အိတ်ကြီးကို အားရပါးရ ဆွဲခနဲ ပြင်လွယ်လိုက်ပြီး မော့တော့မော့တော့နှင့် ဘေးမှ လိုက်လာသော ဆရာအုန်းအား ကြည့်ရင်း အားရပါးရ ပြုံးလိုက်မိလေတော့သတည်း။

❖ ❖ ❖

(သူရှာမှော်ခင်း အတွဲ (၄)၊ အမှတ် ၁၁)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)

## တစ်ကျော့ပြန် တိုင်ဇောက်ထိုးများ

တစ်နေ့သော်. . .

ကျွန်ုပ်ရေးသားခဲ့ဖူးသော ဆောင်းပါးမှန်သမျှကို မလွတ်တမ်းလိုလို ဖတ်၍ မေးစရာရှိလျှင် အားမနာပါးမနာ မေးတတ်သော ဖထီးကြီး ရောက်လာ၏။ သူသည် ဥပဒေဘွဲ့ရပြီးသူ ကရင်အမျိုးသားကြီးတစ်ဦး ဖြစ်ရုံမက ကျွန်ုပ်တို့နေထိုင်သော မြို့နယ်တွင်လည်း အကြီးအကဲတစ်ဦး ဖြစ်သောကြောင့် လူချစ်လူခင် အလွန်ပေါလှ၏။ စကားပြောရာတွင် ကပ်သီးကပ်ဖဲ့နိုင်လွန်းသောကြောင့် ကျွန်ုပ်နှင့်ဆုံတိုင်း ငြင်းလိုက်ခုံလိုက် အော်လိုက်ဟစ်လိုက် အကြိမ်ကြိမ်ဖြစ်ပြီးမှ စကားဝိုင်း ပြီးသွားလေ့ ရှိ၏။ ယခုလည်း အတော်ပင် ဟောင်းနွမ်းနေပြီဖြစ်သော (၁၉၉၃)ခု ဒီဇင်ဘာလက ကျွန်ုပ်ထုတ်ဝေခဲ့သည့် ‘၂၀ ရာစု အင်္ဂဝိဇ္ဇာ ဆောင်းပါးများ ပေါင်းချုပ် ပထမတွဲ’ ကြီးကို ကိုင်လာပြန်၏။

“အားရဲ့လား”

“အမယ် အပိုတွေ လုပ်မနေနဲ့၊ မအားဘူးပြောလည်း ဘယ်တုန်းက ထပြန်လို့လဲ လာ”

ကွမ်းဂျိုးထပ၍ နီကြောင်ကြောင် မည်းတဲတဲဖြစ်နေသော သွားများပေါ်အောင် အားရပါးရ ရယ်လိုက်ပြီးမှ ဝင်ထိုင်လိုက်၏။

“ဒီမှာ ခင်ဗျား ပညာပေးထားတဲ့ ‘တိုင်ဇောက်ထိုးများ’ ဆိုတဲ့ ဆောင်းပါးကို သဘောကျလို့ မေးစရာတွေလည်းရှိလို့ စာမျက်နှာ အဲနှစ်ဆယ့်နဲ့ငါးမှာ . . . ”

“ဒါလောက် ရှင်းအောင် ပညာပေးထားတာ ဖထီးရာ၊ ဘာတွေ မေးချင်သေးလို့လဲ၊ ဒီဆောင်းပါးတွေများ (၁၀)နှစ် ကျော်ခဲ့ပြီ”

“ဒီထဲမှာ အသက် (၁၉)နှစ်မှာ ရေနစ်သေသွားတဲ့ ကိုကိုတင် ဆိုတာနဲ့ ပတ်သက်ပြီး မေးချင်လို့ပါ”

“မေး ဘာဖြစ်လဲ ကိုကိုတင်”



www.burmeseclassic.com

www.burmeseclassic.com



"အဲ ကြာသပတေးတိုင်ထူလိုက်ရင် ကိုကိုတင်နာမည် 'အပြင် အာယုကပ်' ဖောက်ထိုးကြီး ဖြစ်နေတယ်တဲ့။ ကိုကိုတင်က စနေသား ဆိုတော့ သူ့ရဲ့ 'အာယု' ဂြိုဟ် ကြာသပတေးကို ဖောက်ထိုးဆင်းသွားတာတဲ့။ ဖောက်ထိုး ဖြစ်ခဲ့ရတဲ့ ဂြိုဟ်ဟာ (၁၉)နှစ်ဂြိုဟ်သက်ရှိတဲ့ ကြာသပတေး ဂြိုဟ်ဖြစ်လို့ ဖောက်ထိုးဆင်းခံရတဲ့ နှစ်အပိုင်းအခြား အတွင်းကနေ ဒီသူငယ် မကျော်နိုင်တော့ဘူးလို့ ခင်ဗျား ဆရာက ကြိုဟောခဲ့တယ်လေ"

"အင်းလေ ဘာဖြစ်လို့လဲ"

"ဖောက်ထိုးတွေ ဖြစ်ကုန်တာတော့ ဟုတ်ပါပြီ။ အဲဒီလို ဖောက်ထိုး ဖြစ်လို့ ကားရုတ်တရက် တိုက်မယ်ဗျာ၊ မဖြစ်နိုင်ဘူးလား၊ အရိုက်အနှက် ခံရလို့ ထိခိုက်မယ်ဗျာ မဖြစ်နိုင်ဘူးလား၊ ဥပမာ အမြင့်တစ်ခုခုက ပြုတ်ကျမယ်ဗျာ၊ ဒါလည်း ဖြစ်နိုင်တာပဲ။ ဘာလို့ ရေနစ်သေမယ်လို့ ရေနဲ့ သေမယ်လို့ ဟောခဲ့တာလဲ"

"ကျွန်တော် ထင်တာကတော့ အင်္ဂဝိဇ္ဇာပညာမှာ 'မီးဓာတ်နှင့် လေ မြေနှင့်ရေ မိတ်ဆွေတော်ကြ သဟာယ" လို့ ဆရာတော်ဘုရားကြီး ဖွင့်ဆိုထားတယ်လေ။ မီးလောင်ရာလေပင့် ဆိုတဲ့အတိုင်း မီးလောင်ရင် လေတိုက်လာ တတ်လေ့ရှိတယ်မို့လား၊ ဒီလိုဆို ရေချိုင့်ရေဗွက်တွေကို မြေနဲ့ဖို့ရတဲ့သဘော ပထမစဉ်စား၊ ဒုတိယစဉ်းစားရမှာက ရေကို ဖို့ပစ်တဲ့ အဲဒီမြေကို ရေကပဲ တိုက်စားနိုင်တယ်ဆိုတာပဲ။ ကြည့်ကြည့်လေ ကမ်းနား တွေမှာရှိတဲ့ မြေကြီးတွေ တဝုန်းဝုန်း ပြိုကျပျက်ဆီးယိုယွင်းလာရတာ ဘာကြောင့်လဲ၊ ရေတိုက်စားလို့ပေါ့ ဖထီးရဲ့၊ ဒါဖြင့် မြေကိုဖျက်တာရေလို့ စဉ်းစားလိုက်ရင် မြေဓာတ်ဖြစ်တဲ့ ကြာသပတေးဂြိုဟ်ကို အပြင်အာယုကပ် ဖောက်ထိုးအဖြစ် ဖြိုပစ်လိုက်တဲ့ တစ်နည်းပြောရရင် ကြာသပတေးဂြိုဟ် သက်ရောက်စဉ်မှာ အပြင်အာယုကပ် ဖောက်ထိုးဖြစ်သွားစေတဲ့ ကိုကိုတင် ဟာ ရေနဲ့ ဆုံးပါးဖို့ သေချာသွားပြီ။ မြေကိုဖျက်တာ ရေလို့သာ စဉ်းစား"

"ဟုတ်ပြီ ဆရာ ပြောတာတော့ ရှင်းသွားပြီ။ မြေကိုဖျက်တာ ရေလည်း ဟုတ်ပြီ၊ ဒါဖြင့် ဥပမာ ရေချိုးမှားပြီး ဖျားမယ်ဗျာ၊ ဒီထက်ပိုရင် လည်း ပိုမယ်ပေါ့ဗျာ၊ မဖြစ်နိုင်ဘူးလား၊ ရေနစ်မှတဲ့လား"

"ဖြစ်နိုင်တယ်၊ ရေချိုးမှားပြီးတော့လည်း ဖျားနိုင်တယ်။ ဒါပေမယ့် သူ့ နာမည်ကို ကြည့်ပါဆို၊ ဂြိုဟ်တစ်လုံးကို ဖောက်ထိုးရိုက်ချလိုက်သလို ဖြစ်သွားတာမို့ ဖြစ်ရင် ကောက်ကာငင်ကာပဲသာ မှတ်တော့"


"ဩော် . . . အင်းအင်း"



www.burmeseclassic.com

www.burmeseclassic.com






| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ ☆ ပရိဝါရ |

အာယု

(စနေသား ကိုကိုတင်၏ အမည်သည် ကြာသပတေး ဂြိုဟ်သက် (၁၉) နှစ်တွင် အပြင်အာယုကပ် ဖောက်ထိုး ဖြစ်နေပါသည်။ အခြား ပညာခန်းများ မပါပါ။ ရောက်ရှိနေသောဂြိုဟ် ဖောက်ထိုးဖြစ်သွားခဲ့ ရပုံကိုသာ ပြသလိုက်ပါသည်။ လက်တွေ့များစွာ အချိန်ယူ၍ လေ့လာ ကြည့်မှ သိနိုင်သော ပညာခန်းများ ဖြစ်ပါသည်။)

"ဒါဖြင့်ရင် ဝင်းဝင်းချို ကားတိုက်ခံရလို့ ခြေထောက်ကျိုး သွားခဲ့ရ တာလည်း ဒီသဘောပဲပေါ့"

စာအုပ်ကြီးကို ကိုင်ထားရင်းမှ ဆတ်ခနဲ ဖွင့်လိုက်ပြီး မျက်မှောင် ကြုံ့၍ ကြည့်နေပြန်၏။


"ဟုတ်တယ်လေ၊ ဒီတိုင်းပဲ သူ့နာမည်က ဝင်းဝင်းချို တနင်္လာတိုင် မှာကြည့်ရင် တြိရန်းကနေ မူလကို ပြန်ဝင်သွားတာ၊ သူ့ရဲ့ အာယုဂြိုဟ် ဟာ အင်္ဂါ၊ အဲဒီတော့ အင်္ဂါဂြိုဟ်အိမ်ကို ရောက်လာတာနဲ့ အင်္ဂါတိုင်ကို ထူထားလိုက်ရင် ဝင်းဝင်းချို ဆိုတဲ့ နာမည်ဟာ အမြစ်၊ အညွန့် ဖောက်ထိုး ဆင်းနေပြီ။ ဒီဖောက်ထိုးက သူ့ရဲ့ အညွန့်ဂြိုဟ်လည်းဖြစ်၊ အာယုဂြိုဟ် လည်းဖြစ်တဲ့ အင်္ဂါကို ဒုက္ခပေးပြီ။ ဖောက်ထိုးဖြစ်တဲ့နှစ်က ဘုမ္မိကျတဲ့နှစ်၊ ပြီးတော့ သူက တနင်္လာသမီး ရာဇဖွားမို့ မရဏအိမ်မှာ ရောက်တဲ့နှစ်၊ စနေဝင်တဲ့နှစ်ဖြစ်တဲ့ (၂၀)ပဲ။ ဒီတော့ သူ့ရဲ့ တိုးတက်ရှင်သန်စေတဲ့ သဘောအားလုံး ပြောင်းပြန်ဖြစ်လာနိုင်တဲ့ နှစ်တွေ ဖြစ်လာပြီ။ ဘာလို့လဲ ဆိုတော့ သူက အင်္ဂါဂြိုဟ် ထဲရောက်နေတာ ငါးနှစ်ရှိပြီ၊ သူဖြစ်တဲ့နှစ်မှာ သက်ရောက်အဖြစ် ဝင်လာတဲ့ စနေကို ခယားဖောက်တိုင်ထူလိုက်ရင် ဝင်းဝင်းချို ဒုက္ခဖြစ်တော့တာပဲ။ ဒါကြောင့် ဝင်းဝင်းချို အသက် (၂၀)မှာ ထိခိုက်မှုဖြစ်မယ်လို့ ဟောခဲ့တာ၊ ရှင်းရဲလား ဖထီး"

"အင်း . . . ရှင်းတယ်၊ ရှင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com






(ပြသခဲ့သော ပညာခန်းများကို တိုင်များနှင့် လေ့လာနိုင်ရန် ပြသလိုက်ပါသည်။ အာယုဂြိုဟ် ဂြိုဟ်အိပ်စဉ် နာမည် အမြစ်အညွန့်ဖောက်ထိုးဆင်းသွားရပုံနှင့် ဘုမ္မိဂြိုဟ် သက်ရောက်စဉ် နာမည်အပြင် အာယုကပ်ဖောက်ထိုးဆင်းသွားရပုံများကို ပညာယူနေကြသူများ လေ့လာနိုင်ရန် ပြသလိုက်ပါသည်။)

ပညာရှိကြီးတွေ ထားရစ်ခဲ့တဲ့ အကြောင်းအရာတစ်ခုဟာ ပြောင်းပြန်ဖြစ်လာပြီဆိုရင် ဆိုးကျိုးတစ်ခုခုကတော့ ကြုံရတော့တာပဲ ဖထီး၊ ဒါမလွဲဘူး၊ ‘အမြစ်အညွန့် မတွန့်စေရ’ ဆိုတဲ့ အင်္ဂဝိဇ္ဇာပညာခန်း၊ ဖထီးလည်း သိသားပဲ။ အပင်တစ်ပင်ဟာ အမြစ်ခိုင်မာမှ ညွန့်သစ်ရှင် သန်နိုင်တာတွေ၊ အညွန့်ကျိုးပြီဆိုရင် အမြစ်မှာ ချို့ယွင်းချက်ရှိပြီဆိုတာတွေ၊ အမြစ်အညွန့် နှစ်ခုပေါင်းရဲ့ အင်အားဟာ ပင်စည်သဘောဖြစ်တဲ့ မူလအခြေကို အားကောင်းစေတဲ့ သဘောတွေ အဲဒီ သဘောတွေကို ရှေးရှေးကပညာရှင်ကြီးတွေက ပြပြီးသား။ ဒါဖြင့် ကောင်းပြီ။ အမြစ်အညွန့်နဲ့ဆိုင်တဲ့ အရွက်အခက်တွေ၊ မြို့ရွာတွေ၊ အမည်နာမတွေဟာ အကောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ညွှန်းပြီဆိုရင် အဲဒီ အမြစ် အညွှန့်တွေ ဖောက်ထိုး ပြောင်းပြန်ဖြစ်သွားရင် ပျက်ပြီပေါ့။ ဒါကြောင့် အာယုဂြိုဟ်အင်္ဂါကို အမြစ်အညွှန့် ဖောက်ထိုး ဖြစ်သွားစေတဲ့ ဝင်းဝင်းချို ဖြစ်ရတာ မဆန်းဘူး ဖထီး”


“အေးပေါ့”


“အဲဒီ ဆောင်းပါးမှာပဲ ပါတယ်။ ဖထီးကြည့်၊ အောင်သန်း ကားပေါ်က ပြုတ်ကျတာပါတယ်”

“ဟုတ်တယ်လေ”

“အဲဒါလည်း ဒီလိုပဲ၊ အောင်သန်း ကားပေါ်က ပြုတ်ကျတဲ့နေ့ဟာ စနေနေ့၊ အချိန်ကလည်း စနေချိန်ပဲ။ စနေချိန်ကို ဖထီးကြည့်၊ အောင်သန်း ဆိုတဲ့ တနင်္ဂနွေနံကို နဝင်းပေါ်နေတဲ့ ဗုဒ္ဓဟူးက ရန်စီးထားတာရယ်၊ ခရီးသွားလှုပ်ရှားခြင်းနဲ့ ခန္ဓာကိုယ်အောက်ပိုင်းဖြစ်တဲ့ သောကြာဂြိုဟ် အပုပ်အဖြစ်နဲ့ ခိုက်သွားတာရယ်က အောင်သန်းနာမည်ကို အဆင်း ဘီးတပ်ပေးလိုက်သလိုပဲလို့ ဆိုပြီး ကျွန်တော် ဖွင့်ပြထားတယ်။ အဲဒီ စနေချိန်မှာ သူ့နာမည်ရော သူဖြစ်ခဲ့တဲ့ ရန်ကင်းရောက ဖောက်ထိုး ကိန်းတွေ မိနေတယ်။ ဖထီး ဖတ်ပြီးရောပေါ့”

“အေးလေ”




(သောရီအခါတွင် အောင်သန်း အမည်သာမက ရန်ကင်း အမည်ပါ ဖောက်ထိုးများ ဖြစ်နေပုံကို လေ့လာနိုင်ရန် ထပ်မံ ပြသလိုက်ပါသည်။)

“ဒီလိုဆို အောင်သန်းဆိုတဲ့ နာမည်မျိုး ထားပါတော့လေ၊ တနင်္ဂနွေ စပြီး သောကြာပိတ်တဲ့ နာမည်မျိုးတွေဟာ စနေနေ့ ရောက်တိုင်း ရန်ကင်း ရှောင်ရတော့မလို ဖြစ်နေပြီ။ ရန်ကင်းမှာနေတဲ့ အောင်သန်းတွေ



www.burmeseclassic.com

www.burmeseclassic.com





စနေနေ့ကျရင် ဘယ်လိုလုပ်နေရမလဲဆိုတာ"

"အဲဒါနဲ့ ပတ်သက်ပြီး အဲဒီဆောင်းပါးထဲမှာပဲ အကျယ်တဝင့် ရှင်းထားပြီးသားလေ ဖထီး။ အင်္ဂဝိဇ္ဇာအမြင်နဲ့ အကြောင်းအရာတစ်ခုကို ဆုံးဖြတ်တော့မယ်ဆိုရင် ဝိကတိကို ကြည့်မှ ဖြစ်မှာ၊ ပကတိ အကြောင်းအရာတစ်ခုခုကနေ ဖြစ်ပေါ် ပြောင်းလဲလာတဲ့ ဝိကတိဟာ အမြစ်အညွန့် ဇောက်ထိုးမိတာနဲ့ တစ်ပြိုင်တည်း အနိဋ္ဌဖြစ်တော့တဲ့သဘောပဲ။ ကြည့်မြင်တိုင်တို့၊ ကျုံဒိုးတို့၊ ကျိုက်ထိုတို့က တနင်္ဂနွေသားသမီးတွေ ဘာမှ မဖြစ်တဲ့ အပြင် ချမ်းသာကြီးပွားနေကြတာ အများကြီး၊ မြင်ခြင်း၊ ကြားခြင်း ဝိကတိ တစ်ခုခုမှာ ဇောက်ထိုးဖြစ်လာတာနဲ့ အနိဋ္ဌ နိမိတ်က ထင်ရှားတော့ မယ်သာမှတ်"

"အေးလေ၊ ဒီထဲမှာ ကလေးမွေးပြီးကတည်းက စီးပွားပျက်သွားတဲ့ ဦးခင်အေးအကြောင်းကလည်း စိတ်ဝင်စားစရာဗျ"

"သြော် တောင်ကြီးက၊ ဒီလိုလေ ဖထီး၊ သူက ကလေးကို နာမည်ပေးတာ စန်းစန်းအေးတဲ့၊ သောကြာသမီးကို မိတ် (၂)ချက်မိအောင်ဆိုပြီး ပေးလိုက်တာတဲ့၊ ကျွန်တော်နဲ့ တွေ့တဲ့အချိန်မှာ ကလေးက (၁၁)နှစ်သမီး ရှိနေပြီ။ ကလေးရဲ့နာမည်က သောကြာသမီးဆိုတဲ့ မူလကို 'အပြင် အာယုကပ်' ဇောက်ထိုးဖြစ်သွားစေတာရယ်၊ သူ့အဖေ ဦးခင်အေး နာမည်ကို 'အမြစ် အညွန့်' ဇောက်ထိုးဖြစ်သွားစေတာရယ်တို့ကို မတွေးကြဘူးလေဗျာ"




(သောကြာသမီး မွေးလာပြီး စန်းစန်းအေးဟု အမည် ပေးလိုက်ချိန်မှစ၍ တဖြည်းဖြည်း စီးပွားပျက်လာခဲ့ရသော ဦးခင်အေးအား လေ့လာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရန် ပြသလိုက်ပါသည်။)

“အဲဒီလို မတွေးတော့လည်း ခုလိုထိတာ မဆန်းဘူး ဖထီး၊ ဒါမျိုးဆိုတာ အထိကြီးနဲ့ အထိလေးပဲ။ အဲဒီထဲမှာတောင် လျှပ်တစ်ပြက်မြင်လိုက်တဲ့ ဗောက်ထိုးနိမိတ်ကို ပြထားသေးတယ်”

“ဘယ်ဟာလဲ မသိဘူး”


ဖွင့်ပြီးသား စာမျက်နှာကို ဖြန့်ကြည့်ရင်း မျက်ခုံးရှုံ့နေသော ဖထီးကြီးအား ကြည့်၍ ကျွန်ုပ် ပြုံးလိုက်ပြီး . . .

“အဲဒီမှာဘဲလေ၊ အောင်သန်း ကားပေါ်က ပြုတ်ကျတာရဲ့ အောက်က စန်းအေး သရက်သီး ဝယ်လာတဲ့အကြောင်း”

“သြော် . . . အေးအေး”

“စန်းအေးက ကျွန်တော်စားဖို့ဆိုပြီး သရက်သီး ဝယ်လာတယ်ဗျာ၊ လာတာက စနေ့ြောမှာ၊ စနေ့ြောအခါရဲ့ သတ္တိက၊ ယာယီ တိရန်းက ဗုဒ္ဓဟူးနံ လူထွက်တာရယ်၊ ဖခင်ဆိုတဲ့ အကြီးအကဲဂြိုဟ် ပရိယာယ်တနင်္ဂနွေ ခိုက်သွားတာရယ်၊ နံတော်စဉ် ပညာခန်းအရ စနေ့ြောအချိန်ရဲ့ သတ္တိကိုက လူထွက်တဲ့ သဘောရယ်တွေကို ခြုံငုံသုံးသပ်လိုက်ရတာပေါ့။ သူက သူ့အဖေ နေမကောင်းလို့ လာမေးတာကိုး။ အဲဒီမှာ ဘာပါလာလဲဆိုတော့ သူဝယ်လာတဲ့ သရက်သီး နိမိတ်က စနေ့ြောအခါမှာ အပြင်အာယုကပ်ဗောက်ထိုးကြီး ဆင်းသွားတဲ့ အမြင် ပါလာရတော့တာပေါ့။ ဘာလို့လဲဆိုရင် သူက ရိုးရိုးလာလည်ပြီး စားဖို့ လာပေးတာမှ မဟုတ်ဘဲ။ အကြောင်းအရာတစ်ခုကို သယ်ဆောင်လာတာပဲ။ ဒါကြောင့် အဲဒီအကြောင်းအရာအတွက် ထူးခြားတဲ့ ဝိကတိ နိမိတ်ကို ကောက်ရတော့တဲ့အခါ စနေ့ြောတိုင်မှာ အပြင်အာယုကပ် ဗောက်ထိုးဆင်းနေတဲ့ သရက်သီး နိမိတ်ရယ်။ အခါတိုင်မှာ အမြစ်အညွန့် ဗောက်ထိုးဖြစ်နေတဲ့ စန်းအေးရယ်၊ မပါမဖြစ် ပါလာရပြီ။ ခုန ပညာခန်းတွေနဲ့ အဲဒီ ဗောက်ထိုးနိမိတ်တွေကို အားယူပြီး တစ်ချက်တည်း ပြောထည့်လိုက်တဲ့ ပညာခန်းမို့ လျှပ်တစ်ပြက် မြင်လိုက်တဲ့ ဗောက်ထိုးနိမိတ်လို့ ပြောလိုက်တာ”

“တွေ့တယ် တွေ့တယ်”




(စနေ့ြောအခါတွင် သရက်သီးနိမိတ်ကိုင်ဆောင်ပြီး စက်ဘီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသောစန်းအေး၏ဖခင်အားကုမရတော့ခြင်းကိုဇောက်ထိုးများ နိမိတ်ပြပုံ လေ့လာနိုင်ရန် ပြန်လည် တင်ဆက်လိုက်ရပါသည်။)

"ပြီးတော့ အဲဒီမှာပဲ သူရဇ္ဇအခါမှာလာတဲ့ နန္ဒဝန်စျေးထဲက အထည်သည် မကြည်နွဲ့အကြောင်း ရေးပြထားသေးတယ်။ သူရဇ္ဇအခါမှာ သူ့နာမည် ဇောက်ထိုးဖြစ်နေတုန်း သူက လာတွက်တော့ မိသားစု တကွဲတပြား ဖြစ်သွားနိုင်တာကို ကျွန်တော်က ပြောပြခဲ့တယ်။ ပြောခဲ့တဲ့ အတိုင်းလည်း ဖြစ်ခဲ့တယ်"

"အေးလေ၊ အဲဒါလည်း ဖတ်ပြီးပြီ"

"ကျွန်တော် တော်တော်လေး ဖွင့်ပြထားတယ်။ အင်္ဂဝိဇ္ဇာ ပညာ ရပ်မှာ တခြားနည်းလမ်းပေါင်းများစွာနဲ့ ဟောတာတွေ မြင်တာတွေ ဘေးချိတ်ထားဦး၊ တိုင်ပြန်ခြင်း တိုင်ဆန်ခြင်း တစ်ခုခု ပြောင်းလဲ ကြုံလိုက် ရတာနဲ့တင် ထင်ရှားတဲ့ အနိဋ္ဌ၊ ဣဋ္ဌတွေ တွေ့ရကြုံရတော့တာပဲလို့"

"အေးလေ"

"ကျွန်တော်က တစ်မျိုး ဖထီး၊ ပညာရပ်တစ်ခုကို ဒီတိုင်း မျှောပြီး အိပြီး နှိုသက်ခံ မစို့တတ်ဘူး၊ ဟိုကျမ်းက ဒီလိုပြပါတယ်။ ဒီကျမ်းက ဒီလိုပြပါတယ်ဆိုတာနဲ့ ကိုယ့်အတွေးအခေါ်ကို ကိုယ်ပြန်မသတ်ဘူး။ ဟိုကျမ်းက ဒီလိုပြရင် ဒီကျမ်းက ဒီလိုပြရင် ဒီဘက်က ဒီလိုတွေးကြည့် လိုက်ရင် ဘယ့်နှယ်နေမလဲဆိုပြီး ပညာဘောင်ထဲက တွေးကြည့်လိုက် တယ်။ စည်းနဲ့ကမ်းနဲ့ တွေးကြည့်လိုက်တယ်။ အဲဒီ တွေးတာကို ပရိသတ် ပေါင်းများစွာနဲ့ ထိတွေ့တဲ့အခါ လက်တွေ့ သုတေသနပြု ကြည့်တယ်။ နှစ်ပေါင်းကြာတဲ့အထိ အတွေ့အကြုံပေါင်းများစွာနဲ့ သုတေသနပြုတယ်။ ပြီးတော့မှ ခုလို ပညာရပ်တစ်ခုရဲ့ ပြောင်းပြန်အမြင်ကနေ ဖြစ်သွားနိုင်စွမ်း တဲ့ စွမ်းအားတွေကို တိုင်းသိပြည်သိ တင်ပြတယ်။ တစ်ခုတော့ရှိတာက ကျွန်တော် သုတေသနပြုပြီး တင်ပြလိုက်တဲ့ တိုင်ဇောက်ထိုးပညာခန်းတွေက ဘယ်လိုလူမျိုးမဆို လက်တွေ့ အချိန်မရွေး၊ နေရာမရွေး၊ သုတေသန ပြုကြည့်လို့ရတယ်။ ဟိုလူမို့လို့ ဒီလိုမဖြစ်ဘူး၊ ဒီလူမို့လို့ ဒီလိုမဖြစ်ဘူး ဆိုတာ မရှိစေရဘူး။ ဇောက်ထိုးဟာ ဇောက်ထိုးပဲ၊ ဘယ်သူမဆိုဖြစ်တယ်။ မလွဲစေရဘူး"

"ဟုတ်တယ်လေ၊ ဆရာ ဒီလို ရဲရဲရေးခဲ့လို့လည်း ဒီပညာတွေ ပြန့်နှံ့သွားတာ အတိုင်းအတာတစ်ခုပါတာပေါ့၊ ကျွန်တော်လည်း စာပေ သမားပဲ၊ အရင်က ဒီလိုမျိုး ဖတ်မှ မဖတ်ဘူးတာ"

"ဒါကြောင့် အဲဒီဆောင်းပါးထဲမှာပါတဲ့ တပည့် ညီလေး အောင်မင်း နိုင်ကိုတောင် ဆုံးမထားသေးတယ်။ ဗေဒင်ပညာဆိုတာ ကြုံမှလည်း မြင်တာ၊ လေ့မှလည်း လာတာ၊ သူများတွေ ကျော်သွားတာမျိုးကိုလည်း ကိုယ်က မြင်တတ်ရတယ်။ ဒါလေးတွေ အသေးအမွှားပါလို့ သဘော မထားရဘူး။ ဘယ်သူမှ အလေးမထားတဲ့ ဒီဇောက်ထိုးအမြင်တွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာ ကောင်းလောက်တာတွေ ကြုံရတတ်တယ်ဆိုပြီး ဆုံးမပြခဲ့တယ်"

"အေးလေ တွေ့တယ်လေ"

"ဘာလို့ ဒီလိုပြောခဲ့ရတာလဲဆိုတော့ ကျွန်တော် စာရေးတဲ့အချိန်မှာ စာရေးမယ်လို့ ဆုံးဖြတ်လိုက်တဲ့အချိန်မှာ ကျွန်တော့်ရှေ့မှာ အင်္ဂဝိဇ္ဇာ ပညာနဲ့ ပတ်သက်ပြီး ရေးသားဖွင့်ဆို ပြနေကြပြီဖြစ်တဲ့ အင်္ဂဝိဇ္ဇာပညာရှင် ဆရာသုံးလေးဦး ရှိနေပြီ။ ရေးသားပညာပေးနေကြပြီ။ ဖတ်လို့ သိပ် ကောင်းတာပဲ။ အင်္ဂဝိဇ္ဇာပညာခန်းကို တကယ့် ပညာရပ်ဘောင်ထဲက တကယ် တွေးခေါ်ပြခဲ့တဲ့ တကယ့် ပညာရှင်တွေ၊ လက်ရှိလည်း ဟောပြော နေကြတဲ့ အင်္ဂဝိဇ္ဇာပညာရှင်တွေ၊ ကျွန်တော် သိပ်လေးစားတာပဲ။ ဂါရဝ လည်း အမြဲပြုတယ်။ သူတို့ လမ်းစဖွင့်ပေးခဲ့လို့ ကျွန်တော် ရေးတတ်လာ တာ ဖထီးရဲ့၊ အင်္ဂဝိဇ္ဇာပညာနဲ့ ပတ်သက်တဲ့ ဆောင်းပါးဆိုတာ ဒီလိုရေး ရတယ်ဆိုတဲ့ ပုံစံနဲ့ အဲဒီ ဆရာကြီးတွေ စရေးပြခဲ့လို့ ကျွန်တော် ရေးတတ် တာ။ အဲဒီမှာ ခုန အောင်မင်းနိုင်ကို ပြောတဲ့ စကားပါလာပြီ။ ကျွန်တော် အခုပြခဲ့တဲ့ တိုင်ဇောက်ထိုးပညာ ခန်းတွေဟာ အဲဒီ ဆရာကြီးတွေ မပြကြ ဘူး။ ဒီထက်မြင့်တဲ့ အတွေးအခေါ်တွေနဲ့ ပညာခန်းတွေပဲ သူတို့ ဖွင့်ဆို ပညာပေးကြတယ်။ ကျွန်တော်က ဆရာကြီးတွေ အသေးအမွှားပါလို့ အလေးမထားတဲ့ အခုလို ဇောက်ထိုးလောက်လေးတွေကိုသာ ရေးသားနိုင် ခဲ့တာပါ။ ကျွန်တော် ရေးသားခဲ့စဉ်က ဒါလေးတွေများကွာ ကလေးကစားတဲ့ ပညာခန်းလေးတွေပဲဥစ္စာ ဆိုတဲ့ စကားတွေ ကြားမှာ ခေါင်းငုံ့ခဲ့ရပါတယ် ဖထီးရယ်၊ လူတွေကိုတောင် ရဲရဲ မပြောရဲခဲ့ပါဘူး"

"အေးလေ ဒီလိုပေါ့၊ ပညာရပ်ဆိုတာ ကြာလေ တန်ဖိုးမြင့်လာ လေပါပဲ။ သေးသေးဖွဲဖွဲ ကြီးကြီးမားမား ဘာဖြစ်ဖြစ် ပညာဟာ ပညာပါပဲ ဆရာရဲ့"

"ကျေးဇူးတင်ပါတယ် ဖထီး၊ ခုလို အားပေးတာ၊ အခု ဖထီးကိုင် ထားတဲ့စာအုပ် စာမျက်နှာ (၅၃)ကို လှန်လိုက်၊ သာစည်၊ ပင်းယကြိုး ဆိုတဲ့ ဆောင်းပါး တွေ့ရလိမ့်မယ်"

"သိတယ်လေ၊ ဖတ်လည်းပြီးပြီ"

"အဲဒီဆောင်းပါးမှာဆိုရင်လည်း 'သာစည်ပင်းယ အတည့်'ဆိုတာ ကောင်းတယ်လို့ ကျမ်းပေါင်းများစွာက ပြခဲ့တာကို ဦးလည်မသုံ ခံယူပြီး တကယ်လို့များ အတည့်ကနေ ဇောက်ထိုးဖြစ်ခဲ့ရင် ဘယ်လို နေမလဲဆိုတဲ့ လက်တွေ့ သုတေသနတွေကို နှစ်နဲ့ချီ လေ့လာပြီးမှ ပညာဗဟုသုတတွေ ထုတ်ဖွင့်ပြလိုက်တဲ့ ဆောင်းပါးပါ။ ရှင်းပါတယ်။ 'အတည့်'က ကောင်းတယ် ဆိုရင် 'မတည့်'ရင် မကောင်းဘူးပေါ့။ ကျွန်တော်က အဲဒီ သဘောတရား တွေကို မရရအောင်ရှာပြီး မှတ်တမ်းမှတ်ရာနဲ့ကို လေ့လာတာ ဖထီးရဲ့၊ 'သာစည်-ပင်းယ-သူရဇ္ဇ၊ နေထ ကောင်းကွယ်ရာ' ဆိုတာလောက်ပဲ သိရုံနဲ့ မလုံလောက်ဘူးလေ 'လံဘူး-စသာ-ရှောင်ကျဉ်စွာ-ဇေးရှာမှုရဇ္ဇ'



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းမြင်အောင်ကြည့်တတ်မှသူများကိုဒိုးခနဲဒေါက်ခနဲတင်ပြလို့ ရမှာပေါ့။ အဲဒီပညာခန်းနဲ့ ပတ်သက်ပြီး အစမ်းသပ် ခံနိုင်တော့မပေါ့”

“အေးလေ”

“ဒါကလည်း ဖထီးက တိုင်ဖောက်ထိုးများ ဆောင်းပါးကို သဘော ကျလို့ စကားတွေ အများကြီး ခုလို ပြောဖြစ်သွားတာပါ”

“အေးဗျာ စိတ်ဝင်စားစရာတော့ အတော် ကောင်းတယ်။ ဒီလို ဖောက်ထိုးမြင်တတ်အောင် အတော်လေး သတိနဲ့ ကြည့်နေရမယ့် သဘောတော့ရှိတယ်နော ဆရာ”

“ဒါလောက်ကြီးတော့ မဟုတ်ပါဘူး။ သာမန် တိုင်ထူတတ်ရင် လည်း ကြည့်လို့ ရပါတယ်။ သတိလေးထားပြီး ကြည့်ဖို့ပဲ လိုပါတယ်။ ဆိုကြပါစို့ ဖထီးရာ ‘ဆပွတ်စေလတ်၊ စတုခါတ်၊ ပေးအပ်လေသည်ပ။ ပဥ္စပွတ်ရပ်သာ လှည့်မျက်နှာ သူနာဂိလာန’ ဆိုတဲ့ အင်္ဂဝိဇ္ဇာပညာခန်းကို ကြည့်။

လူနာတစ်ယောက်ကို သူ့ရဲ့ ‘ပဥ္စပွတ်အရပ်’ ကို မျက်နှာ မူခိုင်းပြီး ‘ဆပွတ်နံသင့်နေ့သား’က ‘စတုရန်းခါတ်စာ’ကိုပေးရင် ဝေဒနာရှင်ရောဂါ မုချပျောက်ရမယ်လို့ ဆိုထားတယ်။ ဒါဟာ. . .

‘သာစည်-ပင်းယ’ ကြိုးပညာခန်းထဲက တစ်ကွက်ပဲ ရှိသေးတယ်။ ဥပမာ တနင်္ဂနွေသားတစ်ယောက် နေထိုင်မကောင်းဖြစ်ရင် အနောက် အရပ်ကိုလှည့်၊ ဗုဒ္ဓဟူးနံအစားအစာ ဆေးခါတ်စာ တစ်ခုခုကိုပေးရင် ရောဂါပျောက်ကင်းရမယ်လို့ ပြထားတဲ့သဘောပဲ။ အဲဒီ အစီအရင်ကို ဆပွတ်နေ့သား သောကြာက ပြုရမယ်လို့ ဆိုထားတယ်”

ပဥ္စပွတ် ၅ မျက်နှာလှည့်ရန်
၂
ပြုလုပ်ပေးရန် ၆ ဆပွတ်
နေ့သား
၁ တနင်္ဂနွေသား
စတုရန်း ၄ စားသောက်ရန် ဆေး၊ ခါတ်စာ
၀
၃

ကျွန်ုပ်ပြောနေသော စကားများကို နားထောင်နေရင်းမှ ဖထီး၏ မျက်နှာမှာ ပြုံးလာပြီး အားရပါးရ ပြင်ထိုင်လိုက်ရင်း. . .

“အေး-အဲ . . . ဒါ မကြားဖူးသေးဘူး၊ ကောင်းတယ်ဗျာ၊ လုပ်ပါဦး အဲဒီ ပညာခန်း”

“အခု ကျွန်တော် ပြောပြလိုက်တာက ‘သာစည်-ပင်းယ’ အတည့်၊ ကျွန်တော် မြင်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ကတော့ တမင်ကို ဖောက်ထိုးလုပ်ထည့်လိုက် တာဗျ၊ ဘယ်လိုလုပ်လဲဆိုတော့ သူရဇ္ဇအခါ တည့်တည့်မှာကို လပြည့်ဝန်း ဆိုတဲ့ ဆိုင်ကိုသွားပြီး ပေါင်မုန့်မီးကင်နဲ့ မယ်လ်တိုဗာနဲ့ သောက်ပြ



www.burmeseclassic.com

www.burmeseclassic.com



စားပြတာ၊ သူကလည်း တနင်္ဂနွေသား။

၅ ← ပေါင်မုန့်မီးကင် - မယ်လ်တိုဗာ
၂
၆
တနင်္ဂနွေသား ၁
၄ ← လပြည့်ဝန်းမှာ
၀

(ပင်းယ ဇောက်ထိုးဖြစ်သွားရပုံကို လေ့လာပါ။)

ဒါ တစ်ကြိမ်တည်း မဟုတ်ဘူးနော်။ သုံးလေးကြိမ် လုပ်တာ။ ကျွန်တော်က တားတယ်။ ခင်ဗျားဗျာ မယုံရင်လည်း နေပါ။ ခင်ဗျားကို ဘယ်သူကမှ ရိုက်နှက်ပြီး ယုံပါလို့ ပြောနေတာ မဟုတ်ပါဘူး။ ဒါလောက်လည်း ဇောက်တိဇောက်ထိုး လက်တည့်စမ်းပြမနေပါနဲ့လို့ တားမိတယ်။ မရဘူး။ ဟုတ်တယ် သူကတော့ ဘာမှ မဖြစ်ဘူး။ သူ့အမေကြီး ရုတ်တရက် လေဖြတ်သွားရောဗျို့. အဲဒီရက်နဲ့ သိပ်မကွာဘူး"

"ဟယ် ကြည့်စမ်း"

"ဒါကို တိုက်ဆိုင်တယ်ပြောရင်လည်း တိုက်ဆိုင်တယ်ပေါ့ ဖထီးရယ်၊ ပညာခန်းနဲ့ ကြည့်ရင်လည်း တိုင်ဇောက်ထိုးပေါ့။ ဘာပဲပြောပြော အဲဒီလူအတွက် ကျွန်တော် ကြိုပြီး စိတ်မကောင်းခဲ့ဘူး။ သူ့အမေ အဲဒီလို ဖြစ်သွားတော့ သူ နည်းနည်း မျက်စိမျက်နှာပျက်ပြီး ညှိုးကျသွားတယ်။ သူ့လုပ်ရပ်တွေကိုများ သူနောင်တရသွားလား မပြောတတ်ပါဘူး"

"အေးဗျာ မယုံရင်လည်း နေလိုက်တာ မဟုတ်ဘူး"

"ကျွန်တော် ဆိုလိုတာ ဖထီး ရှင်းမှာပါ။ တနင်္ဂနွေနေ့မျိုးတွေမှာ တနင်္ဂနွေအခါတွေမှာ လပြည့်ဝန်းဆိုတဲ့ ဗုဒ္ဓဟူးနံဆိုင်ပေါင်းများစွာမှာ ကြာသပတေးနံတွေ စားသောက်နေကြသူတွေ အများကြီး၊ ဘာမှ ဖြစ်တာ မဟုတ်ဘူး၊ ဒါက ပကတိ၊ ဘာမှ မဖြစ်ဘူး။ စားသင့်ချိန်မှာ စားသင့်တဲ့ အစားအစာ စားတာ ဘာမှ မဖြစ်ဘူး။ ခုနလိုတော့ တမင်အရွဲ့တိုက် လုပ်တာမျိုးကတော့ ပကတိလို့ ပြောလို့ မရတော့ဘူး။ ပညာကို တမင် အဲဒီလို ဆန်တက်ပြနိုင်လောက်တဲ့ 'စွမ်းအား' သူ့မှာ ရှိတာမှ မဟုတ်တာ"

သက်ပြင်းကြီးချလိုက်ပြီး လုံချည်ကို ဒူးအထိ ဆွဲမ၍ ပြင်ထိုင်လိုက်ပြန်၏။

"ဒီလိုပဲ အသီးအနှံတွေ ရောင်းနေတဲ့နားမှာ ကိစ္စတစ်ခုကို တွေ့ရင် အဲဒီ အသီးအနှံတွေနဲ့လိုက်ပြီး နိမိတ်ကောက်လို့ မရဘူး။ ဒါဆို ဈေးထဲက သစ်သီးတန်းမှာ နေ့စဉ် ဈေးဝယ်နေတဲ့သူတွေ ဒုက္ခပေါ့။ မြစ်နားချောင်းနား၊ ပင်လယ်နားမှာနေတဲ့ လူတွေ ရေပေါ်မှာ ငါးပုံတွေ ရှိ




www.burmeseclassic.com

www.burmeseclassic.com



နိမိတ်မဟုတ်သလို၊ နွားပွဲဈေးမှာ နွားတစ်ကောင်နဲ့တစ်ကောင် တွေ့ရင်လည်း နိမိတ် မဟုတ်ဘူး။ ဒါတွေကို ပညာပါလို့ သွားယူလို့ မရဘူး။ ဒါဆိုရင် တနင်္ဂနွေသားသမီးတွေဟာ လက်ဖက်၊ လက်ဖက်ရည်၊ ကတက်၊ ငွေး တောက်၊ ဘယ်လိုလုပ် စားရတော့မလဲ။ ပင်းယ ဇောက်ထိုးတွေ။ အမြစ် အညွန့် ဇောက်ထိုးတွေ၊ ရွှေဘိုတို့၊ ယင်းမာပင်တို့မှာနေတဲ့ တနင်္ဂနွေသား တွေဆို ဘယ်လိုလုပ်မလဲ”




(ရွှေဘို၊ လက်ဖက်၊ ကတက်၊ ငွေးတောက် စသော နေရာများ၊ အစာများနှင့် တနင်္ဂနွေကို ယှဉ်ပြပုံ)

“အေးလေ ဘယ်လိုလုပ်မလဲ”

“နာမည်ရှိသမျှ လျှောက်တွေးပြီး ပြောချင်ရာ ပြောနေလို့ကတော့ မဆုံးဘူး ဖထီး၊ အမှန်က အဲဒီ ပကတိနဲ့ ဝိကတိကို သိအောင် ကြိုးစား သင့်ကြပါတယ် ဖထီးရယ်၊ မဖြစ်နိုင်တာတွေကို ပြောမိတဲ့အခါကျတော့ ရှေးရှေးက ပညာကြီးတွေ ဖွင့်ဆိုပေးဝေသွားကြတဲ့ ဆရာတော်ဘုရားကြီး တွေရဲ့ ပညာတွေ၊ ဆိုဆုံးမမှုတွေကို ကဲ့ရဲ့ခံရလွန်းပါတယ်။ တကယ်ပဲ လွယ်နေသလို၊ တကယ်ပဲ ပေါနေသလိုပဲ။

ဥပမာ ဖထီးရယ်၊ စနေသားတစ်ယောက် ဆိုပါတော့။ သူဟာ အင်္ဂါအခါမှာ အစီအစဉ်တစ်ခုကို ဆွဲမယ်။ ဒီအစီအစဉ်မှာ ပထမ သူ့ချစ်သူနဲ့အတူ လည်မယ်ပတ်မယ်၊ ဈေးလျှောက်ဝယ်မယ်။ ပြီးမှ သူ့အမေကို ဂရုစိုက်ရမယ့်ကိစ္စတွေ လုပ်မယ်ဆိုပါတော့။ ဒါဟာ ရိုးရိုး ကြည့်ရင် ရိုးရိုးပဲ။ သေချာ ပညာနဲ့ ဒက်ခနဲ ကြည့်လိုက်တဲ့အခါကျတော့ တိုင်ဇောက်ထိုး ဖြစ်နေတာ သွားတွေ့ရတော့တာပဲ”

“ဘယ်လို မရှင်းဘူး”

✳ ✳ ✳

ဖထီး နားလည်အောင် ရှင်းပြခဲ့ရသော ‘တိုင်ဇောက်ထိုး’ ပညာခန်း များကို ဆက်လက် ဖွင့်ဆိုသွားပါမည်။ လွန်ခဲ့သော (၁၄)နှစ်၊ (၁၅)နှစ်ခန့်က ရေးသားဖွင့်ဆို ပညာပေးခဲ့သော ပညာခန်းများဖြစ်၍ ယနေ့ အသက် နှစ်ဆယ်ကျော်အရွယ် လူငယ်များ ပညာယူကြသည့်အခါ ထိုပညာတို့ မြုပ်နေပါသည်။ သူတို့ခေတ် သူတို့အရွယ်နှင့် ကျွန်ုပ် ပြခဲ့သော ပညာခန်း



www.burmeseclassic.com

www.burmeseclassic.com



များကို မမီခဲ့ကြပါ။ ထို့ကြောင့် ပညာလိုလားသော မျိုးဆက်သစ် အနာဂတ် သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများ၏ ဆန္ဒကို ဤနေရာမှပင် ပြန်ကြားလိုက်ပါသည်။ ရှေးတုန်းက ရေးသားဖွင့်ဆိုပြခဲ့ပြီးသော စောလှ- လှေဆန်ကိန်းမိပုံ ပညာခန်းကြီးများ၊ လူတစ်ယောက်၏ ဖြစ်ပျက်ပုံကို တိုင် (၇)ပါးနှင့် ပြေးပြသော ပညာခန်းကြီးများ၊ အမြစ်အညွန့် အတည့် ပညာခန်းများ၊ အမြစ်အညွန့်ကို ဇောက်ထိုးမြင်ပြပုံ ပညာခန်းများ၊ သာစည်-ပင်းယ အတည့်မြင်ပုံ ပညာခန်းများ၊ သာစည်-ပင်းယကို ဇောက်ထိုး မြင်ပြပုံ ပညာခန်းများ၊ အတွင်းအာယုကပ်၊ အပြင်အာယုကပ် ပညာခန်း များ၊ ဥပါဒ်ကြီးမိပုံများ၊ ဥဩမြည်သံပညာခန်းများ၊ ကက်ကင်းပညာခန်း များ၊ ဓာတ်တူ နံတူ ပညာခန်းများ၊ နဝလဂ်ပညာခန်းများ၊ အဌလဂ်ခွင်နှင့် အခါတိုင် ပေါင်းစပ်ဟောသော (သမားစဉ်)ပညာခန်းများ၊ နင်းကြမ်း ယတြာကြီးများ၊ အကြောင်းမြှင့်ယတြာကြီးများ၊ အကြောင်းဖျက်ယတြာ ကြီးများ၊ အင်္ဂဝိဇ္ဇာနံတော်စဉ် ပညာခန်းကြီးများ၊ ဂြိုဟ်ဌာနရပ်တည်နေပုံ များကို လက်တွေ့နှင့်ယှဉ်၍ ဟောပြသော ပညာခန်းကြီးများ၊ ဆပွတ်ရိုက် သော ဟောကွက်များ၊ နဝင်းအဖွင့်၊ အခိုက်အပွင့် ပညာခန်းကြီးများ စသည် စသည်တို့အား ဆောင်းပါးအဟောင်းများနှင့် ယှဉ်၍ယှဉ်၍ တစ်လချင်း ရေးသားတင်ဆက်ဖွင့်ဆိုသွားပါမည်။ နေ့စဉ် များပြားလှ သော ပရိသတ်ကြားမှ အင်္ဂဝိဇ္ဇာပညာခန်း အတွေ့အကြုံပေါင်းများစွာကို ပညာလိုလားကြသူများအတွက် ထုတ်ဖွင့်ရန် ပြင်ဆင်နေပြီဖြစ်ပါကြောင်း မေတ္တာစကားဆိုရင်း. . .

စာကြွင်း

ထိုပညာခန်းကြီးများပါဝင်သော (၂၀)ရာစု အင်္ဂဝိဇ္ဇာ ဆောင်းပါး များပေါင်းချုပ် ပထမတွဲနှင့် ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ အားလုံး သည် ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေပြီး ဖြစ်ပါသည်။

❖ ❖ ❖

(ရှုမဝမဂ္ဂဇင်း အတွဲ (၈)၊ အမှတ်- ၁၀)



www.burmeseclassic.com

www.burmeseclassic.com

## မိုးကောင်းကင်ကို မော့ကြည့်ခြင်း (၁)

လွန်ခဲ့သော (၁၀)နှစ်ခန့်က . . .

✳ ✳ ✳

"ဘယ်သူ့အလှည့်လဲ ဦးသန်းထွန်းအောင်"

"ကိုလှဝင်းတဲ့ ဆရာ"

"ခေါ်ထားလိုက်လေ၊ ဒီမှာ သူ ပြီးရင် လွှတ်လိုက်တော့"

ရုံးပိတ်ရက် သာယာဝတီမှ ခေတ္တ အလည်ရောက်လာသော တပည့်ကျော် မြိုင်ရာဇာကြီးအား လှမ်းပြောလိုက်၏။ တစ်နေ့လျှင် လူ (၁၀)ဦး ဟောနေသော အချိန်က ဖြစ်၏။ ဦးသန်းထွန်းအောင်သည် ရန်ကုန်ရောက်သည်နှင့် ကျွန်ုပ်နှင့်အတူ နေထိုင်ပြီး ပညာသင်ခြင်း၊ ဟောသည့်အနားတွင် ထိုင်၍ ပညာယူခြင်း၊ တိုကင်ခေါ်ပေးခြင်းများကို ပြုလုပ်လေ့ရှိ၏။

"ညောင်းတယ် ဦးသန်းထွန်းအောင်ရေ၊ မနက် ရှစ်နာရီကတည်းက တောက်လျှောက်ထိုင်နေတာဆိုတော့"

"ဆရာ့ကို ကျွန်တော် ပြောသားပဲ၊ ခဏထပြီး လမ်းလေးဘာလေး လျှောက် အညောင်းလေး ဘာလေး ဖြေပါဆို၊ အခု လျှောက်မလား"

"နေပစေဗျာ၊ ရတယ်"

"မဟုတ်ဘူးလေ၊ ဒီနေ့ လူသိပ်များတယ်နော်၊ ရုံးပိတ်ရက်ဆိုတော့ ခုပဲ (၁၅)ယောက် ကျော်နေပြီ၊ နာမည် ကြိုပေးမထားဘဲ ခင်တဲ့လူတွေကပါ ဝင်တော့ ဆရာ ညောင်းနေပြီပေါ့၊ အခု ကိုလှဝင်းပြီးရင် နောက် အမျိုးသမီး တစ်ယောက် ကျန်သေးတယ်"

"အေးဗျာ၊ အဲဒီ ခင်တဲ့လူတွေ ကျတော့လည်း သိတဲ့အတိုင်းပဲ။ ခင်နေတော့ အတင်းဝင်တော့တာ၊ ဘယ်လိုလုပ် တားလို့ကောင်းပါ့မလဲ၊ ကဲကဲ . . . ခေါ်လိုက်၊ ကိုလှဝင်းဆိုတာ"

ကိုလှဝင်းဟု အမည်ရသူသည် ကျွန်ုပ်၏ ရှေ့တွင် ပြုံးရွှင်စွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး ထိုင်လိုက်၏။ ကျွန်ုပ်လည်း သူ့ကို ပြုံးပြလိုက်ပြီး ဦးသန်း ထွန်းအောင်ကိုကြည့်၍ တစ်ချက် စဉ်းစားလိုက်၏။ အပြင်မှာ နောက်ထပ် ကျန်သေးသော အမျိုးသမီးတစ်ဦးနှင့် ကိုလှဝင်းပါဆို နှစ်ဦးသာ ကျန်တော့ သည်။ အေးအေးလူလူ ပြော၍ရပြီ။ ထို့ကြောင့် ဦးသန်းထွန်းအောင်အား အနားခေါ်လိုက်ပြီး. . .

"ကိုင်း 'ကြာသုံးခိုင်' ပညာခန်းနဲ့ ကိုလှဝင်းကို ကြည့်လိုက်ရအောင်၊ မူလရယ်၊ နိမိတ်ရယ်၊ လက္ခဏာတိုင်ရယ် ရေးလိုက်စမ်း ဦးသန်းထွန်းအောင် ပညာရတာပေ့ါ. . .

| | | |
|---|---|---|
| ၆ | ၁ | ၃ |
| ၃ | ၅ | ၀ |
| ၀ | ၂ | ၄ |
| ၂ - ခင် | ၄ - လှ | ၆ - သွေ |
| ၅ | ၀ | ၂ |
| ၁ | ၃ | ၅ |
| ၄ | ၆ | ၁ |
| မူလအခါ | နိမိတ် | လက္ခဏာ |

"ပြီးပြီ ဆရာ 'ခင်၊ လှ၊ သွေ' ထွက်လာပြီ"

"ကဲ ဟုတ်ပြီ၊ ကိုလှဝင်း ခင်ဗျားမှာ ခရီးဂြိုဟ် မြင်နေတယ်"

"ဟုတ်တယ် ဆရာ၊ အခုလာတာ အဲဒီကိစ္စပဲ"

"အလုပ်ကိစ္စနဲ့ ပတ်သက်လိမ့်မယ်"

"အလုပ်သွားလုပ်မလို့ဆရာ၊ တောင်ကြီးဘက်မှာ"

"ဒါပေမယ့် ခင်ဗျားမှာ ရန်ရှိတယ်၊ အတိုက်အခံရှိနေတယ်၊ ခင်ဗျား သတိတော့ ထားရလိမ့်မယ်"

"ခုကို ကျွန်တော့် စီးပွားကို မနာလိုလို့ ဝိုင်းတိုက်ကြတဲ့သူတွေ အားကြီးပဲ ဆရာ၊ ကျွန်တော်ကလည်း ဂရုမစိုက်ဘူး၊ ထပ်တိုးချဲ့လုပ်မှာ"

"စဉ်းစားပြီးမှ လုပ်နော်၊ လုပ်ငန်းအရသာ ခင်ဗျား လုပ်ဖြစ်ရင် လုပ်ဖြစ်သွားမယ်၊ ငွေကြေးအရတော့ အောင်မြင်မှာ မဟုတ်သေးဘူး"

"ကျွန်တော်လည်း သိပြီးသား၊ ကြုံတွေးပြီးသားပါ ဆရာ၊ အတိုက်အခံတွေကို မခံချင်လို့ တမင်ကို လုပ်ငန်းချဲ့တာ၊ ဟိုမှာက ကျွန်တော့် ညီအစ်ကိုမောင်နှမ အသိုင်းအဝိုင်းရှိတော့ လုပ်ငန်းလုပ်ပြီး သူတို့ကို တည်ပေးခဲ့မယ်၊ အကျိုးအမြတ် ကျွန်တော် ဘာမှ ရှိမှာမဟုတ်ဘူး"

"ဪ ဒီလိုလား၊ အဲဒါဆို ကောင်းတယ်၊ ခင်ဗျား လုပ်ငန်း တည်မယ် ဆိုတာက စက်ပစ္စည်းတွေနဲ့များ ပတ်သက်နေလား"

"ဟုတ်တယ်၊ ကလေးတွေ ကစားတဲ့ တီဗွီဂိမ်းဆိုင်ဖွင့်မှာ ဆရာ"

"ဒါဆို ခင်ဗျား ညီအစ်ကိုမောင်နှမထဲမှာ အင်္ဂါသားသမီးတို့ စနေသားသမီးတို့ရှိရင် သူတို့ကို ဦးစီးခိုင်း၊ အဲဒီလုပ်ငန်းကို သူတို့ ဦးစီးလုပ်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဖြစ်တယ်”

“အောင်မြင်မလားဆရာ သူတို့”

“သိပ်အောင်မြင်တာပေ့ါ၊ အင်္ဂါ၊ စနေသာ ဦးစီးပစေ”

“တနင်္ဂနွေကို ဦးစီးခိုင်းရင်ကော ဆရာ”

“အင်း တနင်္ဂနွေဆိုရင်တော့ သွားမလုပ်နဲ့၊ သူက လူလွတ်ဆိုရင်လည်း နှလုံးသားရေးရာကိစ္စ အလျှို့အဝှက်တွေ ရှိမယ်၊ အိမ်ထောင်နဲ့ဆိုရင်လည်း အိမ်ထောင်ရေး မကောင်းလို့ ခင်ဗျား လုပ်ငန်းပါ ကသောင်းကနင်း ဖြစ်ကုန်ဦးမယ်”

“ဟုတ်တယ်ဆရာ၊ သူ့ယောကျ်ား နောက်မိန်းမ ယူသွားလို့ ဒုက္ခရောက်နေတဲ့ ကျွန်တော့်အစ်မပဲ၊ ကျွန်တော့်ထက် အကြီး”

“အေးလေ၊ ပြောပြီးပြီပဲ၊ ဘာပဲ တော်တော်၊ သွားဦးစီးခိုင်းလို့ မရဘူး”

“ဒီလိုဆို ဒိပြင် ဦးစီးလို့ မရတဲ့ နာမည်တွေ ပြောပြပါဦးဆရာ”

ကိုလှဝင်းသည် ပြောပြောဆိုဆိုနှင့် သူ၏ အင်္ကျီအိတ်ထဲမှ စာရွက်ဖြူလေးတစ်ရွက် ထုတ်လိုက်ပြီး ဘောလ်ပင် ဖွင့်လိုက်၏။

“အိမ်ထောင်ပျက်ထားဖူးတဲ့ သူမျိုးတွေရယ်၊ ခုနပြောတဲ့ တနင်္ဂနွေသားသမီးတွေရယ်၊ သည်းမခံတတ်တဲ့၊ ရန်လိုတတ်တဲ့ ကြာသပတေးရယ်ကို လုပ်ငန်းမှာ မဦးစီးခိုင်းနဲ့”

“ဘယ်နေ့ စဖွင့်ရင် ကောင်းမလဲ ဆရာ”

“စနေနေ့ စဖွင့်၊ မနက် (၇)နာရီမှာ စဖွင့်”

“ကျွန်တော်က စွန့်ရမှာဆိုတော့ . . . အောင်မြင်ပါ့မလား ဆရာ”

“အေး၊ အဲဒီ စွန့်ရမှာကြောင့် ခင်ဗျား အောင်မြင်လိမ့်မယ်”

“ဟာ ခုမှပဲ ရင်ကို အေးသွားရတော့တယ်။ ကျွန်တော် ဘာယတြာတွေ ချေရဦးမလဲ ဆရာ”

“မလိုဘူးလေ၊ အောင်မြင်ပါ့မယ် ဆိုမှ ဘာယတြာချေချင်သေးလို့လဲ၊ ဘာမှ ချေစရာ အကြောင်းလည်း မရှိဘူး၊ ခုနပြောတဲ့အတိုင်း လိုက်နာပေတော့၊ သွားတော့၊ ရပြီ”

အားရဝမ်းသာနှင့် စာရွက်လေးခေါက်ထည့်ပြီး ထွက်သွားသော ကိုလှဝင်းကို ပြုံး၍ ကြည့်နေစဉ် . . .

“ဆရာ”

“ဗျာ ဘာလဲ ဦးသန်းထွန်းအောင်”

“အဲလိုတော့ မလုပ်နဲ့လေ ဆရာ၊ တပည့်ကြီး ဘာမှန်း မသိလိုက်ဘူး၊ တပည့်ကြီးကို သင်ထားပြီးသား မဟုတ်တာတွေနဲ့ ဒေါက်ခနဲ ပြောလိုက်တော့ ဘယ်ဟာကို ဘယ်လို လိုက်ကြည့်လို့ ကြည့်ရမှန်း မသိတော့ဘူး”

“အမယ် . . . ဘာတွေ လျှောက်ပြောနေတာလဲ၊ ဘယ်ဟာလဲ မသင်ရသေးတာ”



www.burmeseclassic.com

www.burmeseclassic.com



"အခု ကြာသုံးခိုင်ပညာခန်း၊ ဟောပေါက်မသင်ရသေးတာကိုလေ ဆရာ"

ကျွန်ုပ်သည် ဦးသန်းထွန်းအောင်၏ ပခုံးအား တစ်ချက် လှမ်းပုတ်လိုက်ပြီး. . .

"ဘာလို့ မသင်ရသေးတာလဲ၊ သူရဇ္ဇသောကြ စသင်ကတည်းက သင်ထားပြီးသား၊ အဲဒါ သေချာ အာရုံစိုက်ပြီး မလေ့လာလို့ ဝေသွားတာ၊ ဘာခက်လို့လဲ"

"အဲဒါဆို ဆရာ၊ တပည့်ကြီးကို တစ်ခေါက် ပြောပြပါဦး၊ ခရီးဂြိုဟ် မြင်နေတယ်လို့ ကိုလှဝင်းကို စပြောခဲ့တာ"

"အမယ်လေး ဒါများ၊ စန္ဒြေအခါဟာ ခရီးဂြိုဟ် သောကြာနဝင်း ပေါ်နေတာ ဘာတွေ ကြောင်နေပြန်တာလဲ၊ မူလအခါအတိုင်း နဝင်းကို စပြောလိုက်တာပေါ့"

"အလုပ်ကိစ္စနဲ့ ပတ်သက်လိမ့်မယ် ဆိုတာကရော ဆရာ"

"ကျွန်တော် အဲဒါကတော့ တကယ့်ကို စိတ်ဆိုးတယ်၊ သင်ပြီးသားကို မသိဘူးပြောလို့၊ အလုပ်ကိစ္စနဲ့ ပတ်သက်တယ်ဆိုတာက နဝင်းမှာရှိတဲ့ ခရီးဂြိုဟ် ပရိယာယ် သောကြာမှန်ပြီဆို လိုက်တာနဲ့ အခိုက်မှာရှိတဲ့ တနင်္ဂနွေဂြိုဟ်က အသက်ဝင် လှုပ်ရှားလာပြီပေါ့ ဦးသန်းထွန်းအောင်ရဲ့ နဝင်းကနေ အခိုက်ကို လှမ်းဟောတဲ့ ဥစ္စာများ ထူးထူးဆန်းဆန်း"

"ရန်ရှိတယ်၊ အတိုက်အခံရှိနေတယ်ဆိုတာက . . . "

"အဲဒါ ခုနပြောတဲ့ တနင်္ဂနွေ ပရိယာယ်ပေါ်လာပြီ၊ မှန်ပြီဆိုတော့၊ မူလတိုင်ရဲ့ ဘေးနားမှာ ပြဋ္ဌာန်းထားတဲ့ 'နိမိတ်'တိုင် မှန်ပြီလို့ ယူဆရပြီလေ။ နိမိတ်တိုင်ရဲ့ နဝင်းမှာ တနင်္ဂနွေ အလုပ်အကိုင်ဂြိုဟ် ပရိယာယ် ပေါ်နေပြီ၊ မူလတိုင်ရဲ့ နဝင်းက 'သောကြာ'နဲ့ နိမိတ်တိုင်ရဲ့ နဝင်းက 'တနင်္ဂနွေ'ဟာ 'သူအို'ကိန်းလည်း မိထားတာကြောင့် ကိုလှဝင်းဟာ ကြိမ်းသေ ခရီးသွားဖြစ်မယ်။ ဒါပေမယ့် ဟိုမှာ အခြေမချဘူး၊ ယာယီပဲ။ ခရီးသွားမယ်ဆိုတာ မှန်ပြီ၊ အလုပ်အကိုင်အတွက် မှန်ပြီဆိုတော့ မူလနဝင်း နိမိတ်နဝင်း မှန်ပြီဆိုတော့ 'လက္ခဏာ'တိုင်ရဲ့ နဝင်းဟာ မှန်ကို မှန်ရမယ်။ မလွဲစေရဘူး။ ဒါကြောင့် နိမိတ်နဝင်းနဲ့ လက္ခဏာနဝင်း ဦးညို (၁-၃) ပေါ်နေလို့ ရန် အတိုက်အခံရှိတယ် ဆိုတာ ပြောလိုက်တာလေ"

"ဩော် . . . လုပ်ငန်းအရ အောင်မြင်ပြီး ငွေကြေးအရ မအောင်မြင်နိုင်ဘူးဆိုတာက ငွေနံ အလယ်အခြာမို့လို့လား ဆရာ"

"အဲဒီလိုလည်း ယူလို့ရတယ်။ မူလအခါကိုက နံတော်စဉ် ပညာခန်းနဲ့ကြည့်ရင် ဘုရားရှင် တောထွက်တော်မူရာအခါမို့ စည်းစိမ်ဥစ္စာတွေကို စွန့်ခွာတော်မူတဲ့ နိမိတ်ကို ကြည့်ဟောလိုက်တာ"

"စက်ပစ္စည်းတွေနဲ့ ပတ်သက်မယ် ဆိုတာကရော ဆရာ၊ နိမိတ်တိုင်ကနဝင်း တနင်္ဂနွေဘေးက လက္ခဏာတိုင်နဝင်းမှာ အင်္ဂါရှိနေလို့လား



www.burmeseclassic.com

www.burmeseclassic.com



ဆရာ"

"အဲဒါဆို ဆေးကိစ္စတို့၊ စောင်အရောင်းအဝယ်တို့၊ ဆန်ဆီ အရောင်းအဝယ်တို့ဆိုရင် ဘယ်လိုလုပ်မလဲ၊ ဒါလည်း အင်္ဂါပဲလေ"

"ဟုတ်တယ်နော်"

"'ညွှန့်နေပစ္စည်းပွား' ဆိုတဲ့ အင်္ဂဝိဇ္ဇာပညာခန်းရှိတယ်လေ၊ မူလ အခါရဲ့ အညွှန့်ဂြိုဟ်ဟာ အင်္ဂါ၊ နိမိတ်တိုင်ရဲ့ အညွှန့်ဂြိုဟ်က ကြာသပတေး၊ မြေဓာတ်၊ ပထဝီဓာတ်၊ ခိုင်မာတဲ့ဓာတ်၊ ဖွံ့ဖြိုးတဲ့ဓာတ်၊ အဲဒီ နိမိတ်တိုင် ဘေးက လက္ခဏာတိုင်ရဲ့ အညွှန့်မှာ စနေ ရှိတယ်။ စနေက မီးဓာတ်၊ ဒါဖြင့် မီးနဲ့ဆိုင်တဲ့ အဆောက်အအုံပဲ ဖြစ်ရမယ်လို့ ကျွန်တော် ယူဆလိုက် တာပေါ့၊ ဒါတောင် ကျွန်တော် ထင်တာ လွဲသွားတယ်။ ကျွန်တော်က စက်ရုံတစ်ခုခု တည်မယ်ထင်တာ၊ သူပြောတော့ ကြားတဲ့အတိုင်းပဲ စက်တော့စက်ပဲ၊ တီဗွီဂိန်း ဖြစ်နေတယ်"

"အင်္ဂါသားသမီးတို့ စနေသားသမီးတို့ကို ဦးစီးဦးဆောင်ခိုင်း တာက . . ."

"မူလတိုင်ရဲ့ အထက်ဆောင်ပန်းမှာ အင်္ဂါ၊ စနေ အားကောင်း သလို၊ လက္ခဏာတိုင်ရဲ့ အထက်ဆောင်ပန်းမှာလည်း အင်္ဂါ၊ စနေ အားကောင်းနေတယ်လေ၊ ဒါကြောင့် . . ."

"ဩော် . . . သဘောပေါက်ပြီ။ ကိုလှဝင်းက တနင်္ဂနွေကို ဦးစီးဖို့ ပြောတုန်းက ဆရာ ခါးခါးသီးသီး ငြင်းလိုက်ပြီး အိမ်ထောင်ရေးတို့ နှလုံးသား ရေးတို့ ပြဿနာရှိတယ် ဆိုတာကရော ဆရာ လုပ်ပါဦး တပည့်ကြီးကို"

"ဒါက . . . တနင်္ဂနွေကို ဦးစီးခိုင်းချင်ပါတယ်လို့ သူပြောလာ လိုက်တာနဲ့ မူလအခါမှာ ခိုက်နေတဲ့ တနင်္ဂနွေကို အာရုံစိုက်ရပြီ၊ အဲဒီမှာ ကြည့်၊ အခိုက် တနင်္ဂနွေကနေ ဆက်ကြည့်၊ 'နိမိတ်တိုင်ရဲ့ အခိုက်'မှာ အင်္ဂါရှိသလို 'လက္ခဏာတိုင်ရဲ့ အခိုက်'မှာ ကြာသပတေးရှိတယ်။ နိမိတ် တိုင်ရဲ့၊ လက္ခဏာတိုင်ရဲ့ အခိုက်တွေဟာ အတွင်းမိတ်ဆွေတော်နေ တယ်။ အိမ်ထောင်မိတ်တွေ တော်နေတယ်။ မိတ်တော့ တော်ကြပါရဲ့၊ ဒါပေမယ့် ဌာနတွေ မကောင်းဘူး၊ အခိုက်တွေမှာ လာတော်နေတဲ့မိတ်၊ ဒါကြောင့် အိမ်ထောင်ရေးတို့ နှလုံးသားရေးတို့ မကောင်းဘူး ပြောခဲ့တာ"

"အဲလိုဆို အိမ်ထောင်ပျက်ထားဖူးတဲ့ သူမျိုးတွေ မဦးစီးခိုင်းတာက တနင်္ဂနွေခိုက်ချိန်ရောက်လို့ ဟုတ်ပြီ၊ တနင်္ဂနွေသားသမီး မဦးစီးခိုင်းတာ ကလည်း တနင်္ဂနွေခိုက်လို့ ဟုတ်ပြီ၊ ရန်လိုတတ်တဲ့ ကြာသပတေးကို လုပ်ငန်းမှာ မဦးစီးဖို့ ပြောတာကတော့ရော"

"စီးပွားရေးနဲ့ဆိုင်တဲ့ မူလတိုင်ရဲ့ အညွှန့်မှာရှိတဲ့ အင်္ဂါနဲ့ စက်ပစ္စည်း ကိစ္စ သေချာပြီဆိုတော့ နိမိတ်တိုင်ရဲ့ အညွှန့်မှာ ကြာသပတေးရှိနေပြီ၊ ဟိုဘက် လက္ခဏာတိုင်ရဲ့ အညွှန့်ဂြိုဟ်မှာ စနေ ရှိနေတယ်။ ဘာပဲပြောပြော နိမိတ်တိုင်ရဲ့ အညွှန့်နဲ့ လက္ခဏာတိုင်ရဲ့ အညွှန့်ဟာ ရန်မီးပွားစေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရန်ဂြိုဟ်ပဲ ဖြစ်တာနဲ့ အမှုအခင်းတန်း ဖြစ်နိုင်တယ်၊ စနေ ပရိယာယ် တွေဟာ ကြာသပတေးကို ဝင်လာဖို့ အဆင်သင့် စောင့်နေသလို ဖြစ်နေ တယ်။ ဒါကြောင့် . . . ဘာကျန်သေးလဲ”

“ဟို . . . စနေနေ့ စဖွင့်မယ်ဆိုတာက စနေနေ့မှာ ဗုဒ္ဓဟူး အပေါ်မှာ ရှိလို့လား ဆရာ”

“သောကြာနေ့နဲ့ အင်္ဂါနေ့တွေမှာလည်း ဗုဒ္ဓဟူးအပေါ်မှာ ရှိတာပဲ။ ဖွင့်ခိုင်းလို့ ရတာပဲ၊ ဒါပေမယ့် မူလတိုင်ကိုကြည့်၊ မူလတိုင်ရဲ့ နဝင်း သောကြာဘေးမှာ ဦးညိုဆိုတဲ့ ရန်ရှိတယ်။ မူလတိုင်ရဲ့ အညွန့်အင်္ဂါဘေးမှာ ရှိတဲ့ ကြာသပတေးနဲ့ စနေဟာလည်း ရန်ဂြိုဟ်ပဲ။ သိပ် မစင်ကြယ်ဘူး၊ ဒါဖြင့် မူလတိုင်ရဲ့ ဆပွတ်မှာ စနေရှိတယ်။ သူ့ဘေးက ဂြိုဟ်တွေက ကုလား (၂-၄) မိတ်ဂြိုဟ်တွေ၊ ဒါကြောင့် အစင်အကြွယ်ရွေးပြီး စနေနေ့ကို စဖွင့် ခိုင်းလိုက်တာ”

“ဩော် (၇)နာရီဆိုတာကလည်း စနေအခါရဲ့ သတ္တိကို သုံး လိုက်တာ”

“ဟုတ်တယ် . . . ကဲ . . . ဘာ ခက်လဲ၊ ဘာများ ရှုပ်နေလို့လဲ၊ သူ့ဟာ နဲ့သူ ရှင်းနေတာပဲ ဥစ္စာ”

မြိုင်ရာဇာကြီး၏ မျက်နှာမှာ ရယ်တော့မလို၊ တည်တော့မလို မျက်မှောင်ကြုတ်တော့မလို ပြုံးတော့မလိုနှင့် သူ့ အမူအရာကို ကျွန်ုပ် ပင်လျှင် ဝေခွဲမရ ဖြစ်နေရတော့၏။ သေချာကြည့်နေရင်းမှ ခေါင်း တဆတ်ဆတ် ခါလိုက်ပြီး. . .

“ဟာ . . . မချောင်ဘူး၊ မချောင်ဘူး၊ တော်တော့်ကို လေ့လာမှ”

“ကဲ နောက်မှ လေ့လာ၊ ဟိုအပြင်က အမျိုးသမီး ခင်ဗျားကို ကြိမ်ဆဲနေဦးမယ်၊ ခေါ်လိုက်”

ရှေ့တွင် ထိုင်လိုက်သော အမျိုးသမီးအား တစ်ချက် အကဲခတ် လိုက်ပြီး. . .

“ပြော . . . နာမည်”

“လွင်မာဝေပါ”

“ဟိုက် ‘လူမြန်မင်းလွတ်’ ကိန်းကြီး မိနေပါလား”

အင်္ဂဝိဇ္ဇာပညာရပ်တွင် သူမတူအောင် ခိုက်တတ်သော နာမည် ကျော် စောလှ-လှေဆန်ကိန်းမှ လူမြန်မင်းလွတ်ကိန်းကြီး မိနေသည် ဖြစ်ရာ. . .

“ကြည့် ဦးသန်းထွန်းအောင်၊ သူ့ နာမည် လူမြန်မင်းလွတ်ကိန်းကြီး မိနေပြီ၊ နဝင်း နိမိတ်တွေကို ပြောလို့ မရနိုင်တော့ဘူး”

“လွင်မာဝေ ခရီးသွားဖို့ ကြံခဲ့သေးလား၊ ဒါမှမဟုတ် ခရီးထွက်ခဲ့ သေးလား”

“မထွက်ခဲ့ဘူး ဆရာ၊ ထွက်မယ်ကြံပြီးမှ ပျက်သွားတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် လွင်မာဝေကိစ္စဟာ အဆောက်အအုံကိစ္စ"

"ဟုတ်ပါတယ်"

"ဟုတ်ရင် အစွပ်အစွဲ အပြောအဆို ခံနေရပြီ"

"တိုက်ခန်း ဆရာ၊ အမှုကို ဖြစ်နေတာ"

ကျွန်ုပ်သည် ဦးသန်းထွန်းအောင်၏ မျက်နှာအား လှမ်းအကဲခတ်လိုက်၏။ ဦးသန်းထွန်းအောင်မှာ တိုင်သုံးတိုင် ထူထားသည်ကို ပြုံးနေအောင် ကြည့်ရင်း အသက်ရှူဖို့ကိုပင် မေ့နေသလား ထင်ရ၏။

"အဲဒီကိစ္စမှာ အင်္ဂါသားတစ်ယောက် ကြားညပ် သွားတတ်တယ်"

"ကျွန်မ ဦးလေးပါ ဆရာ၊ သူက အင်္ဂါသား၊ အဲဒီအမှုဖြစ်တဲ့ တိုက်ခန်းမှာ သူ့ကို မထားမဖြစ် ထားထားပြီး အမှုကို ရင်ဆိုင်နေရတယ်"

"ဒီလိုဆို အဲဒီတိုက်ခန်းပြဿနာတက်တာ ကြာသပတေးနာမည်ကြောင့်ပဲ"

"သူပေါ့ ဆရာ၊ အဲဒီ ကြာသပတေး အစမသတ်ခဲ့လို့ နောက်လူနဲ့ ပြဿနာတက်တာ"

"အင်း . . . ကြာသပတေးတွေ၊ တနင်္ဂနွေတွေကြောင့် တော်တော် စိတ်ဆင်းရဲရလိမ့်မယ်၊ အဲဒီလူတွေ တော်တော် နှောင့်ယှက်လိမ့်မယ်"

"အခု ကြုံနေရတာ အဲဒီလူနှစ်ယောက်ကြောင့်ပဲ၊ ကြာသပတေးက အစမသတ်ခဲ့လို့ တနင်္ဂနွေက တရားဆက်စွဲတာ"

"ကြာသပတေးနာမည်က စနေ တနင်္လာနဲ့ တွဲလား"

"မဟုတ်ဘူးဆရာ၊ သောကြာနဲ့"

"ဟင်း . . . သာစည်၊ ပင်းယ ဖောက်ထိုးကြီးပါလား"

"ရှင်"

"ဩော် ပညာခန်းကို ပါးစပ်က ရေရွတ်မိတာပါ။ အခုလို လွင်မာဝေရောက်လာတဲ့အခါမှာ ကြားရတဲ့ ဒီနာမည်ရှင်ဟာ တကယ့်ကို အတွေးအခေါ် ဖောက်တိဖောက်ထိုး ဖြစ်နေမှာပဲ၊ ဒီတော့ လွင်မာဝေ လာရင်း ကိစ္စက တိုက်ခန်းအမှုဖြစ်နေတာ အဆင်ပြေချင်လို့ပဲမို့လား"

"ဟုတ်ပါတယ်၊ ဒီကိစ္စကိုလည်း ကျွန်မပဲ ရင်ဆိုင်ရတော့မှာပါ၊ ဘယ်နေ့သားတွေရဲ့ အကူအညီကိုယူပြီး ဘယ်လို လုပ်သင့်တယ်ဆိုတာ"

လွင်မာဝေကို ဆောင်ရန်ရှောင်ရန်များ ပြောပြလိုက်၏။ သူကလည်း စာရွက်နှင့် လိုက်မှတ်၏။ တစ်အောင့်ကြာသော် သူသိချင်သည်များ ပြည့်စုံသွားပြီဖြစ်၍ လွင်မာဝေ ပြန်သွားတော့၏။

ထိုနေ့က. . .

တပည့်ကျော် မြိုင်ရာဇာကြီးကို နောက်ထပ် ရှင်းမပြခဲ့တော့ပါ။

သူ့ဟာသူ မြင်အောင် ကြည့်စေခဲ့ပါသည်။

ပညာယူနေကြသူများ၊ ဗဟုသုတယူနေကြသူများ၊ အင်္ဂဝိဇ္ဇာချစ်သူများသည်လည်း ကိုလှဝင်းအား ဟောပြခဲ့ပုံကို နမူနာယူ၍ ဉာဏ်ပြုနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဆိုကြည့်စေချင်ပါသည်။ လွင်မာဝေကို ဟောပြောခဲ့သည်များမှာ ပို၍ပင် လွယ်ကူပါသည်။ သိပ်တွေးစရာပင် မလိုပါ။ ရှင်းခနဲ မြင်နိုင်ပါသည်။ ထို့ကြောင့် ပညာအမြင်ကို လေ့ကျင့်ကြည့်ကြစေလို၍ လွင်မာဝေ ဟောခန်း များ မဖွင့်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ အခက်ပါ။ ဤ ဟောကွက်များသည် ယနေ့ မျက်မှောက် အင်္ဂဝိဇ္ဇာပညာရှင်များ ဒိုးခနဲဒေါက်ခနဲ ဟောနိုင်သော ဟောကွက်များသာ ဖြစ်ပါသည်။ ကျွန်ုပ်သည်လည်း တစ်နေ့ ထို ပညာရှင် များကဲ့သို့ဖြစ်အောင် အတွေ့အကြုံ ဗဟုသုတများ ရှာမှီးလေ့ကျင့်နေဆဲ ဖြစ်ပါသည်။ ကြိုးစားသွားပါဦးမည်။

ကျွန်ုပ်သည်. . .

ကျွန်ုပ် အလွန်ချစ်သော၊ သံယောဇဉ်ကြီးရသော၊ ဘဝနှင့်ရင်း၍ လေ့လာလိုက်စားသင်ကြားခဲ့ရသော၊ ဆင်းရဲဒုက္ခမျိုးစုံခံ၍ သင်ကြားခဲ့ ရသော၊ ထို အင်္ဂဝိဇ္ဇာပညာကြီးအား အမှန်တကယ် ပညာလိုလားသူ လူငယ်များတို့အနေနှင့် ကျွန်ုပ်လို ဒုက္ခမျိုး မကြုံကြရလေအောင်၊ ရှင်းခနဲ လင်းခနဲ သိနိုင်စွမ်းအောင်၊ (၁၉၈၈)ခုနှစ်မှ စတင်၍ ဆောင်းပါးပေါင်း များစွာ၊ အဟောပညာသင်ခန်းစာပေါင်းများစွာ ရေးသားဖွင့်ဆို ပညာပေး ခဲ့သူဖြစ်ကြောင်း၊ အားလုံး သိပြီး ဖြစ်ပါသည်။ အတွေ့အကြုံ ပေါင်းများ စွာနှင့်ယှဉ်၍. . .

စောလှ-လှေဆန်ကိန်း၊ သာစည်- ပင်းယကိန်း၊ သာစည်-ပင်းယ ဇောက်ထိုးများ၊ အမြစ်အညွန့်ကိန်း၊ အမြစ်အညွန့်ဇောက်ထိုးများ၊ ဉပါဒ်ကြီးဉသြမြည်သံ၊ အတည့်မြင်ပုံ၊ အတည့်မှ ဇောက်ထိုးမြင်အောင် ကြည့်ပြပုံ၊ လှည့်ပတ်ကြည့်ပြပုံ၊ ဆပွတ်ပဥ္စပွတ်စီရင်ခန်းများ၊ နင်းကြမ်းများ၊ အဌလက်ခွင်နှင့် ယှဉ်သော အင်္ဂဝိဇ္ဇာအဟောများ (သမားစဉ်ပညာခန်း)၊ ဆပွတ်ဟောခန်းများ၊ ကိုးခိုင်ခန်းများ၊ အတွင်းအာယုကပ်၊ အပြင်အာယုကပ်၊ အတည့်မြင်ပုံ၊ ဇောက်ထိုးမြင်ပြပုံများ၊ သေနိုင်သောကိန်း မိခဲ့ရပုံများ၊ အခိုက်သတ္တိများ၊ ရောက်ရောက်ချင်း တန်းဟောနိုင်သော ဆပွတ်ဟော ကွက်များ၊ အတိတ်တိုင်၊ အနာဂတ်တိုင် ဟောပေါက်များ၊ နံတော်စဉ်ပညာ ခန်းကြီးများ၊ ကက်ကင်းပညာခန်းများ၊ အကြောင်းမြှင့်ယတြာ၊ အကြောင်း ပျက်ယတြာများကို အင်္ဂဝိဇ္ဇာနှင့် စီရင်ပုံများ စသည်တို့သာမက အခြား စီရင်ခန်းပေါင်းများစွာကို ယနေ့အထိ ဖွင့်ဆိုပညာပေးနေသူ၊ အတွေ့ အကြုံများကို လက်ဆောင်ပေးနေသူ ဖြစ်ပါသည်။ လွယ်ကူစွာ ဖတ်ရှု ပညာယူနိုင်ကြရန်ကိုသာ ရည်ရွယ်ခဲ့သောကြောင့် မထိန်ချန်ခဲ့ပါ။

ထိုသို့ ဖွင့်ဆိုခဲ့သည်များကို စုပေါင်းပြီး (၁၉၉၃) ခု ဒီဇင်ဘာလက "အင်္ဂဝိဇ္ဇာ ဆောင်းပါးများ ပေါင်းချုပ် ပထမတွဲ" ကို ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ထိုအထဲတွင် ယခု ပညာခန်းများ အကုန် ပါဝင်ပါသည်။

ယခုလည်း. . .

ဂြိုဟ်ပရိယာယ်တို့၏ စွမ်းအားများ၊ ရန်ဂြိုဟ်၊ မိတ်ဂြိုဟ်၊ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်၊ ဥဒါသိန်ဂြိုဟ် စသည်တို့၏ တော်စပ်ပုံ အမျိုးမျိုးများ၊ အပင်၊ အမြစ်၊ အညွန့်၊ တည်ပုံ၊ ပျက်ပုံ၊ ခိုက်ပုံ၊ ပွင့်ပုံ၊ ငုပ်ပုံ၊ လွန်ပုံ၊ ဥပါဒ်၊ ထီး၊ ဘင်၊ ရုပ်၊ ကံ၊ ကတ္တား စသည်တို့၏ ဖွင့်ဆိုချက်များစွာတို့နှင့် မြိုင်ဆိုင် ဝေဆာလှသော အင်္ဂဝိဇ္ဇာပညာခန်းလာ 'မူလ-နိမိတ်-လက္ခဏာ' ဟူသော တိုင်းသုံးတိုင် ဟောခန်းကို တတ်သမျှ၊ မှတ်သမျှ အတွေ့အကြုံ ရှိထား သမျှ ဉာဏ်ကလေးနှင့် အနည်းအကျဉ်း ဖွင့်သည်ဆိုရုံလေး ဖွင့်ဆိုလိုက် ပြန်ပါပြီဟု မေတ္တာစကားပြောကြားရင်း. . .

❖ ❖ ❖

(သုရှာမှုဗင်း အတွဲ (၀)၊ အမှတ် ၁၁)



www.burmeseclassic.com

www.burmeseclassic.com

# မိုးတောင်းတင်ကို မော့ကြည့်ခြင်း (၂)

"အမယ်"

"မြိုင်ရာဇာကြီးပါလား၊ မိုးတောင် မလင်းသေးဘူး"

"ဟဲ ဟဲ ဘယ်ရမလဲ ဝေလီဝေလင်းမှ ဒီလို မလာရင် ဆရာ တပည့်နှစ်ယောက် မုန့်အတူ ထွက်စားဖြစ်မှာ မဟုတ်ဘူး။ အတူ ထွက်စားချင်လို့. . ."

"သေချာလို့လား"

ကျွန်ုပ်သည် မြိုင်ရာဇာကြီးဟု ကျွန်ုပ်တို့ အသိုင်းအဝိုင်းမှ ချစ်စနိုး ခေါ်ကြသော ဦးသန်းထွန်းအောင်၏ ပခုံးလေးအား လက်နှင့် လှမ်းကိုင် ညှစ်လိုက်ရင်း မေးလိုက်၏။ မျက်လုံးလေးများ မှိတ်သွားသည်ထိ ခေါင်းလေး မော့ရင်းရယ်နေသော ဦးသန်းထွန်းအောင်အား ကြည့်ရင်း ကျွန်ုပ်လည်း ရောယောင်ရယ်နေမိ၏။

"အစားက ဒါလောက် မဟုတ်ဘူးဆိုတာ ဆရာ သိပါတယ်"

"သိသားပဲ၊ ဒါကြောင့် မေးနေတာ"

"ဟိုနေ့က ကြာသုံးခိုင် ဟောကွက်ကို ကျွန်တော် နည်းနည်း လည်နေလို့ ဆရာ"

"ဘယ်လို လည်နေပြန်တုံး၊ အဲဒီနေ့ကတော့ သိသလိုလို ဘာလိုလိုနဲ့"

"ဟုတ်တယ် ဆရာ၊ ရုတ်တရက် ကြည့်ရင်တော့ သိနေသလိုလို ဘာလိုလိုနဲ့ သေချာပြန်ကြည့်မှ ဟာ မချောင်ဘူး၊ လည်သွားတယ်။ ခေါင်း တွေလည်း ပူနေပြီ စဉ်းစားရတာ"

ပြောပြောဆိုဆိုနှင့် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ပြီး အိတ်ထဲမှ စာရွက်အဖြူခေါက်ရက်လေးကို ထုတ်လိုက်ရင်း စားပွဲပေါ်တွင် ဖြန့်လိုက် ၏။ စာရွက်တွင် ရေးထားသည်မှာ တိုင်(၃)တိုင် ပညာခန်းမှ လွန်-ကြာ-မြင့် တိုင်(၃)တိုင် ဖြစ်၏။ ဘေးတွင် နာမည် သုံးလုံး ရေးထား၏။

"ဦးတင်ဝေ၊ ဦးအောင်လှရင်၊ ကိုဟန် ဘာလဲ ဒါဘယ်သူတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ လာတာပဲ ဆရာ၊ ဒီလူတွေနဲ့ ဒီအခါနဲ့က လမိုင်းမကပ်သလို ဖြစ်နေလို့"

"လုပ်စမ်းပါဦး ဘယ်လို လမိုင်းမကပ်တာတုံး"

"ဒီမှာ ဆရာ ကျွန်တော့်ဆီကို လာလည်ကြတဲ့ သူငယ်ချင်းနှစ်ယောက်ရယ်၊ တပည့်ဟောင်းတစ်ယောက်ရယ်ကို ကြည့်လိုက်တော့ ဦးဆုံးပေါ့ ဆရာရယ်။ ပထမဆုံး လာလည်တဲ့ ကိုတင်ဝေကို လေ့လာကြည့်တာပေါ့။ ဆရာက ကိုလှဝင်းတို့ မလွင်မာဝေတို့တုန်းက ခင်-လှ- သွေနဲ့ ဟောပြခဲ့တယ်လေ"

"အင်းလေ"

"အဲဒီလို ဟောပြတော့ မူလအခါတိုင်ရဲ့ နဝင်းအားကို ယူပြီး ဆရာ ဟောပြသွားတာတွေချည်းပဲ ကျွန်တော် တွေ့ရတယ်။ ပြီးတော့မှ နိမိတ်တိုင်၊ လက္ခဏာတိုင်ကို လှမ်းဟောတာ"

"ဟုတ်တယ်လေ၊ ခု ဘာဖြစ်လို့လဲ"

"အခု လွန်-ကြာ-မြင့် မှာ မူလအခါတိုင်ရဲ့ နဝင်းအားကို အဲဒီလိုပဲ ယူပြီး ကျွန်တော် ဟောတာလွဲနေလို့"

"ဘယ်လို လွဲတာလဲ ပြစမ်းပါဦး"

| | | |
|---|---|---|
| ၁ | ၆ | ၂ |
| ၅ | ၃ | ၆ |
| ၂ | ၀ | ၃ |
| ၄ လွန် | ၂ ကြာ | ၅ မြင့် |
| ၀ | ၅ | ၁ |
| ၃ | ၁ | ၄ |
| ၆ | ၄ | ၀ |
| မူလအခါ | နိမိတ် | လက္ခဏာ |

"ကျွန်တော်က ပြောလိုက်တယ်၊ ကိုတင်ဝေ ခင်ဗျား အဆောက်အအုံ ကောင်းတစ်ခုခု ဆောက်ဖြစ်လိမ့်မယ်။ ဒါမှမဟုတ် အဆောက်အအုံနဲ့ ပတ်သက်တာမျိုး တစ်ခုခု ဝင်လာလိမ့်မယ်။ ဥပမာ သူများအိမ်ကို ခဏ သွားစောင့်ပေးရတာမျိုးလည်း ဖြစ်ရင်ဖြစ်မယ်လို့ ပြောလိုက်တယ်"

"ဘာဖြစ်လို့ အဲဒီလို ပြောလိုက်တာလဲ"

"မူလအခါတိုင်ရဲ့ နဝင်းမှာ တနင်္ဂနွေရှိပြီး နိမိတ်တိုင်ရဲ့ နဝင်းမှာ သောကြာရှိလို့ပဲ ဆရာ၊ ဦးသာ (၁-၆)ဆိုပြီး ယူလိုက်တာ"

"ဟိုဘက်က လက္ခဏာတိုင်ရဲ့ နဝင်း တနင်္လာကိုတော့ ဦးသန်းထွန်းအောင် မတွေးတော့ဘူးလား၊ တနင်္ဂနွေကို အကောင်း၊ အဝင် ပြောတော့မယ် ဆိုရင် မူလအခါ တနင်္ဂနွေ ကောင်းမကောင်း ဟုတ်မဟုတ်ကို နိမိတ်တိုင်နဲ့ ချိန်၊ နိမိတ်တိုင်ပါ ဟုတ်ပြီဆိုမှ လက္ခဏာတိုင်နဲ့ ထပ်ချိန်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းထွန်းအောင်ရဲ့ အခု ဦးသန်းထွန်းအောင် ပြောတာ ဘယ့်နှယ် နေလဲ"

"အင်း မဟုတ်ဘူး ဆရာ၊ ခုထိတော့ ဘာမှ မကြုံသေးဘူး ဆိုတာဘဲ ကိုတင်ဝေ ပြောတယ်"

"ဒီမှာကြည့် သူဟာ စတုရန်းဂြိုဟ်မှာ ရှိနေတဲ့ စနေနံနာမည် ရုပ်ပိုင်း၊ စိတ်ပိုင်းမှာ ထိခိုက်ခြင်း၊ ဒဏ်ရာဖြစ်ခြင်း ဆိုတာကို ဦးဆုံးထည့် စဉ်းစားရမယ်"

"ဩော် ဒီလိုလည်း စဉ်းစားရသေးလား"

"ဟာ စဉ်းစားရတာပေါ့၊ အင်္ဂဝိဇ္ဇာကို အင်္ဂဝိဇ္ဇာလိုပဲ မစဉ်းစားလို့ ဘယ်လို စဉ်းစားချင်သေးတုံး ဦးသန်းထွန်းအောင်ရဲ့ နဂိုရှိပြီးသား အဓိပ္ပာယ် ဖွင့်ဆိုချက်တွေကို မပယ်ရဘူးလေ"

"ဟုတ်ကဲ့"

"အဲဒီလို စဉ်းစားလိုက်ပြီဆိုရင် သူဟာ ကျန်းမာရေး တစ်ခုခုနဲ့ နွယ်နေရတော့မယ်။ ဒီလိုဆို ခုန ဦးသန်းထွန်းအောင်ပြောတဲ့ နဝင်း တနင်္ဂနွေဟာ ဦးတင်ဝေနဲ့ ဓာတ်လှည့် (၁-ဝ)ပဲ။ အဲဒီ ဓာတ်ဖက် တနင်္ဂနွေကို ဟိုဘက်နိမိတ်တိုင်နဲ့ လက္ခဏာတိုင်တွေက နဝင်းတွေဖြစ်တဲ့ သောက (၆-၂)က မြင်ထားပြီလေ။ ဒါဖြင့် ရန်ဂြိုဟ်တွေ မြင်တော့ တနင်္ဂနွေကို အကောင်းပြောလို့ မရတော့ဘူး။ နိမိတ်တိုင်မှာ အဲဒီဓာတ်ဂြိုဟ် တနင်္ဂနွေ ဟာ ခိုက်နေသလို လက္ခဏာတိုင်မှာကျတော့ စတုရန်းမှာ ရောက်နေ တယ်။ ဒါဖြင့် ဒီတိုင်နှစ်တိုင်ရဲ့ သဘောအရ စနေသား စနေ နာမည်ရှင်ရဲ့ ဓာတ်ဂြိုဟ်ဟာ ကောင်းကို မကောင်းနိုင်တော့ဘူး။ တင်ဝေ ဆိုတဲ့ စနေရော၊ ဗုဒ္ဓဟူးရောဟာလည်း မူလတိုင်ရော၊ နိမိတ်တိုင်ရော၊ လက္ခဏာတိုင်ရော တွေမှာ မကောင်းတဲ့ဂြိုဟ်တွေ ညံ့တဲ့ဂြိုဟ်တွေအဖြစ် ရပ်တည်နေကြပြီ၊ ဦးသန်းထွန်းအောင် ကြည့်ကြည့်"

"ဟုတ်ကဲ့"

"ဒါဖြင့် မူလအခါက ဗုဒ္ဓဟူးအခါ ကြည့်လိုက်ရင် အင်္ဂါ (၁-ဝ) ကောင်းတယ်။ ဂဗ္ဘ (၂-၅)လည်း ကောင်းနေတယ်။ ကျန်တာ ရေနဲ့လေ၊ စရေနဲ့ ဝံသေပဲ ကျန်တယ်။ အဲဒီ ရေနဲ့ လေကလည်း မိတ်ဆွေ မစပ်ဘူး။ လေဂြိုဟ်အင်္ဂါက ခိုက်နေတယ်။ လေအလှောင်ခံထားရသလို ငြိမ်နေတယ်။ ခိုက်နေမယ်။ လေအား မရှိတော့ဘူးဆိုရင် ရေအားက လည်း မလှုပ်တော့ဘူး။ မူလ အလယ်အခြာမှာ ရေဂြိုဟ် ဗုဒ္ဓဟူးကလည်း မလှုပ်နိုင်တော့ဘူး။ ကန်ရေပြင်ကိုကြည့် လေတိုက်ရင် လှိုင်းလေတွေ ထမယ်၊ ရေလှုပ်မယ်၊ လေငြိမ်ရင် ရေငြိမ်နေမယ် ဒီသဘောပဲ။ ဒါဖြင့် လူမှာ စဉ်းစား၊ လေငြိမ်လို့ ရေငြိမ်ပါတယ်။ ရေမလှုပ်နိုင်ပါဘူးဆိုရင် နံသင့်အင်္ဂါကလည်း ခိုက်နေတာဆိုရင် ဦးတင်ဝေ ဆီးရောဂါဖြစ်နေပြီ၊ လေအားပြတ်လို့ လေအားနည်းလို့ ဆီးမသွားနိုင်တာမျိုး ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

တောက်ခေါက်သံ ထွက်ပေါ်လာသောကြောင့် စာရွက်ကို အာရုံစိုက်နေရင်းမှ ဦးသန်းထွန်းအောင်ကို မော့ကြည့်လိုက်မိ၏။ မျက်လုံးများ မှိတ်သွားရုံမက တစ်ကိုယ်လုံး တသိမ့်သိမ့် ခါနေအောင် ရယ်မောရင်း တစ်ဖက်သို့ လှည့်၍ တောက်ခေါက်လိုက်ခြင်း ဖြစ်လေ၏။ အတော်ကြာအောင် ရယ်နေပြီးမှ ဖြန့်ထားသော စာရွက်လေးကို ကျောဘက်လှည့်လိုက်၏။

ဦးတင်ဝေ ဆီးရောဂါ ဖြစ်နေသူ၊ ရောဂါဆိုးနေ

ဦးအောင်လှရင် သင်္ဘောတက်ရန် ခရီးဂြိုဟ်တန့်နေ

ကိုပာန် ကားမောင်းရာမှ အလုပ်ရပ်သွားဟူ၍ ရေးမှတ်ထား၏။

"အမယ် ဒါ ပညာစမ်းတာပေါ့လေ"

"ကြံကြံဖန်ဖန် ဆရာကလည်း ကျွန်တော် ဆရာ့ကို ပညာစမ်းပါ့မလား၊ စကားက မဆုံးသေးခင် ခုထိတော့ ဘာမှ မကြုံသေးဘူး ဆိုတာပဲ ကိုတင်ဝေ ပြောတယ်လို့ပဲ ပြောနေတုန်း ဆရာက ဒေါက်ဒေါက် ဒေါက်ဒေါက် ပြောသွားတာကို အမှန်က ကျွန်တော် သူတို့ ဖြစ်တာလေးတွေ ပြတော့မလို့ ဆရာက စာရွက်ပေါ်မှာ လက်ညှိုးထောက်ပြီး ပြသွားတော့ စာရွက်မလှည့်သာတော့ဘူးလေ"

"အင်း ဒါလည်း ဟုတ်တာပဲ၊ ကျွန်တော့်ကိုက လောနေတာ"

"ဆရာကိုယ်တိုင် လောနေတာ"

"ကဲဒါဖြင့် ပြီးပြီပေါ့၊ ဦးအောင်လှရင် သင်္ဘောတက်ဖို့ ခရီးဂြိုဟ်တန့်နေတယ်ဆိုတာ ဦးသန်းထွန်းအောင် မှတ်ထားပြီးပြီပဲ။ ကျွန်တော် ရှင်းပြဖို့ မလိုတော့ဘူး"

"ဟာ အဲလိုတော့ မလုပ်နဲ့လေ၊ ဆရာရဲ့ နားမလည်လို့ ဘာကြောင့် ဒီလိုတွေ ဖြစ်ရတယ်ဆိုတာ မသိလို့ ရေးမှတ်ယူလာပါတယ် ဆိုမှပဲ ဆရာရယ်"

"ရှုပ်နေသေးလို့လား လွန်-ကြာ-မြင့်ကို ထပ်ကြည့်၊ အဲဒီနေ့အတွက် ဦးသန်းထွန်းအောင်ဆီကို သူတို့ သုံးဦးလာလည်တယ်လို့ ခုန ပြောတယ်မို့လား"

"ဟုတ်ကဲ့"

"ဒါဖြင့် ရှင်းရှင်းလေး ပထမလူဟာ အနိဋ္ဌနိမိတ်နဲ့ ရောက်လာပြီဆိုရင် နောက်လူတွေအတွက် ကြည့်ရင်လည်း အနိဋ္ဌကို ဦးစားပေးကြည့်ပေတော့၊ ဣဋ္ဌကိုသွားမကြည့်နဲ့၊ ဣဋ္ဌကို သွားကြည့်ရင် လွဲသွားလိမ့်မယ်၊ ဒါကလည်း လူအများကြီးကို ပြောနေတဲ့ လူတွေမှ အဲဒီလို အချင်းချင်းမှ သိတာဗျ ဦးသန်းထွန်းအောင်ရဲ့"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



| မူလအခါ | နိမိတ် | လက္ခဏာ |
|---|---|---|
| ၁ | ၆ | ၂ |
| ၅ | ၃ | ၆ |
| ၂ | ၀ | ၃ |
| ၄ | ၂ | ၅ |
| ၀ | ၅ | ၁ |
| ၃ | ၁ | ၄ |
| ၆ | ၄ | ၀ |

"ဒါဖြင့် ဦးအောင်လှရင်ဆိုတဲ့ တနင်္ဂနွေဟာ မူလအခါမှာ နဝင်းမှာ ရှိနေတယ်။ ဒါပေမယ့် နိမိတ်တိုင်က သောကြာရယ်၊ လက္ခဏာတိုင်က တနင်္လာရယ် နဝင်းတွေမှာ ပေါ်နေတော့၊ ဒီ တနင်္ဂနွေဟာ နဝင်းမှာ ရှိပေမယ့် သောက (၆-၂)ရဲ့ အမြင်ကို ခံထားရသလိုမျိုး ဖြစ်နေပြီ မူလ အခါမှာ ဗုဒ္ဓဟူးနဲ့ကလည်း ရန်တော်(အင်း၀) တိုင်ထိပ်တွေကလည်း ရန် တွေမြင် ဆိုတော့ သူလုပ်ချင်တာတွေ မအောင်မြင်တော့ဘူးပေါ့၊ ဦးသန်း ထွန်းအောင်ရယ်၊ လူတစ်ယောက်ရဲ့ အောင်မြင်မှု ဆိုတာကို ပံ့ပိုးနိုင်တဲ့ မိတ်ဂြိုဟ်တွေ အားမကောင်းဘဲ ရန်ဂြိုဟ်တွေက လာအားကောင်းနေတာ ကိုး"

"ပြီးတော့ အောင်လှရင် ဆိုတဲ့ တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်တွဲလုံး တွေဟာ နိမိတ်တိုင်နဲ့ လက္ခဏာတိုင်တွေမှာ အခြေအနေ မကောင်းဘူး။ အနိဋ္ဌနေရာမှာချည်းပဲ၊ နိမိတ်တိုင် မကောင်းမှတော့ လက္ခဏာတိုင်လည်း ဘယ်ကောင်းနိုင်ပါတော့မလဲ ဒီတော့ သူလုပ်ချင်တာတွေ မအောင်မြင်ဖို့ ပိုသေချာသွားပြီပေါ့"

"နိမိတ်တိုင်ရဲ့ နဝင်းမှာ ခရီးဂြိုဟ် သောကြာ ရှိရက်သားနဲ့ ဘာလို့ ခရီးမထွက်ဖြစ်တာလဲ ဆိုတာကို ကျွန်တော် တွေးနေတာ"

"နိမိတ်တိုင်ရဲ့ နဝင်းတစ်ခုတည်းနဲ့ ပြီးတာမှ မဟုတ်ဘဲ၊ ဒီ နိမိတ် ဟုတ်မဟုတ်၊ ကောင်းမကောင်း ဘယ်လို လက္ခဏာတိုင်က ပြသလဲ ဆိုတာလည်း ကြည့်ရဦးမှာပေါ့။ သူ့တစ်တိုင်တည်း ကြည့်မယ် ဆိုလို့ကတော့ လွန်-ကြာ-မြင့်ကို ထူစရာတောင် မလိုတော့ဘူး။ ဗုဒ္ဓဟူးအခါ တစ်ခု တည်းနဲ့ ဟောပေတော့ ရပြီ"

"ဟုတ်တယ်နော်"

"အဲဒီ နိမိတ်တိုင်ရဲ့ နဝင်းမှာရှိတဲ့ ခရီးဂြိုဟ် သောကြာကို လက္ခဏာတိုင်ရဲ့ နဝင်းမှာရှိတဲ့ တနင်္လာက မိတ်အဖြစ် အားပေးတာမှ မဟုတ်ဘဲ၊ ရန်အဖြစ် အားပေးနေတာပဲ ပြီးတော့ ဦးသန်းထွန်းအောင်ကို ပြောပြီးပြီလေ ခုန ရှေ့က ကိုတင်ဝေရဲ့အဖြစ်က ရေလျှောင်၊ လေလျှောင်၊ လေအကျဉ်းကျ၊ ရေအကျဉ်းကျ အဖြစ်ဆိုတော့ ဦးအောင်လှရင် သင်္ဘော တက်ဖို့ ခရီးဂြိုဟ်တန့်နေတော့တာပေါ့၊ ကိုတင်ဝေရဲ့ နိမိတ်က ရှေ့...



www.burmeseclassic.com

www.burmeseclassic.com



ပြေးနေပြီးပြီ"

"ဩော် ဒီလိုလည်း ကြည့်ရသေးတာကိုး"

"တိုင်သုံးတိုင် ပညာခန်းဟာ သိပ်နက်ရှိုင်းတယ်၊ တစ်ခါတစ်ခါ ထင်သလို ဖြစ်မလာဘူး၊ မထင်တာတွေ ဖြစ်ဖြစ်လာတယ်၊ ဒါကလည်း အတွေ့အကြုံများမှ သိနိုင်တာ၊ တစ်ဦးစနှစ်ဦးစကို ကြည့်ဖူးရုံနဲ့မရဘူး၊ လူပေါင်းတော်တော်များများကို ကြည့်ဖူးမှ၊ သုတေသနပြုဖူးမှ လေ့လာဖူးမှ သိနိုင်တာ နည်းနည်းပါးပါး ရိပ်ဖမ်းသံဖမ်းလောက် သိနိုင်တာ"

"ဟုတ်ကဲ့"

"ဒါကြောင့် ကျွန်တော် ပြောတာပေါ့၊ တိုင်(၃)တိုင် ပညာခန်းကို ဟောတော့မယ်၊ တိုင်(၃)တိုင် ပညာခန်းနဲ့ ဆုံးဖြတ်တော့မယ်ဆိုရင် ပတ်ဝန်းကျင်မှာ ဘာနိမိတ်တွေ ပြေးသွားလဲ၊ ဘယ်လို စနည်းတွေ ကြားလိုက်ရသလဲ ဒါကို ဦးဆုံးသတိထားရမယ်၊ ဒီလိုမှ မဟုတ်ရင် ခုန ပြောတဲ့ အတိုင်း ရှေ့ကလူရဲ့အဖြစ်ဟာ နောက်လူရဲ့ နိမိတ်ပါပဲ၊ ဒါ တိုင်(၃)တိုင် ပညာခန်းရဲ့ လျှို့ဝှက်ချက်ပဲ ဦးသန်းထွန်းအောင်"

"နိမိတ်တွေ ပါလာတယ်နော်"

"နိမိတ်ကတော့ အင်္ဂလိပ်ဗေဒပညာကို လေ့လာလိုက်စားကြသူတိုင်း အင်္ဂလိပ်ဗေဒကို နှလုံးသည်းပွတ်ထဲက ချစ်ကြတဲ့ အင်္ဂလိပ်ဗေဒသမားတိုင်း ဘယ်လိုမှ လက်လွှတ်လို့ မရဘူး၊ တစ်တိုင်မှာလည်း နိမိတ်ရှိတာပဲ၊ စနည်းရှိတာပဲ။ နှစ်တိုင်မှာလည်း နိမိတ်စနည်းရှိတာပဲ။ သုံးတိုင်မှာလည်း နိမိတ်စနည်း ပြေးမလွတ်ဘူး။ ငါးတိုင် ဟောရင်လည်း ဒီတိုင်းပဲ၊ နိမိတ်က ရှိနေမှာပဲ။ ဒါပေမယ့် တစ်တိုင်ထက်စာရင် သုံးတိုင်က ရှေ့နိမိတ်တွေ၊ စနည်းတွေကို ပိုသတိထားရတယ်။ ဆုံးဖြတ်ရတာ ပိုခက်တယ်။ ဒါပေမယ့် ကောက်ကြောင်း ပေါ်တယ်။ တချို့ လူနာမည်တွေ ဘာတွေ ဖော်ထုတ်တော့မယ်ဆိုရင် သိပ်တောင် တွေးစရာ မလိုဘူး၊ ကောက်ကြောင်းအတိုင်း ပေါ်တယ်၊ ဒါပေမယ့် ရှေ့နိမိတ်တော့ မှန်ရလိမ့်မယ်။ ဥပမာဗျာ ဦးသန်းထွန်းအောင် လူတစ်ယောက်ကို တိုင်(၃)တိုင်နဲ့ ဟောတော့မယ် ဆိုပါတော့ ခင်ဗျား ငွေကြေးအခက်အခဲ ဖြစ်နေတယ်မို့လားလို့ မေးလိုက်လို့ သူက ဟုတ်ပါတယ်လို့ ပြန်ဖြေရင် ပြီးပြီ၊ ဆက်ဟောတော့ ကောက်ကြောင်းတွေ တသီကြီး ပေါ်လာပြီမှတ်တော့ ခုနလို ကိုယ်က မေးလိုက်လို့ သူက 'မဟုတ်ပါဘူး ဆရာ၊ ကျွန်တော် ရာထူးတက်ဖို့ ကိစ္စနဲ့လာတာပါလို့' ပြောလိုက်လို့ကတော့ သွားပြီ ဆက်မဟောနဲ့တော့ တောက်လျှောက် လွဲတော့မယ်သာမှတ်တော့ ဒါကြောင့် ရှေ့နိမိတ် အရေးကြီးတယ် ခုန ပြောသလို ရှေ့က မေးထားသူရဲ့ နိမိတ်ကိုလည်း သိပ် သတိထားရတယ်"

"ဒီလိုဆို ဆရာ၊ ရှေ့က မေးသွားတဲ့လူက ကလေးမွေးဖို့ ရက်တွေ ဘာတွေ လာရွေးတဲ့သူဆိုပါတော့ နောက်လူကျတော့. . ."

"နောက်လူကျတော့လည်း အဲဒီ ကလေးမွေးမယ့် နိမိတ်ယူရမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



မယူလို့ မရဘူး၊ ကိုယ်ဝန်လွယ်ထားတယ် ဆိုတာ၊ မပေါ့မပါးကိစ္စပဲ၊ ရင်ဝမ်းဥပဒ်ပေးတဲ့ ကိစ္စပဲ၊ မရှုနိုင် မကယ်နိုင်ကိစ္စပဲ ဥပမာဗျာ သူများ ငွေကြေးတွေ ယူသုံးပြီး ပြန်မဆပ်နိုင်တဲ့ လူမျိုးဟာ ခုန ကိုယ်ဝန်လွယ်တဲ့ လူလိုပဲ သဘောတရား ယူရမယ်၊ ရင်ပူတဲ့ကိစ္စ၊ မထွေးနိုင် မအန်နိုင် ကိစ္စ သူ့မှာ ရှိနေမှာပဲ”

“သြော် သဘောပေါက်ပြီ ဆရာ”

“တိုက်ရိုက်ဆိုတာတော့ ရှေ့ဖြစ်စဉ်နဲ့ နောက်ဖြစ်စဉ် မတူနိုင်ဘူးလေ၊ သဘောသွားသာ တူရင် တူနိုင်မယ်၊ ဒါကိုတော့ သတိမလစ်စေနဲ့၊ ကျွန်တော် တစ်ခါ လူလေးငါးဦးကို အဲသလို ပြောဖူးတယ်။ ရှေ့က လူက ငွေကြေးကိစ္စဖြစ်လို့ လာတယ်။ နောက်လူကို အချစ်ရေးကိစ္စ ပြောတယ်။ နောက်ထပ်လူကို အကြံပိတ်ဉာဏ်ပိတ် ဖြစ်နေတဲ့ ကိစ္စတွေ ပြောလိုက်တယ်။ ဒီလိုနဲ့ပဲ ဆက်သွားတယ်။ မလွဲဘူး။ ဒီသဘောပါပဲ ဦးသန်းထွန်းအောင်ရဲ့. . .”

“ဟုတ်ကဲ့ပါ ဆရာ၊ သဘောပေါက်သွားပြီ”

“ဒါဆို ဦးအောင်လှရင် သင်္ဘောတက်ဖို့ ကြန့်ကြာနေတဲ့ကိစ္စကို ကျွန်တော် ထပ်ရှင်းပြနေစရာ မလိုတော့ဘူး”

“ဟုတ်ကဲ့”

“ဒါဖြင့် ဦးသန်းထွန်းအောင်တပည့် ကိုဟန်လည်း ဘာထူးလဲ၊ ကြည့်. . .”

| | | |
|---|---|---|
| ၁ | ၆ | ၂ |
| ၅ | ၃ | ၆ |
| ၂ | ၀ | ၃ |
| ၄ | ၂ | ၅ |
| ၀ | ၅ | ၁ |
| ၃ | ၁ | ၄ |
| ၆ | ၄ | ၀ |
| မူလအခါ | နိမိတ် | လက္ခဏာ |

ရှေ့က ပြောထားတဲ့ ကိုတင်ဝေ နိမိတ်ရယ်၊ ဦးအောင်လှရင် နိမိတ်ရယ်ကို ထောက်ဆကြည့်လိုက်ရမယ်ဆိုရင် ကိုယ်ဟန်လည်း လှုပ်ရှားမှု တစ်ခုခု ရပ်ဆိုင်းသွားတဲ့ ကိစ္စနဲ့ ရောက်လာတဲ့ သူဆိုတာ ဦးသန်းထွန်းအောင် သိနေရမယ်။ လည်ပတ်မှု၊ လှုပ်ရှားမှု အားလုံး ရပ်သွားရမယ်။ တိုင်(၃)တိုင်လုံးကို မကြည့်နဲ့ဦး”

“သြော်. . .”

“အဲဒီလို မေးလိုက်လို့ ဟုတ်ပြီဆိုတော့မှ ကိုဟန်ကို ကြည့်၊ တြိရန်းမှာ ဂြိုဟ်တြိရန်း ပျော်စံမြန်းနေ ဆိုတဲ့ လင်္ကာသွားအတိုင်းကြည့်၊ ကိုဟန်ညှံ့တာကို သွားတွေ့လိမ့်မယ်။ မပယ်နဲ့နော်၊ ခုနက ကျွန်တော် ပြောသလို



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂဝိဇ္ဇာကိုအင်္ဂဝိဇ္ဇာလိုပဲစဉ်းစား၊နဂိုရှိပြီးသားအဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို မပယ်နဲ့၊ နဂိုရှိပြီးသား အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ပယ်လိုက်ရင် အင်္ဂဝိဇ္ဇာပညာမှာ ကျမ်းစူးတတ်တယ်လို့ ဆရာ ခဏခဏ ပြောဖူးတယ်၊ ဆုံးမဖူးတယ်၊ ဒါကြောင့် အင်္ဂဝိဇ္ဇာကို အင်္ဂဝိဇ္ဇာလိုပဲ စဉ်းစား၊ ဒီလို စဉ်းစားလိုက်လို့ ခုနလို ကိုဟန် တြိရန်းမှာ ရောက်တာတွေ့တာနဲ့ ကိုဟန် ညံ့နေပြီဆိုတာ ဦးသန်းထွန်းအောင် သိရမယ်။ ဂြိုဟ်တြိရန်း ပျော်စံမြန်းနေသေကျေပျက်စီး ဆိုတာကိုကြည့်၊ ကိုဟန်က လာပြီးမေးတဲ့သူဆိုတော့ သေကျေ ဆိုတာ မဖြစ်နိုင်တော့ဘူး။ ဒါဖြင့် ပျက်စီး ဆိုတာကို စဉ်းစား၊ ဘာပျက်စီးလဲ၊ စီးပွားဥစ္စာပျက်စီးမယ်၊ ဒီလိုဆို ငွေဝင်နေတဲ့ အလုပ်၊ ထမင်းစားနေတဲ့အလုပ် ကသိကအောက် ဖြစ်ရတော့မယ်၊ ဒါအဖြေပဲ။ သူ့ဟာသူ ကားပဲမောင်းမောင်း၊ သင်္ဘောပဲ မောင်းမောင်း၊ ဆိုက်ကားပဲ နင်းနင်း အဲဒီအလုပ်ဟာ ကသိကအောက်ကို ဖြစ်ရတော့မယ်၊ မလွဲဘူး”

“ဆရာ ပြောလိုက်တော့လည်း ဟုတ်နေတာပဲ”

“ရိုးရိုးလေးလေ၊ အရိုးစင်းဆုံးပဲတွေး၊ အဖြေ ရှိတယ်။ ကွန့်တွေးနေရင်သာ ဘာမှထွက်လာမှာ မဟုတ်ဘူး။ ဘာလို့လဲ ဆိုတော့ လှုပ်ရှားမှုတို့၊ ခရီးတို့နဲ့ တိုက်ရိုက်ဆိုင်တဲ့ သောကြာဂြိုဟ်ဟာ မူလအခါတိုင်မှာ တြိရန်းပဲလေ၊ ဒါဖြင့် ကိုဟန် ပရိယာယ်အတိုင်းပဲပေါ့ ဦးသန်းထွန်းအောင်ရဲ့။ တိုင်ခြေမှာရှိတဲ့ မူလတိုင်က သောကြာကို နိမိတ်တိုင်က ဗုဒ္ဓဟူးနဲ့ လက္ခဏာတိုင်က စနေတို့က တော်ရင်း၊ ဒန်းလှ အဖြစ်၊ မိတ်ဂြိုဟ်အဖြစ်တော့ မြင်ကြပါရဲ့ ဒါပေမယ့် အဲဒီ ဗုဒ္ဓဟူးတို့၊ စနေဂြိုဟ်တို့ဟာ နိမိတ်တိုင်ရော၊ လက္ခဏာတိုင်ရောမှာပါ အနေမကောင်းကြဘူး၊ ညံ့တဲ့ နေရာမှာချည်းပဲ ဒါကြောင့် မိတ်ဂြိုဟ်တော့ ဟုတ်ပါရဲ့၊ ညံ့တဲ့ဂြိုဟ်နေရာ ရောက်ကုန်ကြလို့ အားကမရှိတော့ဘူး၊ မပံ့ပိုးနိုင်တော့ဘူး၊ မိတ်ကြောင့်လည်း မအောင်မြင်နိုင်တော့ဘူး။ မူလတိုင်ကိုကြည့် သောကြာ ကိုဟန်ရဲ့ မိတ်ဂြိုဟ်အင်္ဂါဟာ ခိုက်နေတယ်။ သူ့ကို ဒီဘက် နိမိတ်တိုင်က တနင်္ဂနွေနဲ့ လက္ခဏာတိုင်က ဗုဒ္ဓဟူးတို့က အင်း၀ (၁-၄)အဖြစ် မြင်ထားကြတယ်။ ဒီမိတ်ဟာ ဘယ်လိုလုပ် အားရှိပါတော့မလဲ။ ရန်မြင်အားတွေ များသွားတဲ့ မိတ်ဆိုတော့ ဒီမိတ် မလှုပ်နိုင်တော့ဘူး။ ပြီးတော့ ဒီအင်္ဂါဟာ စက်ပစ္စည်းလို့ တည့်တည့်ယူရင်လည်း ခုန ပြောသလို ရန်မြင်ထားပြီ၊ ဒါဖြင့် ကိုဟန်ရဲ့ အတွင်းမိတ်ကို ကြည့်လိုက်ဦး၊ မူလအခါတိုင်မှာ ကိုဟန်ရဲ့ အတွင်းမိတ် တနင်္ဂနွေဟာ တိုင်ထိပ်မှာ ရှိနေတယ်။ ဒါပေမယ့် ဘေးက နိမိတ်တိုင်ရဲ့ နဝင်းသောကြာရယ်၊ လက္ခဏာတိုင်ရဲ့ နဝင်းတနင်္လာရယ်က သောက (၆-၂)ရန်ဂြိုဟ်တွေအဖြစ် တော်စပ်ပြီး မြင်ကြပြန်ရော၊ သွားပြီ။ ဒီမိတ်လည်း ဘာမှ လုပ်လို့ မရတော့ဘူး။ ဒီလိုဆို မိတ်မှန်သမျှ ပျက်နေရရှာတဲ့ ကိုဟန်ဟာ ကားမောင်းရုံမကလို့ ခုန ပြောသလို သင်္ဘောပဲ မောင်းမောင်း ဘာမှလုပ်လို့ မအောင်မြင်တော့တာ၊ အဲဒါပဲ ဦးသန်းထွန်းအောင်။ အဲဒါ...



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ လမိုင်းမကပ်ဘူးလို့ ပြောနေရတာတုံး ကဲ”

“ဆရာ ပြလိုက်တော့လည်း သိတော့ သိသွားတယ်၊ ဒါပေမယ့် ဝေနေသေးတယ်၊ နည်းနည်းတော့ အတွေ့အကြုံရှာပြီး လေ့ကျင့်ရမယ့် သဘောမှာ ရှိနေတယ် ဆရာ၊ ပြီးတော့ ဆရာ ပြောတဲ့ နိမိတ်တို့၊ စနည်းတို့ကို ဂရုစိုက်ရမှန်း ထပ်သဘောပေါက်လာတယ်”

“ဒါပေါ့ နိမိတ်တို့၊ စနည်းတို့က ပစ်ပယ်ထားလို့ မရဘူး၊ ယှဉ်လာရင်တောင် နိမိတ်ကိုပဲ ယူရမယ်၊ တစ်ခါက ကျွန်တော် ကြုံဖူးတယ်၊ သောကြာအခါကြီးမှာ လူတစ်ယောက် အတော်လေး နေမကောင်းဖြစ်လို့ ဆိုတဲ့ သတင်းကို ကြားလိုက်တယ်။ အဲဒီလူက တနင်္ဂနွေနာမည်ရှင် သူ နေမကောင်းဘူးလို့ ကြားရတဲ့အခါကလည်း တနင်္ဂနွေအခါ၊ သူရဲ့ဓာတ်ဂြိုဟ်က ခိုက်နေတယ်။ ဓာတ်ဂြိုဟ်စနေ ခိုက်နေမှန်းသိလို့ အခြေအနေ မကောင်းတော့ဘူး၊ အတော်လေး ကုယူရမယ်လို့ ပြောလိုက်တော့မယ့်ဆဲဆဲ၊ နဝင်းမိတ်တန်းပေါ်လာတော့တာပဲဗျို့။ ဘယ်လိုပေါ်လာသလဲဆိုတော့ ဘေးမှာ စက်ဘီးနဲ့ထီသည် ဖြတ်သွားတာ၊ စကားဝါမြေသီချင်း ဖွင့်သွားတယ်။ သီချင်းက ပုပ္ပားတောင်တော် သီချင်း၊ ပုပ္ပားဟာ တနင်္ဂနွေအခါရဲ့ နဝင်းမိသွားတာတစ်ချက်၊ ပြီးတော့ ဆေးကြိတ်တဲ့ ဆေးဝိဇ္ဇာတွေ၊ ဇော်ဂျီတွေ ပျော်စံရာ နယ်မြေတစ်ချက်ဖြစ်လို့ ဆေးဝိဇ္ဇာတွေ၊ ဇော်ဂျီတွေနဲ့ ပတ်သက်တဲ့ နိမိတ်ကောင်းတော့ တွေ့ပြီဆိုပြီး ခုန ပြောတော့မယ့် စကားအစား၊ ထူးထူးခြားခြား ဆေးနဲ့တွေ့ပြီး မကြာခင်မှာ ကောင်းသွားလိမ့်မယ်လို့ လွှတ်ခနဲ ပြောလိုက်မိတယ် ဦးသန်းထွန်းအောင်ရေ။ တကယ်လည်း အဲဒီ နိမိတ်အတိုင်းဖြစ်ပြီး ကောင်းသွားတယ်။ ခုထိ ဒေါင်ဒေါင်မြည်နေတာပဲ၊ ဒါကြောင့် နိမိတ်တို့၊ စနည်းတို့ဟာ မပစ်ပယ်စကောင်းဖူးလို့ ပြောတာပေါ့”

“ကိုတင်ဝေရယ်၊ ကိုအောင်လှရင်ရယ်၊ မောင်ဟန်ရယ်ကို ကျေးဇူးတင်ရမလို ဖြစ်နေပြီ”

ဦးသန်းထွန်းအောင်သည် လွန်စွာမှ စကားပြော၏။ ပေါက်ပေါက်ဖောက်သလို ပြော၏။ ယခု ကျွန်ုပ်က စကားများစွာ တောက်လျှောက် ပြောလိုက်ရပြီး သူက နားထောင်သမားဖြစ်ခဲ့ရ၍ ငြိမ်ချက်သားကောင်းနေ၏။ ထို့ကြောင့် ငြိမ်၍ နားထောင်နေရှာသော မြိုင်ရာဇာကြီးအား ပြုံး၍ ကြည့်လိုက်ရင်း. . .

“ကဲ ပြောလိုက်ရတဲ့စကား မနားတမ်းပဲ၊ ဗိုက်ထဲမှာ ဘာအစာမှ မရှိဘဲ ဒါလောက် ပြောနေရတော့. . .”

“ဟဲ ဟဲ ပညာလိုချင်ဇောနဲ့ နားထောင်ကောင်းနေလို့ပါ ဆရာ၊ သွားမယ် သွားမယ် မုန့်ထွက်စားကြမယ်”

❖ ❖ ❖

(အုရှာမွှေခင်း အတွဲ (၁)၊ အမှတ် ၁၂)



www.burmeseclassic.com

www.burmeseclassic.com

## တစ်ကျော့ပြန် သာစည်-ပင်းယ

"ဟ၊ ဖထီးကြီး"

"အေးလေ၊ အပြင်တောင် သွားပြီမှတ်လို့"

"စောသေးတယ်၊ ထွေထွေထူးထူးတော့ သွားစရာ မရှိသေးပါဘူး။ သူရဇ္ဇတိုက်ကိုပဲ သွားမှာ၊ ဘာအကြောင်းတွေ ဘယ်လို သိချင်လာပြန်ပြီလဲ။ စာအုပ်ကြီး တကိုင်ကိုင်နဲ့ လုပ်လာပြန်ပြီ"

"ဒီမှာ သိချင်တာလေး နည်းနည်းပါးပါးပါ"

ပြောပြောဆိုဆိုနှင့် သူက ရှေ့က ဦးဆောင်၍ အိမ်ထဲ ဝင်သွား၏။ ကျွန်ုပ်လည်း နံနက်ခင်း လတ်လတ်ဆတ်ဆတ် လေကို ရှူနေရာမှ သူ့နောက်လိုက်ဝင်ရတော့၏။ ကျွန်းစားပွဲကြီးအား ဘေးသို့ရွှေ့၍ သံချက်များ အထပ်ထပ်အခါခါ ရိုက်ထားရသော ကုလားထိုင် အဟောင်းများပေါ် သို့ ထိုင်ချလိုက်ပြီး. .

"ဒီမှာ သာစည် ပင်းယကြိုးဆိုတဲ့ ဆောင်းပါး၊ စာမျက်နှာ အဲ (၅၃)မှာ"

"ဒီ နှစ်ဆယ်ရာစု အင်္ဂလိပ်ဇာ ဆောင်းပါးပေါင်းချုပ် စာအုပ်တစ်အုပ်နဲ့တင် အတော် အလုပ်ဖြစ်နေတာ တစ်ခါထဲ၊ မေးလို့ မြန်းလို့ မပြီးနိုင်ဘူး၊ ဘာဖြစ်လဲပြော၊ အဲဒီ သာစည် ပင်းယကြိုး ဆောင်းပါး"

"ဒီလို ဆရာရဲ့၊ ခင်ဗျားရဲ့ သူငယ်ချင်း ကိုမြင့်သိန်းက နန္ဒဝန်စျေး ရှေ့ ပြဟ္မစိုရ်လမ်းဆုံထောင့်မှာ ထီးပြင်တယ်၊ သော့ပြင်တယ်၊ မျက်မှန်တို့ ဘာတို့ ပြုပြင်ရောင်းဝယ်တယ်၊ ဘာညာပေါ့ဗျာ၊ ခင်ဗျား ရေးထားတာ"

"ဟုတ်တယ်လေ၊ ခုလည်း ရှိတယ်လေ"

"သူဟာတဲ့၊ လုံးဝ ဗေဒင်မဟောသော လက်ရိုးလက်ဆန်းပညာ ရှင်တဲ့"

"အေးလေ၊ ဖထီး သူနဲ့ ပတ်သက်ပြီး ဘာသိချင်လို့လဲ"

"သူနဲ့ ပတ်သက်ပြီး မဟုတ်ဘူးလေ၊ ဒီမှာ ဆရာ ရေးထားတာ



www.burmeseclassic.com

www.burmeseclassic.com



တနင်္လာနေ့ ညနေပိုင်းမျိုး သူ့ဆီကို ဆရာ သွားလည်တတ်တယ်လို့ ပြထား တယ်"

"ဟုတ်တယ်"

"အဲဒီလို တနင်္လာနေ့ တစ်နေ့မှာ ဆရာ သူ့ကို ပြောထားတယ်၊ ကိုမြင့်သိန်း နာမည်က ဒီ စနေ္တြာအခါမှာ သာစည်- ပင်းယ ဖောက်ထိုးဖြစ်နေလို့ နည်းနည်းပါးပါး စိတ်ညစ်နေရတာပါလို့ ပြောထားတယ်"

"အင်းလေ"

"ဒါဖြင့်ရင် တနင်္လာနေ့ ညနေပိုင်းရောက်တိုင်း ကိုမြင့်သိန်းဆိုတဲ့ ကြာသပတေးစပြီး သောကြာပိတ် နာမည်မှန်သမျှ အားလုံးလိုလို ဖောက်ထိုးဖြစ်ကြရပြီ၊ ဒီလိုဆိုရင် အဲဒီ ပုဂ္ဂိုလ်တွေအားလုံးဟာ တနင်္လာနေ့ ညနေတိုင်း ကံတွေနိမ့်ပြီး လာဘ်တွေ ပိတ်ကုန်ရောလား၊ ဘာမှ လုပ်စားလို့ မရတော့ဘူးလား။ ငွေမဝင်တော့ဘူးလား၊ အမြဲတမ်း အတွေးအခေါ် အယူအဆ မှားနေတော့မှာပဲလား"

"ဖထီးကဗျာ၊ စိတ်ရှုပ်လိုက်တာ၊ စောစောစီးစီး"

"ဒီလိုတော့ မရဘူးနော်ဆရာ၊ စိတ်ရှုပ်တယ်ဆိုပြီး စကား မလှည့်နဲ့၊ ဆရာပဲ ပြောထားတာ သိချင်လာမေးဆို"

"အေးပါ၊ ဟုတ်ပါတယ်၊ ဖထီး မေးတာကြီးက ပုံသေကြီးလို တွေးလိုက်သလို ဖြစ်နေတာကိုး၊ ဖြစ်တတ်တဲ့ သဘောသဘာဝကို ပြောတာ၊ စနေ္တြာအခါမှာ ကြာသပတေးနဲ့ သောကြာဟာ သာစည်-ပင်းယ ဖောက်ထိုး ဖြစ်နေတာပဲ၊ "လက်ထုပ်-ဖက်သန်း-မကောင်းလွန်းသည် ကျမ်းညွှန်းစနေ္တြ" ဆိုတာ အင်္ဂဝိဇ္ဇာကျမ်းတွေမှာ ပြထားတယ်လေ။ အဲဒီတော့ စနေ္တြာဆိုတဲ့ တနင်္လာအခါမှာ ဖက်သန်းနဲ့ နံတူတဲ့ ကိုမြင့်သိန်း စိတ်ညစ်ရတော့တာ ပေါ့၊ ဒီလိုပဲ သူ့လို အလားတူ ကြာသပတေး စပြီး သောကြာပိတ်တဲ့ နာမည်တွေ မှန်သမျှ ဖောက်ထိုး ဖြစ်ရတော့တာပေါ့၊ တကယ်လည်း အတွေးအခေါ် အယူအဆ လွဲတတ်တယ်၊ ဆုံးဖြတ်ချက်တွေ မှားယွင်းတတ်တယ်၊ အစပျိုးမှု မှန်သမျှ မအောင်မြင်ခင်မှာ အဆုံးသတ်သွားရလေ့ ရှိကြတယ်။ ဒါကြောင့် ဘာကိုပဲလုပ်လုပ် စနေ္တြာအခါကိုတော့ ကွန်တော် အတတ်နိုင်ဆုံး ရှောင်ခိုင်းတယ်။ ဒါပေမယ့် ခုန ဖထီးမေးသလို ကံတွေ နိမ့်ပြီး လာဘ်တွေ အကုန်ပိတ်ကုန် တယ်ရယ်လို့တော့ မဟုတ်ဘူးပေါ့၊ ဥပမာ ဖထီးရယ် ကုန်စုံဆိုင်ကြီးတစ်ခု ဆိုပါတော့ ခုန ကိုမြင့်သိန်းလို နာမည်မျိုးက ပိုင်ရှင်ပဲထား"

"အင်း၊ ဟုတ်ပြီ"

"စောစောကပြောတဲ့ တနင်္လာနေ့ ညနေ ရောက်တာနဲ့ စနေ္တြာ အခါ ရောက်တာနဲ့ ဆိုင်ပိတ်ထားလိုက်ရမယ်လို့ မဟုတ်ဘူးလေ၊ လာဝယ်တဲ့လူတွေကို ရောင်းရတာ ဈေးအပေါက်အလမ်း တည့်ချင်မှ တည့်မယ်၊ သဘောက စကားပြောရတာ လက်ဝင်ချင်ဝင်မယ်၊ ခပ်ဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံသွားတဲ့ ဝယ်သူတွေနဲ့လည်း ကြုံချင်ကြုံမယ်၊ ဒီလိုမှ မဟုတ်ရင် အရောင်းအဝယ်နဲ့ မဆိုင်တဲ့ ဒိပြင် ကိုယ်ရေးကိုယ်တာတို့ မိသားစုကိစ္စတို့ လူမှုရေးကိစ္စတို့ စိတ်ညစ်စရာကိစ္စတွေ ဝင်လာနိုင်တယ်၊ ဝင်လည်းဝင်လေ့ရှိတာ ယ်ဖထီးပြောသလိုဘာမှလုပ်စားလို့မရတော့ဘူးလားဆိုတာကတော့ မဟုတ်ပါဘူး လာဘ် တွေ လည်းမပိတ်ပါဘူး။ကျွန်တော် သုတေသန ပြု ကြည့်ချက်အရတော့ တနင်္လာအခါမှာ ငွေအလုံးအရင်း ဝင်လာပြီဆိုရင် ငွေအလုံးအရင်း ပြန်ထွက်ဖို့က အဆင်သင့် ဖြစ်နေသလိုပဲ”

“သြော် . . . ပြန်ကုန်တာပဲလား”

“ပြန်ကုန်တာပဲ”

“ဖထီး နားလည်လွယ်အောင် ပြောရမယ်ဆိုရင် လုပ်ငန်း မစသင့်တာကတော့ အဓိကပေါ့ဗျာ၊ ကျန်တာကတော့ ရှောင်တတ်တိမ်းတတ်ရင် ရပါတယ်”

“စနေ္ဒြေအခါတိုင်း အထိတ်တလန့်ဖြစ်နေစရာ မလိုဘူးပေါ့”

“မလိုပါဘူး၊ ဒီအချိန်မှာ ဒီဂြိုဟ်နေဂြိုဟ်ထားတွေက ဒီလို တည်နေပါလားဆိုတာကို သိထားရင် ပြီးတာပဲ၊ ဘာမှ အထိတ်တလန့် ဖြစ်စရာ မလိုပါဘူးလူတွေကိုလေ့လာကြည့်၊လူတိုင်းဟာအုန်းသီးစားဖူးတာ ချည်းပဲ၊ ဒါပေမယ့် ဘာဖြစ်လို့ အုန်းနို့ခေါက်ဆွဲစားပြီး သွေးတက်ပြီး လေဖြတ်ကြရသလဲ၊ အဲဒီ အုန်းနို့ခေါက်ဆွဲစားပြီး လေဖြတ်သွားကြသူ တိုင်းဟာ အုန်းသီး စားဖူးတဲ့လူချည်းပဲ ဖထီး လေ့လာကြည့်”

“အဲ ဟုတ်တယ်”

“မှိုကို လူတိုင်း စားဖူးကြတာချည်းပဲ၊ ဘာဖြစ်လို့ မှိုစားပြီး သွေးတက်ရလဲ၊ မှိုစားပြီး ခေါင်းမူးတဲ့သူကိုယ်တိုင် မှိုမစားခဲ့ဘူးတာမှ မဟုတ်တာ၊ ဒီလိုပဲ ငါးသလောက်ပေါင်းတို့ ဒံပေါက်တို့ စားပြီး သွေးတက်ကြတဲ့လူတွေကို မေးကြည့်၊ သူတို့တွေ ငါးသလောက်ပေါင်းကို အကြိမ်ပေါင်းများစွာ စားခဲ့ဖူးပြီးသွားပြီ၊ ဒံပေါက်ကို အကြိမ်ပေါင်းများစွာ စားခဲ့ဖူးပြီးသွားပြီ၊ ဒါဖြင့် ရေချိုးမှားပြီး လေဖြတ်ရတဲ့လူတွေကိုရော သုတေသနပြုကြည့်၊ အဲဒီလူတွေဟာ တစ်သက်လုံး ရေချိုးလာကြတာချည်းပဲ၊ ဘာမှ မဖြစ်ကြဘူး၊ ဘာလို့ ခုမှ ရေချိုးမှားလဲ၊ ဘာလို့ ခုမှ သွေးတက်ကြလဲ၊ ဘာလို့ ခုမှ ဦးနှောက်သွေးကြောပြတ်ကြလဲ။ ဘာလို့ ခုမှ လေဖြတ်ကြလဲ၊ ဘာလို့ ခုမှ ခေါင်းမူးကြလဲ၊ အဲဒါ အဲဒီ အစားအသောက်တွေနဲ့ ရုပ်ခန္ဓာနဲ့ မတည့်တော့တဲ့အချိန်ရောက်လာလို့ပဲ ဖထီး၊ စားနေကျ အာဟာရတွေတော့ မှန်ပါရဲ့၊ မတည့်တော့တဲ့ အချိန်လည်း ရောက်လာရော အစာ မဖြစ်တော့ဘူး၊ အဆိပ်ဖြစ်တော့တာပဲ၊ ဒီသဘောပဲပေါ့၊ စနေ္ဒြေအခါကို လူတိုင်း ဖြတ်သန်းကြတာပဲ၊ ကြာသပတေးစ သောကြာပိတ်နာမည်ရှင်တွေ စနေ္ဒြေအခါရောက်တိုင်း ဘာမှ မဖြစ်သေးတာ၊ စောစောက ပြောသလို အစာနဲ့ တည့်နေသေးလို့ပေါ့၊ ဟော စနေ္ဒြေအခါမှာ စိတ်ညစ်စရာမျိုးပို



www.burmeseclassic.com

www.burmeseclassic.com




ဝင်လာခြင်းကို ခံရတဲ့ ကြာသပတေစ သောကြာပိတ် နာမည်ရှင်ကျတော့ အဲဒီအစာနဲ့ မတည့်တဲ့အချိန် ဖြစ်လို့ပေါ့”


“အေးပေါ့၊ ဟုတ်ပြီ၊ ဟုတ်ပြီ”

“ကျွန်တော် ပြောချင်တာက၊ ကျွန်တော် အကြံညာဏ် ပေးချင်တာက၊ ကျွန်တော် သတိပေးချင်တာက အဲဒီလို အစာနဲ့ မတည့်တော့တဲ့ အချိန်မျိုးပဲ၊ အဆိပ်ဖြစ်လာစေနိုင်တဲ့ အချိန်မျိုးပဲ၊ ဒီအချိန်မျိုးလေးကို ရှောင်နိုင်တိမ်းနိုင်ရင်၊ သတိထားနိုင်ရင် ပြီးပြီ၊ ကိုယ်လုပ်မြဲအလုပ်ကို မလုပ်နဲ့ မဟုတ်ဘူးလုပ်၊ ဆက်လုပ်၊ ဘာမှ ရပ်ဆိုင်းလိုက်စရာ မလိုဘူး၊ အတွေးအခေါ် အယူအဆ မလွဲအောင် သတိလေးသာထားလုပ်”

“အေးပေါ့”




(လံဘူး-စသာ-ကိန်းမိပုံကို ကောက်ကြောင်းနှင့် ပြဆိုခြင်း)




(လံဘူး-စသာ ကိန်းအရ စန္ဒြောအခါတွင် ကိုမြင့်သိန်း နာမည် ‘လံဘူး’ ကိန်းမိနေပုံ)

“ဒါဆို ရှင်းသွားပြီ။ သောမအခါမှာ သထုံသွားမယ့် မင်းအောင် သာစည်-ပင်းယ ဇောက်ထိုးဖြစ်သွားတာလည်း ရှင်းသွားပြီ”

“ဘာထူးလဲ၊ တူတူပဲလေ၊ အင်္ဂါနေ့တိုင်း ဒါမှမဟုတ် သောမအခါတိုင်း သထုံတို့၊ သံတွဲတို့၊ သိန္နီတို့ သွားကြမယ့် မင်းအောင်တို့၊ မြင့်အေးတို့၊ မိုးဦးတို့ ဆိုတဲ့ နာမည်ရှင် ခရီးသည်တွေ အများကြီး ရှိနေမှာပဲ၊ စောင့်ကြည့် ရှိမှာပဲ၊ ဒါပေမယ့် ခါတိုင်းသွားတဲ့ ကိစ္စ အောင်မြင်ချဲ



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မယ်၊ အဲဒီနေ့ အဲဒီအခါမှ ရွေးသွားတဲ့ ကိစ္စဆိုရင်တော့ အောင်မြင်ချင်မှ အောင်မြင်မယ်၊ ဒီသဘောပဲ၊ အမှုမဲ့ အမှတ်မဲ့မနေရင် ပညာဆိုတာ ကွင်းခနဲ ကွက်ခနဲ ပေါ်ပါတယ်၊ ပညာက ဘယ်တော့မှ မမှားပါဘူး၊ လူတွေကသာ လွဲချင်လွဲမှာ၊ ပိုကောင်းတာကတော့ ဒီလို ဇောက်ထိုးမိတဲ့အခါမျိုး နေ့မျိုးတွေမှာ ဘဝကို အခြေခိုင်စေမယ့် လုပ်ငန်းကြီးတွေ အခြေမချမိဖို့၊ ပန္နက်တင်မင်္ဂလာလို ကောင်းခြင်းနဲ့ ပြည့်စုံတဲ့ အစပျိုးခြင်းတွေ မပြုလုပ်မိဖို့ ဒါပါ။ ကြားဖူးတယ်၊ လူတစ်ယောက်ဟာ ပြဿဒါးတွေကိုမှ ရွေးပြီး အလုပ်လုပ်တယ်၊ အိမ်ဆောက်တာတို့၊ လုပ်ငန်းစတာတို့ အကုန် ပြဿဒါးချည်းပဲ၊ နောက်တော့ သူ့အိမ်ရော ပစ္စည်းတွေရော မီးထဲ ပါကုန်တော့တာပဲ၊ အခုလည်း ဒီ သာစည်-ပင်းယ ဇောက်ထိုးကိုမှ ရွေးပြီး လက်တည့်စမ်းတဲ့လူတွေ ရှိသေးတယ်။ အဲဒီအခါကို ရွေးလုပ်ပြတယ်၊ ရွေးပြီး အဆောက်အဦး ပန္နက်ရိုက်ပြတယ်၊ ဒါပေမယ့် သိပ်တောင် မလုပ်လိုက်ကြရရှာပါဘူး"

"ဟင်၊ ဘာဖြစ်လို့"

"တစ်ယောက်က လေဖြတ်ပြီး အိပ်ရာထဲလဲသွားပြီ၊ ထမင်းစားပြီး စောင့်နေရတဲ့အချိန်ကို ရောက်သွားပြီ၊ တစ်ယောက်ကတော့ လူဖြစ်ရက်သားနဲ့ လူဖြစ်ရှုံးသွားပြီ၊ ဦးနှောက် ဘာဖြစ်သွားလဲ မသိဘူး၊ စကားပြောရင် ဆွံ့နေတယ်၊ မေးနိုင်မှ ပြောတယ်၊ မျက်တောင် သိပ်မခတ်ချင်သလိုကြီးပဲ၊ သူတို့ကို ဒိပြင်လူတွေက ပြောကြတယ်၊ သိုက်မြေမလွတ်တဲ့အပေါ်မှာ အိမ်ဆောက်မိလို့ ဘာလို့ညာလို့နဲ့ ကျွန်တော် မြင်တာကတော့ တနင်္ဂနွေအခါကို ပြောင်းပြန်ဇောက်ထိုးဖြစ်စေတဲ့ ဗုဒ္ဓဟူးစ ကြာသပတေးပိတ် နာမည်ရှင်က အဲဒီ တနင်္ဂနွေအခါကိုပဲ ရွေးပြီး အိမ်ပန္နက်ရိုက်လိုက်လို့ပဲလို့ မြင်တယ်၊ သူ ပန္နက်ရိုက်တာက ကြာသပတေးနေ့ (၉)နာရီ (၁၀) မိနစ်မှာ ဒိပြင်လူတွေလည်း အဲဒီအခါမှာ ပန္နက်ရိုက်ကြပါတယ်၊ ဘာမှ မဖြစ်ပါဘူး၊ သူ့ကျမှ ဖြစ်ရတယ်ဆိုတော့ ဘာပဲပြောပြောလေ ဖထီး၊ သာစည်-ပင်းယ ဇောက်ထိုးက အစွမ်းပြတာ မဖြစ်နိုင်ဘူးလား"

"အေးပေါ့၊ ဒါ ဟုတ်တယ်လေ၊ ဖြစ်နိုင်တယ်"

၅ ← ဘူး
၂
၆
―
၁
―
၄ ← လံ
၀
၃

(ဗုဒ္ဓဟူးစ ကြာသပတေးပိတ်နာမည်ရှင်သည် သူ၏ အိမ်ဆောက်ရန် အညွန့်နေ့ ယူပြီး ကြာသပတေးနေ့ကို ရွေးခဲ့၏။ ပြီးသော် သူရဇ္ဇအခါကို



www.burmeseclassic.com

www.burmeseclassic.com



ထပ်ရွေးခဲ့ပြန်၏။ အဆိပ်ပြင်းထန်သော မြွေဆိုးနှင့် မှန်အလုံခန်းထဲတွင် အတူနေဘိသကဲ့သို့ အခန့်မသင့်တော့သည့်အခါ . . .)

“ ‘စတု-ပအုပ်၊ ရှောင်အဟုတ်၊ သတ်ပုတ်သေတတ်စွာ’ ဆိုပြီး ကျမ်းတွေမှာ ပြထားတယ်လေ၊ (၇) ရက်သားသမီးတို့ဟာတဲ့၊ မိမိတို့ရဲ့ စတုရန်းကို ပဋ္ဌပွတ်အုပ်တဲ့ သစ်ပင်ကို မစိုက်ပျိုးအပ်ဘူးတဲ့၊ အဲဒီ အသားကိုလည်း မဆောင်အပ်ဘူးတဲ့၊ အဲဒီအရပ်မှာလည်း မနေအပ်ဘူးတဲ့၊ စိုက်ပျိုးတာတို့၊ ဆောင်တာတို့၊ နေထိုင်တာတို့ ပြုခဲ့ရင် သေကျေပျက်ဆီးတတ်တယ်တဲ့၊ စဉ်းစားသာကြည့်၊ ဒါ ရှေးပညာရှိကြီးတွေရဲ့ အဆိုအမိန့်”

“အေးလေ၊ အထင်အရှား ပြထားတာပဲဟာ”

စာအုပ်ကို လက်မှ ကိုင်ထားရင်း ဖထီးကြီး၏ မျက်နှာမှာ ကျွန်ုပ်၏ စကားလုံးများအား စိတ်ဝင်စားဘိသကဲ့သို့ စူးစိုက်နားထောင်နေ၏။ မျက်တောင်လည်း ပုတ်ခတ်ပုတ်ခတ် လုပ်နေ၏။ အတော်ကြာ ကြည့်နေပြီးမှ အောက်တွင်ချထားသော ခြေနှစ်ချောင်းကို ဆွဲမလိုက်ပြီး တင်ပျဉ်ခွေသို့ ပြောင်းထိုင်လိုက်၏။

“ဒီလိုပဲ ‘တြိ-ဆအုပ်၊ မကောင်းလုပ်၊ ပျက်ယုတ်သေ တတ်စွာ၊ နံ့ပင်ကိုကား၊ စိုက်ကာထား၊ ဆိုပြားအမှန်သာ၊ မကောင်းဟူကာ၊ ရှောင်လေရာ မုချမှတ်လေပါ’ ဆိုတာလည်း ရှိသေးတယ်။ အဲဒီ လင်္ကာနှစ်ခုကို ပေါင်းလိုက်ရင် ခုနပြောတဲ့ ‘လံဘူး-စသာ-ရှောင်ကြဉ်စွာ-ဝေးစွာ သူရဇ္ဇ’ ဆိုတဲ့ လင်္ကာနဲ့ အတူတူပဲ”

“ဪ အေး၊ ဒီလိုကိုး”

စကားပြောရင်း လက်ထဲတွင် ကိုင်ထားသည့် အင်္ဂလိပ်စာအုပ်ကြီးအား စားပွဲပေါ်တင်လိုက်၏။ ပြီးမှ ခြေထောက်ကို အောက်ချလိုက်၊ ပြန်ပြင်ထိုင်လိုက် လုပ်နေသောကြောင့် သံချက်များ အထပ်ထပ်အခါခါ ရိုက်ထားရသည့် ကုလားထိုင် အဟောင်းမှာ ပြုတ်ထွက်လုလု ယိမ်းထိုးနေတော့၏။

“သိပြီ သိပြီ၊ ဒီလိုဆိုရင် ကျောက်ဆည်တို့၊ အင်းဝတို့မှာ နေတဲ့ သောကြာသားသမီးတွေ၊ စလေတို့၊ စလင်းတို့၊ ညောင်ရွှေတို့၊ ကျောက်မဲတို့မှာနေတဲ့ စနေသားသမီးတွေ ဘာမှ မဖြစ်တော့ဘူးပေါ့”

“ဘယ်ဖြစ်ပါ့မလဲ၊ ဘယ့်နှယ် အလကားနေရင်း ဖြစ်နေပါ့မလား ဖထီးရဲ့၊ သူက အမြဲနေနေတဲ့အရပ်မို့ ပကတိအရပ် ဖြစ်သွားပြီ၊ အထူး တလည် သွားနေတဲ့အရပ် မဟုတ်တော့ဘူး၊ ဒီတော့ သူ့အတွက် ဝိကတိ ဖြစ်မလာတော့လို့ ထူးခြားတဲ့ဖြစ်ရပ် ဘာမှဖြစ်လာမှာ မဟုတ်တော့ဘူး”

“အေးပေါ့”

“ဒါပေမယ့်နော်၊ ပညာကို မဆန့်ကျင်တာကတော့ ကောင်းမယ်၊ ဥပမာ လှည်းတန်းဆိုတာ နေ့စဉ်လိုလို ဖြတ်သွားနေတဲ့နေရာပဲ၊ ဒါပေမဲ့ စနေ်ရာအခါမှာ လှည်းတန်းကိုသွားပြီး လှထွန်းဆိုတဲ့ လူဆီမှာ အဘိုးညီ



www.burmeseclassic.com


www.burmeseclassic.com



သွားတောင်းလို့ကတော့ အဲဒီနေ့ မရဘူးမှတ်၊ ရရင်တော့ တစ်ခုခု အစား ပေးရလိမ့်မယ်"

"ဘယ်လို ဆရာ၊ ဘာ အစားပေးရမှာ"

"ဩော် . . . အနိဋ္ဌကို ဣဋ္ဌ မဖြစ်ဖြစ်အောင် ဖွတ်သွား ဖန်တီး လို့ကတော့ အဲဒီ အနိဋ္ဌနဲ့ ဣဋ္ဌ ဆက်စပ်တဲ့ အကြောင်းတရားက အစွမ်း ထပြမှာ သေချာတယ်၊ မြေကြီးလက်ခတ်မလွဲဘူး၊ တစ်ခုခု ပေးဆပ်ရတော့ မှာပဲ"




(စန္ဒြောအခါ (သို့) တနင်္လာနေ့တွင် လှည်းတန်းသွား၍ လှထွန်းထံ အကူအညီ တောင်းခံခြင်းသည် မူလ အလယ်အခြာ တနင်္လာအား ပြိုပျက်သွားစေနိုင်သော 'လက်ထုပ်' ကိန်း မိသွားသည်ဖြစ်၍ . . . )

"လူတစ်ယောက်ဟာ တစ်ခါတုန်းက ပေ့ကောင် သူငယ်ချင်း မင်းပြောတဲ့ သာစည်-ပင်းယ ဇောက်ထိုးကို ငါ လက်တွေ့ သိချင်တာနဲ့ စန္ဒြောအခါမှာ ဗဟန်းမှာ မြီးရှည်ဝယ်စားတယ်၊ ပြီးတော့ သုဝဏ္ဏသွားပြီး သုဝဏ္ဏမှာ သဘော်သီးမုည့် ရှာဝယ်စားတယ်တဲ့"

"အံမယ်၊ တယ်ဟုတ်ပါလား"

"ဟုတ်ရုံတင်မကဘူး၊ သူ့နာမည်ကိုက ခုန ကိုမြင့်သိန်းနဲ့ ခပ်ဆင် ဆင်ပဲ၊ ကြာသပတေးစ သောကြာပိတ်ပဲ၊ အဲဒီလူက တစ်မျိုး သူက အယုံအကြည် မရှိဘူးရယ်လို့တော့ မဟုတ်ဘူး၊ ယုံတော့ ယုံတယ်၊ လက်တွေ့ သိချင်တဲ့သဘော ဖထီးရဲ့"

"ဩော် အေးပေ့ါ"

"လေးငါးရက် သူ ဆက်လုပ်လိုက်တယ်၊ သူတော့ ဘာမှ မဖြစ်ဘူး ဖထီး၊ တကယ်ကို သူ ဘာမှ မဖြစ်ဘူး၊ အလုပ်အကိုင် အဆင်မပြေတာ လည်း မဖြစ်ဘူး၊ သူက ကုမ္ပဏီဝန်ထမ်းဆိုတော့ လခစားမို့လား မသိဘူး၊ ဘာမှ မဖြစ်ဘူး၊ ကျန်းမာရေးလည်း ကောင်းတယ်၊ ဒါပေမယ့် အဲဒီရက် ထဲမှာပဲ မကြာခင်ပေ့ါလေ၊ မော်လမြိုင်မှာနေတဲ့ သူ့အမေ လေဖြန်းသွား လို့ဆိုတဲ့ သတင်းကြားလို့ မော်လမြိုင်ကို ကောက်ကာငင်ကာ အားချင်း ခရီးထွက်သွားရတာပဲ ရှိတယ်။ အဲဒီလို စိတ်နှလုံး ညှိုးခြုံးသွားစေတဲ့ ပြဿနာတော့ ပေါ်သွားတယ် ဖထီး၊ ဘာပဲဖြစ်ဖြစ် ဇောက်ထိုးဟာ



www.burmeseclassic.com

www.burmeseclassic.com



ဇောက်ထိုးပဲ၊ ဒါကြောင့် သူ မော်လမြိုင်က ပြန်လာတော့ ကျွန်တော် ပြောလိုက်ပါတယ်။ ဒီပညာခန်းတွေက ငါထွင်တာ မဟုတ်ဘူး သူငယ်ချင်း၊ ငါလုပ်လို့လည်း မရဘူး၊ ရှေးရှေးက ပညာရှိကြီးတွေက ဒါကိုလုပ်ရင် ဒီလိုဖြစ်မယ် ဆိုပြီး ပြခဲ့တာ၊ အဲဒါကို မဖြစ်နိုင်ပါဘူးဆိုပြီး သွားကွန့်လို့ မရဘူး၊ ဒီတော့ မိခင် မရှိတော့တဲ့ လူမျိုးတွေ ဆိုရင်တော့ လက်တွေ့ တမင်လုပ်ကြည့်တာ ကောင်းပါတယ်၊ ထိစရာရှိရင် လက်တွေ့ လုပ်တဲ့လူပဲ ထိတာပေါ့၊ မိခင်ရှိတဲ့ လူမျိုးကျတော့ မိခင်ကို သွားထိတတ်လို့ အပြစ် မရှိတဲ့ မိခင်က မင်းတို့လုပ်တဲ့ ကိုယ်စား ဒဏ်ခံရမှာစိုးလို့ မင်းတို့လို မိခင် ရှိတဲ့လူမျိုးတွေဟာ ပညာကို ဆန့်ကျင်ဘက် မလုပ်သင့်ဘူးလို့ ပြောလိုက်တယ်၊ သူလည်း တော်တော် မှတ်သွားတယ်။

တကယ်လို့ ဒီလိုလုပ်တာတွေဟာ မိခင် မရှိရင်ကော၊ ဒိပြင် လူတွေ ထိတတ်လား မေးစရာရှိတယ်၊ ကိုယ့်မိသားစုထဲမှာ တနင်္လာ သားသမီးရှိရင် ဒါမှမဟုတ် မိခင်ကဲ့သို့နေသောသူ ရှိရင်ထိတာပေါ့ ဖထီးရဲ့၊ မဟုတ်တာ လုပ်တာကိုး"

၆ - ⊔:-သုဝဏ္ဏမှာ သဘော်သီးစားသည်
၃
၀
စန္ဒြော - ၂ - တနင်္လာအခါတွင်
၅ - ·:·-ဗဟန်းတွင် မြီးရှည်စား၍
၁
၄

(နာမည်အားဖြင့် ကြာသပတေးစ၍ သောကြာပိတ်သော နာမည် ရှင်သည် စန္ဒြောအခါကို တမင်ရွေး၍ ဗဟန်းတွင် မြီးရှည်စားပြီး သုဝဏ္ဏ တွင် သဘော်သီးစားခဲ့၏။ ကြိမ်ဖန်များလတ်သော် လေလာရာအရပ်သို့ ဖုန်မှုန့်နှင့် ပက်လိုက်သည်သို့နှယ် . . .)

သူလုပ်လိုက်တဲ့ပုံက 'စတု-ပအုပ်၊ ရှောင်အဟုတ်၊ သတ်ပုတ်သေ တတ်စွာ' ဆိုတဲ့ စတုရန်းကို ပဥ္စပွတ်အုပ်ကိန်းမိသွားတာကိုး ဖထီးရဲ့၊ ဒါလောက်တော့ ရှိမှာပေါ့"

"အေနော်၊ စိတ်ဝင်စားစရာ ကောင်းတယ်၊ ဘာမှ မဟုတ်တဲ့ အကြောင်းလေးကို ဖန်တီးလိုက်တာနဲ့ အကျိုးဆက်တွေ တောက်လျှောက်ပဲ"

ထိုစကားကို ဆိုရင်း ခေါင်းတညိတ်ညိတ်လုပ်နေ၏။ စက္ကန့် (၄၀)ခန့် ငြိမ်နေပြီးမှ တစ်ခုခုကို သတိရသွားဟန်နှင့် . . .

"ဒီလိုဆို၊ ဆရာ"

"ပြော ဖထီး"

"ဆရာ ခုနပြောသလို စန္ဒြောအခါမှာ ကြာသပတေးနံအရပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခုနပြောတဲ့ ဗဟန်းမှာပေါ့ဗျာ၊ မြီးရှည်စားမယ်၊ ပြီးရင် သုဝဏ္ဏကိုသွားပြီး သင်္ဘောသီးစားမယ်ဆိုပြီး ဟိုလူလုပ်တယ် ဆိုပါတော့”

“အင်း”

“ဒါကတော့ ကျွန်တော် သိပြီလေ၊ သာစည်-ပင်းယ ဇောက်ထိုး မှန်းသိပြီ၊ ကျွန်တော် သိချင်တာက စန္ဒြေအခါမှာ ကြာသပတေးအရပ်မှာ ကြာသပတေးနံစားပြီး အခါရဲ့ ဆန့်ကျင်ဘက် သောကြာနံအရပ်ကို သွားမယ်၊ သောကြာနံစားမယ်လို့ စီစဉ်ပြီး ရောက်သွားတဲ့အခါ စားဖြစ် တဲ့အခါ စန္ဒြေအခါ မဟုတ်တော့ပဲ၊ သောရီတို့၊ ဂုရုတို့ ဖြစ်မသွားနိုင် ဘူးလား၊ အဲလိုဆိုတော့ တနင်္လာအခါထဲမှာ မဟုတ်တော့လို့ ဇောက်ထိုး ကိန်း မိပါဦးမလား”

“အဲ ဟုတ်ပြီ၊ ဒီမေးခွန်းကို ဖထီး ဘယ်အချိန် မေးပါမလဲလို့ ကျွန်တော် စောင့်နေတာ၊ ပညာဆိုတာကလည်း ပြောပြီဆိုရင် ထဲထဲဝင်ဝင် သိစေ့ချင်တယ်လေ၊ ထောင့်စုံဘက်စုံ ပြောပြချင်တယ်၊ ဒါကြောင့် ဖထီး အမေးကို စောင့်နေတာ၊ ဟုတ်ပြီ၊ ဖထီးမေးတာ မေးထိုက်တယ်၊ တနင်္လာ အခါတစ်ခုထဲမှာ အရပ်ဒေသနှစ်ခု တစ်ပြိုင်တည်းသွားပြီး ဘာမှ မလုပ် နိုင်ဘူး၊ ကကနဲ့ သွားမယ်ဆိုရင်တော့ ရတာပေါ့လေ၊ ပုံမှန်သွားမယ်ဆိုရင် ဗဟန်းမှာ စန္ဒြေအခါဖြစ်ပေမယ့် သုဝဏ္ဏကျရင် သောရီအခါ ဖြစ်ရင် ဖြစ်တော့မှာ၊ မှန်တယ်၊ ဖထီး မေးသင့်တယ်၊ ဖထီး အမေးကို ကျွန်တော် ဖြေရရင် ‘အစပျိုးခြင်းဟာ အစပျိုးတဲ့ အချိန်ဟာ ကောင်းခြင်းဆိုးခြင်း ဆိုတဲ့ အကျိုးတစ်ခုခုကို ဖြစ်လာစေနိုင်တဲ့ အကြောင်းတရားတစ်ခု စတင်ခြင်း၊ မွေးဖွားခြင်းပဲ ဖထီး’ ထပ်ပြောမယ်၊ စန္ဒြေအခါမှာ ဒီကိစ္စ တွေကို ဒီလို လုပ်မယ်လို့ စီစဉ်လိုက်တာနဲ့ စလိုက်တာနဲ့ ဖထီးလုပ်တဲ့ကိစ္စ တွေဟာ သောရီအခါမှာပဲပြီးပြီး၊ ဂုရုအခါမှာပဲပြီးပြီး၊ သောမအခါမှာပဲ အဆုံးသတ်သတ်၊ ဖထီးစလိုက်တဲ့ စန္ဒြေအခါရဲ့ သတ္တိက တောက် လျှောက်လိုက်ပြီသာမှတ်တော့”

“ဩော် ဒီလို”

“အင်း အဲဒီလို၊ အဲဒါကို ဖထီး ဘာနဲ့ လေ့လာသင့်သလဲ ဆိုရင် လက်တွေ့လေ့လာချင်ရင် ရုပ်ရှင်တို့၊ ဗီဒီယိုကားတို့ကို ကြည့်ကြည့်၊ အခါတစ်ခုကို စကြည့်၊ ဘာမှ မသိသေးတဲ့ ကားတစ်ခုကို အခါတစ်ခုမှာ စကြည့်လိုက်၊ အဲဒီ အခါထဲက နံတွေအတိုင်း ဇာတ်ကောင်တွေဟာ ခိုက်တဲ့လူ ခိုက်မယ်၊ ချမ်းသာမယ့်လူ ချမ်းသာမယ်၊ သေမယ့်လူ သေမယ်၊ ဘဝပျက်မယ့်သူ ပျက်မယ်၊ ညားမယ့်လူ ညားမယ်၊ လက်တွေ့ ကြည့်ကြည့်၊ ဒါပေမယ့် ခုနပြောသလို ကပ်ဖွဲ့တော့ မလုပ်နဲ့”

“ဘယ်လို ကပ်ဖွဲ့လဲ”

“ဩော် ဗီဒီယိုကားတစ်ခုကို ကျွန်တော် ခုနပြောတဲ့အတိုင်း အခါ တစ်ခုမှာ စပြီးကြည့်လို့ ခုနပြောသလို ပညာခန်းတွေအတိုင်း ဖြစ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့၊ နောက်ထပ် တစ်နာရီကြာရင် ထပ်ကြည့်ပြီး နောက်အခါ အတိုင်း မဖြစ်ပါလားဆိုတာမျိုးတော့ လာမလုပ်နဲ့”

“ဪ အေးပေါ့၊ အေးပေါ့”

“အဲဒါကတော့ ပညာကို လေ့လာတာနဲ့ မတူတော့ဘူး၊ သက်သက် လိုက်ကပ်ဖဲ့လုပ်တာ၊ ဒါမျိုးတော့ မလုပ်နဲ့၊ ကျွန်တော် ပြောတာ ရှင်းရှင်း လေး၊ အစပျိုးတဲ့အချိန်ဟာ ကောင်းခြင်း ဆိုးခြင်း ဆိုတဲ့ အကျိုးတစ်ခုခုကို ဖြစ်လာစေနိုင်တဲ့ အကြောင်းတရားတစ်ခု စတင်ခြင်းလို့ ပြောခဲ့ပြီးပြီ၊ ဘာပဲဖြစ်ဖြစ် လောကကြီးမှာ သူ့အကြောင်းနဲ့သူ ဘာမဆို ဖြစ်နေတာ၊ အဲဒီလို ဖြစ်နေတာတွေကို သတိပေးတာ၊ ဒီပညာတွေပဲ ဖထီး”

“အေးနော်၊ ဒါကြောင့်လည်း စိတ်ဝင်စားလို့ ဆရာ့ဆီ မရှင်းတာ လေးတွေ လာလာမေးတာပေါ့၊ စာအုပ်ကြီးတကိုင်ကိုင်နဲ့ လုပ်လာပြန်ပြီတို့ ဘာတို့ မပြောပါနဲ့ ဆရာရဲ့”

သူ့စကားကြောင့် ကျွန်ုပ် ရယ်ရင်း သူ့ကို ကြည့်နေလိုက်မိ၏။ ရိုးသားသော ကရင်အမျိုးသားကြီးတစ်ဦးဖြစ်ရုံမက ဥပဒေပညာရှင်ဖြစ် နေ၍ ဤပညာများကို စိတ်ဝင်စားသူတစ်ဦးအနေနှင့် ကျွန်ုပ် သူ့ကို လေးစားနေမိ၏။

“ဖထီး ကျွန်တော် ပြောတာ ရှင်းလောက်ပါတယ်။ အစပျိုးတဲ့ အချိန်အတိုင်း အကြောင်းအကျိုးတို့ လိုက်တတ်တယ် ဆိုတာကိုတော့ အခု ဖထီးယူလာတဲ့ အဲဒီစာအုပ်ကြီးထဲမှာပဲ ပါတယ်။ ‘လိုက်မဆုံးသော အရိပ်’ ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးထားတယ်၊ စာပေလုပ်ငန်းတစ်ခုကို စန္ဒြေ အခါတစ်ခုမှာပဲ စဖို့ တိုင်ပင်ဖန်တီးခဲ့ကြရာကနေ အကြောင်း အမျိုးမျိုး ကြောင့် ပျက်ပြားသွားခဲ့ရတဲ့အကြောင်း ရေးထားတဲ့ ဆောင်းပါး”

ကျွန်ုပ် ပြောနေစဉ် စာအုပ်ကြီးကို လှန်နေပြန်၏။

“ဪ အေး၊ ဒီမှာ စာမျက်နှာ . . အဲ . . . (၄၂၁)မှာ ဟုတ်တယ်၊ ‘လိုက်မဆုံးသောအရိပ်’ အကြမ်းတော့ ဖတ်ပြီးပြီ၊ သေချာထပ် မဖတ်ဖြစ် သေးဘူး”

“အဲဒီမှာ သေချာဖတ်ကြည့်၊ လုပ်ငန်းတစ်ခု စတင်ဖို့ အစပြုလိုက် တဲ့အချိန်ဟာ ဆီလျော်မှု မရှိလိုက်တာနဲ့ ပျက်ပြားသွားခဲ့ရတယ်၊ ဒါကြောင့် ဖထီး ပြောသလို စတဲ့အချိန် ကျော်သွားပေမယ့် အစပျိုးတဲ့အခါရဲ့ သတ္တိအတိုင်း ဘာမဆို ဖြစ်တယ်ဆိုတာ မမေ့နဲ့”

“အေးပေါ့”

“အခု ဖထီးနဲ့ ကျွန်တော်နဲ့ ပြောခဲ့တာတွေကို ပြန်စဉ်းစားကြည့်၊ အင်္ဂဝိဇ္ဇာပညာခန်းလာ ‘သာစည်-ပင်းယကြိုး’ ဆိုတဲ့ ပညာခန်း တစ်ကဏ္ဍပဲ ရှိသေးတယ်။ ဒီကြိုးဟာ သိပ်ကောင်းတဲ့ ကြိုး၊ အဲ ကြိုးတစ်ချောင်းလို ဆွဲကြည့်ရတဲ့ ကိန်းပေါ့ဗျာ၊ ကြိုး ဆိုတာကတော့ တင်စားပြောတာ၊ ထားပါတော့၊ အဲဒီ ကိန်းဟာ သာစည်-ပင်းယ အမှန်သာဆိုလို့ကတော့



www.burmeseclassic.com


www.burmeseclassic.com



သိပ်ကောင်းတာအခုပြောခဲ့ကြသလိုဇောက်ထိုးများဖြစ်လို့ကတော့ သွားပြီသာမှတ်၊ တစ်ခုမဟုတ်တစ်ခု ထိတော့တာပဲ၊ ကျွန်တော် အများကြီး သုတေသနတွေ ပြုခဲ့တယ်၊ ခုလည်း ပြုနေတုန်းပဲ၊ နောင်လည်း ပြုနေဦး မှာပဲ၊ ဘယ်လောက်ထိ အခြေအနေဆိုးတာတွေ တွေ့ရလဲဆိုရင် မူလ နာမည်ကို သာစည်-ပင်းယ ဇောက်ထိုးကိန်းမိတဲ့ နာမည်ရှင်နဲ့ အိမ်ထောင် ကျတာတွေက အစ တွေ့ရတယ်”

“ဩော် ဒီလိုလည်း ရှိသေးလား”

“ဟာ ရှိတာပေါ့၊ မြင်ဖူးတယ်၊ မအေးတင်ဆိုတာ သူ့ အမျိုးသားက ကိုလှဖြူတဲ့၊ သူ့ရဇ္ဇတိုင်အနေနဲ့ဆိုရင်တော့ ‘လံဘူး’ ကိန်းမိတာပဲ။




(မအေးတင်အတွက် လံဘူးကိန်း မိသွားရပုံကို အကဲခတ်ပါ။)

“မအေးတင်ဟာ အဲဒီအမျိုးသားနဲ့ အိမ်ထောင်ကျပြီးမှ ဗိုက် နှစ်ခါ ခွဲခဲ့ရတယ်၊ စီးပွားတွေ ပျက်ရတယ်၊ ဘယ်လိုမှရှာ မကြီးပွားဘူး၊ နောက်တော့ မအေးရဲ့ ဒုက္ခတွေကို မကြည့်ရက်လို့ ဟဲ့ နင့်ယောက်ျားကို ကိုဖြူလေး၊ ကိုဖြူလေးနဲ့ ပြောင်းခေါ် စမ်း ဆိုပြီး ခေါ်ခိုင်းရတယ်၊ ဖြူလေးဆိုတဲ့ နာမည် လွှမ်းသွားတော့မှ ဒုက္ခသည်မအေး အေးချမ်းသွားတော့တယ်၊ ဒုက္ခကြားက လွတ်လာတော့တယ်”

“ဖြူလေးလို့ ပြောင်းခေါ်ခိုင်းတာက ‘ပင်းယ’ မိအောင်လား”

“အင်းလေ၊ ဖထီး သိသားပဲ၊ အဲဒီလို မပြောင်းလို့ ဘယ်လို လုပ်မလဲ၊ ဟဲ့ မအေးတင် နင့်ယောက်ျားနာမည်က နင့်ဘဝကို ဇောက်ထိုး ကြီးမို့ ကွဲလိုက်တော့လို့ သွားပြောလို့ ဘယ်ရမလဲ ဖထီးရဲ့”

ကွမ်းချိုးတက်နေသော သွားများပေါ်အောင် တဟားဟားနှင့် သဘောကျစွာ ရယ်မောနေသော ဖထီးကိုကြည့်ရင်း ကျွန်ုပ်ပါ ရယ်နေမိ၏။

“အေးပေါ့၊ အေးပေါ့ ဆရာ့ဆီလာရတာ ပညာတွေ ရပါတယ်၊ ဗဟုသုတတွေ ရတယ်၊ ကောင်းတယ်”

“ဘာပဲဖြစ်ဖြစ်ပေါ့ ဖထီးရယ်၊ ရှောင်တတ်တိမ်းတတ်ပြီ ဆိုကတည်းက ကိုယ့်ဘက်မှာ လုံခြုံမှုရှိသွားပြီပဲ၊ ဒုက္ခ မရောက်တော့ဘူးပေါ့၊ ဥပမာဗျာ စနေသားတစ်ယောက်ဆိုပါတော့၊ သူဟာ ခရီးဝေးတစ်ခုကို သွားမယ်၊ ပြီးရင် အဲဒီခရီးက ပြန်လာပြီးမှ မင်္ဂလာဆောင်ဖို့ ကိစ္စတစ်ခုကို စီစဉ်ထား



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့၊ ဒါ ကောင်းတာပဲ၊ ငွေသွားရှာမယ်၊ ပြန်လာရင် မင်္ဂလာဆောင် မယ်၊ ဘယ်လောက်ကောင်းလဲ”

“အေးလေ”

“အဲ ဒါပေမယ့် အဲဒီလို ခရီးသွားပြီး ပြန်လာမှ မင်္ဂလာဆောင်မယ် ဆိုတဲ့သူတချို့ ပျက်သွားကြတာတွေ တွေ့ဖူးတယ်၊ ရှိတယ်၊ ဘာလို့လဲ ဆိုတော့ သူတို့ စတင် အစီအစဉ်ဆွဲတဲ့အချိန်က. . . လာဗျာ နောက်မှ ပြောမယ်၊ နေ နည်းနည်းမြင့်လာလို့ ဗိုက်ကဆာလာပြီ၊ မုန့်သွား စားကြရ အောင်”

“ကြည့်၊ ပြောနေရင်း လုပ်ပြန်ပြီ၊ ဒီဆရာကတော့လေ”

✳ ✳ ✳

“အဌသာခါဆရာတို့အဆို”

လံဘူး၊ စသာ - ရှောင်ကြဉ်စွာ ဝေးစွာ သူရဇ္ဇ။
လက်ထုပ်၊ ဖက်သန်း - မကောင်းလွန်းသည် ကျမ်းညွှန်း စန္ဒြ။
သဒိ၊ မအူ - နှောင်ခြင်းတူ မှတ်ယူဂြိုဟ်ဘောမ။
ထအုံး၊ သင်ခန်း - အရပ်ညွှန်း ရှောင်တန်းရက် ဗုဒ္ဓ။
အင်ခန်း၊ ထုံစိုက် - ခပ်မကြိုက်သည် ဆူလှိုက်ရက် ဇီဝ။
ဦးလှ၊ ကျမ်းစာ - ရက်သောကြာ ပူဆာမီးထပ်မျှ။
ခပေါင်း၊ ဆူးလေ - ရက်စနေ ပူထွေ မီးမက။

❖ ❖ ❖

(သုရှမဂ္ဂဇင်း၊ အတွဲ (၂)၊ အမှတ် ၂)



www.burmeseclassic.com

www.burmeseclassic.com



## နွေးထွေးစွာ ဆုံစည်းခြင်းမှသည် (၁)

**ထင်မထားသော စရီး**

“ဖေဖေ”

“ဟေ”

“ဘဘ ဒီနေ့ ရောက်မယ်ဆို . . မရောက်သေးပါလား”

မောင်သီဟ၏ စကားသံကို နားထောင်ရင်း နာရီ လှမ်းကြည့်လိုက်၏။

“လာ သား. . တို့သားအဖနှစ်ယောက် အပြင်မှာ တစ်ခုခု သွားစားကြမယ်”

“ဟာ ဖေဖေကလည်း ဘဘ လာမယ်ဆိုပြီး ရောက်မလာသေးလို့ စိတ်ပူနေရတဲ့ကြားထဲ”

“အေးလေ . . တို့သားအဖနှစ်ယောက် အပြင်ထွက်တာနဲ့ မင်းဘဘ ရောက်လာပါလိမ့်မယ်”

“တကယ်. . ”

“အေး”

“ဒီလိုဆို သွားမယ်”

သားအဖနှစ်ယောက် မြောက်ဒဂုံဘက်သို့ ခဏသွားပြီး ပြန်အလာ ဧည့်ခန်းတွင် ပြုံးပြုံးကြီး ထိုင်နေသော မြိုင်ရာဇာကြီး ဦးသန်းထွန်းအောင်အား ဘွားခနဲ တွေ့ရလေတော့၏။

“ဟာ အဖေကြီး တယ်ဟုတ်ပါလား”

ဖခင်၏ ပညာရပ်အား ထူးဆန်းအံ့သြပြီး သဘောကျ၍ ပြုံးပြုံးကြီး ပြောရင်းကြည့်နေသော သားသီဟအား ပြုံးပြလိုက်၏။ ပြီးမှ မြိုင်ရာဇာကြီးကို အားရပါးရ နှုတ်ဆက်၏။

ထိုနေ့က အစောဆုံး ရောက်လာသူမှာ မြိုင်ရာဇာကြီးဦးသန်းထွန်းအောင်ဖြစ်ပြီး ဒုတိယ ရောက်ရှိလာသူမှာ ညီတော်မောင်အောင်



www.burmeseclassic.com

www.burmeseclassic.com



မင်းနိုင် ဖြစ်၏။ သူသည် တောင်ပေါ်တွင် လာသမျှ ဧည့်ပရိသတ်အား ကျွေးမွေးဧည့်ခံသည့်အခါ ပါရမီဖြည့်နိုင်ရန် ပဲငါးပိများ အခြားစားဖွယ် သောက်ဖွယ်များ၊ အထုပ်အပိုးများဖြင့် ရောက်လာသူ ဖြစ်၏။ တတိယ ရောက်လာသူမှာ ပေါက်ကရ ဗလွတ်ရွတ်တ အပြောဆုံး၊ ဘယ်လိုသင်ပေး၍မှ မတတ်ဆုံးဖြစ်သော ပေါတောတောကြီး ပိုက်ထွေး ဖြစ်၏။ စတုတ္ထ ရောက်လာသူမှာ ဗုဒ္ဓဟူးနေ့တိုင်း ကန်တော့ပွဲများကို လာရောက် ပိုင်းပြင် ပေးလေ့ရှိသူ တပည့်ကိုသစ္စာ ဖြစ်၏။ (၁၁)နာရီတိတိတွင် နောက်ဆုံးပိတ် ရောက်ရှိလာသောသူမှာ ဤခရီး၏ အဓိက အကျဆုံး ပုဂ္ဂိုလ်ဖြစ်သည့် ညီလေးမောင်အောင်မြတ် ဖြစ်၏။ ညီအစ်ကိုများကို ကိုယ်တိုင်ကားမောင်း ပို့ပေးရမည့်သူ ဖြစ်သည့်အပြင် ကြီးလေးသော စာပေတာဝန်ကြီးကို ထမ်းဆောင်နေရသူလည်း ဖြစ်သောကြောင့် အကယ်၍များ သူ အချိန် မပေးနိုင်ပါက အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းသွားမည် ဖြစ်၏။ ထို့ကြောင့် သူ့အခြေအနေကို စောင့်ကြည့်ရင်း ညီအစ်ကိုများ ပြင်ဆင် ခဲ့ကြရခြင်း ဖြစ်၏။

တစ်နှစ်နေမှ တစ်ခါ၊ နှစ်နှစ်နေမှ တစ်ခါပင် ဆုံခဲလှသော ညီအစ်ကိုများ ဆုံကြပြီဖြစ်၍ အားရပါးရ ပြောကြဆိုကြ နှုတ်ဆက်ကြရင်း ခရီးထွက်ရန် ပြင်ဆင်ကြတော့၏။

"အားလုံး စုံပြီလား၊ ပစ္စည်းတွေ"

"စုံပြီ အစ်ကိုကြီး"

"ဒါဖြင့် ထွက်မယ်"

ခရီးထွက်ခါနီး ညီအစ်ကိုတစ်သိုက် ဘုရားဝတ်ပြုကြ၊ ကန်တော့ကြပြီး ကားပေါ်တွင် အသီးသီး နေရာယူလိုက်ကြတော့၏။ ရှေ့ခန်းတွင် မောင်အောင်မြတ်နှင့် ကျွန်ုပ်သာထိုင်ပြီး နောက်ခန်းတွင် ညီအစ်ကိုတွေ တဝါးဝါး တဟားဟားနှင့် စုထိုင်လာကြ၏။

ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ကျွန်ုပ်၏ ရင်ခွင်ကို ခေါင်းခွေ့ကြီးပြင်းလာကြသူများ ဖြစ်သောကြောင့် သူတို့ ညီအစ်ကို များသည် သူတို့သာလျှင် ကျွန်ုပ်နားမှာ နေချင်ကြ၏။ နွဲ့ဆိုးဆိုးချင်ကြ၏။ သူတို့ညီအစ်ကိုချင်းသာလျှင် သွားအတူလာအတူ စားအတူသောက်အတူ နေလေ့ရှိ၏။ အခြား မည်သူနှင့်မျှ သိပ်ရောလေ့ မရှိကြချေ။ သို့သော် ယခု လိုက်ပါလာသူ ကိုသစ္စာအား ခင်ခင်မင်မင်နှင့် အားပေးကြ ပြောဆို ကြသောကြောင့် ကျွန်ုပ်မှာ ရင်ထဲမှ အလုံးကြီး ကျသွားရတော့၏။

* * *

ကားကို အေးဆေးငြိမ်သက်စွာ မောင်းနှင်နေသော မောင်အောင် မြတ်ဘေးတွင် ထိုင်ရင်း ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသ၊ ဓမ္မစကြာပရိတ်၊ ဂါထာ များ၊ မန္တန်များရွတ်ရင်း လမ်းခရီးတစ်လျှောက် မေတ္တာများပို့ရင်း လိုက်ပါ လာလိုက်၏။ ခရီးဝေးသွားတိုင်း ပြုနေကျဖြစ်သည့် ရွှေညောင်ပင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကားကိုပြရင်းအပ်ရင်းလှူစရာရှိသည်များလှူပြီးမှခရီးဆက်ကြ၏။

အဝေးပြေးလမ်းမကြီးပေါ်တွင် ကားလေး တရိပ်ရိပ် ပြေးနေ၏။ ရွှတ်ဖတ်သရဇ္ဈာယ် လာခဲ့သည်များမှာ ရန်ကုန်တိုင်းကို ကျော်သည်နှင့် ပြီးသင့်သလောက် ပြီးပြီဖြစ်သောကြောင့် ညီလေးနှင့် စကားပြော ဖြစ်၏။ သူ့ရဇ္ဇမဂ္ဂဇင်းကြီး ကောင်းသည်ထက် ကောင်းနေအောင် ဘယ်လိုလုပ်ရင် ကောင်းမည်၊ ဘယ်လိုဆောင်ရွက်ရင် ကောင်းမည်၊ ဘာတွေ ဖြည့်ဆည်း ပေးရင်ကောင်းမည် ဟူသော တစ်လှည့်စီ ဆွေးနွေးမှုများဖြင့် ညီအစ်ကို နှစ်ယောက် စကားများစွာ ပြောဖြစ်၏။

ပဲခူး. . .။

ရွှေရောင်တဝင်းဝင်းနှင့် လွန်စွာ သပ္ပာယ်လှသော ဆုတောင်း ပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဖူးတွေ့နေရပြီ ဖြစ်၏။ နေအိမ်တိုက်တာ အဆောက်အဦကြီးများ၊ ရုံးဌာနများ လမ်းဘေးဝဲယာမှ လှပဝေဆာသော သစ်ပင်ပန်းမန်များ၊ စက်ဘီးစီးသူများ၊ ခြေကျင်လျှောက် ကြသူများ၊ ကားကြီးကားငယ်များနှင့် အလွန် စည်ကားလှပသော ပဲခူးမြို့ ကြီး ကျော်လာခဲ့ပြီးမှ ဘုရားကြီးတွင် ကားခဏနားပြီး ကော်ဖီ၊ လက်ဖက် ရည်သောက်ဖြစ်ကြ၏။

ဘုရားကြီး၊ ဝေါ စသော မြို့များကို ကားလေးဖြင့် ဖြတ်နေရင်း စည်ကားလှသော နေအိမ်တိုက်တာ အဆောက်အဦကြီးများ၊ ဈေးဆိုင် ကြီးများ၊ အိမ်တွင်းမှု လုပ်ငန်းကြီးများ၊ အဝေးပြေးကားကြီးများကို ကြည့်မဝရှုမဆုံး ပီတိ ဖြစ်နေရ၏။ မြို့တစ်မြို့နှင့်တစ်မြို့ အကူးတွင် ကျိုက်မရောမြို့အဝင်ကဲ့သို့ လမ်းဘေးဝဲယာတွင် ပေါက်နေသော ညီညာ လှပစွာ ကြွားကြွားဝင့်ဝင့် မြင့်တက်သွားသည့် ထန်းပင်ကြီးများကို ကြည့်ရင်းမွန်ပြည်နယ်ကိုလွမ်းသလိုလိုခံစားနေရ၏(၁၉)နှစ်သားအရွယ်မှပင် ကေလာသတောင် သာသနာပြု ခရီးပေါင်းများစွာကို ဆရာနှင့်အတူ လိုက်ပါခဲ့ရသည်များ ပြန်မြင်ယောင်လာ၏။

ကားလမ်းမကြီးတစ်လျှောက် ဘေးမှ သာယာကျယ်ပြောလှသော ချောင်းထဲတွင် စက်တပ်မော်တော် တစ်စင်းတလေ သွားနေကြသည့် မြင်ကွင်း၊ ဘဲအုပ်ကြီးများ ကူးခတ်နေသည့် မြင်ကွင်း၊ လှေလေးများ လှော်နေကြသည့် မြင်ကွင်းစုံများမှာ ထိုနေရာများမှပင် မပြန်ချင်သလိုလို ခံစားလာရ၏။

အဗျားကို ဖြတ်သန်းလာချိန်မှာ နေညိုစပြုပြီဖြစ်၍ ပိုလို့ပင် သာယာလှ၏။ ဒေသန္တရဗဟုသုတ အေးအေးဆေးဆေး ရှာဖွေသင့်သော သာယာလှပသည့် နေရာများ ဖြစ်၏။

ညီလေးနှင့်ကျွန်ုပ်သည်စာဖတ်ပရိသတ်ကြီးကိုအလွန်သံယောဇဉ်ကြီး၏။ သူ့ရဇ္ဇပရိသတ်ကြီးအတွက်ဘယ်လိုပေးဆပ်ရမည်ဘယ်လိုပါရမီဖြည့်ဆည်း ပေးရမည်ကို အစဉ်အမြဲ တွေးတောပြီး ယခုလို



www.burmeseclassic.com

www.burmeseclassic.com



ဆုံတိုင်း တိုင်ပင်လေ့ရှိ၏။ယခုလည်းကားကိုတစ်ဖက်မှမောင်းရင်း အစ်ကိုကို တစ်လမ်းလုံး တိုင်ပင်လာ၏။ ညီအစ်ကိုနှစ်ယောက် အပြန်အလှန် ဆွေးနွေးလာ၏။ ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက်တွင် အားပေးမည့်သူ မရှိ၊ လက်တွဲခေါ်မည့်သူမရှိ အထုအထောင်း အဖိအနှိပ်ပေါင်းများစွာကြားမှ ညီအစ်ကိုနှစ်ယောက် ရုန်းကန်ကြိုးစား ထိုးထွက်လာခဲ့ရသည်ဖြစ်ရာ ဘဝနာကြ၏။ ခံစားမှု နာကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက်သည် ကျေးဇူးရှင် စာဖတ်ပရိသတ်ကြီး၏ မျက်နှာကိုသာကြည့်၍ ကုသိုလ်-ပညာ-ဗဟုသုတများ တင်ပြခြင်း၊ ပေးဝေခြင်း ပြုခဲ့ကြ၏။ အားလုံးကို ဆန့်ကျင်မှုကင်းစွာဖြင့် ကြိုးစားခဲ့ကြ၏။ စာဖတ်ပရိသတ်ကြီးအတွက် ပီတိ ဖြစ်ကြရ၏။ လစဉ် ပုံမှန်မဂ္ဂဇင်း ထွက်လာပြီဆိုသည်နှင့် ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ပြုံးကြည့်ကြရင်း၊ အားပေးကြရင်း အမောဖြေကြရ၏။ သူရဲ့ပရိသတ်ကြီးအတွက် မေတ္တာတွေပို့ကြရ၏။ ဆုတောင်းကြရ၏။ ယခုလို အမောပြေအပန်းပြေ ခရီးထွက်လာခဲ့ရသော်လည်း ညီအစ်ကိုနှစ်ယောက်မှာ ဦးနှောက်အလုပ်လုပ်နေကြရပြန်၏။ လွတ်လွတ်လပ်လပ် မပျော်ဖြစ်။ စိတ်လွတ်ကိုယ်လွတ် စကားမပြောဖြစ်။

နောက်ခန်းတွင် ပိုက်ထွေး၏ ပြက်လုံးများကို တဝါးဝါးနှင့် ပွဲကျနေကြ၏။ အလွန်တည်သော အောင်မင်းနိုင်ပင်လျှင် ပါးစပ်စေ့မနေရ၊ ခပ်အေးအေး နေတတ်သော ကိုသစ္စာသည်လည်း ပါးစပ်တဖြဲဖြဲ၊ မြိုင်ရာဇာကြီးမှာ ပိုက်ထွေး၏ ပြက်လုံးအတိုင်း အမူအရာမျိုးစုံလုပ်ရင်း လိုက်ပါလာ၏။ ကျွန်ုပ်သည် နောက်ကို လှည့်ကြည့်ရင်း သူတို့လေးတွေ ပျော်ရွှင်နေသည်ကိုကြည့်၍ ပီတိ ဖြစ်ရ၏။ မကြာမကြာလည်း လှည့်ကြည့်ဖြစ်၏။

စစ်တောင်းတံတားကြီး ဖြတ်ပြီ။

မွန်ပြည်နယ် (သိမ်ဇရပ်)။

စစ်တောင်းစက္ကူစက်ကြီးရှိသော မြို့လေးဖြစ်၍လား မသိ၊ ဈေးကုန်းနှင့်ကားဂိတ် ပတ်ဝန်းကျင်တွင် ကားကြီးကားငယ်များ၊ မြင်းလှည်းများ၊ ဆိုက်ကားများ၊ စက်ဘီးများ ပျားပန်းခတ်မျှ စည်ကားလွန်းလှ၏။ လုပ်ငန်းခွင် ကိုယ်စီဝင်ရာမှ ပြန်လာကြသူများနှင့် စည်ကားနေ၏။ တောင်ကမ်းပါးယံကြီးများ အလယ်မှ ကားလမ်းလေးအတိုင်း မောင်းလာလိုက်၊ ကုန်းမြေမြင့်၏ လမ်းများအတိုင်း မောင်းလာလိုက်၊ တောင်ပတ်လမ်းကွဲ့သို့ သာယာလှသော နေရာများကို ဖြတ်၍ မောင်းလာလိုက်နှင့် မှုပ္ပလင်ကျော်ကျော်ခန့်တွင် ညနေ အတော် စောင်းနေပြီ ဖြစ်၏။

ကျိုက်ထို။

မှော်ရီ မပျိုးတပျိုးလေးတွင် ညီအစ်ကိုတစ်သိုက် ကားနား၍ တောင်ပေါ်မှာ လျှာဒါန်းရန်၊ ညီအစ်ကိုများ လမ်းခရီးတစ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



စားကြသောက်ကြရန် အချိုရည်ဘူးများ၊ မုန့်များ၊ ဖယောင်းတိုင်၊ အမွှေး တိုင်များ အထုပ်ကြီး အထုပ်ငယ်နှင့် ဝယ်ကြ၏။

တောင်စွန်း။

ပတ်ဝန်းကျင်တွင် မှောင်နေချေ ပြီ။ လှပသော မီးပုံးရောင်စုံ လေးများ လမ်းဘေးဝဲယာတွင် ထွန်းညှိထားကြသည့် နေရာများရောက် တိုင်း ပျော်ရွှင်နေကြသည့် ကလေးများ၊ လူငယ်လူရွယ်များနှင့် အတော် စည်လှ၏။ ဖြတ်သွားသမျှ ဓမ္မာရုံများတွင် ဓမ္မစကြာဝတ်ရွတ် ပူဇော်နေ ကြသော ဝတ်အဖွဲ့များနှင့် ဝတ်ရွတ်သံများ လွှမ်းနေ၏။

ကျွန်းလေးတောင်။

ရောက်ပါပြီ၊ ဆရာဘုန်းဘုန်း၏ အရိပ်အာဝါသအောက်တွင် ညီအစ်ကိုတစ်သိုက် ကုသိုလ်ထူးကြီးများယူခဲ့ရာ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ကြရာ၊ ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းများ ဆုံစည်းကြရာ ကျွန်းလေးတောင်သို့ ရောက်ခဲ့ရပါပြီ။

ကျွန်းလေးတောင်မှာ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင် စွန်းတိုက်နယ် ဆံတော်ရှင်ကေလာသတောင်တော်မြတ်၏ တောင်ဘက် အနီး ကင်းရွာနှင့်တောင်ကြီးရွာအကြား၌ တည်ရှိနေသော တောင် ဖြစ်၏။

ကျွန်ုပ်တို့ ညီအစ်ကိုတစ်သိုက် ခရီးထွက်ခွာလာခဲ့ကြရခြင်း အဓိက အကြောင်းရင်းမှာ ထိုကျွန်းလေးတောင်တွင် တည်ထားကိုးကွယ် ထားသော တာဝတိံသာစေတီတော်အား ရွှေထီးတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲကြောင့်ပင် ဖြစ်ပါသည်။

ရက်များစွာ မနေနိုင်ကြသော်လည်း သီတင်းကျွတ် လပြည့်နေ့နှင့် တိုက်ဆိုင်ပြီး ကျွန်းလေးတောင်တွင် ကျင်းပမည့် သာသနာပြုပွဲများ၊ လှူဒါန်း ပွဲများတွင် ကုသိုလ်ပါဝင်နိုင်ကြရန် ညီအစ်ကိုများ ထွက်ခွာလာ ခဲ့ကြခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ ရောက်ရှိချိန်တွင် ကျွန်းလေးတောင်၌ အသံမစဲ မဟာ ပဋ္ဌာန်းပူဇော်ပွဲနှင့် တိုးနေသောကြောင့် ပဋ္ဌာန်းရွတ်သံများ လွှမ်းနေ၏။

ညပိုင်းတွင် ညီအစ်ကိုတစ်သိုက် ရေမိုးချိုးကြ၊ စားကြသောက် ကြပြီး ဓမ္မမိတ်ဆွေများကို နှုတ်ဆက်ကြ၏။ ကျွန်ုပ်တို့ အဆောက်အဦ ကြီးများနှင့် ပြည့်နှက်နေသည့် ကျွန်းလေးတောင်တော်ကို လှည့်ပတ်ကြည့် ကြပြီး (၁၀)နာရီ ထိုးခါနီးတွင်မှ ဆရာဘုန်းဘုန်း သီတင်းသုံးရာနေရာသို့ သွားရောက်ကြ၊ လှူကြတန်းကြ ကန်တော့ကြ၏။ ဆရာဘုန်းဘုန်းသည် သားတပည့်များကို မြင်တွေ့သည်နှင့် ကြည်နူးဝမ်းမြောက်စွာ မေတ္တာပို့၏၊ ဆုများပေး၏။ တရားဓမ္မနှင့် အမြဲမွေ့လျော်ပြီး နှလုံးသွင်းနေတတ်ရန် ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို မမေ့မလျော့ရန် တရားဟော၏။ ဆုံးမ၏။ ကျွန်ုပ်တို့သည် ရိုသေစွာ နာယူကြပြီး ညဉ့်နက်မှ ဆရာဘုန်းဘုန်း ကို ကန်တော့၍ ပြန်ထွက်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



(၁-၁၁-၂၀၀၁)။

(၁၃၆၃)ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (ကြာသပတေးနေ့)။

နံနက် (၈)နာရီခွဲခါနီးတွင် ဆရာဘုန်းဘုန်း သီတင်းသုံးရာ နေရာသို့ လှမ်းအဝင်. . .

“ရော့ မင်း ပင့်ခဲ့”

တာဝတိံသာစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော် ကျွန်ုပ် လက်ထဲသို့ ရောက်လာ၏။ ကျွန်ုပ်သည် ရိုသေစွာပင့်ဆောင်ရင်း ဆရာဘုန်းဘုန်း၏ နောက်နားဆီမှ လိုက်ပါသွား၏။ ညီလေးများက ဓာတ်ပုံတဖျပ်ဖျပ်ရိုက်ရင်း မှတ်တမ်းတင်ကြ၏။ မှတ်တမ်းတင် ဗီဒီယို အဖွဲ့မှလည်း မှတ်တမ်းတင် ရိုက်ကူး၏။ ထီးတော်တင်လှူမည့် တာဝတိံသာ စေတီတော်အနီးတွင် လူအုပ်ကြီးမှာ ဖွေးဖွေးလှုပ် ဖြစ်နေပြီး သူ့ထက်ငါ အလုအယက် လှူကြတန်းကြသော မြင်ကွင်းကို ကြည့်ရင်း မျက်ရည်များပင် လည်မိ၏။ ကျွန်ုပ်မှာ စိန်ဖူးတော်ကို ရိုသေစွာ ပင့်ထားရင်း ညီလေးများ၊ တပည့်များကို လှည့်ကြည့်လိုက်၊ ဆရာဘုန်းဘုန်းကို ကြည့်လိုက်နှင့် ဘယ်လို ပီတိဖြစ်မှန်းမသိ။

(၈)နာရီ (၃၅)မိနစ်တွင် ကျွန်ုပ်က စိန်ဖူးတော်ကို ပင့်ရင်း ဦးဆောင်၍ ထီးတော် ဘုံအဆင့်ဆင့် ပင့်ဆောင်လာပြီး ထီးတော်တင်လှူ မည့်နေရာတွင် အစီအစဉ်တကျ ပြင်ကြ၊ ဆင်ကြ၏။

(၈)နာရီ (၄၅)တိတိ ဆရာဘုန်းဘုန်း၏ ဩဝါဒအရ ထီးတော် အလှူရှင်များ၊ သာသနာပြု တပည့်ဒကာများမှ ထီးတော်ဘုံအဆင့်ဆင့် စတင် တင်လှူကြပြီဖြစ်ရာ ဘုရားရှင်၏ ဂုဏ်တော်(၉)ပါးကို (၉)ကြိမ်ပြည့် အောင် ရွတ်သံများ၊ သာဓု (၃)ကြိမ်ခေါ်သံများ အောင်ပြီ (၃)ကြိမ် ဟစ်ကြွေးသံများနှင့် တောင်ကို လွှမ်းသွားတော့၏။

ဒုတိယအဆင့်၊ တတိယအဆင့်၊ ဘုံအဆင့်ဆင့်များ တဖြည်းဖြည်း နှင့် ဝိုင်းဝန်းတင်လှူပူဇော်ခဲ့ကြရာ နောက်ဆုံး စိန်ဖူးတော် တင်လှူပြီးချိန် သည် (၉)နာရီ (၄၅)မိနစ်တိတိပင် ဖြစ်တော့၏။ တောင်တစ်တောင်လုံးလည်း ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော် ရွတ်ဆိုပူဇော်သံများ၊ ပဋ္ဌာန်းရွတ်ဆိုပူဇော်သံများ၊ သဗ္ဗဇယမင်္ဂလာဂါထာ ရွတ်ဆိုပူဇော်သံများ၊ ဇယန္တောဗောဓိယာမူလေ အစချီသော အောင်ဂါထာ ရွတ်ဆိုပူဇော်သံများ၊ သာဓု (၃)ကြိမ်ခေါ်သံများ၊ အောင်ပြီ (၃)ကြိမ် ဟစ်ကြွေးသံများနှင့် မိုးထက်လျှံနေ၏။ သောင်းတိုက် စကြဝဠာမှ နတ်ကောင်းနတ်မြတ်အပေါင်း သူတော်ကောင်းတို့ပါ ဝိုင်းဝန်းရွတ်ဆို ပူဇော်ကြလေသလားဟု ထင်မှတ် နေမိ၏။ ထီးတော်အဆင့် တစ်ခါ တင်လှူတိုင်း၊ သာဓုခေါ်တိုင်း အောင်စည် အောင်မောင်းအသံများက လွှမ်းနေ၏။ ကျွန်ုပ်သည် အောင်စည်အောင် မောင်းသံများ ကြားရသည့်အခါ သာသနာပြုပွဲတိုင်း၊ ထီးတင်ပွဲတိုင်း၊ လက်ရည်တူ ပူဇော်ခဲ့သည့် အ,ထစ်အ,ထစ်နှင့် စကားပြောလေ့ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ညီလေးမောင်စိုးဝင်းကြီးကို သတိရနေမိ၏။ ယခုခရီးတွင် သူတစ်ယောက် ဘက်ပဲ့ ကျန်ခဲ့၏။

ထီးတော်တင်လှူပွဲ အောင်မြင်ပြီးသည်နှင့် ငွေမိုးရွာကြ၏။ သူ့ထက်ငါ ပျော်ပျော်ပါးပါး လုကြသော မြင်ကွင်းကြောင့် ကိုယ်ပါ ဝင်လုချင်စိတ်ပေါက်လာပြီး အသာပြုံးနေလိုက်မိ၏။ ဒီပုံစံမျိုးက ခပ်ငယ်ငယ်ကဆို ဝင်လုလိုက်ရလို့ကတော့. . .

"ဆရာ"

"ဟင်"

"ဘာသဘောကျပြီး ပြုံးနေတာလဲ"

"သြော်. . ဝင်သာလုလိုက်ရလို့ကတော့. . . "

"ဗျာ"

"သြော်. . . ဘာရယ် မဟုတ်ပါဘူး ဦးသန်းထွန်းအောင်ရဲ့ ဘာဖြစ်လို့လဲ. . . "

"(၉)နာရီ (၄၅)တိတိမှာ အားလုံး အောင်မြင်ပြီးမြောက်သွားတယ်ဆိုတော့ သူရဇ္ဇအခါ ပီသတယ်နော် ဆရာ"

"သူရဇ္ဇအခါလို့ ဘာလို့ပြောတာလဲ"

"(၉)နာရီ (၄၅)တိတိလေ ဒီနေ့ ကြာသပတေးဆိုတော့. . . "

"ဒါဖြင့် ဦးသန်းထွန်းအောင်က နာရီကို အားကိုးတဲ့ သဘောပေါ့"

"ဗျာ"

"ဒီလိုလေ ကျွန်တော် ပြောတာက နာရီမရှိရင် သူရဇ္ဇအခါလို့ မပြောနိုင်တော့ဘူး ဆိုပါတော့၊ နာရီရှိမှတဲ့လား"

ပြောရင်းနှင့် မျက်လုံးဝေ့ကြည့်လိုက်၏။ ဦးသန်းထွန်းအောင်သည် ကျွန်ုပ်၏ စကားကို နားထောင်ရင်း တစ်စုံတစ်ခုကို ရုတ်တရက် စဉ်းစားမရဟန်နှင့် ပြုံးပြုံးကြီး မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ဘယ်ဘက်နားတွင် ကင်မရာကိုင်ရင်း ရပ်နေသော ညီလေး မောင်အောင်မြတ်မှာလည်း ပြုံး၍ တအံ့တသြ နားစွင့်နေ၏။ ခပ်လှမ်းလှမ်း နားတွင် ရပ်နေကြသော အောင်မင်းနိုင်နှင့် ကိုသစ္စာတို့လည်း ကျွန်ုပ်ပြောလိုက်သည်ကို မကြားဖူးဘူးသော အသွင်နှင့် စူးစူးစမ်းစမ်းကြည့်နေကြ၏။ ပိုက်ထွေးသည့် အနားမှာ မရှိ ကျိုက်ထိုမှ ဝယ်လာသော ဘီစကွတ်မုန့်ထုပ်မျိုးစုံကိုဖောက်ပြီး ထီးတင်ပွဲ လာသမျှ ကလေးပေါင်းစုံကို လက်လှမ်းမီသမျှ လိုက်ဝေနေ၏။ မသိလျှင် အော်ကျယ်အော်ကျယ် မားမားမားမားနှင့် လူတောထဲလိုက်ပြီး အလှူခံနေသလား ထင်ရ၏။ သားမောင်သီဟသာလျှင် လူထူလျှင် မနေတတ်သောကြောင့် တစ်ဦးတည်း ကားထဲ သွားထိုင်နေ၏။

"ပြောလေ ဦးသန်းထွန်းအောင် နာရီကိုပဲ အားကိုးသလားလို့ နာရီမရှိရင် သူရဇ္ဇအခါလို့ မပြောနိုင်တော့ဘူးလား၊ နေရာတကာ နာရီကြည့်မှတဲ့လား၊ နာရီမရှိရင် မဖြစ်နိုင်တော့ဘူးလား၊ ဘယ့်နှယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



“အင်း. . . ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး ဆရာ”

“အဲဒါကြောင့် ပြောတာပေါ့ ဦးသန်းထွန်းအောင်ရဲ့ အင်္ဂလိပ်လို့ ပြောလိုက်ရင် အရင်တုန်းက ဘယ်လိုထင်ကြသလဲ၊ သိတယ်မို့လား၊ လူအင်္ဂါရုပ်ကြည့် ဟောတာပါကွာ၊ ဝါးလုံးရှည်နဲ့ သိမ်းယမ်းတာပါလို့ မပြောကြဘူးလား”

“ဟုတ်တယ်. . သိပ်ပြောကြတာပေါ့”

“နောက်ပိုင်း အင်္ဂလိပ်ဆိုတာ ဒါ ဆိုပြီးတော့ စာတွေပေတွေများ လာတဲ့အခါ စာထက်ပေထက် အက္ခရာတွေ တင်လာကြတဲ့အခါ၊ ဟော သူရဇ္ဇ-သောကြ-ဗုဒ္ဓ-စန္ဒြော အော်တတ်ရင် အင်္ဂလိပ်လို့ ထင်သွားကြပြန် ရော၊ အဲဒီလိုတွေ လူရှေ့သူရှေ့မှာ အော်တတ်ရင် အင်္ဂလိပ်တတ်ပြီလို့ ထင်ကြပြန်ရော၊ တစ်ခုခုကို ဆုံးဖြတ်တော့မယ် ဆိုရင် လက်တွေချိုးပြီး သူရဇ္ဇ-သောကြ လုပ်နေပြန်ရော၊ နာရီတွေလည်း အနားမနေရဘူး၊ နာရီတကြည့်ကြည့်နဲ့ အိတ်ဆောင်နာရီ ထည့်တဲ့လူကလည်း ထစ်ခနဲဆို နာရီထုတ်ကြည့်၊ ထစ်ခနဲဆို နာရီထုတ်ကြည့်နဲ့၊ အတော့်ကို ဣန္ဒြေပျက်တဲ့ ပညာလို့ လူတွေ ထင်မကုန်နိုင်ဘူးလား”

“ထင်ကုန်တော့တာပေါ့ ဆရာရယ်. . . ”

“ဒါကြောင့် အခုမေးနေတာ သူရဇ္ဇအခါလို့ ပြောနိုင်တာဟာ နာရီရှိမှတဲ့လားလို့. . ”

ကျွန်ုပ်၏အမေးသည် မည်မျှ ခက်သွားသည် မသိ၊ ကျွန်ုပ်၏ညီများ၊ တပည့်များ တစ်ယောက်မှ မဟတော့၊ ကျွန်ုပ်သည် စကားပြောရင်း ကားနားသို့ လျှောက်သွား၏။ ညီလေးများလည်း လိုက်လာကြ၏။ ကားဘေးတွင် ရပ်၍ ဟိုဟိုဒီဒီ ကြည့်ရင်း ရပ်နေကြပြန်၏။

“ဒီနေ့ဟာထူးခြားတဲ့နေ့ပဲ၊ ဆုံခဲလှတဲ့ ညီအစ်ကိုတွေ သာသနပြု နယ်မြေမှာ ဆုံတွေ့ကြရတာရယ်၊ သီတင်းကျွတ်လပြည့်နေ့ ဖြစ်နေတာ ရယ်၊ ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲ အောင်အောင်မြင်မြင်နဲ့ ပြီးဆုံး သွားတာရယ်ကြောင့် ထူးခြားတဲ့နေ့ပဲ၊ လာကြတဲ့ အမိကခရီးကတော့ အောင်မြင်သွားပြီ အောင်မြင်တဲ့ အထိမ်းအမှတ်အနေနဲ့ ပညာရပ်တစ်ခု ကို ထိုက်ထိုက်တန်တန် ပေးလိုက်ပါဦးမယ်။ တွေးဆကြံဆောင်နိုင်တဲ့သူ ယူစေ၊ ရစေပေါ့ဗျာ”

ဦးသန်းထွန်းအောင်ကို ကြည့်၍ ပြုံးရင်း ပြောလိုက်၏။ ညီအစ်ကို အားလုံးမှာ ကျွန်ုပ် ဘာပြောမည်ကို အာရုံ စူးစိုက်နေကြ၏။

“တစ်ခါတုန်းက ဆရာနဲ့အတူ တစ်နေရာလေးကို လိုက်သွားဖူး တယ်။ သွားတာက သူ့တပည့်တစ်ယောက် ကိစ္စပါ။ အဲဒီလို လိုက်သွား ရင်း ဆရာက မေးတယ်။ ‘အောင်ခေါင်ဆုံး ဘာအခါ ရောက်မလဲကွ’တဲ့၊ နာရီက အဲဒီနေ့ကျမှ ပါမသွားဘူး။ အဲဒါနဲ့ ဘေးက ဖြတ်လျှောက်လာ မယ့်လူကို မျှော်နေရတာပေါ့၊ ဆရာကတော့ ဘာမှ မပြောဘူး၊ နာရီပါ



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့လူဖြတ်လျှောက်လာတော့မှအပြေးအလွှားသွားမေးရတယ်။ အဲဒီတော့မှ ဘယ်အခါဆိုတာ ဆရာ့ကို ပြန်ပြောရတယ်။ ဆရာက ပြုံးတယ်၊ *'အင်း ၊ မင်းမလည်း အခါလေးတစ်ခု သိဖို့အရေး ခုနေမြန်မာစကား ရေးဖြေမေး ကျီးကန်းတောင်းမှောက်လိုက်ကြည့် ဖြစ်နေလိုက်တာကွာ'* တဲ့၊ ဆရာ ပြောကာမှ တိရစ္ဆာန်လုံးလုံး ဖြစ်တော့တာပဲ”

အားရပါးရ ရယ်လိုက်ကြသော ညီကလေးများ၊ တပည့်များ၏ အသံကြောင့် ထီးတင်ပွဲလာကြသော ဘေးမှပရိသတ်အချို့ပင် လှည့်ကြည့်ကြ၏။

*'မင်းနော်၊ နာရီပတ်လာတဲ့ လူများ မတွေ့ရင် ဘယ်အခါ ဆိုတာကို မေးနိုင်မှာတောင် မဟုတ်တော့ဘူး'*တဲ့၊ ဆရာ ပြောတော့မှ တွေးကြည့်လိုက်တယ်၊ ဟုတ်တယ်၊ နာရီသာမရှိရင် ဘာမှ လုပ်လို့ရမှာ မဟုတ်ဘူး၊ ဟိုရောက်တော့ သူ့တပည့်မျက်နှာကိုကြည့်လိုက်ပြီး *'မင်း ငါ့ကို ပေးဖို့ ဖယ်ထားတဲ့ ပိုက်ဆံပေး ငါ ကြာကြာနေဖို့ အချိန်မရဘူး၊ ပြန်မယ်'* လို့ ပြောလိုက်တော့ သူ့တပည့်ဟာ တော်တော့်ကို အံ့အားသင့်သွားတယ်။ ပြီးတော့ စာအိတ်လေးနဲ့ အသင့်ထည့်ထားတဲ့ ပိုက်ဆံတွေကို ဆရာ့ကို ပေးတယ်။ ဒီပိုက်ဆံတွေ ဆရာ့အတွက် သူ ဖယ်ထားတာ၊ ဟိုနေ့ ကတည်းက ဘာညာဆိုပြီး တအံ့တသြ ပြောနေသေးတယ်။ ဒါနဲ့ ပြန်လာကြရော၊ လမ်းကျတော့ ဆရာက ပြောတယ်၊ *'အဲဒါ နာရီ ကြည့်စရာ မလိုတဲ့ အပေါ်ယံပဲ မင်း အံ့ဩသွားလား'*တဲ့၊ ‘ဟာ . . ဆရာရယ် အံ့သြလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ဘူး’ လို့ ပြန်ပြောမိတယ်၊ ဆရာက ဘာပြောလဲဆိုတော့ *'လင်ခနဲဆို လက်ကနာရီ ကြိုးမြှောက် ကြည့်၊ လစ်ခနဲဆို အိတ်ထဲက နာရီကြီး ထုတ်ကြည့်နဲ့ အဲဒါမျိုးကို ဘယ်လူမှ မမြင်အောင်လုပ်နေနဲ့'*တဲ့၊ အဲသလိုတွေ လုပ်လွန်းလို့ *'အင်္ဂလိပ်စကားသမားတွေဟာ အလကားတောင်တွေပါကွာ ဆိုပြီး အရေးပြောခံကြရတာပဲ'*တဲ့၊ *'အင်္ဂလိပ်စကားသမားဆိုတဲ့ တောင်တွေဟာ နာရီမရှိရင် ဘာမှ သုံးလို့မရပါဘူး လို့ဆိုပြီး ပြောကြတာ'* တဲ့၊ *'ပြောတဲ့လူတွေ ပြောကြတာ မလွန်ဘူး၊ ယခုခနဲဆို လက်ကနာရီကြိုးမြှောက်ကြည့်၊ အိတ်ထဲက နာရီကြီးထုတ် ကြည့်၊ သမ်းဝေးတွေ့တဲ့ အိမ်ထဲကနာရီကို လှဲကြည့်၊ ဖြတ်သွားတဲ့လူကို အတင်းလိုက်မေးနဲ့၊ အဲဒါ မရှက်ကြလို့ အဲသလို လုပ်နေကြတာ'* တဲ့၊ ဆရာ ပြောတဲ့စကားက ကိုယ့်ကို တိုက်ရိုက်ထိနေသလိုပဲ၊ ကိုယ်က အဲသလို လုပ်နေတာကိုး၊ အခါတစ်ခု သိချင်လာရင် နာရီမပတ်မိလို့က တော့ ကျီးကန်းတောင်းမှောက်ပဲ”

ဝါးခနဲရယ်ကြပြန်၏။ သူတို့၏ ရယ်မောမှုကြောင့် ကျွန်ုပ်လည်း ပီတိ ဖြစ်ရ၏။

“အဲဒီတော့မှ ပြန်စဉ်းစားမိတယ်၊ ဆရာဟာ အင်္ဂလိပ်ဝိဇ္ဇာပညာ ရှင်ဖြစ်ပါရက်နဲ့ ဘယ်တုန်းကမှ နာရီမပတ်ခဲ့ဘူး၊ သူ့ကိုမေးတဲ့ မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာနဲ့ အဖြေထုတ်ပြီးသားပဲ၊ ဘာအခါတို့ ဘာတို့ တစ်ခါမှ မပြောဘူး၊ ကိုယ်ကသာ ဆီကိုဖိုက်ကြီး တကားကားနဲ့ ဟုတ်လှပြီ အောက်မေ့နေတာ၊ နာရီမေ့ကျန်ခဲ့တဲ့ ရက်များဆို၊ ဆရာ့ရှေ့မှာ ထိုင်ကို မထိုင်ရဲတော့ဘူး၊ အခါမေးရင် မဖြေနိုင်မှာစိုးလို့၊ နောက်ပိုင်း၊ ဆရာ အဲဒီလိုပြောပြီးတဲ့ နောက်ပိုင်း သတိထားလာမိတယ်၊ နာရီလည်း သိပ် အားမကိုးချင်တော့ ဘူး၊ ဒါနဲ့ တစ်နေ့ .

ဘယ်အချိန်မှန်း မသိ၊ ဘာမှန်း မသိ၊ နေ့ခင်းဘက်ကြီး ဒီလိုပဲ ထိုင်နေကြတုန်း ဆရာ့ဆီကို မီးခဲရောင်အင်္ကျီဝတ်ထားတဲ့ မိန်းကလေး တစ်ဦး ရောက်လာတယ်။ ဆရာက ဘာမှ မပြောသေးဘူး၊ သူ့ဟာသူ ငိုတယ်၊ သူ့ယောက်ျား ဖောက်ပြန်တဲ့ကိစ္စတွေ ပြောတယ်။ အဲဒီလို ဖောက်ပြန်တဲ့ ကိစ္စတွေဘေးက ကင်းဝေးအောင် ဆရာ့ဆီကို လာခဲ့ရတာပါလို့ ပြောတယ်။ ဒီတော့ ဆရာက *'နင့်အခုမှ ခရီးသွားလားကွဲ'* ဟိုအမျိုးသမီးက *'ဟုတ်ကဲ့ သွားတယ်'* တဲ့၊ *'နင်တို့ ဒီမှာနေရတာလည်း မကောင်းဘူး ရန်များတယ်'* ဆိုတော့လည်း *'ဟုတ်တယ်'* တဲ့။ *'နင်အခု နေမကောင်းဘူး ဖြစ်နေတယ်'* ဆိုပြီး ပြောထည့်လိုက်တာ အဲဒီအမျိုးသမီး ပါးစပ်အဟောင်းသားနဲ့ ဘာမှကို မငြင်းနိုင်တော့ဘူး၊ ဆရာ့ကိုကြည့်ပြီး အရမ်း အံ့အားသင့်နေသလိုပဲ၊ အဲဒီအမျိုးသမီးထက် ပိုပြီးတော့ အံ့အားသင့်နေတာက ကျွန်တော်။ ဘာမှ မမေးဘဲနဲ့ ဘယ်သင်္ကာရာဇ်တို့၊ ဘာတို့ ဘာမှ လုပ်မနေဘဲ တန်းပြောနေတာကို ကြည့်ပြီး အံ့ဩနေတာ၊ အဲဒါနဲ့ လုပ်စရာရှိတာ လုပ်ပေးလိုက်လို့ အဲဒီ အမျိုးသမီးလည်း ပြန်သွားရော ဆိုပါတော့၊ အဲဒီတော့မှ *'ဘယ့်နှယ်လဲကွ ဘယ်မလဲ နာချီ'* ဆိုပြီး ဆရာက လှမ်းမေးတယ်။ နောက်တော့ ဘဝမှာ ဘယ်လိုမှ မေ့လို့မရတော့တဲ့၊ ဘယ်နာရီကိုမှ အားကိုးချင်စိတ် မရှိတော့လောက်အောင် ဖြစ်သွားခဲ့ရတဲ့ အကောင်းဆုံး သင်ခန်းစာကို မထင်မှတ်ဘဲ ပြောပြတော့တာပဲ။

*'မင်းစဉ်းစားကြည့်'* တဲ့၊ *'သူလာတဲ့ ကိစ္စက သိလျက်ကဲ့ အကြောင်းတရားကို ဦးဆောင်ခဲ့တဲ့ကိစ္စပဲ၊ ဒါဖြင့် သိလျက်ခြင်းနဲ့ဆိုင်ရင် ဒေါသကြောင့်ဖြစ်လာတယ် ပျက်ခြင်းပဲ'* တဲ့၊ အဲဒီတုန်းက ဆရာ ပြောခဲ့တဲ့ စကားလုံးတွေကတော့ နည်းနည်းကြမ်းတယ်၊ တောင်ပေါ်မှာ ဆိုတော့ မပြောချင်တော့ဘူး၊ ဖြည့်ပြီးတော့သာ နားထောင်၊ *'ဒေါသကြောင့်ဖြစ်တဲ့ပျက်ခြင်းဟာ ဒေါသကြောင့်ဖြစ်ခြင်းပဲ'* တဲ့၊ ပြီးတော့ *'ငါ့ဆီကိုလာပြီး သူမှာ ခံစားနေရတဲ့ ကိစ္စတွေကို လာအကူအညီတောင်းတာဟာ မကောင်းဘူးလား ကောင်းတယ်လား တိတ်တဆိတ် လျှို့ဝှက်ပြီး ကောင်းတယ်လား'* တဲ့၊ *'တိတ်တဆိတ် လျှို့ဝှက်ပြီး ကောင်းလာပါဆရာ'* ဆိုတော့ *'ဒါဖြင့် ဒေါသကြောင့်ဆရာ့ဆီကို လျှို့ဝှက်စွာ လာတိုင်ပင်ရခြင်း၊ လျှို့ဝှက်စွာလာခြင်းကလည်း ဒေါသကြောင့်ဖြစ်တာပဲ'* တဲ့၊ *'အစိတ်သဘောက အမြင်ပဲ၊ အမြင်သဘောက ငုပ်တဲ့သဘော မပေါ်ထင်တဲ့သဘော လျှို့ဝှက်တဲ့ သဘောပဲ'* တဲ့၊ ဒီတော့ *'ဒေါသကြောင့်*



www.burmeseclassic.com

*တို့လိုင်းဟာ ဘာတိုင်လဲ'*တဲ့၊ *'စနေတိုင်ပါ ဆရာ'*ဆိုတော့*'ဒီအခေါ် စနေလိုင်း သတ္တမြောက်နေပြီပဲ၊ စနေတိုင်ဘတိုင်း ဖောက်ပြန် ရှိတော့တာပေါ့'*တဲ့"

"ဟာ. . . မကြားဖူးဘူး ဆရာ"

"အင်းပေါ့၊ ကျွန်တော်လည်း ဘယ်လိုလုပ် ကြားဖူးမှာလဲ၊ ဘာမှန်းတောင် မသိဘူး၊ ဆရာ ပြောပြတော့လည်း ဟုတ်နေတာပဲ၊ အဲဒီမှာ ကျွန်တော်က ဆရာ့ကို မေးကြည့်တယ်၊ *'ဆရာ နှင့်အနေမ နေ့ ထွက်သွားလားလို့ ဘာလို့ မေးတာလဲ'* ဆိုတော့ *'ဒီမိန်းကလေးက အင်္ဂါ ခေါင်းအလိုက်ထားတာ သီလပျက်စီးခြင်းနဲ့ဆိုင်တဲ့ သောကြာအနိုက် အကြောင်းတွေလည်း ပြောနေလို့ဆိုတော့ လျှော်တာ ဘာနဲ့လာပါ လှော်တော့ တယ်၊ ဒါကြောင့် စေတိယ ပြည့်စုံအောင် ဘာနဲ့လာနိမိတ်ကိုပါ ထပ်မေး လိုက်တာ'*တဲ့။

၄
၁
၅
၀ - စနေအခါနိမိတ်
၃ အင်္ဂါအရောင်ဝတ်ဆင်ပြီး-၄
၆ - သီလပျက်ခြင်းကို ပြောခဲ့သောကြောင့် ၂
၂ - မိခင် ခရီးသွားခြင်းကို မေးခဲ့သည်။

(စနေအခါ နိမိတ်ဆောင်၍ လာသော အမျိုးသမီးအား သုံးသပ်ပုံ၊ မေးမြန်းပုံတို့ကို လေ့လာရလွယ်ကူစေရန် ပုံ ဖော်ပြသလိုက်ပါသည်။)

"ဘယ် ဒီလိုနဲ့ ကျွန်တော် ငြိမ်ပါ့မလဲ၊ ထပ်မေးတယ်။ *'ဘာနည်း ပရိယာယ် လာနည်းနိမိတ်ကို ပြောလိုက်တာလဲတော့ ဟုတ်ပါပြီ၊ ဘာလို့ မိခင်လို့ ရမြဲရတာလဲ၊ အမိတို့၊ အများပိုင်ငွေတို့၊ မင်္ဂလာတို့ဆိုတဲ့ ပရိယာယ်တွေ အများကြီးထဲက ငွေကိုမပြောဘဲ ဘာလို့ အမေကို ထန်းပြောရသလဲ'* ပေါ့"

"ဆရာ မေးလိုက်လား"

"ဟာ ဘယ်နေလိမ့်မလဲ၊ မေးတာပေါ့၊ အဲဒီလို မေးတော့၊ ဆရာ ပြန်ဖြေ ရှင်းပြတာက ရှင်းပါတယ်။ ရိုးစင်းပါတယ်။ *'ဒီမိန်းကလေးဟာ သောကြာနည်းက အိမ်ထောင်ဖက် သီလအကျင့်ပျက်တဲ့အကြောင်း ပြော လာ'*တဲ့၊ *'ငွေကြေး ဥစ္စာရောက်လာတော့ ဘာလုပ်အကိုင် အဆင်မပြေတာ တွေ တစ်ခုမှ မပါဘူး'*တဲ့၊ *'ဒီတော့ လူဆိုတာ ခလုတ်ထိရင် အမိတာ'* ဆိုတာ ရှိတယ်တဲ့၊ *'ဘဝနဲ့ချီတဲ့ သောကတွေ ရှုံးနိုင် ဘယ်နိုင်၊ မခွဲနိုင် မဘာနိုင် ဖြစ်လာကြပြီဆိုရင် မိဘရင်ခွင်ကို လွမ်းဆွတ်မြဲပဲ'*တဲ့၊ *'အနီးဆုံး မြဲအရှိပ်ဖြစ်တဲ့ မိဘရင်ခွင်ကို အားကိုးတော့လာပါ'*တဲ့၊ *'ဒါကြောင့် ဒီကလေးမရဲ့ ရင်ထဲမှာ၊ စိတ်ထဲမှာ၊ မိန့်ပြုထိုက်ကို အားကိုးတော့မှာ ခေသျှာလို့ မိခင်ပရိယာယ်ကိုပဲ ငါမေးလိုက်တာ'*တဲ့၊ *'သူ ပတ်ဝန်းကျင် လူ့ဘုံလောကမှာ ထွင်ပေါက်တဲ့အတွက်ပဲ ပြည့်နှက်ယာရတော့မှာ'*တဲ့၊ *'ဒီလို*



www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားလာကရေးရာဆိုတော့ တနင်္လာအပေါ်မှာသောကကြီးလေး လို့တဲ့ (၂-၆)၊ ယောကျာ်းနိမိတ် နိုင် မနိုင်က အရေးကြီးသည့်ဗေဒ မပိုင်ဘူးတဲ့၊ ဖလားကတော့သိန်းသာ သီးပေါက်တဲ့ နိမိတ်ဖြစ်ကား အနိုင်အမာရမှာပြီ ဝင်ပေး တာနဲ့ တနင်္လာပေါ်မှာ ဗီလဘဲ့ ခေသာကြောက သူ့အလုပ်သူ လုပ်နေပြီတဲ့။

ပြီးတော့ ကြိုးပန်းကြိုးရန်း ဖေပွဲခံ မြန်းခေန ဖေသခေဒါပုံတင်စီး အစချီတဲ့ တြိရန်း လင်္ကာကိုလည်း ရွတ်ပြတယ်။

"ရိုးရိုးလေးနဲ့ ရှင်းရှင်းလေးပဲနော် ဆရာ"

"အရိုးဆုံးဟာ ဘယ်တော့မှ မရိုးဘူးဆိုတာ အဲဒါများလား မသိပါဘူး၊ ဦးသန်းထွန်းအောင်ရယ်"

"စီးပွားရေးတွေလည်း မကောင်းကြဘူး၊ ရန်များတယ် ဆိုတာ ကရော"

"ဪ ဒါကတော့ စနေ နိမိတ် အခါ သေချာလာပြီဆိုရင် စီးပွားရေးနဲ့ ဆိုင်တဲ့ အညွှန့်ဂြိုဟ်မှာ တနင်္ဂနွေရှိတယ်လေ၊ ဟိုအမျိုးသမီး ဝတ်ဆင်လာတာက အင်္ကျီရောင်ဆိုတော့ ဦး-ညို (၁-၃)ဆိုတဲ့ ရန်တော်စပ် သွားပုံကြောင့်ပါ။ ဒါက ရှင်းပါတယ်"

၄
အညွှန့် ၁ - ၃ (အင်္ကျီအရောင်အကျီ)=ဦးညို (ရန်)

၅
၀ စနေနိမိတ်
၃
၆
၂

"အဲဒီ အမျိုးသမီးကို နေမကောင်း ဖြစ်နေတယ်လို့ ပြောလိုက် တာကရော"

"ဒါကလည်း ဘာမှ မခက်ဘူး၊ သူ ဝတ်လာတဲ့ အင်္ကျီအရောင်ကိုက စနေ နိမိတ် အခါ သေချာပြီဆိုတာနဲ့ စတုရန်းဂြိုဟ်မှာ သူဟာ တည်ရ တော့မယ်။ စတုရန်းရဲ့ သဘောကိုက ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်း ဆိုင်ရာတွေပါ ထိခိုက်ကြေကွဲ ဒဏ်ရာရခြင်း ဆိုတဲ့ သဘောရှိတယ်လေ။ ပြီးတော့ စတုရန်းအောက်ဂြိုဟ်၊ နေပျော်ခိုက ဆိုတဲ့ လင်္ကာကလည်း ဘယ်တော့မှ မမှားဘူး၊ အဲဒီလင်္ကာကိုတော့ ဆရာက ရွတ်ပြမနေတော့ဘူး၊ ခုန တြိရန်းလင်္ကာရွတ်တော့ ကျန်တာကို ကိုယ်ကလည်း ဉာဏ်နဲ့ ယှဉ်ကြည့် ရတာပေ့ါ၊ နေရာတကာ နှိုသက်ခံစိုလို့ မကောင်းဘူးလေ၊ ကိုယ့်အတွေး အခေါ် ဆိတ်သုဉ်းသွားမှာပေ့ါ။

အခုလည်း ဒီလိုပဲ ဓာတ်တော်၊ မွေတော်တွေ အတိုင်းတိုင်း အပြည်ပြည်ကို ကြွချီတော်မူကြတယ်။ ရောက်ရာအရပ်မှာ ဓာတုစေတီ တွေ တည်ထားကိုးကွယ် ပူဇော်ကြတယ်ဆိုတဲ့ မင်္ဂလာ အတိတ်ကောင်း နိမိတ်ကောင်းဟာ၊ သူရဇ္ဇအခါမှာပဲ ရှိတယ်။ ဘာပဲပြောပြော၊ ဒီတော့လို



www.burmeseclassic.com

www.burmeseclassic.com



တာဝတိံသာစေတီတည်ထားကိုးကွယ်တယ်၊အခုထီးတော်တင်တယ်။ စိန်ဖူးတော်တင်တယ်။ ဒီပြင် အနယ်နယ်အရပ်ရပ် မြို့ရွာတိုင်း ဒေသတွေမှာလည်း ဒီလိုကောင်းမှုကုသိုလ်ကြီးတွေ၊ သာသနာပြုပွဲကြီးတွေ ရှိနေမှာပဲ။ ဒီတစ်နေရာမှ မဟုတ်ဘူး ရှိနေမှာပဲ။ မဟုတ်ဘူးလား၊ ဟုတ်လား"

"ဟုတ်ကဲ့ ဆရာ"

"ဒါဆို သူရဇ္ဇအခါ ပီသနေပြီပေါ့၊ ဦးသန်းထွန်းအောင်ရဲ့"

ကျွန်ုပ်၏စကားကို နားထောင်ရင်း ဦးသန်းထွန်းအောင်၏ မျက်နှာမှာ အနည်းငယ် ညှိုသွား၏။

"အင်း. . . ကျွန်တော်တို့ ထွက်လာတာ ခုနစ်ယောက်ဆိုတော့ သူရဇ္ဇအခါ နိမိတ်မှာ ခရီးပြန်ထွက်ရင် တစ်ယောက်များ ကျန်ခဲ့မလားလို့"

"သူ့အကြောင်းနဲ့ သူကတော့ ဘာမဆိုရှိနေမှာပဲ။ အကြောင်းတရားတိုင်းမှာ အကျိုးတရားတွေ ရှိနေကြမှာပဲ။ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်တာ မဟုတ်ဘူး။ သူ့သဘော သူဆောင်နေတာ။ သူရဇ္ဇ အခါ နိမိတ်မှာပဲ၊ ခရီးကတော့ ပြန်ထွက်ရမှာ။ ဘုရားရှင်ရဲ့ ဂုဏ်တော်ကျေးဇူးတော်တွေကို တစ်နေရာမှာ ပူဇော်ပြီးရင် နောက်တစ်နေရာမှာ ထပ်သွားပူဇော်ဖို့ အစီအစဉ်ကလည်း သူရဇ္ဇအခါ နိမိတ်ကောင်းပဲလေ"

စကားပြောရင်းနှင့် တစ်အောင့်လောက်ကြာသော် လူများ ယောက်ယက်ခတ်နေသည့်ကြားမှ တောင်စွန်းမိသားစု ဓမ္မမိတ်ဆွေများ ရောက်ရှိလာကြပြီဖြစ်၍ ကျွန်းလေးတောင်မှ စတင်ထွက်ခွာရန် ကျွန်ုပ်ကိုယ်တိုင် စီစဉ်ရလေတော့၏။ ညီလေးများတို့သည် ကျွန်ုပ်၏ သဘောကိုသာ လိုက်လျောကြစမြဲဖြစ်ရာ တောင်ပေါ်မှ ပြန်ဆင်းတော့မည် ဆိုသည်နှင့် ကားစက်နှိုးပြီးသား ဖြစ်တော့၏။ ကျွန်ုပ်သည် တောင်ပေါ်ရှိ စေတီတော်များနှင့် ဆရာဘုန်းဘုန်းကို အာရုံပြုကန်တော့လိုက်ပြီး ကားထွက်ရန် ပြောလိုက်တော့၏။

ကျွန်းလေးတောင်မှ အပြန်ခရီးမှာလည်း သာယာလှ၏။ ဆံတော်ရှင် ကေလာသစေတီတော်မြတ်ကြီးအား တောင်ခြေရင်းမှပင် လှမ်း၍ ဖူးမြော်လိုက်ရ၏။ ဆံတော်ရှင်ကေလာသစေတီတော်မြတ်ကြီး၏ ခြေတော်ရင်းတွင် အဓိဋ္ဌာန်ပေါင်းများစွာ အောင်မြင်ခဲ့ဖူး၏။ နဝင်္ဂသီလဖြင့် သစ်သီးစားခြင်း၊ ရေသောက်ကျင့်ခြင်း၊ ဝစီပိတ်ဝင်ခြင်းများကို အကြိမ်များစွာ အောင်မြင်ခဲ့ဖူး၏။ ကေလာသတောင်တော်မြတ်တွင်ရှိ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော ညောင်ပင်ကြီးတွင် မေတ္တာသုတ်များစွာ ရွတ်ရင်း မေတ္တာများစွာ ပို့ခဲ့ဖူး၏။

ယခုသော် မအားမလပ်လွန်းသော အကြောင်းတရား များစွာတို့ကြောင့် ဆံတော်ရှင်ကေလာသ စေတီတော်မြတ်ကြီးအား ကားပေါ်မှပင် လှမ်း၍ ဖူးမြော်လိုက်ရသည်ကို စိတ်ထဲက မကောင်း၊ အတော်ခံစားရ၏။ ဇည့်သည်သွား ဧည့်သည်လာ ဘုရားဖူးနေရသလို ဖြစ်နေ၏။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းလွန်း၍ဘေးဘီကိုသာအာရုံပြောင်းထားလိုက်မိတော့၏။

သာယာသော၊ စည်ကားသော၊ စိမ်းစိုသော နေရာများအား တရိပ်ရိပ် ဖြတ်၍ မောင်းလာပြီး တောင်စွန်းတွင်ပင် မိသားစု ဓမ္မမိတ်ဆွေများ ကျန်ရစ်ခဲ့ကြတော့၏။

ကားကို ဘီးလင်းဘက်မှ လှည့်မောင်းရန် စီစဉ်လိုက်သောကြောင့် လမ်းသိသော အောင်မင်းနိုင် ရှေ့ခန်းရောက်လာ၏။ ရှေ့ခန်းတွင် ညီအစ်ကိုသုံးယောက်ဆုံပြီး စကားတပြောပြောနှင့် သာယာလှသော မြင်ကွင်းများ၊ ညီညာလှပနေသော ရော်ဘာစိုက်ခင်းကြီးများ၊ ကြည့်မဝ ရှုမဆုံးသော တောင်တန်းကြီးများ၊ လွင်ပြင်ကြီးများ၊ စိုက်ခင်းများကို ကြည်နူးစွာ ခံစားခဲ့ကြရ၏။ နောက်ခန်းတွင် မြိုင်ရာဇာကြီးနှင့် ပိုက်ထွေးတို့က ဦးဆောင်၍ ဟာသများ နှောနေကြ၏။ ကိုသစ္စာနှင့် သားသီဟမှာ ပါးစပ်စေ့ မနေရ၊ တဝါးဝါး တဟားဟားနှင့် တစ်လမ်းလုံး ပွဲကျနေ၏။

ကျိုက်ထို။

ညီအစ်ကိုတွေ အားလုံး နံနက်စာ စားရန် စီစဉ်ကြ၏။

စထွက်လာကတည်းက ညီအစ်ကိုတွေအားလုံး သက်သတ်လွတ်သာ စားခဲ့ကြသောကြောင့် ယခုလည်း သက်သတ်လွတ်သာ စားရန် စီစဉ်ကြ၏။

နောက်ထပ် ခရီးဆက်ရန် ရန်ကုန်သို့ ဖုန်းဖြင့် အသီးသီး လှမ်းဆက်၍ အကြောင်းကြားနေကြသော ညီလေးများကို စောင့်ရင်း မြိုင်ရာဇာကြီးနှင့် စကားထိုင်ပြောနေလိုက်၏။ ဖုန်းအသီးသီး ဆက်အပြီး. . .

ယခုခရီးစဉ်တွင် ညီတော်မောင် အောင်မင်းနိုင် လုံးဝ အချိန်မရတော့၍ မအားမလပ်တော့၍၊ နောက်ပိုင်းဆီမှ အလုပ်များ ပူနေ၍ ရန်ကုန်သို့ အားချင်းပြန်ရန် ခွင့်တောင်းလာသောကြောင့် ညီလေးအား ခွင့်ပြုလိုက်ရ၏။

ကျွန်ုပ်သည် ထမင်းစားအပြီး ငြိမ်ထိုင်ရင်း ပြုံးကြည့်နေသော မြိုင်ရာဇာကြီးဆီသို့ လှမ်းကြည့်လိုက်၏။ အဓိပ္ပာယ်ပါသောအကြည့်နှင့် ကြည့်နေသော မြိုင်ရာဇာကြီးအား ပြန်ပြုံးပြလိုက်၏။ မြိုင်ရာဇာကြီး၏ ကြိုတင်ဟောကိန်းကို တောင်ပေါ်မှာ ကြားခဲ့ရသော ညီလေးအောင်မြတ်က ခေါင်းတညိတ်ညိတ် လုပ်နေ၏။

ကားပြန်ထွက်ပြီး. . .

တစ်ဦးပဲ့၍ ကျန်ရစ်ခဲ့သောကြောင့် ကျန်သော ညီအစ်ကိုများမှာ နောက်သာနောက်နေကြသည်။ ပြောင်သာ ပြောင်နေကြသည်။ စိတ်ထဲတော့ မကောင်းကြတော့။

ကားလေးမှာ တရိပ်ရိပ် ပြေးနေ၏။ လမ်းများမှာလည်း တောင်များ၊ တောများကို အေးချမ်းစွာ ဖြတ်သန်းနေရဘိသကဲ့သို့ ငြိမ်သက်အေးချမ်းသာယာလွန်းလှ၏။ ကြည်နူးလိုက်ရသည့် ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ညီလေး မောင်အောင်မြတ်နှင့် ရှေးယခင်က သွားခဲ့ကြဖူးသော ခရီးများအကြောင်း ပြန်ပြောင်းပြောကြရင်း ပီတိ ဖြစ်နေကြရ၏။

ကင်ပွန်းစခန်း။

ရောက်ပါပြီ။

ထင်မထားသော ဒုတိယခရီးစဉ်၏ အစအဖြစ် ကင်ပွန်းစခန်းသို့ ရောက်ရှိလာခဲ့ပါပြီ။

ကားကို စနစ်တကျ အပ်နှံခဲ့ပြီး အထမ်းလုပ်သား မောင်ကျော်မိုးခိုင်ထံ ပစ္စည်းများအပ်နှံ၍ ညီအစ်ကိုတစ်သိုက် တောင်ပေါ်င်း (၃၃) တောင်ကို ကျော်ဖြတ်နိုင်ရန် ခြေကျင်ခရီး စကြပြီ ဖြစ်၏။

ဆံတော်ရှင်ကျိုက်ထီးရိုး
စေတီတော်မြတ်ကြီးသို့

စတက်ပြီဆိုသည်နှင့် ပြေပြေပြစ်ပြစ် ရှိလှသော ခြေလမ်းလေးများအဆုံး ကျောက်စိုင်ကျောက်ခဲလမ်းများအရောက် အေးမြသာယာသော တောင်ကျချောင်း ရေသံလေးများ ကြားနေရပြီ ဖြစ်၏။

နားထဲတွင် အေးမြ၍သာယာလှသော စမ်းကျရေစီးသံလေးများကို နားထောင်ရင်းမှ ကုန်းရုန်းတက်နေသော ကျွန်ုပ်အား သားသီဟက ဓာတ်ပုံ တဖျပ်ဖျပ်ဖြင့် မှတ်တမ်းတင်၏။ ကျီစယ်၏။

"မနက်က ကျွန်းလေးတောင်ပေါ်မှာ ပညာပေးရင်း အဆက်ပြတ်သွားတာနဲ့ ဆတ်တငံ့ငံ့ကြီး. . . "

ရှေ့မှရပ်၍ ပြုံးပြုံးကြီးလုပ်ပြီး လှည့်ပြောနေသော မြိုင်ရာဇာကြီးအား ကြည့်လိုက်ရင်း. . .

"ခဏ. . ခဏ. . ခဏနေဦး. . မော. . . မော. . . မောရတဲ့ကြားထဲ သူက လုပ်ပြန်ပြီ. . . "

❖ ❖ ❖

(သုရှုမဂ္ဂဇင်း အတွဲ (၂) အမှတ် ၁)



www.burmeseclassic.com

www.burmeseclassic.com

# နွေးထွေးစွာ ဆုံစည်းခြင်းမှသည် (၂)

တဆတ်ဆတ် တုန်နေသောဒူးများကို ခပ်တည်တည် ဣန္ဒြေရရနှင့် ထိန်းထားရင်း မြိုင်ရာဇာကြီးကို မနည်းအားယူ၍ လှမ်းပြောလိုက်၏။

ရှေ့မှ ခပ်တည်တည် တက်သွားကြသော သားနှင့် ညီလေးများကို ကြည့်ရင်း ကိုယ်ပါ ရောယောင်၍ ခပ်တည်တည် လိုက်တက်၏။ (၁၀) မိနစ်ခန့် လိုက်တက်ပြီးသော် မရတော့။ မညောင်းမညာသည်တော့ မှန်၏။ သို့သော် ရင်မှာ တဒုန်းဒုန်း ခုန်လွန်းပြီး အသက်ကို ဘယ်က ဘယ်လို ရှူရမှန်းပင် မသိတော့။ သားမောင်သီဟ၊ ညီလေး မောင်အောင်မြတ်နှင့် မြိုင်ရာဇာကြီးတို့မှာ ကျွန်ုပ်ကို အရိပ်တကြည့်ကြည့်နှင့် အနားမှ မခွာကြ။ အတော် စိတ်ပူနေကြဟန်ရှိ၏။ ယခုမှ တောင်ပေါ် စတက်ခါစရှိသေး။ တွေ့သမျှ ဝါးကွပ်ပျစ်လေးများ၊ ခုံတန်းလျားများပေါ် ထိုင်မိတိုင်း လှဲအိပ်ချလိုက်ရ၏။ အသက်ကို ပါးစပ်နှင့်ရှူ၍ ပါးစပ်နှင့်ပင် ပြန်ထုတ်နေရ၏။ ရင်မှာ ဆောက်တည်၍ မရလောက်အောင် တဒိန်းဒိန်း ခုန်လွန်း၍ လူတစ်ကိုယ်လုံးပင်လျှင် ဆတ်ဆတ်ခါနေ၏။ မကြာပါချေ။ ဝါးစိမ်းလေး တစ်လုံးကို တစ်ဆယ်နှင့်ဝယ်၍ ထောက်ကူရတော့သည့် အခြေအနေသို့ ပြောင်းလဲသွား၏။

ဟန်တော့ကျသွား၏။

တုတ်လေးထောက်ရင်း တက်ရင်းနှင့် သားတို့နောက်သို့ ခပ်ဖြည်းဖြည်း လိုက်တက်၍ ရလာပြီ ဖြစ်၏။ ကျွန်ုပ် မောနေမှန်း၊ တစ်ကိုယ်လုံး ရေချိုးထားသလို ချွေးများ နစ်နေမှန်းသိကြ၍ သားနှင့် မောင်အောင်မြတ်တို့သည် တွေ့သမျှ ဆိုင်တိုင်းမှ စီပလပ်(စ်)အချိုရည်ဘူးများ ဝယ်တိုက်၏။ အချိုရည်ပုလင်း ငါးပုလင်းနှင့် ရေသန့်တစ်ပုလင်း ဗိုက်ထဲ ဖြည့်လိုက်ပြီးချိန်တွင် အမောနည်းနည်း ခံသာလာ၏။ လှေကားထစ်များတွေ့လျှင် တက်နိုင်လာ၏။ ကုန်းမြေများအတိုင်း တက်လျှင်လည်း တက်နိုင်လာ၏။

ရေမြောင်ကြီးစခန်း။



www.burmeseclassic.com

www.burmeseclassic.com



ကိုသစ္စာနှင့် ပိုက်ထွေးမှာ ဘယ်ရောက်သွား၍ ရောက်သွားမှန်း မသိရတော့။ လှမ်းမျှော်ကြည့်၍ပင် မမြင်ရတော့။ ရှေ့စခန်းလေးများတွင် ကျွန်ုပ်တို့အား စောင့်နိုးစောင့်နိုးနှင့် စခန်းလေးများရောက်တိုင်း လှမ်းလှမ်း ကြည့်ရ၏။ အရိပ်အယောင်မျှပင် မတွေ့တော့။

အားယူ၍ တက်လာကြရင်း ရေမြောင်ကြီးစခန်းသို့ ရောက်သည်နှင့် မြိုင်ရာဇာကြီး၊ ဦးသန်းထွန်းအောင်နှင့် ညီလေးမောင်အောင်မြတ်တို့ ရေချိုးကြတော့၏။ သားသီဟက သူ၏အစ်ကိုများ ပျော်ရွှင်စွာ ရေချိုးနေ ကြပုံကို ကင်မရာဖြင့် တဖျပ်ဖျပ် မှတ်တမ်းတင်၏။

မိနစ်နှစ်ဆယ်ခန့် နားနားနေနေ နေကြပြီးသော် ဆက်တက်ကြ ပြန်၏။ အရှိန်လေး နည်းနည်းရလာပြီဖြစ်၍ အသက်ရှူမရလောက်အောင် မောခြင်းမှ အနည်းငယ် ပြေစပြုလာ၏။ ဒူးများ ခြေထောက်များမှာ လုံးဝ မညောင်း၊ အမောကိုသာ မခံနိုင်ဖြစ်နေခြင်း ဖြစ်၏။

ကျွန်ုပ်နှင့် မောင်အောင်မြတ် ပုဆိုးကြီး ဒူးလောက်မတင်ပြီး မောမောနှင့် စကားလက်ဆုံကျနေကြပုံများကို သားသီဟက ဓာတ်ပုံ တဖျပ်ဖျပ် မှတ်တမ်းတင်ရင်း မြိုင်ရာဇာကြီးနှင့် နောက်ပြောင်ရင်း အတော်လေး ခရီးရောက်ခဲ့ချေပြီ။

တစ်လမ်းလုံး အချိုရည်နှင့် ရေသန့်ကိုသာ အားပြုခဲ့ကြရာမှ "ဘူးသီးဖီလင်" ဆိုင်လေးသို့ ရောက်သော် လေအေးအေးနှင့် ရှုခင်းများ ကြည့်ရင်း ဘူးသီးကြော်များ အားရပါးရ စားကြရင်း နားနားနေနေ အမော ဖြေကြ၏။

တဖြည်းဖြည်းနှင့် ညနေ (၆)နာရီ ကျော်စပြုလာပြီဖြစ်ရာ တောင်ခိုး မြူခိုးများနှင့် မှောင်စပြုလာပြီ ဖြစ်၏။

မှောင်စပြုလာပြီဆိုသည်နှင့် မောင်အောင်မြတ်သည် ပိုက်ထွေးတို့ကို သတိရသွား၏။ စိတ်ပူပုဟန်လည်း ရှိ၏။ မှောင်ထဲတွင် လျှောက်ကြရ တော့မည်ဖြစ်၍ သွားအတူ လာအတူ ရှိချင်ပုံလည်း ပေါ်၏။ သို့သော် ပိုက်ထွေးနှင့် ကိုသစ္စာမှာ ဘယ်ဆီရောက်၍ ဘယ်ဆီပေါက်သွားမှန်းပင် မသိရတော့။

စမ်းတဝါးဝါး လျှောက်ရင်းမှပင် တောင်ခိုးများကြောင့် ဘာမှ မမြင်ရတော့။ မိုးရိပ်မိုးသားများရှိနေ၍ လပြည့်နေ့ညပင် ဘာမှန်းမသိ ရတော့။ လသည်ပင်လျှင် ဘယ်ဆီရောက်နေမှန်းမသိရ။ ထို့ကြောင့် မီးတုတ်များဝယ်၍ ခရီးဆက်ကြရတော့၏။ တစ်တောင်ပြီး တစ်တောင် ကျော်ဖြတ်ခဲ့သမျှ လမ်းတွင် စမ်းရေစီးသံလေးများ၊ တောင်ကျရေစီးသံ လေးများနှင့် မှောင်ထဲတွင်ပင် လွမ်းမောဖွယ် ဖြစ်နေ၏။ မီးတုတ်နှင့် တောင်ပေါ်တက်နေသည်မှာ ကျွန်ုပ်တို့ လေးယောက်ထဲသာ ရှိ၏။ ပတ်ဝန်းကျင်တွင် ဘယ်သူမှ မရှိ။ တစ်ခါတစ်ခါမှ ဈေးသည်အချို့ ဘေးမှ ဖြတ်ကျော်တက်သွားကြ၏။ ကျွန်ုပ်သည် မေတ္တာသုတ်များ ရွတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်ကြီးများနှင့် တောပိုင်ကြီးများကို မေတ္တာပို့ရင်း ရှေ့မှ ဦးဆောင် လျှောက်၏။ မောခြင်း ပန်းခြင်း ဘာမှ မရှိတော့။ ခြေလှမ်းများ သွက်နေ ၏။ မီးတုတ်များကုန်၍ ထပ်ဝယ်ပြီး တက်ကြပြန်၏။ ညဘက် မှောင်နေ ပြီဖြစ်၍ လမ်းရှိ ဈေးဆိုင်တဲလေးများပင် မှောင်နေ၏။ တစ်အိမ်စ နှစ်အိမ်စသာ မီးလေးထွန်းထား၏။

"ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်"

ရောက်ပါပြီ။ မီးရောင်များ ထိန်ထိန်လင်းနေသော ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီးအား လှမ်း၍ ဖူးမြင်ရပါပြီ။ ကျွန်ုပ်နှင့် ညီလေးများတို့သည် လမ်းပေါ်တွင်ပင် ငုတ်တုတ်ထိုင်ချလိုက်ပြီး ဆံတော်ရှင်စေတီတော်မြတ်ကြီးအား အားရပါးရ ဖူးမြော်ကန်တော့ကြ၏။ တစ်လမ်းလုံး မောပန်းလာခဲ့သည်များ ဘယ်ရောက်သွားမှန်းပင် မသိရတော့။ လန်းဆန်းတက်ကြွသွားလေပြီ။

ယနေ့သည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲနေ့ (သီတင်းကျွတ်လပြည့်နေ့)နှင့် ကြုံနေ၍ ကြက်ပျံမကျ စည်ကားလွန်းလှရာ မီးရောင်စုံများ၊ ဆီမီး (၁၀၀၀၀) ပူဇော်ပွဲများ၊ ပဋ္ဌာန်းဝတ်ရွတ်ပူဇော်ပွဲများနှင့် ဘုရားဖူးလာကြသူအပေါင်း ထောင်ပေါင်းများစွာ ကြိတ်ကြိတ်တိုးလျက်ရှိ၏။ တည်းခိုနေကျ ကျိုက်ထိုဟော်တယ်တွင် မရတော့ ပြီဖြစ်၍ ပိုက်ထွေး ကြုံဖန်ရှာဖွေထားသော စတိုးဆိုင်တစ်ခု၏ အခန်းကျဉ်းလေးထဲတွင် ခြောက်ဦးသား နေရာထိုင်ခင်း စီစဉ်ရလေတော့၏။

ရေမိုးချိုးကြ၊ ထမင်းစားပြီးကြသည်နှင့် ဘုရားကြီး သွားဖူးရန်၊ ရွတ်ဖတ်သရဇ္ဈာယ်ရန်၊ လှူဒါန်းကြရန် ပြင်ဆင်ကြတော့၏။

"ဆရာ"

"ဟင် ဘာလဲ၊ ဦးသန်းထွန်းအောင်"

"ရောက်လာပြန်ပေါ့ သူရဇ္ဇအခါ"

"ဩော်၊ ခုလား၊ အင်းပေါ့၊ (၉)နာရီကျော်ပြီနဲ့တူတယ်"

"ကျွန်တော်ကတော့ နာရီမကြည့်ဘူး၊ ဆရာ ပြောလို့ကို မကြည့်တော့တာ၊ ခုန ကျွန်တော်တို့ဘေးက ဖြတ်သွားကြတဲ့ အုပ်စု ပြောသွားလို့"

"စကားပဲ၊ ဒါလောက် လူတွေအများကြီးကြားထဲ လာရတာ၊ စကားဆိုတာကတော့ အမျိုးမျိုးကြားနေရမှာပဲ၊ လိုက်နိမိတ်ကောက်နေလို့"

"ဟုတ်တော့ ဟုတ်ပါတယ်ဆရာ၊ ဒါပေမယ့် ကျွန်တော်တို့ ခုန ဟိုနားမှာ လူစုံအောင် ရပ်စောင့်နေကြတုန်းက ကျွန်တော့်နားမှာကို လာရပ်ပြောတဲ့ စကားအရ ကျွန်တော် ပြောတာပါ"

"ဘာတဲ့လဲ"

"လူတစ်ယောက်က လူတစ်ယောက်ကို ပြောနေတယ်၊ သူတို့ဟာ သူတို့ ရွေသွားလှူပစေ၊ တို့က ဆီမီးသွားထွန်းမယ်၊ မင်းတို့လည်း လှူချင်သလို သွားလှူတဲ့၊ ဒါကြောင့် သူရဇ္ဇအခါ ရောက်လာပြီဆိုတာ သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာပါ”

“အမယ် တယ်ဟုတ်နေပါလား၊ ဟုတ်မဟုတ် နာရီ ကြည့်လိုက်သေးလား”

“ဟဲ . . . ဟဲ၊ ကြည့်တော့ ကြည့်လိုက်ရသေးတယ်။ သိပ်ပြီး ကိုယ့်ကိုယ်ကိုယ် စိတ်မချသေးလို့ နာရီတော့ မသိမသာ ကြည့်လိုက်မိသေးတယ်။ ဟုတ်တယ် (၉) နာရီထိုးပြီး (၁၀) မိနစ် ပြည့်တော့မယ်”

“သြော် . . . ကောင်းတယ်၊ ဒါ . . . ဒီပညာခန်းရဲ့ တွေးခြင်းအစပဲ၊ ဆက်တွေး၊ ကောင်းတယ်”

စကားတပြောပြောနှင့် ဘုရားရင်ပြင်တော်ပေါ် အရောက်တွင် ညီလေးမောင်အောင်မြတ်က ရွှေဆိုင်းများ အထပ်လိုက် သွားဝယ်၏။ ကျွန်ုပ်က တစ်ဦးလျှင် အစွန်းထွက်ကလေးများ အနည်းငယ်စီစုရင်း ရရှိလာသည့် ငွေ (၃၇၀ဝိ)ကို တစ်ဖွဲ့လုံးနာမည်နှင့် လှူပ်စစ်မီး လှူ၏။

အားရပါးရ ကျားကုတ်ကျားခဲလာခဲ့ရသော ခရီး၏ အောင်မြင်မှုအဖြစ် ဘုရားကြီးကို ဦးခေါင်းဖြင့် ထိတွေ့ ရှိခိုး ပူဇော်ရပါပြီ။ ညီလေးအောင်မြတ် ဝယ်လာသည့် ရွှေဆိုင်းများမှာ တစ်ဦးချင်းစီ ဝေမျှ၍ စေတီတော်ကြီးအား ရွှေပြားကပ်လှူပူဇော်ကြရာ (၁၀) နာရီထိုးသည့်အထိ မပြီးနိုင်ဖြစ်နေ၏။ တော်တော်နှင့် မကုန်နိုင် ဖြစ်နေ၏။ တစ်ဦးလျှင် (၁၀)ထုပ်ခန့်မျှမက ပူဇော်ကြရသည်ဖြစ်၍ တော်တော်နှင့် မပြီးနိုင်။

ရွှေဆိုင်းများ အားရပါးရ ပူဇော်ပြီးသည်နှင့် ရွတ်ဖတ်သရဇ္ဈာယ်ကြရန် အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ကြရန် နေရာရှာကြရပြန်၏။ ကျွန်ုပ်တို့ ညီအစ်ကိုတစ်သိုက်သည် လှေကားလေးမှ အောက်ဘက်ဆင်းသွားကြပြီး အမွှေးတိုင်၊ ဖယောင်းတိုင်များ အားရပါးရ ထွန်းညှိပူဇော်ကြရင်း လေဟာနယ်ထဲတွင် လွင့်ပျံနေသည့်သဖွယ် ရှိနေသည့် ရွှေတုံးရွှေခဲကြီးပမာ စေတီတော်ကြီးအား ရှိခိုးပူဇော်မဝ ဖြစ်နေကြ၏။ ဦးခေါင်းထက်တွင် လွင့်ပျံရပ်တည်နေသည့်သဖွယ် စေတီတော်ကြီးအား မော့ကြည့်၍ မဆုံးနိုင်အောင် ပီတိတွေ ဖြစ်နေကြရ၏။

လှေကားများမှ ပြန်တက်ရင်း ရင်ပြင်တော်ပေါ်တွင် ညီအစ်ကိုတစ်သိုက် နေရာယူကြ ရွတ်ကြဖတ်ကြရန် ပြင်ဆင်ကြ၏။ ကျွန်ုပ်သည် ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသတော်ကြီးနှင့် ဓမ္မစကြာကို ရွတ်ဖတ်ပူဇော်၍ ရှိခိုး၏။ ပရိတ်ကြီးများကို ရွတ်၍ ပူဇော်၏။ အဓိဋ္ဌာန်ပုတီးများကို စိပ်၏။ ပင်ပန်းလွန်း၍ ငိုက်ခနဲ ငိုက်ခနဲ ဖြစ်သွားသည့်ကြားမှ မရရအောင် ရွတ်ဖတ်ပူဇော်၏။ အတော်လေး ညဉ့်နက်လာသည်ထိ ပူဇော်ကြပြီး အမျှအတန်းများ ပေးဝေရင်း နားနေအိပ်စက်ကြရန် စီစဉ်ကြရတော့၏။ ညီအစ်ကိုများ ရင်ချင်းကပ် ကျောချင်းကပ် ဖြစ်နေကြသောကြောင့် ဘယ်လိုမှ အိပ်မရ။ ထို့ကြောင့် . . .

နံနက် (၂) နာရီမှစ၍ အသီးသီး အပြင်ထွက်ကြ၏။ ဟိုသွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဒီလျှောက်လိုက်နှင့် အချိန်ကုန်အောင် စောင့်နေကြရင်း ကော်ဖီလက်ဖက် ရည်သောက်ကြ၏။ နံနက် (၆)နာရီ ပတ်ဝန်းကျင်တွင် ဘုရားကြီးအား ဖူးမြော်ကန်တော့ကြရင်း ပြန်ကြရန် ပြင်ဆင်ကြတော့၏။

ဘုရားရင်ပြင်တော်မှ စတင် ဆင်းချိန်သည် နှင်းထုများ မြူခိုးများ ဝေနေချိန်ဖြစ်သောကြောင့် အနွေးထည်ကိုယ်စီနှင့် စတင် ဆင်းကြရ၏။ ချမ်းချမ်းစီးစီးဖြစ်သော်လည်း လမ်းလျှောက်ကြပြီဖြစ်၍ အလွန် နေလို့ထိုင်လို့ ကောင်းနေ၏။ ခြေလှမ်းများ သွက်နေ၏။ အတော်လေး လျှောက်မိသော်. . .

"အဲဒီလို . . . သူ့သဘော သူဆောင်နေတာ . . . တော်တော် အံ့သြဖို့ ကောင်းတယ်နော် ဆရာ"

"တွေ့လား မောင်အောင်မြတ်၊ မင်းအစ်ကို မြိုင်ရာဇာကြီးက တော့ . . ."

"ဟဲဟဲ . . . ဆားနဲ့ပါ ဘုရားဆိုတဲ့ ဦးပေါ်ဦးလိုများ ဖြစ်သွားလား"

ဦးသန်းထွန်းအောင်၏ စကားကြောင့် မောင်အောင်မြတ်ရော ကျွန်ုပ်ပါ ရယ်ကြမောကြရ၏။

"ကောင်းတယ်၊ သိပ်ကောင်းတာပဲ၊ ပညာကို အဲဒီလို အသည်းနှလုံးထဲက ချစ်ကြလို့လည်း၊ အခုလို အောင်မြင်နေကြတာပေ့ါ၊ ကြီးပွားချမ်းသာနေကြတာပေ့ါ၊ အမှားနဲ့ အမှန်ကို ချင့်ချိန်နိုင်ကြတာပေ့ါ၊ ကောင်းတယ်၊ ဦးသန်းထွန်းအောင်တို့ ညီလေးမောင်အောင်မြတ်တို့က သွားတိုင်းလာတိုင်း စားတိုင်းသောက်တိုင်း ပြောတိုင်းဆိုတိုင်း ပညာကို မမေ့မလျော့ကြသူတွေဆိုတော့ အခုလို ခရီးအတူသွားကြရတာ သိပ်စိတ်ချမ်းသာပြီး သိပ်ပျော်တာပဲ၊ ဘုရားကြီးမှာ ရောက်တိုင်းလည်း အမြဲ ဆုတောင်းတယ်၊ ဒီသားတွေနဲ့ အမြဲ လာရောက်ဖူးမြော်ပူဇော်ရပါလို၏ ဆိုတာကို အမြဲ ဆုတောင်းတယ်၊ အဲဒါ အမှန်ပြောတာ"

"ဆရာ၊ ကျွန်တော် မရှင်းတာလေးတစ်ချက်"

"ပြောလေ"

"အဲဒီလို နိမိတ်တွေ၊ စကားတွေကနေ ဘယ်အခါဆိုတာကို ဖမ်းယူပြီဆိုပါတော့"

"အင်း"

"ဥပမာ ဆရာရယ်၊ မနေ့က ကျွန်းလေးတောင်မှာ ဆရာ သင်ပြခဲ့တဲ့အတိုင်း သီလပျက်တဲ့ အကြောင်းတရားကို ဦးဆုံး ပြောဆိုတဲ့ စကားရယ်၊ သောကြာ ဆရာဆီကို လှို့ဝှက်စွာ လာခြင်းကြောင့် သောကြာခိုက်ရတယ်ဆိုတဲ့ စကားရယ်ဟာ သောရီအခါကို ပုံဖော်ယူနိုင်ခဲ့တယ်။ စနေအခါ နိမိတ်အဖြစ် ယူနိုင်ခဲ့တယ်"

"ဟုတ်တယ်လေ"

"ဒါဖြင့် ဆရာ၊ အဲဒီအချိန်မှာ နာရီအရ သောရီအခါ မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သောမအခါတို့ ဗုဒ္ဓအခါတို့ ဖြစ်နေခဲ့ရင်ကော”

“ပြုပြင်ပြောင်းလဲ ဖန်တီးတာမဟုတ်ဘဲ၊ သူ့သဘော သူဆောင်လာတဲ့ နိမိတ်က ပိုပြီး မှန်တယ် ဦးသန်းထွန်းအောင်၊ စနေနိမိတ်အခါဖြစ်လို့ကတော့ စနေနိမိတ် အခါအတိုင်းပဲ ဆုံးဖြတ်၊ ဗုဒ္ဓအခါတို့၊ စန္ဒြေအခါတို့နဲ့ သွားမဆုံးဖြတ်နဲ့”

“ဒါဖြင့်ရင် အခါတိုင်တွေအနေနဲ့”

“အခါတိုင်တွေမှာ သူ့သတ္တိတွေနဲ့သူ ရှိတယ်လေ၊ မရှိတာမှမဟုတ်တာ၊ ကျွန်တော် ပြောတာ ရှင်းရှင်းလေး၊ နိမိတ်တွေ စနည်းတွေကိုယူပြီး အခါယူမှာလား၊ နိမိတ်တွေ စနည်းတွေကိုကြည့်၊ အဲဒီအတိုင်းလိုက်နာ၊ အဲဒီလမ်းကြောင်းအတိုင်း သွား၊ နာရီနဲ့ ဆုံးဖြတ်တဲ့အတိုင်းအခါယူမှာလား၊ အဲဒါဆို နာရီနဲ့ ဆုံးဖြတ်တဲ့အတိုင်းလိုက်နာ၊ အဲဒီလမ်းကြောင်းအတိုင်း သွား၊ အရေးကြီးတာ မတွေဝေဖို့ဘဲ”

“သြော် . . . သဘောပေါက်ပြီဆရာ၊ သဘောပေါက်သွားပြီ”

ဘုရားဖူးအပြန်ခရီးမှာ မမောမပန်းနှင့် အတော် ဟန်ကျ၏။ သို့သော် ခြေသလုံးကြွက်သားများ အလွန် ညောင်းပြီး နာနေ၏။ မနေ့က မနားမနေ ခရီးဆက်ခဲ့ရခြင်း၊ ညက နှစ်နာရီမျှသာ အိပ်ခဲ့ကြရခြင်းတို့ကြောင့် အားလုံးမှာ ခပ်နွမ်းနွမ်းဖြစ်နေကြ၏။ ခြေထောက်များ နာကျင်ကိုက်ခဲနေကြ၏။

“ခုန ဦးသန်းထွန်းအောင် ပြောသလို ကျွန်တော် ကြုံဖူးတယ်။ တစ်ခါကဗျာ လူတစ်ယောက်ဟာ ရွှေတွေ၊ ငွေတွေရှိတာ ကုန်သွားပြီဆိုတဲ့အကြောင်း၊ အိမ်ထောင်ရေးလည်း ကွဲသွားပြီဆိုတဲ့အကြောင်း ပြောပြနေတယ်ပေါ့ဗျာ၊ ကျွန်တော် စဉ်းစားလိုက်တယ်။ သူပြောနေတဲ့ စကားတွေအရ စန္ဒြေအခါ နိမိတ်ပဲ၊ ဦးသန်းထွန်းအောင် မြင်တတ်ပြီလား”

“ဟုတ်ကဲ့၊ မြင်ပြီဆရာ၊ စန္ဒြေအခါနိမိတ်ပဲ”

“အဲဒီမှာ ကျွန်တော် ပြောလိုက်တယ်၊ ခင်ဗျားရဲ့ အကြီးအကဲထဲက နေထိုင်မကောင်း ဖြစ်နေလိမ့်မယ်လို့၊ သူကလည်း အံ့ဩပြီး ဝန်ခံတယ်။ ဟုတ်တယ်တဲ့။ ကျွန်တော် အဲဒီအချိန်မှာ မျက်လုံးက နာရီကို ရောက်သွားတယ်။ အခါကို တွက်ကြည့်လိုက်တော့ အင်္ဂါအခါ၊ တနင်္လာ ခိုက်နေတယ်”

“သြော် . . . ခုန စန္ဒြေက နိမိတ်နဲ့ယူတာ၊ အင်းအင်း၊ ဟုတ်ကဲ့”

“အဲဒီလို တနင်္လာခိုက်နေတော့ ခင်ဗျားရဲ့ မိခင် သတိထားရလိမ့်မယ်၊ ဖျားတတ်နာတတ်တယ်လို့ ပြောလိုက်တယ်”

“ဟုတ်လား ဆရာ”

“ဘယ်က ဟုတ်ရမှာလဲ၊ ဖျားနေတာ အဖေတဲ့ဗျာ၊ သူ့အမေက ဘာမှ မဖြစ်ဘူးတဲ့”

“ဟာ၊ ဘယ်လိုဖြစ်သွားလို့လဲ”

“အဲဒါပြောတာပေါ့၊ ခုန ကျွန်တော် ပြောတဲ့စကားဟာ အဲဒါပဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ရည်ရွယ်တာ၊ နိမိတ်တွေ စနည်းတွေကို ယူပြီး အခါယူမှာလား၊ နာရီနဲ့ ဆုံးဖြတ်တဲ့အတိုင်း အခါယူမှာလား၊ မတွေဝေနဲ့ဆိုတာ"

"ဩော် . . . ဟုတ်ကဲ့"

"ကျွန်တော် အဲဒီလို တွေဝေသွားလို့ တက်တက်စင် လွဲသွားတာ၊ အမှန်က စန္ဒြေအခါနိမိတ် သတ္တိမှန်နေပြီ၊ မှန်နေရင် နေမကောင်းသူဟာ အခိုက်တနင်္ဂနွေ ပရိယာယ်အရ 'အောင်-ဆု-လည်း-ပွား ဂြိုဟ်ယောက်ျား' ဆိုတဲ့ လင်္ကာအရ ဖခင်ပဲ ဖြစ်ရမယ်လေ"

"ဟာ ဟုတ်တာပေါ့"

တစ်ချိန်လုံး နားထောင်နေသည့် ညီလေးမောင်အောင်မြတ်သည် တအံ့တသြပြောရင်း လျှောက်နေပြန်၏။

"အဲဒီလို မဟုတ်ဘဲ၊ စိတ်က ဂဏှာမငြိမ် ဘာမငြိမ်နဲ့ အခါတိုင်ကို သွားကြည့်လိုက်ပြီး အင်္ဂါအခါမှန်းသိလိုက်တော့၊ စိတ်ပြောင်းသွားတော့ တာပေါ့၊ အဲဒီ အင်္ဂါအခါပေါ်မှာ စိတ်ညွတ်သွားတယ်၊ နာရီကနေ ကြည့်ယူရတာကို သွားအားကိုး သွားတယ်၊ မူလ နိမိတ်တွေ စနည်းတွေနဲ့ ယူလိုက်တဲ့အခါကို အားမကိုးမိတော့ဘူး။ ဒါကြောင့် အင်္ဂါအခါမှာ တနင်္လာခိုက်နေတာကိုကြည့်ပြီး 'ခြေ-သွား-ထိန်း-ရ ဂြိုဟ် မိန်းမ' ဆိုတဲ့ လင်္ကာအရ ခိုက်သူဟာ အမျိုးသမီးပဲ ဖြစ်ရမယ် ဆိုပြီးတော့ ခင်ဗျား အမေရဲ့ ကျန်းမာရေး သတိထားရလိမ့်မယ်။ ဖျားတတ်နာတတ်တယ်လို့ ပြောလိုက်တာ၊ တက်တက်စင်ကို လွဲသွားတာပဲ"

၆

၃

၀

____

၂ စန္ဒြေအခါ

____

၅

အခိုက် ၁ - အောင်/ဆု/လည်း/ပွား

၄ ဂြိုဟ်ယောက်ျား

၀

၄

၁

____

၃ အင်္ဂါအခါ

____

၆

အခိုက် ၂ - ခြေ/သွား/ထိန်း/ရ

၅ ဂြိုဟ်မိန်းမ

(နိမိတ်စကားသံများကို နားထောင်၍ အခါယူခဲ့သော စန္ဒြေအခါနှင့် နာရီကို ကြည့်၍ အခါယူခဲ့သော အင်္ဂါအခါ ကွဲပြားခြားနားပုံကို တိုင်ပြဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုံဖော်ပြသထားပါသည်။ အခိုက် ဖြိုဟ် ကျား/မ ကွဲပြားသွားပုံအား သတိပြုပါလေ။)

"ဦးဆုံး ပထမနိမိတ်ဟာ တော်တော်ကို အရေးကြီးတယ်နော် ဆရာ"

"အရေးကြီးတာပေါ့၊ အရေးကြီးတာပေါ့ဆိုလို့ ဦးသန်းထွန်းအောင်တို့ မသိသေးတဲ့ အကြောင်းလေးတစ်ခု ပြောပြချင်သေးတယ်"

စကားပြောနေရင်း လေးငါးဆယ်လှမ်း ဆက်လျှောက် လိုက်၏။ ဦးသန်းထွန်းအောင်ရော မောင်အောင်မြတ်သာမက သားသီဟပင်လျှင် စိတ်ဝင်တစားနှင့် လှည့်ကြည့်၏။ ပိုက်ထွေးနှင့် ကိုသစ္စာတို့မှာ ဝါးတစ်ပြန်ကျော်ကျော်ခန့် ရှေ့က လျှောက်နှင့်နေကြသောကြောင့် မကြားကြ။

တစ်နေ့ ညီလေးမောင်အောင်မြတ်နဲ့ ညီအစ်ကိုနှစ်ယောက် စကားထိုင်ပြောဖြစ်ကြတယ်။ ဦးသန်းထွန်းအောင် သိတဲ့အတိုင်းပဲ ညီလေးက စာသမား၊ ပေသမားဆိုတော့ စာပေကို တော်တော်ချစ်တယ်၊ ဒါကြောင့် သူ မဂ္ဂဇင်းတစ်စောင် လုပ်ချင်တဲ့အကြောင်း စကား စလာတယ်။ ကျွန်တော်က ညီလေး မင်းမဂ္ဂဇင်းလုပ်တာက အကြောင်း မဟုတ်ဘူး။ အရမ်း ပင်ပန်းတယ်နော်၊ ငါသိရသလောက် မဂ္ဂဇင်းက မြတ်ချင်မှ မြတ်တာ၊ သိပ်ဒုက္ခခံရတယ်လို့ ပြောလိုက်တယ်။ သူကလည်း ငွေကြေးကို အဓိကထားတဲ့သူမဟုတ်ဘဲ စာပေကို ဝါသနာပါလွန်းတဲ့သူ ဆိုတော့ ကျွန်တော် ငွေရေးကြေးရေးကို ဦးနှောက်ထဲ မထည့်ဘူးအစ်ကို၊ ကျွန်တော် ဝါသနာပါတာကို လုပ်ရရင် ကျွန်တော် ပျော်နေမှာပဲတဲ့၊ ပြီးပြီ၊ သူပြောတဲ့စကား ကုန်သွားပြီ၊ စာအုပ်စာပေအတွက် ငွေကုန်ကြေးကျမှုတွေ အများကြီး စိုက်ထုတ်ရမှာတို့၊ ပင်ပန်းတာတို့၊ အချိန်ပေးရတာတို့၊ ကျွန်တော် ပြောစရာ ဘာမှ မရှိတော့ဘူး၊ ဒီတော့ ပြောစရာက တစ်ခုပဲ ရှိတော့တယ်။ အဲဒါကတော့ မဂ္ဂဇင်းကို နာမည်ပေးဖို့ ကိစ္စပဲ"

"သြော်၊ ဟုတ်ကဲ့ဆရာ၊ မဂ္ဂဇင်းနာမည်ကိစ္စ လာပြီ"

ညီအစ်ကိုနှစ်ယောက် တောင်ကြည့်မြောက်ကြည့်နဲ့ ဘေးဆီက နိမိတ်တို့၊ စနည်းတို့ကို မျက်စိဖွင့် နားစွင့်ရတော့တာပေါ့၊ အဲဒီလို နားစွင့်ရင်း ညီအစ်ကိုနှစ်ယောက် အအေးသောက်နေကြတုန်း၊ ဘေးနားမှာ လူတစ်စု လာထိုင်ကြတယ်။ လူကြီးတွေ သုံးယောက်လား၊ လေးယောက်လား မမှတ်မိတော့ဘူး။ ထိုင်တာကတော့ ခပ်လှမ်းလှမ်းလေး၊ သူတို့ အားရပါးရ ပြောကြတဲ့အကြောင်းက ဗုဒ္ဓဂါယာဘုရားဖူးခရီးအကြောင်း၊ သူတို့ မကြာခင် သွားကြတော့မယ့်အကြောင်း"

"ကောင်းလိုက်တဲ့ နိမိတ်"

"သိပ်ကောင်းတာပဲ၊ အမြတ်ဆုံးခရီးဖြိုဟ်အကြောင်းကို အားရပါးရ ပြောနေကြတာ၊ နားထောင်ရင်း နားထောင်ရင်းနဲ့ ဟုတ်ပြီ၊ သောကြာ ပရိယာယ်အားကောင်းတဲ့ စကားတွေ အားရပါးရ ကြားရပြီ၊ သောကြာ



www.burmeseclassic.com

www.burmeseclassic.com



စမယ်၊ သောကြာနံနဲ့ စမယ်၊ အကောင်းဆုံးနိမိတ်စကား ပရိယာယ်နဲ့ စမယ်လို့ တွေးလိုက်တယ်။ ကျွန်တော်ပဲ တွေးတာ၊ ညီလေးကတော့ မတွေးသေးဘူး။ အဲဒီအုပ်စုက ထူးထူးခြားခြား ဘာထပ်ပြောကြပြန်လဲ ဆိုတော့ ဘုရားဖူးခရီးက ပြန်လာရင် စက်မှုဇုန်မှာ စက်ရုံ စ လည်ပတ် တော့မယ်တဲ့၊ ခုထဲက ပြင်ဆင်ထားပြီတဲ့"

"ဟ ကောင်းလိုက်တာ"

"ကောင်းတယ်၊ ဒါကြောင့် သူတို့ကတော့ ရိုးရိုးပြောတာပဲ ကိုယ်က စဉ်းစားရပြန်တာပေါ့၊ ထူးမြတ်တဲ့ ခရီးပရိယာယ် သောကြာပြီးရင် အင်မတန်ကောင်းတဲ့ အင်္ဂါနံ ပရိယာယ် စတင် လည်ပတ်ဖို့ ကြားရပြန်ပြီ"

"ဟုတ်တယ်နော်"

တစ်အောင့်လောက်ကြာတော့ အဲဒီစက်ရုံ လည်ပတ်မယ့်အကြောင်း အားရပါးရ ပြောတဲ့သူက ပြောရင်း အားပေးတဲ့သူက အားပေးရင်း အာဘောင်အာရင်းသန်သန် ပြောကြရင်းနဲ့ အဲဒီ အဘိုးကြီးတွေ ထပြန် သွားကြပါလေရော။

"ဒါဖြင့် ဘာမှ ထပ်မကြားရတော့ဘူးပေါ့"

"မကြားရတော့ဘူး၊ ဒါပေမယ့် ဦးသန်းထွန်းအောင်ရယ်၊ ဒီလောက် ကောင်းတဲ့ ပရိယာယ်နှစ်ခု နိမိတ်ကြားရပြီပဲ၊ ကျွန်တော် ကျေနပ်ပြီ၊ နောက်ထပ် အသံကြားရင်တောင်မှ ဘာ ဘယ်လို နိမိတ်ယူရမှန်း သိမှာ မဟုတ်တော့ဘူး၊ ခုတော့ သောကြာနိမိတ်နဲ့ အင်္ဂါနိမိတ်ကို အခိုင်အမာ ရလိုက်ပြီ၊ ဒါကြောင့် ကဲ ညီလေးတို့မဂ္ဂဇင်း လုပ်ဖြစ်ကြလိမ့်မယ်၊ ဒီတော့ တို့ မဂ္ဂဇင်းကို 'သောကြာ' စပြီး 'အင်္ဂါနံ' ပိတ်တဲ့ နာမည် ပေးကြမယ်လို့ ပြောရင်း ညီအစ်ကိုနှစ်ယောက် အသီးသီး အိမ်ပြန်ကြတယ်။ နောက်နေ့ တွေမှာ စဉ်းစားကြတယ်ပေါ့၊ သိပ်မကြာဘူး၊ တစ်ပတ်အတွင်းလောက်မှာ ညီလေးဆီက ဖုန်းလာတယ်။ အစ်ကို ကျွန်တော် စဉ်းစားထားတယ်တဲ့၊ အေး၊ လုပ်စမ်းပါဦး မင်း ဘာ စဉ်းစားထားလဲ၊ ငါ စဉ်းစားထားတာနဲ့ ကိုက်ပါ့မလားလို့ ဆိုပြီး ပြောရင်း မေးလိုက်တော့ အသစ်အဆန်းလေး တွေပါအောင် 'သစ်ဆန်း' ဆိုပြီး နာမည်ပေးရင် ကောင်းမလားလို့တဲ့"

"သစ်ဆန်း၊ အင်း . . . ကောင်းသားပဲ"

"ကောင်းတော့ ကောင်းတယ်၊ ကျွန်တော့်စိတ်ထဲမှာ ရိုးလွန်း သလိုပဲ၊ ရိုးရိုးကြီး ဖြစ်နေသလိုပဲ၊ ဒါကြောင့် ညီလေးရာ၊ မင့်ဟာက မရိုးလွန်းဘူးလား၊ ငါ စဉ်းစားထားတယ်။ "သီရိဝေစည်" ကွလို့ ပြောလိုက် တယ်။ အဲဒီတော့ ဟာ သီရိဝေစည်၊ တော်တော်လှတဲ့ နာမည်လေးပါလား အစ်ကိုရ ဆိုပြီး အားရပါးရ ပြန်ပြောတယ်။ အားရဝမ်းသာ ပြန်ပြော တယ်။ ဒါပေမယ့် တို့ညီအစ်ကိုနှစ်ယောက် ထပ်စဉ်းစားကြသေးတာ ပေါ့ကွာလို့ ပြောပြီး သီရိဝေစည် နာမည်ကိုလည်း ကျွန်တော်ကိုယ်တိုင် အရန်သဘောထားလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကိုယ်တိုင် စဉ်းစားပြီး ဆရာကိုယ်တိုင် ဘာလို့ မကြိုက်တာလဲ"

"အစ်ကိုက မကြိုဘူးဆိုတော့ ကျွန်တော်လည်း ဘာလုပ်ရမှန်းတောင် မသိတော့ဘူး၊ ကျွန်တော်က အဲဒီ သီရိဝေစည် ဆိုတဲ့ နာမည်လေးကို ကြိုက်တယ်၊ အစ်ကိုက သူပဲ ရွေးပြီး ပျော့လို့တဲ့"

နားထောင်နေရင်းမှ ဝင်ပြောလိုက်သော မောင်အောင်မြတ်၏ စကားကို ကျွန်ုပ်တို့အားလုံး နားထောင်နေကြ၏။

အဲဒီတော့ ကျွန်တော်လည်း ရှိသမျှ သောကြာနဲ့ အင်္ဂါ နာမည်တွဲတွေကို တန်းစီပြီး စဉ်းစားရတော့တာပေါ့၊ နောက်တော့ အင်္ဂလိဇ္ဇာပညာကို ချစ်မြတ်နိုးကြတဲ့သူတွေပီပီ အင်္ဂလိဇ္ဇာနာမည်ကိုပဲ စဉ်းစားလို့ ထွက်လာတော့တယ်၊ ထွက်လာတဲ့ နာမည်က 'သူရဇ္ဇ'။

ညီလေး အဲဒီလို ဖုန်းဆက်မပြောခင် ကျွန်တော့် ညာဘက်လက်ရုံးတွေ အရမ်းလှုပ်တယ်၊ နာရီဝက်နီးပါး မနားတမ်း လှုပ်တယ်၊ အင်း ညာဘက်လက်ရုံးတော့ လှုပ်ပြီ။ အောင်မြင်တဲ့ အသံတစ်ခုခု၊ သတင်းတစ်ခုခု ဘာများ ကြားရမလဲမသိဘူးလို့ တွေးနေတုန်း ညီလေးဆီက ဖုန်းလာတာပဲ၊ အစ်ကို ကျွန်တော်တော့ မဂ္ဂဇင်းနာမည်ကို သူရဇ္ဇလို့ ရွေးလိုက်ပြီဆိုပြီး လှမ်းဆက်တယ်။ အစ်ကို ပြောသလို သောကြာစ အင်္ဂါပိတ်ပဲ၊ အစ်ကို ကြိုက်လားတဲ့၊ ချက်ချင်းကြီးဆိုတော့ ကျွန်တော် တွေဝေသွားတယ်၊ ဟာ၊ ညီလေး နည်းနည်း စဉ်းစားဦး၊ အသံပြတ်နေတယ်လို့ ပြန်ပြောလိုက်တယ်။ ဒါပေမယ့် ချက်ချင်းပဲ တွေးလိုက်တယ်။ တို့ညီအစ်ကိုနှစ်ယောက်က အင်္ဂလိဇ္ဇာပညာကို ချစ်မြတ်နိုးကြတဲ့သူတွေ၊ ဒီတော့ အင်္ဂလိဇ္ဇာပညာရဲ့ သူရဇ္ဇပဲ၊ ကောင်းတယ်၊ ညီလေး ရွေးတဲ့ သူရဇ္ဇပဲ အစ်ကို အရမ်းသဘောကျသွားပြီလို့ပြောပြီး အတည်ပြုခဲ့ကြတယ်။

"သီရိဝေစည်တုန်းက ဆရာ ကျွန်တော့်ဆီ ဖုန်းလှမ်း ဆက်သေးတယ်လေ၊ ကျွန်တော်တောင် ပြောလိုက်သေးတယ်၊ နောက်ထပ် တွေ့ဦးမှာပါလို့ ပြောလိုက်သေးတယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဟုတ်တယ် ညီလေး အဲဒီတုန်းက မင်း အစ်ကို ငါ့ပြောတယ်၊ နောက်ထပ် ဆရာတို့ နာမည် ထပ်တွေ့ဦးမှာပါတဲ့"

ကျွန်ုပ်၏စကားကြောင့် မြိုင်ရာဇာကြီးမှာ အားရပါးရ ပြုံးရင်း မောင်အောင်မြတ်နှင့် သားသီဟကို တစ်လှည့်စီ ကြည့်နေ၏။ တွေ့လား၊ ငါကွ ဟူသော ပုံစံမျိုးနှင့် ပြုံးနေသော အပြုံးကို သားသီဟက ကလိထိုးရင်း ကျီစယ်၏။

အဲဒီလို သူရဇ္ဇလို့လည်း နာမည်ရွေးပြီးကြရော ဦးဆုံး စထုတ်မယ့်လရဲ့ မျက်နှာဖုံးကို ကျွန်တော်ကိုယ်တိုင် ရွေးလိုက်တယ်။ သူရဇ္ဇ ဟုတ်ပြီ၊ နာမည်ကတော့ ခပ်မာမာပဲ၊ ဒီတော့ မျက်နှာဖုံး မပျော့စေနဲ့၊ မင်းမှည့်တဲ့ နာမည်နဲ့ လိုက်ဖက်အောင် အစ်ကိုကတော့ ရှေးမြန်မာသူရဲကောင်း



www.burmeseclassic.com

www.burmeseclassic.com



စစ်သူကြီးတစ်ဦး မြင်းပေါ်မှာ အားနဲ့မာန်နဲ့ ဓားကိုဝင့်ပြီး ခုတ်တော့ မယ့်ဟန်၊ လိုချင်တယ်လို့ ပြောလိုက်တယ်၊ မြင်းကလည်း နတ်မြင်းပျံလို လွှားခနဲနေရမယ်၊ အဲဒီပေါ်မှာ စစ်သူကြီးဟာ အားမာန်အပြည့်နဲ့ ဓားကို ခုတ်တော့မယ့်ဟန် ရှိနေရမယ်လို့ အကြံပေးလိုက်တယ်။ သူကလည်း ပန်းချီဆရာကို ရအောင်အပ်တယ်၊ ဒါနဲ့ပဲ ပထမဆုံး စထွက်လာတဲ့ လမှာ ဦးသန်းထွန်းအောင် သိတဲ့အတိုင်းပဲ ဓားကိုဝင့်ပြီး လွှားခနဲ ထွက်လာတဲ့ အားမာန်ပြည့်တဲ့ မျက်နှာဖုံးနဲ့ သူရဇ္ဇ ဖြစ်လာခဲ့ရတော့တာပါပဲ၊ သူရဇ္ဇ မဂ္ဂဇင်းဆိုတဲ့ နာမည်ကို ဘယ်သူပေးလဲ၊ ဘယ်သူပေးလဲလို့ စိတ်ဝင်တစား မေးနေကြတဲ့လူတွေ အများကြီး၊ အခု ကျွန်တော် ပြောပြတဲ့အတိုင်းပဲ၊ နိမိတ်တွေ၊ စနည်းတွေကို နားထောင်ပြီး ကျွန်တော်က နံတွဲတယ်၊ ညီလေးက မှည့်တယ်၊ ညီလေးကိုယ်တိုင် မှည့်လိုက်တဲ့ နာမည်ပဲ၊ ဘယ်သူမှ မှည့်တာ မဟုတ်ဘူး၊ ဘယ်သူမှလည်း ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် လို စဉ်းစားခဲ့ကြမှာ မဟုတ်ဘူး၊ အဲဒါဘာလဲဆိုတော့ ခု တစ်လမ်းလုံး ပြောလာခဲ့တဲ့ ပညာခန်းရဲ့ အစိတ်အပိုင်းပဲ ဦးသန်းထွန်းအောင်၊ နိမိတ် တွေ၊ စနည်းတွေကိုယူပြီး သောကြာစ အင်္ဂါပိတ် နာမည် ဖြစ်ပေါ် လာခဲ့ရတာ ခုဆို ဦးသန်းထွန်းအောင် သိသွားပြီ”

“ဟုတ်ကဲ့”

“ဘယ့်နှယ် ပညာတွေ ရမသွားဘူးလား ဒီတစ်ခေါက်”

“ဟာ၊ နည်းတာ မဟုတ်ဘူး”

“ဒါပေါ့၊ ညီအစ်ကိုတွေ ဒီလို ဆုံဖို့ မလွယ်ဘူး၊ ထင်လည်း မထားဘူး၊ ဟော ဘာပဲပြောပြော ဆရာဘုန်းဘုန်း ကျေးဇူးကြောင့် ညီအစ်ကိုတွေ ထင်မထားတဲ့ခရီးကို ဆုံပြီး ထွက်လာခဲ့ကြရတယ် ကြည့်စမ်း၊ ချက်ချင်း စီစဉ်၊ ချက်ချင်း ထွက်လာကြရတဲ့ခရီး၊ ဒါကြောင့် ဝမ်းသာလွန်းလွန်းလို့ နက်နဲတဲ့ ပညာတွေ ပေးနေတာ၊ ဗဟုသုတတွေ ပေးနေတာ”

“တပည့်ကျော် မြိုင်ရာဇာကြီးကလည်း ရအောင်ယူနေတာပဲလေ ဟဲ . . . ဟဲ”

ညီအစ်ကိုတွေ ဘူးသီးဖီလင်တွင် အဆာပြေစားခဲ့ကြပြီးမှ ရေမြောင်ကြီးမှာ နံနက်စာ စားဖြစ်ကြ၏။ ကြည်ကြည်ဝင်း ထမင်းဆိုင်တွင် ဖြစ်၏။ နံနက်စာ စားကြပြီး တစ်နာရီခန့် မှေးကြပြီးမှ ပြန်ဆင်းခဲ့ ဖြစ်တော့၏။ လမ်းတွင် တစ်လမ်းလုံး နိမိတ်တွေ၊ စနည်းတွေကို ယူပြီး အခါယူပုံများ၊ စဉ်းစားပုံများအား မြိုင်ရာဇာကြီး၏ ကွန်ပျူတာဦးနှောက်ထဲသို့ ထည့်သွင်းပေးလိုက်၏။ အင်္ဂဝိဇ္ဇာပညာမှ အိုင်၊ ထဲ၊ မြ၊ ရွှေ၊ ငွေ ဟူသော တိုင် (၅) တိုင် ကြည့်ပုံ ကြည့်နည်းအားလည်း သဘောမျှလောက် စပေးလိုက်၏။

(နိမိတ်၊ စနည်းများ ကြည့်ပြီး နားထောင်ပြီး အခါယူပြပုံများ၊ တိုင်မှ တိုင်ကြည့်ပုံများကို ရေးပြနေရလျှင် ဆောင်းပါး ရှည်လွန်းနေမည်စိုး၍



www.burmeseclassic.com

www.burmeseclassic.com



ချန်လှပ်ခဲ့ရပါသည်။ အလျဉ်းသင့်မှ ထပ်မံ တင်ဆက်ပါမည်။)

"ကဲ . . . ကင်ပွန်းစခန်း ရောက်ခါနီးပြီ၊ ခရီးကတော့ အောင်ပြီ၊ ပညာတွေလည်း တော်တော် ရသွားကြပြီ၊ ကျွန်တော်နဲ့ မောင်အောင်မြတ် ဆိုရင်ကြည့်၊ ဘယ်တော့မှ နာရီ မပတ်ဘူး၊ ခုနလို နိမိတ်ကြည့်တယ်၊ စနည်းနားထောင်တယ်၊ ပြီးရင် အခါယူတယ်၊ အခု ဦးသန်းထွန်းအောင် လည်း ရသွားပြီ၊ နာရီရှိမှ သူရဇ္ဇသောကြ လုပ်နိုင်တာ မဟုတ်ဘူး၊ အင်္ဂလိပ်ဇွာသမား ဆိုတာ နာရီမရှိရင်လည်း သူရဇ္ဇသောကြ ထူနိုင်တယ် ဆိုတာကို ဦးသန်းထွန်းအောင်တို့ ကျွန်တော်တို့ ကြိုးစားရလိမ့်မယ်။ လုံ့လစိုက်ထုတ်ရလိမ့်မယ်၊ ကျွန်တော်တို့တွေဟာ ခပ်ငယ်ငယ်တုန်းက ပညာတွေ စလိုက်တုန်းက ကိုယ်က မော့ကြည့်ခဲ့ရတဲ့ ပညာရှင်ကြီးတွေ ပညာပေးရင် သိပ်သဘောကျခဲ့ကြတာပဲမို့လား"

"ဟုတ်ကဲ့ ဆရာ"

"ကိုယ် ရှင်းသွားအောင်၊ မြင်သွားအောင် ပညာပေးကြရင် သိပ် သဘောကျခဲ့ကြတာပဲ၊ ဒီပညာရှင်ကြီးတွေဟာ လူသားတွေအတွက် အကျိုးပြုကြပါလားလို့ ဆိုပြီး အမြဲ ဂါရဝ ပြုမိတယ်၊ ဟော ကျွန်တော် တို့တွေ ခုလို ကြိုးစားနေကြရတဲ့အချိန် ရောက်လာတော့လည်း နောက် တက်လာမယ့် ကလေးတွေက ဒီလိုပဲ ကြည့်မှာပဲ၊ ဒီတော့ ကျွန်တော်တို့ ကလည်း လူသားတွေ အကျိုးပြုနိုင်မယ့် ပညာခန်းတွေအတွက် အမြဲ လုံ့လစိုက်ထုတ်ပြီး အမြဲတမ်း လူမှန်တွေဖြစ်အောင် လူကောင်းတွေဖြစ် အောင် ကြိုးစားကြရမှာပဲ ဦးသန်းထွန်းအောင်"

"ဟုတ်ကဲ့ပါ"

"လူတိုင်းဟာ စိတ်နေသဘောထားတွေပေါ် မူတည်ပြီး အတွေး တွေ တူချင်မှ တူမယ်၊ အဲဒီ အတွေးတွေအရ ကန့်လန့်တိုက်မှုတွေ၊ ဆန့်ကျင်မှုတွေဆိုတာ ရှိချင်ရှိနေမှာပဲ၊ ဘာပဲဖြစ်ဖြစ် ဦးသန်းထွန်းအောင် တို့၊ ညီလေးတို့၊ ကျွန်တော်တို့က ဘယ်သူ့ကိုမှ ကန့်လန့်မတိုက်ဘဲ၊ မတုံ့ပြန် ဘဲ ကိုယ်ကောင်းဖို့ကိုသာ ဆက်ကြိုးစားကြမယ်၊ အပတ်တကုတ်လည်း ကြိုးစားကြမယ်၊ ကိုယ့်ကိုယ်ကိုလည်း အမြဲ သတိထားနေကြမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"တစ်ကိုယ်ရေအတွက် မဟုတ်ဘဲ အများအတွက် ကောင်းတဲ့သူ တွေ ဖြစ်နေဖို့ လိုတယ်၊ ကြိုးစားကြမယ်"

"ဆရာရယ် ခုလည်း ဆရာတို့ ညီအစ်ကိုနှစ်ယောက် ကြိုးစားခဲ့ တာပဲ၊ ကြိုးစားနေတာပဲ၊ ဆရာပြောတဲ့စကားနဲ့ ပြောရမယ်ဆိုရင် ဆရာနဲ့ ညီလေး မောင်အောင်မြတ်ကြီးဟာ နွေးထွေးတဲ့ ညီအစ်ကိုနှစ်ယောက် ဆုံစည်းခြင်းကနေ အောင်မြင်ကျော်ကြားတဲ့ သူရဇ္ဇမဂ္ဂဇင်းကြီးတောင် ဖြစ်လာခဲ့ရပြီပဲ"

"ဦးသန်းထွန်းအောင်လည်း ဒီ မဂ္ဂဇင်းကြီး နာမည်စတင်ခဲ့တုန်းက



www.burmeseclassic.com

www.burmeseclassic.com



သိလိုက်ရလို့ ပညာတွေ ရသွားပြန်ပြီ၊ ဒီတစ်ခေါက်လည်း တပွဲကြီးပဲ၊ မြိုင်ရာဇာကြီးကတော့ . . .”

“ဟုတ်တယ် ဆရာ၊ ပြီးတော့ ဒီခရီးကလည်း ဘာထူးလဲ၊ ကျွန်တော်တို့ ညီအစ်ကိုတွေ နွေးထွေးတဲ့ ဆုံစည်းခြင်းကနေ မြတ်သော ဘုရားဖူးခရီးကို အောင်မြင်စွာ ထွက်လာနိုင်ခဲ့ပြီပဲလေ၊ ဒီခရီးမှာ ဆရာပေးတဲ့ ပညာတွေဆို နည်းတာ မဟုတ်ဘူး”

“အမယ်၊ မြိုင်ရာဇာကြီးက တယ်ကဗျာဆန်နေပါလား ညီလေး”

“ဟုတ်တယ် အစ်ကို”

“သူပြောတာလည်း ဟုတ်တော့ ဟုတ်သားကွ၊ တို့ ညီအစ်ကိုတွေ နွေးထွေးစွာ ဆုံစည်းခြင်းမှသည် မြတ်သော ဘုရားဖူးခရီးဆီသို့လို့တောင် တင်စားရမလို ဖြစ်နေပြီ”

အားရပါးရ ပြုံးလိုက်မိကြသော ကျွန်ုပ်တို့ ညီအစ်ကိုများ၏ အမူအရာမျိုးစုံကို သားသီဟက ဓာတ်ပုံများဖြင့် တဖျပ်ဖျပ် မှတ်တမ်းတင်၏။ ထိုအပြုံးတို့သည် နွေးထွေးစွာ ဆုံစည်းခဲ့ကြခြင်းကြောင့်ပင် မဟုတ်ပါလား။


❖ ❖ ❖

(သုရှုမွေ့ဝင်း အတွဲ (၂)၊ အမှတ် ၂)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com